http://www.cherrythitsar.org

တက္ကသိုလ်

ဘုန်းနိုင်

# ဝသန်လေချိန်မှန်ကူး



http://www.cherrythitsar.org

စကားသစ္စာ
မှန်သောခါဝယ်
ဩဇာလေးနက်
ပေါ်ဆိုတက်၍
နွယ်မြက်သစ်ပင်
ဆေးဖက်ဝင်၏။

ရှင်မဟာသီလဝံသ

ကံ့ကော်ဝတ်ရည်စာပေ၊ ၅၁၊ ရေကျော်လမ်းမ
ပုဇွန်တောင်၊ ရန်ကုန်မြို့။

http://www.cherrythitsar.org

# သစ္စာ

ငါ့စာဖတ်၍၊ မမြတ်တိုင်စေ၊
မရှုံးစေသား၊ ပျင်းပြေနှစ်ခြိုက်၊
တွေးဖွယ်ထိုက်ရာ၊ တစ်ပိုဒ်တစ်လေ၊
တွေ့ ငြားပေမူ၊ စာပေကျေးကျွန်၊
ငါ့ဝတ်ပွန်ပြီ၊ ငါမွန်အမြတ်
ငါအတတ်ဟု၊ စာဖတ်သူပေါ်၊
ခေါင်းကိုကျော်၍၊ ငါသော်ဆရာ၊
မလုပ်ပါတည်း။ ။

**တက္ကသိုလ်ဘုန်းနိုင်**

http://www.cherrythitsar.org

# တက္ကသိုလ်ဘုန်းနိုင်

# ဝသန်လေချိန်မှန်ကူး

http://www.cherrythitsar.org

\+ + + ပန်းမာလ်ဝေဆာဖူး + + + ရွှေညှာခိုင်ရည်လူး
\+ + + **“ဝသန်လေချိန်မှန်ကူး”** ပဇ္ဇုန်ကြူးပျော်မြူးစံရှင်၊
ဆော်ပဍ္စင်ရိုက်ညောင်း၊ နွေရာသီပြောင်းခါမို့ဝယ် +++

(မြိုင်ဂန္ဓမာယိုးဒယား)

# အပိုင်းတစ်

http://www.cherrythitsar.org

# အခန်း (၁)

လမိုက်သောညမှာ သဲသဲမဲမဲရွာနေသော မိုးကြောင့် ပိန်းပိတ်အောင် မှောင်နေသည်။

လေသံကလည်း ပြင်းလှသည်။ လေကို ခွင်းလျက် အရှိန်တကြီး ဖြတ်ဆင်းလာသော မိုးသီးမိုးပေါက်တို့၏ အသံကလည်း စူးစူးရှရှ အဆက်မပြတ် မြည်နေသည်။

လျှပ်စီးတို့ တဝင်းဝင်းလက်နေသည်။ လျှပ်လက်ပြီးတိုင်း မိုးချုန်းသံတို့ တစ်လောကလုံးကိုလွှမ်းကာ တဝုန်းဝုန်း မြည်ဟည်းနေ၏။ ခပ်လှမ်းလှမ်းရှိ ရွာမွန်သာချောင်းတွင်းမှ တဝေါဝေါ ရေစီးသံတို့သည် မိုးသံလေသံတို့နှင့် ရောလျက်ဆူညံနေ၏။

ညွန့်မေ၏ တစ်ကိုယ်လုံးမှာ မိုးရေတို့ဖြင့် ရွှဲရွှဲစိုနေသည်။ ခိုက်ခိုက်တုန်အောင်လည်း ချမ်းလှသည်။ မျက်နှာနှင့်လက်မောင်းများပေါ် လာမှန်သော မိုးသီးမိုးပေါက်တို့၏ဒဏ်ကိုလည်း ခပ်စပ်စပ်ခံနေရ၏။

"ဘုရား ... ဘုရား"

လျှပ်စီးတစ်ချက် ရှည်စွာ လက်လိုက်သောကြောင့် ညွန့်မေသည် ထိတ်လန့်စွာ ရေရွတ်လိုက်သည်။ ရှည်ကြာသော လျှပ်ရောင်တွင် နုနုငယ်တို့၏အိမ်ပျက်ကြီးကို ထီးထီးမားမားကြီး ခေတ္တမြင်လိုက်ရ၏။

ကြောက်စိတ်သည် ညွန့်မေ၏ သန္တာန်ကို လွှမ်းခြုံလာသည်။

ညွန့်မေသည် ရှေ့ဆက်လျှောက်သည်။ စိတ်က ပြေးချင်နေသော်လည်း ပြေး၍ကမရ။ လူသည် ခြေက သယ်သမျှသာ ရွေ့လျားနေရ၏။

မကြာမီ ရေးရေးမည်းမည်းတန်းနေသော ခင်တန်းဆီရောက်လာ၏။ ခင်တန်း၌ရှိသမျှသစ်ပင်တို့သည် ယိမ်းယိုင်လှုပ်ရှားကာ တဟဲဟဲတရှိုက်ရှိုက် အော်မြည်နေကြ၏။

လက်ပံပင်ကြီးက သီးသန့်ပေါ်လွင်နေသည်။ အခြားအပင်တို့ကဲ့သို့ ပင်စည်သည်မယိမ်းမယိုင်၊ လက်တံရှည်ကြီးများနှင့်တူသော အကိုင်းများကိုသာ ဆန့်တန်းလျက် ခါးတစ်ဝက်လည်ချီတန့်ချီ ဖြစ်နေ၏။

တုန်လှုပ်စွာရပ်ရင်း ညွန့်မေက အသံပြုသည်။

"နုနုငယ်၊ နုနုငယ် ရောက်နေပြီလား"

http://www.cherrythitsar.org



ဖြေသံမကြားရ၊ သို့ရာတွင် လက်ပံပင်အောက် မှောင်ရိပ်၌ တစ်စုံတစ်ရာ လှုပ်ရှားလေသည်ကို တွေ့လိုက်ရ၏။

ထိုစဉ် လျှပ်တစ်ချက်ပြက်သည်။ လျှပ်ရောင်၌ နုနုငယ်၏ သဏ္ဍာန်ကို ထင်ရှားစွာ မြင်ရ၏။

လက်ပံပင်ရင်း၌ ပင်စည်ကို ကျောပေးလျက် နုနုငယ်ကရပ်နေသည်။

နုနုငယ်၏ အသားလေးများသည် ဆွတ်ဆွတ်ဖြူအောင်ဖွေးနေ၏။ နက်မှောင်သောဆံပင်များသည် လေဝယ်ဝဲကာ နောက်သို့ ပျံ့လွင့်နေကြ၏။

"နု…၊ နု … နုနုငယ်လား"

လက်ပံပင်ရိပ်ရှိ သဏ္ဍာန်ဆီမှ ဖြေသံပေါ်လာသည်။

"ဟုတ်ပါတယ် မမညွန့်၊ နုငယ်လေ၊ နုငယ်ရယ်ပါ"

လျှပ်ရောင်မရှိပြီ၊ သို့ရာတွင် ထူးဆန်းစွာပင် နုနုငယ်၏ သဏ္ဍာန်လေးမှာ ထင်ရှားစွာ ပေါ်လွင်လျက်တည်း။

အသားလေးများက ဆွတ်ဆွတ်ဖြူလျက်၊ အို … အဝတ်အစားများကလည်း ဆွတ်ဆွတ်ဖြူလျက်။ နက်မှောင်သော ဆံပင်များကလည်း လေဝယ်ဝဲကာ ပျံ့လွင့်နေကြလျက်။

ညွန့်မေသည် ယခုမှ တစ်စုံတစ်ခုကို သတိရသွားသည်။ သတိရမိသည့်ခဏ၌ ကြက်သီးတို့လည်း ဖြန်းဖြန်းထသွား၏။ ထိန်း၍ မရအောင် တုန်ယင်သော အသံဖြင့် ပြန်မေးသည်။

"အို… ဒါပေမဲ့ ဒါပေမဲ့ … နု … နု၊ နုနုငယ်က သေပြီးပြီ မဟုတ်လား"

ရယ်သံသဲ့သဲ့က အလျင်ပေါ်လာ၏။ ထိုနောက်မှဖြေသံ။

"ဟုတ်ပါတယ်၊ သေပြီးပါပြီ။ ဒါပေမဲ့ ဒီနေရာက နုငယ်စောင့်နေတယ်။ လာလေ မမညွန့်၊ နုငယ်ဆီလာလေ"

နုနုငယ်က ကြိုဆိုသည့်ဟန် လက်ကလေးနှစ်ဖက်ကို ဆန့်တန်းပြရှာ၏။

ညွန့်မေက ငြင်းပယ်သော စကားကို ဆိုကြည့်၏။ အသံက ထွက်မလာ၊ ခေါင်းသာ အကြိမ်ကြိမ်ခါနိုင်၏။ ခေါင်းခါရင်းလည်း ကိုယ်မလှည့်ဘဲ နောက်ပြန်ဆုတ်၏။

လက်ပံပင်အောက်မြေမြင့်မှ နုနုငယ်က ဆင်းလိုက်လာသည်။ အသားလေးများက ဆွတ်ဆွတ်ဖြူဆဲ ဖြူလျက်။ အဝတ်အစားများကလည်း ဆွတ်ဆွတ်ဖြူဆဲ ဖြူလျက်။ အို နက်မှောင်သောဆံပင်များကလည်း လေဝယ် ဝဲကာပျံ့လွင့်မြဲ ပျံ့လွင့်လျက်။

ကိုယ်မလှည့်ဘဲ ညွန့်မေက နောက်သို့သာ ဆုတ်နေသည်။ လက်ကလေးနှစ်ဖက်ရှေ့ထုတ်ဆန့်တန်းရင်း နုနုငယ်ကလည်း ဖြည်းညင်းစွာ လိုက်လာနေသည်။

ညွန့်မေသည် ကိုယ်ကိုနောက်သို့ လှည့်လိုက်သည်။ ပြေးရန်လည်း ပြင်လိုက်သည်။ ထိုစဉ်ပင် ခြေတစ်ဖက်က တွင်းတစ်ခုတွင်း ကျွံမိပြီး လဲကျသွား၏။

http://www.cherrythitsar.org



ပြင်းထန်သော မိုးချုန်းသံ တစ်ခုကိုလည်း ကြားလိုက်ရသည်ထင်၏။ ညွှန့်မေသည် ကြောက်အားလန့်အားနှင့် အော်သည်။

"ကိုဘခက် ကိုဘခက်၊ ညွှန့် ညွှန့် ညွှန့်ကို"

ညွှန့်မေသည် စကားမဆုံးနိုင်၊ သို့ရာတွင် ခိုင်မာမြဲမြံသော လက်တစ်ခုက မိမိ၏လက်မောင်းကို ဆုပ်ကိုင်ထားမှန်း ခံစားမိသည်။ ခိုင်မာမြဲမြံ၍ ပူနွေးမှန်ကန်သော လက်တစ်ခု။

အသံကလည်း ပေါ်လာ၏။

"ညွှန့် ညွှန့်မေ ဘာဖြစ်သလဲ၊ အိပ်မက်မက်သလား"

စိတ်အစဉ်၏ အလွန်တိုတောင်းသော ခဏသာဖြစ်သတည်း၊ ရင်ပေါ်၌ ရုပ်ဝတ္ထုကြီးတစ်ခုပမာ လေးလံစွာဖိထားသော အလုံးကြီးသည် ကျသွား၏။

ရေနစ်ရာမှ ပြန်ပေါ်လာသူကဲ့သို့ ညွှန့်မေသည် လေကို တအားရှူရှိုက်လိုက်၏။ မိမိ၏လက်မောင်းကို ခိုင်မာမြဲမြံစွာ ဆုပ်ကိုင်ထားသော ချစ်လင်၏ လက်မှပူနွေးခြင်းကို ပိုမိုသိသာစွာ ခံစားရ၏။

ညွှန့်မေသည် အသာပြုံးလိုက်ပြီး စကားဆို၏။

"ဟုတ်တယ်၊ အိပ်မက်မက်လို့ ကိုဘခက်ကို ကျွန်မခေါ်လိုက်ရတာလေ၊ အကြာကြီးပဲ၊ မကြားဘူးလား"

"မကြားပါဘူးကွာ၊ ကြားတာကတော့ အွန့် အွန့် အွိအွိ အော့အော့နဲ့"

"ဒါပေမဲ့ ရှင်နိုးတယ်နော်"

"ဟ နိုးလို့ မေးတာပေါ့ကွ၊ နိုးလို့ မေးတာပေါ့"

ညွှန့်မေသည် ဒုတိယအကြိမ် ပြုံးမိပြန်သည်။ သူ့ကိုယ်ကို သိမ်းဖက်ပွေ့ယူထားသော ဘခက်၏ လက်မောင်းတစ်ဖက်ကို ညင်သာယုယစွာ ပွတ်ရင်း ချိုသာစွာ ပြော၏။

"ရှင်သိပ် အအိပ်ဆတ်တာပဲနော်"

"ဟယ် အအိပ်ဆတ်တာပေါ့၊ ကိုယ်တို့က တပ်မတော်ကလာတာ၊ အအိပ်ဆတ်တယ်၊ စားလည်းသတိ၊ သွားလည်းသတိ၊ အိပ်လည်းသတိ၊ အစစအရာရာ သတိနဲ့ချည်းပဲ"

"ဒါပေမဲ့ ရှင် အိပ်ပျက်တာ သုံးည ဆက်တိုက်ရှိပြီပဲ"

"တရုတ်ဖြူတွေနဲ့ တိုက်တုန်းက ဆယ့်ငါးရက်တိတိ၊ ဘုရားစူး လွတ်ရုံ အိပ်ဖူးတယ်၊ ဒါလည်း မင်းကို ပြောဖူးသားပဲ၊ ထားပါတော့လေ၊ ညွှန့် ဘာအိပ်မက်မက်သလဲ၊ နေဦး ကိုယ်မီးအိမ် မြှင့်လိုက်ဦးမယ်"

ဘခက်သည် ခုတင်ပေါ်မှဆင်းပြီး မှိန်မှိန်သာထွန်းထားသော ရေနံဆီမီးအိမ်ကို ပိုမိုအလင်းရောင်ရရန် မီးစာမြှင့်လိုက်၏။

အပြင်ဘက်၌ မိုးသဲသဲရွာနေမှန်း ညွှန့်မေ သတိပြုမိသည်။ လျှပ်တို့လည်း ဝင်းနေ၏။ မိုးတို့လည်း ချုန်းနေ၏။

http://www.cherrythitsar.org



ခုတင်ထက်သို့ ဘခက်ပြန်ရောက်လာသည်။

"ကဲ ဆိုစမ်း ဘာအိပ်မက် မက်သလဲ"

ညွန့်မေက အသာအယာရယ်၏။

"ညွန့် ဘာရယ်တာလဲ"

"ညွန့်ပြောရင် ရှင်လည်းရယ်မှာပဲ"

"ရယ်စရာဆိုလဲ ရယ်ပါမယ်၊ မရယ်စေချင်ဘူးဆိုလည်း မရယ်ပါဘူး၊ ပြောမှာသာ ပြောပါဦး"

ညွန့်မေသည် ဆက်မပြောဘဲ ရယ်ပြန်သည်။

"ရော ရယ်နေပြန်ပါပြီ၊ ဘာသဘောကျလို့လဲ"

အိပ်မက်ကို သဘောကျလို့ပါ"

"ဘာမက်လို့လဲ"

"နုနုငယ်ကို"

"ဟေ နုနုငယ်ကို"

ညွန့်မေသည် အိပ်မက်ကို ပြန်လည်ပြောပြ၏။ ညွန့်မေ စကားဆုံးသောအခါ ဘခက်က တည်ငြိမ်စွာ မှတ်ချက်ချ၏။

"ညွန့်က စိတ်စွဲလို့ပါကွာ၊ အင်းလေ မိနုငယ်ကို တို့ဘယ်လိုမေ့နိုင်ပါ့မလဲ၊ ညွန့်လည်း မမေ့နိုင်ဘူး၊ ကိုယ်လည်း မမေ့နိုင်ဘူး၊ ဟိုကောင်နှင်းငွေဆိုရင်တော့ ဘယ်လိုရှိရှာမယ်မသိဘူး"

ညွန့်မေသည် ဘခက်၏ရင်ခွင်၌ ခေါင်းအပ်လျက် တိုးတိုးဆိုသည်။

"ညွန့်ကတော့ တစ်မျိုးထင်တယ်"

"ဘယ်လို ထင်လို့တုံး"

"နုနုငယ် မကျွတ်ဘူးထင်တယ်"

"ဟေ"

"ဟုတ်တယ်၊ အိပ်မက်ထဲမှာ နုငယ်ကသေသေချာချာကို ပြောတယ်၊ ကျွန်မနားထဲမှာ ကြားယောင်တုန်းပဲ၊ ဘာတဲ့ အဲဟုတ်ပါတယ်၊ သေပြီးပါပြီ၊ ဒါပေမဲ့ ဒီနေရာက နုငယ်စောင့်နေတယ်၊ အဲဒီလို ပြောတယ် ကိုဘခက်ရဲ့"

ဤတစ်ကြိမ်တွင်မူ ဘခက်သည် သူ့ဝလေ့အတိုင်း အော်ရယ်တော့၏။

"ကြည့် ရှင်ရယ်တယ်၊ ကျွန်မစကားက ဘာရယ်စရာကောင်းလို့တုံး"

"ရယ်စရာကောင်းတာပေါ့၊ တခြားလူက ပြောရင် ကိုယ်ရယ်ချင်မှရယ်မယ်၊ ညွန့်လို ဘီအီးဒီဘွဲ့ရထားတဲ့ ဆရာမကြီးကပြောတော့ ရယ်တာပေါ့"

"ဘာဆိုင်လို့တုံး"

"ဟောဗျာ၊ နို့ ညွန့်ပဲပြောတယ်၊ ညွန့်တို့စိတ်ပညာ သင်ခဲ့ရတယ်၊ ကမ္ဘာကျော် ခွဲခြမ်းစိတ်ဖြာ စိတ်ပညာဆရာကြီး ဒေါက်တာဖရွိုက်က အိပ်မက်ဆိုတာကို စိတ်စွဲလမ်းမှုရဲ့ အကျိုးလို့ ရှင်းပြတယ်၊ ဘာတဲ့ အဲတိုက်ရိုက် စိတ်စွဲလမ်းမှုကြောင့် မက်တာက

http://www.cherrythitsar.org



တစ်မျိုး၊ မသိစိတ်ရဲ့ စွဲလမ်းမှုကြောင်း ခိုးကြောင်ခိုးဝှက် ရုပ်ဖျက်ထွက်လာတဲ့ အိပ်မက် ဆိုတာက တစ်မျိုး၊ ဟုတ်စ ဆရာမကြီး"

ညွန့်မေက သဲ့သဲ့ရယ်၏။ အတန်ကြာမှ စဉ်းစားပြီး ဖြေသည်။

"ပါမောက္ခ ဖရွိုက်ပြောတာကလည်း ပြောတာပေါ့လေ၊ ပါမောက္ခဖရွိုက်ပြော တာသာ အမှန်လို့ ကျွန်မ ဘယ်တုန်းကမှ မပြောခဲ့ရပါလား၊ ဘုရားဟောကလည်း ရှိသေးတယ် မဟုတ်လား"

"အိပ်မက်နဲ့ ပတ်သက်ပြီး ဘုရားဟောတာတွေတော့ ကိုယ်ဘုန်းကြီးကျောင်း သားဘဝထဲက သိပြီးပဲ၊ ပါမောက္ခဖရွိုက်ပြောတဲ့ စိတ်စွဲလမ်းလို့ သွေးလေချောက်ချားလို့ မက်တဲ့ အိပ်မက်မျိုးဆိုတာလည်း ဘုရားက ဟောပြီးသားပဲ၊ အဲ … ကိုယ်တို့ ဉာဏ် မမီလို့ ယုံရခက်တဲ့ အိပ်မက်မျိုးတွေလည်း ရှိချင်ရှိမှာပေါ့ကွာ"

"ကျွန်မလည်း အဲဒါမျိုး ပြောပြနေတာ"

"ဘာပဲဖြစ်ဖြစ် ညွန့်အိပ်မက်ကိုတော့ ပါမောက္ခဘခက် ဖတ်တတ်ပါတယ်"

"ဖတ်တတ်ရင် ဖတ်ပြလေ"

"လွယ်လွယ်လေးပါ၊ သွေး လေ ချောက်ချားတာလည်းပါတယ်၊ စိတ်စွဲလမ်း တာလည်း ပါတယ်၊ ဟိုဒင်း ဒွေးရော ဥပဒ်ရောဆိုတာလေ"

"ဆက်ပြောလေ"

"ဟိုတစ်နေ့က တံတားကြီးကျိုးပြီး လမ်းရေလျှံထဲက ညွန့်ရော ကိုယ်ရော ပင်ပန်းနေခဲ့ကြရတယ်၊ ပြီးတော့ ညွန့်က အခုကျန်းကျန်းမာမာမှ မဟုတ်ဘဲ"

"ကျွန်မ ကျန်းမာပါတယ်"

"အို ကိုယ်ပြောတာက အခုပါ၊ ပြီးတော့လည်း ညက မအိပ်ခင် ဟိုကောင့် အကြောင်း ပြောကြသေးတယ်မဟုတ်လား၊ နွေတုန်းက ရှာဝင်ပြီး ရန်ကုန်ထွက်သွား တယ်၊ အပြန်ဝင်ဦးမယ်ဆိုပြီး ပေါ်မလာဘူး၊ ဒီကနေ စကားစပ်ပြီး မိနုငယ်အကြောင်း ဆီလည်း ရောက်သွားကြတယ် မဟုတ်လား"

ညွန့်မေသည် ဘခက်၏ရင်ခွင်တွင် ခေါင်းအပ်လျက်က စဉ်းစားရင်းငြိမ်နေ သည်။

"ညွန့် ဘာငြိမ်နေတာလဲ"

"သြော်… ကိုဘခက် ပြောတာက သဘာဝကျတော့ ကျပါတယ်၊ ဒါပေမဲ့ ကျွန်မတစ်ခု စဉ်းစားမိသေးတယ်"

"ဘာစဉ်းစားမိသလဲ"

"ဟိုဒင်း၊ ဘယ်လိုပြောရမလဲမသိဘူး"

"အိုး… ကိုယ်စဉ်းစားမိတာ ကိုယ်မပြောတတ်ဘူး"

"ဆုံးအောင် နားထောင်ပါဦး၊ စကားကို လုလုပြောတယ်…"

ဘခက်သည် ဘာမျှပြန်မပြောဘဲ တဟဲဟဲသာ ရယ်နေသောကြောင့် ညွန့်မေက လည်း ပြုံးလိုက်ရပြီး ဆက်ပြော၏။

http://www.cherrythitsar.org



"ဒီလို ကိုဘခက်ရဲ့၊ နုနုငယ်များ ကျွန်မတို့နဲ့ လာနေချင်လားမှ မသိဘဲ"

"ဘယ်လို ဘာပြောတယ် ညွန့်"

"ဟိုဒင်းလေ၊ နုနုငယ်က ကျွန်မ ကျွန်မ"

ညွန့်မေသည် စကားမဆက်ဘဲ ရပ်သွား၏။ ခေတ္တတွေနေရာမှ ဘခက်သည် သဘောပေါက်သွား၏။ သူသည် အော်ရယ်ဦးမည်ကြံ၏။ သို့ရာတွင် ရင်ခွင်တွင်းမှ ချစ်ဇနီး၏မျက်နှာလေးကို ငုံ့ကြည့်မိလျက်သား ရှိနေသည်။

ညွန့်မေ၏ အသားကလေးများမှာ ခါတိုင်းကဲ့သို့ပင် ညို၍ ညက်နေ၏။ ပို၍ ထူးခြားသည်မှာ ညို၍ညက်သောအသားလေးများသည် စိုလန်းပြာမွတ်လျက် မဝင်းပပ ဝင်းပပလည်း ရှိနေသည်။ မမိုန်လွန်း မလင်းလွန်းသည့် မီးအိမ်မှ အရောင်ကြောင့် ချစ်ဇနီး၏ ဤအလှကို သူတွေ့ရလေသည်။

ရွှေကျီးညိုမလေးဟု ငယ်စဉ်ကလေးဘဝကတည်းမှ သူမြတ်နိုးခဲ့ရသော အချစ်ဦး ချစ်ဇနီး၊ သူ့ချစ်ဇနီးသည် ယခုည သို့မဟုတ်၊ နံနက်၌ ခါတိုင်းထက်ထူး၍ သိမ်သိမ်မွေ့မွေ့ လှနေ၏။

ဘခက်သည် ညွန့်မေ၏နဖူးကလေးကို ယုယစွာနမ်းလိုက်၏။ ဆံပင်များကို ပွတ်ရင်းလည်း တိုးတိုးညင်သာပြော၏။

"ညွန့်ပြောတာ ကိုယ်နားလည်ပါတယ်။ ဒါပေမဲ့ ညွန့်ရင်သွေး ကိုယ့်ရင်သွေးက လေးလ ရှိနေပြီ မဟုတ်လား၊ တစ်ယောက်အတွက် နေရာဘယ်လိုလုပ် ပေးနိုင်မလဲ၊ နေရာမရှိမှန်း သိလျက်က တစ်ယောက်ကကော မလာပါဘူး၊ စိတ်ဖွဲလမ်းတုန်း သွေးလေချောက်ချားတုန်း မက်တဲ့အိပ်မက်ကို မေ့ပစ်လိုက်ပါညွန့်၊ မနက်ဖြန်မှာ ဆက်လုပ်စရာတွေ ရှိသေးတယ်၊ ဒါထက်... ညွန့်နက်ဖြန် ကျောင်းပိတ်တယ်နော်"

"ပိတ်ပါတယ်၊ ဒါပေမဲ့ ကျောင်းက ဆရာဆရာမတွေရော၊ ကျောင်းသူ ကျောင်းသားတွေရော ဒီမှာလာ လုပ်အားပေးကူညီကြမယ်၊ ခုနစ်နာရီမှာ ချိန်းထားတယ်၊ သူတို့ကို ရွာထိပ်က ကြိုရဦးမယ်"

"ဟုတ်သားပဲ၊ ကိုယ်သတိလစ်သွားတယ်၊ ဩော်... ညွန့်ရေ ရောင်နီလာနေပြီ"

အခန်းတွင်းမှ မီးရောင်သည်ဖျော့နေ၏။ အပြင်မှ အလင်းရောင်များ ထိုးဝင် လာနေပေပြီ။

ဘခက်သည် ခုတင်ပေါ်မှဆင်းပြီး ပြတင်းတံခါးတစ်ခုကို ဖွင့်လိုက်၏။

အပြင်၌ မိုးစဲနေပြီ၊ ရှမ်းတောင်တန်းကြီးများ၏ ဟိုမှာဘက် အဘယ်မျှ ဝေးသည်ဟု မသိနိုင်သော နေရာဆီ၌သာ အားပျော့သော လျှပ်ရောင်များကို တွေ့ရ သည်။ မိုးတို့လည်း မချုန်းပြီ။

နေရောင်ထိန်ထိန်ကို မမြင်ရ၊ သို့ရာတွင် မိုးစင်စင်ကားလင်းပေပြီ။

သန့်သော၊ လတ်ဆတ်သော၊ ရေနံ့၊ မိုးနံ့ပါသောလေသည် ပြတင်းမှဖြတ်ဝင် လာ၏။ လေ၏ရနံ့ကို ရှူရခိုက်တွင် တဟဲဟဲ ဒေါမာန်ကြီးစွာ စီးဆင်းလာသော ချောင်းရေသံကိုလည်းကြားရလေသည်။

http://www.cherrythitsar.org



သဘာဝ၏ သာယာသော နံနက်ခင်းကို ကြည့်ရင်း

သဘာဝ၏ ရိုင်းစိုင်းမှုဖြစ်သော ချောင်းရေ၏ဒေါသသံကို ကြားရင်းဘခက်၏ ရင်တွင်း၌ ခံစားမှုမျိုးစုံ ပေါ်လာသည်။ ဦးနှောက်တွင်း၌လည်း အတွေးမျိုးစုံပေါ်လာ၏။

ပင်ပန်းမှုနှင့် အိပ်ပျက်ခြင်းတို့ကြောင့် နွမ်းနယ်မှုကို ခံစားနေရ၏။ အနည်းငယ်ပင် မူးရိပ်မူးရီ ဖြစ်နေသည်။ ကိုယ်လက်အကြောအခြင်တို့မှာ အောင့်တောင့်တောင့် နာတတာတာဖြစ်နေသည်။ သို့ရာတွင် နွမ်းနယ်သောခန္ဓာကိုယ်သည် ထူးဆန်းစွာ အားမှုမလျော့၊ ခေါင်းတွင်း၌ မူးရိပ်မူးရီလိုလို ဖြစ်နေသော်လည်း အာရုံအသီးသီးက လန်းဆန်း ထက်မြက်နေပြန်၏။ ပင်ပန်းနွမ်းနယ်နေဆဲမို့ နံနက်ဦး၏ အေးချမ်းသာယာမှုကို ပိုမို ထိတွေ့ခံစားနိုင်လေသည်လော မသိ။

နံနက်ခင်း၏အေးချမ်းသာယာမှု။ သူ့စိတ်တွင် ဤစကားပေါ်လာသောအခါ ဘခက်သည်ပြုံးမိ၏။

ချောင်းရေ၏ဒေါသသံကို ကြားနေရသောကြောင့် နံနက်ခင်း၏အေးချမ်းသာယာမှုဟူသော စကားသည် ရာခိုင်နှုန်းပြည့်မမှန်ဟု ဘခက်ထင်မိသည်။

ကားလမ်းပြတ်သွားပြီဖြစ်သောကြောင့် ရွာမွန်သာ တံတားကြီး၏ ဟိုဖက်သည်ဖက်တွင် ရပ်ထားကြရသည့် ကားများ၊ ရွာတွင်းရွာပြင်တွင် မိမိတို့တတ်နိုင်သမျှ နေရာချထားပေးရသော ခရီးသည်များ တံတားကြီး အချိန်မီ ပြင်ပြီး၍ လမ်းပြန်ဆက်ရန် နေ့ရောညဥ့်ပါ ကြိုးစားနေကြသော ပြည်သူ့လုပ်ငန်းဌာန အလုပ်သမားများ၊ လုပ်အားပေးပြည်သူလူထုများ၊ လုံခြုံရေးတာဝန်ခံ တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များ အားလုံးသည် မိမိနည်းတူ ပင်ပန်းနွမ်းနယ်နေကြမည်။ ပင်ပန်းနွမ်းနယ်နေကြသော်လည်း လုပ်ငန်းမှန်သမျှကို ကိုယ့်တာဝန် ကိုယ်ကျေအောင် ဆောင်ရွက်ကြရဦးမည်။

အားလုံးသည် နံနက်ခင်း၏ အေးချမ်းသာယာမှုကို သတိပြုမိကြပါလေမည်လော။

ဘခက်သည် ဒုတိယအကြိမ် ပြုံးမိပြန်ပါ၏။

နွေတုန်းက နှင်းငွေနှင့် ပြန်ဆုံမိစဉ် မိမိကကြွားဝင့်စွာ ပြောခဲ့၏။

"စမုန်ကို တို့ဆည်တော့မယ်၊ တို့အားလုံးရဲ့ လုပ်အားနဲ့ပဲ ဆည်ပစ်လိုက်မယ်"

ထိုစဉ်တုန်းကတော့ မာန်နှင့်အားနှင့် ကြုံးဝါးခဲ့သည်။ အမှန်မှာ အပြုလုပ်ငန်းတစ်ခုကို လုပ်ရသည်မှာ မလွယ်ပါလေ၊ ဆန္ဒစောရုံနှင့်လည်းမပြီး၊ ကာယလုပ်အားတစ်ခုတည်းနှင့်ကလည်း မပြီးနိုင်၊ မြစ်ကြီးတစ်ခုကို ဆည်ရန်မဆိုထားနှင့်၊ ချောင်းငယ်တစ်ခုကို ဆည်ရန်ကပင် ပြဿနာတို့ရှိနေ၏။ ဉာဏ အစွမ်းကလည်း လိုနေသေး၏။ ကာယအားနှင့် ဉာဏအစွမ်းကို အမြင့်ဆုံးထိရောက်အောင် အသုံးပြုနိုင်ရေးအတွက် ဘဏ္ဍာငွေကြေးကလည်း ထင်သည်ထက် ပိုလိုနေသေး၏။ ထိုထက် ခက်သည်မှာ လူမှုရေးပြဿနာပင်ဖြစ်သည်။ အများကောင်းအောင်လုပ်တိုင်း အများကကောင်းသည်ဟု ထင်ချင်မှထင်သည်။

ဘခက် အတွေးကောင်းနေခိုက် နောက်ပါးမှ ညွှန့်မေ၏ အသံပေါ်လာ၏။

http://www.cherrythitsar.org



"စောစောစီးစီး ဘာတွေတွေးပြီး ခေါင်းရှုပ်နေသလဲဆရာကြီး၊ မျက်နှာသစ်ဖို့ ပြင်ပြီးပြီ"

ထိုအခါမှ ဘခက်သည် ပြတင်းမှခွာပြီး အောက်ထပ်သို့ ဆင်းလာခဲ့၏။

အောက်ထပ်စာကြည့်တိုက်က ဖွင့်ပြီးပြီ၊ စာပွဲခုံများကို ဖုန်သုတ်နေသော သျှောင်တစောင်းနှင့် ဦးကြီးကို ဘခက်က နှုတ်ဆက်၏။

"အလို ဦးကြီးထွန်း၊ စောလှချည်လား"

"မစောလှပါဘူး ဦးဘခက်ရာ၊ ကျုပ်အမြဲ ဒီအချိန်ဖွင့်တာပဲ"

"ဟုတ်ပါတယ်လေ၊ ဒါပေမဲ့ တံတားကျိုးလို့ ဦးကြီးထွန်းလည်း တစ်ညလုံး ပင်ပန်းခဲ့တာ၊ တစ်ခါတလေ နောက်ကျဖွင့်လို့ ကိစ္စမရှိပါဘူး"

"ဟာ ကိစ္စရှိတာပေါ့၊ စာကြည့်တိုက်ဆိုတာ လူတွေရဲ့ မျက်လုံးပဲ၊ လူတွေ မျက်လုံးဖွင့်တဲ့အချိန်မှာ စာကြည့်တိုက်လည်း ဖွင့်ပြီးဖြစ်ရမယ်"

ဦးကြီးထွန်း၏စကားကြောင့် ဘခက်သည် သဘောကျပြီး ရယ်သည်။ ဤစကားကို ဦးကြီးထွန်းထံမှ ဘခက်မကြာခဏ ကြားရပြီးဖြစ်သည်။ ကြားရတိုင်းလည်း သဘောကျ၏။

ဘခက် ရယ်နေခိုက် ဦးကြီးထွန်းက သတင်းစာများကို ပြ၏။

"ညက အလုပ်များနေတာနဲ့ ကျုပ်ဒါတွေ မဖတ်ရသေးဘူး၊ အခု စောစောစီးစီး ဖတ်ချင်တယ်၊ ကျုပ်လိုပဲ တခြားလူတွေလည်း ဖတ်ချင်မှာပေါ့"

ရန်ကုန်မှ မီးရထားနှင့်ပါလာသော နေ့စဉ်သတင်းစာများသည် မြင်းလှည်းကြုံနှင့် သာစည်မှ ရွာမွန်သာသို့ မိုးချုပ်မှ ရောက်လာရိုးဖြစ်သည်။ ဦးကြီးထွန်းသည် အနည်းဆုံးသတင်းစာနှစ်စောင်ခန့်ဖတ်ပြီးမှ စာကြည့်တိုက်ပိတ်လျက် အိမ်ပြန်ရိုးဖြစ်သည်။ မနေ့ညက တံတားကျိုးကိစ္စ၌ ဝင်လုံးပန်းနေရသောကြောင့် သူ သတင်းစာ မဖတ်ခဲ့ရ၊ သူ့လို မဖတ်ရသေးသူများအတွက်လည်း သူကိုယ်ချင်းစာသည်။ဦးကြီးထွန်း၏ ယင်းစေတနာနှင့်ဆန္ဒကို ဘခက်ကောင်းစွာ သဘောပေါက်မိ၏။

ဘခက်သည် မျက်နှာသစ်ရန် ဆက်ထွက်လာသည်။

မျက်နှာသစ်ရန် နေရာသို့ အရောက်၌ ဘခက်သည် ပြုံးမိပြန်၏။ ပြုံးမိရာမှ ရင်သည် နင့်တင့်တင့်ဖြစ်သွားလျက် အပြုံးရပ်မိပြန်သည်။

အမိုးအကာနှင့် ရေချိုးခန်းသည် သပ်ရပ်နေ၏။ ရေချိုးခန်းတွင်း၌ ရေကြည်ပြည့်သောအုတ်ကန်ရှိနေသည်။ ရေချိုးခန်း၏ နောက်တွင် ဒန့်ဒလွန်ပင်တို့က စိမ်းလဲ့လဲ့လွင်နေသည်။ သင်္ဘောပင်တို့က စိမ်းမြမြ မှောင်နေ၏။ ရွက်ရင့်နှင့် ရွက်နုရောသော ပျဉ်းတော်သိမ်ပင်တို့မှ အနံ့တသင်းသင်းတို့ကိုပင် ရသည်ဟု ထင်မိသည်။

ယခင်ကမူ ဤနေရာ၌ ဆိတ်ခြံသာရှိခဲ့သည်။ ဆိတ်ချေးနှင့် ဆိတ်သေးနံ့တို့က ဟောင်နေခဲ့၏။ ရေချိုးခန်းလည်းမရှိ။ ရေလှောင်ကန်လည်းမရှိ၊ ရေအိုးတစ်လုံးသာ ရှိခဲ့၏။ မိမိမိုက်နေစဉ်က အမေဒေါ်မြ ပင်ပန်းစွာ ဖြည့်ခဲ့ရသော ရေအိုးတစ်လုံး၊ အမေဒုက္ခိတဖြစ်ချိန်၌ လိမ္မာလာသော မိမိဖြည့်ခဲ့ရသော ရေအိုးတစ်လုံး၊ တစ်နွေ၌

http://www.cherrythitsar.org



မိမိနှင့် နှင်းငွေတို့ အတူမျက်နှာသစ်ခဲ့ကြသော ရေအိုးတစ်လုံး၊ ထိုနေ့က နှင်းငွေနှင့် အတူမိမိသည် ရှာကစွန့်ခွာ ပြေးခဲ့ရဖူးသည်။

ကြာခဲ့ပြီဖြစ်သောနှစ်များ၊ စိတ်ပျက်စိတ်ညစ်ဖွယ် ဖြစ်သောနှစ်များ၊ လွမ်းဖွယ်ဖြစ်သောနှစ်များ။

ယခု အမေမရှိတော့ပြီ၊ ဆေးကုမရသော ဒုက္ခိတအမေကို နောက်ပိုင်း၌ မိမိနှင့်ညွန့်မေသည် တာဝန်ကျေပွန်စွာ တတ်နိုင်သမျှ ချမ်းသာအောင် ပြုစုကံ ကြုံခဲ့ရသေး၏။ ဤအတွက်မူ စိတ်ချမ်းသာ ရသေးသည်။ မည်သို့ဖြစ်စေ ယခုအချိန်၌ အမေတော့ မရှိတော့ပြီ။

ဩော် မိနုငယ်လည်းမရှိတော့ပြီ၊ ယခင်ကအရာတို့သည် ယခုမရှိတော့ပြီ။ ယခင်အရာတို့ ယခုမရှိသော်လည်း ယခင်ဆိုသော အတိတ်သည် ရင်၌ဘာကြောင့် ရှိနေရသေးပါသနည်း။

ယခင်ကအကြောင်းများ၊ အမေ့အကြောင်းများ၊ မိနုငယ်အကြောင်းများ ဒါတွေက ရင်မှာ ရှိနေသေးသည်။ ယနေ့ နံနက်၌ ပို၍ရှိနေသေးသည်။ နံနက်မလင်းမီ ညွန့်မေ ထပြောသော တောက်တီးတောက်တက် အိပ်မက်ကြောင့် ပို၍ရှိနေလေ သေးသည်။

ဘခက်သည် ခေါင်းကို ခါယမ်းလိုက်ပြီး မျက်နှာသစ်ရန် ပြင်၏။

မျက်နှာသစ်ရန် ရေချိုးခန်းတွင်းသို့ ဝင်ရန်မလိုပါ။

ရေချိုးခန်းအပြင်၌ သစ်သားစင်ကလေးတစ်ခုရှိသည်။ စင်ပေါ်၌ ရေဇလုံတစ်ခုလည်းရှိသည်။ ရေဖလား တစ်လုံးလည်းရှိသည်။ ဆပ်ပြာခွက်လည်းရှိသည်။ သွားတိုက်ဆေးတင်ပြီးသား သွားပွတ်တံလည်း အဆင်သင့်၊ ရေချိုးခန်းမှသည် ဒန့်ဒလွန်ပင်ဆီ သွယ်တန်းထားသော သွပ်နန်းကြိုးပေါ်၌လည်း မျက်နှာသုတ်ပဝါတစ်ထည်က အဆင်သင့်။

ဘခက်သည် ကျေနပ်သွားသည်။ မိမိဘဝကိုလည်း ကျေနပ်သွားသည်။ တာဝန်ကျေလှသော ချစ်ဇနီး ညွန့်မေကိုလည်း ကျေနပ်သွားသည်။ နှင်းငွေသာ အနီးရှိလျှင် "ဟေ့ကောင် နှင်းငွေ၊ ကြည့်စမ်း ကြီးပွားနေလိုက်တာ၊ ကြီးပွားနေလိုက်တာ၊ ကိုဘခက်တို့ ကြီးပွားနေပုံကလေးတွေက" ဟု ပြောချင်သည်။ ဤသို့ပြောလျှင်လည်း ကောင်းမည်မထင်။ မိမိက ရွှေကျီးညိုမကလေး၏ သက်ထားသခင်ချစ်သောလင်၊ နှင်းငွေ ခများမှာမူ။

ယုန်ဖြူမလေး နုနုငယ် မရှိပြီ။

ဆပ်ပြာဝင်သွား၍ စပ်သောမျက်လုံးကိုပွတ်ရင်း ဘခက်သည် ရေရွတ်လိုက်၏။

"ဟယ် နှင်းငွေနဲ့ မိနုငယ်ကလည်း ခေါင်းထဲရောက်လာပြန်ပါပြီ"

ဘခက်သည် မျက်နှာသုတ်ပဝါနှင့် မျက်နှာသုတ်လိုက်၏။ မျက်နှာသုတ်ပဝါကို လည်ပင်းတွင်ပတ်လျက် အောက်ထပ်စာကြည့်တိုက်ဆီ လာခဲ့၏။

ဦးကြီးထွန်းက သတင်းစာတစ်စောင်ကို အားရပါးရထိုင်ဖတ်နေ၏။ ဖတ်ရင်း

http://www.cherrythitsar.org



ကလည်း အလွန်သဘောကျဟန် တစ်ချက်တစ်ချက် တခွိခွိရယ်နေ၏။

စားပွဲပေါ်တွင် လက်ဖက်ရည်ကြမ်းတစ်အိုးနှင့် ပန်းကန်လုံးများ ရှိနေ၏။

ဦးကြီးထွန်းက သတင်းစာမှ မျက်နှာခွာကာ ဘခက်ကို လှမ်းပြော၏။

"သောက်ဗျ ဦးဘခက်၊ ဦးဘခက်ရော ဆရာမကြီးရော အိပ်ရာထ နောက်ကျမှာ ကျုပ်သိလို့ အဖန်ကို ကျုပ်အိမ်က ကျိုလာတာ"

"ဟုတ်လား၊ ကျေးဇူးပါပဲဦးလေးထွန်း၊ နို့ ဦးလေးထွန်းကော မသောက်ဘူးလား"

"မသောက်သေးဘူး၊ ဒီမှာ ကောင်းခန်းလေး ရောက်နေလို့"

"ဘာကောင်းခန်းလဲ"

"သိပ်ကောင်းတဲ့အခန်း၊ သိပ်ကောင်းတဲ့ငဒိုး၊ သာဂဒိုးဆိုတဲ့ အကောင်လေ၊ သူ့နာမည်ကလဲ တို့ရွာမှာရှိတဲ့ နာမည်မျိုးဟ၊ ပြီးတော့ တို့လိုပဲ သူ့စကားပြောတတ်တယ်၊ တကယ့်အကောင်ကွာ၊ တို့အကြောင်းတွေလည်း သူတော်တော်သိတယ်၊ ဘုရားစူး ... အဟုတ်"

ဦးကြီးထွန်းသည် သူ့သတင်းစာမှာ သူချစ်လှသော ငဒိုး၏ ဆောင်းပါးကို မြိန်ရေရှက်ရေ ဆက်ဖတ်နေလေ၏။

အပေါ်ထပ်မှ ညွှန့်မေဆင်းလာ၏။

ညွှန့်မေလက်တွင်း၌ ပန်းကန်စောက်တစ်ခု ပါလာသည်။ ပန်းကန်စောက်ဆီမှ ဆီဆမ်းထားသော ပဲပြုတ်နှင့်ကြက်သွန်နီနံ့ မွှေးနေ၏။

"ကိုဘခက်ရေ... ပဲပြုတ်ဆီဆမ်းပဲစားတော့၊ ထမင်းကြော်ဖို့ အချိန်မရဘူး"

"ပဲပြုတ် ဆီဆမ်းရရင်လည်း ပြီးတာပဲ၊ လာလေ ... ညွှန့်ပါ ဝင်စား"

"ဟင့်အင်း ... ကျွန်မ ဘုရားရှိခိုး ဦးမယ်၊ ကိုဘခက် စားနှင့်လေ"

ညွှန့်မေသည် အပေါ်ထပ်သို့ ပြန်တက်သွားသည်။

ပြည့်ဝတောင့်တင်းသော ချစ်ဇနီး၏နောက်ပိုင်းကို လှမ်းကြည့်လျက် ဘခက်သည် ဒုတိယအကြိမ် ဘဝကို ကျေနပ်မိပြန်၏။

ပဲပြုတ်ဆီဆမ်း တစ်ဇွန်းစားလိုက်၊ လက်ဖက်ရည် တစ်ကျိုက်စုပ်လိုက်နှင့် ဘခက်ဇိမ်တွေ့နေ၏။

အပေါ်ထပ်မှ ကြေးစည်သံလွင်လွင်ပေါ်လာ၏။ ထို့နောက် ကြားနေကျဖြစ်သော်လည်း မရိုးနိုင်သည့် ညွှန့်မေ၏ ဘုရားရှိခိုးသံ။

ထိုစဉ် ဦးကြီးထွန်းက ကပ်လာ၏

"လာ ... ဦးကြီးထွန်း၊ ပဲပြုတ်ဆီဆမ်းစားဦး"

"စားပါ့မယ်၊ ဒါထက် **ကဆ** ဆိုတဲ့ ငနဲက ဘယ်သူလဲ"

"ဘလူ ... ကဆ"

"ဘိုးဘိုးပြောင် ကာတွန်းဆွဲတဲ့ ငတိဟာလေ"

"သြော် ... ကဆ၊ သိပြီ၊ သူ့နာမည် ကျော်ဆန်းတဲ့၊ ကျွန်တော်နဲ့ကြီးမှ

http://www.cherrythitsar.org



ခင်ပါတယ်။ ဒေါက်တာနှင်းငွေနဲ့တော့ ကောလိပ်ထဲက သိကြသတဲ့"

"နေဦး ဒေါက်တာနှင်းငွေဆိုတာ ဟို တစ်နေ့က အိမ်ဆိုဘက် သွားတဲ့ သူငယ်လား"

"ဦးကြီးထွန်းက မှတ်မိသားပဲ၊ ဟုတ်တယ်၊ ကိုကျော်ဆန်းက တက္ကသိုလ်မှာ ဘိုင်အကျဆုံးကျောင်းသားတဲ့၊ ဒီကြားထဲက ထမင်းအငတ်ခံပြီး စွယ်စုံကျမ်းကို ငွေတစ်ထောင်နဲ့ ဝယ်သတဲ့၊ နှင်းငွေပြောပြဖူးတယ်"

"စွယ်စုံကျမ်းကို ငွေတစ်ထောင်နဲ့ ထမင်းအငတ်ခံဝယ်တယ်။ ဒီ ကဆ ဆိုတဲ့အကောင်ကလေ၊ လပေးနဲ့ ဒီကောင်မဝယ်ဘူးလား"

"ဟာ ဦးကြီးပြောတာက အခု မြန်မာ့စွယ်စုံကျမ်းကြီး၊ အဲဒီခေတ်တုန်းက မပေါ်သေးဘူး၊ အင်္ဂလိပ်လို ရေးထားတဲ့ စွယ်စုံကျမ်းပဲရှိသေးတယ်၊ ဘိလပ်ပြန် တစ်ယောက်စီက သူဝယ်တာ"

"ကာတွန်းဆရာက ဘာလို့ စွယ်စုံကျမ်း ဝယ်ရတာလဲ"

"ကာတွန်းဆရာဆိုတာက လူပြက်မဟုတ်ဘူး၊ လက်ရှိလူ့ဘောင်မှာ မဟုတ်က ဟုတ်က ဖြစ်တောတွေကို တိုတိုတုတ်တုတ်နဲ့ ထိအောင်မိအောင် ဖော်ပြရတဲ့ ပညာရှိ အကောင်းစား လေးမျိုးတစ်မျိုး၊ အဲဒါကြောင့် သူစွယ်စုံကျမ်းဝယ်တာ ဖြစ်မှာပေါ့"

ဦးကြီးထွန်းသည် ခေါင်းတညိတ်ညိတ်နှင့် စဉ်းစားပြီးနောက် "ဒီလိုဆိုတော့ ကာတွန်းဆရာဖြစ်ဖို့ကလည်း မလွယ်ပါလား"ဟု မှတ်ချက်ချသည်။

ဘခက်က ပဲပြုတ်ဆက်စားသည်။ ဦးကြီးထွန်းလည်း ဝင်စားသည်။ စားရင်းမှ ဦးကြီးထွန်းက ကောက်ကာ ငင်ကာ မေးသည်။

"ခုနက ဦးဘခက်ပြောတဲ့ ဒေါက်တာနှင်းငွေဆိုတာဟာ ဟို သေသွားတဲ့ ကောင်မလေး နုနုငယ်ရဲ့ ရည်းစားလား"

"အင်း ဟုတ်ကဲ့ ဟုတ်ပါတယ်၊ သူက အခု ဘိလပ်ပြန် ဆရာဝန်ကြီး"

"တော်တော် သနားစရာကောင်းတဲ့ သူငယ်ပဲ၊ သံယောဇဉ် အတော်ကြီးရှာပုံ ရတယ်၊ အဲဒီတုန်းက ကျုပ်နဲ့ အရင်တွေ့တာ၊ ဘာတဲ့ အဲကျွန်တော် နုနုငယ်တို့အိမ်ကို သွားပါမယ်။ ဦးကြီးခင်ဗျာ တဲ့၊ သူ ထွက်သွားတော့ ရွှေမိကလဲ အူလိုက်တာ၊ မကောင်းဆိုးဝါးတွေ့တဲ့ အတိုင်းပဲ၊ ကျောက်ခဲကလည်း သူ့ကို နာနာဘာဝ ထင် တာ၊ အင်း ဒါပေမဲ့ ဟိုဂူကို တွေ့ပြီးမှ အဲဒီသူငယ်တော့ နောက်တစ်ခါ ဒီရွာပြန် လာမယ် မထင်ပါဘူး။ ဘယ့်နှယ်လဲ"

"ကျွန်တော်တော့ သူပြန်လာမယ် ထင်တာပဲ"

"ဘာပြုလို့"

ဘခက်မဖြေလိုက်ရ၊ အိမ်ရှေ့ သဲလမ်းပေါ်တွင် ဖီးယက်ကားကလေးတစ်စီး ထိုးဆိုက်လာ၏။

ကားပေါ်မှ လူရွယ်တစ်ဦး ဆင်းလာ၏။

သူက ဘခက်ကို လှမ်း၍ နှုတ်ဆက်သည်။

http://www.cherrythitsar.org



"ဘခက်ရေ၊ ဒီတစ်ခါတော့ မင်းတို့အိမ်မှာ ငါ ညအိပ်ရလိမ့်မယ်၊ ကျေနပ်ရဲ့လား"

ဘခက်က ဝမ်းသာအားရစွာဖြင့် သူ့ထံပြေးလာဆီးကြိုသည်။

ဦးကြီးထွန်းက ထိတ်လန့်အံ့သြစွာ ရေရွတ်၏။

"မြတ်စွာဘုရား၊ ဟိုသူငယ် အဲ ...ဒေါက် ... ဒေါက် ... ဒေါက်တာနှင်းငွေပါကလား"

*   *   *

# အခန်း (၂)

ခုံတန်းတွင် အတူထိုင်မိကြသောအခါ ဘခက်က လှိုက်လှဲဝမ်းသာစွာပြော၏။

"ဟော့ကောင်နှင်းငွေ မင်း အသက်ရှည်ဦးမယ်၊ ညကကော ဒီမနက်ရော တို့ မင်းအကြောင်းချည်း ပြောနေကြတာ"

"ငါ့အကြောင်း ဘာတွေပြောနေကြတာလဲ"

ဘခက်က နှင်းငွေကို တစ်ချက်လှမ်းကြည့်သည်။

ဟိုတစ်ခေါက်တုန်းကကဲ့သို့ပင် နှင်းငွေသည် တက်ထရွန်ဘောင်းဘီနှင့် အင်္ကျီတို့ကို သပ်ရပ်စွာ ဝတ်ဆင်ထားသည်။ ရှည်သွယ် အချိုးကျသော သူ့အရပ် အမောင်းနှင့် သူ့ဝတ်စုံသည် လိုက်ဖက်သည်။ သူ့အမူအရာက တည်ငြိမ်အေးချမ်းသည်။ သူ့မျက်နှာထားကလည်း လေးနက်လျက် ဣန္ဒြေပြည့်သည်။

ငယ်စဉ်ကတည်းမှ နှင်းငွေသည် အဝတ်အစားကို သပ်ရပ်စွာဝတ်တတ် ကြောင်း ဘခက်အမှတ်ရသည်။ ဝတ်စားသမျှလည်း အသားအရေ အရပ်အမောင်းနှင့် အမြဲလိုက်ဖက်၍ ကြည့်ကောင်းသည်။ ကလေးဘဝတည်းမှ နှင်းငွေ၏ အမူအရာသည် တည်ငြိမ်အေးချမ်း၍ မျက်နှာထားသည် လေးနက်လျက် ဣန္ဒြေပြည့်သည်။ သို့ရာတွင် ဟိုစဉ်တုန်းက လေးနက်လျက် ဣန္ဒြေပြည့်သောမျက်နှာတွင် တောက်ပသည့် ရွှင်ပျမှု ကိုလည်း တွေ့ရသည်။ ယခုမူနှင်းငွေ၏ မျက်နှာသည် အတန်နွမ်းနွမ်းနယ်နယ် နိုင်သည်။ ပြုံးရယ်နေစဉ်တွင်ပင် နွမ်းနယ်ခြင်းက ထင်ရှားနေ၏။ မျက်လုံးများသည် ကြည်လင်မြဲကြည်လင်နေသေးသော်လည်း မတောက်ပလှ။

"ဟော့ကောင် ဘခက် ပြောလေ၊ ငါ့အကြောင်း မင်းတို့ ဘာပြောနေကြသလဲ"

နှင်းငွေက ထပ်မေးမှ ဘခက်သည် မိမိစကားအစမှားသွားကြောင်း သတိပြု မိသည်။

မိမိတို့ပြောမိကြရာ၌ နုနုငယ်၏အကြောင်းလည်းပါသည်။ တကယ်တော့ အားလုံးမှာ စိတ်ကောင်းဖွယ်ရာတွေမဟုတ်၊ နွမ်းနယ်သော နှင်းငွေကို သည်အကြောင်း တွေပြန်ပြောပြီး ဇာတ်ဟောင်းလှန်ကာ စိတ်မကောင်းမဖြစ်စေလို။

ဘခက်က မုသားဆို၏။

"ညွန့်မေနဲ့ ငါ မင်းကို စိတ်ဆိုးပြီး အပြစ်တင်နေကြတာပါ"

http://www.cherrythitsar.org



"ဘာလို့ အပြစ်တင်နေတာလဲ"

"ဟာ ရှီး အပြစ်တင်တာပေါ့၊ နွေတုန်းက မင်းကတိပေးခဲ့တယ်၊ အပြန်ဝင်ပြီး တို့အိမ်မှာ အိပ်မယ်ဆို၊ ပြီးတော့ ပေါ်မလာဘူး"

"သြော်... ဒါကတော့ ငါတောင်ကြီးကို အရေးတကြီး ပြန်သွားရလို့ပါ၊ တို့ဆေးရုံကြီးမှာက တစ်ပတ်ကို သုံးကြိမ်ခွဲစိတ်ကုသတဲ့ နေ့ရှိတယ်၊ တစ်ကြိမ်မှာ ခွဲစိတ်ကုသပေးရတဲ့ လူနာတွေကလည်း အများကြီးပဲ၊ ပြီးတော့ နေ့မရွေး အချိန်မရွေး ခွဲစိတ်ကုသရတဲ့ အရေးပေါ်ကိစ္စတွေလည်း ရှိသေးတယ်၊ အကြောင်းမဲ့ တစ်နေရာရာမှာ ငါကြာကြာမနေနိုင်ဘူး သူငယ်ချင်း"

"အေးလေ ထားပါတော့၊ အခုလဲ ဘယ်ကပြန်လာတာလဲ"

"တို့ ဒီနားတစ်ဝိုက်က ဆေးရုံကြီးချင်း အပြန်အလှန်ကူညီတဲ့ ထုံးစံရှိတယ်၊ ကျွမ်းကျင်မှုအလိုက်ပေါ့လေ၊ မန္တလေးဆေးရုံကြီးက ဦးနှောက်ဒဏ်ရာရတဲ့ လူနာတစ်ယောက် ကိစ္စနဲ့ ပတ်သက်ပြီး ဆွေးနွေးဖို့ ဖိတ်တာနဲ့ ငါသွားပြီး အခုပြန်လာတာ"

"တံတားပျက်နေတာ မင်းမကြားဘူးလား"

"မိတ္ထီလာထဲကကြားပါတယ်၊ ဆရာကြီး ဦးဘမောင်တို့ကတောင် ဂေါက်လေး ဘာလေး ရိုက်ရင်း မိတ္ထီလာတွင် စောင့်ပြီးလမ်းဆက်ပြီကြားမှ ဆက်သွားဖို့ တားသေးတယ်။ ဒါပေမဲ့ ငါက မင်းတို့ဆီဝင်ချင်လို့၊ ဒါမှလည်း မင်းတို့ အိမ်ငါညအိပ်ဖြစ်မှာမို့လား၊ ဒါထက် ညွှန့်မေရော"

"ဘုရားရှိခိုးနေတယ်၊ အခုပဲဆင်းလာပါလိမ့်မယ်"

"သြော် ဟုတ်လား"

ညွှန့်မေ၏ ဘုရားရှိခိုးသံကိုမူ မကြားရ၊ ကြေးစည်လွင်လွင်မူ ပေါ်လာ၏။

နှင်းငွေ ငိုင်သွားမိသည်။ ကြာခဲ့လှပြီဖြစ်သော ဟိုတစ်နွေ၏ နံနက်ကို သွားသတိရမိသည်။ ထိုနံနက်က ညွှန့်မေတို့အိမ် မိမိရောက်သွားသောအခါ ပန်းတို့ ဝေနေသော ဘုရားစင်ရှေ့၌ ယောဂီရောင် တဘက်ညိုကို ပခုံးတင်လျက် ပုဆစ်တုပ်၍ ဘုရားရှိခိုးနေသော ညွှန့်မေ၏သဏ္ဌာန်ကို မြင်ယောင်လာ၏။

ညွှန့်မေသည် ဘာမျှမပြောင်းလဲသေးပါတကား၊ မပြောင်းလဲသေးသော ညွှန့်မေနှင့် ပတ်သက်လာလျှင် တည်ငြိမ်မှု၊ အေးချမ်းမှု၊ သာယာမှုတို့သည် အစဉ်စပ်ယှက်လျက် ပါတကား။

ဤအတွေးဖြင့် နှင်းငွေက ဘခက်ကို လှမ်းကြည့်သည်။ ဘခက်ကလည်း လူကဲခတ်ကောင်း၍ လျှင်၏။

"မင်းဘာတွေ ငိုင်တွေပြီးမှ ငါ့ကို ကြည့်တာလဲနှင်းငွေ"

"သြော် မင်းကို မနာလိုလို့ပါ သူငယ်ချင်း၊ မင်းကသိပ်ကံကောင်းတယ်"

"ဘာလဲနှင်းငွေ၊ မင်းအတွက်တော့ မင်းစိတ်မကောင်းဖြစ်နေတုံးပဲလား"

နှင်းငွေက နှမ်းနယ်စွာပြုံးလိုက်၏။

"စိတ်မကောင်းစရာတွေကို ငါမမေ့ဘူးဘခက်၊ မေ့လို့ကော ဖြစ်နိုင်ပါ့မလား၊

http://www.cherrythitsar.org



ဒါပေမဲ့ ငါစိတ်မဆင်းရဲတော့ပါဘူး၊ ငါနေတတ်နေတယ်ဆိုပါတော့ကွာ၊ မပူမပန်ဘဲ နေတတ်တယ်ဆိုပါတော့"

ဘခက်ကသာ စိတ်မကောင်းဖြစ်မိသည်။ စိတ်မကောင်းဖြစ်မိသောကြောင့် နှင်းငွေကို ဘာပြန်ပြောရမှန်းမသိ။

ယခုအချိန်အထိ ဦးကြီးထွန်းသည် သူငယ်ချင်းနှစ်ဦးစကားပြောနေကြသည်ကို ဘေးမှထိုင်ကြည့်နေခဲ့၏။ အိမ်ဆိုကြီး၌ သေဆုံးသွားသော နုနုငယ်၏ ရည်းစားဆိုသူ ဘိလပ်ပြန် ဆရာဝန်ကြီးဒေါက်တာနှင်းငွေကို အထူးစိတ်ဝင်စားသည်။

ဆရာဝန်ကြီးသာဆိုသည်၊ လူက ငယ်ငယ်ရွယ်ရွယ်ချောချောတည်း၊ ဘိလပ်ပြန် ဆရာဝန်ကြီး ဖြစ်ရန်မှာ စာတွေအတော် သင်ခဲ့ရပေမည်။ အသုံးလုံးကျေ သင်တန်း၌ ပထမရရန် မိမိပင် အလွန်ကြိုးစားခဲ့ရသည်။ ယခုလည်း အများကြီး ဆက်လက်ကြိုးစား နေရသေးသည်။ များများတော့ မဖြစ်လိုပါ။ မြို့ရှိစာကြည့်တိုက် သင်တန်းတစ်ခုခုကို တက်ပြီး ဟုတ္တိပတ္တိစနစ်တကျတတ်သော ကျေးရွာစာကြည့်တိုက်မှူး တစ်ဦးတော့ ဖြစ်ချင်လှသည်။ ဖြစ်လာလျှင် မိမိမည်မျှ ပျော်လိုက်ပါမည်နည်း၊ ဘိလပ်ပြန် ဆရာဝန်ကြီး ဒေါက်တာနှင်းငွေသည် အလွန်ပျော်ဖို့ကောင်းနေ၏။ သို့ရာတွင် ကြားလိုက်ရသော စကားကိုထောက်၍ ဤသူငယ်သည် ကောင်းစွာပျော်ပုံမရ၊ လောက၌ ရတာမလို လိုတာမရ၊ ပုထုဇဉ်သဘာဝက ဆန်းသားကလား၊ အင်းလေ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော ဟူသည့် ဘုရားဟောတရားကလည်း ရှိသေးသည်တမုံ့။

သူငယ်ချင်းနှစ်ဦး ပြောနေကြသော စကားများသည် အတွင်းရေးဆန်ရကား လူစိမ်းတစ်ဦးအနေနှင့် အနားကပ် ဆက်ထိုင်နေရန်မှာ အားနာဖို့ကောင်း၏။

ထို့ကြောင့် ဦးကြီးထွန်းသည် နေရာမှထပြီး သတင်းစာနှစ်စောင်ကို နှင်းငွေအား လှမ်းပေးသည်။

"မနေ့ညနေက ရောက်တဲ့သတင်းစာတွေပဲ၊ ခရီးသွားတုန်းဆိုတော့ ဖိတ်မိချင်မှ ဖတ်မိမယ်၊ ရော့ ဖတ်ဖတ်၊ ကျုပ်တော့ ညနေကရောက်လာတဲ့ မဂ္ဂဇင်းတွေကို တံဆိပ်ရိုက်ပြီး နံပါတ်မှတ်စာရင်းသွင်းလိုက်ဦးမယ်"

နှင်းငွေသည် သတင်းစာနှစ်စောင်ကို လှမ်းယူပြီး ဦးညွှတ်လျက် ဦးကြီးထွန်းကို ပြုံးပြသည်။ ဦးကြီးထွန်းက ခပ်လှမ်းလှမ်းရှိ စားပွဲတစ်လုံးဆီသွားကာ အလုပ်လုပ်၏။

လှေကားထိပ်မှာ ခြေသံကြားရသောကြောင့် နှင်းငွေသည် မော့ကြည့်၏။

အေးချမ်းသောအသွင် ယဉ်သောကိုယ်ဟန်ဖြင့် ညွှန့်မေသည် လှေကားမှ ညင်ညင်သာသာဆင်းလာ၏။ သို့ရာတွင် လှေကားလယ်တွင် ညွှန့်မေရပ်သွား၏။

မျက်မှောင်ကလေး ကြုတ်ကာ ညွှန့်မေသည် နှင်းငွေကို ခေတ္တစိုက်ကြည့်၏။ ထိုနောက် ညီညာဖြူဖွေးသော သွားကလေးများပေါ်အောင် ပြုံးလျက် နှုတ်ဆက်၏။

"ဪ ကိုနှင်းငွေကိုး၊ သူငယ်ချင်းရေ အမျှ အမျှ"

နှင်းငွေသည် ဘာမျှပြန်မပြောဘဲ ပြုံး၍သာညွှန့်မေကို ကြည့်နေ၏။ ညွှန့်မေ၏ ရင်းနှီးသော နှုတ်ဆက်ဟန်နှင့် လေသံကြောင့် ရင်တွင်း၌မူ ကြည်နူးနှစ်သိမ့်သွားမိသည်။

http://www.cherrythitsar.org



ညွန့်မေသည် နှင်းငွေတို့အနီး၌ ဝင်ထိုင်ရင်းမေးသည်။

“ကဲ ကိုယ်တော်ချော၊ ဘယ်နှမိနစ်နေဖို့ ဝင်လည်တာလဲ”

“ဘခက်ကို ငါရှင်းပြပြီးပါပြီ ညွန့်မေရယ်၊ လမ်းပျက်နေလို့ ဆက်မသွားနိုင်မှန်း သိရက်နဲ့ နင်တို့အိမ်မှာ အိပ်ချင်လို့ တမင်လာခဲ့တာ”

“ဟယ် ဒီလိုဆို ဝမ်းသာစရာကြီးပေါ့၊ ကဲ ဒါဖြင့်လည်း နင့်ကားကို ခြံထဲ ဝင်ခိုင်းလေ”

နှင်းငွေလည်း ယခုမှ သတိရကာ ကားဆီသို့ လှမ်းပြောသည်။

“ဟုတ်ပါရဲ့၊ ကိုထွေးရင်ရေ ကားကိုအထဲသွင်းခဲ့ပါ”

ကိုထွေးရင်သည် ကားကိုနောက်သို့ အနည်းငယ် ပြန်ဆုတ်ကာ ခြံတွင်းသို့ ချိုးဝင်နိုင်ရန် ပြင်ဆင်နေခိုက် ညွန့်မေကပဲပြုတ်ဆီဆမ်း ပန်းကန်ကို ရှေ့သို့တွန်းပေးရင်း “စားဦး နှင်းငွေ”ဟုဆို၏။

နံနက်စောစောစာကို စားခဲ့ပြီးသောကြောင့် နှင်းငွေမဆာလှ၊ သို့ရာတွင် မငြင်းဘဲ တစ်ဇွန်းခပ်စားသည်။ ညွန့်မေလည်း စား၏။

ကိုထွေးရင်သည် ကားကိုခြံတွင်းသို့ မောင်းသွင်းခဲ့၏။ ကားပေါ်မှဆင်းပြီး ဟိုဟိုသည်သည် မော့ကြည့်နေသောကြောင့် ဘခက်က လှမ်းပြောသည်။

“အရိပ်ကောင်းကောင်းရှာတာလား၊ ဟိုမန်ကျည်းပင်ဘေး ထိုးထားပါလား၊ နေမြင့်လေ အရိပ်ကောင်းလေပဲ”

ကိုထွေးရင်၏ အမူအရာမှာ ခပ်ဆိုင်းဆိုင်းဖြစ်နေသဖြင့် တပည့်ကျော်၏သဘော ကို သိပြီးသောနှင်းငွေက လှမ်းပြောသည်။

“သစ်ပင်အောက်မှာပဲ ထားတာပေါ့ ကိုထွေးရင်၊ ခရီးသွားတုန်းပဲဟာ ကိစ္စမရှိပါဘူး”

ဘခက်က မေးခွန်းထုတ်သောအကြည့်ဖြင့် မိမိကိုကြည့်လေသောကြောင့် နှင်းငွေက တစ်ဆက်တည်းရှင်းပြရ၏။

“ကားပေါ်ကို ငှက်ချေးကျရင် ဆေးကွက်တတ်တော့ ကိုထွေးရင်က သစ်ပင် အောက်မှာ ကားတယ်မဆိုက်ချင်ဘူး၊ ဒါကြောင့် ပြောရတာ”

ဘခက်ကရယ်ပြီး “သြော် ဒီလိုလား၊ နောက်ဖေးဘက်မှာရွာအတွက် ဓာတ်မြေ သြဇာလာရင် ထားတဲ့တဲရှိတယ်၊ အခုခဏအားနေတယ်၊ အဲဒီမှာ ထားပေါ့၊ ကဲ လာလာ ကိုထွေးရင်”ဟု ဆိုနေရင်း နေရာမှထလျက် လမ်းညွှန်ပြ၏။

ကားကို စိတ်တိုင်းကျထားပြီးမှ ကိုထွေးရင်သည် အိပ်ရာလိပ်၊ သေတ္တာ စသည်တို့ကို အိမ်ပေါ်သို့တင်လျက် ညွန့်မေပြသသည့်အတိုင်း နေရာချထား၏။

အောက်ထပ် လက်ဖက်ရည်ကြမ်းဝိုင်းသို့ လူစုံပြန်ရောက်ကြသောအခါ ဘခက်ကစပြော၏။

“မင်းရောက်လာတာတော့ ကောင်းပါရဲ့၊ ဒါပေမဲ့ ငါရော ညွန့်မေရော တံတားကြီးကိုပြင်တဲ့နေရာမှာ သွားကူညီစရာရှိသေးတယ်၊ မင်းလည်းလိုက်ချင်လိုက်

http://www.cherrythitsar.org



ခဲ့၊ ဒီမှာနေချင်လည်း နေခဲ့၊ နေ့လယ်တော့ ထမင်းအတူတူစားကြမယ်၊ အေး ည ကျမှ အားရပါးရ လေပန်းကြတာပေါ့"

"ကိစ္စမရှိပါဘူး၊ ငါဒီမှာ နေရစ်ပါမယ်၊ ဖတ်စရာ စာအုပ်လည်း ပါပါတယ်၊ ဒါထက် ညွှန့်မေပါသွားတော့ ထမင်းဟင်းဘယ်သူ စီစဉ်မလဲ၊ အခက်အခဲရှိရင် ငါ ကိုထွေးရင်ကို ကားနဲ့ သာစည်လွှတ်ပြီး စားစရာဝယ်ခိုင်းမယ်လေ"

"မလိုပါဘူးကွာ၊ ဒေါ်လေးတို့အိမ် သွားစားကြမယ်၊ မင်း ဒေါ်လေးကို မှတ်မိသေးလား"

"ဒေါ်လေး၊ အေး မှတ်မိတယ်ကွ၊ ဒါထက်ညွှန့်မေ ဒေါ်လေးသိန်းထီပေါက် သေးလား"

ညွှန့်မေသည် ခေတ္တသော် စဉ်းစားသယောင် တွေနေ၏။ ထိုနောက် လှိုက်လှိုက်လှဲလှဲရယ်ပြီး ဆို၏။

"နှင်းငွေ နင် ကြဲကြဲဖန်ဖန် မှတ်ဉာဏ်ကောင်းတယ်၊ အေးဟယ် ဒေါ်လေးခမျာ သိန်းထီမပေါက်ရှာပါဘူး"

ဘခက်က ညွှန့်မေ၏မျက်နှာနှင့် နှင်းငွေ၏မျက်နှာတို့ကို တစ်လှည့်စီကြည့်ပြီး "ဘာတွေပြောနေကြတာလဲ၊ ငါဖြင့်တစ်လုံးမှ နားမလည်ဘူး"ဟုဆိုသည်။

နှင်းငွေက ရှင်းပြရန် "ဒီလိုကွာ"ဟု စကားစချီသည်။ သို့ရာတွင် စကားကို မဆက်ဖြစ်။

အလိုက်မသိသော ဘခက်ကသာ တိုက်တွန်း၏။

"ဆက်လေကွာ မင်းက၊ ဒီလိုကွာ ဘာဖြစ်သလဲ"

နှင်းငွေသည် မသိမသာသက်ပြင်းချသည်။ ရွှင်နေရာမှ မျက်နှာသည်ကား သိသိသာသာတည်ကျသွား၏။

"အင်း ဒီလိုကွာ၊ ဟို မင်းရော ငါရော ဟိုတစ်ခါကလေ၊ အဲဒီတုန်းက ဒေါ်လေးက ညွှန့်မေနဲ့ ငါ့ကို အိပ်မက်တစ်ခုပြောပြတယ်၊ အတိတ်ကောင်းလို့ ထီထိုးထားသတဲ့၊ ပေါက်မှာလည်း သေချာသတဲ့၊ ဟဲ...ဟဲ...ဟဲ"

စကားအဆုံး၌ နှင်းငွေက ဖွတ်ကြိုးစားလျက်ရယ်၏။ ရယ်လင့်ကစား ရယ်သံမှာအတုဖြစ်နေ၏။

ညွှန့်မေသည် ပင်ကိုပကတိ သိမ်မွေ့သော အပြုံးလေးနှင့် နှင်းငွေကို စိုက် ကြည့်နေ၏။ မျက်နှာက ပြုံးနေသော်လည်း ညွှန့်မေ၏ မျက်လုံးများကားမပြုံးပါ။ ကြေကွဲဝမ်းနည်းမှုနှင့် ရောသော ကရုဏာကိုပြနေသည့် မျက်လုံးများသာတည်း။

ဘခက်ကိုယ်တိုင်လိုက်မရယ်၊ ဟန်မဆောင်တတ်သော သူက ငြိမ်ငြိမ်ကြီး ငိုင်သွား၏။

ဟိုး ... တစ်ခါကလေ...၊

သည်စကား၏ အနက်အဓိပ္ပာယ်ကို သုံးဦးလုံးနားလည်သည်။

သည်အခေါက်။ သည်အခေါက်။

http://www.cherrythitsar.org



သည်အခေါက်သည် မိမိတို့သုံးဦးလုံး (နုနုငယ်ကိုပါ ထည့်တွက်မည်ဆိုပါက လေးဦးစလုံး)၏ဘဝတို့ကို အဓိကရပြောင်းလွဲ စေလေသည့် ဖြစ်ရပ်တို့ကို ပေါ်ပေါက်စေသည့် သည်အခေါက်။

ညွန့်မေနှင့်ဘခက်တို့အတွက်မူ ပေါင်းဆုံကြရန်အကြောင်းခံပေးသည့်အကောင်းအတွက် ပြောင်းလွဲမှုဖြစ်ရပ်တို့ ပေါ်ပေါက်ရာ အခေါက်ဖြစ်သည်။

နှင်းငွေအတွက်ကား။

သည်အခေါက်တွင် ချစ်လှစွာသော ယုန်ဖြူမလေး နုနုငယ်ကို ကိုယ်ပိုင်စိတ်၊ ကိုယ်ပိုင်သတိ၊ ကိုယ်ပိုင်ဆုံးဖြတ်နိုင်စွမ်းရည် တည်းဟူသော ဂုဏ်တို့ဖြင့် ပြည့်စုံသော လူသားတစ်ဦးအနေနှင့် နောက်ဆုံးတွေ့လေခဲ့ရသည်။ နောက်ဆုံးတွေ့လေခဲ့ရပါလေသည်။

ထိုနောက်၌မူ။

ဘခက်သည် နေရာမှ ထ၏။

"ကဲ…ငါသွား အဝတ်အစားလဲလိုက်ဦးမယ်၊ ညွန့်လည်းလေ၊ အချိန်နီးနေပြီ"

"ဟုတ်ကဲ့ ကိုဘခက်၊ ကျွန်မ အထူးပြင်ဆင်စရာမရှိပါဘူး၊ အခုလိုက်ခဲ့မယ်၊ ဟောဒီ နှင်းငွေကို ရှင့်ကွယ်ရာမှာ တိတ်တိတ်လေး မေးစရာတစ်ခုရှိသေးလို့"

ပွင့်လင်းသော ညွန့်မေကြောင်း နှင်းငွေအနေရ အထိုင်ရကျပ်သွားသည်။ ဘခက်ကမူ အလွန်သဘောကျဟန် အော်ရယ်ပြီး ဆို၏။

"အေး… အေး၊ မေမေ ငါလည်း ဒီကောင့်ကို တိတ်တိတ်ကလေး မေးစရာတွေ ရှိသေးတယ်။ ဟား ဟား ဟား"

ဘခက်က အိမ်ပေါ်ထပ်သို့ တက်သွားသည်။

ထိုအချိန်တွင် ကိုထွေးရင်သည် ဦးလေးထွန်းနှင့်အတူ သွားရောကာ သတင်းစာဖတ်နေပြီဖြစ်၏။

ရွှေကျီးညိုမလေး ညွန့်မေ၌ တင့်တယ်မှုအများရှိ၏။ ဣန္ဒြေပြည့်သော အမူအရာ၊ ငြိမ်းချမ်းသောအပြုံး၊ လွတ်လပ်သော်လည်း ညင်သာသိမ်မွေ့သောဟန်၊ မိမိကိုယ်ကို ယုံကြည်စိတ်ချသော သတ္တိ။

ယင်း တင့်တယ်မှုများသည် အသားညိုသောကြောင့် ပို၍ ခန့်တည်သည်။ ညိုသောအသားသည် မွေးညင်းလွှမ်းလျက် ရှိမ်းမြမြ ရှိလေသောကြောင့်လည်း လန်းဆန်းစိုပြည်သည်။

အဘယ်ကြောင့်ဟူ၍မူ နှင်းငွေမသိ၊ သူ့စိတ်တွင်း၌မူ ယခု သူရင်ဆိုင်တွေ့နေရသော ညွန့်မေ၏ အသွင်သည် ရှေးယခင်တုန်းကထက် ပိုမိုတင့်တယ်နေသည် ထင်၏။ ပိုမိုခန့်တည်နေသည်လည်း ထင်၏။ ပိုမိုလန်းဆန်း စိုပြည်နေခြင်းကမူ သိသာထင်ရှား၏။

နှင်းငွေ၏စိတ်တွင် ရင်နှလုံး၌ ဖုံးလွှမ်းနေသောမြူတို့ တစ်လွှာပြီးတစ်လွှာ တဖြည်းဖြည်းခွာသွားသည်ဟု ခံစားရသည်။

နှင်းငွေသည် ပြုံးပြီးမေး၏။

"ညွှန့်မေ နင် ငါ့ကို ဘာတိတ်တိတ်ကလေး မေးစရာရှိလို့လဲ"

ညွှန့်မေက အသာအယာရယ်၏။

"ဩော် သူငယ်ချင်းရယ်၊ ရယ်စရာပြောတာကို တကယ်ထင်နေပြန်ပါပြီ၊ တိတ်တိတ်ကလေး မေးချင်တာ မဟုတ်ဘူး၊ အမှန်ကို မေးချင်လို့"

"အမှန်ကို အေး မေးလေ"

"မမေးခင် ငါ သတိပေးချင်တယ်၊ နင် ငါ့ကို ဘယ်တုန်းကမှ မလိမ်ဖူးဘူး၊ လိမ်လို့လည်းမရဘူး ကိုနှင်းငွေ"

"ဒုက္ခပါပဲလေ၊ နင်ဘာတွေပြောနေတာလဲ ညွှန့်မေ"

ညွှန့်မေသည် ရယ်ခြင်းကို ရပ်လိုက်၏။ မျက်နှာထားကား ချိုသာသိမ်မွေ့လျက်တည်း။ အသံကလည်း သိမ်မွေ့ချိုသာသည်။

"အခု နင် ငါတို့အိမ်မှာလာတည်းပြီး ညအိပ်မယ်ဆိုတော့ ငါ သိပ်ဝမ်းသာတယ်၊ နင့်ကိုသိပ်ချစ်တဲ့ ဘခက်ဆိုရင်တော့ မပြောနဲ့တော့၊ တစ်ခါတလေ ငါထင်တယ်၊ကို အဲ အဲလေ နင့်နားမှာကြားနေကျ မဟုတ်တော့ တစ်မျိုးများ ဖြစ်နေမလား မသိဘူး၊ ငါ့လင်ကိုငါ ဘခက်လို့ မခေါ်တော့ဘူး၊ ကိုဘခက်လို့ပဲခေါ်တယ်"

"အေးပါလေ၊ ကိုယ့်လင်ကိုကိုယ် ခေါ်ချင်သလို ခေါ်ပေါ့၊ အေး ငါတောင် တစ်ခါတလေ သူ့ကို ဘခက်လို့ခေါ်ရတာ တစ်မျိုးကြီးပဲ၊ သူက ငါ့ထက် အသက်လည်းကြီးတယ်၊ ငါဟာ ဆရာဝန်ကြီးတစ်ဦးပါ ညွှန့်မေ၊ ငါ့ဘွဲ့ဒီဂရီဟာ အကြီးကြီးပါ၊ ဒါပေမဲ့ သူကငါ့ထက် အတွေ့အကြုံများပြီး ဘဝစုံတယ်၊ သူ့ရှေ့ရောက်ရင် ငါ ကျောင်းသားကလေး ပြန်ပြန်ဖြစ်သွားတယ်၊ သူ့ကို အစ်ကိုလို့ ငါခေါ်ရင် သူက နောက်ရမလားဆို နားရင်းအုပ်မလား မသိဘူး"

နှင်းငွေသည် လိုက်လိုက်လှဲလှဲရယ်၏။ ဘာကြောင့် ဤသို့ ရယ်နိုင်စွမ်းရှိလာမှန်းလည်း မိမိကိုယ်ကိုမသိ။

ညွှန့်မေကလည်း မျက်နှာနည်းတူ ကြည်လင်သောအသံနှင့် ရယ်ပြီး ဆက်လက်ဆို၏။

"ငါ့စကားကို ငါပြန်ကောက်မယ်၊ နင် အခု တို့ဆီ ဝင်လာလို့ ငါရော ကိုဘခက်ရော ဝမ်းသာကြတယ်၊ ဒါပေမယ့် ငါတည့်တည့်ပဲ ပြောမယ်၊ ငါနဲ့ ကိုဘခက် စိတ်ချမ်းသာပါစေဆိုတဲ့ စေတနာဝတ္တရားအရတော့ မလာနဲ့ နှင်းငွေ"

"နင် ဘာပြောတာလဲညွှန့်မေ"

"ငါ ပြောတာရှင်းတယ်၊ ဒီရွာမှာ လာနေရလို့ နင်စိတ်မချမ်းသာဘူးဆိုရင် ဒီမှာဆက်မနေပါနဲ့ နှင်းငွေ"

နှင်းငွေသည် ညွှန့်မေကို ဆတ်ခနဲကြည့်၏။

"နင် ငါ့ကို နှင်ထုတ်နေတာလား ညွှန့်မေ"

နှင်းငွေ၏အသံမှာ မသိမသာမာသွား၏။ မခံချင်မှုနှင့် ဝမ်းနည်းမှုရောသော

http://www.cherrythitsar.org



အကြည့်ဖြင့် ညွန့်မေကို စေ့စေ့ကြည့်မိ၏။ သို့ရာတွင် နှင်းငွေသာ မျက်လုံးများကို လွှဲလိုက်ရသည်။ အကြောင်းမှာ ညွန့်မေ၏ မျက်လုံးများက ကြည်ကြည်ကြီးလင်၍ သန့်သန့်ကြီးရှင်းနေသောကြောင့်တည်း။

အတန်ကြာ တိတ်ဆိတ်ငြိမ်သက် နေကြသည်။ နှင်းငွေ၏အတွက်မူ စိတ်မသက်သာဖွယ်သော၊ စိတ်ကျဉ်းကျပ်ဖွယ်သော တိတ်ဆိတ်ငြိမ်သက်ခြင်းဖြစ်နေ၏။

နှင်းငွေသည် ခေါင်းကို ဖြည်းညင်းစွာမော့၍ ညွန့်မေကို ပြန်ကြည့်၏။

ညွန့်မေ၏ မျက်နှာထားက မပြောင်းလဲ မျက်လုံးများက ကြည်လင်၍ သန့်ရှင်းမြဲ သန့်ရှင်းနေဆဲ။

နှင်းငွေသည် သက်ပြင်းရှိုက်လိုက်ပြီး တိုးတိုးညင်သာသိမ်မွေ့စွာ ဆို၏။

"ငါစကားမှားသွားတယ်ညွန့်မေ၊ ငါ့ကိုခွင့်လွှတ်ပါ၊ နင်ဘာဆိုလိုတယ်ဆိုတာ ငါသိသလိုလိုတော့ ရှိနေတယ်၊ နင်ပြောချင်တာကို ခါတိုင်းလိုပဲ တည့်တည့်ပြောတော့ဟယ်"

ဤအကြိမ်တွင် မျက်ရည်ဝဲသူမှာ ညွန့်မေသာဖြစ်သည်။ ဝဲလာသောမျက်ရည်များကို လျှံကျအောင် မျက်တောင်များကို အကြိမ်ကြိမ်ပုတ်ခတ်လိုက်ပြီး ညွန့်မေက ဆို၏။ ပြုံးပြုံးလေးပင်ဆို၏။

"နင် ဒီလိုပြောလို့ ငါသိပ်ဝမ်းသာတယ်နှင်းငွေ၊ ငါတည့်တည့်ပဲ ပြောချင်တယ်၊ ဒါပေမဲ့ ငါစကားတွေရှာမရဘူး၊ နေဦး ငါစဉ်းစားပါရစေ"

ညွန့်မေ ငြိမ်ကျသွား၏။ နှင်းငွေလည်း ငြိမ်နေ၏။

အတန်ကလေးကြာမှ ညွန့်မေက ဆက်ပြောသည်။

"လူတွေမှာ စရိုက်အမျိုးမျိုးရှိတယ်၊ တချို့က ဖုံးကွယ်ဖို့ မလိုတာကို ဖုံးကွယ်ထားတယ်၊ တချို့ဟာ ဖုံးကွယ်လို့ မဖြစ်တဲ့ဟာကိုတောင် ဆက်ဖုံးကွယ်ထားချင်တယ်။ ကိုယ့်ကိုယ်ကိုယ် လိမ်တာတော့မဟုတ်ဘူး၊ ဘယ်လိုပြောရမလဲ၊ ဟိုဒင်း ကိုယ့်ကိုယ်ကိုယ် သက်မှသက်သာပါစေတော့ဆိုပြီး တစ်နည်းတစ်ဖုံ ညှာတာထားတာတစ်မျိုးပေါ့လေ"

နှင်းငွေက ခေါင်းညိတ်ပြသည်၊ ညွန့်မေက ဆက်လက်ပြော၏။

"ဒါမျိုးကို တို့သုံးယောက်စလုံး လုပ်နေကြတယ်၊ စကားပြောရင်တောင်မှ သတိထားပြောနေကြရတယ်၊ တို့ဟာ ရှောင်တိမ်းစရာမလိုတဲ့ဟာကို ရှောင်တိမ်းနေကြတယ်၊ ရှောင်တိမ်းလို့ မရတာကို ရှောင်တိမ်းနေကြတယ်၊ တို့ကိုယ်တို့ သက်မှသက်သာစေတော့ဆို ညှာတာနေကြတယ်၊ ဟုတ်ဘူးလား နှင်းငွေ"

နှင်းငွေက ခေါင်းသာညိတ်ပြ၏။

"ဒီရွာမှာ တစ်ခါတုန်းက တို့သုံးယောက်စလုံးအတွက် ဝမ်းနည်းစရာတွေ ဖြစ်ခဲ့ကြဖူးတယ်၊ ကာယကံရှင်ဖြစ်တဲ့ နင်က စိတ်အဆင်းရဲဆုံးပေါ့နှင်းငွေ၊ တစ်ခါ ဒီရွာမှာပဲ အခု တို့သုံးယောက် ဆုံမိကြပြန်ပြီ၊ ဖြစ်ခဲ့သမျှတွေကို မေ့လို့လည်းရကြတာ မဟုတ်ဘူး၊ တခြားပြောစရာ စကားတွေ ဆိုတာကလည်းများများရှိတာ မဟုတ်တော့

http://www.cherrythitsar.org



တို့ငယ်ငယ်က အကြောင်းတွေကိုပဲပြန်ပြောချင်မိကြတာပဲ၊ ဒီတော့ တို့ပြောစရာတွေရှိတာကို ရဲရဲပဲပြောကြရအောင်၊ ဝမ်းနည်းစရာတွေကို ပြောစရာရှိရင်လည်း မျက်ရည်ကျပြီးပဲ လွတ်လွတ်လပ်လပ်ပြောကြရအောင်၊ ဒီလိုမှ မဟုတ်ရင်တော့ နင်သိပ်စိတ်ဆင်းရဲနေလိမ့်မယ်နှင်းငွေ"

ငြိမ်နားထောင်နေရာမှ နှင်းငွေသည် ညွှန့်မေကို မော့ကြည့်၏။ သူက ထူးဆန်းသောအကြည့်နှင့် စိုက်ကြည့်နေလေသည်ဖြစ်သောကြောင့် ညွှန့်မေက မျက်မှောင်လေးကြုတ်ပြီး မေး၏။

"နင် ငါ့ကိုဘာလို့ အဲဒီလိုကြည့်နေတာလဲ နှင်းငွေ"

"သြော်... နင့်ကို ငါအံ့သြလို့ပါ၊ ငယ်ငယ်ထဲက နင်ဟာ စီကာပတ်ကုံးနဲ့ စိတ်ရှည်လက်ရှည် အင်မတန်ပြောတတ်တယ်၊ ဒါကြောင့်လည်း နင်ဟာ ဆရာမကြီးတစ်ဦးဖြစ်လာတာပဲ၊ စင်စစ်တော့ နင် ခုနင်ကပြောခဲ့တဲ့စကားတွေကို ဆရာဝန်တစ်ဦးဖြစ်တဲ့ငါက စပြောရမှာထင်တယ်၊ ဘာပဲဖြစ်ဖြစ် နင်မှန်တယ်ညွှန့်မေ၊ အစစ်အမှန်ကိုရင်မဆိုင်ရဲဘဲနဲ့ ငါဒီရွာကို ပြန်မလာထိုက်တော့ဘူး၊ အခုပြန်လာတော့ ရင်ဆိုင်ရပေမယ်၊ နင်ပြောသလိုပဲ ဝမ်းနည်းစရာတွေကိုတောင် မျက်ရည်ကျရင်း လွတ်လွတ်လပ်လပ်ပြောကြမယ်"

ညွှန့်မေက နေရာမှထသည်၊ မျက်နှာက အပြုံးမပျက်သော်လည်း မျက်လုံးများက အထူးသတိပြုမှ သိသာရုံ မျက်ရည်ဝဲနေ၏။

"ငါ့စကားကို လက်ခံလို့ ကျေးဇူးတင်တယ် သူငယ်ချင်း၊ ညနေမှာ ငါ့တာဝန်က စောစောပြီးတယ်၊ ကိုဘခက်ကတော့ သူ့အချိန်ကို သူအစိုးမရဘူး၊ သူပါအားရင်တော့ သိပ်ကောင်းမှာပဲ၊ တို့သုံးယောက် လယ်ကွင်းတွေထဲ လမ်းလျှောက်ရင်းစကားပြောကြရအောင်၊ သူ မအားရင်တော့ နင်နဲ့ငါ နှစ်ယောက်တည်း ရောက်ကြတာပေါ့၊ နင့်ကို ငါပြောပြစရာတွေ မေးချင်တာတွေ အများကြီးရှိနေတယ်"

ညွှန့်မေသည် ပေါ်ထပ်သို့ တက်သွားသည်။ နှင်းငွေက ငိုင်လျက် ကျန်ရစ်သည်။

ဖျင်ဖြူတိုက်ပုံကြမ်း၊ ပုဆိုးကွက်ကျဲဝတ်လျက် ဘခက်က ဆင်းလာ၏။

ဘခက်ကို စစ်ယူနီဖောင်းနှင့် နှင်းငွေ တစ်ချိန်က မြင်ဖူးခဲ့သည်။ မည်းပြောင်သောအသား၊ မှေးသောမျက်လုံး၊ ပြားသောနှာခေါင်းနှင့် ဘခက်သည် ယူနီဖောင်းအစိမ်းနှင့် ကြည့်မကောင်းလှ၊ ယခု ဖျင်ဖြူတိုက်ပုံကြမ်း၊ ပုဆိုးကွက်ကျဲနှင့် ဆိုသော်လိုက်ဖက်စပ်ဟပ်နေ၏။ ထူးခြားစွာခံ့ညားနေ၏။

ဘခက်က နှင်းငွေ၏ ပခုံးတစ်ဖက်ကို ကိုင်ပြီးမေးသည်။

"ငါအစောကြီးထဲက ဆင်းလာမလို့၊ အပေါ်ထပ်က လှမ်းကြည့်တော့ ညွှန့်မေက လက်ချာရိုက်နေတယ်၊ မင်းကလည်း ကျောင်းသား ချာတိတ်ကလေးအတိုင်းပဲ၊ ရိုရိုသေသေကုပ်လို့၊ ဟား ဟား ပြောစမ်း ဘိလပ်ပြန်ဆရာဝန်ကြီး၊ မောင်ယဉ်ငယ်ကြောက် ဆရာမကြီး ဒေါ်ညွှန့်မေက ဘာတွေလက်ချာရိုက်သွားသလဲ"

http://www.cherrythitsar.org



နှင်းငွေသည် ယနေ့အတွက် ပထမဦးစွာ လှိုက်လှိုက်လှဲလှဲရယ်မောသည်။

"အေးကွ ဆရာမကြီးရဲ့ လက်ချာက တော်တော်ကောင်းတယ်၊ မင်းပြောသလိုပဲ ငါဟာ ကျောင်းသားချာတိတ်ကလေး ပြန်ဖြစ်သွားတယ်၊ သူ့လက်ချာထဲမှာ မင်းနဲ့ပတ်သက်ပြီး အဖိုးတန် ညွှန်ကြားချက်တစ်ခုလည်း ပါသေးတယ်"

"ဗျာ ဘာတဲ့ ဘယ်လို"

"သူကအခု မင်းကို ဘခက်လို့ မခေါ်တော့ဘူးတဲ့၊ ကိုဘခက်လို့ပဲခေါ်တယ်တဲ့၊ ငါ့နားမှာ ကြားနေကျမဟုတ်လို့ တစ်မျိုးဖြစ်ရင် ဖြစ်နေမယ်တဲ့၊ သိလား ကိုဘခက်"

"အေး အဟီး၊ အစက ငါလည်းတစ်မျိုးကြီးပဲ၊ ဘခက်ကနေ ကိုဘခက်ဖြစ်သွားတော့ ဟဲဟဲ တစ်မျိုးကြီးပဲ၊ တော်သေးတာပေါ့၊ မောင် ကိုကို ဆိုရင် ထန်းလျက်ကို ပျားရေလောင်းပြီး သကြားဖြူးကျွေးသလို ငါ့အသည်းတော့ အီစတွန့် အီစတွန့်နဲ့ တော်တော်လေးကို စတွန့်မျိုး ဒုက္ခအပေါင်းနဲ့ ပြည့်စုံသွားမှာ သေချာတယ်"

စကားအဆုံး၌ ဘခက်သည် နှင်းငွေ၏ပခုံးကို ဖက်လျက် ရယ်၏။

နှင်းငွေကလည်း ဘခက်၏ပခုံးတို့ကိုပြန်ဖက်ရင်း အလွန်လှိုက်လှဲစွာ ရယ်မိပါလေသည်တကား။

* * *

http://www.cherrythitsar.org

# အခန်း (၃)

ညွန့်မေနှင့်ဘခက်တို့ ထွက်ခွာသွားပြီး တစ်နာရီကျော်ကျော်ခန့်အထိ နှင်းငွေသည် အပေါ်ထပ်၌ မိမိအတွက်ပြင်ဆင်ထားသော အခန်းတွင် တစ်ဦးတည်းနေရစ်ခဲ့သည်။

ပထမသော် စာဖတ်ကြည့်သည်။ နှင်းငွေသည် အင်္ဂလိပ်ဝတ္ထုရှည်ကြီးများကို ဖတ်ရန်နှစ်သက်သည်။ အားလပ်ချိန်သာရပါက ဝတ္ထုထဲတွင် နာရီပေါင်းများစွာ မြုပ်နစ် နေနိုင်သည်။ ခရီးသွားတိုင်းလည်း ဝတ္ထုရှည်ကြီး နှစ်အုပ်ခန့် ပါမြဲဖြစ်ရာ ယခု သူ့လက်တွင်း၌ "ဆယ့်ငါးနိုင်ငံ၏ အလံများ" အမည်ရှိ ဝတ္ထုကြီးရှိနေသည်။

ရှုတော်လှန်ရေးကြီး ပြီးစက ဆိုဗီယက် ယူနီယံ၏ နယ်မြေအများကို နယ်ချဲ့နိုင်ငံအများက ကျူးကျော်သိမ်းပိုက်ထားခဲ့သည်။ ဆယ့်ငါးနိုင်ငံ၏အလံများသည် အမေရိကန်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျပန်၊ အမှူးပြုသည့် နိုင်ငံစုံမှတပ်များ သိမ်းပိုက်ထားသော ဆိုက်ဘေးရီးယားဒေသမှ အဖြစ်အပျက်များကို ဖော်ပြထားသည်။ တော်လှန်ရေးနှင့် တန်ပြန်တော်လှန်ရေး၊ စစ်နှင့် စစ်၏အနိဋ္ဌာရုံများ၊ အချစ်နှင့် စွန့်စားခြင်း၊ တာဝန်နှင့်လူသားမေတ္တာ၊ အထက်အမိန့်နှင့် ကိုယ်ပိုင်လိပ်ပြာစသည့် အကြောင်းအရာများပေါ် အခြေတည်ရေးထားသောကြောင့် ဖတ်မိလျှင် လက်မှမချချင်အောင် ဆွဲဆောင်မှုအပြည့်ရှိသည်။

ယခင်နေ့များ၌ ဖတ်စဉ်ကမူ နှင်းငွေသည် သည်အတိုင်း စွဲခဲ့သည်။ သို့ရာတွင် ယနေ့၌ အာရုံသည် ဝတ္ထုကြီး၌ မငြိတွယ်။

အမှန်မှာ ဂေါက်ရိုက်လိုက်၊ စာဖတ်လိုက်နှင့် အငြိမ်းစား နားဖို့ဆိုလျှင် ဤရွာမွန်သာမှာထက် မိတ္ထီလာကန်တော်ရေစပ်မှာ ဒေါက်တာဦးဘမောင်၏အိမ်ကြီးက ပို၍သင့်လျော်သည်။ သို့ရာတွင် ရွာမွန်သာသို့ မိမိလာခဲ့မိပြီ။ ဘာကြောင့် လာခဲ့မိသည်ကိုလည်း မိမိကိုယ်တိုင်မသိ၊ မလာဘဲ မနေနိုင်သည်ကိုသာသိ၏။ လာခဲ့မိပြီးမှ စာထိုင်ဖတ်နေသည်မှာ မဆီလျော်လှ။ စာဖတ်၍လည်း ရကားမရ။

http://www.cherrythitsar.org



နံနက်က ညွှန့်မေနှင့် စကားပြောပြီးသည့်နောက် မိမိ၏စိတ်မှာအတန် လွတ်လပ်ပေါ့ပါးသွားသည်မှာ မှန်သည်။ သို့ရာတွင် စိတ်လှုပ်ရှားမှုကတော့ အနည်းငယ် ကျန်နေသေးသည်။ လှုပ်ရှားလိုသေးက စိတ်သည် လွတ်လပ်စွာ လှုပ်ရှားပါလေတော့။

နှင်းငွေသည် စာအုပ်ကိုချလိုက်ပြီး ပြတင်းဝ၌ ရပ်ကာ အပြင်ဘက်သို့ ကြည့်သည်။

ခြံနောက်ပိုင်းတစ်နေရာ၌ ကိုထွေးရင်သည် မော်တော်ကားကို ကျကျနန ရေဆေးနေ၏။ ကားကိုရွှံ့ပေလျှင် ကိုထွေးရင်သည် ရပ်နားရာနေရာ၌ အချိန်မဖင့်ဘဲ ရေဆေးတတ်သည်။ ထိုနောက် ရေခြောက်သော် ဖလံနယ်နုနုဖြင့်ပွတ်ကာ ကြက်မွေးနှင့် သပေလေဦးမည်။ ကိုထွေးရင်အတွက် လုပ်စရာမှာ သူ့တာဝန်သာဖြစ်၍ ချစ်စရာမှာ သူမောင်းသော ကားကလေးသာဖြစ်သည်ထင်၏။

ခပ်ဝေးဝေးမှအသံများကိုလည်း ကြားနေရသည်။ စောစောပိုင်းကမူ ရေစီးသံ များကို ကြားကဲ့ရသည်ထင်၏၊ ယခုမူ လူသံသူသံများက လွှမ်းနေ၏။ အချိန်ခြား၍ အိုးစည်သံ၊ လင်ကွင်းသံများလည်း ပေါ်ပေါက်လာ၏။

လူအားလုံးမှာ လှုပ်ရှားနေကြခိုက် မိမိသာငြိမ်နေသည်။ မိမိအတွက် လှုပ်ရှားမှုမှာ ခုန်နေသော မိမိရင်သာဖြစ်၏။

နှင်းငွေသည် အဝတ်အစားမလဲရသေး၊ ဖိနပ်ပြန်စီးပြီး အောက်ထပ်သို့ ဆင်းခဲ့၏။

စာကြည့်တိုက်၌ ဦးကြီးထွန်းလည်း မရှိတော့။

အစာဝဖြိုးဟန်ရှိသော ခွေးမတစ်ကောင်ကမူ မိမိအား လှမ်းကြည့်နေသည်။ ဟို တစ်ညကတွေ့ခဲ့ဖူးသော ရွှေမိလောဟုမူမသိ။

နှင်းငွေသည် ခြံမဝ၌ ရပ်လိုက်၏။ အဘယ်သို့ သွားရမည်နည်း။

မြောက်ဖက်သို့သွားလျှင်မူ ရွာအစွန် ဖုန်းဆိုးတောအလွန်၌ ဆိတ်သုဉ်း လှစွာသော နုနုငယ်တို့ အိမ်ကြီးဆီရောက်မည်။ မိမိနှုတ်ဆက်ခဲ့ပြီးသော နုနုငယ်၏ ဂူလေးကိုလည်း ကန္တာရပင်ရိပ်၌ တွေ့ရပေမည်။ ထိုမှလွန်သွားပြန်သော် စမ်းရေယဉ်နှင့် ခင်တန်းညိုဘို မိမိတစ်သက်တာတွင် မမေ့သာသည့် စမ်းရေယဉ်နှင့် ခင်တန်းညိုညို။

တောင်ဘက်သို့သွားလျှင်မူ ရွာဝင်ဦးမှ သာယာသော ညွှန့်မေတို့အိမ်။

ရှေးယခင်ကမူ မိမိအတွက်သွားစရာ ဤနှစ်နေရာရှိခဲ့၏။ လွမ်းဖွယ်သော ညနေရီများ၌ ခင်တန်းဆီသို့ သွားမြဲဖြစ်သည်။ ခင်တန်းရိပ်၌ ချစ်သူနှင့် တိတ်တိတ် လေးတွေ့ကာ တခဏကို တဘဝနှင့် မလဲနိုင်အောင် ကြည်နူးမွေ့လျော်ခဲ့ရ၏။ ယခုမူ ချစ်သူချောသွယ် နုနုငယ်တစ်ယောက်မရှိပြီ။ မရှိပြီ။

သာယာသော နံနက်ခင်းများတွင်မူ ရွာဦးမှ ညွှန့်မေတို့အိမ် သွားခဲ့ရိုးဖြစ်၏။ ခင်တန်းရိပ်မှာ ကြည်နူးဖွယ်ရာရှိသော်လည်း ပူပန်မှုနှင့်လည်းမကင်း။ ညွှန့်မေတို့အိမ်မှာမူ ထာဝစဉ် စိတ်ချမ်းသာခဲ့ရသည်။ ယခုမူ နေရာဟောင်း၌ အိမ်ဟောင်းသည် ရှိနေဦး မည်ဖြစ်သော်လည်း ဒေါ်လေးတို့အိမ်သာ မည်ပေမည်။ ညွှန့်မေ၏အိမ်မှာ မိမိယခု

http://www.cherrythitsar.org



ရပ်နေသည့်ခြံတွင်းမှ သူ့ချစ်လင်ဘခက်၏ အိမ်သာဖြစ်သတည်း။

နှင်းငွေသည် စိတ်ကိုဆုံးဖြတ်လျက် တောင်ဖက်ရွာဦးဆီသို့ ထွက်လာခဲ့သည်။ ဒေါ်လေးတို့အိမ်ကိုကျော်ပြီး ရွာပြင်ကား လမ်းဆီသို့ရောက်လာခဲ့၏။

သည်တဝိုက်မှာမူ စောစောက နှင်းငွေ၏ကမ္ဘာနှင့်မတူ၊ လူသူတို့ဖြင့် စည်ပင်နေသည်။ လူသံတို့ဖြင့် ညံနေသည်။

မလှမ်းမကမ်း၌ ရေတိုက်စား၍ ပျက်သွားသောတံတားကြီးကို မြင်ရသည်။ တံတားကြီး၏ ဟိုဖက်ထိပ် သည်ဖက်ထိပ်တွင်လည်းကောင်း၊ ဟိုဘက်ဘေး သည်ဖက်ဘေးတွင်လည်းကောင်း လူတို့သည်စနစ်တကျ အလုပ်လုပ်နေကြသည်။ ပုံထားသောမြေများ၊ သဲများ၊ ကျောက်များကို ဂေါ်ပြားနှင့်ကော်လျက် ပေးသူကပေးနေသည်။ မြေ၊ သဲ၊ ကျောက်ပြည့်သော တောင်းများကိုတန်းစီလျက် လက်ဆင့်ကမ်းပေးသူတို့က ပေးနေသည်။ တိုင်ထူသူတို့ကတိုင်ထူ၊ ကျောက်ချသူတို့ကကျောက်ချ၊ မြေဖို့သူတု့က မြေဖို့နှင့် အားလုံး တက်ညီလက်ညီ အလုပ်များနေကြသည်။ လူပေါင်းကလည်းစုံသည်။ ဦးထုပ်ပျော့ဆောင်းထားသော စစ်ဝတ်စုံဝတ် တပ်မတော်သားများ၊ ကာကီညိုဝတ် သံခမောက်ဆောင်း ရဲတပ်ဖွဲ့ဝင်များ၊ ထဘီစိမ်း လုံချည်စိမ်းဝတ် ကျောင်းသူကျောင်းသားများ၊ အဆင်အသွေးအမျိုးစုံဝတ် အရပ်သူအရပ်သားများ၊ အလုပ်လုပ်နေကြပုံမှာ ဝိရိယကြီးသော ပုရွက်ဆိတ်များနှင့်တူသည်။ ကွာခြားပုံမှာ ပုရွက်ဆိတ်တို့၌ အသံမရှိ၊ လူတို့၌ကား အသံရှိသည်။ ရယ်သံများ၊ အားပေးသံများ၊ တေးသံ ....၊ ဆိုင်းသံများ .....။

လမ်းဘေးတစ်ဘက်တစ်ချက်၌ လူစီးကားနှင့် ကုန်ကားကြီးများ တန်းစီရပ်ထားကြ၏။

စောင့်ဆိုင်းနေသော ခရီးသည်အချို့က ကားများပေါ်တွင် ရှိကြသည်။ အချို့က ကိုယ့်ပစ္စည်းကိုယ်သယ်ကာ ချောင်းကိုဖြတ်ကူးလျက် တစ်ဘက်ထိပ်ကားတန်းရှိရာသို့ သွားနေကြသည်။ တပ်မတော်သားနှင့် ရဲတပ်ဖွဲ့ဝင်အချို့က လေးလံသောပစ္စည်းများကို ကူညီသယ်ပေးနေကြ၏။

ကလေးဘဝတုံးက ဤတံတားကြီးပျက်သည်ကို နှင်းငွေ တစ်ကြိမ်မကမြင်ဖူးသည်။ ဟိုစဉ်ကမူ ယခုနှင့်မတူ၊ ဟိုစဉ်က တံတားကြီးပျက်လျှင် ကားဆရာတို့နှင့် ခရီးသည်တို့ စိတ်ပျက်ကြရသည်။ အနီးတစ်ဝိုက်ရွာများရှိသူတို့က ဝမ်းသာကြသည်။ အဆမတန်သောအခကိုတောင်း၍ ကုန်နှင့်ပစ္စည်းကိုသယ်ပို့၍ ငွေမျက်မျက်ရကြသည်။ အရေးပေါ် ဈေးဆိုင်ဖွင့်၍လည်း အမြတ်ရှာနိုင်သေးသည်။ အပျက်ကိုပြင်ရန်မှာ သူတို့တာဝန်မဟုတ်၊ လမ်းဘက်မှလာပြင်လိမ့်မည်။ လမ်းဘက်ကလည်း အမြန်ပြင်လေ့မရှိ။

ယခုမူ အားလုံးသည် အပျက်ကိုပြင်နေကြသည်။

လူတို့ အလုပ်များနေသကဲ့သို့ စက်ကြီးများလည်း အလုပ်များနေကြသည်။

တံတား တစ်ဘက်ထိပ်လမ်းဘေး၌ ဘီးနစ်နေသော ကားကြီးတစ်စင်းကို

http://www.cherrythitsar.org



ကွဲရိုင်းစက်ကြီးတစ်ခုက သံကြိုးချိတ်၍ဆွဲပေးနေ၏။ အခြားစက်ကြီးတစ်လုံးက ရေ့တိုးချီ၊ နောက်ဆုတ်ချီ၊ သံဂေါ်ပြားကြီးကိုမချီ၊ နိမ့်ချီနှင့် မြေများကိုစုပုံပေးနေ၏။ လမ်းကြိတ်စက်ကြီးတစ်လုံးကလည်း မြေဖို့ကျောက်ချပြီးသော နေရာများကို ဖိကြိတ်နေ၏။

အပျက်ကို ပြင်နေကြသည်။ ဤအမြင်သည် နှင်းငွေ၏စိတ်သန္တာန်၌ ကွက်ခနဲပေါ်လာသည်။

အပျက်ဟူသည်မျိုးမှာ ပြင်ရမည်ပင်ဖြစ်၏။ လူဟူသည် အပျက်ကိုထိုင်ကြည့်ကာ လက်လျော့နေရိုးမဟုတ်။ နှင်းငွေသည် အိပ်ရာမှနိုးလာသူအလား ခံစားလိုက်ရသည်။ ပတ်ဝန်းကျင်နှင့် မိမိ ခြားနားနေပုံကိုလည်း ရှက်ရွံ့စွာ သတိပြုမိလာသည်။

တက်ထရွန်ဘောင်းဘီ၊ အင်္ကျီ၊ အနက်ရောင် ရှူးဖိနပ်နှင့် မိမိသည် ဆေးရုံကြီးတစ်ခု၏ စင်္ကြန်တွင် ရှုမြင်၍တင့်တယ်ကောင်း တင့်တယ်ပေမည်။ ဤနေရာတွင်မူ ပိရွက်ဆိတ်တို့အလယ် လာရပ်လေသောနံ့ကောင်နှင့် တူနေမည်လားမသိ။

လုပ်အားပေးနေသူ အချို့က မိမိကို လှမ်းကြည့်သည်ကိုလည်း သတိထားမိ၏။ သူတို့သည် ရိုးသားဖြူစင်စွာကြည့်သည် ဖြစ်ကောင်းဖြစ်မည်။ နှင်းငွေကမူ လိပ်ပြာမသန့်၊ လမ်းလျှောက်နေရသည်ကို အကုသိုလ်တစ်ခုခု ပြုလေရသည်ကဲ့သို့ ခံစားနေရ၏။

နှင်းငွေသည် ဟိုဟိုသည်သည် မျှော်ကြည့်မိ၏။ အခက်ကိုမမြင်၊ ဤမျှ အင်တိုက်အားတိုက် အလုပ်လုပ်နေသူများအနက် ဘခက်သည် တာဝန်ယူစည်းရုံးရသောအပိုင်းမှ ပါဝင်မည်မှာ သေချာသည်။ တာဝန်ယူစည်းရုံးရသည့်လုပ်ငန်းမှာ ဘေးမှကြည့်သူအတွက် လွယ်သယောင်ဖြစ်သော်လည်း လက်တွေ့၌မူ ခက်ခဲလှကြောင်း နှင်းငွေ သိတန်သမျှသိပြီးပြီ။ ကြီးကျယ်လှသော တာဝန်ယူစည်းရုံးရသောလုပ်ငန်းမျိုးကို ဆရာဝန် နှင်းငွေ မလုပ်ဖူးပါ။ သို့ရာတွင် သွေးလှူဘဏ်အမှုဆောင်တစ်ဦးတော့ ဖြစ်ခဲ့ဖူးပြီး စေတနာကောင်းတိုင်း လုပ်ငန်းအောင်ဖို့ကမလွယ်။

ယခုအချိန်၌ ဘခက် အလုပ်များနေလိမ့်မည်။ ငယ်ငယ်က ရယ်ဖွယ်ပြောသကဲ့သို့ ဟိုပြေးသည်ပြေး သိမ်ကြီးဈေး ဖြစ်နေလိမ့်မည်။ အနီးအနားမှာရှိစေဦးတော့ ဘခက်ကို ခွဲခြားသိရန်မလွယ်။ ဘခက်၌ သာမန်လူတို့၏ ရုပ်ရေသာရှိ၍ ဘခက်သည် သာမာန်လူတို့ကြား အသာလေးပျောက်သွားနိုင်သော သာမာန်ဥပမိရုပ်ပိုင်ရှင်သာဖြစ်သတည်း။

ညွှန့်မေကိုမူ ခွဲခြားသိရန် အတန်လွယ်မည်။ အနည်းဆုံး အောက်ပိုင်းအစိမ်းရောင်ဝတ် ကျောင်းသူ ကျောင်းသားများကြား ညွှန့်မေတစ်ယောက်ရှိနေလေမည်။ ခက်သည်မှာ ကျောင်းသူကျောင်းသားများသည် တံတား၏ ဟိုမှာဘက်၌ လုပ်အားပေးနေကြသည်။ ရွှံ့များ၊ ရေများကိုဖြတ်လျက် သူတို့ထံ ဤပုံစံအတိုင်းသွားရန် နှင်းငွေ အတွက်မလွယ်။

http://www.cherrythitsar.org



ထိုစဉ် မမျှော်လင့်သော နှုတ်ဆက်သံကို ကြားရ၏။

"ဗျို့ ဆရာလေး ...၊ ရဲဘော် ဦးဘခက် တို့ကို လာရှာတာလား"

အသံရှင်မှာ ဦးကြီးထွန်း ဖြစ်နေ၏။

ဦးကြီးထွန်း သည် ပေါက်ပြားတစ်လက်ကို ကိုင်လျက်တည်း။ နဖူးမှ ချွေးသီး ချွေးပေါက်ကြီးများ ကျနေ၏။

"သြော် ... ဦးကြီးထွန်း လား၊ ဘခက်တို့ကိုရှာတာ မဟုတ်ပါဘူး။ ဒီကို သက်သက်လာကြည့်တာပါ"

"ဆရာလေး ပျင်းနေပြီနဲ့တူတယ်။ ကျုပ်စာကြည့်တိုက်မှာ စာဖတ်နေရော ပေါ့။ အဲ ... အဲ ...လေ ကျုပ်ကလဲ စာကြည့်တိုက်ပိတ်ခဲ့မိသဗျ။ နေအုံး သော့တော့ ပါလာတယ်၊ ယူသွားမလား"

"ကိစ္စမရှိပါဘူး ဦးကြီးထွန်း၊ ဒါထက် လမ်းအခြေအနေက ဘယ်လိုလဲ"

"လမ်းလား ...၊ အဲ ... တံတားပေါ့လေ။ ရဲဘော်ဦးဘခက်နဲ့ မိတ္ထီလာက ဗိုလ်ကြီးစောလွင် တို့ကတော့ ပြောတာဘဲ၊ နက်ဖြန်မနက်ဆို အနည်းဆုံး ကားလေး တွေ ဖြတ်မောင်းလို့ရနိုင်ပြီတဲ့။ ဟိုဒင်း ... ကျုပ်တို့ ဘယ်လောက်ကြိုးစားလုပ်နိုင် တယ်ပေါ်မှာ တည်တာပေါ့၊ မဟုတ်ဖူးလား"

နှင်းငွေသည် ခေါင်းညိတ်ပြပြီး ရွာဘက်သို့ပြန်ရန် ပြင်သောအခါ ဦးကြီးထွန်း က အလျင်စလိုပြောသည်။

"ဆရာလေး သော့ယူသွားမလား"

"တော်ပါပြီခင်ဗျာ၊ ကျွန်တော်ဦးကြီးတို့ဆီ ပြန်လာခဲ့ပါမယ်"

နှင်းငွေ ထွက်သွားသောအခါ ဦးကြီးထွန်း သည် ခေါင်းတဆတ်ဆတ်ညိတ် ရင်း မှတ်ချက်ချသည်။

"တော်တော်ဆန်းတဲ့ ဆရာဝန်သူငယ်ပဲ"

ဦးကြီးထွန်းအနီးမှ အခြားဦးကြီးတစ်ဦးက ဝင်မေး၏။

"ဘာတဲ့ ဆရာဝန်သူငယ် ဟုတ်လား၊ သူငယ်က ဘယ်လိုဆန်းတာလဲ"

ဦးကြီးထွန်း သည် ပေါက်ပြားကိုလွှတ်လိုက်ပြီး လက်ဖဝါးနှစ်ဖက်ကို အားရ ပါးရပွတ်ရင်း လေးနက်စွာဆို၏။

"ဘယ်လိုဆန်းသလဲ၊ ဟား ဟား ... ဒီမှာဟေ့ ဟတ္တိ"

"ဟေ့ကောင် ငထွန်း၊ ငါ့ကို ဟတ္တိ လို့ လူရှေ့ သူရှေ့မခေါ်ဖို့ ဘယ်နှကြိမ် ဖျောင်းဖျရဦးမှာလဲ"

"အေးကွာ ဖိုးဆင်ရာ ငါပမာဓလေ့ခသွားတယ်၊ သူတို့ပညာတတ်တွေပြော သလို ငါတောင်းပန်မယ်၊ ဆောယီး ဆောယီး၊ ဘဲဒီး ဆောယီး"

"ဟယ် ... တောင်းပန်တာက ဆဲသလိုပဲ"

ဦးကြီးထွန်း က ဟတ္တိခေါ်သော ဦးဖိုးဆင် မှာ နာမည်နှင့်လိုက်အောင် ကြီးမား ထွားကျိုင်းလှ၏။ အသက်ကြီးနေပြီ သိသာသကဲ့သို့ ခွန်နှင့် မောင်းနှင့် အားကြီးတုန်း

ဟူ၍လည်း သိသာသောဗလသည် ပေါ်ထင်နေ၏။

"ဟတ္တိ အဲ ... ဖိုးဆင်ရ၊ ခုနကလူငယ်က ရိုးရိုးဆရာဝန်မဟုတ်ဘူး၊ ဘိလပ်ပြန်ဆရာဝန်ကြီး၊ ရဲဘော်ဦးဘခက်ရဲ့ သူငယ်ချင်း၊ ပြီးတော့ မြောက်ကအိမ်ဆိုးကို သိလား"

"အိမ်ဆိုးကို ဘာလို့မသိရမလဲ၊ ဘာဆိုင်လို့တုံး"

"ဆိုင်လို့ပေါ့၊ အိမ်ဆိုးက ဟိုကောင်မလေး နုနုငယ်ကို မှတ်မိလား"

"သေတာတောင် လူမဖိတ်ဘဲ အမြုပ်ခံရတဲ့ကောင်မလေးလား၊ မှတ်မိတာပေါ့၊ သူ့အဖေက ယစ်ထုပ်ကြီးပဲ"

"အဲဒီကောင်မလေး ညွန့်မေ၊ အဲ ... ဆရာမကြီး ဒေါ်ညွန့်မေရဲ့ သူငယ်ချင်း"

"နင်ပြောမှလား၊ ငါလဲသိပြီးသားပဲ"

"နင်မသိတာပြောမလို့ ခုနင်က သူငယ်ဆရာဝန်ကြီးက နုနုငယ်ရဲ့ ရည်းစား"

"နုနုငယ်ရဲ့ ရည်းစား၊ မြတ်စွာဘုရား ဟော့ ဖိုးငထွန်း၊ စေ့စေ့စပ်စပ် ရေရေလည်လည်ပြောပြဦး"

"လူတောထဲ ဘယ်ပြောလို့ဖြစ်မလဲ၊ နင့်နာမည် ဟတ္တိတောင် လူတောထဲ ခေါ်လို့မရတာ"

ဦးဖိုးဆင်က ဦးကြီးထွန်းကို မျက်စောင်းခဲလိုက်ပြီး ပေါက်ပြားနှင့်ဆက်အလုပ်လုပ်သည်။ ဦးကြီးထွန်းက သဘောကျစွာရယ်နေ၏။

ဦးကြီးထွန်းထံမှ ခွာလာခဲ့သော နှင်းငွေသည် ရွာတွင်းဝင်ပြီး အိမ်ပြန်အရောက်၌ အဝတ်အစားလဲသည်။

တက်ထရွန်အင်္ကျီကိုချွတ်လိုက်ပြီး ပေါ်ပလင်ရှပ်လက်တိုတစ်တည်ကို ဝတ်၏။ တက်ထရွန်ဘောင်းဘီကို ချွတ်လိုက်ပြီး ဟန်ဇာလုံချည် မန်ကျည်းစေ့ကွက်ကို ဝတ်သည်။

ညွန့်မေ အသုံးပြုဟန်တူသော ကိုယ်တစ်ဝက်ပေါ် မှန်ရှေ့၌ မိမိကိုယ်ကို ပြန်ကြည့်မိ၏။

ပေါ်ပလင်အကောင်းစားအင်္ကျီ၊ ဟန်ဇာလုံချည်အချောစားနှင့် ဖြစ်နေပြန်သောကြောင့် သာမန်သူလို ငါလိုတော့မဟုတ်လှ၊ စောစောတုန်းကထက်စာလျှင်မူ လူတိုင်းထဲမှ လူတစ်ယောက်နှင့် အနည်းငယ်ပိုတူလာသည်။

ဘာကြောင့်မသိ၊ ယနေ့အတွက် နှင်းငွေသည် လူတိုင်းထဲမှ လူတစ်ယောက်ကဲ့သို့ သဏ္ဌာန်ပေါ်ချင်နေမိသည်။

အဝတ်အစားလဲပြီးနောက် နှင်းငွေသည် ပြတင်းဝ၌ရပ်ကာ အောက်သို့ငုံ့ကြည့်သည်။

ယုံကြည်ခဲ့သည့်အတိုင်းပင် ကိုထွေးရင်သည် မော်တော်ကားကို ကြက်မွေးနှင့်သနေ၏။

နှင်းငွေသည် ခြေသံဖော့လျက် အိမ်အောက်သို့ဆင်းသည်။ သူ့ခြေအကြွ

http://www.cherrythitsar.org



သည် ကိုထွေးရင်၏ ကြက်မွေးကဲ့သို့ပင် ညင်သာလေမည်လော မပြောတတ်။

လေခါးရင်း၌ ရော်ဘာခြေညှပ် ဖိနပ်တစ်ရန်ကိုတွေ့သည်။ နှင်းငွေသည် ခြေညှပ်ဖိနပ်ကိုစီးပြီး ခြံတွင်းမှ ပေါ့ပါးညင်သာစွာ ထွက်လာခဲ့၏။

မူလကနေရာတွင် ဦးကြီးထွန်း တို့ကိုမတွေ့ရတော့။

ကောင်းကင်၌ တိမ်ဖြူ၊ တိမ်မည်းအစုကိုတွေ့ရသော်လည်း မိုးကမအုံ့၊ မိုးရွာမည့်ဟန်လည်းမပေါ်၊ နေသည် စိုးမိုးစွာထွန်းလက်နေ၏။ ဘာမျှမလုပ်ရသေးသော နှင်းငွေသည်ပင် ချွေးစို့နေပေပြီ။

မြေကြီးကို ဂေါ်ပြားနှင့်ကော်ကာ အသင့်စောင့်နေသော ကြိမ်ခြင်းများထဲသို့ ထည့်ပေးနေသူ စစ်ဗိုလ်တစ်ဦးအနီးသို့ နှင်းငွေသည် ကပ်သွား၏။

စစ်ဗိုလ်၏ ပခုံးများ၌ ခရေပွင့်သုံးတန်းကို တွေ့ရသည်။

စစ်ဗိုလ်က နှင်းငွေကို မော့ကြည့်ပြီးဆို၏။

"ဟုတ်ကဲ့ ...၊ ကျွန်တော်ဘာကူညီရမလဲ"

နှင်းငွေက စစ်ဗိုလ်ကိုကြည့်သည်။

မိမိနှင့် အသက်ရွယ်တူခန့်ရှိလေမည်။ အသားက ညိုနီနီရှိသည်။ ပင်ကို ဖြူသောအသားကို နေလောင်ထား၍ ညိုနီနီဖြစ်နေမှန်း နှင်းငွေရိပ်မိသည်။ မေးရိုးများက သွယ်သွယ်ဖြစ်သော်လည်း ထောင့်မှန်ကျ၍ ခိုင်ခံ့သည်။ မျက်လုံးများက ကြည်၍ မျက်တောင်များကကော့သည်၊ ပြုံးနေပုံမှာ ရိုးသားဖြူစင်မှုကို ပကတိအတိုင်း ပြလျက်ရှိ၏။

နှင်းငွေက အေးချမ်းစွာစကားပြန်၏။

"ဗိုလ်ကြီးတို့ဆီက ကျွန်တော် အကူအညီလာတောင်းတာ မဟုတ်ပါဘူး။ ဗိုလ်ကြီးတို့လုပ်နေတာမှာ ကျွန်တော်လဲ ကူညီချင်လို့ပါ၊ ကျွန်တော့်ကို အလုပ် တစ်ခုခုပေးပါ"

ဗိုလ်ကြီးသည် မျက်တောင်တစ်ချက်ပုတ်လိုက်ပြီးဆို၏။

"စိတ်မရှိနဲ့နော်၊ မိတ်ဆွေဟာ ဒီရွာက မဟုတ်ဘူး"

"မဟုတ်ပါဘူး"

"မိတ္ထီလာနဲ့ သာစည်ကလဲ မဟုတ်နိုင်ဘူး"

"ကျွန်တော် ခရီးသွားတစ်ဦးပါ၊ တံတားပျက်နေလို့ ကားကို ရွာမွန်သာမှာ ထိုးထားတယ်။ ကျွန်တော် ... အဲ ဘခက် အဲ ... ရဲဘော်ဘခက်အိမ်မှာ တည်းနေပါ တယ်"

ဗိုလ်ကြီး၏အပြုံးသည် ပိုမိုတောက်ပသွား၏။

"ရဲဘော်ဘခက်နဲ့ ကျွန်တော်က ကိုယ့်နည်းနဲ့ကိုယ် တာဝန်ယူပြီး ဒီမှာ အလုပ်လုပ်နေကြပါတယ်။ ကျွန်တော့်နာမည် စောလွင် ပါ။ အလုပ်က ဗိုလ်ကြီးပါ၊ မိတ္ထီလာဗဟိုအမြောက်တပ်ကပါ"

ဗိုလ်ကြီး စောလွင်က ဂေါ်ပြားကိုလွှတ်ချလိုက်ပြီး လက်ကိုလှမ်းပေး၏။

http://www.cherrythitsar.org



ဗိုလ်ကြီး စောလွင် ၏လက်ကို ပြန်လှန်ဆုပ်ကိုင်ရင်း နှင်းငွေ ကလည်းဖြေသည်။

"ကျွန်တော့်နာမည်က နှင်းငွေပါ။ အလုပ်က ဆရာဝန်ပါ။ တောင်ကြီး စပ်စံထွန်းဆေးရုံကြီးကပါ"

လက်ဆွဲနှုတ်ဆက်အပြီး၌ ဗိုလ်ကြီးစောလွင်၏ လက်များပေါက်ကာ သွေးစို့နေမှန်း နှင်းငွေ သတိပြုမိသည်။

ဗိုလ်ကြီးစောလွင် လွှတ်ချထားသောဂေါ်ပြားကို နှင်းငွေ က ကောက်ယူသည်။ ဗိုလ်ကြီး စောလွင် က ကန့်ကွက်၏။

"ခရီးသည်တွေကို ကျွန်တော်တို့ ဒုက္ခမပေးချင်ပါဘူး။ ဒေါက်တာ စေတနာကို ကျွန်တော်လေးစားပါတယ်။ ဒါပေမဲ့ ... ဒေါက်တာ ပြန်နားပါလား"

"ဗိုလ်ကြီးရဲ့ စေတနာကိုလည်း ကျွန်တော်လေးစားပါတယ်။ ဒါပေမဲ့ ... ဒီလမ်းက ကျွန်တော်တို့ သွားချင်တဲ့လမ်း၊ ဒီလမ်းကောင်းအောင် ကျွန်တော်လည်းတစ်ခုခု ဝင်လုပ်မပေးထိုက်ဘူးလား"

ဗိုလ်ကြီး စောလွင်သည် ခေတ္တတွေနေပြီးနောက် ဟက်ဟက်ပက်ပက်ရယ်သည်။

"ဒေါက်တာ့အကြောင်းပြချက်က သိပ်ခိုင်လုံနေတယ်။ ကျွန်တော်ငြင်းလို့ မရတော့ဘူး"

ဗိုလ်ကြီး စောလွင်သည် ရဲဘော်တစ်ဦးထံမှ ဂေါ်ပြားကိုယူ၍ ဆက်လက်မြေကော်သည်။ နှင်းငွေ ကလည်း ဗိုလ်ကြီး စောလွင် နည်းတူ မြေကော်၏။

မြေကော်ရင်း နှင်းငွေ ၏စိတ်၌ စနိုးစနောင့်ဖြစ်မိသည်။

စောစောက ပေါက်ကာ သွေးစို့နေသော ဗိုလ်ကြီး စောလွင်၏လက်များကို အမှတ်ရမိသည်။ သူက အကြမ်းပတမ်းကိုခံနိုင်ရန် ကျင့်ထားသော စစ်သားကြီး၊ မိမိက ...။

မိမိလက်များက သွေးနီလျှမ်းကာ ထွတ်ထွတ်နနေ၏။ ကြမ်းကြမ်းဆို၍ ဂေါက်ရိုက်တံကိုသာ ဆုပ်ကိုင်ဖူးလေသောကြောင့် အချို့သော လက်ချောင်းများ အရင်း၌ မသိမသာ အသားမာတက်နေသည်သာရှိသည်။ ကျန်လက်ဖဝါးများတစ်ခုလုံးက သွေးနီလျှမ်းကာ ထွတ်ထွတ်နနေ၏။

မိမိ၏ လက်ဖဝါးများနူးညံ့ကာ အနာအဆာကင်းရန် မိမိ အထူးသတိပြုနေခဲ့ရ၏။ မိမိ၏လက်များက လူ့အသက်နှင့်နီးကပ်သော ပိုမိုနူးညံ့သည့် အစိတ်အပိုင်းများကို ထာဝစဉ်ကိုင်တွေ့နေရသည်။

မိမိလက်ဖဝါးများ တစ်ခုခုဖြစ်သွားမည်ကိုမူ နှင်းငွေ့သည် ကြောင့်ကြစိုးရိမ်လျက် စိတ်၌ စနိုးစနောင့်ဖြစ်နေမိ၏။

နေအတန်မြင့်လာ၏။ သိသိသာသာလည်း ပူလာသည်။ နှင်းငွေ ၏တစ်ကိုယ်လုံးမှာ ချွေးတို့ဖြင့်ရွှဲနေတော့၏။ နူးညံ့သောလက်များကလည်း နာစပြုလာသည်။

"ရေသုံးဆောင်ပါဦးရှင် ...၊ ရေအေး မကြိုက်ရင်လဲ လက်ဖက်ရည်ကြမ်းလဲ

http://www.cherrythitsar.org



ပါ .... ပါတယ်”

နှင်းငွေက မော့ကြည့်သည်။ အသံရှင်ကို မြင်မိသည်ခဏ၌ ပါးစပ်အဟောင်းသားပွင့်သွားသည်။

ပထမဆုံး သတိပြုမိသည်ကား ဖြူလွန်း၊ ဖွေးလွန်း၊ သန့်စင်လွန်းသော မျက်နှာကလေးတည်း။

ပိတုန်းရောင်ဆံပင်တို့နှင့်ပြိုင်ကာ မျက်ခုံးတို့က နက်မှောင်နေ၏။ ကော့လှလေသော မျက်တောင်တို့ကလည်း မြမြပြာပြာနိုင်၏။ နှုတ်ခမ်းလေးများကလည်း ရဲရဲနီနေ၏။ လည်တိုင်သည်ရှည်၍ရှင်းကာ သွယ်၍ဝင်းသည်။ လည်တိုင်မှ အကြောစိမ်းကလေးများကိုပင် မြင်နေရ၏။

“နုနုငယ် ...”

နှင်းငွေသည် အော်ခေါ်လုနီးနီး ဖြစ်သွား၏။ သို့ရာတွင် မခေါ်ဖြစ်၊ အကြောင်းမှာ သူ့ကိုပြန်ကြည့်နေသော မိန်းမသား၏မျက်လုံးများက တည်ငြိမ်လှသည်။ နုနုငယ်၏ မျက်လုံးများကဲ့သို့ ချားရဟတ်မလည်၊ ညွှန့်မေ၏ အပြစ်ကင်းသော မျက်လုံးများကဲ့သို့ပင် တည်ငြိမ်အေးချမ်းသည်။ ညွှန့်မေက မျက်သားဖြူ၍ မျက်ဆန်ညိုသည်။ နုနုငယ်က မျက်သားပြာ၍ မျက်ဆန်နက်သည်။ ယခု နှင်းငွေ ရှေ့မှ မိန်းမသားကား မျက်သားက ပြာပြာလွင်သည်၊ မျက်ဆန်ကား ပြာပြာရင့်၏။

အရပ်က အတန်လေးမြင့်သည်၊ သို့ရာတွင် ပြည့်ဖြိုးတောင့်တင်းသောကိုယ်၏ အဝန်းနှင့် အရပ်အမောင်းသည် အချိုးကျလိုက်ဖက်သင့်မြတ်နေသည် ထင်၏၊ ထင်၏။

ထိုမိန်းမသား၏နောက်၌ အခြားမိန်းကလေးများလည်း ပါလာကြသည်။ အချို့က ရေတကောင်းနှင့် ရေခွက်ကလေးများ ကိုင်လာကြသည်။ အချို့က မြေလက်ဖက်ရည်အိုးနှင့် ကြွေလက်ဖက်ရည်ပန်းကန်ကလေးများ ကိုင်လာကြ၏။

ထိုမိန်းမသားသည် နှင်းငွေကို စေ့စေ့ကြည့်ပြီး ရွှင်ပြုံးချိုသာစွာဆို၏။

“ဒီကမောင်က ဘာသောက်ချင်လဲ၊ ရေအေးလား၊ ရေနွေးလား”

နှင်းငွေ၏စိတ်၌ အနည်းငယ် လက်မခံချင်ဖြစ်သွား၏။

“ဒီကမောင်က ...”

သည်စကားသည် နှင်းငွေ၏ရင်ကို အောင့်စေ၏။ မိမိရုပ်သည် ဤမျှနုနယ်နေသေးသလော၊ မိမိကဲ့သို့သော ဆရာဝန်ကြီးတစ်ဦးကို “ဒီကမောင်က ...” ဟု ခေါ်ခွင့်ရှိရန် ယင်းမိန်းမသားက မည်မျှအိုနေပြီနည်း။

နှင်းငွေက စကားမပြန်၊ ခေါင်းကိုသာခါပြ၏။

ဗိုလ်ကြီး စောလွင်နှင့် သူ့ရဲဘော်များကမူ ရေသောက်သူက သောက်ကြသည်။ လက်ဖက်ရည်ကြမ်းသောက်သူက သောက်ကြသည်။

ထိုမိန်းမသားနှင့်အဖွဲ့သည် ရှေ့ဆက်သွားလေကာမှ နှင်းငွေက ဗိုလ်ကြီးစောလွင်ကိုမေးသည်။

http://www.cherrythitsar.org



"အဲဒီ အမျိုးသမီးဟာ ဘယ်သူလဲ ဗိုလ်ကြီး"

"ကျွန်တော်လဲ မသိဘူး၊ မသိဘူးဆိုတာက အဲ ... နာမည်စသပေါ့လေ။ သိတာကတော့ ခရီးသွားတစ်ဦးပဲ။ မနေ့ကတည်းကတွေ့ခဲ့တယ်။ ဒေါက်တာလိုပဲ ဘာကူညီရမလဲ လာမေးတယ်။ ကျွန်တော်တို့ကတော့ ခရီးသည်တွေကို ဒုက္ခမပေးချင်ဘူး။ အထူးသဖြင့် မိန်းမသားခရီးသည်တွေ ဒုက္ခမရောက်စေချင်ဘူး၊ ဒီလိုပဲ ကျွန်တော်ဖြေလိုက်တယ်။ အခုသူက မြင်တဲ့အတိုင်းပဲ ဝင်ကူညီနေတယ်။ ချီးမွမ်းပြီး ကျေးဇူးတင်စရာပဲ"

"ခရီးသွား မိန်းမသားတန်မဲ့ တာဝန်သိတာဟာ ချီးမွမ်းစရာအမှန်ပါပဲ။ ဒါထက် ဗိုလ်ကြီး သတိပြုမိလားမသိဘူး။ မြန်မာအစစ်တော့ ဟုတ်ဟန်မတူဘူး"

"ဟုတ်တယ်၊ အနောက်နိုင်ငံသွေးနှောတယ် ထင်တာပဲ"

"ကျွန်တော်လဲ ဒီအတိုင်းပဲထင်တယ်"

စကားဆက်စရာမရှိတော့သဖြင့် နှင်းငွေသည် ဂေါ်ပြားကိုပြန်ကိုင်၏။

ဗိုလ်ကြီး စောလွင်က ရယ်ပြီးဆို၏။

"ဒေါက်တာက ခွဲသိပ်ကောင်းတယ်။ ဒါပေမဲ့ ဆယ့်နှစ်နာရီထိုးတော့မယ်။ ကျွန်တော်က တန်းဖြုတ်တော့မလို့"

ဗိုလ်ကြီး စောလွင်သည် လက်ပတ်နာရီကို ငုံ့ကြည့်ပြီးနောက် တပ်ကြပ်ကြီး တစ်ဦးကို လှမ်းအမိန့်ပေးသည်။

"ထမင်းစားချိန်ရောက်ပြီ၊ ဆရာရေ ...၊ တန်းဖြုတ်တော့"

လုပ်အားပေးနေသူအားလုံး စနစ်တကျရပ်နားပြီး သစ်ပင်ရိပ်များဆီသွားကြချိန်၌ ဗိုလ်ကြီး စောလွင်က ဖိတ်ခေါ်သည်။

"ဒေါက်တာလည်း ကျွန်တော်တို့နဲ့ ထမင်းလိုက်စားပါ"

"ကျေးဇူးတင်ပါတယ် ဗိုလ်ကြီး၊ ညွှန့်မေတို့ ဘခက်တို့နဲ့ မနက်စာစားဖို့ ချိန်းပြီးသားမို့ပါ၊ ပြီးတော့ ကျွန်တော်တို့ငယ်သူငယ်ချင်းသုံးဦး ထမင်းလက်ဆုံ အတူမစားကြရတာ အတော်ကြာနေပြီမို့လို့ပါ"

နှင်းငွေသည် ဗိုလ်ကြီး စောလွင်ကို နှုတ်ဆက်ပြီး ရွာဆီသို့ပြန်လာခဲ့၏။

သူ့စိတ်မှာ များစွာလွတ်လပ်ပေါ့ပါးသွား၏။ သူ့နားတွင်မူ စကားတစ်ရပ်က ပဲ့တင်ထပ်နေ၏။

"ဒီက မောင်က ..."

နှင်းငွေသည် သဘောကျစွာပြုံးလိုက်မိ၏။

* * *

# အခန်း (၄)

ထိုနေ့ညနေ၌ နှင်းငွေသည် ညွှန့်မေနှင့်အတူ လမ်းလျှောက်ထွက်ခဲ့၏။ ဘခက်က ကိစ္စပေါ်၍ သာစည်ကို ခေတ္တထွက်သွားရသောကြောင့် မလိုက်နိုင်။

သူတို့သည် ပထမရွာမှထွက်ကာ တာလမ်းအတိုင်း တံတားကြီးဆီလာခဲ့ကြ၏။

ညနေလေးနာရီကတည်းက လုပ်အားပေးသူများ ပြန်သွားကြပြီ။ သို့ရာတွင် အမှုထမ်းများကမူ ဆက်လုပ်နေကြဆဲဖြစ်၏။ ကွဲရိုင်းစက်ကြီးများနှင့် လမ်းကြိတ်စက်ကြီးများလည်း မနားကြသေး။

တောင်ဘက်ချောင်းတွင်း၌ ရွာသူရွာသားများသာမက ကားဆရာများရော ခရီးသည်များပါ ရေဆင်းချိုးနေသောကြောင့် လူရှုပ်ကာ ဆူညံနေ၏။

"တို့ အေးအေးဆေးဆေး ထိုင်စကားပြောစရာနေရာမရှိဘူး နှင်းငွေရေ ...၊ အိမ်ပြန်ကြမလား၊ ဒါမှမဟုတ် သာစည်ဘက်လျှောက်ကြမလား"

"အိမ်ပြန်တော့လဲ ပျင်းစရာကြီး၊ တာလမ်းအတိုင်းလျှောက်တော့လဲ ကားလာရင်ရေစင်မယ်"

"နို့ ဒါဖြင့် ဒို့ဘယ်လျှောက်ကြမလဲ"

နှင်းငွေသည် ငြိမ်သွား၏။ သူက စဉ်းစားသည်မဟုတ်၊ စဉ်းစားပြီးခဲ့ပြီ။ ယခု ဆုံးဖြတ်ချက်ချရန် သူ့စိတ်ကိုသူ နောက်ဆုံးတိုင်ပင်နေခြင်း ဖြစ်၏။

အတန်ကြာမှ လေးလေးအေးအေးနှင့် ပြောသည်။

"နင် မှတ်မိသေးလား၊ နင်နဲ့ငါ နောက်ဆုံးအခေါက်ကလျှောက်ခဲ့ကြတာလေ၊ ခင်တန်းကနေ ဒီချောင်းကြီးအတိုင်းလာကြတယ်၊ နောက် ဟောဟို ... ဆည်တန်းပေါ်ထိုင်စကား စကားပြောကြတယ်"

"နင်ဘာလို့ ဒါတွေပြန်ပြောနေတာလဲ"

"နို့ နင်ပဲ မနက်ကပြောခဲ့တယ်။ တို့ငယ်ငယ်ကအကြောင်းတွေကို လွတ်လွတ်လပ်လပ် ရဲရဲပဲပြောကြမယ်ဆို"

http://www.cherrythitsar.org



ညွှန့်မေက အသာအယာရယ်၏။

"ဟုတ်ကဲ့ ကိုယ်တော်ချော၊ ဒီတော့ ဘာဖြစ်သလဲ"

"ဒီတော့ တို့ နောက်ကြောင်းပြန်လျှောက်ကြရအောင်၊ ဒီကနေချောင်းအတိုင်း ခင်တန်းဆီလျှောက်ကြမယ်"

"နင်တကယ် လျှောက်ရဲလို့လား နှင်းငွေ"

နှင်းငွေက သက်ပြင်းရှိုက်လိုက်ပြီး လေးနက်စွာဆိုသည်။

"ငါတကယ် လျှောက်ရဲသလား ...၊ အမှန်ကတော့ ငါမရဲလှဘူး။ ဒါပေမဲ့ ရဲရတော့မယ်ညွှန့်မေ၊ မနက်က နင်ပြောခဲ့တဲ့စကားတွေဟာ ငါ့နားကမထွက်ဘူး၊ နင်စိတ်ပညာယူဖူးသလား"

"ငါတို့ ဘီအီးဒီသင်တန်းမှာ စိတ်ပညာပါတယ်"

"သြော် ... အဲဒါကို ငါသတိမပြုမိဘူး။ ဒါကြောင့်လဲ ဒီစကားတွေကို နင်ပြောနိုင်တာပဲ။ ငါ့မှာ ဥပါဒါန်စွဲနေတယ်၊ ဒါကြောင့်လဲ ငါ့စိတ်မှာ ဥပဒ်ဖြစ်နေတယ်၊ ဒီဥပါဒါန်ကို ငါဖြေချင်တယ်၊ ဥပါဒါန်ကိုဖြေဖို့က အမှန်ကိုရဲရဲကြည့်ဖို့ပဲ၊ အပျက်ကို ငါပြင်ချင်တယ်။ အပျက်ကိုပြင်ဖို့က အပျက်ကို အပျက်လို့ပဲ ငါ တည့်တည့်ရှုရဲရမယ်၊ ဒါကြောင့်လဲ ဒီဘက်ကို ငါသွားမယ်၊ နင်လိုက်မလား"

ညွှန့်မေသည်လည်း သက်ပြင်းခိုးရှိုက်ရင်း မသိမသာပြုံး၏။

"ဘာပြုံးတာလဲ ညွှန့်မေ"

"ဟယ် ... ဘာလို့မေးရတာလဲ"

"နင်ကပြုံးတာကိုး"

"မပြုံးရတော့ဘူးလား ကိုယ်တော်ချောရယ်"

"ဒါပေမဲ့ နင်ပြုံးပုံက ငါအနေရ အထိုင်ရကျပ်တယ်"

"အိုးမလုံ အုံမပွင့်ပါနဲ့ သူငယ်ချင်းရယ်၊ ငါက ငါ့ကိုယ်ငါပြုံးတာပါ"

"ဘာပြုလို့ နင့်ကိုယ်နင် ပြုံးရတာလဲ"

"သြော် ... အမေးအမြန်းထူလှချည်လား၊ ငါ့မှာလဲ ငါ့ဥပါဒါန်နဲ့ ဟဲ့၊ ကဲပါလေ လာသွားကြမယ်"

ညွှန့်မေသည် ရှေ့ဆောင်ထွက်သွားသောကြောင့် နှင်းငွေ လိုက်ခဲ့ရ၏။

ရေပြည့်နေသောကြောင့် ချောင်းတွင်းကမူ မလျှောက်နိုင်ကြ၊ ချောင်းဘေး၏အနောက်ဘက် ကမ်းဘေးမှလျှောက်ကြရသည်။

နေ့တာရှည်သော မိုးတွင်းအခါဖြစ်သောကြောင့် ညနေသည် ထိန်ထိန်လင်းနေ၏။ လေကမူ အတန်ပြင်း၏။

ပြောင်းလဲနေသော ပတ်ဝန်းကျင်ကို နှင်းငွေ သတိပြုမိ၏။

ရှေးယခင်က ဤတစ်ဝိုက်မှာ ဖုန်းဆိုးမြေများသာဖြစ်သည်။ ယခုမူ စိုက်ခင်းများနှင့်ပြည့်နေ၏။ စိုက်ခင်းမှ အပင်ငယ်များသည် နှင်းငွေ၏မျက်စိထဲ၌ ချဉ်ပေါင်ပင်လိုလို ဘာလိုလိုထင်ရ၏။

http://www.cherrythitsar.org



"ညွှန့်မေရေ ဒီမှာ ချဉ်ပေါင်စိုက်ကြသလား"

"နင်ကလဲ တောက်တီးတောက်တဲ့၊ ချဉ်ပေါင်စိုက်လို့ ထင်မင်းဝပ့်မလား၊ ချင်ပေါင်ခင်းကလဲ ဒီလောက်ကြီးနိုင်ပ့ါမလား"

"နို့ ဘာတွေလဲ"

"ကိုဘခက် အပင်တွေလေ"

"ဘာ ...၊ ဘခက်အပင်တွေ"

"အလကား ရယ်စရာပြောတာပါ၊ ဝါပင်တွေ၊ ချည်မျှင်ရှည်ဝါပင်တွေ"

"ဘာပြုလို့ ဘခက်အပင်တွေလို့ ပြောတာလဲ"

"ဒီလိုဟယ်၊ နင်သိသားပဲ၊ ဒီနေရာတွေက စိုက်ချင်တာစိုက်လို့မရဘူး၊ မိုးကလဲ မမှန်ဘူး၊ ဆည်ရေလဲ အမြဲမပေးနိုင်ဘူး"

"ဒါတော့ ငါသိပြီးသားပဲ"

"ဘခက်က ဝါစိုက်ခိုင်းတယ်၊ စိုက်နေကျမဟုတ်တော့ ဦးကြီးတွေက ငြင်းကြတယ်၊ ဒီတော့ နင့်သူငယ်ချင်း ဘခက် ဘာလုပ်တယ်ထင်သလဲ"

"ဆိုပါဦး"

"သူကြံစိုက်တဲ့နေရာ မှတ်မိလား"

"အေး မှတ်မိတယ်"

"အဲဒီနေရာမှာ သူကိုယ်တိုင်ဝါစိုက်ပြတယ်၊ သူနဲ့ကပ်နေတဲ့ မြေကွက်မှာ ဦးကြီးဟတ္တိ အဲလေ ဦးလေးဖိုးဆင်က ခရမ်းချဉ်ပင်စိုက်တယ်၊ ခရမ်းချဉ်သီးတစ်သေတ္တာကို ငွေနှစ်ဆယ်လောက်ရတာ ဦးကြီးဖိုးဆင်သိတယ်။ ထွက်ရိုးထွက်စဉ်ဆို သေတ္တာနှစ်ဆယ်လောက်ထွက်တော့ တစ်ရာသီဆို ငွေနှစ်ရာလောက်ရတာကိုး။ ဒါကတော့ သေချာတယ်။ ဝါကိုတော့ ဘယ်လောက်တရားဟောဟော မစိုက်ချင်ကြဘူး။ ဒီတော့ ဘာဖြစ်သလဲသိလား"

"ငါဘယ်လိုလုပ်သိမလဲ"

"စကားအဖြစ် မေးတာပါဟယ်၊ ဘာဖြစ်လဲဆိုတော့ ဇူလိုင်လနဲ့ ဩဂုတ်လ နှစ်လလုံး မိုးခေါင်တယ်။ နို့ပိန်ကြီးလို့ ကိုဘခက်ခေါ်တဲ့ မင်းလှကန်ကလဲ ရေလွှတ်မပေးနိုင်တော့ဘူး"

"ဒီတော့ ..."

"အဲဒီနှစ် ဩဂုတ်လထဲမှာ ဝါတွေပွင့်ပြီးအောင်တယ်။ ခရမ်းပင်တွေက မသေပေမဲ့ မသီးလှဘူး။ သီးသမျှကလဲ မအောင်ဘူး။ အဲဒီနှစ်က ဦးကြီးဖိုးဆင် အရင်းတောင်ပြန်မရဘူး။ ကိုဘခက်က ငွေခြောက်ရာမြတ်တယ်"

နှင်းငွေက ခေါင်းတဆတ်ဆတ်ညိတ်ပြီး မှတ်ချက်ချ၏။

"မိတ္ထီလာကနေ ဒီရောက်တဲ့အထိ ဝါခင်းတွေငါတွေ့ခဲ့သား။ ဘာအခင်းလို့သာမသိတယ်၊ ပြောင်းခင်းတို့၊ ခရမ်းခင်းတို့တော့ ငါသိသား"

"အေး ... အခုတော့ ဒီတစ်ဝိုက်မှာ ဝါစိုက်လာကြပြီ။ ဒါကြောင့်လဲ ဝါပင်

http://www.cherrythitsar.org



ကိုငါက ကိုဘခက် အပင်လို့ခေါ်တာ”

နှင်းငွေသည် ခေါင်းညိတ်ပြီးဆို၏။

“ဘခက်အလုပ်က မလွယ်ပ့ါလား ညွှန့်မေရယ်”

“မလွယ်ဘူး။ ဒါပေမဲ့ နင့်သူငယ်ချင်းက သိပ်စိတ်ရှည်တယ်။ အခုအထိ သူ့မှာပြဿနာတွေ မရှင်းသေးဘူး။ ဥပမာ – ဝါပြီးရင် ဘာစိုက်ကြမလဲ။ မနှစ်က ဆန်ရှားပြီး စပါးဈေးကောင်းလို့ တချို့က ကောက်လျှင် စိုက်ချင်ကြတယ်။ အချိန် မီပ့ါမလား၊ မိုးမီပ့ါမလား ဒါကိုတော့ သူတို့မစဉ်းစားကြဘူး။ ကိုဘခက်ကတော့ စိုက်ပျိုးရေးဌာနနဲ့ တိုင်ပင်ကြည့်နေတယ်။ သူလဲ ပါရဂူတစ်ဦးမဟုတ်ဘူး နှင်းငွေရေ၊ သူက ဒီသာစည်မြေကို သိပ်ချစ်တယ်။ ဒီလောက်ကျယ်ပြန့်တဲ့လွင်ပြင်မှာ ဘာ့ကြောင့် ထင်သလို မစိုက်ပျိုးနိုင်ရသလဲ။ ဒါကို သူသိပ်စိတ်မကျေမနပ်ဖြစ်နေတယ်။ ရေလာတဲ့ နေရာတွေ အများကြီးရှိရက်က ဘာ့လို့ ရေရှားနေရသလဲ။ ဒါကိုလဲ သူ ခဏခဏညည်းတယ်”

ညွှန့်မေ၏စကားကို နားထောင်ရင်း ငြိမ်လျှောက်လာခိုက် နှင်းငွေ၏ရင်တွင် နံနက်ကကဲ့သို့ပင် ရုက်စိတ်ပေါ်လာ၏။ ဘခက်နှင့် မိမိ၏ခြားနားချက်ကို သတိပြုမိသောကြောင့်ဖြစ်၏။

ဘခက်ကသည်ရွာ၊ သည်ဒေသ၊ သည်လွင်ပြင်ကို ချစ်သည်။ မိမိကလည်း သည်ရွာ၊ သည်ဒေသ၊ သည်လွင်ပြင်ပေါ် သံယောဇဉ်ကြီးပါ၏။ သို့ရာတွင် ဘခက်က သူချစ်သော သည်ဒေသ၏ အနာဂတ်ကောင်းစားရေးကို အမြဲဦးတည်စဉ်းစားသည်။ မိမိကတော့ အတိတ်မှ ကိုယ်ရေးကိုယ်ရာလွမ်းမက်ဖွယ်ကို တ,သရင်း ဥပါဒါန်စွဲနေသူတစ်ဦးသာဖြစ်လေသည်။

ထိုစဉ် ညွှန့်မေက လမ်းလျှောက်ခြင်းကို ရုတ်တရက်ရပ်လိုက်သောကြောင့် နှင်းငွေကမေးသည်။

“ဘာဖြစ်သလဲ ညွှန့်မေ”

ညွှန့်မေကမဖြေဘဲ အနောက်ဆီသို့သာ လှမ်းကြည့်နေသည်။

ညွှန့်မေကြည့်ရာ လိုက်ကြည့်မိမှ နှင်းငွေသည် သဘောပေါက်သွားသည်။

သည်နေရာမှလှမ်းကြည့်လျှင် နုနုငယ်တို့၏ အိမ်ကြီးကို အဝေး၌ ကောင်းစွာမြင်နိုင်ပေပြီ။

ခြံနောက်ပိုင်းရှိ မဲဇလီနှင့် သရက်ပင်တို့သည် ယခင်ကထက် ကြီးထွားနေပြီထင်ရ၏။ မည်မျှပိုမိုကြီးထွားလာသည်ဖြစ်စေ အိမ်အိုကြီးကမူ သူတို့ပေါ်ကျော်မိုးလျက် ထီးထီးမားမား ရှိမြဲရှိနေသည်။

စိတ်ကိုထိန်းနိုင်ပြီဟု ထင်သာထင်ခဲ့သည်။ ယခုမူ အတိတ်မှဖြစ်ရပ်များသည် အာရုံ၌ပေါ်လာသည်။ ရင်မှာလည်း ခုန်လာ၏။

ညွှန့်မေသည် စာနာစွာ သူ့ကိုကြည့်ပြီး လေသံဖြင့်မေး၏။

“တို့ ခင်တန်းဆီအထိ ဆက်လျှောက်ကြဦးမှာလား”

သူက အားယူပြုံးလိုက်ပြီး ဖြေသည်။

"လျှောက်ကြမယ် ညွှန့်မေရေ၊ မထူးတော့ပါဘူး"

သူက ဆက်လျှောက်သောအခါ ညွှန့်မေသည် စကားမပြောတော့ဘဲ ဘေးမှ ငြိမ်ငြိမ်လေးလိုက်ပါလာ၏။

ခင်တန်းမှာမူ ဘာမျှမပြောင်းလဲသကဲ့သို့ ရှိနေသည်။ ချုံစေးပျစ်များမှာလည်း သည်အတိုင်း။ ပေါက်ပင်နှင့် လက်ပံပင်တို့ကလည်း သည်အတိုင်း၊ စမ်းချောင်းမှ ရေစီးသံကလေးကလည်း သည်အတိုင်း။

ညွှန့်မေက ညွှတ်ကျနေသော သစ်ကိုင်းတစ်ကိုင်းပေါ်၌ထိုင်သည်။ နှင်းငွေက လက်ပံပင်ကြီးကိုမှီလျက်ရပ်ပြီး အိမ်ကြီးဆီသို့ ငေးကြည့်နေ၏။

ဟိုတုန်းကမူ ယခုကဲ့သို့ ပေါ်ပေါ်ထင်ထင် ကြာရှည်မရပ်ရဲ။ ခိုးကြောင်ခိုးဝှက် လူယောင်ပြရသည်။ ပြတင်းဝ၌ပေါ်လာမည့် ချစ်သူ၏ ဖွေးဖွေးနုသော သဏ္ဌာန်လေးကို ပုန်းပုန်းကွယ်ကွယ်မျှော်ရသည်။ ဆံပင်လေးများ လေဝယ်ဝဲပျံကာ ပြေးလာမည့် သူကလေးကို ရင်တခုန်ခုန်နှင့်စောင့်ရသည်။

နှင်းငွေ၏ရင်၌ ထူးဆန်းသောဝေဒနာတစ်မျိုးကို ခံစားရသည်။ ဆွေးမြည့်သော ဝေဒနာတစ်မျိုးပင်ဖြစ်၏။ သို့ရာတွင် ပင်ပန်းပူလောင်သည်တော့မဟုတ်။ လက်လွတ်ဆုံးရှုံးရခြင်းကို တည်ငြိမ်စွာအမှတ်ပြုမိသော ဝေဒနာသာလျှင် ဖြစ်လေသည်။

နှင်းငွေသည် သူ့နည်းတူငြိမ်နေသော ညွှန့်မေကို လှမ်းကြည့်ပြီးမေး၏။

"နင်ဘာတွေ တွေးနေသလဲ ညွှန့်မေ"

ညွှန့်မေက ခေါင်းခါပြီး "ဘာရယ်မဟုတ်ပါဘူး" ဟု ဆိုသည်။

အမှန်က ညွှန့်မေသည် ညကအိပ်မက်ကို ပြန်သတိရနေသည်။ အိပ်မက် ထဲတုန်းကမူ ကြောက်လိုက်သည့်ဖြစ်ခြင်း၊ ယခုတော့ ကြောက်စိတ်သည်မရှိ။ နုနုငယ် သေခဲ့ပြီဆိုခြင်းကိုပင် အိပ်မက်ပမာ မယုံသကဲ့သို့ဖြစ်နေ၏။ နုနုငယ်နှင့် မိမိ တည် ထွင်သည့် စာတိုက်ကလေးကို အမှတ်ရမိသည်။ လက်ပံပင်ခြေ၌သွားရှာလျှင် စာကို ဖုံးဖိသော အုတ်ခဲကျိုးကိုပင် တွေ့ဦးမည်ထင်၏။

ညွှန့်မေသည် နှင်းငွေကို ဆတ်ခနဲမော့ကြည့်၏။

"နင့်ကို မေးချင်တာတစ်ခု ငါအခုမှသတိရတယ်"

"ဘာလဲ ...၊ မေးလေ"

"နုနုငယ် ဘာလို့သေရတာလဲ"

"ဘယ်လို ..."

"ဟိုဒင်းလေ၊ နုနုငယ်တို့လို စိတ်ရောဂါရတဲ့လူတွေဟာ ဘာဖြစ်လို့သေ သွားတာလဲ"

"စိတ်ရောဂါကြောင့် တိုက်ရိုက်သေကြရတာ မဟုတ်ပါဘူး။ ဒီရောဂါဖြစ် သူဟာ လူကောင်းလို အစားအသောက် အအိပ်အနေမမှန်ဘူး။ ဒီတော့ တခြားရောဂါ

http://www.cherrythitsar.org



ပိုးဝင်ပြီး ဆုံးကြရတာများတယ်။ တိုက်ဖွိုက်တို့၊ နမိုးနီးယားတို့ဖြစ်တာများတယ်။ စနစ်တကျ ပြုစုစောင့်ရှောက်တတ်ရင်တော့ အသက်ရှည်နိုင်ပါတယ်။ ဒါကလဲ မလွယ်လှဘူးလေ။ နုနုငယ်တော့ ဘာနဲ့ဆုံးရတယ်ဆိုတာ ငါမသိဘူး။ ငါက နိုင်ငံခြားရောက်နေပြီ။ နင်ကော မသိဘူးလား"

"ဘယ်သိမလဲ၊ ဒီတုန်းက ငါက ဆရာမဖြစ်စ၊ မန္တလေးမှာတာဝန်ကျနေတယ်"

"ဘခက်ကော ... "

"ဘခက်ကလဲ တပ်ထဲမှာဥစ္စာ၊ အေးလေ ... တို့ ဒီရှိလဲ အသုဘတောင် လိုက်ပို့ရမှာမဟုတ်ပါဘူး"

နှင်းငွေသည် စိတ်ပျက်စွာခေါင်းခါ၏။

"ပြောရရင်တော့ မကောင်းဘူးညွန့်မေ၊ အမှန်က နုနုငယ်ဒီလိုဖြစ်ရတာမှာ သူ့အဖေရဲ့အပြစ် အများကြီးပါတယ်"

"နုနုငယ်ကို သူ့အဖေက ချစ်ရှာသားပဲ"

"ချစ်ပေမဲ့ သူလုပ်တာဟာ နှစ်ရာကျခဲ့တယ်။ နုနုငယ်ကို အသက်ရှင်ရက် ငါနောက်ဆုံးတွေ့ခဲ့တဲ့ အခေါက်တုန်းကတော့ ဒီလူကြီးကို ငါဘာမှမပြောနိုင်ခဲ့ဘူး၊ အဲဒီအချိန်မှာပြောလဲ ဘာမှအရာမရောက်နိုင်ပါဘူး။ ဒါပေမဲ့ ငါနိုင်ငံခြားကို ထွက်မသွားခင်မှာ နုနုငယ်တို့ စိတ်ရောဂါကုဆေးရုံကြီးတင်ပြီး ကုသပေးဖို့ အကြောင်းအကျိုးအချက်အလက် ပြည့်ပြည့်စုံစုံဖော်ပြပြီး ငါစာရှည်ကြီးတစ်စောင်ရေးထည့်လိုက်တယ်။ ဒါပေမဲ့ သူဂရုစိုက်ပုံမပေါ်ပါဘူး။ သူ့အယူ၊ သူ့အစွဲနဲ့သူ သူ့ဇနီးကို သူကုလို့မရကတည်းက သူသန်ရာသူလုပ်နေပုံပဲ။ သူ့ဇနီးဟာ ဘယ်အသက်ရှိမှ ပြီးတော့ ရောဂါဘယ်လောက်ရင့်မှ သူစိတ်ရောဂါကုဆေးရုံကြီးကို ပို့ခဲ့သလဲမသိဘူး။ ရောဂါတစ်ခု ရရင် ကျွမ်းကျင်နားလည်တဲ့ ဆရာဝန်တွေရှိတဲ့ ဆေးရုံကြီးတွေဆီ အမြန်ဆုံးပို့ဖို့ က အရေးကြီးတယ်။ ဒါမှပဲ ပုဆိန်နဲ့ထွင်းရမယ့်အဆင့်မရောက်ဘဲ အပ်နဲ့ကော် ပစ်နိုင်မယ်။ ပြီးတော့ နုနုငယ်အမေတက်ခဲ့ရတဲ့ အချိန်နဲ့ အခုအချိန်ဟာ သိပ်ကွာခြားနေပြီ။ ပိုမိုကျွမ်းကျင်တဲ့ ဆရာဝန်ကြီးတွေရှိနေပြီ။ ဆေးနဲ့ ကိရိယာတွေပိုစုံနေပြီ။ ကုသရေးဆိုင်ရာ နည်းနာသစ်တွေလဲတိုးနေပြီ ညွန့်မေ။ နင်နားလည်ပါ့မလားမသိဘူး။ နာခြင်း၊ သေခြင်းဆိုတာတွေကို တို့ဆရာဝန်တွေဟာ နာရီတိုင်း၊ နေ့တိုင်းမှာ ကြုံတွေ့နေကြရတယ်။ တို့အတွက် မဆန်းပါဘူး။ အဲ ... အကြောင်းကြောင်းကြောင့် ရေတိမ်မှာနစ်တာတွေ့ရင်တော့ တို့သိပ်စိတ်မကောင်း ဖြစ်ရတယ်။ ငါ့စိတ်မှာစွဲနေတယ်။ နုနုငယ်ဟာ ရေတိမ်နစ်ရတာပဲလို့"

ဤစကားများကို နှင်းငွေသည် နာကျည်းစွာပြောသည်။ စိတ်ထိခိုက်စွာပြောသည်။

ညွန့်မေ အံ့အားသင့်သွား၏။ ယခုတစ်ခေါက်အရောက်၌ စိတ်အထိခိုက်ဆုံးအခြေအနေနှင့် နှင်းငွေ ဖြစ်ပုံကိုတွေ့ရသောကြောင့်တည်း။

http://www.cherrythitsar.org



ညွှန့်မေသည် အသံကို အတတ်နိုင်ဆုံးတည်ငြိမ်ရန် ကြိုးစားပြီးမေး၏။

"နင်ဆိုလိုတာက နုနုငယ်ဟာ စိတ်ရောဂါကုဆေးရုံကြီးမှာသာ အကုအသခံရရင် ရောဂါမီမနစ်နိုင်ဘူးပေါ့ ဟုတ်လား"

နှင်းငွေ၏နဖူး၌ ချွေးစို့နေသည်။ မျက်မှောင်ကြုတ်ထားသည်ဖြစ်ရာ နဖူးရစ်များပင် ရေးရေးထင်နေ၏။

နှင်းငွေသည် နဖူးမှစို့နေသော ချွေးတို့ကို လက်ဝါးဖြင့်သုတ်လိုက်၏။

"နင့်အမေးကမှန်တယ်၊ ရောဂါမီမနစ်နိုင်ဘူး၊ ဟုတ်တယ် ရောဂါမီမနစ်နိုင်ဘူး၊ မနစ်ဘူးလို့ ငါမပြောဘူး။ မနစ်နိုင်ဘူး။ အေး … ရေနက်ထဲနစ်တာဖြစ်ရင်တော့ မတတ်နိုင်ဘူး"

"နှင်းငွေ စိတ်မဆိုးနဲ့၊ နင့်စကားကို ငါနားမလည်ဘူး"

"ငါ ဘခက်လို စကားပြောတတ်ချင်တယ်။ မပြောတတ်ဘူး။ ဒါပေမဲ့ ငါကြိုးစားပြောမယ်၊ ဆေးရုံကြီးတွေကို အားမကိုးလို့ ရောဂါမီနစ်ခဲ့ကြတဲ့ကိစ္စတွေ အများကြီးပဲ။ ရိုးရိုးဆေးရုံတွေမှာရော စိတ်ရောဂါကုဆေးရုံကြီးမှာရော အတူတူပဲ။ နုနုငယ်ရဲ့ရောဂါအကြောင်းပဲပြောမယ်။ ဒီရောဂါမျိုးကုရင် ဘယ်နှရာခိုင်နှုန်းပျောက်တယ်၊ မပျောက်ဘူး စသဖြင့် ကမ္ဘာမှာ မူဝါဒကွဲပြားနေကြတာပဲ။ ဒါက ပဓာနအကြောင်းမဟုတ်ဘူး၊ ပဓာနအကြောင်းက ပျောက်နိုင်တယ်။ ရာခိုင်နှုန်းဘယ်လောက်ဆိုတာက အရေးမကြီးဘူး။ အထူးသဖြင့် စိတ်ရောဂါတစ်ခုခုဖြစ်ရင် စိတ်ရောဂါကုဆေးရုံကြီးဆီ အမြန်ရောက်လာရမယ်။ အသက်ငယ်တဲ့ ရောဂါရှင်တွေ၊ ပြီးတော့ မရင့်သေးတဲ့ ရောဂါရှင်တွေ၊ သူတို့ဟာ ပျောက်ကင်းဖို့အလားအလာ အကောင်းဆုံးတွေပဲ။ နုနုငယ်ဟာ ဘာမှအသက်မကြီးသေးဘူး။ ရောဂါဟာလဲ မရင့်တတ်သေးဘူး။ ဒါကြောင့် ရောဂါမီနစ်ရတယ်လို့ ငါပြောတယ်"

နှင်းငွေ အားရပါးရပြောနေခိုက် ညွှန့်မေသည် စိတ်၌ ကရုဏာတစ်ဝက်၊ ကျေနပ်ခြင်းတစ်ဝက်နှင့် ကြည့်နေသည်။ စိတ်ထိခိုက်ပုံမြင်သောကြောင့် ကရုဏာသက်မိသည်။ ဟန်ဆောင်ထိန်းချုပ်မှုကင်းစွာ ပေါက်ကွဲထွက်လာပုံကိုလည်း ကျေနပ်သည်။ ဤခြင်တန်းဆီသို့ သူ့ကိုခေါ်လာခဲ့မိသော မိမိ၏ရည်ရွယ်ချက်သည်လည်း အောင်ခဲ့ပြီ။ ဤအချက်ကို တွေးမိသည်ခဏ၌ ညွှန့်မေသည် ထိတ်လန့်သွားသည်။ လိပ်ပြာမသန့်လည်း ဖြစ်သွားသည်။ အမှန်က ပရိယာယ်မများသော မိန်းမတစ်ဦးဟု မိမိကိုယ်ကိုမိမိ ယုံကြည်သည်။ သို့ရာတွင် နှစ်ဦးချင်း ဤခြင်တန်းဆီလမ်း လျှောက်ဖြစ်ကြရာ၌ မိမိပယောဂမကင်း၊ မိမိအတွက်တော့မူ စေတနာက အရင်းခံသည်။ နှင်းငွေအတွက်ထားရှိခဲ့သော မိမိ၏စေတနာသာလျှင်ဖြစ်သည်။ လူတို့ သူတို့နားလည်ကြပါမည်လော။ တကယ်ဆိုတော့ မိမိစချစ်ခဲ့ရသူမှာ နှင်းငွေသာတည်း။ မိမိဘက်မှ တစ်ဖက်သတ်ကြည့်လျှင် နှင်းငွေသည် မိမိ၏အချစ်ဦးဖြစ်သည်။ ဒါကိုတော့ မိမိကိုယ်ကို ဘယ်သောအခါကမှ လိမ်၍မရခဲ့။ နှင်းငွေပေါ်ရော ဘခက်ပေါ်ရော မလိမ်ဖူးခဲ့။ ဖွင့်သာမပြောသော်လည်း ဘခက်သိပြီးဟု မိမိယုံကြည်သည်။ ယခုမူ

http://www.cherrythitsar.org



မိမိသည် ဘခက်၏ဇနီးသာဖြစ်သည်။ ဘခက်၏ ချစ်လှစွာသောဇနီးသာ ဖြစ်သည်။ ဘခက်ကိုလည်း ချစ်ခဲ့ရပြီ။ ချစ်ခဲ့ရရုံမက လေးစားသည်။ ကြည်ညိုသည်။ အားကိုးသည်။ နှင်းငွေအတွက်မူ သံယောဇဉ်နှင့် စေတနာသာလျှင် မိမိရင်၌ကျန်တော့၏။ နှင်းငွေသည် အတိတ်၏ဥပါဒါန် မြူတို့ကင်းစင်၍ လွတ်လပ်သော လူသားတစ်ဦးအနေနှင့် အိမ်ရာထောင်ထားကာ ပျော်ပါးပြည့်စုံသော ယောကျ်ားစင်စစ်တစ်ဦး ဖြစ်လာစေချင်သည်။ ဤကား မိမိ၏စေတနာတည်း။

ညွှန့်မေသည် နေရာမှထလိုက်၏။

"တော်လောက်ပြီထင်တယ်၊ တို့ပြန်ကြစို့ နှင်းငွေ"

နှင်းငွေက အံ့သြစွာနှင့် ညွှန့်မေကို လှည့်ကြည့်၏။

"ဘာလဲ ညွှန့်မေ၊ ငါပြောတာတွေကြောင့် နင်စိတ်မကောင်းဖြစ်သွားသလား"

"စိတ်မကောင်းဖြစ်မိတယ်။ ဒါပေမဲ့ နှနှငယ်အတွက်မဟုတ်ဘူး။ နင့်အတွက်ပဲ နှင်းငွေ။ နင့်ကို ပျော်ပျော်ရွှင်ရွှင်နဲ့ တို့မြင်ချင်တယ်။ အခုတော့ နင့်အတွက် ငါစိတ်မကောင်းဘူး၊ ဘခက်လဲ စိတ်မကောင်းဘူး"

နှင်းငွေသည် ညွှန့်မေကို စေ့စေ့ကြည့်သည်။

ညွှန့်မေ၏ မျက်လုံးများ၌ ကရုဏာစင်စစ်ကို တွေ့လေရသည်။ မျက်နှာလေးမှာလည်း အမှန်ပင် ဝမ်းနည်းပန်းနည်းရှိနေ၏။

နှင်းငွေ၏ရင်၌ နောင်တ,တရားလွှမ်းလာ၏။ မိမိ ဘာလုပ်နေပါသနည်း။ မိမိ ဘာတွေလုပ်နေပါသနည်း။

နှင်းငွေသည် ကိုယ်တိုင် အမျိုးအမည်မသိသော ရယ်ခြင်းတစ်ရပ်ကို ပြုလိုက်ပြီးဆို၏။

"ဟိုတစ်နေ့က ဆည်တန်းပေါ်မှာထိုင်ရင်း နင်ပြောခဲ့တဲ့စကားတွေကို ငါသွားသတိရသေးတယ်။ ဒီတုန်းက နင်က ငါ့မှာ စိတ်ကူးယဉ်မှုတွေ ကဲနေတယ်လို့ပြောခဲ့တယ်"

ညွှန့်မေသည် အမှတ်ရဟန် မသိမသာလေးပြုံးပြီး ခေါင်းညိတ်ပြ၏။

"နင်ဟာ ငါ့ဘဝမှာ သိပ်အံ့သြဖို့ကောင်းတဲ့ မိန်းမသားတစ်ဦးပဲ ညွှန့်မေ၊ နင်အင်မတန် အမှန်ကိုမြင်တတ်တယ်၊ မြင်တာကိုလဲ လူနားလည်အောင် အားကြီးပြောတတ်တယ်။ ဟိုတုံးက နင့်စကားတွေကို ငါမလေးစားခဲ့မိဘူး၊ ဟုတ်တယ်။ ငါ သဘာဝက စိတ်ကူးယဉ်မှုကဲတယ်။ အခုလဲ ငါစိတ်ကူးယဉ်နေတာပဲ။ ပြီးတော့ တစ်ကိုယ်ကောင်းလဲဆန်တယ်"

"နင့်ကို ငါဘယ်တုံးကမှ ဒီလိုမစွပ်စွဲခဲ့ဘူး နှင်းငွေ"

"ဟုတ်ပါတယ်၊ ငါ့ဘာသာငါ ဝန်ခံတာပါ။ ဒို့ဆေးရုံကြီးတွေမှာ လူနာတစ်မျိုးကို ခဏခဏတွေ့ဖူးတယ်။ အမှန်က အဲဒီလူနာမျိုးမှာ ဒီလောက်ဆိုးဝါးတဲ့ ဝေဒနာရယ်လို့ မရှိဘူး။ ကိုယ့်ဘာသာကိုယ် တမင်မွေးစားထားတဲ့ ဝေဒနာသာရှိတယ်။ ဝေဒနာပေါ်မှာ ပြန်သာယာနေတာပေါ့။ ခက်တာက သူ့ဘာသာသူ ဝေဒနာ

http://www.cherrythitsar.org



ပေါ် ပြန်သာယာနေတာက ကိစ္စမရှိဘူး။ မိဘဆွေမျိုး သားမယား သားသမီးတွေ၊ ဆရာဝန်တွေ၊ ဆရာမတွေ အဲဒီတခြားလူတွေပါ ကြားက ဒုက္ခရောက်ရတယ်။ ဒါ ဟာ တစ်ကိုယ်ကောင်းဆန်မှုပဲ။ ငါလဲဒီလို လုပ်နေမိတယ်ထင်တယ်။ ငါမှားတယ် ညွှန့်မေ၊ ငါအခု ဒီရွာကို ဝင်လာမိတာကောင်းတယ်။ ငါ့ကိုယ်ငါပြင်မယ်။ ပြင်နိုင် ပြီလို့လဲ ငါယုံတယ်၊ ကဲ ... လာ သွားကြမယ်"

နှစ်ဦးသား ခင်တန်းမှထွက်လာကြသည်။ ချောင်းအတိုင်းပြန်မလျှောက်ပဲ ရွာတွင်းဝင်သည့်လမ်းဆီ နှင်းငွေက တမင်ဦးဆောင်လျှောက်လာခဲ့၏။

ဝင်ရန်အတန်လိုသေးသည့် မိုးဦးညနေ၏နေသည် ရောင်ခြည်များကို ဖြာဖြာ လျှံနေစေသည်။ အနောက်ဘက်ကောင်းကင်ဝယ် မထူလွန်း မပါးလွန်းသောတိမ်တို့ သည် ရွှေဝါရောင်၊ လိမ္မော်ရောင်၊ ပန်းနုရောင်၊ ကြက်သွေးရောင်၊ စိမ်းပြာရောင်၊ ခရမ်းရောင် ရောင်စုံဆောင်ထားကြ၏။

မိုးသည်းသည်းရွာခဲ့ပြီးသည်မှာ မကြာလှသေးသော်လည်း ရေဝတ်သောမြေ တို့က တဝစုပ်သောက်ခဲ့လေသောကြောင့် ရေအိုင် ရွှံ့ညွှံမရှိ၊ ညိုမည်းမည်းမြေသည် မချောက်ရုံစိုနေသည်။ ဟိုတစ်ကွက် သည်တစ်ကွက်နှင့် ပါးလျားသော သားမွေးစ မြက်စိမ်းနုနုတို့ကို ရင်အေးဖွယ်မြင်ရသည်။

လေက တဟူးဟူးတိုက်နေ၏။ လေကြောင့် ညွှန့်မေနှင့် နှင်းငွေတို့၏ ဆံပင်များမှာ ခေါင်းထက်၌လူပ်ရှားပျံ့လွင့်နေကြသည်။

နှင်းငွေ၏ရင်မှာ သိသိသာသာ ပေါ့နေသည်။ စောစောပိုင်းကအထိရှိနေ သော ခံစားမှုတို့သည် တဟူးဟူးတိုက်နေသော လေဟုန်စီးကာ ကျယ်ပြောသော လွင်ပြင်တစ်ဝိုက်တွင် လွင့်ပါးပျောက်ကွယ်သွားသည်ထင်၏။

နုနုငယ်တို့၏အိမ်ကြီးရှေ့အရောက်၌ ညွှန့်မေက အမှုမဲ့ဟန်ဖြင့် မေးသည်။

"တို့ဝင်ကြည့်ကြဦးမလား"

"လိုသေးသလား"

"နင့်သဘောပဲလေ၊ နောက်ဆုံးအဖြစ် ဝင်ကြည့်ရကောင်းမလားလို့၊ မကြာခင် ဒါတွေကိုဖျက်ပစ်တော့မယ်၊ ဒီနေရာမှာ ကျောင်းဆောက်ဖို့က သေချာသွားပြီ"

နှင်းငွေက ခေါင်းညိတ်ပြပြီး "အေး ဝင်ကြည့်လိုက်ကြရအောင်၊ နောက်ဆုံး အဖြစ် ... " ဟု ဆိုသည်။

ခြံတွင်းအရောက်၌ ညွှန့်မေသည် မျက်မှောင်လေးကြုတ်ကာ မျက်လုံးလေး များဝိုင်းလျက် နှင်းငွေကို ကြည့်သည်။

"ဘာလဲ ညွှန့်မေ ..."

"နင်ဘာနံ့မှ မရဘူးလား"

"ဘာပြောတယ်"

ညွှန့်မေသည် နှာခေါင်းလေးဖြင့် လေကိုသတိထားရှူကြည့်သည်။

"ငါ့နှာခေါင်းထဲ စံပယ်ပန်းနံ့တွေရနေတယ်"

http://www.cherrythitsar.org



"စိတ်ထင်လို့ပါဟယ်"

သို့ရာတွင် နှင်းငွေ၏ နှာခေါင်း၌လည်း စံပယ်ပန်းနံ့ကိုရသည်။ သတိထားမိကာမှ စံပယ်ပန်းနံ့တို့သည် ပိုမိုကြိုင်မွှေးလာ၏။

ထိုအခိုက်တွင် ညွန့်မေသည် ထိတ်လန့်စွာ နှင်းငွေ၏ လက်မောင်းများ ကို လှမ်းဆုပ်လိုက်သည်။

"အမလေး ... နှင်းငွေ၊ ဟို ... ဟို ... ဟိုမှာ ..."

ဆို့ဆို့နင့်နင့်ဖြစ်သောကြောင့် ညွန့်မေ၏အသံမှာ မကျယ်လှ။

နှင်းငွေပင်လျှင် ကိုယ်များတောင့်တင်းသွားကာ မြင်ရသောသဏ္ဌာန်ကို အသက်မရှူမိဘဲ စိုက်ကြည့်နေမိ၏။

နနုငယ်၏ ဂူထက်သို့ ကန္တာရပင်၏ အကိုင်းတစ်ခုသည် ညွတ်ညွတ်လျောလျောဆင်းကျနေ၏။ နနုငယ်၏ ဂူမျက်နှာပြင်ပေါ်တွင်လည်း စံပယ်ပန်းတို့ ကြဲပြန့်ကာ ဖွေးဖွေးဖြူနေ၏။

ဂူနှင့် မလှမ်းမကမ်းရှိ နှင်းငွေတစ်ခါထိုင်ခဲ့ဖူးသော မြေသို့ညွတ်ကျနေသည့် ကင်ပွန်းကိုင်းထက်တွင် သဏ္ဌာန်တစ်ခုကထိုင်နေ၏။

အသားအရေက ဖြူဖွေးသန့်စင်လှသည်။ နက်မှောင်သောဆံပင်များကို ကပိုကရိုထုံးထားပြီး စံပယ်ပန်းတစ်ကုံးဆင်ထား၏။ အင်္ကျီဖြူလက်တိုကို ဝတ်ထားပြီး အောက်ပိုင်း၌ အစိမ်းနုရောင်ထဘီကို ဝတ်ထား၏။

"ဩော် ..."

နှင်းငွေသည် တစ်လုံးတည်းသော အာမေဍိတ်သံကိုပြု၏။ ညွန့်မေထံမှ အသက်အောင့်ထားသည်ကို လွှတ်လိုက်သံကိုကြားရ၏။

ကင်ပွန်းကိုင်းပေါ်မှ မိန်းမသားကလည်း သူတို့နှစ်ဦးကို သတိပြုမိသွားသည်။ မျက်မှောင်ကြုတ်လျက် စိတ်ပျက်သောမျက်နှာထားနှင့် လှမ်းကြည့်သည်။ သို့ရာတွင် ချက်ချင်းပင်ပြုံးလိုက်ပြီး သူ့လုပ်လက်စလုပ်ငန်းကိုရပ်လျက် နေရာမှထသည်။

မိန်းမသား၏ လက်တစ်ဖက်တွင် ကတ်ထူပြားပေါ်ကလစ်နှင့် ညှပ်ထားသော ပန်းချီစက္ကူရှိ၏။ လက်တစ်ဖက်က ပန်းချီဆွဲခဲတံတစ်ချောင်းကို ကိုင်ထား၏။

မိန်းမသားသည် ညွန့်မေကို အလျင်မှတ်မိဟန်နှုတ်ဆက်၏။

"ဩော် ... ဒီရွာက ဆရာမကြီးကို"

ပြန်လည်တည်ငြိမ်သွားပြီဖြစ်သော ညွန့်မေကလည်း ပင်ကိုလေအေးနှင့် ဖြေ၏။

"ဒီရွာကတော့ ဟုတ်ပါတယ်၊ ကျွန်မကျောင်းက သာစည်မှာပါ"

မိန်းမသား၏ မျက်လုံးပြာများက နှင်းငွေဘက်သို့ လှည့်လာသည်။

"ဒီကမောင်ကိုလဲ မနက်ကတွေ့ခဲ့ပြီးပြီထင်တယ်"

နံနက်တုန်းကကဲ့သို့ပင် နှင်းငွေ၏ရင်မှာ အောင့်သွားသည်။ နှင်းငွေသည် မပြုံးမရယ်ဘဲ မိန်းမသား၏မျက်နှာကို စူးစိုက်အကဲခတ်၏။

http://www.cherrythitsar.org



မျက်နှာကျ၊ မျက်နှာနေမှာ ယေဘုယျအားဖြင့် နုနုငယ်၏မျက်နှာမျိုးဖြစ်သည်။ ဤမိန်းမသားက မြန်မာအလှတွင် ဥရောပအသွင်နှောနေခြင်းတော့ရှိသည်။ ဣန္ဒြေနှင့် အမူအရာ၏ ခံ့ညားခြင်းကိုထောက်ရှုလျက် မိန်းမသားသည် မိမိထက်တော့ အသက်အနည်းငယ်ကြီးလိမ့်မည်ဟု နှင်းငွေ ခန့်မှန်းမိသည်။ နှင်းငွေ ၏ရင် အအောင့်ပြေသွားသည်။ ဒီ ကမောင်ဟု ခေါ်ဆိုခွင့်ရှိလေသည်။

မိန်းမသားသည် ပြုံးယောင်ယောင်ရှိသောမျက်နှာကို တည်လိုက်ကာ ညွန့်မေကိုတစ်လှည့်၊ နှင်းငွေကိုတစ်လှည့်ကြည့်ပြီး မေး၏။

"ဒီကဂူတွေနဲ့ သက်ဆိုင်သူတွေများလား ..."

နှင်းငွေ က ညွန့်မေ ကိုလှည့်ကြည့်သည်။ ညွန့်မေ က ခေါင်းညိတ်ပြ၏။

"အမျိုးလား"

"သူငယ်ချင်းတွေပါ၊ ဟောဒီဂူထဲက နုနုငယ်ရဲ့ သူငယ်ချင်းတွေပါ"

"သြော် ... တော်သေးတာပေါ့၊ ဒါဖြင့် ဒီဂူကို ကျွန်မပန်းချီဆွဲမိတာကို ကန့်ကွက်စရာမရှိဘူးနော်"

"မရှိပါဘူး၊ ဒါပေမဲ့ ဘာလို့ ဒီမေးခွန်းကို မေးပါသလဲရှင်"

မိန်းမသားက ငွေ့ငွေ့ပြုံး၏။

"လူသားတစ်ဦးမှာ ကိုယ်ပိုင်ဂုဏ်သရေရှိတယ်။ ကိုယ်ပိုင်လွတ်လပ်ခွင့်ရှိတယ်။ ကွယ်လွန်သွားပြီး ဂူထဲရောက်နေတဲ့အထိ ဒီဂုဏ်သရေနဲ့ လွတ်လပ်မှုဟာရှိနေတုန်းပဲ။ မလှုပ်နိုင်တော့ဘူးဆိုပြီး သူ့ဂုဏ်သရေနဲ့ လွတ်လပ်မှုအပေါ် မကျူးကျော် မချင်းနင်းထိုက်လေဘူး။ ဒါကြောင့်လဲ သူကျေနပ်ပါစေဆိုပြီး စံပယ်ပန်းတွေနဲ့ ဂူပေါ်မှာကြဲပြီး ခွင့်တောင်းပြီးမှ ကျွန်မ ပန်းချီဆွဲပါတယ်။ ငယ်ရွယ်တဲ့ မိန်းကလေးတစ်ဦးဟာ စံပယ်ပန်းကိုတော့ ချစ်မှာပဲ။ စံပယ်ပန်းနဲ့ ခွင့်တောင်းတဲ့ကျွန်မကို သူကျေနပ်မှာပါပဲ။ သူကျေနပ်ပေမဲ့ သူနဲ့ဆိုင်သူတွေက ကန့်ကွက်ရင်တော့ တစ်မျိုးပေါ့"

"ကျွန်မတို့က မကန့်ကွက်ပါဘူးလေ။ ဒါပေမဲ့ ဒီဂူကို ဘာလို့ အစ်မကြီးက ပန်းချီဆွဲရပါသလဲ"

မိန်းမသားက အသာအယာရယ်သည်။

"ကျွန်မက ရောက်လေရာမှာ တစ်ခုခုကို ပန်းချီဆွဲတယ်။ ဝါသနာပေါ့လေ။ တွေ့ကရာတိုင်း ပန်းချီဆွဲချင်စိတ်ကို မနှိုးဆွပါဘူး။ ဒီဂူကိုတော့ အမှတ်မထင်ပဲ တွေ့ခဲတယ်ဆိုပါတော့။ ကြည့်စမ်း ...ဘယ်သူတွေကပစ်ထားပေမယ့်၊ ဟောဒီကန္တာရပင်အကိုင်းလေးက ဂူပေါ်ကို ဆွေးဆွေးမြည့်မြည့်ကျပြီး ပွတ်ပွတ်သပ်သပ် ယုယနေရှာတယ်။ နောက်ခံကားကိုလဲ ကြည့်ဦးလေ။ နေကဝင်တော့မယ်။ နေဝင်ချိန်ကို နောက်ခံပြုထားတဲ့ဂူတစ်ခုဟာ ဂုဏ်သရေရှိရှိနဲ့ လေးနက်မှုတစ်ခုခုကို ပြောနေသလိုပဲ။ ဆိုပါစို့ တစ်နေ့တစ်ချိန်ချိန်မှာ ကျွန်မတို့အတွက် နေဝင်ချိန်ဟာ ရောက်လာလိမ့်မယ်။ ကျွန်မတို့အားလုံးဟာလဲ ဂူတစ်ခုခုထဲ ဒါမှမဟုတ် မြေကျင်းတစ်ခုထဲမှာ ငြိမ်ငြိမ်လေး

http://www.cherrythitsar.org



လဲလျောင်းနေကြရဦးမှာပဲ၊ ဒီလိုများ ပြောနေသလား မသိဘူး”

မိန်းမသား၏ စကားများက လေးနက်မှန်း ညွှန့်မေ ရော နှင်းငွေ ပါသိသည်။ ဟုတ်တိပတ်တိ ပြည့်ပြည့်စုံစုံတော့ နှစ်ဦးလုံး နားမလည်။

စကားပြောရန် နှင်းငွေ က လည်ချောင်းကိုရှင်းလိုက်၏။ သို့ရာတွင် မိန်းမသားကို မည်သို့ခေါ်ရမည်နည်း။ အစ်မကြီး၊ အစ်မကြီးဟု ခေါ်ထိုက်ရန်က မိန်းမသားသည် များစွာနုပျိုသေးသည်။ ခဏဌ်မှ နှင်းငွေ သည် အကြံရ၍ မေးသည်။

“ဒီကအစ်မက ပန်းချီဆရာမလား”

မိန်းမသားက ထူးဆန်းစွာပြုံးလိုက်၏။

“ဒီကမောင်ထင်တာဟာ တစ်ဝက်စီမှန်ပါတယ်”

ပဟေဠိဆန်သောအဖြေကြောင့် မိန်းမသားကို နှင်းငွေ က မသိမသာ မျက်မှောင့်တွန့်ရင်းကြည့်သည်။

မိန်းမသားကမူ ပြည့်စုံသောအဖြေကို ဖြေပြီးသည့်အလား အမူအရာမည်သို့မျှ မထူးခြား။ ထို့အပြင် ပြောစရာ ဆိုစရာပြီးပြတ်သည့်ဟန် နှုတ်ဆက်၏။

“သွားပါဦးမယ်၊ ဒီဂူကို ကျွန်မပန်းချီဆွဲတာကို မကန့်ကွက်လို့လဲ ကျေးဇူးတင်ပါတယ်”

မိန်းမသားသည် နှုတ်ဆက်ပြီး ခံ့ညားတည်ငြိမ်မှု ပြည့်ဝစွာဖြင့် ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက် ထွက်ခွာသွားသည်။

မိန်းမသားသွားရာကို လိုက်ကြည့်ရင်း နှင်းငွေ သည် ခေါင်းခါ၏။

“နင် ဘာခေါင်းခါတာလဲ”

“တစ်မျိုးပဲ၊ အဟုတ်ကိုတစ်မျိုးပဲ ညွှန့်မေ၊ သူဟာ နည်းနည်း ဟိုဒင်းရိုင်းသလိုလိုမရှိဘူးလား”

“မရိုင်းပါဘူးဟယ်၊ အမူအရာရော၊ အပြောအဆိုရော ယဉ်သားပဲ၊ ယဉ်တာထက် သိက္ခာရှိတယ်လို့ ငါပြောချင်တယ်”

“ငါဆိုလိုတာက တစ်မျိုးပါ၊ သူရုတ်တရက် စကားဖြတ်ပြီး ထွက်သွားပုံက တစ်မျိုးကြီးပဲ”

“အေး ... ဒါတော့ ငါလဲ သတိပြုမိတယ်”

“နင် သူဘယ်သူဆိုတာသိသလား၊ နင်ကိုတော့ သူသိပုံပဲ”

“ခရီးသည်တွေအနက်က လုပ်အားဝင်ပေးသူတစ်ယောက်လို့တော့ ငါသိတယ်။ ငါသတိထားမိတယ်လေ။ ငါ့ကိုဆရာမတစ်ယောက်လို့ သူသိတာကတော့ မဆန်းဘူး။ ငါက လုပ်အားပေးနေတဲ့ ဆရာ ဆရာမတွေနဲ့ ကျောင်းသူ ကျောင်းသားတွေကို ခေါင်းဆောင်တာ လူတိုင်းမြင်နိုင်တာပဲ”

“အေးလေ၊ အနည်းဆုံး တစ်ယောက်နဲ့တစ်ယောက် ဘယ်သူဘယ်ဝါလို့တော့ စကားစပ်ကြဖို့ မကောင်းဘူးလား”

“နင် ဒီအမျိုးသမီးကို စိတ်ဝင်စားနေသလား”

http://www.cherrythitsar.org



“မနောက်ပါနဲ့ ညွှန့်မေ၊ ငါဒီလိုကောင်မျိုး မဟုတ်ဘူး၊ ငါက ငါ့စိတ်ထဲက မကျေနပ်တာကို ပြောနေတာ”

ညွှန့်မေသည် အသံလေးထွက်အောင်ရယ်ပြီးဆို၏။

“စိတ်မဆိုးပါနဲ့ ကိုကြီးနှင်းငွေရယ်၊ ရယ်စရာ နောက်ရတာပါ။ ဒါပေမဲ့ သူပြောသွားတဲ့စကားတစ်ခုကို နင်မှတ်မိလား”

“ဘာကိုလဲ”

“လူသားတစ်ဦးမှာ ကိုယ်ပိုင်ဂုဏ်သရေနဲ့ ကိုယ်ပိုင်လွတ်လပ်မှုရှိတယ်တဲ့၊ ပြီးတော့ ... ဘာတဲ့၊ အေး ... အဲဒါတွေပေါ်မှာ မကျူးကျော် မချင်းနင်းထိုက်ဘူးတဲ့”

“အဲဒါနဲ့ ဘာဆိုင်လဲ”

“ဒုက္ခပါပဲ၊ နားဝေးလိုက်တာလွန်ရော၊ သူက ငါ့ကို ဘခက်မယားလို့ သိပ်ါ မလား။ နင်နဲ့ငါကိုကော ဘယ်လိုထင်သွားသလဲမှ မသိဘဲ။ အဲဒီထိအောင်ပြောရတော့ မကောင်းဘူး”

စကားအဆုံး၌ ညွှန့်မေက ရယ်နေနိုင်သော်လည်း နှင်းငွေမှာ ထူထူပူပူဖြစ်သွား၏။

“ညွှန့်မေ နင်ပြောတာက အတုံးလိုက် အတစ်လိုက်ကြီး၊ ဘခက်လေသံနဲ့ တူလိုက်တာ”

“တူမှာပေါ့၊ ငါနဲ့ ဘခက်က ဆွေမျိုးအရင်းဆုံးဟာ”

ဤတစ်ကြိမ်မူ နှင်းငွေပါ လိုက်ရယ်၏။

နှင်းငွေသည် ရုတ်ခြည်းပင် ရယ်ခြင်းကိုရပ်လိုက်ပြီး နနငယ်၏ဂူလေးကို ကြည့်သည်။ မျက်နှာလည်း ညိုးကျသွား၏။

“ဘာဖြစ်သွားပြန်တာလဲ ကိုယ်တော်ချော”

“ငါ ... ငါ ... နနငယ်ရဲ့ ဂူဘေးမှာရယ်မိနေတယ်”

ညွှန့်မေသည် နှင်းငွေ၏မျက်နှာကို တည့်တည့်စူးစူးကြည့်၏။ ကြည့်နေသော မျက်လုံးများ၌ ကရုဏာလည်းပါသည်။ ဒေါသလည်းပါသည်။ နောက် ဘာပါသေးသနည်း။ နှင်းငွေ မသိ။ သို့ရာတွင် တောင်းပန်မိ၏။

“ငါ့ကို ဒီလိုမကြည့်နဲ့ ညွှန့်မေ၊ အဲဒီလို မကြည့်ပါနဲ့”

ညွှန့်မေက သက်ပြင်းရှိုက်လိုက်ပြီးဆိုသည်။

“သြော် ... နှင်းငွေ၊ နှင်းငွေ နင့်ပါးစပ်က ဘာတွေပြောနေနေ နင်ဘာမှ တကယ်မပြောင်းလဲသေးပါကလား”

နှင်းငွေ ခေါင်းငိုက်စိုက်ကျသွား၏။ ညွှန့်မေစကားက ခါတိုင်းလိုပင် မှန်လွန်းနေ၏။ မှန်လွန်းသောကြောင့် ထိမှန်ချက်ဒဏ်လည်း ပြင်းသည်။

နှင်းငွေသည် ခေါင်းကိုဖြည်းညင်းစွာမော့လျက် ညွှန့်မေကိုကြည့်ပြီး ကြေကွဲစွာဆို၏။

“ငါမပြောင်းလဲသေးဘူး၊ နင်မှန်ပါတယ် ညွှန့်မေ၊ ငါမပြောင်းလဲသေးဘူး၊

http://www.cherrythitsar.org



ဒါပေမဲ့ ငါပြောင်းလဲချင်နေတယ်။ ဒါပေမဲ့ လူ့စိတ်ကို အမြန်ဆုံးဘယ်လိုပြောင်းလဲရမလဲ၊ ဖြေပါ။။ စိတ်ပညာတတ်တဲ့ ကျောင်းဆရာမကြီး ပြောစမ်းပါ"

ညွှန့်မေသည် နှင်းငွေ ထံမှ မျက်နှာကို လျင်မြန်စွာလွှဲလိုက်သည်။ မိမိမျက်လုံးများမှ ဝဲလာသောမျက်ရည်များကို သူမမြင်စေလိုသောကြောင့် ဖြစ်သည်။

ညွှန့်မေသည် နုနုငယ်၏ဂူအနီးသို့ ကပ်သွားသည်။ ဂူပေါ်မှ စံပယ်ပွင့်များကို အသာအယာကောက်ရင်း အေးအေးညင်ညင်ဆို၏။

"နုနုငယ်ရဲ့ဂူဘေးမှာ ရယ်ပါနှင်းငွေ၊ ပြီးတော့ အဝေးမှာလဲ ရယ်နေပါ။ တမလွန်ဘဝဟာ ရှိတယ်ဆိုပါတော့၊ တမလွန်ဘဝကနေ အတိတ်ဘဝကိုပြန်ငုံ့ကြည့်နိုင်တဲ့ ဘုံတစ်ခုဟာလဲ ရှိတယ်ဆိုပါတော့။ အဲဒီဘုံမှာ နုနုငယ်ဟာလဲ ရောက်နေတယ်ဆိုပါတော့။ နုနုငယ်ဟာ ရယ်နေတဲ့နင့်ကိုပဲ မြင်ချင်ရှာလိမ့်မယ်။ နင့်ရယ်သံကို ကြားချင်ရှာလိမ့်မယ်။ နုနုငယ်ရဲ့ ဟောဒီဂူပေါ်မှာ လက်တင်ပြီး ငါနုနုငယ်ကိုယ်စားပြောတယ်။ ငါပြောတဲ့စကားဟာလဲ သစ္စာစကားပါ နှင်းငွေ"

နှင်းငွေသည် တုန်လှုပ်စွာဖြင့် နုနုငယ်၏ဂူကို ကြည့်သည်။ ဂူဘေးတွင် ရပ်နေသော ညွှန့်မေကိုလည်းကြည့်သည်။ နောက်ခံမိုးပြင်၌လည်း နေသည်ဝင်စပြုပြီ။

စောစောက မိန်းမသားပြောသွားသော စကားရပ်များကိုလည်း ကြားယောင်လာ၏။

နေဝင်စပြုသော ကောင်းကင်ပြင်သည် လေးနက်လှ၏။ ဂူငယ်သည်လည်း ဂုဏ်သရေရှိနေ၏။ ဂူဘေးမှ ညွှန့်မေသည်လည်း ခံ့ညားတင့်တယ်နေ၏။

နှင်းငွေသည် လေးပင်စွာပြော၏။

"ငါသဘောပေါက်ပါပြီ၊ ငါကတိပေးတယ်၊ နုနုငယ်ကိုလဲ ကတိပေးတယ်။ နင့်ကိုလဲ ပေးတယ် ညွှန့်မေ၊ ငါရယ်နိုင်ဖို့ တကယ်ကြိုးစားပါ့မယ်၊ ဘယ်လောက်ပဲ ပင်ပန်းသည်ဖြစ်စေ ငါကြိုးစားပါ့မယ်၊ အခုတော့ ပြန်ကြစို့ ညွှန့်မေရေ၊ နေကဝင်တော့မယ်။ နေဝင်တာကို ငါမကြည့်ရဲသေးဘူး"

* * *

http://www.cherrythitsar.org

# အခန်း (၅)

နောက်တစ်နေ့နံနက်၌ တံတားကြီးပြင်ပြီး၍ ကားလမ်းပွင့်သည်။ ကားလမ်းပွင့်သည်ဆိုရာ၌ ကားကြီးများအတွက်မဟုတ်၊ ကားငယ်များအတွက်သာဖြစ်သည်။

နံနက်စောစောကတည်းက ကိုထွေးရင်သည် ကားလေးကို အဆင့်သင့်ဖြစ်နေစေပြီ။

ညွန့်မေနှင့် ဘခက်က ရွာအထွက် တာလမ်းဆီအထိ လိုက်ပို့ကြသည်။

ဘခက်သည် နှင်းငွေ၏နားနားကပ်၍ တိုးတိုးပြော၏။

"ဟေ့ကောင် နောက်တစ်ခါလဲ တို့ဆီကိုဝင်ရမယ်နော်"

"ဝင်ပါ့မယ်၊ ဒါကိုတိုးတိုးပြောစရာလား"

"ရှီး ပြောစရာမို့ ပြောတာပေါ့။ မရွှေညွန့်က သစ္စာဖောက်တယ်ဆိုပြီး ငါ့ပေါင်ဆွဲလိမ်တော့ ဘယ်နှယ့်လုပ်မလဲ"

"ဘာရယ်၊ ဘယ်လိုသစ္စာဖောက်တာလဲ"

"ဟေ့ကောင် တိုးတိုးကွ၊ အဟီး ... ဒီလို နောက်တစ်ခါ နင်လာရင် တို့နှစ်ယောက်ထဲမဟုတ်ဘူး၊ သုံးယောက်ကြီးနေမယ် သူငယ်ချင်း။ ခွေးတိရစ္ဆာန်လမ်းမှာ စဉ်းစားသွား။ ပြီးတော့ နင့်နှ(စ်)မကလေးတွေဆီက ကလေးချီနည်းသင်လာခဲ့ ဟား ဟား ဟား"

ခပ်လှမ်းလှမ်း၌ရပ်နေသော ညွန့်မေသည် သူ့လင်၏စကားသံကိုမကြား။ သို့ရာတွင် ဘာပြောနေသည်ကိုမူ သိနေ၏။

ညွန့်မေသည် ရှက်သွေးရောသောမျက်နှာဖြင့် ဘခက်ကို လှမ်းမျက်စောင်းထိုး၏။

ကိုထွေးရင်က ကားကို စထွက်စေသည်။

ညွန့်မေနှင့် ဘခက်က လက်ပြကြရှာ၏။

နှင်းငွေက ကားပြတင်းမှခေါင်းထုတ်ကာ လည်ပြန်ကြည့်ရင်း အော်ပြော၏။

"ဘခက်ရေ ကလေးချီနည်း ငါတကယ်သင်ခဲ့မယ်ဟေ့"

ညွန့်မေက ဘခက်ကျောကိုထုသည်မြင်ရ၏။ ဘခက်လှမ်းဆဲသံကိုလည်း ကြားရ၏။

"ခွေးမသား သစ္စာဖောက်"

တံတားကြီးတစ်ခုအနီးသို့ ရောက်သောအခါ ကိုထွေးရင်သည် ကားကို

http://www.cherrythitsar.org



ရပ်လိုက်၏။

တံတားထိပ်၌ ကားငယ်အများ ရပ်နေကြသည်။ ကားအများစုမှာ ဂျစ်ကားကို ဘော်ဒီသစ်တင်ထားသော မိတ္ထီလာ တောင်ကြီးပြေးသည့် တက္ကစီကားများဖြစ်ကြ၏။ တက္ကစီကားတိုင်း လူပြည့်ကျပ်နေ၏။ တံတားထိပ်လမ်းဘေးတွင် ခရီးသည်အများ ရပ်နေကြ၏။

မြင့်မားသောအရပ်၊ ပြုံးရွှင်ကြည်သာသောမျက်နှာဖြင့် စစ်ဗိုလ်ကလေးတစ်ဦးသည် နှင်းငွေ၏ကားအနီးသို့ ကပ်လာ၏။

"ဒုက္ခပေးတယ်တော့ မထင်ပါနဲ့ခင်ဗျာ"

"ပြောပါလေ ကျွန်တော် ဘာကူညီရမလဲ"

"တက္ကစီတိုင်းကျပ်နေပြီ။ ခရီးသည်တွေကလဲ အများကြီးပဲ၊ ဒီတော့ ကိုယ်ပိုင်ကားတွေကို တတ်နိုင်သမျှ ခရီးသည်တွေကို တင်ယူသွားဖို့ ကျွန်တော် မေတ္တာရပ်ခံပေးနေတယ်။ ဝန်လေးတဲ့ပစ္စည်းပါတဲ့လူတွေကို ကျွန်တော်တို့တင်မပေးပါဘူး"

"ကိစ္စမရှိပါဘူး။ ကားနောက်ခန်းမှာ သုံးယောက်လိုက်နိုင်ပါတယ်။ ကျပ်ကျပ်တည်းတည်းလိုက်ချင်ရင် ရှေ့ခန်းမှာတစ်ယောက်ရပါသေးတယ်"

"ကျေးဇူးပါပဲခင်ဗျာ၊ ကျွန်တော်လူခေါ်ပါ့မယ်"

စစ်ဗိုလ်လေးသည် တပ်ကြပ်ကြီးတစ်ဦးကို လှမ်း၍ အမိန့်ပေးသည်။

ဖလူလေးယောက်ဆရာ"

"ကားဆီသို့ လူများရောက်လာကြသည်။

သုံးဦးမှာ မိတ္ထီလာနှင့် တောင်ကြီး သွားနေကျယောက်ျားခရီးသည်များဖြစ်ကြဟန်တူ၏။ သူတို့၌ လက်ဆွဲအိတ်များကလွဲ၍ အခြားပစ္စည်းမပါ။

တစ်ဦးမှာမူ ...။

နှင်းငွေ အသက်ရှူရပ်သွား၏။

အင်္ကျီဖြူလက်တိုကိုပင် ဝတ်ထား၏။ အစိမ်းနုရောင်ထဘီကိုပင် ဝတ်ထား၏။ ဆံပင်တို့ကလည်း နက်မှောင်နေ၏။ မျက်နှာကလည်း ဖြူဝင်းသန့်စင် ကြည်လင်နေ၏။

လက်တစ်ဖက်က သားရေသေတ္တာတစ်လုံးကို ဆွဲထား၏။ လက်တစ်ဖက်က အိပ်ရာလိပ်တစ်လိပ်ကို ကိုင်ထား၏။

ထိုမိန်းမသားနှင့် နှင်းငွေသည် တစ်ဦး၏မျက်လုံးများကို တစ်ဦး အတန်ကြာစိုက်ကြည့်နေမိကြသည်။ နှင်းငွေက စစ်ဗိုလ်လေးကိုပြောသည်။

"ကျွန်တော့်မှာ ပစ္စည်းများများ မပါဘူး။ ဒီကအစ်မရဲ့ အိပ်ရာလိပ်ကို ကားနောက်ပိုင်းထဲမှာ ထည့်လို့ရပါတယ်"

စစ်ဗိုလ်လေးကိုယ်တိုင် မိန်းမသား၏သေတ္တာနှင့် အိပ်ရာလိပ်ကို ကားနောက်ပိုင်းထဲတွင် ထည့်ပေး၏။

မိန်းမသားသည် ကားပေါ်တက်ရန် တံခါးကိုကိုင်လိုက်၏။

http://www.cherrythitsar.org



ထိုအခိုက်တွင်ပင် လူနှစ်ဦးတွဲလျက် အခြားလူတစ်ဦး ကားအနီးသို့ကပ်လာသည်။

တပ်ကြပ်ကြီးသည် စစ်ဗိုလ်လေးထံသို့ ပြေးလာခဲ့၏။

"ဗိုလ်ကြီး ကျွန်တော်လွှတ်လိုက်တာ မဟုတ်ဘူး။ သူတို့ဖောက်ဝင်လာတာပါ"

တွဲခေါ်လာသူတစ်ဦးက ရှင်းပြ၏။

"တပ်ကြပ်ကြီးပြောတာ မှန်ပါတယ်။ ဒီလူ အဲ ... လူနာကို ကျွန်တော်တို့လဲမသိဘူး။ ကိုယ့်ဆရာရေ ကိုယ့်ကိစ္စပြောပြဦး"

လူနာဟု အခေါ်ခံရသူက ဝေဒနာကို ချုပ်တည်းလျက်ပြောသည်။

"ကျွန်တော့်ဝေဒနာကို အူကျဉ်းတယ်လို့ပြောကြတာပဲ။ စဝ်စံထွန်းဆေးရုံကြီးမှာ ခွဲစိတ်ကုသခွင့် ကျွန်တော်ရပြီ။ အခုတက်လာတာပါ။ ဒီမှာ သုံးရက်ကြာသွားပြီ။ ကျွန်တော့်ဗိုက်ထဲ နာလှပြီခင်ဗျာ၊ ကျွန်တော့်ကို ကယ်တော်မူကြပါ"

စစ်ဗိုလ်လေးနှင့် နှင်းငွေက ကားပေါ်ရောက်နှင့်ပြီးသော ခရီးသည်များကို တောင်းပန်ဟန်ကြည့်ကြ၏။ တစ်ဦးမှ တုတ်တုတ်ပင်မလှုပ်ကြ။

ကြည်လင်သောအသံသည် ပေါ်လာ၏။

"ကျွန်မ မလိုက်တော့ပါဘူး။ ဒီလူနာကိုသာ ခေါ်သွားကြပါ။ တစ်ခုတော့ရှိတယ်။ နောက်က ပုဂ္ဂိုလ်များအနက်က တစ်ယောက်ရှေ့ကြွပါ။ လူနာကိုတော့ နောက်ခန်းထဲမှာ နေရာရပါစေ"

မိန်းမသားသည် ကားနောက်ပိုင်းကို သွားဖွင့်၏။ တပ်ကြပ်ကြီးက သေတ္တာနှင့် အိပ်ရာလိပ်ကို ကူညီထုတ်ပေး၏။

ခရီးသည်တစ်ဦးက ရှေ့ခန်းရောက်လာသည်။ လူနာကနောက်ခန်းတွင်နေရာရ၏။

ရှေ့မှကားများ ထွက်ကုန်ကြသည်။ ကိုထွေးရင်ကလည်း သူ့ကားကိုဆက်ထွက်၏။

ပြတင်းမှ ခေါင်းလှည့်ကာ နှင်းငွေ လည်ပြန်ကြည့်မိ၏။

ဖြူဖွေးသော အသားအရေ၊ ဖြူသောအင်္ကျီ၊ စိမ်းနုသောထဘီဖြင့် မိန်းမသားသည် စစ်ဗိုလ်လေးနှင့်အတူရပ်လျက် လမ်းဘေး၌ကျန်ရစ်သည်။

နှင်းငွေက သက်ပြင်းရှိုက်သည်။

ကားနောက်ခန်းမှလူနာ၏ ညည်းသံသဲ့သဲ့ ကြားရသည်။

ဖြစ်နိုင်သည်မှာ ဤလူနာသည် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးသို့ ပြန်ရောက်လျှင်ရောက်ချင်း မိမိခွဲစိတ်ကုသရမည့် လူနာတစ်ဦးပေတည်း။

နှင်းငွေက ကားကူရှင်ကိုမှီကာ ခေါင်းကို နောက်လှန်ချလိုက်၏။

ထုံးစံအတိုင်း ကိုထွေးရင်က ကားကို ညင်ညင်သာသာမောင်းခဲ့လေသတည်း။

* * *

# အပိုင်းနှစ်

http://www.cherrythitsar.org

# အခန်း (၆)

တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီး၏ တောင်ဘက်ရှိ ဆေးဝါရောင်နှင့် သစ်လွင်ခေတ်မီသော ဆရာမများအဆောင်ကြီးမှ ခေါင်းစည်းဖြူ၊ အင်္ကျီဖြူ၊ ထဘီစိမ်း ဆင်ထားသည့် စန္ဒတာတစ်ဦး ထွက်ပေါ်လာသည်။

ဆေးရုံကြီးဘက်သို့ ကွေ့ချိုးလာသော လမ်းကလေးအတိုင်း စန္ဒတာသည် လျှောက်လာရာမှ တစ်နေရာတွင်ရပ်လိုက်ကာ တောင်ဘက်သို့ငေးမျှော်ကြည့်၏။

ကားလမ်းမကြီး၏ ဟိုမှာဘက်၌ ဆရာဖြစ်သင်ကျောင်း အဆောက်အဦကို တွေ့ရသည်။ ကျောင်းကိုလွန်၍ကြည့်သော် တောင်ကြီးမြို့ပေါ် စိုးမိုးနေသော ခံ့ညားသည့် တောင်ချွန်းကြီးကိုမြင်ရ၏။ တိမ်ဖြူတစ်သိုက်သည် ဖြည်းဖြည်းညင်ညင် တောင်ချွန်းကို ကျော်ဖြတ်နေ၏။

ပန်းရောင်ထဘီဝတ် ဆရာမလေးတစ်ဦးသည် စန္ဒတာအနီးကပ်လာပြီး မေး၏။

"စန္ဒတာ ဘယ်သူ့စောင့်နေပါသလဲ"

"မစောင့်ပါဘူးကွယ်၊ ဟောဟိုတောင်ထွတ်ကြီးပေါ် တိမ်ဖြူဖြတ်နေပုံ လှလို့ ကြည့်နေတာ"

"စန္ဒတာအရင်က တောင်ကြီးကို ရောက်ဖူးလား"

"တစ်ခါမှ မရောက်ဖူးဘူးကွယ်"

"သြော် ... ဒါကြောင့်ကိုး၊ ကျွန်မတို့အတွက်တော့ ရိုးနေပြီ"

"ဘာကိုလဲကွယ်၊ ရိုးနေပြီဆိုတာက"

"ဟိုဒင်း ... တောတွေ၊ တောင်တွေ၊ တိမ်တွေ၊ အဲဒါတွေ"

"စန္ဒတာ့အတွက်တော့ လှပတဲ့အရာတွေဟာ ဘယ်တော့မှမရိုးနိုင်ဘူး"

"ဒီလိုဆိုရင်တော့ တောင်ကြီးမှာ စန္ဒတာပျော်မှာပဲ၊ နောက်ကို တိမ်အမျိုးမျိုး စန္ဒတာတွေ့ရလိမ့်ဦးမယ်၊ တစ်ခါတလေ တိမ်တွေက မြေကြီးနားကပ်ဝင်လာတတ်တယ်။ သစ်ပင်ကြားတွေထဲရော၊ အခန်းထဲရော၊ လမ်းထဲရော၊ ကောင်းကင်ဘုံပေါ် ရောက်နေတဲ့အတိုင်းပဲ"

http://www.cherrythitsar.org



"လူစင်စစ်နဲ့ ကောင်းကင်ဘုံကိုရောက်နေရတာဟာ ပျော်စရာပေါ့၊ ဒီစကား ကြားရလို့ စစ္စတာဝမ်းသာပါတယ်"

စကားအဆုံး၌ စစ္စတာသည် တစ်ချက်ပြုံးပြီး နှုတ်ဆက်လျက် ဆေးရုံကြီး ဘက်သို့ထွက်ခဲ့ရာ သူနာပြုဆရာမကလေးသည် အံ့ဩစိတ်ဝင်စားဟန်နှင့် စစ္စတာ ၏ နောက်ကျောကို ငေးကြည့်ရင်းကျန်ရစ်သည်။

တောင်ကြီး စဝ်စံထွန်းဆေးရုံကြီး၌ အဓိက အဆောက်အဦကြီးသုံးခုရှိသည်။ အနောက်ဘက်ဆုံး၌ သမားတော်ကြီးတစ်ဦး ဦးစီးရသည့် မက်ဒီကယ်(လ်)ဝဒ်ခေါ် ရောဂါကုသရေးဌာန အဆောက်အဦကြီးရှိသည်။ အလယ်၌ အဆုတ်ရောဂါကု သမားတော်ကြီး ဦးစီးရသည့် တီဝဒ်ခေါ် အဆုတ်ရောဂါကုသရေးဌာန အဆောက် အဦကြီးရှိသည်။ ယင်းအဆောက်အဦကြီး နှစ်ခုလုံးမှာ ခေတ်မီသပ်ရပ်သောပုံစံ၊ ပတ်ဝန်းကျင် တောတောင်ရေမြေနှင့် အပ်စပ်လိုက်လျောသော ခိုပြာနုသွေး ဆေးရောင် ခြယ်ထားသည့် နှစ်ထပ်တိုက် အဆောက်အဦကြီးများ ဖြစ်ကြ၏။ အဓိကရနှင့် အခံ့ညား၊ အတင့်တယ်ဆုံးမှာ အရှေ့ဘက်ဆုံးရှိ မင်းလမ်းမကြီးဘေးကပ်လျက်ရှိ သော သုံးထပ်တိုက် အဆောက်အဦကြီးဖြစ်လေသည်။ ယင်းအဆောက်အဦကြီး ကား ဆာဂျီကယ်လ်ဝဒ်ခေါ် ခွဲစိတ်ကုသရေးဌာနကြီးဖြစ်၏။ ခွဲစိတ်ကုသရေးဌာန အဆောက်အဦကြီးသည် အခြားဌာန အဆောက်အဦကြီးများနှင့် မျဉ်းပြိုင်ပြေးလျက် တောင်နှင့်မြောက် တန်းလျက်ရှိသည်။ ယင်းအဆောက်အဦကြီးသည် မြောက်ဘက် အစွန်ဆုံးရှိ အုပ်ချုပ်ရေးနှင့် ပြင်ပလူနာဌာန အဆောက်အဦနှင့်လည်း ဆက်လျက် ဖြစ်၏။ အုပ်ချုပ်ရေးနှင့် ပြင်ပလူနာဌာန အဆောက်အဦသည် တစ်ထပ်သာဖြစ်၏။ သို့ရာတွင် သုံးထပ်ရှိသော ခွဲစိတ်ကုသရေးဌာန အဆောက်အဦကြီးနှင့် တစ်ထပ်သာ ရှိသော အုပ်ချုပ်ရေး–ပြင်ပလူနာဌာန ပူးတွဲအဆောက်အဦတို့ ဆက်စပ်လျက်ရှိ သည့် အမြင့်အနိမ့် ခြားနားမှုရှိလင့်ကစား မျက်စိပသာဒကို မနှောင့်ယှက်သည့် အပြင် တစ်မျိုးတစ်ဖုံကြည့်ကောင်းနေ၏။ ပုံစံတည်ဆောက်သူ ဆိုဗီယက်ဆိုရှယ်လစ် ရုရှဗိသုကာများကို ချီးမွမ်းရမည်ပင်ဖြစ်၏။

ခွဲစိတ်ကုသရေးဌာန အဆောက်အဦကြီးရှေ့၌ စစ္စတာသည် ရပ်လိုက်ပြန်၏။

အဆောက်အဦကြီး၏ ရှေ့မျက်နှာစာ၌ ပန်းခြံရှိသည်။ ပန်းခြံတွင်း၌ ရွက်လှနှင့် ထင်ရှူးပင်ငယ်များကို တွေ့ရသည်။ ပန်းနုရောင်ဆွေးဆွေးရှိသော အပွင့်တို့ ဆင်လျက် လေတွင် ယိမ်းနွဲ့နေသော ပန်းပင်ငယ်များကိုလည်း တွေ့ရသည်။ ဘာပန်းဟုမူ စစ္စတာမသိ။

ခွဲစိတ်ကုသရေးဌာန အဆောက်အဦကြီး၏ တောင်ဘက်၌ကပ်လျက် ကတ္တရာ လမ်းသည် အထွေထွေရောဂါကုသရေးအဆောက်အဦကြီးအထိ ဖြောင့်ဖြောင့်ပြေး နေလေသည်။ လမ်းဘေး၌ ငုပင်နှင့် စိန်ပန်းပြာပင်တို့ကို တန်းစီစိုက်ထား၏။ ရှည်သွယ်သောငုသီးတို့က အကိုင်းမှ တွဲရွဲခိုကျနေသည်။ ငုသီးတို့သည် ညိုစပင် ပြုနေပေပြီ။ စိန်ပန်းသီးတို့ကား ဂရုစိုက်ကြည့်မှ မြင်နိုင်ရုံ သေးငယ်လှသေး၏။

http://www.cherrythitsar.org



ငသီးကဲ့သို့လည်း မရှည်သွယ်၊ မြရောင်ကြယ်ပွင့် သေးသေးကလေးများသာဖြစ်၏၊

ညက မိုးရွာထားသည်၊ မိုးရေဆေးကြောထားသောကြောင့် ငုရွက်ရော၊ စိန်ပန်းပြာရွက်တို့ရော သန့်စင်ကာ မှောင်မှောင်စိမ်းနေ၏။

မှန်တပ် အဝင်တံခါးဝကြီး၌ အစောင့်တာဝန်မှူးတစ်ယောက်သည် ခုံတန်းတစ်ခုထက်ထိုင်နေရာမှ စစ္စတာကို အရိုအသေပေးလျက် မတ်တတ်ရပ်သည်။

အစောင့်တာဝန်မှူးကို ပြုံးပြအသိအမှတ်ပြုပြီး စစ္စတာသည် အဆောက်အဦကြီးတွင်းသို့ ဝင်လာ၏။

အဆောက်အဦကြီး၏ လက်ဝဲဘက်၌ ဓာတ်လှေကားရှိသည်။ ဓာတ်လှေကားနှင့်ကပ်လျက် ရိုးရိုးလှေကားလည်းရှိ၏။

တည့်တည့်ဝင်လာသော စစ္စတာနှင့် မျက်နှာချင်းဆိုင်တွင် မျက်စိအထူးကုစမ်းသပ်ခန်းရှိ၏။ မျက်စိအထူးကုစမ်းသပ်ခန်းနှင့် စင်္ကြန်တစ်ခုသာခြားလျက် သွားဘက်ဆိုင်ရာကုသခန်းရှိ၏။

စစ္စတာသည် လက်ပတ်နာရီကို ငုံ့ကြည့်၏။ နံနက်ရှစ်နာရီထိုးရန် ဆယ့်ငါးမိနစ်လိုသေးသည်။

မြောက်ဘက်မှ ဆရာဝန်တစ်ဦး လျှောက်လာသည်။ အရပ်ကရှည်သွယ်လျက် အသားဖြူပြီး မျက်နှာက ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းသားမျက်နှာမဟုတ်။

စစ္စတာက နှုတ်ဆက်သည်။

"ဂွတ်မောနင်း"

ပြည်ထောင်စုသားမဟုတ်သော ဆရာဝန်က တုံ့ပြန်၏။

"အား ... ဟား ... ဂွတ်မောနင်း၊ မင်္ဂလာနန်းနဲ့ခင်းပါ ဆရာမကြီး"

"ဆိုဗီယက်"

ဒေါက်တာက ခေါင်းညိတ်ပြ၏။

"မြန်မာစကားတတ်သလား"

"နည်းနည်း၊ တစ်လွန်းနှစ်လွန်း၊ မင်္ဂလာပါ၊ ဖြည်းဖြည်း၊ ဖြည်း ... ဖြည်း၊ မကြောက်ပါနဲ့၊ နေးကွန်းတွားမယ်၊ ဒါးတွေပြောတတ်တယ်"

"ဒေါက်တာ့စကား ကျွန်မနားလည်ပါတယ်။ မြန်မာလိုပြောသံကြားလို့ ကျေးဇူးတင်ပါတယ်"

"ကိတ်ရှ မရှိဘူး၊ ကိတ်ရှ မရှိဘူး၊ နှုတ်ရှက်တာ ကျေးဇူးတင်ပါတယ်"

စစ္စတာက ဒေါက်တာ၏မျက်နှာကို ကြည့်သည်။

သူတို့လူမျိုးများသည် ထွားကျိုင်း၏။ အရပ်အမောင်းမြင့်မား၏။ အရိုးအခြင်ကြီး၏။ စစ္စတာ့ရှေ့မှောက်မှ ဆိုဗီယက်ဆရာဝန်သည်လည်း သည်အတိုင်းပင်ဖြစ်သည်။ သို့ရာတွင် မျက်နှာကိုသေသေချာချာကြည့်က များစွာနုနယ်သေးသည်ကို သိနိုင်၏။ မျက်နှာ၌ ရိုးသားတည်ငြိမ်မှုကလည်းပြည့်လှ၏။

စစ္စတာက ငြိမ်ကြည့်နေခိုက် ဆိုဗီယက်ဆရာဝန်သည် ယဉ်ကျေးစွာဦးညွှတ်

http://www.cherrythitsar.org



ပြီး နှုတ်ဆက်၏။

"တွားပါဦးမည်ခင်ဗျား၊ နှုတ်ရက်ထာ ကျေးဇူးတင်ပါတယ်"

ဆိုဗိုယက်ဆရာဝန်သည် သွားဘက်ဆိုင်ရာ ဆေးကုခန်းတွင်းသို့ဝင်သွား၏။

စစ္စတာသည် လှေကားမှတက်လာကာ ဒုတိယအထပ်သို့ရောက်လာ၏။

လှေကားဦးတွင် ဆရာဝန်တစ်ဦးနှင့် တိုက်လုနီးဖြစ်သွားသည်။

ဆရာဝန်သည် တစ်ထစ်နှစ်ထစ်ဆင်းပြီးမှ ပြန်တက်လာကာ စစ္စတာကို ကြည့်သည်။

"ဟဲလို၊ မမြင်ဖူးသေးပါလား၊ အသစ်ပြောင်းလာတာလား"

"ဟုတ်တယ် ဒေါက်တာ"

ဒေါက်တာက လက်ကမ်းပေးသောကြောင့် စစ္စတာကလည်း ဆွဲယူကာ နှုတ်ဆက်ရ၏။

"မနက်ခင်းဆိုတာဟာ မင်္ဂလာရှိတဲ့အချိန်ပဲ၊ မင်္ဂလာရှိတဲ့အချိန်မှာ ကျက်သရေရှိတာကိုမြင်ရတာဟာ အဲ ... မင်္ဂလာပဲပေါ့၊ ကျွန်တော်က ဖြောင်ဖြောင်ပြောတတ်တယ်၊ ဆရာမဟာ တော်တော်ကျက်သရေရှိတယ်။ ရည်းစားစကားပြောတယ်မထင်နဲ့နော်"

စစ္စတာသည် ဝမ်းသာအားရရယ်မောပြီး ဖြေသည်။

"ကျွန်မကို ကျက်သရေရှိတယ်ပြောလို့ ဆရာ့ကိုကျွန်မ ကျေးဇူးတင်လှပါတယ်။ ဖြောင်ပြောတဲ့ဆရာ့ကိုလဲ ကျွန်မကြိုက်သွားပြီ၊ ဆရာ့ကိုလဲ ရည်းစားစကားပြောနေတာမဟုတ်ဘူး"

ဒေါက်တာက အားရပါးရရယ်မော၏။

ဒေါက်တာ့အရပ်သည် မရှည်လှ၊ ကိုယ်ကလည်း မဖိုင့်တဖိုင့်ရှိသည်။ ဝသည်ဟုလည်းမခေါ်နိုင်။ မျက်နှာကပြည့်ဝန်း၍ နဖူးကကျယ်သည်။ ဆံပင်တို့ ကမထူ။ သို့သော်လည်း မဖြူသေး။ မျက်လုံးများကကြည့်၍ အစဉ်ရယ်နေပုံပေါ်သည်။ လက်ယာဘက်ပါးအောက်၌ ထင်ရှားသောမှဲ့ပြာတစ်ခုရှိ၏။ စကားသံသည် သီသာရုံ ကလေးဝဲ၏။

ဒေါက်တာသည် လက်ယာဘက်မျက်ခုံးကိုပင့်ပြီး ခေါင်းကို လက်ဝဲဘက် ငဲ့လျက်မေးသည်။

"နာမည် ... ဆောရီး၊ ဆရာမက ဧည့်သည်၊ ကျွန်တော်က အိမ်ရှင်၊ ကျွန်တော့်ကိုယ်ကျွန်တော် စပြောရမလား"

"တာဝန်နဲ့လာရတော့ ကျွန်မဟာ ဧည့်သည်မဟုတ်နိုင်ပါဘူး၊ ဘာပဲဖြစ်ဖြစ် ဆရာကပဲ စပြောပါလေ"

ဒေါက်တာသည် ကျေနပ်ဟန်ဖြင့် မုတ်ဆိတ်မွေးမရှိသော သူ့မေးစေ့ကို လက်ဝါးနှင့်ပွတ်လျက်ဆို၏။

"ကျွန်တော့်နာမည်က ဘဖေသော်၊ လှလေသနော်လို့ ကာရန်ယူပြောနိုင်တယ်။ ခက်တာက သူငယ်ချင်းတွေက ဖ ... ဖွေ ... ဂေါ်လို့ ကျွန်တော့်ကိုခေါ်တယ်။

ဘယ်လိုခေါ်ခေါ်လေ ကျွန်တော်က ကျွန်တော်ပဲ၊ အဖေပေးထားတဲ့ နာမည်ကို ကျွန်တော်က ဘယ်လိုပြောင်းမလဲ။ အဖေဆိုတာကို တစ်ခါတော်မိရင် ဆွေမျိုးပြောင်းလို့မရဘူး။ ဒီတော့ ကျွန်တော့်နာမည်က ဘဖေသော်၊ လူမျိုးက ကရင်၊ ဘာသာက ခရစ်ယာန်၊ ဘွဲ့တွေကတော့ အေနဲ့ဇက်ကြားက အက္ခရာတွေ တော်တော်များများပါတယ်။ အလုပ်က မေ့ဆေးလဲပေးတယ်၊ ပါးစပ်တို့၊ လည်ချောင်းတို့၊ နှာခေါင်းတို့၊ နားတို့မှာ တစ်ဆို့ တစ်ဆို့ဖြစ်ရင် လမ်းရှင်းပေးတတ်တယ်။ အသက်လေးဆယ်၊ မိန်းမတစ်ယောက်၊ ကလေးနှစ်ကောင်၊ ဝါသနာက ဂေါက်ရိုက်တယ်၊ ကျားထိုးတယ်၊ စစ်ဘုရင်ကစားတယ်၊ အဲ ... နောက် ဆရာမဘာသိချင်သေးသလဲ”

စစ္စတာသည် ရယ်မိလိုက်ပြန်ပြီးနောက် ဖြေသည်။

“တော်တော် ပြည့်စုံပါတယ်ဒေါက်တာ၊ ကျွန်မအကြောင်းကတော့ များများပြောစရာမရှိပါဘူး။ နာမည်က မမိုးသူ၊ မုံရွာကပြောင်းလာပါတယ်။ မနေ့ကရောက်တယ်၊ ဒီနေ့ အလုပ်ဝင်တယ်၊ အခုဆရာနဲ့ ခင်တယ်”

ဒေါက်တာ ဘဖေသော်ကလည်း ကြီးမားစွာပြုံးလိုက်သည်။

“ပြောင်းလာစဆိုတော့ ဆရာမ ကို ဝဲလ်ကမ်းပါပဲ။ ကျွန်တော်ကတော့ ဒီကို ရောက်လာတဲ့လူမှန်သမျှကို ဝမ်းသာစွာနဲ့ ကြိုဆိုလျက်ပါပဲ”

“လူနာတွေကိုပါရောလား ဆရာ”

ဒေါက်တာသည် တစ်ချက်တွေသွားပြီးနောက် ဟီးခနဲရယ်သည်။

“အဲဒါကတော့ တော်တော်ခွကျသွားပြီ၊ လူနာတွေကို ဝမ်းသာစွာနဲ့ ကြိုဆိုရမလား၊ ဝမ်းနည်းစွာနဲ့ ကြိုဆိုရမလား၊ ဆရာမဘယ်လိုသဘောရသလဲ”

“ကျွန်မသဘောတော့ ဆေးရုံကြီးဆိုတာဟာ မစည်အပ်တဲ့အရပ်တစ်မျိုးပဲ”

“အား ... မှန်တယ် ... မှန်တယ်၊ ဆေးရုံကြီးဆိုတာ မစည်အပ်တဲ့အရပ်တစ်မျိုးပဲ၊ ဒီလိုဆိုတော့ ဆရာမတို့ ကျွန်တော်တို့အလုပ်တွေကလဲ မရှိအပ်တဲ့ အလုပ်တွေပဲ၊ ဟုတ်စ ဟား ... ဟား”

ဒေါက်တာဘဖေသော်သည် လက်ပတ်နာရီကို ဆတ်ခနဲငုံ့ကြည့်ပြီး တစ်ဆက်တည်းဆို၏။

“စကားပြောလို့တော့ ကောင်းပါရဲ့၊ ရှစ်နာရီထိုးတော့မယ်၊ ဒီနေ့ အိုပီဒီ (ပြင်ပလူနာဌာန) မှာ ကျွန်တော် လူနာကြည့်တဲ့နေ့၊ သွားလိုက်ဦးမယ်၊ နောက်တွေ့ကြသေးတာပေါ့”

ဒေါက်တာဘဖေသော်သည် ဝဖိုင့်သောခန္ဓာကိုယ်နှင့် မလိုက်ပဲ အလွန်သွက်လက်စွာထွက်ခွာသွား၏။

ရပ်ကျန်ရစ်သော စစ္စတာ၏ရင်တွင်း၌ စိတ်ကျေနပ်မှုပေါ်လာသည်။

အသစ်ဖြစ်သောဌာနသို့ ပြောင်းလာသူတစ်ဦးသည် အဘယ်ကဲ့သို့သော လူသစ်သူသစ်များနှင့် ပေါင်းရမည်နည်းဟု စိုးရိမ်မှုတစ်ဝက်နှင့် စိတ်ဝင်စားမြဲဖြစ်သည်။

http://www.cherrythitsar.org



စောစောကကြားခဲ့ရသော စကားများအရ ဒေါက်တာဘဖေသော်သည် မိမိနှင့် မကြာခဏ တွဲဖက်လုပ်ကိုင်ရမည့် ဤဆေးရုံကြီး၏ အရေးပါသော အထူးကုဆရာဝန်ကြီးတစ်ဦးမှန်း စစ္စတာရိပ်မိသည်။ ဒေါက်တာဘဖေသော်၏မျက်နှာမှာ ပထမမြင်မြင်ချင်းပင် ချစ်ခင်မှုနှင့် ယုံကြည်ကိုးစားမှုကို လူတစ်ဦး၏စိတ်၌ ဖြစ်ပေါ်စေနိုင်သောမျက်နှာမျိုး ဖြစ်၏။ အနည်းဆုံး စစ္စတာ၏ရင်၌ ဤအတိုင်းခံစားရ၏။ ထို့ကြောင့်ပင် စစ္စတာသည် စိတ်ကျေနပ်မိခြင်းဖြစ်သည်။ မိမိ ယခုတာဝန်ယူ အုပ်ချုပ်ရမည့် ခွဲစိတ်ကုသရေးဌာနမှူး ဆရာဝန်ကြီးမှုကား အဘယ်သို့ရှိရမည်မသိ။

စစ္စတာသည် လှေကားထိပ်မှ လက်ဝဲဘက်သို့ချိုးသော စင်္ကြံအတိုင်း လျှောက်လာသည်။ လျှောက်လာရင်းလည်း နံရံကိုလည်းကောင်း၊ ကြမ်းပြင်ကိုငင်း၊ မှန်ပြတင်းများကိုလည်းကောင်း စေ့စေ့စပ်စပ်အကဲခတ် စစ်ဆေးသည်။ အားလုံးမှာ သန့်ရှင်း စင်ကြယ်၍ အပြစ်ကင်းသည်။ အုပ်ချုပ်မှုစည်းကမ်းကောင်းပုံမှာ ထင်ရှားနေ၏။ စစ္စတာသည် စိတ်ကျေနပ်မိသွားပြန်သည်။

ဆေးရုံကြီး ဤဝဒ်၏ စင်္ကြံမှာ နှစ်ထပ်ဖြစ်သည်။ အပြင်စင်္ကြံနှင့် အတွင်းစင်္ကြံကို ကြီးမားကြည်လင်သော မှန်တပ်ပြတင်းကြီးများနှင့် ခြားနားထားသည်။

ခွဲစိတ်ကုသရေးဆရာဝန်ကြီးဟု ဆိုင်းဘုတ်တပ်ထားသော အခန်းအနီးသို့ မရောက်ခင် စစ္စတာသည်ရပ်လိုက်ပြီး စင်္ကြံမှန်ပြတင်းမှနေ၍ အပြင်သို့လှမ်းမျှော်ကြည့်လိုက်သည်။

ဤနေရာမှမြင်ရသော ရှုခင်းကား အံ့မခန်းဖွယ်ပင်တည်း။

အနီးကပ်အောက်ခြေ၌ အဆောင်ကြီးတစ်ခုမှတစ်ခုသို့ကူးသော အမိုးတပ်ဖြောင့်တန်းသော စင်္ကြံများနှင့် စိမ်းစိုသစ်လွင်သော သစ်ပင်ပန်းပင်များကို မြင်ရသည်။ ထိုမှကျော်၍ အဝေးသို့ကြည့်လိုက်သော် ...

"အို ... ပင်နီရာမာ"

စစ္စတာသည် အင်္ဂလိပ်ဘာသာဖြင့် အံ့သြစွာ ရေရွတ်လိုက်မိသည်။

မြင်ရသည်မှာ အံ့မခန်းသောရှုမြင်ခင်းပင် ဖြစ်သည်။ အနောက်ဘက် ဟိုအဝေးဆီ၌ တောင်တန်းကြီးများသည် စိမ်းမှောင်နက်ပြာနေ၏။ တောင်တန်းကြီးများဆိုသည်ထက် တောင်လှိုင်းတောင်တံတိုင်း၊ တောင်တိုင်းတောင်ပြည်ဟု စစ္စတာက ခေါ်ချင်သည်။ တောင်လှိုင်း တောင်တံတိုင်း၊ တောင်တိုင်း တောင်ပြည်အထက်၌ မိုးမြူတို့ ရစ်ကာဆိုင်းနေသည်။ တိမ်ဖြူတို့လည်း ဖြတ်ကာသန်းနေသည်။

တောင်တန်းကြီးတို့ကား ခံ့ညားလှပတင့်တယ်၍ အပြစ်ကင်းလှ၏။ သို့ရာတွင် ဤတောင်တန်းရိပ်မြုံအတွင်း၌ မည်သူတွေ ခိုလှုံနေကြမည်နည်း။

စစ္စတာ၏ ကြည်လင်သောမျက်နှာ၌ ဝမ်းနည်းဆွေးမြည့်မှုလွှမ်းလာ၏။

မဟုတ်ပါ၊ မဟုတ်ပါ၊ ဤမြင်နေရသော တောင်တန်းကြီးများတော့ မဟုတ်ပါ။ စစ္စတာ သိခဲ့မြင်ခဲ့သော တောင်တန်းကြီးများကား အခြားတောင်တန်းကြီးများ

http://www.cherrythitsar.org



ဖြစ်၏။

စစ္စတာသည် တိုးတိုးလေးရေရွတ်၏။

“တင်းမ်ရှဲလ် (Timshel) ”

မိမိအတွေးနှင့်မိမိ မည်မျှကြာအောင် စစ္စတာငိုင်နေမိသည်မသိ။ နောက်ပါးမှ ခပ်သွက်သွက်လျှောက်လာသော ရှူးဖိနပ်သံကြားသောကြောင့် ရုတ်တရက် လှည့်ကြည့်လိုက်သည်။

“အို ... ”

“ဪ”

ရှေ့မှသူ့ကို စစ္စတာသည် မယုံနိုင်စွာ ငေးကြည့်နေမိ၏။

သူ့အရပ်က ရှည်သွယ်သည်။ ခန္ဓာကိုယ်က ပိန်သည်ဟုခေါ်နိုင်သည်။ မျက်နှာသည် အတော်ပင်နု၏။ နုသော်လည်း တည်ကြည်သည်။ အတန်ငယ်မှုန်မှိုင်းသည်ဟုပင် ခေါ်နိုင်၏။ နဖူးပေါ်ဝဲကျနေသော ဆံပင်ရိုင်းရိုင်းတို့ကမူ နှစ်လိုဖွယ်ရှိသည်။ သပ်ရပ်စွာဝတ်ဆင်ထားသော ဥရောပဝတ်စုံသည် သူ့အရပ်အမောင်းနှင့် လိုက်ဖက်သည်ဟု စစ္စတာ့စိတ်ထဲ၌ထင်၏။

စစ္စတာ ဒေါ်မိုးသူက အလျင်ပြုံးပြီး နှုတ်ဆက်စကားကို ချိုသာစွာဆို၏။

“ဩ ဒီကမောင်ကိုး”

စစ္စတာရှေ့မှ ဒီကမောင်၏မျက်နှာသည် လှုပ်ရှားသွား၏။ မှန်သည်၊ လှုပ်ရှားသွားသည်၊ ပြုံးသည်ဟု မခေါ်သာ။

စစ္စတာ၏ ဒီကမောင်သည် စစ္စတာကို အတန်ကြာငေးစိုက်ကြည့်နေ၏။ ထို့နောက်မှ တည်ငြိမ်လာသည်။ ထိုအခါဝယ် ခံ့ညားသောဣန္ဒြေလည်း ပေါ်လာ၏။

သူ့မျက်နှာမှ လှုပ်ရှားမှုသည် ညင်သာသောအပြုံးဖြစ်သွား၏။ တိုးတိုးပင် ဖြစ်သော်လည်း သူ့အသံသည် အပြစ်ကင်း၍ ချောမွေ့သည်။

“ဪ ...၊ ဒီကအစ်မကိုး၊ ဒီကအစ်မကို ဒီလိုပြန်ဆုံတွေ့ရမယ်လို့ ကျွန်တော် မျှော်လင့်မိခဲ့ဘူး၊ အင်းလေ ... လောကဆိုတာဟာလဲ မမျှော်လင့်တာတွေ ဖြစ်နေတာ မဟုတ်လား”

သူသည် ပြုံးရာမှ ရယ်လာ၏။

“ကဲလာ ဒီကအစ်မ ကျွန်တော့်ရုံးခန်းသွားရအောင်”

စစ္စတာ၌ အသိဉာဏ်တစ်ခု ဝင်းခနဲလက်သွား၏။ အနည်းငယ်လည်း တုန်လှုပ်သွားမိသည်။ အားတုံ့အားနာလည်း ဖြစ်သွားမိသည်။

သူကမူ ဘာမျှမဖြစ်သည့်ဟန်၊ ရှေ့ဆက်လျှောက်သွားသောကြောင့် စစ္စတာက နောက်မှလိုက်လာရလေသည်။

ခွဲစိတ်ကုသရေးဆရာဝန်ကြီး၏ အခန်းတံခါးကို သူကဖွင့်သည်။ တံခါးကို သူကဖွင့်ပြီးသော်လည်း အရင်မဝင်ဘဲ ဆရာမကိုဖိတ်ခေါ်၏။

“လာပါစစ္စတာ ဝင်ပါ”

http://www.cherrythitsar.org



နှစ်ဦးလုံး အခန်းတွင်းသို့ ရောက်လာကြသည်။

သူက စားပွဲကြီးတစ်ခုနောက်ရှိ ကုလားထိုင်၌ဝင်ထိုင်၏။ စစ္စတာက စားပွဲရှေ့ ကုလားထိုင်တစ်လုံး၌ ဝင်ထိုင်၏။

စစ္စတာသည် မိနစ်ပိုင်းအတွင်း အခန်းပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ပြီး ဖြစ်၏။

အခန်းသည် အလွန်သပ်ရပ်၏။ လက်ဝဲဘက်နံရံ၌ ငွေရောင်ဘောင်ကွပ် မှန်ဗီရိုများရှိ၏။ ဗီရိုတွင်း၌ ဆေးပုလင်းအမျိုးမျိုးရှိသည်။ ထိုးဆေး သောက်ဆေး များတည်း။ အချို့ဆေးပုလင်းများမှာ မြန်မာပြည်၌ ဆရာဝန်တိုင်း အသုံးမပြုဖူး သေးသော ဆေးပုလင်းများဖြစ်သည်ကို စစ္စတာ သတိပြုမိ၏။ မှန်ဗီရိုများနှင့်ကပ် လျက် အင်ကျူဘေတာ **(INCUBATOR)** ခေါ် အချိန်မစေ့မီ မွေးဖွားသောကလေး များအတွက် အသက်ကယ်ကိရိယာသေတ္တာတစ်ခု ရှိနေ၏။ ယင်းသေတ္တာပြီးလျှင် ဖြူစင်သော အိပ်ရာခင်းအပ်သည့် လူနာစမ်းသပ်ရေးဆိုင်ရာ ခုတင်တစ်လုံးရှိနေ၏။ အခြားနံရံဘက်ဆီ၌ ငွေရောင်ရေတိုင်နှင့် အောက်ခံကြွေလက်ဆေးခွက်ကြီး ရှိသည်။ မနီးမဝေး၌ စိမ်းပြာနုရောင်ဆိုဖာကြီးတစ်ခုရှိသည်။ ဆိုဖာကြီး၏အနီး စားပွဲတစ်လုံး ထက်တွင်မူ သာမန်အားဖြင့် ဆေးရုံကြီးတစ်ခုနှင့် မအပ်စပ်လှသော မြန်မာဝတ္ထုနှင့် မဂ္ဂဇင်းများ ပုံလျက်ရှိသည်။

စစ္စတာသည် သူ့ကိုပြန်ကြည့်၏။ မိမိကိုစိုက်ကြည့်နေသော သူ့မျက်လုံး များကို စစ္စတာ ရင်ဆိုင်ရ၏။ ဤမျက်လုံးများသည် အချိန်ကြာမြင့်စွာ မိမိကိုစိုက် ကြည့်နေလေသည်ဟု စစ္စတာ့ရင်တွင်း၌ ခံစားရသည်။

စစ္စတာသည် စတင်၍မေး၏။

"ဒီကမောင်က ဒီဌာနရဲ့အကြီးအကဲ ဆရာဝန်ကြီးဖြစ်ပါသလား"

သူသည် အိပ်ရာမှနိုးလာသည့် လူတစ်ဦးဟန်နှင့်ဆို၏။

"ခင်ဗျာ ဆရာမ ဘာမေးလိုက်တယ်"

စစ္စတာသည် ပြုံးပြီးထပ်မေး၏။

"ဒီကမောင်က ဒီဌာနရဲ့ အကြီးအကဲဖြစ်ပါသလား"

"ဩ … အင်း … ဟုတ်ကဲ့၊ ကျွန်တော့်နာမည် နှင်းငွေပါ။ ဒေါက်တာ နှင်းငွေပါ"

စစ္စတာသည် သက်ပြင်းချပြီးဆို၏။

"ကျွန်မကို ခွင့်လွှတ်ပါဆရာ၊ ရွာမွန်သာမှာ တွေ့ကြတုန်းက မောင်သား အရွယ်မို့ ဆရာ့ကို ဒီကမောင်လို့ ကျွန်မသုံးနှုန်းမိခဲ့တယ်။ အခုတော့ ဆရာက ဒီဆေးရုံကြီးရဲ့ အကြီးအကဲတစ်ဦးပဲ။ ကျွန်မ တောင်းပန်ပါတယ်"

နှင်းငွေသည် စစ္စတာကို အားမနာပါးမနာ စူးစိုက်ကြည့်သည်။

နုနုငယ် …၊ စစ္စတာသည် နုနုငယ်နှင့် အတန်တူလှ၏။ သို့ရာတွင် စစ္စတာ က ရင့်ကျက်တည်ငြိမ်၍ ဣန္ဒြေပြည့်သည်။ နုနုငယ်၏ အစ်မအရွယ်၊ သို့မဟုတ်

http://www.cherrythitsar.org



မိမိ၏ အစ်မအရွယ်တည်း။

နှင်းငွေသည် မိမိကိုယ်ကို ထိန်းချုပ်လိုက်ပြီး ဣန္ဒြေဖြင့်မေး၏။

“ကျွန်တော်လျှောက်လာရင်း ဆရာမကို အဝေးကတည်းက မြင်တယ်။ ဆရာမက တစ်ခုခုကို ငေးကြည့်နေတယ်။ တောင်တန်းကြီးတွေကိုပဲ ဖြစ်ရမှာပဲ။ ကျွန်တော်လဲ တောင်တန်းကြီးတွေကို ခဏခဏကြည့်မိတယ်။ ကျွန်တော်ကတော့ ကြည့်မိရုံပါပဲလေ၊ ဆရာမကတော့ ပန်းချီဆွဲမလို့နဲ့တူတယ်။ တစ်ခု ကျွန်တော်မေးမယ်နော်၊ ဆရာမဘာဖြစ်လို့ ပန်းချီဆွဲရတာလဲ”

“ဝါသနာပေါ့ ဒီကမောင်၊ အဲ ... ဒေါက်တာ”

“ကျွန်တော့်ကို ဒီကမောင်လို့ပဲ ဆက်ပြောခွင့်ရှိပါတယ်”

“သင့်ပါ့မလား ဒေါက်တာ”

“ဆရာမ ဘာပြောတာလဲ”

စန္ဒတာသည် အသာအယာရယ်၏။

“သင့်ပါ့မလားလို့ မေးမိတာပါ။ ကိစ္စမရှိပါဘူးလေ၊ ဆရာကလဲ ခွင့်ပေးပြီးပြီ။ နှစ်ဦးချင်းတွေ့တဲ့အခါတော့ မောင်နဲ့အစ်မအရွယ်မို့ ဒီကမောင်လို့ပဲခေါ်ပါ့မယ်။ တာဝန်အရ စကားပြောရရင်တော့ ဒေါက်တာက ဒေါက်တာပဲ၊ ကျွန်မက ကျွန်မပါပဲ”

“ကျွန်တော်မေးတာကို ဆရာမ မဖြေသေးဘူး”

“ဘာကိုမေးတာလဲ ဒီကမောင်”

“ဆရာမ ဘာကြောင့် ပန်းချီဆွဲတာလဲ”

“စိတ်လွတ်လပ်ချင်လို့ပဲ ဒီကမောင်၊ ကျွန်မတို့က သေခြင်း၊ နာခြင်းတွေကို နေ့တိုင်းတွေ့နေရတယ်။ ဘယ်လောက်ပဲ အလေ့အကျင့်ရှိနေသည်ဖြစ်စေ အခြေအနေက တင်းကျပ်ပြီး စိတ်မချမ်းသာစရာတွေကလဲ ရှောင်လွှဲလို့မရပါဘူး။ စောစောက ဒေါက်တာဘဖေသော်ကို တွေ့ပြီးပါပြီ။ သူက ဂေါက်ရိုက်တယ်၊ ကျားကစားတယ်၊ စစ်တုရင်ထိုးတယ်တဲ့။ သူမှန်တယ်၊ ဆရာတို့ ကျွန်မတို့ ဝါသနာပါတာ တစ်ခုခုနဲ့တော့ တင်းကျပ်မှုကရန်းပြီး လွတ်လပ်မှုကိုရှာကြရမှာပဲ။ အဲဒါကြောင့် ကျွန်မ ပန်းချီဆွဲပါတယ် ဒီကမောင်”

“ဆရာမ တောင်တန်းကြီးတွေကိုလဲ ပန်းချီဆွဲဦးမလို့လား”

“ဆွဲချင်တယ်မောင်၊ ဒါပေမဲ့ ရှုခင်းက ပင်နိုရာမာဖြစ်နေတယ်။ ဆွဲဖို့ ကိုယ့်လက်ကို ကိုယ်မယုံဘူး”

စန္ဒတာ၏စကား ရွေးချယ်သုံးပုံကို နှင်းငွေ သတိပြုမိ၏။ သာမန်ရှုခင်းကို အင်္ဂလိပ်ဘာသာဖြင့် ဆင်းန် **(SCENE)** ဟုခေါ်သည်။ အံ့မခန်းသော မဟာရှုခင်းကြီးများကိုမူ ပင်နိုရာမာ **(PANORAMA)** ဟုခေါ်သည်။ တောင်တန်းပြာ ရှုခင်းကြီးများကား မဟာရှုခင်းကြီးများဖြစ်ကြောင်း နှင်းငွေကလည်း သတိပြုမိခဲ့သည်မှာ ကြာပြီ။

http://www.cherrythitsar.org



နှင်းငွေသည် ယခုမှ တစ်စုံတစ်ခုကို သတိရဟန်နှင့်မေး၏။

“ဒါထက် ဆရာမနာမည်ကို ကျွန်တော်မသိရသေးဘူး”

စစ္စတာက အသာပြုံးပြီးဖြေ၏။

“ဆရာ့နာမည်နဲ့ ကျွန်မနာမည်က ဆွေမျိုးတော်နေပါတယ်”

“ခင်ဗျာ ... ဆရာမဘာပြောတယ်”

“ဆရာ့နာမည်က ဦးနှင်းငွေ၊ ကျွန်မနာမည်က မမိုးသူ၊ မိုးကောင်းကင်၊ နှင်းတွေရယ် တိမ်တွေရယ်ဟာ ဆက်စပ်နေတဲ့ ဆွေမျိုးတွေပဲ မဟုတ်လား”

ဤတစ်ကြိမ်တွင်မူ နှင်းငွေသည် လှိုက်လှိုက်လှဲလှဲရယ်မော၏။ ရယ်မောသောအခါ ဒေါက်တာ၏မျက်နှာသည် လန်းဆန်းလာပြီး နုပျိုလာမှန်း စစ္စတာက သတိပြုမိသည်။

စစ္စတာသည်လည်း မိမိကိုယ်ကို အံ့သြမိသွားသည်။ အကြောင်းမှာ ဘာကြောင့်မသိ၊ ထူးဆန်းစွာပင် မိမိသည် မိမိရှေ့ရှိ လုလင်သဖွယ် နုနယ်သော ဆရာဝန်ကြီးကို မောင်ငယ်သဖွယ် ကရုဏာသက်ကာ ကြင်နာမိလေသောကြောင့်တည်း။

စစ္စတာသည် မိမိအာရုံကိုမိမိ တမင်ပြောင်းလိုက်သည်။

စစ္စတာသည် စားပွဲပေါ်ရှိ ဝတ္ထုနှင့် မဂ္ဂဇင်းများကို လက်ညှိုးညွှန်ပြပြီးမေး၏။

“ဒါတွေက ဘာလုပ်ဖို့လဲဆရာ”

သူသည် နှစ်ခြိုက်ဂုဏ်ယူစွာ ပြုံးလိုက်ပြီးဖြေ၏။

“လူနာတွေအတွက်ပါ ဆရာမ၊ လူနာတွေအတွက် စာကြည့်တိုက်လေးတစ်ခု ကျွန်တော်ပျိုးထောင်နေတယ်။ ကျွန်တော့်ဝဒ်မှာရော၊ အပေါ်ထပ်က ကင်ဆာဝဒ်မှာရော ဆေးရုံကမဆင်းရပဲ အကြာကြီးနေရတဲ့ လူနာတွေရှိတယ်။ သူ့ခများများအတွက် အချိန်တွေဟာ သိပ်ရှည်ပြီး ပျင်းရိငြီးငွေ့ဖွယ်ရာပဲ၊ ဒီဆေးရုံကြီးမှာ ထူနိုင်ထနိုင်တဲ့ လူနာတွေကို ရုပ်ရှင်ပြပြီး ဖျော်ဖြေတဲ့နေရာရှိပါတယ်။ ဒါပေမဲ့ လူနာတိုင်းဟာ ထူနိုင်ထနိုင်ကြတာ မဟုတ်ပါဘူး။ ရုပ်ရှင်ကိုလဲ နေ့တိုင်းညတိုင်း ပြနိုင်ကြတာ မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်တော်က စာကြည့်တိုက်ကလေး ထူထောင်ထားတာ၊ ဒီဆေးရုံကြီးမှာက အလှူငွေလဲ ကောက်ခံဖို့မရှိတော့ အိတ်ထဲကစိုက်ရတာပါပဲ။ အကြောင်းသိတဲ့ မိတ်ဆွေအချို့ကတော့ ဖတ်ပြီးသား စာအုပ်ဟောင်းတွေ လာပေးကြတယ်။ ဒါထက် ကျွန်တော်တစ်ခုမေးမယ်၊ ရိုင်းတယ်လို့တော့မထင်နဲ့နော်၊ ဟိုဒင်း ... အဲ ... ဆရာမမှာ အိမ်ထောင်ရှိသလား”

“မရှိသေးပါဘူးကွယ် အဲ ... ဒေါက်တာရယ်”

“ဆရာမ ကလေးလေးတွေကိုရော ချစ်တတ်သလား”

“ကလေးလေးတွေကို ချစ်တတ်သလား၊ လူမှန်သမျှဟာ မေတ္တာထားပြီး ချစ်စရာတွေပါပဲ ဒေါက်တာ။ လူတကာအနက် ကလေးလေးတွေဟာ ချစ်စရာအကောင်းဆုံးဖြစ်သလို ချစ်ခြင်းမေတ္တာကို သူတို့အလိုလားဆုံးပဲ”

နှင်းငွေသည် အားရပါးရပြုံးလိုက်၏။

http://www.cherrythitsar.org



"ကျွန်တော့်သူငယ်ချင်း ဘခက်က ကျွန်တော့်ကိုပြောဖူးတယ်။ ကျွန်တော်ဟာ အမြဲတမ်းကံကောင်းပြီး အမြဲတမ်းလိုတာရနေတယ်တဲ့။ တကယ်တော့ သူ့စကားဟာ ရာခိုင်နှုန်းပြည့် မမှန်ပါဘူး။ ထားပါတော့လေ၊ တစ်ခါတစ်ရံတော့ ကျွန်တော်ဟာ ကံကောင်းတတ်ပါတယ်။ အခုလဲ ကျွန်တော်ကံကောင်းပြန်ပြီ"

"ဒေါက်တာ ဘာပြောတာပါလဲ"

သူက မျက်တောင်ကော့များကိုလှန်လျက် စစ္စတာကိုစိုက်ကြည့်ပြီး သတိပေးဟန် "ဒီကမောင်လေ" ဟု မပြုံးတပြုံးဆိုသည်။

စစ္စတာကလည်း အသာအယာရယ်မောလိုက်ပြီး စကားပြင်လျက် ပြန်မေး၏။

"ဒီကမောင် ဘာဆိုလိုပါသလဲ"

"ကျွန်တော် ကံကောင်းပြန်ပြီလို့ပြောနေတယ်။ ပန်းချီဆွဲတတ်ပြီး ကလေးချစ်တတ်တဲ့ ဆရာမရောက်လာလို့ ကျွန်တော်ကံကောင်းတယ်။ နာတာရှည်ကလေးလေးတွေရှိတယ် ဆရာမ။ ခများများက စာလဲမဖတ်တတ်ရှာဘူး။ သူတို့ကို ပန်းချီဆွဲသင်ပေးရင် ကောင်းမလားလို့ ကျွန်တော်အကြိမ်ကြိမ် စိတ်ကူးပေါက်ခဲ့ဖူးတယ်၊ ခက်တာက ကျွန်တော်ကလဲပန်းချီမတတ်။ ဒီကိစ္စ ကူညီပါလို့ ဆရာမကို ကျွန်တော်တောင်းပန်ရင် ငြင်းမှာလား"

ဆရာမသည် တွေခနဲဖြစ်သွား၏။ သနားဖွယ်သော လူနာကလေးမတစ်ဦးကို သတိရမိသောကြောင့် ဖြစ်လေသည်။ ဤကလေးမကိုပြုစုရင်း မိမိပန်းချီဆွဲသည်။ ပန်းချီဆွဲနည်းလည်း ပြပေးသည်။ ကလေးမလေး၏လက်ရေးက အလွန်လှသည်။ မိမိဆွဲထားသော ပန်းချီကားအချို့အတွက် လှပသော သူ့လက်ရေးကလေးများနှင့် ခေါင်းစီးစာလုံးထိုးပေးတတ်သည်။

စစ္စတာသည် အတန်ကြာငိုင်သွားမိသည်ဖြစ်သောကြောင့် ဒေါက်တာနှင်းငွေကမေး၏။

"ကျွန်တော့်ကို ကူညီဖို့ ဆရာမမှာ အခက်အခဲရှိနေပါသလား"

"အို ... အို ... မဟုတ်ပါဘူး။ ကျွန်မ ကူညီချင်ပါတယ်။ ကူညီလဲ ကူညီပါ့မယ်။ ကူညီလဲ ကူညီခဲ့ဖူးပါတယ်"

နှင်းငွေသည် စစ္စတာကို စိုက်ကြည့်၏။ တစ်ချိန်လုံး တည်ငြိမ်နေခဲ့သော ဆရာမသည် ယခုအခါ၌ အနည်းငယ် စိတ်လှုပ်ရှားနေကြောင်း သတိပြုမိသည်။

ဆရာမက ဘာမျှဆက်မပြော၊ နှင်းငွေ၌လည်း ပြောစရာမရှိတော့။

အခန်းတွင်း၌ ဆိတ်ငြိမ်ခြင်းသာ လွှမ်းမိုးနေ၏။

စစ္စတာသည် သူ့လက်မှ အနက်ရောင်ကြိုးတပ် ငွေရောင်လက်ပတ်နာရီကလေးကို ငုံ့ကြည့်၏။

"ရှစ်နာရီတိတိရှိပြီ ဆရာ၊ တာဝန်ချိန်ရောက်ပြီ"

စစ္စတာသည် နေရာမှထလိုက်၏။

http://www.cherrythitsar.org



ထိုအခိုက်တွင် တံခါးခေါက်သံပေါ်လာ၏။ ဒေါက်တာနှင်းငွေက လှမ်းပြောသည်။

"ယက်(စ်)ကမ်းအင်"

တံခါးပွင့်သွား၏။ ရှေ့ဦးစွာ ဂျူတီကုတ်အင်္ကျီရှည်အဖြူဆင်ကာ လက်တစ်ဖက်၌ နားကြပ်တစ်ခုကို ဆွဲကိုင်ထားသော မျက်လုံးမျက်ခုံးကောင်းကောင်းနှင့် အသားမညိုတညိုရှိသည့် ဆရာဝန်မတစ်ဦးဝင်လာ၏။ ဆရာဝန်မ၏နောက်၌ ကပ်လျက်ထဘီပြာဝတ်ဆရာမတစ်ဦးနှင့် ထဘီနီဝတ်ဆရာမတစ်ဦးလည်းပါလာသည်။ ဆရာဝန်မက နှုတ်ဆက်သည်။

"မောနင်း ဆာဂျင် ..."

"မောနင်း ဒေါက်တာ" ဟု နှင်းငွေက ပြန်၍နှုတ်ဆက်၏။

ထဘီပြာဝတ် ဆရာမလေးက သိပြီးဟန်နှင့် စစ္စတာကို ခေါင်းလေးညိတ်အရိုအသေပေးကာ နှုတ်ဆက်ပြီးနောက် ဒေါက်တာနှင်းငွေကို အစီရင်ခံသည်။

"ရောင်း(ဒ်)လှည့်ဖို့ အဆင်သင့်ပါပဲဆရာ"

နှင်းငွေသည် စစ္စတာကို လှမ်းကြည့်သည်။

"ဒီနေ့ ကျွန်တော်ရောင်း(ဒ်)လှည့်နေ့ပဲ၊ အဆင်သင့်ပဲ၊ ဆရာမကလဲ လှည့်ပတ်ပြီး စစ်ဆေးချင်မှာပဲ"

နှင်းငွေသည် စစ္စတာကို ဆရာဝန်မလေးနှင့် ရှေ့ဦးစွာ မိတ်ဖွဲ့ပေးသည်။

"စစ္စတာ၊ သူက ဒေါက်တာ ဒေါ်မြင့်မြင့်၊ ကျွန်တော့်လက်ထောက်ပဲ၊ ဒေါက်တာဟောဒီ စစ္စတာက အသစ်ပြောင်းလာတဲ့ ကျွန်တော်တို့ဝဒ်ရဲ့ ဝဒ်စစ္စတာ၊ စစ္စတာဒေါ်မိုးသူ"

ဒေါက်တာ ဒေါ်မြင့်မြင့်က ပြုံးပြပြီး စစ္စတာ့ကိုကြည့်သည်။ ကြည့်မိသည့်တစ်ခဏ၌ စစ္စတာသည် ဖြူစင်ချောမော လှလွန်းကြောင်း ဒေါက်တာ ဒေါ်မြင့်မြင့်အမှတ်ပြုမိ၏။

နှင်းငွေက အပြာဝတ်ဆရာမလေးကို လှမ်းပြောသည်။

"အိုကေ ... နွဲ့နွဲ့၊ ဆရာတို့သွားကြမယ်"

* * *

# အခန်း (၇)

မိုးတွင်းဖြစ်သော်လည်း သာစည်လွင်ပြင်၌ မိုးခေါင်နေ၏။

လေတို့က တဟူးဟူးတိုက်နေပြီး တိမ်တို့က လွင်ပြင်ကိုကျော်လွှား ဖြတ်သန်းသွားကြသည်။ မိုးရေတစ်ပေါက်မှ ချမသွားခဲ့ကြ။

သာစည်မြို့သည် ခြောက်သွေ့နေ၏။ သို့ရာတွင် လေတိုက်နေသောကြောင့် မပူအိုက်လှ။ ထုံးစံအတိုင်း တမာပင်တို့က စိမ်းစို၍ မြရောင်လွင်နေကြသည်။

မြင်းလှည်းဂိတ်မှ မြောက်ဘက်သို့ အတန်လျှောက်လာသော် ပါတီယူနစ်ရုံးသို့ရောက်၏။

ယူနစ်ရုံးအတွင်း ဥက္ကဋ္ဌစားပွဲ၌ ဘခက် သည်ထိုင်နေ၏။

ဘခက် ၏ မျက်တွင်းများဟောက်နေ၏။ မျက်လုံးများလည်း နီနေ၏။

အိပ်ပျက်ပေါင်းများလေပြီ၊ ခန္ဓာကိုယ်သည် နွမ်းနယ်နေ၏။ သို့ရာတွင် ဝန်ထုပ်ကြီးတစ်ခု ကျသွားလေပြီဖြစ်သောကြောင့် စိတ်မှာရွှင်လန်းနေသည်။

ရွာမွန်သာတံတားကြီးပြီးသွားသောကြောင့် ကားကြီးများ ဖြတ်မောင်းနိုင်ကြပြီ။ ဤအရေးကိစ္စ ပြီးပြတ်သွားသောကြောင့် ဘခက် ၏စိတ်မှာ ရွှင်လန်းနေလေသည်။

ဘခက်သည် စားပွဲပေါ်ရှိ ဖိုင်တွဲများကို လှမ်းကြည့်သည်။ တံတားကိစ္စ လုံးပန်းနေသောကြောင့် ဤစားပွဲ၌ မထိုင်မိသည်မှာ ကြာလေပြီ။

ဘခက် သည် စာရွက်စာတမ်းများကို စတင်၍ဖတ်ရှုသည်။

စာအတော်များများမှာ အကူအညီတောင်းသောစာများဖြစ်ကြ၏။ ဝါဆိုပွဲ၌ သင်္ကန်းရရန် ကောက်ခံပေးခိုင်းသောစာများလည်း ပါသည်။ အလှူပွဲအတွက် ငွေချေးသို့မဟုတ် ရွှေဘိုခွန်နီသာရထိုက်ကြောင်း ရှင်းပြသည့်စာများလည်း ပါ၏။ ဝါပေါ်သောအချိန်၌ အစိုးရဒိုင်သို့ မည်မျှသွင်း၍ မိမိကိုယ်ပိုင် မည်မျှချန်ထားနိုင်သနည်းဟူ၍ မေးသောစာများလည်း ရှိသည်။ ဓာတ်မြေသြဇာ သုံးကြည့်သော်လည်း မအောင်မြင်သောကြောင့် စိုက်ပျိုးရေးအရာရှိများ လွှတ်ပေးပါရန် မေတ္တာရပ်ခံထားသော

http://www.cherrythitsar.org



စာများလည်းပါသည်။

အချို့စာများကား တိုင်တန်းကန့်ကွက်စာများဖြစ်၏။ စာတစ်စောင်က ဆို၏။ မိမိသည် အောက်တန်းစာရေးတစ်ဦးဖြစ်ကြောင်း၊ ရာထူးတက်ထိုက်သည် မှာ အတော်ကြာပြီဖြစ်ကြောင်း၊ ယခု ရာထူးတက်ရန်ပေါ်သောအခါ မိမိကို ဘေး ချိတ်ထားကြောင်း၊ ပါတီက အရေးယူပေးပါမည့်အကြောင်း စသည့်တို့ဖြစ်၏။ ဆိုက်ကားဆရာတစ်ဦး၏ စာကလည်း ရှိသေးသည်။ သူ့စာ၌ မိမိသည် ကလေး ငါးယောက်ရှိကြောင်း၊ ဆိုက်ကားနင်းခြင်းဖြင့်သာ အသက်မွေးနေရကြောင်း၊ ဆိုက်ကား တာယာနှင့်ကျွတ် မရသောကြောင့် ဆိုက်ကားမနင်းနိုင်သည်မှာ ကြာပြီဖြစ်ကြောင်း၊ တာယာနှင့်ကျွတ်ကို လျှောက်ထားသော်လည်း မရရှိပါကြောင်း၊ ကုန်နေပြီဟု ပြော ကြောင်း၊ သို့ရာတွင် အရာရှိကြီးတစ်ဦး၏ သား၏ဘိုင်စကယ်အတွက် တာယာနှင့် ကျွတ်ကိုမူ မိမိတို့ရှေ့တွင် ထုတ်ရောင်းပေးကြောင်း၊ ကုန်သွယ်ရေးကို ပါတီက ဆုံးမပေးရန် အစီရင်ခံပါကြောင်း စသည်တို့ပါ၏။

အခြား စာတစ်စောင်ကမူ မိန်းမသားတစ်ဦးထံမှဖြစ်၏။ မိမိ၏ယောကျ်ား သည် ပြစ်မှုတစ်ခုနှင့် အချုပ်ခံနေရကြောင်း၊ ချုပ်ထားသည်မှာ တစ်နှစ်ကျော်ကျော် ကြာပြီဖြစ်ကြောင်း၊ ရမန်သာ အထပ်ထပ်ယူပြီး ဆက်လက်ချုပ်နေကြောင်း၊ အမှုကို မစစ်ဆေးကြောင်း၊ ရဲနှင့် တရားသူကြီးတို့ မတရားလုပ်နေသည်ဟုထင်ကြောင်း၊ ပါတီက ကယ်ပါမည့်အကြောင်း ဆိုထား၏။

ဘခက်သည် သက်ပြင်းချမိ၏။

လူတို့သည် ပါတီကို အားကိုးလာသည့်အတွက်မူ ဝမ်းသာမိ၏။ ပါတီက လည်း တတ်နိုင်သမျှ ဖြေရှင်းပေးနေသည်။ ခက်သည်မှာ အချို့ကပါတီကို သို့မဟုတ် ပါတီ၏အမှုထမ်းများကို အာဏာပိုင်များဟု ထင်နေကြသည်။

မိမိတို့သည် အာဏာပိုင်များ မဟုတ်ကြပါ။ မိမိတို့သည် ပြည်သူကို အလုပ်အကျွေးပြုနေရသော သာမန်လူများသာ ဖြစ်ကြပါ၏။ မိမိတို့စွမ်းသည်မှာ အမှန်နှင့်အမှား၊ တရားနှင့် မတရား ဤအမှုများတွင် ဓမ္မဓိဋ္ဌာန်ကျကျ ဝင်ရောက် ပြောဆိုပေးနိုင်စွမ်းရှိခြင်းသာ ဖြစ်၏။

ဘခက်သည် သက်ပြင်းရှိုက်လိုက်ပြီး စာများကို ဆက်ဖတ်၏။

ရှေ့မှ ခြေသံကြားရသည်။ ဘခက်က မော့ကြည့်၏။

လူထုရေးရာမှူး ဦးမြတ်ထူးကို တွေ့ရ၏။

"ဆို ... ဆရာမြတ်ထူး"

ဦးမြတ်ထူးသည် တာဝန်အရ ဘခက်၏ လက်အောက်၌ဖြစ်သည်။ အသက် ချင်းရွယ်တူ ဖြစ်၏။ တစ်ချိန်က ဦးမြတ်ထူး ဖြစ်သည်။ ကျောင်းဆရာဖြစ်ခဲ့ဖူး သောကြောင့် ဦးမြတ်ထူးကို ဘခက်က ဆရာမြတ်ထူးဟုခေါ်သည်။

ဆရာမြတ်ထူးသည် လည်ချောင်းကို ရှင်းလိုက်ပြီးဆို၏။

http://www.cherrythitsar.org



"ဟိုတစ်ကြိမ်က ကိစ္စမျိုးထင်တယ်။ ကျောင်းသားလေးတွေပဲ။ သူတို့က ဗိုလ်ကြီး ဘခက်ကိုပဲ တွေ့ချင်တယ်လို့ တောင်းဆိုနေကြတယ်"

ဘခက်သည် မျက်မှောင်ကြုတ်ကာ စဉ်းစားလိုက်ပြီးနောက် ဆိုသည်။

"ကျောင်းသားလေးတွေ ဟုတ်လား၊ လွှတ်လိုက်ပါ ဆရာမြတ်ထူး"

ဦးမြတ်ထူး ထွက်ခွာသွားသည်။ မကြာမီ လူငယ်သုံးဦးနှင့်အတူ ပြန်ပေါ်လာ၏။

လူငယ်သုံးဦးတို့မှာ ပိန်ချုံးနေကြ၏။ မူလက သူတို့၏ အသားအရေ သည် မည်သို့ရှိနေလေမှန်းမသိ။ ယခုမူ မည်းသဲကာ ခြောက်ကပ်နေ၏။

လူငယ်သုံးဦးအနက် တစ်ဦးသည် ဘခက်ကိုမြင်သောအခါ ဝမ်းသာအားရ စွာဖြင့် လက်ကိုကမ်းပြီး ရှေ့တိုးလာလျက်အော်၏။

"အစ်ကိုဘခက် ကျွန်တော့်ကို မှတ်မိသေးလား၊ ကျွန်တော် စိုးအောင်လေ"

ဘခက်သည် စိုးအောင်ကို မှတ်မိသွား၏။

လွမ်းဖွယ်သော ဟိုတစ်နွေက အာဏာလက်ရှိ ဆရာခါကို ဆန့်ကျင်လျက် ပ–မ–ည–တ–မဲဆွယ်ပိုစတာများကို ရွာမွန်သာ၌ လာကပ်ခဲ့သော ကျောင်းသားစိုးအောင် ဖြစ်၏။

ဘခက်သည် လှိုက်လှဲ ဝမ်းသာစွာ စိုးအောင်၏ လက်များကို ဖမ်းဆုပ်ယူ ငင်၏။

"စိုးအောင် မင်း ဘယ်ကပေါ်လာတာလဲ"

"အစ်ကိုဘခက် ကျွန်တော် တောခိုသွားတယ်"

"အေးလေ ... ဒါ ငါသိပြီးသားပဲ၊ အခု မင်းဘယ်ကလာတာလဲ"

စိုးအောင်သည် နာကြည်းစွာပြုံးလိုက်၏။

"တောခိုသွားတဲ့ ကျွန်တော်ဟာ အခု တောထဲကပဲ လာခဲ့တယ်"

"အေး ... ဆက်ပြောဦး"

"ကျွန်တော်တို့ တောထဲမှာ အနိုမ်ခံခဲ့ရတယ်၊ ပညာတတ်လူတန်းစားကျောင်းသားတွေဆိုပြီး ကျေးရွာတွေက နှိပ်စက်တယ်၊ ကွန်မြူနစ်ပါတီ လူကြီးတွေက ကျေးရွာတွေကို အာပေးတယ်၊ အခု ကျွန်တော်တို့ ပြေးလာခဲ့ပြီ၊ အစ်ကိုဘခက်တို့ကလဲ ကျွန်တော်တို့ကို ဖမ်းချုပ်မလား"

ဘခက်သည် ကြေကွဲဝမ်းနည်းလှစွာ စိုးအောင်ကို ကြည့်၏။ စိုးအောင်သည် လူငယ်လေးတစ်ဦးဖြစ်၏၊ မိမိလည်း လူငယ်ဘဝက ခြေလှမ်းမှားသင့်သမျှ မှားခဲ့ဖူးသည်၊ မိမိသည် လူငယ်များကို မမုန်း၊ လူငယ်များကို ခွင့်လွှတ်နိုင်သည်။

ဘခက်သည် ပြုံးလျက် တည်ကြည်ခိုင်ခံ့စွာ ဆို၏။

"လက်နက်ချလာတဲ့လူတွေကို တို့က ဘာကြောင့် ဖမ်းချုပ်ရမှာလဲ၊ လက်နက်ချလာတဲ့ လူလို့တောင်မှ တို့မခေါ်ချင်ပါဘူး၊ အမှန်ကို မြင်လာတဲ့ ညီအစ်ကိုသားချင်းလို့ပဲ ခေါ်မယ်၊ တို့ဆီးကြိုနေတယ်ကွယ်၊ မောင်စိုးအောင်၊ မင်းကို အစ်ကို

ဘခက်ဆီးလို့ ကြိုဆိုတယ်ကွယ်”

စိုးအောင်သည် အခြားလူငယ်နှစ်ဦးကို လှမ်းကြည့်လျက် ခေါ်သည်။

“မြင့်မောင်နဲ့ စိုးသိမ်းလာကွာ၊ ငါ အစက မပြောဘူးလား”

မြင့်မောင်နှင့် စိုးသိမ်းတို့သည် ခပ်ရွံ့ရွံ့အမူအရာနှင့် ဘခက်အနီးသို့ ကပ်လာကြ၏။

ဘခက်က လူငယ်များကို လှိုက်လှဲစွာ လက်ဆွဲနှုတ်ဆက်၏။

“သူတို့က အစက မယုံကြည်ဘူး အစ်ကိုဘခက်၊ ကျွန်တော်လဲ မယုံဘူး၊ ကျွန်တော်တို့ ဆရာကြီးတွေက တစ်မျိုးပြောထားတာကိုး”

“မင်းတို့ဆရာကြီးတွေက ဘယ်သူတွေလဲ”

“ပီကင်းပြန်တွေ”

“သူတို့က ဘာပြောသလဲ”

“သူတို့ကပြောတယ်၊ အစိုးရဆီ လက်နက်ချရင် ခွေးသတ် ဝက်သတ် အသတ်ခံရလိမ့်မယ်တဲ့”

“ဒီကြားထဲက မင်းတို့က ဘာဖြစ်လို့ တို့ဆီ လက်နက်ချဝင်လာတာလဲ”

“အစိုးရတပ်က မတရားမလုပ်တာ ရွာသူရွာသားတွေဆီက ကျွန်တော်တို့ ကြားရတယ်၊ အဲဒါထက် တောတွင်းမှာ ကျွန်တော်တို့ မတရား အလုပ်ခံနေရတယ်၊ အသတ်ခံကြရတာ မဆန်းဘူး၊ တောထဲမှာ အကြောင်းမဲ့ သေရမဲ့အစား အစိုးရဆီ ပြန်လာရင် မျှော်လင့်ချက်ရှိသေးတယ်လို့ တွက်ပြီး ကျွန်တော်တို့ ပြေးလာခဲ့တယ်၊ ရွာက ဦးကြီးတွေက ပါတီကို သွားဖို့ ညွှန်လိုက်တယ်၊ ဒါကြောင့် အစ်ကိုဘခက်ဆီကို ကျွန်တော်တို့ ရောက်လာကြတာ”

ဘခက်သည် ကျေနပ်စွာ ခေါင်းညိတ်သည်။

“မင်းတို့မှန်တယ် မောင်စိုးအောင်၊ တို့အစိုးရက မတရားမလုပ်ဘူး၊ အစိုးရဆိုတဲ့ ဝေါဟာရဟာ တရားမျှတခြင်းဆိုတဲ့ စကားနဲ့ ဆက်သွယ်နေတယ်၊ တရားမျှတမှလဲ စိုးလို့ရတယ်၊ တရားဆိုတာဟာလဲ မှန်ကန်ခြင်းနဲ့ ခွင့်လွှတ်ခြင်းပဲ၊ အမှန်မြင်လာတဲ့ မင်းတို့ မပူပါနဲ့ မောင်စိုးအောင်၊ မင်းတို့ကို ခွင့်လွှတ်ပြီး တို့ ကြိုဆိုနေတယ်”

စိုးအောင်သည် ဘခက်ကို ယုံကြည်စွာ ကြည့်ပြီး မေး၏။

“ကျွန်တော်တို့ ဘာဆက်လုပ်ရမလဲ အစ်ကိုဘခက်”

“မင်းတို့ကို မိဘဆီပြန်ပို့ပေးမယ်၊ မင်းတို့ရဲ့ ဆရာ၊ ဆရာမကြီးတွေဆီ ပြန်ပို့ပေးမယ်၊ အဲဒီကိစ္စကိုတော့ ဆရာ ဦးမြတ်ထူးက ဆောင်ရွက်ပေးလိမ့်မယ်”

စိုးအောင်သည် ဘခက်၏ အနီးသို့ ကပ်လာ၏။ ဘခက်၏နား နားကပ်ကာ တိုးတိုးပြော၏။

“ကျွန်တော်တို့ရဲ့ မူလဆရာ ဦးတက်ပုက စာတစ်စောင်ပေးလိုက်တယ်၊ ဦးတက်ပုဆိုတဲ့ နာမည်ကို အစ်ကိုဘခက် သိချင်မှ သိမယ်၊ ဒီနာမည်က တောတွင်း

http://www.cherrythitsar.org



ရောက်မှ လျှို့ဝှက်ခေါ်ထားတဲ့ နာမည်ပဲ”

စိုးအောင်သည် စာရွက်ကလေးတစ်ရွက်ကို ဘခက်၏ လက်တွင်းသို့ ထည့်ပေး၏။

စိုးအောင်တို့တစ်သိုက်သည် ဆရာဦးမြတ်ထူးနှင့် ထွက်ခွာသွားကြ၏။

ဘခက်သည် စာရွက်ခေါက်ကို ဖြေကာဖတ်သည်။

ရဲဘော်ဘခက် ...

ကျုပ် ဘယ်သူဆိုတာ ဒီစာထဲမှာ မဖော်ပြလိုဘူး၊ ဒါပေမဲ့ ကျုပ်ကို ရဲဘော်ဘခက် မှတ်မိမယ်လို့ ယုံကြည်တယ်၊ တစ်ဆယ့်ငါးနှစ်လောက်ကြာသွားပြီ ထင်တယ်၊ အဲဒီတုန်းက ကျုပ်ကို ခင်ဗျားတို့ ကူညီခဲ့ကြတယ်၊ အခုတော့ ကျုပ်တောထဲက ပြန်ပြေးလာချင်ပြီ၊ ကျုပ်အနေနဲ့က ပြေးဖို့ မလွယ်လှဘူး၊ အားလုံးက စောင့်ကြည့်နေကြတယ်၊ စိုးအောင်တို့ ကလေးတွေကို ပြေးနိုင်အောင် ကျုပ် ကူညီလိုက်တယ်၊ ကျုပ် ပြေးသာရင်လဲ ရဲဘော်ဘခက်ဆီပဲ ပြေးလာခဲ့မယ်”

ဘခက်သည် စာကိုဖတ်ပြီးသည့်အဆုံး၌ အတိတ်ကို ပြန်လှန်တွေးမိ၏။

မှန်သည်၊ သည်တုန်းက ရဲဘော်သိန်းတန်ကို မိမိတို့ ကူညီလိုက်ရသည်။

ယခုတော့ သိန်းတန်သည် တောတွင်းမှ ထွက်ပြေးကာ အလင်းဆီသို့ လာချင်ပေပြီ၊ မိမိကိုပင် အကူအညီတောင်းနေပြန်၏။

ဟို ... တစ်ခါတုန်းက သိန်းတန်ကို ကူညီနိုင်ခဲ့သည့်နည်းတူ ယခုတစ်ဖန်လည်း ကူညီနိုင်ပါရစေ။

ဤသို့ ဆုတောင်းပြီးနောက် ဘခက်သည် စားပွဲပေါ်ရှိ စာရွက်စာတမ်းများကို ဆက်လက်ဖတ်ရှုလေသတည်း။

* * *

# အခန်း (၈)

မိုးကာလ၏ ညဥ့်ဦးယံသည် အေးချမ်းလှပနေ၏။

ကောင်းကင်၌ တိမ်ဖြူတိုက်များ အတန်အသင့်ရှိနေသော်လည်း လရောင်ကို မဖုံးကွယ်နိုင်၊ စိမ်းစိုသော တောတောင်ရေမြေတို့ထက် လရောင်သည် ပြာပြာလွင်လွင် ကျရောက်နေ၏။

စစ္စတာ ဒေါ်မိုးသူသည် ဖွင့်ထားသော ပြတင်းတံခါးကို အနည်းငယ် ပြန်စေ့လိုက်သည်။

လေသည် အခန်းတွင်းသို့ ဝင်မြဲဝင်လာသည်။

မိုးကာလလေဖြစ်သော်လည်း မြေပြန့်မှ ဆောင်းလေကဲ့သို့ အေးရကား ဆွယ်တာ ဝတ်ထားလျက်က စစ္စတာသည် အနည်းငယ်လေးချမ်းနေ၏။ သို့ရာတွင် အေးမြသောလေသည် သင်းပြန့်သော ထင်းရှူးနံ့များကိုလည်း သယ်ဆောင်ယူလာသည်ဖြစ်သောကြောင့် နှစ်လိုဖွယ်ရှိသည်၊ ထို့ကြောင့် စစ္စတာသည် တံခါးကို ပိတ်မပစ်ဘဲ စေ့ရုံသာ စေ့ထားခြင်း ဖြစ်သည်။

စစ္စတာသည် မျက်နှာကျက်မှ မီးကို မဖွင့်ဘဲ စားပွဲတင်မီးတိုင်ကိုသာ ဖွင့်ထား၏။ မီးတိုင်အုပ်ဆောင်း၏ အဝတ်မှာ အပြာနုရောင်ဖြစ်သောကြောင့် အခန်းတွင်း၌ ပြာလဲ့လဲ့လင်းနေသည်၊ အပြင်ပမှ ည၏ငွေလရောင်နှင့် လိုက်ဖက်သင့်မြတ်ပေ၏။

အခန်းတွင်း၌ ပစ္စည်းများစွာ မရှိလှ၊ မတ်ရပ်ဗီရိုအလတ်စားတစ်လုံးသည် ထောင့်ချိုးတစ်ခု၌ ကပ်လျက်ရှိသည်။ ဗီရိုကို ထောင့်မှန်ပြုကာ နံရံတစ်ဖက်၌ကပ်လျက် ဖြူစင်သော ဇာခြင်ထောင်၊ သန့်စင်သော အိပ်ရာခင်းနှင့် ခုတင်တစ်လုံးရှိလေသည်၊ ကိုယ်တစ်ဝက်ပေါ်ကြည့် မှန်တပ်ထားသည့် အလှပြင်ခုံသည် ခုတင်ခြေရင်းတွင် မလှမ်းမကမ်း၌ ရှိသည်၊ ပြတင်းတစ်ပေါက်ကို မျက်နှာပြုလျက် စာရေးစားပွဲနှင့် ကုလားထိုင်ရှိ၏။ စာရေးစားပွဲနှင့်ကပ်လျက် ခြေသုံးချောင်းတပ် ထောက်တစ်ခုပေါ်တွင် ပန်းချီဆွဲကတ်ပြားတစ်ခုရှိသည်။

ဤဆေးရုံကြီးသို့ မိမိ ရောက်ရှိခဲ့သည်မှာ (၇) ရက် ရှိသွားပြီဖြစ်သောကြောင့်

အစစ အနည်ထိုင်ကာ နေသားတကျဖြစ်သွားခဲ့သည်။ မိမိနေထိုင်ရာအခန်းကိုမူ စိတ်တိုင်းကျ မပြုပြင်ရသေး၊ အားလပ်ခွင့်ရသော ယနေ့၌ နံနက်ကတည်းကစပြီး အခန်းကို စိတ်တိုင်းကျ မွမ်းမံနေခြင်းဖြစ်၏။ မွမ်းမံသည်ဆိုရာမှာလည်း ထူးထူးခြားခြား များများ ပြုနိုင်သည်မဟုတ်၊ မိမိ၏ စိတ်တိုင်းကျ လက်ရွေးစင် ပန်းချီကားလေးများကို နံရံ၌ ချိတ်ဆွဲကာ နေရာချထားခြင်းမျှသာ ဖြစ်သည်။ ဤသည်မှာပင် မလွယ်လှ၊ အုတ်နံရံဖြစ်သောကြောင့် သံရိုက်ရန်ခက်သည်၊ အုတ်နံရံ၌ စစ္စတာသည် သံမရိုက်လို၊ အုတ်နံရံ၌ သံရိုက်ခြင်းသည် လှပမှုကို ဖျက်ဆီးခြင်းတစ်မျိုးဖြစ်၏။ ပြတင်းဘောင်များ၊ ဓာတ်ကြိုးပြေး သစ်သားလမ်းများ၌ ပန်းချီကားများကို သင့်လျော်အဆင်ပြေနိုင်သမျှ ပြေအောင် ချိတ်ဆွဲရခြင်း ဖြစ်သည်။

ဆရာမသည် ပြုံးလိုက်မိ၏။ အခန်းတွင်း၌ ပန်းချီကားချိတ်ဆွဲရန် မလိုဟု ထင်မိသည်။ အကြောင်းမှာ ပြတင်းဝမှ မျှော်ကြည့်လိုက်လျှင် အပြင်ပမှ သဘာဝ ပန်းချီသည် အစဉ်လှပနေသောကြောင့်တည်း။

စစ္စတာသည် ထောက်ပေါ်ရှိ ကတ်ပြားထက်မှ ဆွဲလက်စပန်းချီကို ကြည့်သည်၊ ပန်းချီမှာ ရွာမွန်သာ၌ မိမိ အကြမ်းရေးခြစ်ခဲ့သော ဂူလေးတစ်ခု၏ပုံ ဖြစ်သည်။

အမှန်က အပျင်းပြေ လမ်းလျှောက်ထွက်ရင်း ဤဂူငယ်ကို အမှတ်မထင် တွေ့မိခဲ့ခြင်းဖြစ်သည်၊ ဆရာမသည် ဤလောကမှ အမင်္ဂလာခေါ်သည့် အရုပ်ဆိုး အကျည်းတန် ရှုခင်းများ၊ ဖြစ်ရပ်များမှ အလှအပကို ဖော်ယူတတ်လောက်အောင် ပန်းချီပညာသက်မရင့်လှသေး၊ ဤအရာများကို ရေးဆွဲလိုသည့် စိတ်တိမ်းညွတ်မှုလည်း မိမိ၌မရှိသေး၊ အမှန်က စိတ်ချမ်းသာဖွယ် မဟုတ်လှသည့် မိမိ၏ ဘဝကို မိမိသာ သိသည်၊ ကံကြမ္မာကိုလည်း အပြစ်မတင်လိုပါ။ အခြားဘယ်သူ့ကိုမျှလည်း အပြစ်မတင်လိုပါ။ မိမိသည် စိတ်ချမ်းသာစွာ ဖြစ်ပြီးသမျှ လွန်ခဲ့သမျှတွေကို မေ့ပစ်၍မရစေကာမူ တနုံ့နုံ့တော့ တသ၍ မနေချင်ပါ၊ ဖြစ်ရာဘဝ၌ လှပသာယာမှုများကို တွေ့ချင်မြင်ချင် ကြုံကြိုက်ချင်လှ၏။ ထို့နည်းတူစွာပင် ငွေလရောင်အောက်မှ မြစ်ရေပြင်၊ ငွေတိမ်ဖြူနှင့် မြတောင်ထွတ်၊ ရွှေရောင်ဝင်းသော ညနေဆည်းဆာ၊ ဤကဲ့သို့ လှပသော ရှုခင်းများကိုသာ ပန်းချီဆွဲချင်သည်၊ သို့တစေ ရွာမွန်သာမှ ဂူငယ်ကမူ မိမိ၏ စိတ်ကို ဆွဲဆောင်ခဲ့သည်။

ခဲဖြင့်သာ အကြမ်းခြစ်ထားသော ဤပန်းချီကို တောင်ကြီးသို့ ရောက်လျှင် ရောက်ချင်း ဆေးရောင်စုံသွင်းမည်ဟု မှန်းထားခဲ့သည်၊ မိမိ၏ အာရုံတွင် မှတ်သားလာခဲ့သော အသွေးအဆင် အရောင်အရိပ်တို့ ပျက်ပြယ်မသွားမီ ဆေးရောင်စုံ သွင်းရပေမည်၊ သို့ရာတွင် ယခုမူ မသွင်းဖြစ်ခဲ့။

ဂူအနီး၌ မိမိဆုံတွေ့ခဲ့ရသူ နှစ်ဦးကိုလည်း အမှတ်ရမိသည်။ တစ်ဦးသည် မမျှော်လင့်ဘဲ ယခုအခါ မိမိ၏ အထက်မှ ဆရာဝန်ကြီးတစ်ဦး ဖြစ်နေပေသည်။ ဘွဲ့ထူး ဂုဏ်ထူးနှင့် ရာထူးကြီးမားသော ဒေါက်တာနှင်းငွေသည် မထင်ရှားလှသော ရွာငယ်မှ ဤဂူလေးနှင့် မည်သို့ ဆက်သွယ်နေသနည်း။

http://www.cherrythitsar.org



အကယ်၍ ဤပန်းချီကို ဆေးရောင်စုံခြယ်ပြီး ဒေါက်တာ့ကို ပြလျှင် မည်သို့ တုံ့ပြန်လေမည်နည်း။

ဒေါက်တာနှင်းငွေနှင့် တွဲလျက်ပါလာသူ မိန်းမရွယ်ကား မိမိတွေ့ဖူးသမျှ အသားညိုချော မိန်းမသားတို့တွင် အချောဆုံး အယဉ်ဆုံး မိန်းမသားတစ်ဦးဖြစ်၏။ ဒေါက်တာနှင်းငွေနှင့် အလွန်ရင်းနှီးပုံပေါက်သည်၊ ဤမိန်းမသားကို လုပ်အားပေးသူ များမှာ တစ်ဆင့် ကျောင်းအုပ်ဆရာမကြီး ဖြစ်ကြောင်း၊ ဤဒေသ၌ ထင်ရှား၍ လူ ကြည်ညိုများပုံပေါက်သော ရဲဘော်ဘခက် ခေါ် ပုဂ္ဂိုလ်တစ်ဦး၏ ဇနီးဖြစ်ကြောင်း၊ ဆရာမသည် ထိုအချိန်ကတည်းက သိပြီးဖြစ်သည်။

သို့ရာတွင် ဂူဆီသို့ နှစ်ဦးချင်း ဘာကြောင့် သူတို့လာကြရသနည်း။

ဂူတွင်းမှ နုနုငယ်ခေါ်သော ကလေးမကလေးသည် သူတို့နှစ်ဦး၏ သူငယ် ချင်းပါဟု ဝန်ခံခဲ့ကြသည်။ ဒေါ်ညွန့်မေ မှာ ချစ်လင်ရှိနေပြီ၊ အဖော်မဲ့သော ဒေါက်တာ နှင်းငွေနှင့် ဤဂူတွင်းမှ နုနုငယ်ခေါ်သော ကလေးမကလေးသည် မည်သို့သက်ဆိုင် လေသနည်း။

ဒေါက်တာနှင်းငွေနှင့် ဒေါက်တာဘဖေသော်တို့ နှစ်ဦးကိုလည်း စစ္စတာသည် နှိုင်းယှဉ်မိသည်။

ဒေါက်တာဦးဘဖေသော်က ဖော်ရွေပွင့်လင်းလျက် အသည်းနှလုံးတံခါးကို အစဉ်ဖွင့်ထားပုံရသည်၊ မိမိ ဤကိုရောက်၍ (၇)ရက်မျှသာ ရှိသေးသော်လည်း ဒေါက်တာဦးဘဖေသော်၏ အိမ်၌ ထမင်းတစ်နပ် လိုက်စားဖူးပြီ၊ ပီယာနို တီးတတ် သော ငွေသံဝဲဝဲနှင့် စကားပြောတတ်သည့် မစ္စစ်ဘဖေသော်နှင့်လည်း ခင်မင်ခဲ့ပြီးပြီ၊ ဒေါက်တာဘဖော်သော်၏ အငယ်ဆုံးကလေးသည်ပင် မိမိကို မစိမ်းတော့ဘဲ ခေါ်လျှင် လိုက်သည်၊ ချီလျှင် မငြင်းလေတော့။

ဒေါက်တာနှင်းငွေကမူ အတန်ငယ် သီးသီးသန့်သန့်နိုင်၏။ မာန်မာနကြီး သည်တော့မဟုတ်၊ အလုပ်ကို အလွန်ကြိုးစားသည်မှာ မျက်မြင်ဖြစ်၏။ ခွဲစိတ်ခန်း၌ တာဝန်ကျသော ဆရာမကလေးများထံမှ တစ်စွန်းတစ်စ သိရသည့်အရမူ ဒေါက်တာ နှင်းငွေသည် အလွန်စေ့စပ်သေချာ၍ ခွဲစိတ်ခန်းတွင် ဆိုင်ရာစည်းကမ်း တင်းကျပ်တိကျ သော ဆရာဝန်ကြီးတစ်ဦး ဖြစ်၏။

ဤဆရာဝန်ကြီးသည် မိမိနှင့် စကားပြောစဉ်အခိုက်၌ တစ်ချီတစ်ချီတွင် ငိုင်ငိုင်ငူငူရှိမှန်း စစ္စတာသတိပြုမိသည်။ ထိုအခါမျိုးတွင် ဒေါက်တာသည် အိပ်မက် ထဲမှ လူတစ်ယောက်နှင့် တူသည်ဟု စစ္စတာ ထင်မိ၏။

ဒေါက်တာသည် ပျော်ရွှင်သောလူတစ်ဦးမဟုတ်လေမှန်းကိုမူ စစ္စတာ ရိပ်မိခဲ့ သည်။ ဤဘွဲ့ထူး၊ ဂုဏ်ထူး၊ ရာထူးကြီးနှင့် ဒေါက်တာသည် အဘယ်ကြောင့် ပျော် ပျော်ရွှင်ရွှင် မရှိလေရသနည်း။

စစ္စတာသည် ခေါင်းခါသည်၊ အမှန်က မိမိကိုယ်ကို စိတ်ပျက်ကာ ခေါင်း ခါမိခြင်း ဖြစ်သည်၊ သူတစ်ပါး၏ ကိုယ်ရေးကိုယ်ရာကိစ္စ၌ မိမိသည် ဘာကြောင့်

http://www.cherrythitsar.org



စိတ်ဝင်စားနေရပါသနည်း။

စစ္စတာသည် ပန်းချီကားပေါ်မှ ဂူငယ်ကို စိုက်ကြည့်နေသည်။

ဂူဆိုသည်မှာ သိုလှောင်မြုပ်နှံခြင်း အနက်အဓိပ္ပာယ်ရှိ၏။ မိမိတို့၏ နှလုံးသားများသည်လည်း ဂူသဘောပင် ဖြစ်၏။ ဤနှလုံးသားဂူတွင် မိမိတို့သာသိသော အတိတ်ဖြစ်ရပ်တို့ကို သိုလှောင်မြုပ်နှံထားရ၏။ မြုပ်နှံထားရ၏။

စစ္စတာသည် ပန်းချီကားချပ်မှခွာကာ ခုတင်အနီး၌ ဒူးထောက်ထိုင်လိုက်သည်။ ခုတင်အောက်မှ သေတ္တာကို ဆွဲထုတ်၍ ဖွင့်သည်၊ သေတ္တာတွင်းမှ အခြားသေတ္တာငယ်တစ်လုံးကို ထုတ်ယူသည်၊ ယင်းသေတ္တာငယ်မှာ အမြင့်နှစ်လက်မ၊ အနံတစ်ပေ၊ အလျားတစ်ပေခွဲရှိသော အနက်ရောင်သားရေအုပ် ပေါ့ပါးသည့် သေတ္တာတစ်လုံးဖြစ်၏။ ဤသေတ္တာတွင်း၌ ဘောင်မခတ်ရသေးသော ပန်းချီကားများကို စစ္စတာ သိမ်းထားသည်။ ထို့နောက် စစ္စတာသည် အနက်ရောင်တွင် ရွှေမင်ကနုတ်ပန်းများ ရေးဆွဲထားသည့် ယွန်းသေတ္တာကလေးတစ်လုံးကို ထုတ်ယူပြန်သည်။

စစ္စတာသည် ဗီရိုကိုဖွင့်ပြီး ပန်းချီသေတ္တာကို ထည့်လိုက်၏။ ယွန်းသေတ္တာကလေးကိုလည်း ဗီရိုတွင်း ထည့်မည် ပြုပြီးမှ စစ္စတာသည် တွေသွား၏။

စစ္စတာသည် ယွန်းသေတ္တာကလေးကို စာရေးစားပွဲဆီသို့ ယူလာခဲ့၏။ စာရေးစားပွဲ၌ ထိုင်၍ အပြီး၌ ယွန်းသေတ္တာကလေးကို ယုယစွာဖွင့်သည်၊ အတွင်း၌ အထပ်လိုက်စာများ ရှိသည်။

အပေါ်ဆုံးရှိ စာတစ်စောင်ကို စစ္စတာသည် တုန်ယင်သောလက်များဖြင့် ယူလျက် ဖတ်မိသည်။

တစ်ကြိမ်က မောင့်ရဲ့ချစ်လှစွာသောမိုး ...

မိုးနဲ့မောင်ဟာ တွေ့မှတွေ့ရပလေ၊ ကြုံမှကြုံရပလေ၊ စိတ်ကူးယဉ်စိတ်တွေလွှမ်းနေတုန်းကတော့ မိုးဟာ မောင့်ရဲ့ "မိုးသူ"(ဝါ)မိုးနတ်ဒေဝီတစ်ဦးပဲ၊ အခုမှ မိုးသူနဲ့ မြေသားဟာ တခြားစီလို့ မောင် သဘောပေါက်လာတယ်။

မိုးဟာ မိုးနာမည်နဲ့ သိပ်လိုက်တယ်၊ မိုးဟာ ဘဝမမှန်ဘူး၊ မိုးဟာ မြေကြီးနဲ့ ကင်းကွာတယ်၊ မိုးဟာ လူသားသတ္တဝါတွေကို ကြင်နာသနားလေဟန် စကားပြောတတ်တယ်၊ မိုက်ကန်းတဲ့ မောင်ကလဲ မိုးကို ယုံကြည်ခဲ့ဖူးတယ်၊ ဒါပေမဲ့ မောင်တို့ရဲ့ တော်လှန်ရေးကို မိုးက ပစ်ပစ်ခါခါ ပြောချိန်ကျမှ မိုးရဲ့ လူတန်းစားစရိုက် ဉာဉ်အမှန်ကို သိခဲ့ရတယ်။

မောင်မှတ်မိသေးတယ်၊ အင်းလျားကန်စောင်းမှာ မိုးနဲ့မောင် လမ်းလျှောက်တဲ့တစ်ညနေလေ။

အဲဒီတုန်းက မောင်ဟာလဲ နေရှင်ပညာတတ်လူတန်းစား ဉာဉ်မပျောက်တတ်သေးဘူး၊ ဆေးရုံကြီးဝင်းအတွင်းက မိုးတို့ရဲ့ အဆောင်ဆီ မောင်က တက္ကစီနဲ့ လာခေါ်တယ်၊ မိုးက ရုပ်ရှင်မကြည့်ချင်ဘူး၊ လမ်းလျှောက်ချင်တယ်ဆိုလို့ မောင်က မိုးကို အင်းလျားကန်စောင်း ခေါ်လာခဲ့တယ်။

http://www.cherrythitsar.org



လမ်းလျှောက်ရင်း မိုးက ပြောတယ်၊ မောင်နဲ့သာ အတူဆိုရင် ဘယ်ကိုလျှောက်ရ လျှောက်ရတဲ့၊ ဘယ်အထိ လျှောက်ရ ... လျှောက်ရ တဲ့၊ ငမိုက်သား မောင်က ယုံလိုက်တယ်လေ၊ ယုံလိုက်ရတယ်လေ။

မိုးမသိဘူး၊ မိုးကိုချစ်မိလို့ မောင့်ရဲ့ ရဲဘော်တွေက မောင့်ကို ဘယ်လောက်ဝေဖန်ခဲ့သလဲ၊ ဒါကို မိုး စိတ်မကောင်းမှာစိုးလို့ မိုးကို မောင် ဖွင့်မပြောခဲ့ဘူး၊ အခုတော့ ပြောရတော့မယ်။

မိုးဟာ ကပြားတစ်ဦးပဲ၊ မိုးအဖေဟာ မြန်မာပြည်သူတွေကို သွေးစုပ်သွားတဲ့ အရင်းရှင်နယ်ချဲ့ ဗြိတိသျှတစ်ဦးပဲ၊ မိုးပြောပြတဲ့ မိုးအမေနဲ့ မိုးရဲ့ ဇာတ်လမ်းကို မောင်ပြန်ပြောပြပေမယ့် မောင့်ရဲဘော်တွေက မယုံဘူး၊ ဒါပေမဲ့ မောင့်ရဲဘော်တွေ ယုံမဲ့တစ်နေ့ဟာ ရောက်လာရမယ်လို့ မောင်က တွက်ချက်ထားတယ်။

အဲဒီနေ့ဟာ မောင်ခေါ်ရာ မိုးလိုက်လာခဲ့မဲ့ နေ့ပဲ၊ မိုးက မောင်နဲ့ အတူတူသာ ဆိုရင် စကြဝဠာအဆုံးအထိ လိုက်မယ်လို့ ကတိပေးဖူးတာကိုး။

မြို့ပေါ်မှာ မောင်မနေနိုင်တော့လို့ လွတ်မြောက်သော နယ်မြေဆီ မောင် ပြေးရခါနီး မိုးကို ခေါ်တော့ မိုးက ငြင်းပယ်ခဲ့တယ်၊ ငြင်းရုံမကဘူး၊ မောင့်ကိုလဲ တရားဟောတယ်။

မိုးရဲ့တရားမျိုးကို ဝီလ်ဆင်လဲ ဟောတာပဲ၊ ဂန္ဒီလဲ ဟောတာပဲ။

မောင်သွားပြီ၊ မိုးကို နှုတ်ဆက်ခဲ့တယ်၊ မိုးနဲ့ မြေဟာ ဘယ်တော့မှ မတွေ့နိုင်ဘူး၊ ဒီလိုပဲ မိုးနဲ့ မောင်ဟာ ဘယ်တော့မှ ပြန်မတွေ့နိုင်တော့ဘူး။

ဘဝခြားသွားပြီဆိုပါတော့။

ခြားနားသွားတဲ့ဘဝဟာ မိုးယုံတဲ့ တမလွန်ဘဝနဲ့ အခုဘဝကြား ခြားနားထားတဲ့ တံတိုင်းထက် ...'။

စစ္စတာသည် စာကို ဆုံးအောင် မဖတ်နိုင်တော့။

ဝဲလျှံလာသော မျက်ရည်တို့က မျက်လုံးများကို ပိတ်ဆို့နေလေပြီ၊ အသည်းကလည်း ဆတ်ဆတ်ခါနာကျင်လာ၏။

ယွန်းသေတ္တာတွင်းသို့ စာကို ပြန်ထည့်ပြီး စစ္စတာသည် အဖုံးကို ပိတ်လိုက်သည်။

ယွန်းသေတ္တာငယ်သည် လူသေထည့်သော ခေါင်းတစ်ခုနှင့်ပင် တူနေ၏။

စစ္စတာသည် နေရာမှထပြီး ပြတင်းဝ၌ ရပ်ကာ အပြင်သို့ ငေးကြည့်မိ၏။

ကောင်းကင်ပြာပြာ၌ တိမ်ဖြူတို့ ဖြတ်သန်းသွားလာနေကြ၏။ ငွေလသည် မှိန်ချည်လင်းချည်ဖြစ်နေ၏။

ဘဝဟူသည် ဤသည်မျိုးဖြစ်ဟန်တူလေသည်။ မှိန်ချည် လင်းချည်။

အဘယ်အရာတို့သည် ထာဝရတည်မြဲနေကြပါသနည်း။

* * *

# အခန်း (၉)

အင်္ဂါနေ့ကား ဝဒ်၌ အထူးအလုပ်များသည်။

အမှန်မှာ နေ့တိုင်း အလုပ်မများသော နေ့ဟူ၍ကား မရှိ။ ဆရာဝန်၊ ဆရာမများနှင့်တကွ ဆေးရုံအမှုထမ်းဟူသရွေ့လိုလို ဆက်စပ်ထိတွေ့ ကိုင်တွယ်နေရသည်မှာ လူ့အသက်နှင့် ပတ်သက်သောကိစ္စများသာ ဖြစ်၏။ လူ့အသက်နှင့် ပတ်သက်သော ကိစ္စဟူသည် အခြားသောကိစ္စများကဲ့သို့ ခေတ္တ ရွှေ့ဆိုင်းထား၍မရ၊ ယာယီချောင်ထိုးထား၍လည်းမဖြစ်၊ သတိလစ်မေ့လျော့ထားနိုင်သည့် ကိစ္စဟူသည်ကား ဝေးလေစွ၊ ဆေးရုံကြီးတစ်ရုံ၊ သို့မဟုတ် ဝဒ်ကြီးတစ်ခုဟူသည်မှာ မပြတ်လည်နေရသော စက်ယန္တရားကြီးတစ်ခုနှင့် တူသည်၊ အသေးဆုံး ဘီးလေးတစ်ခု၊ ခွေးသွားစိတ်ကလေး တစ်စိတ်ပါမကျန် ချောချောမွတ်မွတ်ဖြင့် သူ့အလုပ်ကို သူလုပ်နေရမည်၊ ဤသို့ သဘောရှိအပ်သော ခွဲစိတ်ကုသရေးဝဒ်ကြီး၌ တာဝန်ချိန်တွင် အားနေသူတို့မရှိ၊ တာဝန်ရှိသောနေ့မှန်သမျှ အလုပ်မများသောနေ့ဟူ၍လည်း မရှိ။

သို့ရာတွင် အင်္ဂါနေ့ကား ဝဒ်၌ အထူးအလုပ်များသည်၊ အခြားသူများနည်းတူ စစ္စတာ ဒေါ်မိုးသူအတွက်လည်း အလုပ်များသည်။

အင်္ဂါနေ့နံနက်ပိုင်းတွင် ဒေါက်တာနှင်းငွေသည် ရောင်းဒ်လှည့်သည်၊ ရောင်းဒ်လှည့်သည် ဆိုခြင်းကား လှည့်လည်စစ်ဆေးခြင်းဟု သာမန်အားဖြင့် အဓိပ္ပာယ်ရသည်။ စင်စစ် ရောင်းဒ်လှည့်ခြင်းသည် အထူးကု ဆရာဝန်ကြီးများအတွက် အဓိကကျလှသော တာဝန်ကြီးတစ်ရပ် ဖြစ်လေသည်။

တာဝန်ရှိသော ဆရာဝန်ကြီးတစ်ဦးအနေနှင့် မိမိအုပ်ချုပ်သော ဝဒ်အတွင်း ရှိလူနာတစ်ဦးစီကို မျက်မြင်ကိုယ်တွေ့ သိရှိထားရန် လိုသည်။ ဤအချက်ကို ဒေါက်တာနှင်းငွေသည် အထူးဂရုစိုက်ကြောင်း စစ္စတာ သတိပြုမိ၏။

မှန်လည်းမှန်သည်၊ လူတစ်ဦးဟူသည် လူတစ်ဦးသာ ဖြစ်လေသည်၊ စံကိုက်ညှိထုတ်လုပ်ထားသော စက်ရုံထွက် ပစ္စည်းမဟုတ်၊ လူတစ်ဦးနှင့်တစ်ဦး ခြားနားခြင်းသည် ကမ္ဘာလောကတွင် ရှိသမျှ ခြားနားခြင်းတကာအနက် အံ့ဖွယ်အကောင်းဆုံး

http://www.cherrythitsar.org



သော ခြားနားခြင်း ဖြစ်လေ၏။ ဗီဇအားဖြင့်သာ ခြားနားကြသည်မဟုတ်၊ ပတ်ဝန်းကျင်အားဖြင့်လည်း ခြားနားကြ၏။ ဗီဇနှင့် ပတ်ဝန်းကျင်တို့ အပြန်အလှန် အကျိုးပြုသည့်နိယာမ၏ အလုပ်လုပ်ပုံမှာ အပေါင်းလက္ခဏာစည်းမျဉ်းနှင့် မဟုတ်ဘဲ အမြှောက်လက္ခဏာ စည်းမျဉ်းနှင့်သာ ဖြစ်ရကား ပွားများပုံ ထွေပြားဆန်းကြယ်လှ၏။

လူနာတစ်ဦးနှင့်တစ်ဦး မတူပါ၊ တူညီသောအမည်ရှိ ရောဂါတစ်မျိုးတည်း အနှိပ်စက်ခံနေရသော လူနာနှစ်ဦးသည် ရောဂါအမည်ကလွဲ၍ အစစမတူပါ။ ဒေါက်တာနှင်းငွေသည် ယင်းအချက်ကို အလေးအနက်ထားလျက် ညွှန်ပြတတ်၏။

ရောင်းဒ်လှည့်စဉ်၌ တာဝန်ရှိ ဆရာဝန်ကြီးသည် လက်ထောက်ဆရာဝန်များ၏ ကုသနည်းကုသဟန်၊ တွေးခေါ်နည်း တွေးခေါ်ဟန်စသည်တို့ကို လည်းကောင်း၊ ဆရာမများ၏ ပြုစုနည်းပြုစုဟန်၊ လုပ်ကိုင်နည်း လုပ်ကိုင်ဟန်၊ တွေးခေါ်နည်း တွေးခေါ်ဟန်များကို လည်းကောင်းစီစစ် အကဲဖြတ်ရ၏။ ဆွေးနွေးညှိနှိုင်းပေးရသည်၊ အကြံဉာဏ်ပေးလျက် ပြုပြင်ခိုင်းတန်ခိုင်းရသည်။ ဒေါက်တာနှင်းငွေသည် အမိန့်ပေးခြင်းထက် ဆွေးနွေးမှုကို အသားပေးကြောင်း စစ္စတာဒေါ်မိုးသူ တွေ့ရသည်၊ လက်ထောက်ဆရာဝန်များ၊ ဆရာမများ၏ ရှင်းလင်းတင်ပြချက်များကို လေးစားစွာ နားထောင်တတ်သည်၊ အထူးသဖြင့် ပြဿနာတစ်ရပ်ကို မည်သို့ချဉ်းကပ်သည်၊ မည်သို့ တွေးခေါ်သည်၊ ဤအချက်များကို စေ့စေ့ပေါက်ပေါက် စစ်ဆေးတတ်၏။ လိုအပ်၍ ဆုံးဖြတ်ချက်ပေးသောအခါ၌လည်း ရဲရင့်၍ တိကျသည်။

တစ်ကြိမ်က အစစ အခြေအနေကောင်းနေပြီ ထင်ရသော လူနာတစ်ဦးနှင့် ဒေါက်တာနှင်းငွေသည် စကားပြော၏၊ လူနာကလည်း ပြုံးပြုံးရွှင်ရွှင်၊ သာမန်အခါများ၌ ဒေါက်တာနှင်းငွေ၏ မျက်နှာသည် မှုန်မှိုင်းနွမ်းနယ်သည်ဟု စစ္စတာထင်သည်၊ လူနာများနှင့် စကားပြောချိန်တွင်ကား သူ့မျက်နှာသည် ကြည်လင်ရွှင်ပြုံးနေတတ်၏။ ကြားရခဲသော ဟာသစကားများလည်း ထွက်လာတတ်၏။

ယင်းလူနာနှင့် စကားပြောပြီးနောက် ဒေါက်တာနှင်းငွေသည် လူနာအခြေပြ ဇယားကတ်ပြားကို အမှတ်မထင်ဟန်ဖြင့် ထပ်မံ ကြည့်ရှုသည်။

ဤကတ်ပြားကို စောစောက ဒေါက်တာနှင်းငွေ ကြည့်ပြီးခဲ့ပြီ၊ ယခုတဖန် ထပ်မံကြည့်ပြန်ပြီ။ တစ်စုံတစ်ရာဖြစ်လေပြီကို စစ္စတာရိပ်မိ၏၊ ထိုနည်းတူစွာ လက်ထောက်ဆရာဝန်များ ရိပ်မိကာ အမူအရာ မသိမသာ ပြောင်းသွားကြမှန်း စစ္စတာ သိလိုက်၏၊ စစ္စတာသည် ခုတင်နံပါတ်ကို မှတ်စုစာအုပ်၌ မှတ်ထားလိုက်၏။

ဒေါက်တာနှင်းငွေကသာ ဣန္ဒြေမပျက်ဘဲ အခြားလူနာများကို ဆက်လက်စစ်ဆေးသည်။

နောက်လူနာခန်းတစ်ခန်းသို့ မကူးမီ စင်္ကြံပေါ်တွင် တာဝန်ကျလက်ထောက်ဆရာဝန်ကို ဒေါက်တာနှင်းငွေက အေးအေးပင် မေး၏။

"ခုတင်နံပါတ် (၁၀) က လူနာမှာ ဘာထူးခြားလဲ ဒေါက်တာ၊ ခုတင်နံပါတ် (၁၀) နော်၊ စောစောက စစ္စတာ ဒေါ်မိုးသူ မှတ်လိုက်တာ ကျွန်တော် သတိပြုမိ

http://www.cherrythitsar.org



တယ်၊ ခုတင်နံပါတ် (၁၀)”

စစ္စတာက မှန်ကန်ကြောင်း ခေါင်းညိတ်ပြ၏။

ဟောက်(စ်)ဆာဂျင် ဆရာဝန်ကလေးသည် ဒေါက်တာနှင်းငွေ၏မျက်နှာကို စိုးရိမ်မကင်းစိတ်နှင့် လှမ်းကြည့်ပြီး ဖြေ၏။

“လူနာရဲ့ အခြေအနေက အစစကောင်းနေပြီပဲ ဆရာ၊ ကျွန်တော်လဲ”

ဆရာဝန်ကလေးသည် ဆင်ခြေပေးရန် ကြိုးစားလိုက်ပြီးမှ စကားကို ရပ်လိုက်၏။ မိမိတစ်စုံတစ်ရာ သတိလစ်ခဲ့ပြီ၊ မိမိတာဝန်မှာ ဆင်ခြေပေးရန်မဟုတ်၊ အမှန်ကို ရင်ဆိုင်ရန်သာ ဖြစ်သည်၊ ဤသို့ ဆရာဝန်ကလေး တွေးနေမှန်း သူ့မျက်နှာကို အကဲခတ်လျက် စစ္စတာ သိမိသည်။

ဒေါက်တာနှင်းငွေသည် တည်ကြည်စွာဆို၏။

“ဒေါက်တာ့ကို ကျွန်တော် အပြစ်မတင်ဘူး၊ တချို့ကိစ္စမျိုးက အကောင်းဆုံး ဆေးစာအုပ်ကြီးတွေမှာတောင် မပါဘူး၊ အတွေ့အကြုံပဲ ဒေါက်တာ၊ အတွေ့အကြုံပဲ၊ ခု နင်က လူနာရဲ့ သွေးခုန်နှုန်းနဲ့ ကိုယ်ပူချိန်ကြားမှာ တစ်စုံတစ်ခု ကျွန်တော် တွေ့ခဲ့တယ်၊ အဲဒါကို ကျွန်တော် မကြိုက်တော့ဘူး၊ ဒီနေရာမှာ ရှင်းပြဖို့ အချိန်မရဘူး၊ ဒါပေမဲ့ တစ်ခုပြောပြမယ်၊ အသေးစိတ်ကို ဂရုပြုကြပါ၊ အမှုမဟုတ်လို့ ထင်စရာ အသေးအဖွဲတစ်ခုမှမရှိဘူး၊ ပြီးတော့ ရိုးရိုးနဲ့ တည့်တည့်စဉ်းစားကြပါ၊ ကျွန်တော့် မိတ်ဆွေကြီး ဒေါက်တာ ဦးဘဖေသော်က သူ့လက်ထောက်တွေကို အမြဲသတိပေးလေ့ရှိတဲ့ စကားတစ်ခုရှိတယ်၊ ဘီ ... ဆင်းပဲလ်၊ ဘီ ... ဆင်းပဲလ်၊ ရိုးရိုးကလေးဟေ့၊ ရိုးရိုးကလေး၊ ဆန်းတာတစ်ခုမှ မရှိဘူးတဲ့”

ဒေါက်တာနှင်းငွေသည် ရယ်လိုက်ပြီးနောက် စစ္စတာ ဒေါ်မိုးသူဘက် လှည့်၍ ညွှန်ကြား၏။

“ခုတင်နံပါတ် (၁၀)က လူနာကို နက်ဖြန်မှာ ခွဲစိတ်ကုသဖို့ အဆင်သင့် လုပ်ထားပါ၊ အကြောင်းအကျိုးကို ရောင်းဒ်လှည့်ပြီး အစည်းအဝေးမှာ ကျွန်တော် ရှင်းပြမယ်၊ ကဲ ... ဆက်သွားကြဦးစို့”

ဆက်သွားခဲ့ကြသည်၊ လူနာမျိုးစုံကို တွေ့ကြရသည်။

ခွဲစိတ်ကုသရမည်ထင်ခဲ့သော်လည်း ခွဲစိတ်ကုသရန် မလိုတော့သည့် လူနာမျိုး၊ သို့မဟုတ် အချိန်စောင့်ပြီးမှ ခွဲစိတ်ခံသင့်သည့် လူနာမျိုး၊ မခွဲစိတ်ခင် ရောဂါကုသမားတော်ကြီး၏ ဝဒ်၌လိုအပ်သောဆေးဝါးကုသမှုနှင့် ပြုစုမှုလိုအပ်နေသော လူနာမျိုး။

မူလက စောင့်ကြည့်စစ်ဆေးရုံ လက်ခံထားရာမှ အရေးပေါ် ခွဲစိတ်မှုမပြုလျှင် မဖြစ်သည့်လူနာမျိုး၊ မျက်စိလာကုရင်းက ရင်သားကင်ဆာကိုပါ ခွဲစိတ်ရတော့မည့် အမျိုးသမီးလူနာမျိုး၊ ယခု မခွဲမစိတ်ဘဲ ဆိုင်းထားလျှင် ဖြစ်လင့်ကစား ခွဲစိတ်ရန် လိုအပ်ချိန်၌ ဆေးရုံကြီးများမရှိရာ ရှေ့တန်းစစ်မျက်နှာ၊ နယ်စပ်ဒေသ၊ လမ်းပန်း အဆက်အသွယ် မလွယ်သော တောင်မြင့်မြေ၊ ဤအရပ်များသို့ ပြန်သွားကြရမည့် တပ်မတော်သားများနှင့် အခြားအစိုးရအမှုထမ်းများ။

http://www.cherrythitsar.org



ခွဲစိတ်ကုသပြီးသော်လည်း အတွင်းလူနာအဖြစ် ဆက်နေသင့်သေးသူများ၊ အကြောင်းအမျိုးမျိုးပြကာ မဲ့၍ တစ်မျိုး၊ ငို၍တစ်ဖုံ၊ ရှုတည်တည်ဟောက်၍ တစ်နည်း၊ ဆေးရုံကြီးတွင် ဆက်နေရန် ကြိုးစားနေကြသော်လည်း ဆင်းသွားထိုက်ပြီဖြစ်သော လူနာမျိုး။

ယင်းလူနာမျိုးစုံအနက် မည်သူ့ကို ခွဲစိတ်ကုသရမည်၊ မည်သူ့ကို ဆိုင်းထားရမည်၊ မည်သူ့ကို မည်သို့ ပို့၍ အကူအညီတောင်းရမည်၊ မည်သူ့ကို (အခြေအနေချင်းတူလျှင်) ဦးစားပေး ခွဲစိတ်ရမည်၊ မည်သူကား ဆေးရုံက ဆင်းရမည်၊ မည်သည့်အချိန်ပြန်လာ၍ (ပျောက်ကင်းနေသယောင်ရှိစေမူ) ထပ်မံ အစစ်ဆေးခံရမည်။

အားလုံးသည် "အဆုံးအဖြတ်"ဆိုင်ရာ ပြဿနာများဖြစ်ကြ၏။ တာဝန်ခံရသူများ၌ တာဝန်မျိုးစုံရှိသည်၊ ဆုံးဖြတ်ရသော တာဝန်ကား အကြီးဆုံး ဖြစ်လေသည်။

ဒေါက်တာနှင်းငွေသည် ဤဝဒ်ရှိ လူနာများအတွက် ဆုံးဖြတ်ရသူတစ်ဦး ဖြစ်၏။ မှန်လည်း ကိုယ့်တာဝန်၊ မှားလည်း ကိုယ့်တာဝန်၊ မှန်လျှင် ကျေးဇူးတင်သူနည်း၏။ မှားလျှင် ဝေဖန်သူများ၏။

အောင်မြင်ခြင်းကို သားတော်မည့် ဖခင်ရင်း များစွာရှိသည်၊ သို့ရာတွင် ဆုံးရှုံးမှုဟူသည်ကား မိဘမဲ့သားသာ ဖြစ်လေသည်။

စစ္စတာဒေါ်မိုးသူ မှတ်မိထားသော ကမ္ဘာကျော် စကားတစ်ရပ်ဖြစ်၍ သစ္စာစကားတည်း။

ရောင်းဒ်လှည့်ပြီးတိုင်း ဒေါက်တာနှင်းငွေသည် ဆုံးဖြတ်ချက်ပေးရ၏။ မကျေမလည်သည်များကို ရောင်းဒ်လှည့်အပြီး အစည်းအဝေး၌ ဆွေးနွေးခွင့် ရှိကြ၏။ လက်ထောက်ဆရာဝန်များကလည်း လွတ်လပ်စွာ ဆွေးနွေးနိုင်သည်။ စစ္စတာ၊ စတပ်ဖ်နာ့စ်စသော သူနာပြုဆရာမများကလည်း လွတ်လပ်စွာ ဆွေးနွေးနိုင်သည်။ ဆွေးနွေးပြီးကြ၍ အဆုံးအဖြတ် တစ်စုံတစ်ခု ရသည်ဆိုပါအံ့၊ ထိုဆုံးဖြတ်ချက်ကို အဓိက တာဝန်ယူရသူမှာ ဒေါက်တာနှင်းငွေတစ်ဦးတည်းသာတည်း။

ခုတင်နံပါတ် (၁၀)မှ လူနာကို နောက်တစ်နေ့၌ ခွဲစိတ်ကြ၏။ အဖျားမဝင်ရုံကလေး၊ အူမရောင်ရုံကလေး၊ ဆေးရုံတက်စဉ်က ရောဂါမှတ်တမ်း၌ မပါသော အူသိမ်အနာကို ခွဲစိတ်ကုသ ဖြတ်တောက်ဆက်စပ်ပေးရန် မီရုံကလေး၊ အတိုချုံးဆိုရလျှင် အသက်ကို ကယ်တင်မီရုံကလေး။

"အောင်မြင်ခြင်းကို သားတော်နည့်ဖခင်ရင်း များစွာရှိသည်၊ သို့ရာတွင် ..."

ဤသစ္စာစကားကို စစ္စတာဒေါ်မိုးသူသည် အမှတ်ရမိပြန်၏။

ယင်းအတွေ့အကြုံများကား လွန်ခဲ့သော နှစ်ပတ်အတွင်း၌ စစ္စတာဒေါ်မိုးသူ ကြုံတွေ့ခဲ့ရခြင်းများ ဖြစ်၏။

အော်ပရေးရှင်းဒေးခေါ် သတ်မှတ်ထားသော စနစ်တကျ ခွဲစိတ်ကုသရေးဆိုင်ရာ နေ့များ (အရေးပေါ်ကိစ္စနှင့်မဆိုင်)မှအပ ကျန်နေ့တိုင်းတွင် ဒေါက်တာနှင်းငွေသည် ရောင်းဒ်လှည့်လေ့ရှိ၏။ ရောင်းဒ်လှည့်ခြင်းကို နံနက်ပိုင်း၌ ပြုသည်၊ ရောင်းဒ်

http://www.cherrythitsar.org



လှည့်အပြီး ဆောင်ရွက်စရာများက တသီတတန်းကြီး။

နေ့လယ်ပိုင်း၌ စပယ်ရှယ်လစ်ကလင်းနစ်ခေါ် လူနာများကို အထူးကုဆရာဝန်ကြီးက တွေ့ဆုံလက်ခံစစ်ဆေးသည့် တာဝန်ကလည်း ရှိနေသေး၏။

ဤသည်မှာ အော်ပရေးရှင်းဒေးခေါ်နေ့များမှ လွဲသော် အခြားနေ့တိုင်းတွင် ပြုလုပ်ရိုး ပြုလုပ်စဉ်ဖြစ်၏။

အင်္ဂါနေ့တွင်ကား ရောင်းဒ်လည်း လှည့်ကြရသည်၊ အပတ်စဉ် အစည်းအဝေးလည်း ထိုင်ကြရသည်၊ မွန်းတည့် ဆယ့်နှစ်နာရီကျမှ ကိစ္စပြီးကြ၏။

ယနေ့သည်ကား အလုပ်အထူးများသောအင်္ဂါနေ့။

စစ္စတာသည် နံနက် (၁၂) နာရီခွဲကျော်မှ အခန်းသို့ ပြန်ကာ ထမင်းစားရသည်။

ထမင်းဟင်းများက အေးစက်နေပြီ၊ ပူနွေးမွှေးကြိုင်နေသည် ဖြစ်လေဦး၊ စားချင်ရင် ဝမ်းကမဆာတော့၊ မဆာဟု ပစ်ထားပြန်လျှင် အန္တရာယ်က လာဦးမည်။

ဝမ်းဗိုက်သည် အလွန်အချိန်သိသည်၊ အချိန်တာဝန်သိစွာ အစာကို တောင်းခံတတ်သည်၊ အစာကို ကျေညက်ရန် အဆင်သင့်လည်း ပြုထားတတ်၏၊ သူက တာဝန်ကျေသမျှ လူတို့က တာဝန်မကျေ၊ သို့မဟုတ် လူတို့ပေါ် ဖိစီးခိုင်းနေသော "လူ့တာဝန်"ဟု ခေါ်သည့်အရာက လူတို့ကို တာဝန်ကျေစွာ စားရန်ကို လည်းကောင်း၊ တာဝန်ကျေစွာ အိပ်ရန်ကို လည်းကောင်း ခွင့်မပေး၊ ထိုအခါ ရောဂါရလာကြသည်၊ ယင်းရောဂါအမျိုးမျိုးအနက် အစာအိမ်နှင့် အစာအိမ်၏ မိတ်ဆွေအူသိမ်ခေါ်များသည် ထိပ်ကရောဂါ ရကြသည်။ ရောဂါရလာပြီဆိုပြန်တော့ တာဝန်သိသော မိမိတို့ပင် ခွဲစိတ်ဖြတ်တောက်ခံရသည်။ အစာအိမ်နှင့် အူသိမ်သည်သာ စကားပြောတတ်လျှင် ဤသို့ ရန်တွေ့မည်လော၊ မပြောတတ်။

စစ္စတာဒေါ်မိုးသူသည် ပိုးလိုက်ပြီး၊ အေးစက်ကာ မွှေးကြိုင်ခြင်းကင်းနေပြီ ဖြစ်သော ထမင်းဟင်းများကို စားရ၏။

* * *

# အခန်း (၁၀)

နွေလည်ပိုင်းတာဝန်အတွက် ဝဒ်ဆီ ပြန်လာခဲ့သော စစ္စတာသည် စကြံန်ထောင့်ချိုးတစ်ခု၌ ကလေးလူနာတစ်ဦးကို တွေ့ရသောအခါ ပြုံးလည်း ပြုံးမိသွားသည်၊ ကရုဏာလည်း သက်သွား၏။

ကလေး၏အသက်မှာ ဆယ်နှစ်ခန့်သာ ရှိဦးမည်၊ အထက်ထပ်ရှိ ပလတ်စတစ်ဆာဂျရီဝဒ်ခေါ် အသားသွင်း အသားဆက်နည်းဖြင့် ချို့ယွင်းပျက်ပြားနေသော ကိုယ်အင်္ဂါအစိတ်အပိုင်းတို့ကို ကုသပေးသည့်ဌာနမှ လူငယ်လေးတစ်ဦး ဖြစ်လေသည်၊ လူငယ်လေး၌ ရုတ်တရက်ကြည့်သော် လည်ပင်းမရှိသယောင်ဖြစ်နေ၏။ မေးအောက်ရှိအသားများနှင့် လည်ပင်းသားတို့ကို ဆက်စပ်ကုသမှု မပြီးသေးသောကြောင့် မေးစေ့နှင့် ရင်ဘတ်မှာ တစ်ဆက်တည်းလိုပင် ဖြစ်နေသည်၊ ခေါင်းမှာ ငုံ့ထားသကဲ့သို့ ဖြစ်နေပြီး မျက်လုံးများက မော့လှန်၍ ကြည့်နေသကဲ့သို့ ရှိ၏၊ မျက်လုံးများ၏ အပေါ်မျက်ခွံများ၌ မျက်တောင်မွေးများ မရှိကြ၊ ထို့နည်းတူစွာ မျက်ခုံးမွေးများလည်း မရှိ၊ အောက်မျက်ခမ်းတစ်ဖက်မှာလည်း ပါးနှင့် ဆက်လျက် ရှိနေ၏။ မျက်နှာပြင်မှာ မပြေပြစ်သေးဘဲ အတွန့်အရွန့် အဖုအပိန့်တို့ဖြင့် ပြည့်နေ၏။ သူငယ်လေး၏ အသွင်မှာ ဓာတ်မသိသူတို့ ရုတ်တရက် တွေ့လိုက်ရလျှင် လန့်ဖျပ်သွားနိုင်လေသည်၊ မှန်သည်၊ တစ်ညက ထောင့်ချိုးတစ်ခုတွင် ဤသူငယ် နှင့် ပက်ပင်းပါ တိုးမိသော ဆေးရုံတက်စ မိန်းမလူနာတစ်ဦး ထိတ်လန့်အော်ဟစ် လျက် သတိလစ်လုမတတ် ဖြစ်သွားဖူးသည်။

လူငယ်ကလေးသည် တောင်ပေါ်ဖွား တိုင်းရင်းသားကလေးတစ်ဦးဖြစ်၍ ဝက်ဝံကုတ်ခံရသော မရှုမလှဒဏ်ဖြင့် ဤဆေးရုံကြီးသို့ ရောက်လာခဲ့ရသူကလေး ဖြစ်သည်။ ဤဆေးရုံကြီးမှ ဆရာဝန်တို့သည် သူငယ်ကလေး၏အသက်ကို သေမင်းလက်မှ ခက်ခဲစွာ လုယူခဲ့သည်။ ထို့နောက် ကြောက်မက်ဖွယ် ပျက်ပြားသွားသော ရုပ်ရည်ကို မိမွေးတိုင်း ဖမွေးတိုင်း မဟုတ်စေ၊ ကြည့်ပျော်ရှုပျော် ဖြစ်လာသည်အထိ ဆက်လက်ကုသပြုပြင်ပေးနေရလေသည်။ အချိန်တော့ ကြာမြင့်ဦးမည်။ ယခုပင်

http://www.cherrythitsar.org



ဤသူငယ်ကလေး ဆေးရုံသို့ ရောက်နေသည်မှာ အချို့ဆရာဝန်၊ ဆရာဝန်မများ၏ သက်တမ်းထက်ပင် ရင့်နေပေပြီ။။

အိပ်ရာထက်၌ လဲနေသူလည်းမဟုတ်၊ ကလေးလေး ဖြစ်ပြန်သောကြောင့် သူငယ်ကလေးမှာ အငြိမ်မနေနိုင်၊ ဆေးရုံတစ်ခုလုံး လျှောက်သွားသည်၊ ဆေးရုံတစ်ခုလုံး သူမသိသည်မရှိ၊ ရောက်စလူနာများ၊ လူနာမေးလာသူ ဧည့်သည်များကိုသာမက ပြောင်းလာခါစ ဆရာဝန် ဆရာမများကိုပင် နတ်လမ်းညွှန်လုပ်ကာ ကူညီနိုင်စွမ်း ရှိနေ၏။

ထို့ကြောင့်လည်း ယင်းသူငယ်ကလေးကို မြင်သည်ခဏ၌ စစ္စတာသည် ပြုံးလည်းပြုံးမိ၍ ကရုဏာလည်း သက်မိခြင်းဖြစ်လေသည်။

စစ္စတာကို မြင်သောအခါ သူငယ်လေးသည် သူ၏လက်တစ်ဖက်ကို နောက်သို့ ကွယ်လိုက်၏၊ သူ့လက်အတွင်း၌ ကတ္တီပါဘောလုံးတစ်လုံးရှိမှန်း စစ္စတာက သိပြီးပြီ။

စစ္စတာသည် သူ့ကို ပြုံးပြ၏။ သူငယ်ကလေးက ပြန်မပြုံး၊ ပြန်မပြုံးဟူသော စကားထက် သူ့မျက်နှာကလေး၌ အပြုံးကို မမြင်ရဟူသော စကားက ပို၍ မှန်ပေလိမ့်မည်၊ အကြောင်းမှာ သူငယ်လေး၏ မျက်နှာမှ ကြွက်သားတို့သည် ပြုံးရန်သော်လည်းကောင်း၊ မဲ့ရန်သော် လည်းကောင်း မလှုပ်ရှားနိုင်ကြသေး၊ မျက်လုံးကလေးများကသာ ကြည်လင်ရွှန်းပနေ၏။

စစ္စတာက ချိုသာစွာ ပြုံးလျက် ပြော၏။

"အိုက်စံ၊ ဝဒ်ထဲမှာ သိပ်မဆော့ရဘူး၊ တခြားလူတွေကိုလဲ အနှောင့်အယှက် မပေးရဘူး၊ ကြားလား"

အိုက်စံက ခေါင်းညိတ်ပြ၏။ ခေါင်းတွင်မက ပခုံးရော ရင်ဘတ်ပါ လှုပ်သည်။

ထိုစဉ် ခပ်လှမ်းလှမ်းထောင့်ချိုးကွယ်မှ "အိုက်စံ … အိုက်စံ၊ ဘောလုံးပါသလား၊ ငါ့ကို စောင့်ဦးဟ"ဟူသော ကလေးသံတစ်သံကို ကြားလိုက်ရ၏။ မရှေးမနှောင်းပင် ခြေသလုံးတစ်ဖက်၌ ကျောက်ပတ်တီးစီးထားသော သူငယ်တစ်ဦးသည် ချိုင်းထောက်တစ်ခုကို ထောက်ကာ ထောက်ကာနှင့် ပေါ်လာ၏။

ဤသူငယ်ကမူ စက်ဘီးနှင့် လဲကျရာမှ ခြေသလုံးကျိုးခဲ့သူ ကလေးတစ်ဦးဖြစ်၏။ လူကြီးတစ်ဦး အရိုးကျိုးသော် ဆက်ရန်ကြာ၏။ ဤသူငယ်ကလေး ဆေးရုံတက်ရသည်မှာ (၁၅) ရက်ခန့်သာ ရှိသေးသည်။ ယခုမူ ချိုင်းထောက်အားပြု၍ အိုက်စံနှင့် အတူ တတ်အားသမျှ ပျော်ပျော်ပါးပါး ဆော့နိုင်လေပြီ။

စစ္စတာသည် လက်ညှိုးထောင်ပြပြီး ပြုံးစုစု မျက်နှာထားဖြင့် သတိပေး၏။

"ဒစ်ကီ၊ ဆေးရုံက ဆင်းရခါနီးပြီနော်၊ သိပ်ဆော့လို့ ခြေထောက် ပြန်နာသွားရင် ဒစ်ကီ အကြာကြီး စက်ဘီးပြန်မစီးနိုင်ဘဲနေမယ်"

ဒစ်ကီကမူ ပြုံးပြီး စစ္စတာကို ပြန်ဖြေ၏။

"ဒစ်ကီပျင်းလို့ပါ ဆရာမ၊ ခု နင်က ဆရာမက ပြောတယ်၊ ဒစ်ကီဆေးရုံက

ဆင်းရခါနီးပြီလို့ ဒစ်ကီ ဘယ်တော့ ဆင်းရမလဲ"

ရုတ်တရက်မဖြေဘဲ ဆရာမသည် စဉ်းစားရ၏။ ကလေးတစ်ယောက်ကို မှားယွင်းသော မျှော်လင့်ချက်ကိုလည်း မပေးလို၊ မလိုလားအပ်သော စိတ်ပျက်မှုလည်း မဖြစ်စေလို။

စစ္စတာသည် ပေါ့ပေါ့ဆဆ ဟန်တမင်ပြုပြီး အသာအယာ ရယ်လိုက်၏။

"ဆင်းရမှာပေါ့၊ ဒစ်ကီ မြန်မြန်ဆင်းချင်ရင် ဆရာမတို့ ပြောတဲ့စကား နားထောင်ရမယ်၊ ဆရာဝန်ကြီးပြောတဲ့စကား နားထောင်ရမယ်၊ ဆေးတိုက်ရင် လိမ်လိမ်မာမာ သောက်ရမယ်"

"ဟုတ်ကဲ့ပါ၊ နားထောင်ပါ့မယ်၊ ဒါပေမဲ့ ဒစ်ကီ ဘယ်တော့ ဆင်းရမလဲ"

စစ္စတာသည် တိတ်တိတ်ခိုး သက်ပြင်းရှိုက်လိုက်ပြီး ဆို၏။

"အဲဒါကို ဒစ်ကီ့ဖေဖေနဲ့ မေမေကို ဆရာဝန်ကြီးက ပြောပြလိမ့်မယ်၊ နက်ဖြန်ကို သူတို့လာကြလိမ့်မယ် မဟုတ်လား"

ဒစ်ကီသည် စစ္စတာကို ခေါင်းညိတ်ပြပြီး အိုက်စံဘက် လှည့်၍ပြော၏။

"အိုက်စံမင်းသွားတော့၊ ငါမလိုက်တော့ဘူး"

အိုက်စံသည် ဒစ်ကီ့ကို လှမ်းကြည့်သည်၊ ထို့နောက် စစ္စတာကို လှမ်းကြည့်သည်။

အိုက်စံ၏မျက်လုံးများ၌ ဝမ်းနည်းကြေကွဲမှုကို တွေ့ရသည်။

အိုက်စံသည် ဟန်ဆောင်ရန် မေ့သွားသည့်အလား အနောက်၌ ဝှက်ထားသော လက်ကလေးကို ရှေ့ထုတ်လိုက်၏။

မူလက စစ္စတာ မြင်ခဲ့သည့်အတိုင်း တင်းနစ်ရိုက်ကတ္တီပါ ဘောလုံး အဟောင်းကလေးတစ်လုံးသည် အိုက်စံ၏ လက်တွင်း၌ ရှိနေ၏။

အိုက်စံသည် ဘာမျှမပြောဘဲ စကြ်ံန်အတိုင်း မြောက်ဘက်သို့ ဖြည်းဖြည်းလေးလေး ထွက်ခွာသွားလေသည်။

ဒစ်ကီသည် အိုက်စံသွားရာ လှမ်းကြည့်သည်၊ ထို့နောက် စစ္စတာကိုလည်း မော့ကြည့်သည်၊ ဒစ်ကီ၏ မျက်လုံးများ၌လည်း မျက်ရည်ဝဲနေသည်။

ဒစ်ကီသည် ဖြည်းညင်းစွာဆို၏။

"ဆရာမ အိုက်စံနောက် ဒစ်ကီလိုက်သွားဦးမယ်၊ ဒစ်ကီတို့ ဟိုအောက်ထပ်က ရပ်ရှင်ပြတဲ့ နေရာမှာရှိမယ်၊ အောက်ထပ်ကို ဆင်းဖို့မပူပါနဲ့၊ အိုက်စံက ကောင်းကောင်း ကူတတ်တယ်"

"အိုက်စံ နေဦး၊ နေဦး၊ ငါပါလိုက်မယ်"

ဒစ်ကီသည် ချိုင်းထောက်ကို အားပြုကာ ခုန်ဆွခုန်ဆွဖြင့် အိုက်စံနောက်သို့ လိုက်ပြေးသည်။

စစ္စတာဒေါ်မိုးသူမှာ မနေနိုင်တော့၊ ကလေးနှစ်ဦးနောက်သို့ မပြေးရုံတမယ် လိုက်သွားမိသည်။

http://www.cherrythitsar.org



ကလေးနှစ်ဦး၏ ပခုံးများကို ဖက်ကာ စစ္စတာသည် ချော့မော့စွာဆို၏။

"အောက်ထပ်ရောက်အောင် စစ္စတာကိုယ်တိုင် ပို့ပေးပါမယ်ကွယ်၊ ဒါပေမဲ့ ရုပ်ရှင်ပြတဲ့အခန်းကနေ ကျော်ပြီး ဘယ်ကိုမှ မသွားကြရဘူးနော်"

အလယ်ထပ်မှ အောက်ထပ်သို့ ဆင်းသော လှေကားအတိုင်း ကလေးနှစ်ဦးကို စစ္စတာသည် လိုက်ပို့၏။ အိုက်စံကမူ အခက်အခဲမရှိဘဲ လှေကားမှ ဆင်းနိုင်သည်။ ဒစ်ကီကိုသာ ကူညီတွဲခေါ်လျက် ဆင်းလာရ၏။

ခွဲစိတ်ကုသဌာနကြီး၏ အောက်ဆုံးထပ်နှင့် အုပ်ချုပ်ရေး ပြင်ပလူနာကုသရေးဌာနအဆောက်အအုံကို "ရုပ်ရှင်ပြတဲ့နေရာ"ဟု ဒစ်ကီခေါ်သော ခန်းမကြီးက ဆက်စပ်ပေးထား၏။

ဤခန်းမကြီး၌ ပြတင်းများမရှိ၊ ပြတင်းအစား အင်္ဂတေ"ငါးပါးဟက်" အပေါက်ရှည်ကြီးများ ရှိသည်။

ခန်းမကြီးတွင် ရုပ်ရှင်ပြသသည့်အခါလည်း ပြသသည်၊ ဟောပြောပွဲများ လုပ်သည့်အခါလည်း လုပ်သည်၊ အသင့်အတင့် ကျန်းမာလျက် လှုပ်ရှားနိုင်သူ လူနာများအတွက် ပင်ပေါင်ရိုက်ကစားနိုင်ရန် ခုံလည်းရှိ၏။ လေဟာပြင်သို့ မထွက်ဘဲ အပျင်းဖြေ၊ အညောင်းဖြေနိုင်သော လွတ်လပ်သည့်ခန်းမဖြစ်၏။

ကလေးနှစ်ဦး၏ နဖူးများကို နမ်းပြီး စစ္စတာက မှာကြားသည်။

"အိုက်စံရော၊ ဒစ်ကီပါ ဒီအခန်းထဲကနေ တခြားလျှောက်ဆော့မနေရဘူးနော်၊ တော်တော်ကြာ ဒစ်ကီ့ကို လာခေါ်မယ်၊ ဆရာမကိုယ်တိုင် ဖြစ်ဖြစ်၊ တခြားဆရာမတစ်ဦးဖြစ်ဖြစ်"

အလယ်ထပ်သို့ ပြန်တက်သော လှေကားကွေ့မှ စစ္စတာသည် ငုံ့ကာ လှည့်ကြည့်၏။

အိုက်စံက ဘောလုံးဆော့နေသည်။ ချိုင်းထောက်ပေါ် အားယူရပ်ရင်း ဒစ်ကီက ရယ်မောနေ၏။

အလယ်ထပ် စင်္ကြံအတိုင်း တောင်ဘက်သို့ ပြန်လျှောက်လာရင်း စစ္စတာသည် တစ်စုံတစ်ရာကို ဝမ်းနည်းပန်းနည်း သတိရမိ၏။

"မိုးဟာ မြေကြီးနဲ့ ကင်းကွာတယ်၊ မိုးဟာ လူသားသတ္တဝါတွေကို ကြင်နာသနားလေဟန် စကားပြောတတ်တယ်"

စစ္စတာသည် ခေါင်းကို ခါလိုက်၏။ ဤစကားတို့ကို ပြန်လည် မကြားလိုတော့ပါ။ ဝမ်းနည်းခြင်းဟုပဲ ခေါ်ခေါ်၊ နာကြည်းခြင်းဟုပဲ ခေါ်ခေါ်၊ ညှိုးမှိုင်းသော အကုသိုလ်စိတ်ကို မိမိရင်၌ မထားလိုပါ။

ရင်ကို ကော့လိုက်ကာ မျက်နှာကိုလည်း အတန်မော့လျက် ဆက်လျှောက်လာခိုက် စစ္စတာ၏ နားအာရုံတွင် အခြားစကားများကိုလည်း ကြားယောင်လာ၏။

"ပန်းချီဆွဲတတ်ပြီး ကလေးချစ်တတ်တဲ့ ဆရာမရောက်လာလို့ ကျွန်တော်ကံကောင်းတယ်၊ နာတာရှည်ကလေး,လေးတွေ ရှိတယ် ဆရာမ၊ ခင်များများက

http://www.cherrythitsar.org



စာလဲ မဖတ်တတ်ရှာသေးဘူး”

*

နေ့လယ် နှစ်နာရီကျော်စဖြစ်သောကြောင့် ခွဲစိတ်ကုသရေးဆရာဝန်ကြီး၏ ရုံးခန်းဝ၌ လူနာတို့စုံနေ၏။

အချို့မှာ အတွင်းလူနာအဖြစ် ကုသခံပြီး၍ သက်သာကာ အိမ်ပြန်နေခွင့် ရသော်လည်း ဆရာဝန်ကြီးက အပြီးအပိုင် လက်မလွှတ်နိုင်သေးသည့် လူနာများ ဖြစ်ကြ၏။ အချို့မှာ အရေးပေါ်ဆေးရုံ မတင်ထိုက်သေးသည့်တိုင်အောင် အထူးကု ဆရာဝန်ကြီးနှင့် တွေ့ထိုက်သည်ဟု ယုံကြည်သောကြောင့် ပြင်ပလူနာဌာနမှ ကြိုတင် စီစဉ်လျက် လွှတ်လိုက်သူများ ဖြစ်၏။ အချို့ကား ဆေးရုံစည်းကမ်းကို မသိ၍သော် လည်းကောင်း၊ သိလျက်နှင့် ဆန္ဒစောလွန်း၍သော်လည်းကောင်း၊ ဆရာဝန်ကြီးနှင့် ဖွတ်တွေ့ရန် လာကြသူများ ဖြစ်ကြ၏။

စည်းကမ်းအရ တရားဝင်တွေ့ခွင့်ရှိသူ ပထမလူနာနှစ်မျိုးတို့လက်၌ စာရွက် စာတမ်းများ ပါကြ၏။ တတိယအမျိုးအစားတို့လက်၌ကား ဘာမျှမပါကြ။

လူနာတစ်ဦးသည် အစစ်အဆေးခံပြီး ထွက်လာ၍ မရေးမနှောင်းပင် တံခါးဝ၌ ဆရာမလေးတစ်ဦးပေါ်လာပြီး နံပါတ်စဉ်အရ တရားဝင်လူများကို အမည်နှင့် အသက် တွဲလျက် ခေါ်သည်။

ထိုအခါမျိုးတွင် တရားမဝင်သော လူနာအနက်မှ တစ်ဦးက ဆိုသည်။

“အခုဝင်သွားတဲ့လူက ကျုပ်ထက် နောက်ကျတယ်ဗျ၊ ဒီဆရာမကို ကျုပ် တောင်းပန်လို့မရဘူး”

အခြားတစ်ဦးက အတွေ့အကြုံများသော ပညာရှိဟန်၊ တည်ငြိမ်စွာ ခေါင်း ညိတ်လျက် တောင်းပန်၏။

“စိတ်ရှည်ပေါ့ဗျာ၊ ကျုပ်တို့အသက်က သူတို့လက်ထဲမှာ မဟုတ်လား၊ သည်းခံခြင်းသည် အောင်ရာ၏တဲ့၊ ဟဲ ... ဟဲ”

လူနာတန်မယ့် စိန်ကတ္တီပါအင်္ကျီ ပါတိတ်ထဘီဝတ်လျက် ယိုးဒယားချိတ်ကြိုး ကိုလည်၌ ဆွဲထားသကဲ့သို့ တာချီလိတ်မှ တစ်ဆင့်လာသော လက်ပွေ့အိတ်ကို ကိုင်ကာ တစ်ကိုယ်လုံး မိုးကုတ်ကျောက်များ သီးအောင် ဆင်ထားသည်။ မျက်နှာတွင် မိတ်ကပ် လိမ်းထားသော အသက်လေးဆယ်အရွယ်မိန်းမတစ်ဦးက မဲ့ကာရွဲ့ကာ ဝင်ပြော၏။

“ခဏ္တီစ မနိုင်လို့ သည်းခံခြင်းပေါ့၊ ဒီခေတ်မို့ပေါ့၊ ထွီ၊ ဟိုခေတ်ကဆို ဘယ် ဆေးတိုက်သွားသွား၊ ပိုက်ဆံကို ဟောသလို ဖွေးခနဲပေးလိုက်၊ မပြောလိုက်ချင်ဘူး၊ ဘိလပ်ပြန် ဆရာဝန်ကြီးဆိုတဲ့ ငနဲကို ခြေဆေးခိုင်းတောင် ရတယ်၊ မပြောလိုက် ချင်ဘူး”

စစ္စတာဒေါ်မိုးသူသည် အခန်းဝသို့ ရောက်လာ၏။ “မပြောလိုက်ချင်ဘူး” ဟု ဆိုသူ မချောကြီး၏စကား အပြည့်အစုံကို မကြားချင်ဘဲ အကုန်ကြားလိုက်ရ၏။

အတွင်းလူနာဟောင်းများသည် စစ္စတာကို မှတ်မိကြ၏။ သူတို့က စစ္စတာ

http://www.cherrythitsar.org



ကို လေးစားစွာ နှုတ်ဆက်ကြ၏။ စစ္စတာကလည်း ဖော်ရွေစွာ ပြန်နှုတ်ဆက်ရ၏။

စစ္စတာသည် စောင့်နေသော လူနာပေါင်းစုံတို့၏ မျက်နှာများကို တစ်ချက်ဝေ့ကာ လှမ်းကြည့်လိုက်သည်။

ပြုံးရွှင်စွာ နှုတ်ဆက်ကြသော မျက်နှာများကိုလည်း မြင်ရသည်။ အားငယ်လျက် အားကိုးစွာ မျှော်လင့်ခြင်းဖြင့် ကြည့်နေသော မျက်နှာများကိုလည်း မြင်ရ၏။ ငြူငြူစူစူ၊ သုန်သုန်မှုန်မှုန်ဖြင့် ကြည့်နေကြသော မျက်နှာများကိုလည်း မြင်ရ၏။

ဤမျက်နှာမျိုးစုံကို စစ္စတာအနေဖြင့် ကြုံဖူးလွန်း၍ ရိုးနေပေပြီ။

ဆေးထည့်ခန်းအနီး ခုံတန်းပေါ်၌ ထိုင်နေသူ အမေအိုတစ်ဦးကိုမူ စစ္စတာသည် ထူးထူးခြားခြား သတိပြုမိ၏။

အသက် (၆၀) ခန့်ရှိပြီး ပါးရေတွဲနေ၏။ ပင်နီရင်ဖုံးအင်္ကျီ ဝတ်ထား၏။ ထဘီက အနက်ရောင်ပြောင်တည်း။

အမေအို၏ဘေးတွင် မြေးအရွယ်ကလေးမလေးတစ်ဦး ရှိနေ၏။

အမေအိုသည် စစ္စတာကို ပြုံးပြီး လှမ်းကြည့်၏။ ထို့နောက် ပြုံးပြုံးပင် မျက်နှာလွှဲသွား၏။ ပြုံးပြုံးပင် မျက်နှာကျက်ကို မော့ကြည့်လျက် ငြိမ်နေ၏။

အမေအို၏ အမူအရာသည် လူနာတစ်ဦး၏ အမူအရာနှင့် လုံးဝမတူ၊ တစ်စုံတစ်ရာကို တွေးတောကျေနပ်ဟန်သာ ပေါ်နေ၏။

စစ္စတာသည် ခွဲစိတ်ကုသဆရာဝန်ကြီး၏ ရုံးတံခါးကို အသာဖွင့်ပြီး အတွင်းသို့ ဝင်ခဲ့၏။

ရုံးခန်းအတွင်း၌ ဒေါက်တာနှင်းငွေသည် လက်ထောက်ဆရာဝန်မလေးတစ်ဦးနှင့်အတူအလုပ်များနေ၏။ သူတို့သည် လူနာတစ်ဦးချင်း၏ အခြေအနေကို နှုတ်ဖြင့်လည်း အသေးစိတ်စစ်ဆေးရ၏။ ကိုင်တွယ်စမ်းသပ်ခြင်းလည်း ပြုရ၏။ ရောဂါမှတ်တမ်းဓာတ်မှန် စသည်တို့ကိုလည်း လေ့လာရ၏။

စစ္စတာ ဒေါ်မိုးသူဝင်လာချိန်၌ ဘယ်လက်ကို ကျောက်ပတ်တီးစီးထားသော လူတစ်ဦးသည် ဆရာဝန်ကြီး၏ ရှေ့စားပွဲ၌ ထိုင်နေသည်၊ ဒေါက်တာနှင်းငွေက တာဝန်ကျ ဆရာမလေး လှမ်းပေးသော ဓာတ်မှန်ကို ကြည့်ရှုစစ်ဆေးနေရာ ရှေ့မှ လူနာသည် မျှော်လင့်ခြင်းကြီးစွာဖြင့် ဆရာဝန်ကြီး၏ မျက်နှာကို ငေးကြည့်နေ၏။

ဒေါက်တာက ဓာတ်မှန်မှ မျက်လုံးခွာ၍ သူ့ကို ပြုံးပြီး ကြည့်သောအခါ လူနာသည် မေး၏။

"ကျွန်တော့်အရိုး ဆက်ပြီလားဆရာ"

ဒေါက်တာနှင်းငွေ က မဖြေဘဲ မေးခွန်းသာ ပြန်ထုတ်၏။

"ကျောက်ပတ်တီးစီးထားရတာ ဘယ်လောက်ကြာပြီလဲ"

"နှစ်လတိတိ ဒီနေ့ စေ့တယ်ဆရာ"

ဤလူနာမျိုးသည် အလွန်သေချာ၏၊ ကျောက်ပတ်တီးဖြေရမည့်နေ့ကို လက်ချိုးရေတွက်နေသူမျိုး ဖြစ်၏။ ရောဂါမှတ်တမ်းအရလည်း ယနေ့ နှစ်လတိတိ ရှိ

http://www.cherrythitsar.org



ပေပြီ။

ဒေါက်တာနှင်းငွေသည် မျက်နှာက အပြုံးမပျက်သော်လည်း မသိမသာ မျက်မှောင်တွန့်သွားပြန်သည်၊ ဆုံးဖြတ်ရပြန်ချေဦးမည်။

လူနာသည် အသက်လေးဆယ်ခန့်ဖြစ်၏၊ ကားမှောက်ရာမှ လက်ကျိုးခဲ့သည်၊ ကျိုးသောနေရာမှာ လက်မောင်းဖြစ်၏။ လက်မောင်းရိုးမှာ တစ်ရိုးတည်းဖြစ်သော ကြောင့် တေ့ဆက်ထိန်းပေးထားရန်လွယ်သည်၊ သို့ရာတွင် ကျောက်ပတ်တီးစီးပြီး သောအခါ လှုပ်ရှားမှုအနည်းဆုံးသော အပိုင်းဖြစ်၏။ အရိုးသည် သဘာဝအတိုင်း ပြန်လည်ဆက်နိုင်စွမ်းရှိ၏။ ဆက်နိုင်ရန်စွမ်းအား ရှိရေးအတွက် သွေးမှတစ်ဆင့် ပို့ ပေးသော ဇီဝဗေဒ ရိက္ခာများလို၏။ လှုပ်ရှားနိုင်လျှင် ယင်းရိက္ခာတို့ လျှောလျှော ရှူရှူလမ်းပွင့်ကာ ရောက်လာနိုင်၏။ ယခု ဤအခွင့်အရေးမကောင်းလှ၊ တစ်ဖန် ဤလူနာသည် အရိုးကျိုးရုံသာ ကျိုးသည်မဟုတ်၊ ဒဏ်ရာရစဉ်က ကြွက်သားများ လည်း စုတ်ပြတ်သွားသည်၊ သွေးကြောနှင့် အာရုံကြောအချို့လည်း ပြတ်သွားသည်၊ အခိက သွေးလွှတ်အကြောကြီး လွတ်သွားသည်မှာ ကံကောင်းလှ၏။ သက်ဆိုင်ရာ မြို့နယ်ဆေးရုံလေးတစ်ခုမှ တတ်စွမ်းသမျှ ပြုစုပေးလိုက်ပြီးနောက် ရက်အတန်ကြာမှ ဤဆေးရုံကြီးသို့ ရောက်ရှိလာခဲ့သည်။ ဆေးရုံကလေးမှ တရားဝင် စေလွှတ်ခြင်းကို မစောင့်ဘဲ မိမိသဘောနှင့် မိမိ ရောက်လာသူ ဖြစ်ခြင်းကြောင့်လည်း ဒဏ်ရာနှင့် ပတ်သက်လျှင် မည်သည့်အထောက်အထား အကိုးအကားမပါ၊ ဒေါက်တာနှင်းငွေ တို့သည် သူ၏ ဒဏ်ရာသမိုင်းကို မိမိတို့ဘာသာ စိတ်ရှည်စွာ ပြုစုယူရပြီးမှ ကုသ ရ၏။

သာမန်အားဖြင့်ဆိုသော် တစ်လ၊ တစ်လခွဲအတွင်း၌ အရိုးသည် ဆက်နေသင့် ပြီ၊ ယခု နှစ်လရှိနေပြီ၊ ဤအတိုင်း ဆက်လက်ထားက အရိုးသည်မှု ဆက်သွားမည်၊ အလုပ်မရှိ ငြိမ်နေရသော အာရုံကြောများနှင့် ကြွက်သားများ မစွမ်းမသန်ဖြစ်ပြီး လက်ကောက်သွားနိုင်၏။ အဆုံးအဖြတ်။

ဒေါက်တာနှင်းငွေသည် ဓာတ်မှန်ကို ပြန်ကြည့်၏။ ဓာတ်မှန်ဘက်ဆိုင်ရာ အထူးကုဆရာဝန်ကြီး၏ မှတ်ချက်ကို ဖတ်ကြည့်၏။

ဒေါက်တာနှင်းငွေသည် နေရာမှ ထကာ လူနာ၏ လက်မောင်းကို ကိုင်ကြည့် ၏။

လွန်ခဲ့သော နှစ်ပတ်က လိုအပ်ချက်တစ်ခုအရ ကျောက်ပတ်တီးကို ပခုံးရင်း မှ အောက်ခြောက်လက်မ အနိမ့်အထိ ပိုင်းဖြတ်ပေးပြီးပြီ။

ဒေါက်တာနှင်းငွေသည် ဘယ်လက်ဖြင့် ပခုံးအောက် လက်မောင်းအစကို ကိုင်သည်၊ ညာလက်ဖြင့် ကျောက်ပတ်တီးစီးလျက်ပင် ရှိသေးသော တံတောင်ဆစ် ကို ကိုင်သည်၊ ထိုနောက် အသာအယာ သတိကြီးစွာနှဲ့ ကြည့်၏။ အလွန်သတိကြီး စွာ အလွန်အသာအယာ၊ အလေ့အကျင့်များသော သူ့လက်ဖဝါးနှစ်ဖက်က သိမ်မွေ့ သောအာရုံသတင်းများကို သူ့ဦးနှောက်ဆီ သစ္စာရှိစွာ ပို့ပေးနေကြ၏။

http://www.cherrythitsar.org



ဒေါက်တာနှင်းငွေသည် အနည်းငယ် ပြင်ပြီး နှဲ့ကြည့်၏။ လူနာကမူ ငြိမ်မြိငြိမ်နေ၏။

"နာသလား"

"နည်းနည်းလေးတော့ ဟိုဒင်း တစ်မျိုးဖြစ်တယ် ဆရာ၊ သိပ်တောမနာပါဘူး"

နှင်းငွေ၏ ဉာဏ်မျက်စိတွင် ချွဲချွဲတွဲတွဲ ဆက်စပ်ခဲ့ပြီဖြစ်သော အရိုးနှစ်ခုကို မြင်လာ၏။ ဆွဲဖြုတ်သည့်တိုင်အောင် ချွဲနှဲ့တင်းခံနိုင်လေပြီ။

နှင်းငွေသည် မိမိ၏ ကုလားထိုင်၌ ထိုင်လိုက်ပြီး တည်ငြိမ်စွာ ဆို၏။

"ဒီနေ့ ပီအိုပီ (ကျောက်ပတ်တီး) ဖြေပေးလိုက်မယ်၊ ပြီးတော့ ဟတ်ဖ်ပီအိုပီ (ထိန်းရုံကိုင်ထားသော ကျောက်ပတ်တီး) လုပ်ပေးလိုက်မယ်၊ လက်မောင်းကို လှုပ် ဖို့ သိပ်မကြောက်နဲ့၊ လှုပ်သင့်သမျှ လှုပ်ပါစေ၊ သွေးသွားသွေးလာ မှန်ပြီး ကောင်း သွားမယ်၊ နောက်တစ်ပတ်မှာ အားလုံး ဖြုတ်ပေးမယ်၊ မသိမသာလေး လက်ကကွေး နေမယ်၊ မစိုးရိမ်နဲ့၊ အရိုးအားရှိလာအောင်ကော ကြွက်သားတွေ ပုံမှန်လာအောင်ရော ရူပဗေဒကုသခန်းကို ကျွန်တော် လွှတ်ပေးပါ့မယ်"

နှင်းငွေသည် လက်ထောက်ဆရာဝန်မလေးဘက် လှည့်၍ အင်္ဂလိပ်ဘာသာ နှင့် ပြော၏။ ဆရာဝန်မလေးက ပုံစံစာရွက်တစ်ခုပေါ်၌ လက်ရေးကဲ့များဖြင့် လိုက် ရေးမှတ်တမ်းပြု၏။

နှင်းငွေက တာဝန်ကျဆရာမလေးဘက် လှည့်လိုက်သည်၊ ဆရာမလေး၏ အနီး၌ ရပ်နေသော စစ္စတာကိုပါ မြင်သွား၏။

"သြော် ... စစ္စတာပါ ရောက်နေတာကိုး၊ ဒါဖြင့် တစ်ခု ကျွန်တော့်ကို ကူပါ"

"အမိန့်ရှိပါ ဒေါက်တာ"

နှင်းငွေသည် စစ္စတာ၏ မျက်နှာကို တစ်ချက်ကြည့်မိ၏။

စစ္စတာ၏ မျက်နှာသည် ဖြူဝင်းလှပနေ၏။ သန့်စင်ကာ ကြွေလည်းပြည့် နေ၏။ မိမိကို ဒီက မောင်ဟု မခေါ်သည်မှာ ပြန်တွေ့စတုန်းက နှစ်ဦးသဘောတူ စာချုပ်အတိုင်းဖြစ်၏။ နှင်းငွေသည် စစ္စတာကို လေးစားစွာ ကြည့်ပြီး ဆို၏။

"ဒီလူနာကို ခွဲစိတ်ခန်းကို ခေါ်သွားပါ စစ္စတာ၊ ဒီက ဒရက်ဖင်းရှမ်းမှာ တွင် မပြီးဘူး၊ ဒရက်ဇာကိုလဲ ခေါ်သွားပါ၊ ခွဲစိတ်ခန်းက စစ္စတာခွင့်ယူထားတယ်၊ ဒီတော့ စစ္စတာပဲ ကူညီပါ၊ ဟတ်ဖ်ပီအိုပီကိုင်မယ်၊ အခုလက်ရှိ ပီအိုပီကို ဖြုတ်ထား နှင့်ပါ၊ အားလုံး အဆင်သင့်ဖြစ်ရင် ကျွန်တော့်ကို လာခေါ်ပါ၊ ဟတ်ဖ်ပီအိုပီကို ကျွန်တော်ကိုယ်တိုင် လာကိုင်ပေးမယ်"

စစ္စတာဒေါ်မိုးသူသည် ပြုံးလျက် ခေါင်းညိတ်ပြပြီး လူနာဘက်သို့ လှည့်ကာ ခေါ်သည့် အမူအရာကို ပြ၏။ လက်ထောက်ဆရာဝန်မလေး ရေးပေးသော ပုံစံ စာရွက်ကို လှမ်းယူပြီး လူနာသည်လည်း စစ္စတာ့နောက် လိုက်လာခဲ့၏။

ဒရက်ဖင်းရှမ်းခေါ် ဆေးထည့်ပြုစုခန်းမှ ဒရက်ဇာ (ယောကျ်ားသူနာပြုဆရာ) ကို

http://www.cherrythitsar.org



စစ္စတာ ဝင်ခေါ်ပြီး ပြန်ထွက်အလာ၌ ခုံတန်းပေါ်တွင် ထိုင်နေသော ပင်နီရင်ဖုံး အင်္ကျီ ထဘီအနက်နှင့် အမေအိုကို မြင်မိပြန်သည်။

အမေအိုကလည်း ပြုံးပြီး စစ္စတာကို ကြည့်ပြန်သည်၊ ဤအကြိမ်တွင် စစ္စတာသည် အမေအို၏ အပြုံးကို အနီးကပ် မြင်ရသောကြောင့် အပြုံး၌ စင်ကြယ်ခြင်းကို သေချာစွာ မြင်ရသည်၊ ပီတိနှင့် ဝမ်းသာမှုကိုလည်း ကြည်လင်စွာ တွေ့ရ၏။

စစ္စတာသည် အမေအိုကို စကားပြောချင်စိတ် ပေါ်လာသောကြောင့် အနီးသို့ ကပ်သွားပြီး မေး၏။

"အမေ ဘာအကူအညီလိုလို့ပါလဲရှင်"

အမေအို၏ အပြုံးသည် ပိုမို ကျယ်ဝန်း ကြီးမားသွား၏။

အမေအိုသည် စစ္စတာ့ကို တိုက်ရိုက်မဖြေသေးဘဲ သူ့ဘေးရှိ အပျိုအရွယ်မြေးမလေးကို အလျင်ပြော၏။

"ကဲ ... အဘွားမပြောမဟုတ်၊ ဆရာ ... ဆရာမဆို နှလုံးကောင်းပေရိုး၊ မပြောမဟုတ်"

အမေအိုသည် ဆရာ၊ ဆရာမဟူသည်ကို ရကောက်သံအပီအသနှင့် ပြောကြောင်း စစ္စတာက သတိပြုမိသည်။ အသံကလည်း ဝဲသည်၊ ပေါရာဏဆန်သော ပြောပုံမှာလည်း နှစ်သက်ဖွယ်တည်း။

ခေတ်မြန်မာ အဝတ်အစားကို ဝတ်ထားသော မြေးပျိုမကမူ သိသာစွာ ရှက်ရွံ့ရွံ့ဖြစ်နေ၏။

အမေအိုသည် ဆရာမဘက်သို့ လှည့်လိုက်ပြီး ပီတိလွှမ်းသော အပြုံးကြီးကို ပြုံးပြန်၏။

"ဆရာမက အမေခေါ်သာ၊ မီးလိုမေတ္တာရပ်သား၊ ဆရာဝန်ကြီးကို အတွေ့ချင်သား၊ မတွေ့မဟုတ်၊ မဟုတ်လေလား"

စစ္စတာသည် ပြုံးလျက်ရပ်ရင်း အမေအို၏ စကားများကို စဉ်းစားကြည့်သည်၊ အတိအကျ နားလည်သည်တော့မဟုတ်၊ ဆရာဝန်ကြီးကို တွေ့ချင်ကြောင်း ပြောနေမှန်းမူ သဘောပေါက်၏။

"ဆရာဝန်ကြီးနဲ့ တွေ့ဖို့ အမေ့မှာ လက်မှတ်ပါပြီလား"

"လက်မှတ်မရ၊ မရှိ၊ အတောင်းလေသား၊ မပေးလေသား"

"အမေ ဘယ်မှာ လက်မှတ်တောင်းပါသလဲ"

ဤအကြိမ်တွင်မူ အမေအိုသည် မြေးပျိုမလေးထံ လှည့်ပြီး စကားပြော၏။ အမေအိုပြောသော စကားမှာ မြန်မာစကားတစ်မျိုးဖြစ်သော်လည်း စစ္စတာဒေါ်မိုးသူ တစ်လုံးမျှ နားမလည်။

မြေးပျိုမကလေးက အလွန်အားနာသောဟန်၊ မရဲမဝံ့ အသံဖြင့် စစ္စတာကို ပြန်ပြောပြ၏။ သူ့အသံကလေးမှာလည်း ချစ်ဖွယ်ဝဲဝဲလေးတည်း။

"အဘွားက ဟို အောက်ထပ်က ပြင်ပလူနာကုဌာနမှာ သုံးခါလက်မှတ်

http://www.cherrythitsar.org



တောင်းဖူးတယ်တဲ့”

အမေအိုသည် ပြုံးရယ်ပြပြီး လက်သုံးချောင်း ထောင်ပြ၏။ စစ္စတာကလည်း ပြုံးလျက်ပင် နားလည်ပါကြောင်း ခေါင်းညိတ်ပြရ၏။

မြေးပျိုမလေးက ဆက်လက်ရှင်းပြ၏။

“အဲဒီက လူတွေက ခွဲစိတ်ကုသ အထူးဆရာဝန်ကြီးနဲ့ တွေ့ဖို့မလိုဘူး ဆိုပြီး လက်မှတ်ရေးမပေးကြဘူးတဲ့”

အမေအိုသည် ခေါင်းညိတ်ပြပြန်၏။ စစ္စတာကလည်း နားလည်ပါကြောင်း ခေါင်းညိတ်ပြလိုက်ပြန်ရပြီးနောက် မြေးပျိုမလေးကိုသာ မေးရ၏။

“အဘွားရဲ့ ရောဂါက ဘာရောဂါလဲ ညီမ”

“အဲဒါ ကျွန်မ မသိဘူး”

“အို ... မင်းမသိဘူး”

“ဟုတ်ကဲ့ရှင့်၊ အရင်အခေါက်တွေတုန်းက ကျွန်မ မပါဘူး၊ အဘွားဘာသာလာတာ၊ အဘွားက မြွေပွေးရွာမှာ နေပါတယ်၊ ကျွန်မက ဟဲယားရွာမမှာနေပါတယ်။ ဒီတစ်ခေါက်ကျမှ ကျွန်မ လိုက်လာတာပါ”

မြွေပွေးရွာ၊ ဟဲယားရွာမ၊ ဤရွာနာမည်များက ဆရာမအတွက် အသစ်အဆန်းဖြစ်နေသည်။

ဆရာမသည် ရိုးသားစွာ ပြုံးပြီး ဝန်ခံရင်း မေးသည်။

“ညီမ ဒီကို ဆရာမ ရောက်တာ မကြာသေးဘူး၊ မသိလို့ မေးမယ်၊ ဒီတောင်ကြီးမြို့အနားက ရွာတွေက လာတာလား”

“ဟင့်အင်း၊ အင်းထဲက လာတာပါ”

စစ္စတာသည် စဉ်းစားရပြန်၏။ အင်းလေးကိုတော့ မရောက်ဖူးသော်လည်း ကြားဖူးပြီ၊ အင်းလေးမှ မော်တော်စီးကာ ညောင်ရွှေသို့ လာရသည်၊ ညောင်ရွှေမှ ကားစီးပြီး တောင်ကြီးသို့ လာရ၏။ ဤမျှကိုမူ စစ္စတာ ဗဟုသုတရှိခဲ့ပြီ၊ အဘွားသည် ရေတစ်တန် ကုန်းတစ်တန်ဖြတ်ကာ ဤစဝ်စံထွန်းဆေးရုံကြီးသို့ သုံးကြိမ်ရောက်ခဲ့ပြီးပြီ သိရ၏။ အဘွား၏ ကိစ္စသည် မည်မျှအရေးကြီးပါသနည်း။

စစ္စတာသည် အပြုံးမပျက်သော်လည်း တည်ကြည်စွာဖြင့် မြေးပျိုမကို ကြည့်လျက်မေး၏။

“ညီမရဲ့ အဘွားမှာ ဘာရောဂါရှိမှန်း ညီမ တကယ်မသိဘူးလား”

စကားပြောခဲ့သည်မှာ အတန်ကြာပြီ ဖြစ်သောကြောင့် သူငယ်မလေး၌ ရှက်ရွံ့မှုလည်း အတန်ကင်းသွားပြီ၊ သူငယ်မလေးသည် ရိုးသားလှသော လေသံဖြင့် ဖြေ၏။

“အဘွားကို ကျွန်မတို့ ကြောက်ရွံ့ရိုသေရပါတယ် ဆရာမ”

ဤစကားကို ကြားရသောအခါ စစ္စတာသည် ကြည်နူးနှစ်သက်မိသွား၏။

“အဘွားကို ကြောက်ရွံ့ရိုသေတဲ့ ညီမကို ဆရာမ ချီးမွမ်းပါတယ်၊ သာဓုလဲ

http://www.cherrythitsar.org



ခေါ်ပါတယ်၊ ညီမ ဆက်ပြောကွယ်”

သူငယ်မလေးသည် မျက်လုံးလေးများ ဝန်းဝန်းလည်ပြီး ပြန်မေး၏။

“ကျွန်မ ဘာဆက်ပြောရမှာလဲ ဆရာမ”

“ဩော် ... ဒုက္ခပဲကွယ်၊ မင့်အဘွားဟာ ဘာရောဂါကြောင့် ဆရာဝန်ကြီးကို တွေ့ချင်ရတာလဲ၊ ညီမ တကယ်မသိဘူးလား”

သူငယ်မကလေးသည် စိတ်ပျက်အားငယ်စွာ ခေါင်ခါ၏။

“ကျွန်မ တကယ်မသိပါဘူး၊ ဒီတစ်ခေါက်မှပဲ၊ ကျွန်မလိုက်ခဲ့ရတာပါ၊ စကားပြန်ပေးဖို့ မဟုတ်ဘူး၊ ပြုစုဖို့ပါ၊ အဘွားက ဆရာဝန်ကြီးနဲ့ မတွေ့မချင်း တောင်ကြီးက မပြန်တော့ဘူးတဲ့၊ ဆရာဝန်ကြီးနဲ့ပဲ သူစကားပြောမယ် တဲ့”

သူငယ်မ၏ စကားကို ထောက်ခံကြောင်း အမေအိုသည် ခေါင်းကို သုံးကြိမ် ညိတ်ပြ၏။

စစ္စတာသည် အမေအိုကို ကြင်နာစွာ ကြည့်သည်။ ဘာကြောင့်မသိ ဤ အမေအိုကို စစ္စတာသည် ကြင်နာမိလေပြီ။

စစ္စတာသည် ကြင်နာလှစွာသော လေသံဖြင့်ပင် စကားပြော၏။

“သက်ဆိုင်ရာက ထောက်ခံထားတဲ့ လက်မှတ်မပါဘဲ လာတဲ့ လူနာတွေကို မကြည့်နိုင်ဘူးလို့ ဆရာဝန်ကြီးမှာ ငြင်းခွင့်ရှိပါတယ်၊ စည်းကမ်းပါပဲ အမေ၊ ဒါပေမဲ့ ကျွန်မတို့ရဲ့ ဆရာဝန်ကြီးဟာ စောစောက အမေပြောသလိုပဲ နှလုံးကောင်းပါတယ်၊ စည်းကမ်းနဲ့ ညီတဲ့ လူနာတွေကို ကြည့်ပေးပြီးရင် ကျန်တဲ့လူတွေကိုလဲ သူကြည့် ပေးတတ်ပါတယ်၊ အမေစောင့်ပါ”

အမေအိုက ပြုံးပြုံးကြီး ပြန်ပြော၏။

“စောင့်ပါ၊ အိုး ... မစောင့်ပါသကော”

အမေအိုသည် ဟက်ဟက်ပက်ပက် ရယ်မော၏။ ရယ်မောရင်းလည်း မှတ် ချက်ချ၏။

“အဘွားမပြောမဟုတ်၊ ဆရာ၊ ဆရာမဆို နှလုံးကောင်းပေရိုး မပြောမဟုတ်”

အမေအိုသည် စကားအဆုံး၌ ရယ်ခြင်းကိုလည်း ရပ်လိုက်ပြီး စစ္စတာကို လက်ညှိုးထိုးလျက် ဆို၏။

“ဆရာမလှကလား”

“ရှင်”

“ဆရာမလှကလား၊ မျက်နှာလှကလား၊ အသားလှကလား၊ နားလေလှ ကလား”

အမေအို၏လက်သည် စစ္စတာ၏နားကို မကိုင်ရုံတမယ် မြောက်လာ၏။

စစ္စတာသည် အသာနောက်ဆုတ်လိုက်သည်၊ စစ္စတာ၏ ပါးတို့သည် နီရဲ လာ၏၊ ရင်မှာလည်း ခုန်လာ၏။ လက်တစ်ဖက်နှင့်လည်း မိမိ၏ နားကို ပြန်ကိုင် မိ၏၊ နား၌ ဆင်ထားသော နားကပ်ကို စမ်းမိ၏။

http://www.cherrythitsar.org



စစ္စတာသည် အပြုံးနှင့်အမဲ့ ရောသော မျက်နှာမူရာဖြင့် အမေအိုကို နှုတ်ဆက်ခဲ့ပြီး ခွဲစိတ်ကုသရေးဆိုင်ရာ ခန်းမကြီးသို့ လျှောက်လာခဲ့သည်။

"မိုးမှာ နားပေါက်ရှိပြီ၊ နားကပ်ဆင်ထားတာကိုတော့ မောင် သဘောကျမိတယ်၊ မိုးရဲ့ ရုပ်ရည်က ဘယ်လိုရှိရှိ၊ မိုးဟာ မြန်မာဆန်တယ်"

တမလွန်ဘဝမှ ပြန်လာသော စကားသံများကို ကြားရသည့်ပမာ စစ္စတာ၏ ရင်၌ ခံစားရသည်။

မဟုတ်ပါ၊ တမလွန်ဘဝမှ မဟုတ်ပါ၊ အတိတ်ဘဝမှသာ ဖြစ်ပါ၏။ မောင့်ကို တမလွန်ဘဝ၌ ရှိလေပြီဟု မောင့်ရဲ့ မမိုးသူ မထင်ဝံ့ပါ၊ မထင်ချင်ပါ။

စစ္စတာသည် ခွဲစိတ်ခန်းမကြီးနှင့် ကပ်လျက်ရှိသော အခန်းငယ်တစ်ခုသို့ ရောက်လာ၏။

အဆင်သင့်ရှိနေသော ဆရာမလေးတစ်ဦးကို ပီအိုပီ ကိုင်ရန်အတွက် လိုအပ်သည်ကို စစ္စတာက ညွှန်ကြားသည်၊ ဆရာမလေးက ရှေ့ဆက်လုပ်၏။

ကုလားထိုင်တစ်လုံးထက်၌ စောစောက လက်ကျိုး လူနာသည် ထိုင်လျက်ရှိ၏။

နဖူးကျယ်ကျယ်၊ ဆံပင်ပါးပါး၊ မေးရိုးခိုင်ခိုင်၊ ဂင်တိုတိုဗလကောင်းသည့် ကရင်လူမျိုးတစ်ဦးမှန်း သိသာသော ဒရက်ဇာသည် အပြားကြီးအသွားထက်သော်လည်း အလျားတိုသည် လွှတစ်ခုနှင့် ကျောက်ပတ်တီးကို ကျင်လည်စွာ ခွဲစိတ်ဖြတ်တောက်၏။

ခွဲစိတ်ဖြတ်တောက်ရင်းလည်း မေးသေး၏။

"လှုပ်တော့နာသလား"

လူနာက ဖြေသည်။

"မနာပါဘူး"

"မနာရင် ခင်ဗျားရယ်တော့ပေါ့၊ ခင်ဗျားလက် ဆက်ပြီပဲ၊ မဆက်ဘဲနဲ့ ကျွန်တော်တို့ ဆရာကြီးက ဘယ်တော့မှ ပီအိုပီကို မဖြည်ခိုင်းဘူး"

"ဟုတ်ကဲ့"

"ပီအိုပီကို ဖျက်ပေးရတာ တော်တော်ခက်တယ်၊ ကျောက်ကို လွှနဲ့ တိုက်တာ တချို့က လွယ်မယ်ထင်တယ်၊ မလွယ်ပါဘူး၊ ကျွန်တော်ကတော့ လုပ် နေကျပဲ၊ ဒါမျိုးကို ဆရာကြီးကလဲ ကျွန်တော့်ကိုပဲ လွှဲတတ်တယ်ဗျ၊ ဘာဖြစ်လို့လဲ သိလား"

"ခင်ဗျာ ... ဟင့်အင်း"

ဒရက်ဇာသည် လွှကို ချလိုက်၏။ အင်္ကျီလက်မောင်းကို ပင့်ပြီး လက်မောင်းကြွက်သားများကို ညှစ်ပြ၏။ သန်စွမ်းမှန်းသိသာလှသော လက်မောင်းကြီးများ ဖြစ်ကြ၏။ ဒရက်ဇာသည် သူ၏ လက်ဖဝါးများနှင့် လက်ချောင်းများကို ပြပြန်၏။ လက်ချောင်းများသည် ပြည့်ဖြိုးတုတ်ခိုင်၏။

http://www.cherrythitsar.org



လူနာက စစ္စတာကို လှမ်းကြည့်၏။ စစ္စတာ၏ မျက်နှာသည် အားကိုးယုံကြည်ဖွယ်ရာ တည်ငြိမ်အေးချမ်းနေ၏။

ခွဲစိတ်ဖြတ်တောက်မှုပြီးသော ဒရက်ဇာသည် ကျောက်ပတ်တီးကို ဆွဲဖြဲခွာ၏၊ သူ့လက်မောင်းကြီးများသည် လည်းကောင်း၊ သူ့လက်ချောင်းကြီးများသည် လည်းကောင်း၊ အပြင်းအထန် အလုပ်လုပ်နေကြ၏။ အပြင်းအထန်ဆိုရာ၌ ကြမ်းတမ်းစွာဟု မဆိုလို၊ သတိကြီးစွာ အားစိုက်ရခြင်းကိုသာ ဆိုလိုသည်။

ဒရက်ဇာ၏ နဖူး၌ ချွေးများ သီးနေ၏။

ကျောက်ပတ်တီးတစ်ခုလုံး ပြေသွားပြီ၊ ကျောက်ပတ်တီးအခွံ အကာတို့ကား လုံးဝမကွာသေး။

ဒရက်ဇာက စစ္စတာကို လှမ်းကြည့်သည်။

စစ္စတာသည် ကွဲဟနေသော ကျောက်ပတ်တီးကြား လက်သွင်းပြီး လက်မောင်းကို ဆုပ်ကိုင်ကြည့်၏။

လက်မောင်းသည် အတန်အေးစက်နေသည်၊ သို့ရာတွင် သွေးဆင်းမှုကို စစ္စတာ စမ်းသပ်မိ၏။

စစ္စတာက အမိန့်ပေးသည်။

"ဒရက်ဇာ ဒီအတိုင်းခဏထား၊ ဆရာကြီးကို ကျွန်မ သွားခေါ်မယ်"

စစ္စတာ ဒေါ်မိုးသူသည် ဆရာဝန်ကြီး၏ အခန်းဆီ ပြန်လျှောက်လာခဲ့သည်။

ဆရာဝန်ကြီး၏ အခန်းတွင်းသို့ စစ္စတာဝင်မိချိန်၌ စမ်းသပ်ခုတင်ပေါ်တွင် အသက်ငါးဆယ်ခန့်ရှိ မိန်းမကြီးတစ်ဦးသည် ထိုင်နေ၏။ ထိုင်ရင်း မိန်းမကြီးသည် အင်္ကျီပြန်ဝတ်လျက် ကြယ်သီးတပ်နေ၏။

ထိုမိန်းမကြီးသည် ရှေးဆန်ဆန်ဆံပင်ကို ဘီးကျော်ပတ်ပတ်ထား၏၊ မျက်လုံးများသည် ကြည်လင်ရုံမက စူးရှရဲရင့်၏၊ အသားအရေသည် အလွန်ဝါဝင်း၏၊ နှာခေါင်းရိုးက မြင့်သည်၊ နှာခေါင်းအောက်နှုတ်ခမ်းထက်တွင် နှုတ်ခမ်းမွေး မရေးတရေး ရှိ၏။

ယင်းမိန်းမကြီးသည် ရဲရင့်တည်ငြိမ်စွာပင် ဆရာဝန်ကြီး၏ စားပွဲရှေ့ ကုလားထိုင်ဆီ လျှောက်လာပြီး ဝင်ထိုင်၏။

ဒေါက်တာနှင်းငွေက အခန်းတွင်းရှိ ကြွေခွက်ခံ ရေတိုင်၌ လက်ဆေးနေ၏။

စစ္စတာဒေါ်မိုးသူသည် စားပွဲအနီးရှိ ဆရာဝန်မကလေးနှင့် ယှဉ်လျက် ရပ်လိုက်၏။

နှုတ်ခမ်းမွေးရေးရေးရှိသော မိန်းမကြီးသည် စားပွဲပေါ်ရှိ လက်ဆွဲအိတ်ကို ယူကာ ဖွင့်လျက် စီးကရက်တစ်ဘူးနှင့် မီးခြစ်ကို နှိုက်ထုတ်၏။

ပါးစပ်တွင် စီးကရက်ကို ခဲလိုက်ပြီးမှ သတိရဟန် ဆရာဝန်မနှင့် စစ္စတာကို ကြည့်ပြီးမေး၏။

"စီးကရက် ဒီထဲမှာ သောက်နိုင်ပါသလား"

ဆရာဝန်မကလေးက ဖြေ၏။

"သောက်နိုင်ပါတယ် အန်တီ"

အမျိုးသမီးကြီးသည် ပါးစပ်မှ စီးကရက်ကို ချွတ်လိုက်ပြီးနောက် ကျောင်းသူလေးကို ကြည့်သော ဆရာမကြီး၏ အကြည့်ဖြင့် ဆရာဝန်မလေးကို ကြည့်၏။ မျက်လုံးများကို အသာမှေးပြီး ဆို၏။

"အန်တီလို့ မခေါ်စေချင်ဘူး ကလေးမရဲ့"

"ရှင်"

အမျိုးသမီးကြီးသည် သူ့ဘာသာသူ ကျေနပ်စွာ ရယ်လိုက်ပြီး ဆက်ပြော၏။

"အန်တီလို့ မခေါ်စေချင်ဘူး၊ ဒါဖြင့် အစ်မ၊ အစ်မကြီး၊ မမ ဒီလိုခေါ်ရမလား၊ ဟင့်အင်း ... ၊ မကြိုက်ဘူး၊ ဒေါ်ဒေါ်လို့ပဲ မြန်မာလိုခေါ်ကွယ်"

နောက်ဆုံးစကားသံသည် ချိုသာ၏၊ ပြုံးလိုက်ပုံမှာလည်း ခွင့်လွှတ်သော ကျောင်းဆရာမကြီး၏ အပြုံးမျိုးတည်း။

အမျိုးသမီးကြီးသည် စီးကရက်ကို မီးညှိဖွာ၏။ မီးခိုးများကို မှုတ်ထုတ်လိုက်ပြီး ထူထဲလှသော မျက်မှောင်များကို တွန့်ကာ ဆရာဝန်မလေးနှင့် စစ္စတာကို မေးခွန်းထုတ်ပြန်၏။

"စီးကရက်သောက်တတ်ကြသလား"

ဆရာဝန်မလေးနှင့် စစ္စတာက ခေါင်းခါပြကြ၏။

အမျိုးသမီးကြီးသည် အလွန်ကျေနပ်သွားဟန်ပြော၏။

"ကောင်းတယ်၊ ကောင်းတယ်၊ မြန်မာအမျိုးသမီးနဲ့ စီးကရက်ဟာ မလိုက်ဘူး၊ နို့ဒေါ်ဒေါ်ကတော့ ဘာလို့ သောက်သလဲမေးမယ်၊ ဒေါ်ဒေါ်က ရုပ်ကမိန်းမ စိတ်က ယောကျ်ား၊ အလုပ်ကစာရေးဆရာ၊ အဲ ... စာရေးဆရာမ၊ စာရေးတဲ့လူ ဆိုတာ ဟိုလူဒီလူတွေကို ပညာပြသြဇာပေးချင်တယ်၊ ကိုယ့်ကိုယ်၌မှာတော့ ချွတ်ယွင်းချက်ကလေးတွေ အပြည့်နဲ့ချည်းပဲ၊ ဟဲ ... ဟဲ"

လက်သုတ်ပြီးသော ဒေါက်တာနှင်းငွေသည် စားပွဲ၌ဝင်ထိုင်၏။ ထို့နောက် သတိရဟန် အမျိုးသမီးကြီးကို ဆရာဝန်မလေးနှင့် စစ္စတာသိရန် မိတ်ဖွဲ့ပေး၏။

"ဟောဒီဒေါ်ဒေါ်က စာရေးဆရာမကြီး ဒေါ်မျိုးမိခင်။ ဆရာမတို့ ကြားဖူးကြမှာပေါ့"

ဆရာဝန်မလေးက ပြုံးရုံသာ ပြုံးကြည့်နေ၏။ စစ္စတာကမူ ခေါင်းညိတ်ပြရင်း အထူးစိတ်ဝင်စားသွားမိ၏။

မိမိငယ်စဉ်ကတည်းက ဒေါ်မျိုးမိခင်၏ စာများကို ဖတ်ဖူးသည်။ အမျိုးသားလွတ်မြောက်ရေးနှင့် ပတ်သက်သော ဝတ္ထုများနှင့် ဆောင်းပါးများဖြစ်ကြ၏။ ရဲရင့်ပြောင်မြောက်လွန်းသောကြောင့် အချို့က ဒေါ်မျိုးမိခင်ဆိုသည်မှာ မိန်းမကလောင်အမည်ယူထားသော ယောကျ်ားတစ်ဦး ဖြစ်သည်ဟုပင် အထင်မှားခဲ့ကြဖူးသည်။ ယခု ဤအမျိုးသမီးကြီးကို ကိုယ်တိုင်တွေ့ဖူးလေရပြီ။

အမျိုးသမီးကြီးက ဒေါက်တာ နှင်းငွေနှင့် စ စကားပြော၏။

http://www.cherrythitsar.org



"ကဲ ... ဆရာကိုနှင်းငွေရေ အဟဲ ... ဟဲ ... ။ ဆရာကိုနှင်းငွေဆိုလို့ မရှိမသေခေါ်တာ မဟုတ်ဘူးနော်၊ နှင်းငွေဆိုတဲ့ နာမည်က ဒေါ်ဒေါ့်နှုတ်မှာ ချိုပြီးရင်မှာ အေးတယ်"

"ကျွန်တော့်ကို ဒေါ်ဒေါ် ကြိုက်သလို ခေါ်နိုင်ပါတယ်"

"သိပါတယ်လေ၊ ဒါပေမဲ့ ဆက်ပြောရဦးမယ်၊ နှင်းငွေဆိုတဲ့ နာမည်ဟာ ယောကျ်ားတစ်ယောက်အတွက် နုနေသလိုပဲ၊ ဥပမာ စစ်ဗိုလ်တစ်ယောက်သာ ဒီနာမည်ယူထားရင် တစ်မျိုးကြီးပဲ၊ ဗိုလ်နဲ့ နှင်းငွေဆိုတာ မအပ်စပ်ဖူး၊ ဆရာဝန်နဲ့တော့ အလိုက်သား၊ ကဲ ... ဆရာကိုနှင်းငွေ ဒေါ်ဒေါ့် အခြေအနေက ဘယ်လိုလဲ"

"အားလုံးကောင်းသွားပါပြီ ဒေါ်ဒေါ်"

"အားလုံးကောင်းသွားပြီ ဆိုတာတော့ မဖြစ်နိုင်တော့ဘူး၊ တစ်ခုက မစိုပြည်၊ နဂိုနေ ပျက်ယွင်းသွားပြီ မဟုတ်လား၊ ရှေးကစာဆိုကြတယ်၊ ဖုန်းကညာတစ်ပါး လုံးရာကပြားသတဲ့၊ ဒေါ်ဒေါ့်အဖြစ်ကလဲ ဒီအတိုင်းပဲ၊ ဖုန်းကညာ၊ နှလုံးပါ၊ တစ်လုံးမှာ ခုတော့ဖြင့် ပြား ... ဟား ... ဟား"

စစ္စတာသည် ဒေါ်မျိုးမိခင်၏ ရောဂါမှတ်တမ်းဆီ မျက်လုံးရောက်သွား၏။ နို့အုံတစ်ဖက် ကင်ဆာဖြစ်သဖြင့် ခွဲစိတ်လှီးထုတ် ကုသခြင်း ခံထားရသူ ဖြစ်ကြောင်း သိရ၏။

ဒေါ်မျိုးမိခင်သည် အရယ်ရပ်လိုက်သော်လည်း ခပ်ရွှင်ရွှင်ပင် ဆက်ပြော၏။

"ကိစ္စမရှိပါဘူးလေ၊ အခုခေတ်မှာ ခုစရာ အတုတွေက ပေါသားပဲ အဟဲ၊ ဒီအရွယ်ကြီးကျမှ ဒါတွေလဲ မလိုတော့ပါဘူး၊ ဆိုပါဦး ဆရာကိုနှင်းငွေ၊ အားလုံးကောင်းသွားပြီ ဟုတ်စ"

"ဟုတ်ကဲ့ ... အဟဲ၊ ဒေါ်ဒေါ် ပြောတာနဲ့ ကျွန်တော် ရယ်ချင်လာပြီ၊ အားလုံးကောင်းသွားပါပြီဆိုတာက ဘေးအန္တရာယ် ရှင်းရှင်းကင်းပြီး စိတ်လုံးဝချရပြီ ဆိုလိုတာပါ၊ ဒေါ်ဒေါ့်ကိုလဲ ကျွန်တော် သိပ်ကျေးဇူးတင်ပါတယ်"

"ဘယ်လို၊ ဒေါ်ဒေါ့်ကို ကျေးဇူးတင်တယ်၊ မြတ်စွာဘုရား၊ ပြောင်းပြန်၊ ဒေါ်ဒေါ့်အသက်ကို ကယ်တဲ့ ဆရာတို့နဲ့ ဒီဆေးရုံကြီးကို ဒေါ်ဒေါ်ကသာ ကျေးဇူးတင်ပါတယ်"

"ဒီလိုပါ၊ ရောဂါပျောက်ကင်းပြီး ဆင်းသွားပြီးပေမဲ့ ခြောက်လတစ်ခါ ပြန်လာပြပါလို့ ကျွန်တော် မှာလိုက်တာကို ဒေါ်ဒေါ် ဂရုပြုပြီး လိုက်နာခဲ့လို့ပါ၊ ဒေါ်ဒေါ်လာတာ နှစ်ခါတောင် ရှိနေပြီ၊ အဲဒါကို ကျွန်တော်က ကျေးဇူးတင်ပါတယ်"

"အို ... ဟို ဒါက ဒေါ်ဒေါ့် အသက်အတွက် ဒေါ်ဒေါ် လာတာပဲဟာ"

"တစ်နည်းတော့လဲ ဟုတ်ပါတယ်၊ တစ်နည်းတော့လဲ ဒေါ်ဒေါ်ဟာ ဆေးပညာလောကကို ကူညီရာ ရောက်နေပါတယ်"

"ဘယ်လို ... ဘယ်လို ..."

ဒေါက်တာနှင်းငွေသည် ကိုယ်ကို ရှေ့သို့ ကိုင်းလိုက်ပြီး လေးနက်စွာဆို၏။

http://www.cherrythitsar.org



"ကျွန်တော့်မှာ ကြည့်စရာလူနာတွေ ရှိသေးတယ်။ ဒါပေမဲ့ အချိန်နည်းနည်းယူပြီး ကျွန်တော် ရှင်းပြချင်တယ်၊ ဒေါ်ဒေါ်ဟာ စာရေးဆရာမကြီးမို့ပါ"

"ဗဟုသုတရမှာဆိုရင် ဒေါ်ဒေါ်ကလဲ နားထောင်ချင်ပါတယ်"

"ဟုတ်ကဲ့၊ အခု လူနာအမျိုးမျိုး ကျွန်တော့်ဆီ လာတွေ့တာ ဒေါ်ဒေါ်သတိပြုမိမယ်၊ တချို့က အပြီးသတ် ကုသပေးဖို့ လူနာ၊ တချို့က ပြင်ပလူနာဌာနနဲ့ တခြားဌာနက လွှတ်လိုက်တဲ့လူနာ၊ တချို့က ဒေါ်ဒေါ်တို့လို ဆေးရုံက ဆင်းသွားတာ လနဲ့ နှစ်နဲ့ချီကြာနေပေမဲ့ ကျွန်တော်က တွေ့ချင်လို့ ချိန်းထားတဲ့ လူနာ၊ ဒေါ်ဒေါ်တို့ ကိစ္စမျိုးကို ဖောလိုးအပ်(ပ)လို့ အင်္ဂလိပ်လို ခေါ်ပါတယ်။ မြန်မာလို အတိအကျ မပြန်ရသေးဘူး၊ ကိစ္စပြီးရင်ပြီးရောလို့ မေ့မထားဘဲ ဆက်လက်ဂရုပြုလေ့လာရေးလို့ ဆိုရမယ်ထင်တယ်"

"ဘာသာပြန်ဆီလျော်သားပဲ"

"ကျေးဇူးတင်ပါတယ်ဒေါ်ဒေါ်၊ ဆက်လက်ဂရုပြုလေ့လာရေးဟာ ဆေးပညာမှာ သိပ်အရေးကြီးပါတယ်။ ဥပမာ ကင်ဆာတစ်ခုကို ကျွန်တော်တို့ ခွဲစိတ်ထုတ်ယူကုလိုက်တယ်၊ လူနာဟာ ရောဂါပျောက်သွားတယ်၊ ဒါပေမဲ့ နောက်အတန်ကြာမှာ ပြန်ပေါ်လာသလား၊ ပေါ်လာရင် ဘာကြောင့် ဘယ်လိုပေါ်လာသလဲ၊ ဒါတွေကို ကျွန်တော်တို့ သိချင်တယ်၊ ကင်ဆာမှ မဟုတ်ပါဘူး၊ ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခုကို လိုအပ်လို့ ကျွန်တော်တို့ ထုတ်ယူလိုက်ရတယ် ဆိုပါတော့ လက်ရှိဝေဒနာတစ်ရပ်တော့ ပျောက်သွားတယ်ဆိုပါတော့။ ဒါပေမဲ့ ခန္ဓာကိုယ်တွင်းမှာ ဖြစ်ရိုးဖြစ်စဉ် ဖြစ်ပေါ်နေတဲ့ ဇီဝသဘာဝ လုပ်ငန်းတွေကို ထိခိုက်သလား၊ ဖောက်ပြန်စေသလား၊ ဒါတွေကိုလဲ သိအပ်တယ်၊ ခွဲစိတ်ကုသရေးဆိုင်ရာတွင်မှ မဟုတ်ပါဘူး၊ ဆေးကုသရေးမှာလဲ ဒီလိုပါပဲ၊ ကုထုံးတစ်နည်းကို သုံးလိုက်တယ်၊ ဒီကုထုံးဟာ ရေရှည်မှာ ဘယ်လိုအကျိုးအပြစ်ရှိသလဲ။ ဆေးတစ်မျိုးကို သုံးလိုက်တယ်၊ ဒီဆေးဟာ သက်ဆိုင်ရာ ရောဂါပေါ်မှာတော့ အာနိသင်ရှိတယ်၊ ဒါပေမဲ့ တခြားရော၊ ဒီဆေးက ဘာတွေလျှောက်ဖြစ်စေသေးသလဲ၊ ကျွန်တော်တို့သိရမယ်၊ အဲဒီလိုသိရဖို့က ဆက်လက်ဂရုပြုလေ့လာရေးကို ကျွန်တော်တို့ လုပ်ကြရပါတယ်။ ဆေးပညာတွေ တိုးတက်လာရတာမှာ ဆက်လက်ဂရုပြု လေ့လာရေးရဲ့ ကျေးဇူးအများကြီးပါပါတယ်"

"သိပ်စိတ်ဝင်စားစရာကောင်းတယ် ဆရာကိုနှင်းငွေ၊ ဒေါ်ဒေါ့်ကို ဘာကြောင့် စိတ်ရှည်လက်ရှည် ရှင်းပြရတာလဲ"

နှင်းငွေသည် ကျေနပ်စွာ ပြုံးလိုက်ပြီး ဖြေ၏။

"ဒေါ်ဒေါ်က နိုင်ငံကျော်စာရေးဆရာမကြီးမို့ပါ၊ ခု နင်က ကျွန်တော် ရှင်းပြခဲ့သလိုပဲ၊ ဆက်လက်ဂရုပြုလေ့လာရေးဟာ သိပ်အရေးကြီးပါတယ်။ အချိန်လဲ ယူရပြီး စိတ်လဲ ရှည်ရပါတယ်။ အထူးသဖြင့် ကာယကံရှင်လူနာ သို့မဟုတ် လူနာဟောင်းကလဲ ကူညီမှ ဖြစ်ပါတယ်။ ကျွန်တော်တို့က မေတ္တာရပ်ခံထားပေမဲ့ လူနာဟောင်းက ပျောက်ပြီပဲဟာ၊ ဘာပြန်သွားဖို့ လိုသလဲဆိုပြီး ပေါ်မလာတဲ့ သူတွေက

တစ်ပုံကြီးပဲ၊ တာဝန်သိလို့ ပြန်လာသူဟာ မိမိအကျိုးသာ ရှိတာမဟုတ်ဘူး။ ဆေးပညာတိုးတက်မှုအတွက် ကူညီရာလဲ ရောက်တယ်၊ ဒီအသိရှိကြဖို့ လိုပါတယ်။ ဒေါ်ဒေါ်တို့လို စာရေးဆရာမကြီးတွေဟာ တစ်နည်းတစ်လမ်း ကူညီနိုင်လိမ့်မယ် ယုံကြည်ပါတယ်”

ဒေါ်မျိုးမိခင်သည်လည်း အားရပါးရ ပြုံးလိုက်၏။

“ပညာပေးဖို့လား၊ စိန်လိုက်၊ ပညာပေးဖို့ဆို ဒေါ်ဒေါ်က အင်မတန် ဝါသနာပါတယ်၊ ဟဲ ... ဟဲ အလကား ရယ်စရာပြောတာပါ၊ ဆရာကိုနှင်းငွေ ပြောခဲ့တဲ့ စကားတွေဟာ အင်မတန် သိအပ်တဲ့ စကားတွေပါ၊ ရိုးရိုးလူတွေ မပြောနဲ့ ဒေါ်ဒေါ်တောင် မသိသေးဘူး၊ အခုသိရပြီ၊ ဆေးရုံတက်ပြီးကတည်းက ဆေးရုံအကြောင်း သိကောင်းစရာတွေ ရေးမယ်လို့ မှတ်စုထဲထားတာတွေ ရှိတယ်။ အခု ဆရာကိုနှင်းငွေ ပြောပြတာဟာ အရေးထိုက်ဆုံးပဲ၊ ပိုပြီး ပြည့်ပြည့်စုံစုံ၊ ဥပမာ ဥပမေယျနဲ့ တင်ပြနိုင်အောင် မပြန်ခင် ဆရာကိုနှင်းငွေနဲ့ လာတွေ့ပါဦးမယ်”

“လာတွေ့ပါ ဒေါ်ဒေါ်၊ ကျွန်တော့် အိမ်လဲ ဒေါ်ဒေါ် သိပြီးဟာ”

“ဒေါ်ဒေါ့်ဟိုဒင်း ... အဲ... လုံးရာက ပြားတာကြီးကိုကော အခါအားလျော်စွာ လာပြဖို့ လိုသေးသလား”

“ဓာတ်မှန်အရကော၊ တခြားနည်းအရကော စစ်ဆေးပြီးလို့ ဒေါ်ဒေါ့်မှာ ဘာမှ ဆက်လက်အန္တရာယ်မရှိနိုင်တော့ဘူးဆိုတာ ကျွန်တော် ရဲရဲပြောဝံ့ပြီ၊ ဒါပေမဲ့ လာလာပြရင်တော့ မမှားဘူး၊ ကျွန်တော်တို့ကလဲ ကြိုဆိုလျက်ပဲ”

စာရေးဆရာမကြီးသည် နေရာမှထ၏၊ ကြည်လင် ရဲရင့်သော မျက်လုံးကြီးများဖြင့် အားလုံးကို ဝင့်ကြည့်ပြီး နှုတ်ဆက်၏။

“မှန်မှန်လာပြပါမယ်၊ အင်္ဂလိပ်ခေတ်တုန်းက သခင်မလုပ်လို့ ဒေါ်ဒေါ် ထောင်ကျဖူးတယ်၊ ထောင်ကို ဒေါ်ဒေါ်မကြောက်ပါဘူး၊ အဲ ... ဆေးရုံတော့ ကြောက်တယ်၊ ဘုရားစူး သိပ်ကြောက်တယ်၊ စစ်သူကြီး ပက်ကျိကြောက်တာမျိုးပေါ့၊ အဟဲ ... စဝ်စံထွန်း ဆေးရုံကြီးရဲ့ အသွင်အပြင်အနေအထားကိုက လှပတယ်၊ ပြီးတော့ ... ”

အမျိုးသမီးကြီးသည် ဒေါက်တာနှင်းငွေကို တစ်ချက်ကြည့်သည်၊ ထို့နောက် စစ္စတာဒေါ်မိုးသူ၏ မျက်နှာကိုလည်း အတန်ကြာ စိုက်ကြည့်ပြီး ဆက်ဆို၏။

“ပြီးတော့ လူတွေကလဲ လှကြသကွဲ့၊ ဒါထက် ဆရာဝန် ဦးဘဖေသော်ကော ရှိသေးသလား”

“ရှိပါတယ် ဒေါ်ဒေါ်၊ မေ့ဆေးဆရာဝန်ကြီး အခန်းမှာပါ”

“အင်း၊ သူ့လဲ သွားတွေ့လိုက်ရဦးမယ်၊ သူက ကန့်လန့်ကာနောက်ကွယ်က အဓိကရုပ်သေးမင်းသားကြီး၊ ကဲ ... သွားမယ်”

ဒေါ်မျိုးမိခင် ထွက်ခွာသွား၏။

ဆရာဝန်မကလေးနှင့် စစ္စတာသည် တစ်ဦးမျက်နှာတစ်ဦး ကြည့်ကြပြီး

http://www.cherrythitsar.org



နောက် ဆရာဝန်မကလေးက ဒေါက်တာ နှင်းငွေကို မေးသည်။

"သူ နောက်ဆုံးပြောသွားတဲ့ စကားအဓိပ္ပာယ်က ဘာလဲဆရာ"

ဒေါက်တာနှင်းငွေက ရယ်၏။

"ကျွန်တော်လဲ မသိဘူး၊ သူတို့ စာရေးဆရာ၊ စာရေးဆရာမဆိုတာက စကားထူးထူးဆန်းဆန်း သုံးတတ်တယ်၊ ဘာပဲဖြစ်ဖြစ် ဆရာဘဖေသော်တော့ ဘွဲ့ တစ်ခု ထပ်တိုးတာပဲ၊ ဘာတဲ့ ကန့်လန့်ကကာနောက်ကွယ်က အဓိကရ ရုပ်သေး မင်းသားကြီး၊ ဟား ... ဟား ... ဟား ...

ဒေါက်တာနှင်းငွေသည် အားရပါးရ အော်ရယ်၏။

အခန်းဝမှ ဆရာမလေးသည် နောက်ထပ်လူနာတစ်ဦးကို သွင်းခဲ့၏။

လူနာမှာ လူပျိုလည်းမက လူရွယ်ဟုလည်း မဆိုသာသော ယောကျ်ားလေး တစ်ဦးဖြစ်၏။

ဒေါက်တာနှင်းငွေသည် စစ္စတာဘက်သို့ လှည့်မေး၏။

"ဟတ်ဖ် ပီအိုပီကိုင်ဖို့ ဟိုလူနာ အဆင်သင့် ဖြစ်ပြီလား ဆရာမ"

"ဟုတ်ကဲ့၊ အဆင်သင့်ပါပဲ"

နောက်ထပ်ဝင်လာသော လူနာစားပွဲရှေ့အရောက်၌ ဒေါက်တာနှင်းငွေက မတ်တတ်ရပ်လိုက်ပြီး ပြော၏။

"သြော် ... ခင်ဗျားကိုး၊ ဒါထက် ခင်ဗျား ... ဟိုဒင်း ... အဲ ... ပျောက်ပြီ လား"

နှင်းငွေသည် ရောဂါနာမည်မဖော်ဘဲ တမင်မေး၏။ အနည်းငယ် ရယ် လည်း ရယ်ချင်၏။

လူနာသည် ရှက်ကိုးရှက်ကန်းဖြင့် မပွင့်တပွင့် ဖြေသည်။

"ပျောက် ... ပျောက်ပြီထင်တယ်၊ ဆရာ့ကို လာ ... လာ ပြတာ"

"အရေးတကြီးလုပ်ပေးစရာ လူနာတစ်ဦး စောင့်နေတယ်၊ ခင်ဗျားကိစ္စကို တော့ ဒီက ဆရာမ ကြည့်ပေးလိမ့်မယ်၊ ပျောက်ရင် ခွဲပေးမယ် ဟုတ်လား"

လူနာသည် ဆရာဝန်မလေးကို လည်းကောင်း၊ စစ္စတာကို လည်းကောင်း၊ သူနာပြုဆရာမကလေးကို လည်းကောင်း လျင်မြန်စွာ ကြည့်ပြီး တုန်လှုပ်ချောက်ချား ဟန်ပြ၏။

အခန်းတွင်းမှ ခွာတော့မည့် ဒေါက်တာနှင်းငွေရှေ့၌ ထုပ်ဆီးတိုးကစားသူ အလား လက်ကားရားခြေကားရား တား၏။ တားရင်းလည်း တောင်းပန်သည်။

"မလုပ် ... မလုပ် ... မလုပ်လိုက်ပါနဲ့၊ ဆရာ ... ဆရာကြီးရယ်၊ ကျွန်တော် ရှိ ... ရှိကြီးခိုး ... ခိုးပါတယ်"

"ငါ့ညီက ဘာလို့ ရှိကြီးခိုးမှာလဲ"

လူနာသည် ဆရာဝန်မှ စစ္စတာနှင့် သူနာပြုဆရာမကလေးကို တစ်ချက် လှမ်းကြည့်ပြန်၏။ ပြီးတစ်ဖန် တောင်းပန်၏။

http://www.cherrythitsar.org



"သူ ... သူ ... သူတို့နဲ့ မျက် ... မျက်နှာပူ ပူစရာကြီး ခင်ဗျ၊ ဆရာကြီး ကိုယ်တိုင် ကြည့်ပေးပါ၊ ဒါမှမဟုတ်၊ နောက် ... နောက်တစ်ပတ်"

လူနာစကားမဆုံးခင် ဒေါက်တာသည် အသံထွက်အောင် ရယ်၏။ ဒုက္ခပါလေ။

ခါတ်သိဖြစ်ဟန်တူသော သူနာပြုဆရာမကလေးက နှုတ်ခမ်းကို သွားနှင့် ခဲလျက် ထိန်းထားလင့်ကစား ပြုံးခြင်းကို ဖုံးမထားနိုင်၊ ဆရာဝန်မကလေးကမူ မကွယ်မဝှက်ဘဲ ပြုံးလေသောကြောင့် စစ္စတာသည် မေးဟန်လှမ်းကြည့်၏။ ဆရာဝန်မကလေးက အင်္ဂလိပ်ဘာသာဖြင့် တိုးတိုးရှင်းပြ၏။

"ဟန်နီယာကေ့(စ) ခွဲဖို့ဟာ ဆခရိုတမ်တစ်ဝိုက် ရင်း (ဂ)ဝမ်းတွေရှိနေ လို့ အဲဒါ အရင်ပျောက်အောင် ဆေးထည့်ပေးနေရတာ"

"သြော် ..."ဟု ဆိုပြီး စစ္စတာလည်း ပြုံးမိသွား၏။

လူနာမှာ မုတ္တ ခွဲရမည့်သူဖြစ်သည်။ သို့ရာတွင် မုတ္တနှင့် ပေါင်ခြံတွင် ဂျုတ်(ဝါ) ပွေးစွဲနေ၏၊ ပွေးမပျောက်ခင် ခွဲစိတ်ပေး၍မဖြစ်၊ ပွေးပြည်မှ ပိုးသည့် အန္တရာယ်ရှိ၏။ ထို့ကြောင့် လူနာကို အတွင်းလူနာအဖြစ် လက်မခံသေးဘဲ ပွေးပျောက်ရန် အလျင်ဆေးပေးထားရ၏။ ယခု ပွေးပျောက်ကြောင်း လာပြသည်၊ သို့ရာတွင် မိန်းမသားများကို ပြရန် သူက ရှက်နေ၏။

ဒေါက်တာနှင်းငွေ၏ ရှင်းပြသံပေါ်လာ၏။

"ဝေဒနာရှင်ပဲကွယ်၊ ရှက်စရာလား၊ ငါ့ညီပစ္စည်းကြီးကို ခွဲတော့လဲ ဆရာဝန်မတွေ၊ ဆရာမတွေနဲ့ လွတ်မှာမို့လို့လား"

"အဲဒါကြီးကို လုပ်တဲ့ အချိန်တော့ ကံ ... ကံ ... ကမ္မသကာပေါ့၊ အခုတော့ ရှက် ... ရှက်လို့ပါခင်ဗျာ"

ဒေါက်တာနှင်းငွေသည် အရယ်ရပ်လိုက်၏။ ရင်၌ နားလည်မှုနှင့် ယှဉ်သော သနားစိတ်ပေါ်လာ၏။

"ကဲ ... ကဲ ... လာ ... လာ၊ သြော် ... စစ္စတာ ခဏပါပဲ၊ အပြင်မှာ စောင့်နေပါ၊ သူ့ခဏကြည့်ပေးလိုက်ဦးမယ်"

ဒေါက်တာနှင်းငွေသည် လူနာနှင့် အတူ ထွက်လာ၏။ လူနာကို ဆေးထည့်ပြုစုခန်း၌ ပုဆိုးလှန်ပြီး စစ်ဆေးကြည့်ရှုရ၏၊ မည်းသောအသား၌ ဖွေးဖွေးကွက်ကွက် ရှိသမျှကို ဂရုစိုက် စမ်းသပ်ကြည့်၏။ ပွေးကောင်းကောင်းပျောက်နေပေပြီ၊ ကပ်ပယ် အိတ်မှာမူ ဖောင်းပွရောင်ကိုင်းနေ၏။

လူနာ၏ခါး၌ ကြိုးမည်းတစ်ခု စည်းထား၏။ ကြိုးမည်းမှ တွဲလောင်းဆွဲထားသော အစွယ်တစ်ခု ရှိနေ၏။

ဒေါက်တာသည် ပြုံးမိ၏။ အစွယ်မှာ မိကျောင်းစွယ်ဟု သိရ၏၊ မိကျောင်းစွယ် ဟုတ်မဟုတ် သာမန်လူသည် မည်သို့ သိမည်နည်း၊ မိကျောင်းစွယ်ဆွဲထား လျှင် မုတ္တပျောက်သည်ဟု အယူသည်း ယုံကြည်ကြ၏။ အဓိပ္ပာယ်မူ မရှိလှ။

http://www.cherrythitsar.org



"ငါ့ညီ ဒါကို မဖြုတ်သေးဘူးလား"

"ခွဲတဲ့နေ့ကျ ဖြုတ်ပါ့မယ် ဆရာ၊ အခုဖြုတ်ရင် ရင်ထဲမှာ တစ်မျိုးကြီးမို့"

ရင်ထဲမှာ တစ်မျိုးကြီးမို့။

ဒေါက်တာသည် ပြုံးပင်မပြုံး၊ ကန့်ကွက်ခြင်းလည်းမပြု၊ ကြိုးအမဲတစ်ခုမှ တွဲလောင်းချထားသော တိရစ္ဆာန်တစ်ကောင်၏ သွား (မိကျောင်းသွားဟုတ်သည် ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ) သည်အန္တရာယ်မရှိလှ၊ အန္တရာယ်ရှိလျှင်မူ ကန့်ကွက်ရမည်၊ ယခု ကန့်ကွက်ရန်မလို၊ လူနာ့ရင်တွင်း၌ တစ်မျိုးကြီး ဖြစ်မနေစေလို။

"ပွေးပျောက်သွားပါပြီ၊ ခင်ဗျာ့ပစ္စည်းကို ခွဲနိုင်ပြီ၊ ဗုဒ္ဓဟူးနေ့ အဲ ... နေဦး၊ ရက်သိပ်ကပ်နေတယ်၊ သောကြာနေ့မှာ ခွဲပေးမယ်။ ကြာသပတေးနေ့ နေ့လယ်မှာ လာခဲ့ပေါ့၊ ခုတင်နေရာ စီစဉ်ပေးထားမယ်"

"ဟုတ်ကဲ့ဆရာ"

"ကဲ ... ခင်ဗျားသွားနိုင်ပြီ"

လူနာသည် ပုဆိုးဝတ်ပြီး မကွတကွလှမ်းကာ လျှောက်ထွက်သွား၏။

ဒေါက်တာနှင်းငွေသည် လက်များကို စင်ကြယ်အောင် ဆေးပြီးနောက် အပြင်သို့ ထွက်လာခဲ့၏။

စောင့်နေကြသော လူနာများကို မြင်သည်၊ အထူးသဖြင့် ပင်နီရင်ဖုံးနှင့် အမေအိုတစ်ဦးကို သတိပြုမိသည်။

ဒေါက်တာသည် ရှေ့ဆက်လျှောက်လာ၏။

စိမ်းသောထဘီ၊ ဖြူသောအင်္ကျီ၊ ဖြူသောခေါင်းစည်းတို့နှင့် ဖြူစင်ချောမောလှသော စစ္စတာ ဒေါ်မိုးသူက စင်္ကြံ၌ ရပ်စောင့်နေ၏။

*   *   *

ဒေါက်တာနှင်းငွေ၏ လက်ဖဝါးတစ်ခုလုံးသည် ကြာငုံသို့ ဖောင်းဖောင်း ပြည့်ပြည့် ရှည်ရှည်သွယ်သွယ်ဖြစ်၏။ လက်ချောင်းများရော၊ လက်သည်းများပါ ရှည်သွယ်လှပ၏၊ ဆရာဝန်များ၊ အင်ဂျင်နီယာများ၊ သိပ္ပံပညာရှင်များ၌ ရှိရမည်ဟု လက္ခဏာဆရာများ မှုသေသတ်မှတ်ထားသည့် လေးထောင့်စတုရန်းလက်မျိုးမဟုတ်။

ယခု ဤလက်ဖဝါးများသည် အရည်ဖျော်ထားသော ပလတ်စတာအော့(ဖ်) ပဲရစ်ခေါ် ကျောက်မှုန့်တို့ဖြင့် ဖြူဖွေးနေ၏။

ဒေါက်တာနှင်းငွေသည် လူနာ၏ လက်မောင်းရင်းမှသည်လက်ကောက် ဝတ်အထိ လက်၏ ကျောပိုင်းကို ခံထားပေးသည့် ဟတ်(ဖ်)ပီအိုပီကို ကိုင်ပေးနေ၏။ စစ္စတာဒေါ်မိုးသူသည် သူ့ညွှန်ကြားသမျှအနီးမှ အကူအညီပေးနေရ၏။

ဒေါက်တာနှင်းငွေ ပီအိုပီ ကိုင်ပေးနေပုံမှာ ဆရာဝန်တစ်ဦးထက် ပန်းပုဆရာ တစ်ဦးနှင့် တူသည်ဟု စစ္စတာရင်တွင် ထင်မြင်မိ၏။ အစစဆောက်လုပ်ပြီးစီးသော

http://www.cherrythitsar.org



မဟာ အဆောက်အအုံအပေါ် အချောသတ် အင်္ဂတေကိုင်ပေးနေသူ ပန်းရန်ဆရာတစ်ဦး နှင့်လည်း တူသည်ဟု စစ္စတာ ထင်မြင်မိသေး၏။

စစ္စတာသည် ယင်းသို့ တွေးနေခိုက် ဒေါက်တာနှင်းငွေထံမှ အသံပေါ်လာ၏။

"တချို့က ကျွန်တော့်ကို နားမလည်ကြဘူး ဆရာမ"

"ရှင်"

"ဆရာဝန်ကြီးဟာ ဘာလုပ်ရမလဲ၊ တချို့က ဆရာဝန်ကြီးဟာ ဒါသာလုပ် ရမယ်၊ ဟိုဟာမလုပ်ရဘူး၊ ဒီလိုကန့်သတ်ထားချင်ကြတယ်၊ ကျွန်တော်ကတော့ လုပ်အပ်တယ် ထင်တာ လုပ်တာပဲ"

စစ္စတာသည် "ဟုတ်ကဲ့"ဟု မယုတ်မလွန် ဖြေသည်။

"ဥပမာ ဒီလူနာကို ကျောက်ပတ်တီးစည်းပေးဖို့ ဘယ်သူ့မဆို ကျွန်တော် ခိုင်းနိုင်တယ်၊ ဒါပေမဲ့ ကျွန်တော် ကိုယ်တိုင် လာလုပ်ပေးတယ်၊ ကျွန်တော့်မှာ အကြောင်းရှိတယ်၊ ကျွန်တော် စကိုင်ထားမိတဲ့ လူနာတစ်ဦးကို ဖြစ်နိုင်ရင်၊ အင်း... ဖြစ်နိုင်ရင် ကျွန်တော် တခြားလူနဲ့ မလွှဲချင်ဘူး၊ မယုံလို့ မဟုတ်ပါဘူး၊ ဒေါက်တာဖြူဖြူ ကို ဆရာမ တွေ့ဖူးပြီလား"

"ခွဲစိတ်ခန်းက ဆရာရဲ့ လက်ထောက် ဒေါ်ဖြူဖြူမဟုတ်လား၊ ကျွန်မ တွေ့ ဖူးပြီ"

"ဟုတ်တယ်၊ ဖြူဖြူဟာ ကျွန်တော် အားအကိုးဆုံး ခွဲစိတ်ကုသရေး ဆရာဝန်မလေးတစ်ဦးပဲ၊ အင်မတန်တည်ငြိမ်တယ်၊ အင်မတန် စေ့စပ်တယ်၊ သူ့ကို မျက်စိမှိတ်ပြီး ကျွန်တော် လွှဲထားနိုင်တယ်၊ ဖြူဖြူက အဲဒီလောက်တော်တယ်"

"ဟုတ်ကဲ့ရှင့်"

"ဒါပေမဲ့ တချို့ကိစ္စတွေမှာ ကျွန်တော် ဖြူဖြူ့ကိုတောင် မလွှဲပေးဘူး၊ လွှဲ ပေးပြီးရင်တောင် ညညမှာ ကျွန်တော် အိပ်မပျော်ဘူး၊ ကျွန်တော့် လူနာ တစ်ခုခု ဖြစ်သွားမှာ သိပ်စိုးရိမ်တယ်"

"ကျွန်မ နားလည်ပါတယ်"

ဒေါက်တာနှင်းငွေသည် ပီအိုပီကိုင်ပြီးသွား၏၊ ဆရာမလေးတစ်ဦးက ပတ် တီးများ ပေးလာ၏။

"စစ္စတာ၊ သူ့လက်ကို ကိုင်ပေးပါ၊ ပီအိုပီ နေရာမရွေ့ပါစေနဲ့၊ ကျွန်တော် ကိုယ်တိုင် ပတ်တီးစည်းမယ်"

စစ္စတာသည် သူ့အမိန့်အတိုင်း ဆောင်ရွက်၏။

သူက လူနာလက်မောင်းကို ကိုယ်တိုင်ပတ်တီးစည်းပေးပုံမှာ စနစ်ကျရုံမက အလွန်လှပသေသပ်သည်၊ လက်သိုင်းပတ်တီးကိုမူ စစ္စတာက ဆင်ပေးရ၏။ သူသည် လူနာကို ပြုံးကြည့်ပြီး ဆို၏။

"ကဲ ... သွားနိုင်ပြီ၊ လက်ကို လှုပ်ဖို့ မကြောက်နဲ့နော်"

"ဟုတ်ကဲ့ဆရာ"

http://www.cherrythitsar.org



"ခင်ဗျားလက်ချောင်းလေးတွေ ကျဉ်နေသေးသလား"

"ကျဉ်နေသေးတယ်ဆရာ"

"ခါတိုင်းလိုပဲ တစ်ရက်ခြား ဆေးလာထိုးပေါ့"

"ဟုတ်ကဲ့ဆရာ"

"ပီအိုပီကြီး ဖြုတ်လိုက်တော့ သွေးသွားသွေးလာ ပိုမှန်လာပြီး ခင်ဗျားလက်ချောင်းတွေ ကျဉ်ချင်မှ ကျဉ်တော့မယ်၊ မခံနိုင်အောင် မကျင်ဘဲနဲ့တော့ ဆေးလာမထိုးနဲ့ဗျာ၊ ဆေးခဏခဏ ထိုးရတာ မကောင်းဘူး"

"ဆရာ့စကား ကျွန်တော် နားထောင်ပါ့မယ်"

"ကျေးဇူးပါပဲ၊ ခင်ဗျားအိမ်ပြန်နိုင်ပြီ"

လူနာသည် ထိုင်ခုံမှထ၏၊ သိုင်းထားသော လက်ကို အနည်းငယ် လှုပ်ကြည့်၏။ ထို့နောက် အပြုံးကြီး ပြုံးလျက် ကြွကြွမားမား လမ်းလျှောက်ထွက်ခွာသွား၏။

ဒေါက်တာနှင်းငွေက သူ့လက်များကို ဆေးပြန်သောအခါ စစ္စတာသည် အနီးမှ ကူညီပြန်၏။ မိမိအလုပ်မဟုတ်မှန်း စစ္စတာသိသည်။ သို့ရာတွင် မကူညီဘဲ မနေနိုင်။

သူက စစ္စတာ၏ မျက်လုံးများကို တည့်တည့်ကြည့်၏။ စစ္စတာကလည်း မျက်လုံးမလွှဲ၊ သူ့မျက်လုံးများ၌ တစ်စုံတစ်ရာ ကြေကွဲမှုကို တွေ့ရသည်။ လွမ်းဆွတ်တမ်းမှုကိုလည်း မြင်ရ၏။

စစ္စတာ ဒေါ်မိုးသူသည် မျက်လွှာကို ချလိုက်၏။ သူ့ထံမှ အသံပေါ်လာ၏။

"ဒီက အစ်မကို ကျေးဇူးတင်ပါတယ်"

စစ္စတာက မျက်လွှာကို ပြန်ပင့်ကြည့်ပြီး ပြုံး၍ဆို၏။

"ဒီကမောင်နဲ့အတူ တွဲလုပ်ခွင့်ရတာ၊ ဒီက အဲ ... ကျွန်မ ပျော်ပါတယ် ဒေါက်တာ"

ကျွန်မ ပျော်ပါတယ် ဒေါက်တာ၊ စစ္စတာ ပြောလိုက်ပုံမှာ သိက္ခာရှိ၏။ ကြွရွှပြည့်၏၊ ဝတ္တရားဆန်သော လေသံလည်း ပါနေ၏။

သူက ခေါင်းကို အသာညိတ်ပြီး မေး၏။

"မလွှဲသာလို့ ခွဲစိတ်ခန်းမှာ တာဝန်ကျရင် ဆရာမ ဘယ်လို သဘောထားမလဲ"

"ခွဲစိတ်ခန်းမှာ ကျွန်မ တာဝန်ယူချင်ပါတယ်၊ ယူလဲယူခဲ့ဖူးပါတယ်၊ ဪ... ဒါထက် ကျွန်မ ပန်းချီဆွဲတတ်တာ ဆရာ သိပြီနော်"

"ဟုတ်ကဲ့၊ အဲဒါ ဘာဆိုင်လို့တုံး"

"ဆိုင်ပါတယ်၊ ပန်းချီဆွဲတယ်ဆိုတာဟာ ဖန်တီးခြင်းတစ်ခုပဲ၊ ပန်းပုဆိုတာဟာလဲ ဖန်တီးခြင်းတစ်ခုပဲ၊ ခွဲစိတ်ခန်းထဲမှာလဲ ကျွန်မတို့ ဖန်တီးကြတာပဲ၊ ပန်းချီပြင်ဆွဲတဲ့ သဘောတစ်ခုပဲ၊ ပန်းပုပြင်ထုတဲ့ သဘောတစ်ခုပဲ၊ ကျွန်မတို့သုံးရတဲ့ အလုခြယ်ဆေးဟာ သွေးတွေဖြစ်နေတာတစ်ခု၊ အောက်စီဂျင်ဓာတ်တွေ ဖြစ်နေတာ

http://www.cherrythitsar.org



တစ်ခု၊ ကျွန်မတို့ရဲ့ ပိတ်ကားဟာ လူ့အသားဖြစ်နေတာတစ်ခု၊ ကျွန်မတို့ ထုလုပ်ပြုပြင်ပေးရတဲ့ အသားဟာ ကျွန်းလဲမဟုတ်၊ ယမနေလဲမဟုတ်၊ ဆင်စွယ်လဲမဟုတ်၊ လူ့ခန္ဓာကိုယ် ဖြစ်နေတာတစ်ခု၊ အဲ့ဒါက ကျွန်မရဲ့ သဘောပါ၊ ကျွန်မရဲ့ အမြင်ပါ ဒေါက်တာ"

ဒေါက်တာ၏လက်များသည် မိမိ၏လက်ဖဝါးများကို ဆုပ်ကိုင်လိုက်မှန်း စစ္စတာ သတိပြုမိ၏။

ကာမတဏှာဖြင့် ကိုင်လာသော လက်များ၏ အတွေ့ကို စစ္စတာ အကြိမ်များစွာ ခံစားဖူး၏။ မနှစ်မြို့စွာ အကြိမ်ကြိမ် ခံစားဖူးပြီ။

ဒေါက်တာနှင်းငွေ၏ ကိုင်လာသောလက်များသည် မြဲမြံ၏၊ ခိုင်မာ၏၊ ပိုင်စိုးပိုင်နင်းလည်း နိုင်၏။ သို့ရာတွင် ကာမဂုဏ် လျှပ်စစ်ဓာတ်မပါမှန်း စစ္စတာ ကောင်းစွာသိ၏။

စစ္စတာသည် ပြုံး၍ပင် သူ့ကို ပြန်ကြည့်၏။ သူက ဆရာဝန်ကြီးဖြစ်၏။ သို့ရာတွင် စစ္စတာသည် သူ့ကို မောင်ငယ်ပမာသာ မြင်မိလေ၏။

သူက စစ္စတာ၏လက်များကို လွှတ်လိုက်ပြီး တည်ကြည်စွာဆို၏။

"ဒီက အစ်မရဲ့ စကားတွေက သိပ်အဖိုးတန်တယ်၊ ကျွန်တော် အတော်ကြာစဉ်းစားယူရဦးမယ်၊ အခုတော့ သွားကြဦးစို့ရဲ့၊ ကျွန်တော်က ဒေါက်တာ၊ ဆရာမက ဆရာမ၊ ဟား... ဟား... ဟား"

ဒေါက်တာနှင့် စစ္စတာသည် ရုံးခန်းသို့ ပြန်ရောက်လာကြ၏။

ဒေါက်တာနှင်းငွေသည် လူနာတစ်ဦးချင်းကို စိတ်ရှည်စွာ လက်ခံတွေ့ဆုံ၏။

တရားဝင်လူနာများ ကုန်သွား၏။

သူနာပြုဆရာမကလေးက လာရောက်အစီရင်ခံသည်။

"လက်မှတ်မပါတဲ့ လူနာတွေ စောင့်တုန်းပဲ၊ ဆရာ့ကို တွေ့ပါရစေတဲ့"

နှင်းငွေသည် လက်ပတ်နာရီကို ကြည့်၏။ ညနေ လေးနာရီထိုးပြီ။ နှင်းငွေသည် ဂေါက်ကွင်းဆီ ပြေးချင်ပြီ။ ကွင်းမလှည့်နိုင်ချေ၊ ဒရိုင်ဘာ (နံပါတ်တစ်သစ်သားတုတ်)နှင့် လေ့ကျင့်ချင်သည်။ ယခုတလော ဒရိုင်ဘာထုတိုင်း ဂေါက်သီးသည် တည့်တည့်မပြေးဘဲ ဟွတ်ခ်ဟုခေါ်သော ဘယ်သို့စောင်းပြေးနေ၏။

နှင်းငွေသည် သက်ပြင်းရှိုက်လိုက်၏။

"ကဲကွယ် လွှတ်လိုက်ပါ၊ တကူးတက လာပြီးမှ မောင်းမထုတ်ချင်ပါဘူး"

လက်မှတ်မပါသူများ တစ်ဦးပြီးတစ်ဦး ဝင်လာသည်။ သူတို့အများ၌ အထူးကုဆရာဝန်ကြီးနှင့် တွေ့ဆုံလောက်အောင် ရောဂါအနာ ကြီးကြီးကျယ်ကျယ်မရှိ။ ပြင်ပ လူနာဌာနနှင့်ပင် ပြီးနိုင်သော ကိစ္စများသာ ဖြစ်၏။ ရှေးဆေးတိုက်ကြီးများ ကောင်းစားစဉ်က ရောဂါသေးကို ဆေးဈေးကြီးကြီးပေး အကုခံခဲ့ဖူးသော လူတန်းစားထဲမှ ဖြစ်ကြ၏။

ပါတိတ်နဲ့ မချောကြီး၏ ကိစ္စကား တစ်မူထူး၏။

http://www.cherrythitsar.org



ရောက်ရောက်ချင်း ဆောက်နှင့် ထွင်းဟုဆိုသကဲ့သို့ မချောကြီးသည် စစ္စတာနှင့် ဆရာဝန်မလေးကို လှမ်းကြည့်လိုက်ပြီး ခပ်တင်းတင်းပင် ပြောသည်။

"ကျွန်မ ဒေါက်တာနှင့်ပဲ နှစ်ဦးချင်း စကားပြောချင်တယ်"

"သူတို့တွေဟာ ကျွန်တော့်ရဲ့ တရားဝင်လက်ထောက်တွေပါ၊ သူတို့ရှေ့မှာ စိတ်ချစွာ ပြောချင်တာ ပြောပါ"

"ဟင့်အင်း ... အခုပြောရမယ့် ကိစ္စက ဂုဏ်သရေနဲ့လည်း ပတ်သက်နေတယ်၊ ဒေါက်တာနဲ့လဲ နှစ်ဦးချင်းပြောချင်တယ်၊ ဒီမှာပြောခွင့်မရရင် ဆရာ့မှာ ကိုယ်ပိုင်ဆေးခန်း ရှိသလား၊ ဒါမှမဟုတ် အိမ်ကို လာခဲ့ရမလား"

နှင်းငွေ၏ မျက်နှာထားသည် မပြောင်းလဲသော်လည်း မျက်လုံးများသည် အရောင်ဝင့်လျက် တင်းမာသွား၏။

"ကျွန်တော့်မှာ ဆေးခန်းမရှိဘူး၊ လူနာကိုလဲ အိမ်ချိန်းပြီး ဆေးမကုဘူး"

နှင်းငွေ၏ မျက်လုံးများကို မချောကြီး နားလည်သွားဟန်တူသည်။ နိမ့်ချသောအမူအရာသို့ ပြောင်းသွားပြီး လေသံပျော့ပျော့ဖြင့် တောင်းပန်၏။

"ကျွန်မ စကားပြောမှားသွားပါတယ်၊ ဒါပေမဲ့ ဆရာဝန်တစ်ဦး၊ ရှေ့နေတစ်ဦးကို လူတစ်ဦးဟာ နှစ်ဦးချင်းပဲ ပြောနိုင်တဲ့ကိစ္စမျိုးတွေ ရှိပါတယ်၊ ဆရာ့ကို ကျွန်မ အားကိုးလို့ပါ"

ဤစကားကမူ ကြောင်းကျိုးဆီလျော်၏၊ နှင်းငွေသည် ခေါင်းတစ်ချက်ညိတ် အချက်ပြလိုက်သောအခါ စစ္စတာနှင့် ဆရာဝန်မလေးသည် ထွက်ခွာသွားကြ၏။ သူနာပြုဆရာမလေးကမူ အခန်းတံခါးအနီး၌ ရပ်မြဲရပ်နေ၏။

"ဆရာမလေးကတော့ ရှိနေရမှာပဲ၊ အမျိုးသမီးလူနာတစ်ဦးနဲ့ တွေ့ဆုံရာမှာ ကျွန်တော်ထားတဲ့ စည်းကမ်း၊ သူရပ်နေတာက ဝေးပါတယ်၊ ပြောချင်တာ လွတ်လွတ်လပ်လပ်ပြောပါ"

မချောကြီးသည် နှစ်ကိုယ်ကြားရုံ လေသံတိုး၍ ပြော၏။

"ကျွန်မ လူနာမဟုတ်ပါဘူး"

"ဗျာ ...ဒါဖြင့် ဘာလို့ ကျွန်တော်နဲ့ လာတွေ့သလဲ"

"ကျွန်မယောကျ်ားကိစ္စပါ"

"ခင်ဗျားယောကျ်ားပါလာသလား"

"ဟင့်အင်း ... အကြောင်းက ဒီလိုပါ"

မချောကြီးသည် ရှင်းပြသည်။ မချောကြီးတို့သည် အမည်မဖော်လိုသော အထက်တန်းလွှာမှာ ဖြစ်သည်။ မချောကြီးယောကျ်ားမှာ ကလေးမရအောင် အကြောဖြတ်ထား၏၊ အစက မချောကြီး သဘောတူ၏၊ ယခု လေးငါးနှစ်အတွင်းတွင် မချောကြီး၏ ယောကျ်ားသည် မိန်းမမူပွေကာ မယားငယ်များ ဝေနေ၏။ သူ့စာရိတ္တ ပြန်ကောင်းလာရန် ဆရာဝန်က ပြန်လည်ခွဲစိတ်မပေးနိုင်ဘူးပေါ့။

"နေပါဦး၊ ခင်ဗျားယောကျ်ားကကော ပြန်အခွဲအစိတ်ခံပါ့မလား"

http://www.cherrythitsar.org



"ဒင်းလား ကျွန်မကွယ်ရာမှာသာ ထင်တာ လုပ်ဝံ့တာ၊ ကျွန်မကခိုင်းရင် ရင်ခွဲရုံထဲ ဝင်ဆိုဝင်ရမယ့်ကောင်၊ အဲ ... လူ"

"ဝမ်းနည်းပါတယ်၊ အကြောမဖြတ်ခင်တုန်းက စဉ်းစားဖို့ ကောင်းတယ်၊ အခုတော့ လွန်နေပြီ"

"ဒါကိုလဲ ကျွန်မ စုံစမ်းသိရှိပြီးပါပြီ၊ အကြောပြန်ဆက်ပေးဖို့ မဟုတ်ပါဘူး၊ သူ့ကို လူညွန့်လဲ မတုံးစေဘဲ၊ ပြီးတော့ သောင်းကျန်းလဲ မသောင်းကျန်းနိုင်အောင် ဟိုဒင်း ... တစ်ခုခု"

မချောကြီးဆိုလိုသည်ကို နှင်းငွေ နားလည်၏။ ယဉ်ကျေးစွာ မည်မျှပြော နေသည်ဖြစ်စေ၊ သူ့လင် ပန်းကို သေအောင်သာ သတ်ခိုင်းနေခြင်းပင် ဖြစ်၏။ ဤ ကိစ္စမျိုးနှင့် ရင်ဆိုင်ရသူ မိန်းမသားတစ်ဦး မည်သို့ ခံစားနေရရှာသည်ကိုလည်း နားလည်ကာ ကရုဏာသက်မိ၏။

ယခုအချိန်အထိ မချောကြီးကို နှင်းငွေသည် သံပြတ်နှင့် ပြောနေ၏။ ယခု တစ်မျိုးတစ်ဖုံ ခေါ်ရတော့မည်။

ဒီကအစ်မ ဤအသုံးအနှုန်းက လျှာပေါ်တွင် အလျင်ပေါ်လာ၏။ ဟင့်အင်း မခေါ်နိုင်ပါ၊ ဒီကအစ်မ ဤအသုံးအနှုန်းကို ဤမချောကြီးအတွက် ဒေါက်တာနှင်းငွေ မသုံးနိုင်ပါ။

နှင်းငွေသည် သက်ပြင်းအသာရှိုက်ပြီး လေးလေးဆို၏။

"ဒီက ဒေါ်ဟိုဒင်း ... ဟာ ကျွန်တော့်ကို ရာဇဝတ်မှုတစ်ခု လာကျူးလွန် ခိုင်းနေတယ်ဆိုတာ သတိပြုမိပါသလား"

"ရှင် ... အို ... အို မဟုတ်ပါဘူး"

"မဆိုလိုတာကို ကျွန်တော် နားလည်ပါတယ်၊ လက်တွေ့ကတော့ ဒီအဓိပ္ပာယ် ပဲ ရောက်နေတယ်"

မချောကြီး၏ မျက်လုံးများကို စေ့စေ့စိုက်ကြည့်ပြီး၊ နှင်းငွေက ဆို၏။ မချော ကြီး၏ မျက်လုံးများ၌ ကြောက်လန့်မှုကိုလည်း တွေ့ရသည်။ မျက်ရည်များကိုလည်း တွေ့ရ၏။

ရှေ့ဆက်စကားပြောရန် စဉ်းစားနေခိုက် နှင်းငွေသည် ဘခက်ကို သွားသတိ ရမိ၏။ ဘခက်ကို ဤနေရာ၌ ရှိစေချင်သည်။ ဘခက်သာဆိုလျှင် ဘာပြောမည်နည်း၊ ကျကျနန သွန်သင်ပို့ချလွှတ်လိုက်မည်မှာ သေချာ၏။ မိမိလည်း ယခု တတ်နိုင်သမျှ သွန်သင်ပို့ချရတော့မည်။

နှင်းငွေသည် လည်ချောင်းကို ရှင်းပြီး စပြော၏။

"ဒေါ်ဟိုဒင်းဟာ နေရာမှားပြီး လာတွေ့နေတာ၊ ဒေါ်ဟိုဒင်းရဲ့ ကိစ္စက ပုဂ္ဂိုလ်ရေးနဲ့ လူမှုကိစ္စသက်သက်ပဲ၊ ဒီကိစ္စတွေကို ကျွန်တော် မပိုင်ဘူး၊ တတ်နိုင် သမျှတော့ အကြံပေးလိုက်ပါ့မယ်၊ အကြောဖြတ်ထားတဲ့လူတွေအများကြီး ကျွန်တော် တွေ့ဖူးပါတယ်၊ မသောင်းကျန်းကြပါဘူး၊ အကြောမဖြတ်ဘဲနဲ့ သောင်းကျန်းနေသူတွေ

http://www.cherrythitsar.org



လည်း တပုံကြီးပဲ၊ ဒီကိစ္စက ပုဂ္ဂလိက စာရိတ္တနဲ့လည်း ဆိုင်တယ်၊ အဲ ... ကျွန်တော့် သူငယ်ချင်းတစ်ဦးပြောသလို လူတန်းစားဥာဉ်နဲ့လည်း ဆိုင်တယ်၊ အလုပ်အားပြီး ပိုက်ဆံပေါ လိုတာစွမ်းနိုင်တဲ့ ဖိမ်ခံလူတန်းစားဥာဉ်နဲ့လည်း ဆိုင်နေတယ်"

မချောကြီးသည် ဒေါက်တာ့ကို ပြူးပြူးကြီး စိုက်ကြည့်နေ၏။ မချောကြီး၏ မျက်လုံးများ၌ ကြောက်ရွံ့ခြင်းကိုသာမက မုန်းတီးခြင်းကိုပါ မြင်ရ၏။

နှင်းငွေက အေးချမ်းစွာ ဆက်ပြော၏။

"ဒီတော့ အကြံပေးချင်တာက အိမ်ထောင်ရေး သာယာအောင် ကိုယ့်ဘာသာ ပြုပြင်ယူပါ။ အိမ်ထောင်ရေးသာယာအောင်ဆိုတာက ဝင်ငွေများများရအောင်ရှာတာ၊ တိုက်ကောင်းကောင်းဆောက်တာ၊ ကားကောင်းကောင်းဝယ်စီးတာ၊ အဝတ်အစားလှလှ ဝယ်ဝတ်တာ ဒါတွေ မဟုတ်ပါဘူး၊ ဒီအသက်ဒီအရွယ်ကျမှတော့ ဒေါ်ဟိုဒင်းတို့ လင်မယား ပေါင်းလာတာ ကြာပြီပေါ့၊ ကိုယ့်ချို့ယွင်းမှု သူ့ချို့ယွင်းမှုကို ရှာပြီး ပြုပြင် ယူကြပါ။ ကဲ ... ဒေါ်ဟိုဒင်း ပြန်နိုင်ပါပြီ၊ ဆရာမရေ လူနာရှိသေးရင် နောက် တစ်ယောက်"

မချောကြီးသည် နေရာမှ ထလိုက်သော်လည်း တစ်စုံတစ်ရာပြောချင်သေးဟန် ဒေါက်တာ့ကို ကြည့်၏။ သို့ရာတွင် အခန်းတံခါးပွင့်သွားပြီး ဆရာဝန်မလေး ဦးဆောင်လျက် လူများ ဝင်လာကြ၏။

မချောကြီးက ကျောခိုင်းလိုက်ပြီး ဖိနပ်သံတစ်ဒေါက်ဒေါက်ဖြင့် ထွက်ခွာသွား ၏။ မချောကြီး၏ ဖိနပ်မှာ အဖြူရောင်ဒေါက်မြင့် ဖြစ်သည်ကို လည်းကောင်း၊ မချောကြီး၏ အင်္ကျီနှင့် ထဘီကြားတွင် အတွင်းခံမအုပ်သော အသားစင်စစ် ဇကန် လက်နှစ်သစ်ခန့် ပေါ်နေသည်ကို လည်းကောင်း၊ ဒေါက်တာ ကောင်းကောင်း တွေ့ လိုက်ရ၏။

စားပွဲအနီး၌ စစ္စတာ ဒေါ်မိုးသူနှင့် ဆရာဝန်မလေး ပြန်ရပ်နေကြပြီး ရှေ့၌ ပင်နီရင်ဖုံးဝတ် အမေအိုတစ်ဦးနှင့် မိန်းမပျိုတစ်ဦးလည်း ရပ်နေကြ၏။

"နောက်ဆုံးလူနာပါပဲ ဆရာ"ဟု သူနာပြုဆရာမကလေးက ကြည်လင်သော အသံဖြင့် ဆို၏။

မချောကြီး ထွက်သွားအပြီး၌ နှင်းငွေသည် စိတ်မှုန်မှုန်မှိုင်းမှိုင်းဖြင့် မကျေနပ် စွာ ကျန်ရစ်သည်၊ ခါးကအောင့်ကာ ဇက်ကြောတင်းလျက် မျက်ခွံများက လေးလံနေ ၏။ စိတ်လည်းပန်းပြီ၊ လူလည်းနွမ်းပြီ။

လေးနာရီခွဲခဲ့ပြီ၊ ကျယ်ဝန်းလျက် စိတ်လွတ်လပ်ဖွယ်ဖြစ်သော ဂေါက်ကွင်း သည် အာရုံ၌ ထင်လာ၏။ မြကတ္တီပါပမာ စိမ်းလဲ့နူးညံ့သော မြက်ခင်းဗလီကွက် များကိုလည်း မြင်လာ၏။ ဂေါက်ကွင်းကို ဖြတ်လျက်စီးသော စမ်းချောင်းများမှ ရေသံများကိုပင် ကြားယောင်၏။ ယခုလောက်ဆိုလျှင် မိမိနှင့် ရိုက်ဖော်ရိုက်ဖက်များ ဖြစ်သော အတွင်းဝန်ဦးသာအောင်၊ တိုင်းမင်းကြီးဦးချော၊ သစ်ထုတ်လုပ်ရေး မန်နေဂျာ ဦးတင်ညွှန့်တို့ မစောင့်တော့ဘဲ ကွင်းလှည့်ကြရော့ပေါ့။

http://www.cherrythitsar.org



နှင်းငွေသည် ပျင်းရိပင်ပန်းစွာ သမ်းလိုက်ပြီး ပင်နီရင်ဖုံးအင်္ကျီနှင့် အမေအိုကို ကြည့်သည်။

အမေအိုက သူ့ကို ပြုံးပြုံးကြီး စိုက်ကြည့်နေ၏။ သူ့ကို ဤသို့ ပြုံးပြုံးကြီး ကြည့်သော လူနာမျိုးကို ဒေါက်တာနှင်းငွေ တစ်ကြိမ်မျှ မတွေ့ဖူး။

အမေအို၏အပြုံးသည် သူ့ထံလည်း ကူးစက်လာသည်။ သူကလည်း ပြန်ပြုံး၏။ အမေအိုသည် အသက်ခြောက်ဆယ်ခန့် အနည်းဆုံးရှိပြီ။

နှင်းငွေသည် စားပွဲရှေ့မှ ကုလားထိုင်ကို ညွှန်ပြပြီး ဆို၏။

"ထိုင်ပါ ... ထိုင်ပါ အမေ"

အမေအိုသည် မထိုင်သေးဘဲ ပြုံးပြုံးကြီးပင် သူ့ကို ကြည့်နေ၏။ အမေအို ၏ မျက်လုံးများသည် အပျိုမတစ်ဦး၏ မျက်လုံးများကဲ့သို့ မကြည်လင် မရွှန်းပသော်လည်း အပြစ်ကင်း သန့်စင်နေ၏။ ဤအခိုက်အတန့်တွင် ထူးခြားစွာ တောက်ပလျက်လည်း ရှိသည်။

နှင်းငွေက ထပ်မံတိုက်တွန်း၏။

"ထိုင်ပါ အမေ ထိုင်ပါ"

အမေအိုသည် ပြုံးရွှင်စွာဖြင့် အားလုံးကို ကြည့်လိုက်ပြီး ဆို၏။

"ဆရာအကြီးကြီးရှေ့မှာ အဘွား ထိုင်ထိုက် မထိုင်ထိုက်"

ဤအသံဝဲဝဲမျိုးကို နှင်းငွေ ကြားဖူးလှပြီ၊ ဤစကားမျိုးကိုလည်း နားလည်ခဲ့ပြီ။

"ထိုင်ပါ အမေ ထိုင်ပါ၊ အမေထိုင်ရင် ကျွန်တော် ထမင်းစားလို့ ချိုမယ်"

အမေအိုသည် အားရပါးရ ရယ်မော၏။

"အမေထိုင်ရင် ဆရာကြီးငါ့သား ထမင်းစားလို့ ချိုမယ်၊ ဟား ဟား၊ မချိုမရှိသကော၊ ချိုကိုး၊ ဆာဓု ... ဆာဓု၊ အမေထိုင်ရော"

အမေအိုသည် ကုလားထိုင်၌ ကျကျနနဝင်ထိုင်၏။ ထိုင်ပြီးနောက်လည်း ဒေါက်တာကို ပြုံးပြုံးကြီး ဆက်ကြည့်နေပြန်၏။

ဘာ့ကြောင့်မသိ နှင်းငွေ၏ စိတ်ဓာတ်မှာ ရွှင်ပျလာ၏။ အမေကိုမေးသောသား၏ လေသံဖြင့် မေး၏။

"အမေနေမကောင်းဘူးလား"

"အို ... အမေ နေကောင်း၊ သိပ်ကျန်းခန့်"

"ကျန်းခန့်သားနဲ့ အမေ ဘာလို့ ကျွန်တော်နဲ့ လာတွေ့သလဲ"

"အမေ ထီပေါက်တယ်"

"ခင်ဗျာ..."

အမေအိုသည် လက်ငါးချောင်းထောင်ပြ၏။

"ငါးဆောင်း၊ ငါးဆောင်း"

"သြော် ... အမေ ထီငါးသောင်းပေါက်တယ်၊ ဟုတ်ကဲ့"

http://www.cherrythitsar.org



အမေအိုသည် တုန်ယင်သောလက်ဖြင့် ရင်ဖုံးအင်္ကျီအိတ်အတွင်းမှ တစ်စုံတစ်ခုကို နှိုက်ယူသည်။ ထို့နောက် ထိုတစ်စုံတစ်ခုကို လက်ဖဝါးထက် တင်လျက်ပြ၏။

ပုလဲနားကပ်တစ်ရန်ဖြစ်၏။ ရွှေမှာ သစ်လွင်နေ၏။ ပုလဲတို့ကား အိုမင်း၍ အရောင်မရှိလှပြီ။ ပုလဲအကောင်းစား ဟုတ်ဟန်မတူ၊ သေးလည်း သေးငယ်၏။

နှင်းငွေ၏ မျက်လုံးများ ပြူးသွား၏။

"အမေ ကျွန်တော် ဘာလုပ်ရမှာလဲ"

အမေအို၏နှုတ်ခမ်းများ လှုပ်လာ၏။ အမေအိုသည် နှင်းငွေ နားလည်အောင် ပြောပြနိုင်ဖို့ ကြိုးစားဟန် ရှိ၏။ လက်လျှော့လိုက်ဟန် ရှိပြီး မြေးပျိုမဘက် လှည့်ပြော၏။

သူငယ်မသည် ဒေါက်တာ့ကို တစ်ချက် မရဲတရဲကြည့်၏။ ထို့နောက် မျက်လွှာချပြီး စကားပြန်၏။

"အဘွားနှင့် အဘိုးဟာ သိပ်ဆင်းရဲတယ်တဲ့၊ သစ်သီးသစ်ရွက်ပဲ စိုက်စားခဲ့တယ်တဲ့၊ သူတို့လက်ထက်တုန်းက အဘွားကို အဘိုးက ကတိတစ်ခု ပေးခဲ့တယ်တဲ့၊ အဘွားကို နားကပ်လုပ်ပေးမယ်တဲ့"

သူငယ်မသည် စကားကုန်သွားဟန် အမေအိုကို ပြန်ကြည့်သည်။ နှင်းငွေ တို့နားမလည်နိုင်သောစကားဖြင့် အမေအိုသည် သွက်လက်စွာ ပြောပြန်၏။

"ကလေးတွေ အများကြီးမွေးရတော့ ပိုက်ဆံမရှိဘူးတဲ့၊ ဒါပေမဲ့ အဘိုးက ပုလဲနှစ်လုံးတော့ ဝယ်ပေးတယ်တဲ့၊ ရွှေဖိုးမရှိလို့ နားကပ်မလုပ်နိုင်ဘူးတဲ့၊ အခု အဘိုးလဲ သေသွားပြီတဲ့"

သူငယ်မလေးသည် အမေအိုကို ပြန်ကြည့်ပြန်သည်။ အမေအိုက စကားပြောပြန်သည်။ ဤအကြိမ်၌မူ အမေအို၏ မျက်လုံးများမှ မျက်ရည်များ ကျလာ၏။

သူငယ်မလေးကလည်း ဆို့နင့်သောလေသံဖြင့် စကားဆက်ပြန်၏။

"အခု အဘွား ထီပေါက်တယ်တဲ့၊ ပိုက်ဆံတွေကို လှူပစ်မှာပဲတဲ့၊ နားကပ်တော့ လုပ်ထားတယ်တဲ့၊ ဒါပေမဲ့ သူ့မှာ နားပေါက်မရှိဘူးတဲ့၊ နားဖောက်ခိုင်းရင် လူတွေက ရယ်ပြီး မဟုတ်တာ ပြောတယ်တဲ့၊ အဘွား သူငယ်မပြန်သေးဘူးတဲ့"

နှင်းငွေက ငြိမ်နားထောင်နေ၏။ စစ္စတာဒေါ်မိုးသူသည် အံကို ခဲထား၏။ စစ္စတာမျက်လုံးများ၌ မျက်ရည်များ ဝဲနေသည်။

အမေအိုက ဆက်ပြောပြန်သည်။ သူငယ်မလေးက ဘာသာပြန်ပြပြန်၏။

"အဘိုးက အင်းသားပါတဲ့၊ သူက ခနေပါတဲ့၊ အင်းသားနဲ့ ခနေတွေဟာ မဟုတ်တာ မပြောပါဘူးတဲ့၊ ဆေးရုံကြီးအကြောင်းလဲ သူ သိပါတယ်တဲ့၊ ဗိုက်ကွဲ ပြီး အူပေါက်တာကို ချုပ်ပေးနိုင်တာ သူသိပါတယ်တဲ့၊ သူ့ကို နားဖောက်ပေးပါတဲ့၊ ဆေးရုံကြီးကို သူအများကြီး လှူပါမယ်တဲ့"

အမေအိုသည် မြန်မာစကားကို ရေလည်စွာ မပြောတတ်လင့်ကစား မြန်မာ

http://www.cherrythitsar.org



စကားပြောခြင်းကိုမူ ကောင်းစွာ နားလည်ဟန် တူ၏။

မြေးပျိုမလေး၏ စကားအဆုံး၌ အမေအိုသည် နှင်းငွေဘက်သို့ လှည့်ပြီး ခေါင်းညိတ်လျက် ပြုံးပြရှာ၏။ ပါးများပေါ်တွင်မူ မျက်ရည်ကြောင်းများ စီးလျက်။

နှင်းငွေ၏ ရင်၌ ခံစားမှုများ ပြည့်လာသည်။ ကြည်လည်းကြည်နူးမိသည်၊ ဝမ်းလည်းနည်းမိ၏။

ယခုတိုင် ဖြန့်ထားလျက် ရှိသေးသော အမေအို၏ လက်ဖဝါးထက်မှ နားကပ်များကို ကြည့်မိ၏။

လူသာအိုမည်၊ နှလုံးသာက အိုချင်မှ အိုမည်။ အိုလေသည့်တိုင်အောင် နှလုံးသားသည် နုပျိုစဉ်က တွယ်တာခဲ့ရသော သံယောဇဉ်များကို ထိန်းသိမ်းထားမည်။

မိမိပင် ချစ်လှစွာသော နုနုငယ်၏ စာလေးများကို သိမ်းထားဆဲဖြစ်၏။ တစ်ခုတည်းသော နုနုငယ်၏ ဓာတ်ပုံကလေးကိုလည်း သိမ်းထားဆဲဖြစ်၏။ နုနုငယ်၏ စာများက ဝါညိုစပြုပြီ၊ နုနုငယ်၏ ဓာတ်ပုံကလေးကလည်း မှုန်ဝါးစပြုပြီ။

အမေအို၏ ဤဘဝ၌ မရှိတော့ပြီဖြစ်သော ချစ်သူအဘိုး၏လက်ဆောင် ပုလဲညိုနှစ်လုံးနှင့် ဘာများခြားနားပါသနည်း။

နှင်းငွေသည် ပြုံးရင်း မျက်ရည်ဝဲလျက် ဆို၏။

"အမေ့နားကို ကျွန်တော် ဖောက်ပေးပါ့မယ်၊ ကောင်းကောင်းလှလှ ဖောက်ပေးပါ့မယ်၊ အမေ ဘယ်တော့ အဖောက်ခံမလဲ"

အမေအို၏ မျက်နှာ၌ အပြုံးကြီး ပြန်ပေါ်လာ၏။

အမေအိုသည် လက်ချောင်းများကို ချိုးလျက် ရေတွက်နေ၏။

"နေကောင်းရက်သာ လာဖောက်ရင် ဆရာကြီး ခွင့်ပြုမပြု"

နှင်းငွေ သည် အားရလှိုက်လှဲစွာ ပြုံးလိုက်၏။

"ကြိုက်တဲ့နေ့ အမေလာပါ၊ ကျွန်တော် ဖောက်ပေးပါ့မယ်၊ အမေ ကျေနပ်ပြီ လား"

အမေအိုသည် နေရာမှ ထသည်၊ အပြုံးကြီးပြုံးလျက်နှင့် အရေတွန့်သော သူ့လက်ကြီးတစ်ဖက်ဖြင့် နှင်းငွေ၏လက်ကို လှမ်းကိုင်၏။

"နှလုံးကောင်းဆရာကြီး ဆာဓု ... ဆာဓု"

အမေအိုကြီးနှင့် မြေးပျိုမလေးတို့ ထွက်သွားကြ၏။

သူတို့ကို မျက်ရည်ဝဲလျက် ဧကျန်ရစ်ရာမှ နှင်းငွေသည် လှည့်ကြည့်လိုက်၏။

ဆရာဝန်မကလေးကား တည်တည်ငြိမ်ငြိမ်ပင်။

မိမိက မျက်ရည်ဝဲရုံ ဝဲမိသည်။

ဖြူမွတ်သန့်စင်သော စစ္စတာဒေါ်မိုးသူ၏ ပါးပြင်ထက် စီးကျလျက်ရှိသော မျက်ရည်များကို ဒေါက်တာနှင်းငွေ မြင်ရလေသတည်း။

* * *

http://www.cherrythitsar.org

# အခန်း (၁၁)

စနေနေ့ဖြစ်သည်။

ညက တစ်ညလုံး မိုးသည် သဲကြီးမဲကြီး ရွာချခဲ့၏။ လင်းအားကြီး အချိန်၌ မိုးလုံးဝ တိတ်သွားပြန်သည်။ နံနက် ရှစ်နာရီခန့်တွင် မိုးမရှိပြီ။ လေလည်း မထန်ပြီ၊ တိမ်တို့သာ အုပ်နေ၏။ ထို့နောက် တဖြည်းဖြည်း တိမ်တို့ တိုးဝင်လာ၏။

အစသော် ပါးပါးလျှပ်လျှပ် ညင်ညင်သာသာ တိုးဝင်လာကြ၏။ ရတ်တရက်ဆိုသော် မီးခိုးများပမာ ထင်ရ၏။ မီးခိုးဆိုသည်ထက် ရေနွေးငွေ့များပမာ ဆိုလျှင် ပိုမှန်လိမ့်မည်။ ဖွေးဖွေးဖြူ၍ ဆွတ်ဆွတ်နုသည်။ ကိုင်ဆုပ်ကြည့်နိုင်လျှင် ဝါဂွမ်းပမာ နူးညံ့သိမ်မွေ့နေမည်လော မပြောတတ်။

တိမ်ဖြူတို့သည် သစ်ပင်တို့ကြားလည်း တိုးဝင်သည်။ အိမ်ရာ အဆောက်အအုံတို့တွင်းလည်း တိုးဝင်သည်။ မြေနှင့် ကပ်လျက်လည်း လျှောတိုက်လာသည်။ လေတွင်စီးကာ အမြင့်၌လည်း လွင့်မျောလာ၏။ ကြည့်နေစဉ် တစ်ခဏတွင်းပင် သစ်ပင်တောတောင် အဆောက်အအုံတို့ ပျောက်ကွယ်ကုန်သည်။ ဖွေးဖွေးဖြူသော်လည်း ထူထပ်သော တိမ်ကမ္ဘလာသည် အားလုံးကို ခဏ ဖုံးလွှမ်းရစ်ခြုံထားလိုက်၏။

လွှမ်းစဉ်က ဖြည်းဖြည်းလွှမ်းသကဲ့သို့ လုစ်ရာ၌လည်း ဖြည်းဖြည်းလုစ်သည်။ တိမ်ကမ္ဘလာဖြူသည် ထူရာမှ မသိမသာ ပါးလာ၏။ ဇာတင်းတိမ်အထပ်ထပ်သို့ တစ်လွှာပြီးတစ်လွှာ ပွင့်တက်သွားသောအခါ ကြီးမားသော မြင်ကွင်းကျယ်ဆီဆေးပန်းချီကားကြီးသည် ဝိုးဝိုးဝါးဝါးမှ တစ်စတစ်စ ပီသထင်ရှားလာသကဲ့သို့ သစ်ပင်တောတောင်အဆောက်အအုံများကား ရေးရေးမှုန်မှုန်မှသည် အသွေးအရောင်စုံအပြည့်ဖြင့် ပြန်ပေါ်လာကြ၏။

မိုးတွင်းဖြစ်လျက် မြောက်ဘက်မှ လေသည်။ အသာအယာ တိုက်ခတ်လာ၏။ ထင်းရှူးနံ့တို့ ပိုကြိုင်လာသည်၊ ယူကလစ်(ပ်)တက်(စ်)နံ့တို့ ပိုသင်းလာသည်။

နေ့လယ်၌ နေသည် သာယာ၏။ နေသာဆဲမိုးသည် အပြေးအလွှား သုံးခါ ရွာချလိုက်သေး၏။

ညနေကမူ ကြည်လင်နေ၏။ ကြည်လင်သောညနေတွင် လေချိုတအေးအေး သွေးနေ၏။

http://www.cherrythitsar.org



တောင်ချွန်းကြီးကို ကျော်ပေးလျက် အစိုးရအိမ်တော်ရှေ့တည့်တည့်ရှိ လမ်းမှ စစ္စတာဒေါ်မိုးသူသည် လျှောက်လာ၏။

စစ္စတာရင်၌ ကြည်နူးမှုလည်း ရှိနေ၏။ စိတ်ပျက်မှုလည်း ရှိနေ၏။

လက်ယာဘက်၌ သီးသန့်မွေးမြူထားဟန်တူသော ထင်းရှူးတောကြီးရှိ၏။ ထင်းရှူးတောမှ ထင်ရှူးပင်ကြီးများသည် စစ္စတာ တွေ့ဖူးသမျှအနက် အကြီးထွား အမြင့်မားဆုံး ထင်းရှူးပင်ကြီးများ ဖြစ်ကြ၏။

အိမ်တော်ဝင်းဝအပြင် မင်းလမ်းကြီးဘေးသို့ စစ္စတာရောက်လာခဲ့၏။

ပန်းချီဆွဲစာရွက်များ တွယ်ကပ်ထားသော ပန်းချီဆွဲပျဉ်ပြားကို လက် တစ်ဖက်၌ ကိုင်ထားရင်း စစ္စတာသည် လမ်းကို မကူးသေးဘဲ ဟိုဟိုဒီဒီ ကြည့်၏။

ရှမ်း၊ ပအိုဝ် ခရီးသည်များကို မချိမဆံ့ အပြည့်တင်လျက် အပြင်းမောင်းသော ခရီးဝေးပြေး ဂျစ်ကားများကို တွေ့ရသည်။ အချို့က တောင်ဘက်မှလာသည်။ အချို့က မြောက်ဘက်မှ လာသည်။

ကိုယ်ထည်ကြီးတွေကလည်း ကြီးသည်။ စက်အားကလည်း ကောင်းသည်။ ကိုယ်ထည်ကြီး၍ စက်အားကောင်းသောကြောင့် လမ်းပေါ်၌ မည်သူ့ကိုမျှမှု ရန်မလို ဟု မာန်ဝင်နေသလောမသိ။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့ပိုင် ကုန်တင်ဟီးနိုးကားပြာကြီးများကလည်း ရမ်းရမ်းကားကား အပြင်းမောင်းနှင်းလာနေ၏။

လမ်းဧကရာဇ်ကားပြာတန်းကြီးအဆုံး၌ စစ္စတာသည် လမ်းကို ဖြတ်ကူးမည်ပြင်သည်။

ထိုအခိုက်တွင်ပင် မြောက်မှ တောင်သို့ မောင်းလာသော အစိမ်းနုရောင် မောရစ်(စ်) အမျိုးအစား ကားလေးတစ်စီးသည် စစ္စတာ၏ အနီး၌ ဆိုက်လာ၏။

"မမမိုး ဘယ်က လာတာလဲ"

အသံရှင်ကားမောင်းသူမှာ အသားမဖြူမညိုနှင့် ယဉ်လှသော မိန်းမသားတစ်ဦးဖြစ်၏။ ကားနောက်ခန်း၌ ကလေးငယ်နှစ်ဦးပါ၏။ တစ်ဦးက ဆယ်နှစ်အရွယ်၊ တစ်ဦးက ငါးနှစ်အရွယ်။

ဆယ်နှစ်အရွယ်ကလေးက "အန်တီမိုး ... အန်တီမိုး"ဟု အော်ဟစ်၏။ ငါးနှစ်အရွယ်ကလေးက ပြုံးကာရယ်ကာနှင့် စစ္စတာကို လက်ယပ်ပြခေါ်နေ၏။

စစ္စတာသည် ကလေးများကို ပြုံးရယ်လက်ပြနှုတ်ဆက်ပြီး ကားမောင်းသူ အမျိုးသမီးကို စကားပြော၏။

"မစ္စစ်ဘဖေသော်၊ ဘယ်သွားမလို့လဲ"

"လုပ်ပြန်ပြီ မမမိုး၊ ကျွန်မနာမည်က ညိုမီ၊ ညိုမီလို့ပဲ ခေါ်ပါလို့ ဘယ်နှခါ ပြောရမလဲ"

"ဆောရီး ညိုမီ၊ အခု ဘယ်ကိုလဲ"

"ညိုမီ့ကို မမေးနဲ့လေ၊ အခု မမမိုး ဘယ်ကလာတာလဲ"

စစ္စတာသည် သက်ပြင်းရှိုက်ပြီး ဆို၏။

http://www.cherrythitsar.org



"မပြောပါရစေနဲ့တော့ ညိုမိရယ်"

"မပြောချင်လဲ မပြောနဲ့တော့၊ လာ မမမိုး ကားပေါ်တက်"

စစ္စတာသည် မငြင်းဘဲ ကားပေါ်တက်လိုက်၏။

ညိုမိက ကားကို ဆက်မောင်းလာ၏။

"မမမိုးက ပန်းချီဆွဲထွက်လာတာလား"

"ဆိုပါစို့ ညိုမိ"

"အတန်ကြာငြိမ်လိုက်လာရာမှ စစ္စတာက မေးသည်။

"သြော် ... ညိုမိ အခု ဘယ်သွားနေတာလဲ"

"အင်မတန်လှတဲ့ နေရာတစ်ခုစီပဲ၊ ရှုခင်းတွေ သိပ်လှတယ်၊ မမမိုးစိတ်ကြိုက် ပန်းချီဆွဲစမ်းပါ၊ အဲဒီနေရာမှာတော့ လူကြီးလူကောင်းတွေချည်းပဲ ရှိတယ်။ လမ်းသရဲ မလာရဲဘူး"

ကားသည် မို့မို့ခုံးခုံးလှလှ ရှိအပ်သော တောင်ကုန်းကလေးကို ပတ်လျက်တက်၏။

"ညိုမိ မဝှက်နဲ့ကွယ်၊ အခု ဘယ်ဆီကိုလဲ"

"သြော် ... မမမိုးကလဲ၊ ဂေါက်ကွင်းဆီကိုပါ။ မြန်မာတစ်ပြည်လုံးမှာ အလှဆုံးဂေါက်ကွင်းတစ်ခုဆီကိုပါ"

*

တောင်ကြီး ဂေါက်ကလပ်ရှေ့တည့်တည့် တောင်မျက်နှာတွင် နောက်ဆုံးပန်းဝင်ရာ အမှတ် (၉) သို့မဟုတ် အမှတ် (၁၈) ဂရင်း ခေါ် ဗလီကွက်မြက်ခင်းကျယ်ကြီး ရှိသည်။

ဗလီကွက် မြက်ခင်းကျယ်ကြီးတည်ရာ မြေကြောသည် ကိုက်တစ်ရာခန့်ရှည်၍ ကိုက် ငါးဆယ်ခန့် ကျယ်သော ပြန့်ပြူးညီညာသည့် လေ့ကားခုံမြေမြင့်တစ်ခုသာတည်း။ ဤလေ့ကားခုံမြေမြင့်အောက် တစ်ထစ်မှသည် တောင်ဘက်ဆီသို့ နိမ့်ကျလျှောပြေဆင်းသွားသည့် (ဖဲယားဝေး) ခေါ် နယ်နိမိတ်အကန့်အသတ်ရှိသော အခက်အခဲမဲ့ ဂေါက်ရိုက်လမ်းသွယ်ကြီးနှစ်ခု ရှိနေ၏။

ကိုက်လေးဆယ်ခန့်ရှည်သော ဗလီကွက်မြက်ခင်းကျယ်၏ လက်ဝဲလက်ယာတစ်ဖက်တစ်ချက်၌ လက်မှန်ရန် လေ့ကျင့်ခွင့်ရှိသော မြက်ခင်းကြမ်းအလွတ်များရှိနေ၏။

ဂေါက်ရိုက်လမ်းသွယ်ကြီးများတွင် ဂေါက်ရိုက်ဆင်းသွားသူ သို့မဟုတ် ဂေါက်ရိုက်တက်လာသူများ ရှင်းလင်းနေလျှင် လေ့ကျင့်သူသည် မိမိ၏ ဂေါက်သီးကို လမ်းသွယ်ကြီးများအတွင်း ကျဆင်းအောင် ချိန်၍ လေ့ကျင့်ခွင့်ရှိသည်။

ဗလီကွက်မြက်ခင်းကျယ်၏ လက်ဝဲဘက်ရှိ မြက်ခင်းကြမ်းအလွတ်နေရာ ၌ နှင်းငွေသည် ဒရိုင်ဘာခေါ် အဝေးပြေးသစ်သားတုတ်အမှတ် (၁)နှင့် လေ့ကျင့်

http://www.cherrythitsar.org



ရိုက်နေ၏။

ဒရိုင်ဘာတုတ်နှင့် အရိုက်ကျင့်လျှင် (တီး) ဟု ခေါ်သော တစ်လက်မခွဲ ကျော်ကျော် အရှည်ရှိသည့် တိုင်ကလေးပေါ်တွင် ဂေါက်သီးကို တင်ပြီး ရိုက်ရ၏။ တီး သို့မဟုတ် တီးတိုင်သည် ပလတ်စတစ်ဖြင့် ပြုလုပ်ထားသော တံကလေးတစ်ခု ဖြစ်၏။ တီးတိုင်၏ အောက်ပိုင်းသည် မြေစိုက်လွယ်ရန် အဖျားချွန်၏။ ထိပ်ပိုင်း၌ ဂေါက်သီးကို တည်ငြိမ်စွာ တင်နိုင်ရန် ခွက်တစ်ခု ရှိနေ၏။

တီးတံကို မြေတွင် တစ်ဝက်ခန့် ဝင်ရန် ဖိနှစ်စိုက်ရ၏။ တီးတံထိပ်ခွက် ပေါ် ဂေါက်သီးတင်ပြီး ဒရိုင်ဘာတုတ်ဖြင့် ရိုက်ရ၏။ ရိုက်ချက်ပြင်းသောအခါ ဂေါက်သီးရော တီးတံပါ လွင့်ထွက်သွားရိုး ဖြစ်၏။ မြက်ခင်းကြမ်းအစိမ်းပေါ် ကျသွားသော ဂေါက်သီးဖြူဖြူကို ကောက်သူရှာတွေ့ရန် မခက်သော်လည်း ရိုက်သူ၏ ရှေ့ တစ်လံနှစ်လံတွင်ကျသော တီးတံကို တစ်ခါတစ်ရံ ရှာရန်မလွယ်၊ တစ်လက်မ ခွဲကျော်ကျော်သာ ရှိသည့် တီးတံသည် အဖြူ၊ အဝါ၊ အနီ၊ အပြာ၊ အနက် စသည် ဖြင့် မည်သို့ အရောင်တို့ ရှိလင့်ကစား ရှည်ထူသော မြက်ကြမ်းများကြားတွင် အလွယ် တကူ ပျောက်တတ်၏။

တီးတံမပျောက်ရန် မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် ထွင်ထားသော နည်းနှစ်နည်း ရှိ၏။

တစ်နည်းကား သံချွန်ကို မီးဖုတ်ကာ တီးတံများ၌ နဖားထုပ်ချင်း ပေါက် ဖောက်ရ၏။ ထို့နောက် နဖားဖောက်ပြီးသော တီးတံနှစ်ခုကို နိုင်လွန်ကြိုးဖြင့် ဆက်ယူသည်။ တီးတံတစ်ခုကို ဂေါက်သီးတင်ရန် မြေ၌ တစ်ဝက်စိုက်သည်။ အခြားတစ်ခုကို မြေ၌ အဆုံးစိုက်သည်။ ဂေါက်သီးတင် တီးတံသည် လွင့်ပါစေချင်ဦး မြေ၌တစ်ဆုံး အစိုက်ခံထားရသော တီးတံနှင့် နိုင်လွန်ကြိုးဖြင့် ဆက်ထားရကား စိတ်ရှိသမျှ ကိုယ်မလိုက်နိုင်သည့်ပမာ တန်းတန်းကလေး အရှိန်အုပ်ရပ်နေရရှာ၏။ အခြားတစ်နည်းကား နဖားဖောက်ထားသော တီးတိုင်တစ်ခုကို နိုင်လွန်ကြိုးဖြင့်ပင် လေ့ကျင့်သီးနှင့်ဆက်ထားလိုက်ခြင်းပင် ဖြစ်၏။ လေ့ကျင့်သီးဆိုသည်မှာ ပလတ်စတစ် ဖြင့် လုပ်ထားသောအပေါက်များပါသည့် ပေါ့ပါးသော ခြင်းလုံးငယ်တစ်လုံးဖြစ်၏။ အရောင်က ဖွေးဖွေးဖြူနေသည်၊ အပေါက်ပါ၍ ပေါ့သောကြောင့် ဝေးဝေးမပြေးနိုင် ဂေါက်သီးတင်တီးတံသည် လွင့်ချင်အံ့၊ ခြင်းလုံးဖြူက ဘရိတ်အုပ်ယူသည်။ ဘရိတ်မမိ လဲ ကိစ္စမရှိ၊ ကျရာနေရာ၌ ခြင်းလုံးဖြူကလေးသည် ဖွေးဖွေးဖြူဖြူပင် မကွယ်မဝှက် နေနေတတ်၏။

နှင်းငွေသည် ပထမနည်းကိုသုံး၏၊ တီးတံအဝါတစ်ခုကို ဂေါက်သီးတင် အဖြစ်သုံးသည်၊ ၎င်းနှင့် နိုင်လွန်ကြိုး သွယ်ထားသော တီးတံအနီကို မြေ၌တစ်ဆုံး စိုက်ထား၏၊

တီးတံများအနီး၌ လေ့ကျင့်ရာ၌သုံးသော ဂေါက်သီးအဟောင်း အလုံးသုံးဆယ် ခန့်ရှိနေ၏။

http://www.cherrythitsar.org



ဂေါက်သီးပုံအနီးတွင် သူငယ်လေးတစ်ဦးက ဆောင့်ကြောင့်ထိုင်လျက် ရှိသည်။

သူငယ်လေး၏ ပင်ကိုဖြူသော အသားအရောင်သည် နေလောင်ထားသော ကြောင့် နီညိုညိုဖြစ်နေ၏၊ ရေမှန်မှန်ချိုးဟန်မတူသောကြောင့် လည်ပင်းနှင့် နားရွက်များအနီး၌ ချေးအလိပ်လိပ်ရှိနေ၏၊ မျက်တောင်လေးများကမူ ကော့နေ၏၊ မျက်လုံးလေးများကလည်း ကြည်ကာ အသိဉာဏ်ရှိခြင်းကို တဖျပ်ဖျပ်ပြနေကြ၏။ နှာတံလေးကလည်း ပေါ်ထင်၏။

လူချောလေးတစ်ဦးဟု ခေါ်နိုင်သည်၊ ယင်းလူချောလေးသည် ဟောင်းနွမ်းစုတ်ပြတ်လှသည်ဖြစ်သော ဘောင်းဘီတိုအပြာလေးကို ဝတ်ထား၏၊ ကိုယ်အထက်ပိုင်းကို တပ်မတော်သားများ ဆောင်း၍ဝတ်သည့် ဖလန်နယ်အထူစား စစ်သုံးဂျာကင်ဖြင့် လွှမ်းထား၏၊ ဂျာကင်သည် သူငယ်လေး၏ ပေါင်လယ်ရောက်မည်ထင်၏။ ယခု ဆောင့်ကြောင့်ထိုင်နေသောအခါ ဂျာကင်အောက်စများသည် မြေ၌ပုံနေ၏။

နှင်းငွေ ဂေါက်သီးတစ်လုံးရိုက်ပြီးတိုင်း သူငယ်လေးက တီးတိုင်ကို စိတ်ရှည်လက်ရှည် ပြန်စိုက်ပေးပြီး စိုက်ပြီးသော တီးတိုင်ထက် ဂေါက်သီးတစ်လုံးတင်တင်ပေး၏။

နှင်းငွေသည် သူငယ်လေးတင်ပေးသော ဂေါက်သီးကို ရိုက်လွှတ်လိုက်၏၊ ဂေါက်သီးသည် ပြေးကားပြေး၏၊ သို့ရာတွင် ဘယ်သို့ဇော့ကာ လမ်းသွယ်တွင်းမကျ၊ လမ်းသွယ်၏လက်ဝဲဘက်ရှိ (ရပ်ဖ်)ခေါ် မြေကြမ်းတွင်းကျ၏၊ အောက်မှ စောင့်ကာ ဂေါက်သီးစောင့်ကောက်သူ သူငယ်ကြီးတစ်ဦးက ဂေါက်သီးရှိရာ အပြေးသွား၏။

နှင်းငွေက အနီးရှိ သူငယ်ချောလေးကို ပြော၏။

"ကျော်ကျော်ရေ ပြေးတော့ပြေးတယ်ကွ၊ ဘယ်ပဲဇော့နေတယ်"

"ဟွတ်(ခ်)ဖြစ်တာ ကိစ္စမရှိဘူး၊ ဒါဟာ တိုးတက်လာတာပဲဆရာ"

သူငယ်ချင်းကလေး ကျော်ကျော်က နှင်းငွေကို အားပေးသည်၊ နှင်းငွေက ရယ်ရ၏။

"ကျော်ကျော် အားပေးတာနဲ့ ဆရာ အားတက်လာပြီ"

"ကျွန်တော်က တကယ်ပြောပြနေတာ။ ဆရာတကယ် တိုးတက်လာပြီ၊ အရင်တုန်းက ဆရာဘက်ခဆွင်း (နောက်လွှဲ) ယူရင် ဘယ်လက်ကြီးက ကောက်ကောက်သွားတယ်၊ ဒီတော့ ဂေါက်သီးကို ထိပ်ထုတာပေါ့၊ ဘယ်လက်ကို ဟောဒီလို ... ဟောဒီလို ဖြောင့်ဖို့ ကျွန်တော်ဆရာ့ကို မပြောဘူးလား"

"အေးလေ ... မင်းပြောပါတယ် ကျော်ကျော်"

"ထိပ်ထုမခံရရင် ဂေါက်သီးပြေးတာပေါ့၊ ဆရာ ဘယ်ဘက်လက်ဖြောင့်သွားတော့ ဂေါက်သီးပြေးတာပေါ့"

"ဒါပေမဲ့ ငါဘယ်ထွက်နေတယ်"

"ဒီလိုပဲ အစတော့ ဘယ်ထွက် ညာထွက်ပဲ၊ ဘယ်ထွက်တာ တိုးတက်တာပဲ၊ နေဦး ဆရာ အခုတစ်ခါ ရိုက်ကြည့်၊ ကျွန်တော် ရှေ့ကကြည့်မယ်"

http://www.cherrythitsar.org



"အေး… အေး၊ ကျော်ကျော် ဆရာရိုက်ပြမယ်၊ သေသေချာချာ ကြည့်ထားနော်"

နှင်းငွေက ကျော်ကျော် တီးတိုင်ပေါ်တင်ပေးသော ဂေါက်သီးကို ကျကျနန ရိုက်လွှတ်၏

ဂေါက်သီးကား ပြေးကားပြေး၏၊ ဘယ်သို့ ဇုံ့မြဲဇုံ့၏။

နှင်းငွေ ရိုက်သည်ကို ရှေ့တည့်တည့်မှ ကြည့်နေသော ကျော်ကျော်သည် စိတ်ပျက်ဟန် ခေါင်းခါပြ၏။

"ငါဘာမှားသလဲ ကျော်ကျော်"

ကျော်ကျော်သည် ခေါင်းခါပြ၏။

"ဆရာက လက်နဲ့ချည်း ရိုက်နေတယ်၊ ပခုံးမသုံးတတ်သေးဘူး"

"ဟ … ကျော်ကျော်ရ ငါပခုံးသုံးပါတယ်"

"သုံးတော့သုံးပါတယ်၊ ဒါပေမဲ့ ဆရာပခုံးကြီးက တစ်မျိုးကြီးပဲ၊ ပြီးတော့ ကိုယ်ကို ဟိုဘက်သည်ဘက် ရွေ့တာများနေတယ်၊ ဟောဒီလို ပခုံးကို သွားပြီး ဟော … ဒီလို ကိုယ်ကို ဟောဒီလို ပစ်လိုက်၊ ထိုက်ခနဲ့ဆို ရိုက်သံထွက်လာတယ်၊ ဟို … ဒင်း ပွိုင့်တူးတူးသေနတ်သံကလေး ထွက်သွားသလို … "

ကျော်ကျော်သည် အမူအရာအပြည့်ဖြင့် လုပ်ပြ၏၊ နှင်းငွေက ခေါင်းကုတ် စဉ်းစား၏။

သဲ့သဲ့ရယ်သံကြားရ၏၊ မြက်များပေါ် လျှောက်လာသော ခြေသံများကိုလည်း ကြားရသည်။ ထို့နောက် စကားသံပေါ်လာ၏။

"ကျော်ကျော် ဝေဖန်တာမှန်သဗျို့ ဆရာ ဦးနှင်းငွေ၊ ကျွန်တော် ကြည့်နေတာကြာပါပြီ"

နှင်းငွေက မော့ကြည့်၏၊ သူ့ရှေ့၌ လူတစ်ဦးသည် ခံ့ညားစွာ ရပ်နေ၏။

ယင်းပုဂ္ဂိုလ်၏ မေးရိုးများသည် ပီပြင်ခိုင်မာသည်၊ ပြုံးနေခိုက်ဖြစ်သောကြောင့် ဖြူစင်ညီညာသော သွားများလည်း ပေါ်နေ၏၊ ပြုံးဟန်မှာ ဣန္ဒြေရှိလှပြီး ရင့်ကျက် အေးချမ်းသော စိတ်တွင်းသန္တာန်ကို ဖော်ပြနိုင်စွမ်းရှိ၏။ အထူးခြားဆုံးကား မျက်လုံးများဖြစ်ကြ၏၊ မျက်တောင်ကော့များအောက်မှ မျက်လုံးများသည် ကြည်လင် ရွှန်းလဲ့သမျှ တည်ငြိမ်ရဲရင့်သည်။ အရာရာ၏ သဘာဝကို ခွင်းဖောက်မြင်နိုင်သော မျက်လုံးမျိုးများဖြစ်ကြ၏။

အညိုရောင် သားရေဂေါက်ရိုက်ဖိနပ်ကို စီးထားပြီး နံ့သာရောင် ဂေါက်ရိုက် ဘောင်းဘီရှည်ကို ဝတ်ထား၏၊ အဝါနုရောင်အောက်ခံ ရုပ်အပေါ်၌ အပြာရောင်သိုးမွေး လက်ရှည်ဆွယ်တာကို ထပ်ဝတ်ထား၏၊ စိမ်းပြာနုရောင် ဂေါက်ရိုက်ကက်ဦးထုပ် ၏ ရှေ့တည့်တည့်၊ နေကာ၏အထက်နားဆီ၌ ယပ်တောင်ဖြန့်ဟန် တီးတံများကို စီလျက် ထိုးစိုက်ထားသော တီးတံကတ်ကို ဆင်ထား၏။

နှင်းငွေသည် လေးစားချစ်ခင်သော အမူအရာပြောင်းသွားပြီး နှုတ်ဆက်၏။

"သြော် … မင်္ဂလာပါ တိုင်းမှူးကြီး"

http://www.cherrythitsar.org



"မင်္ဂလာပါ ဒေါက်တာ"

တိုင်းမှူးကြီးသည် ဘောင်းဘီနောက် အိတ်ကပ်မှ စီးကရက်ဘူးကို ထုတ်ယူကာ ဖွင့်လျက် နှင်းငွေကို အလျင်ကမ်းပေး၏။

"ကျွန်တော်မသောက်တတ်ပါဘူး တိုင်းမှူးကြီး"

တိုင်းမှူးကြီးသည် စီးကရက်တစ်လိပ်ကို ထုတ်ယူမီးညှိ ဖွာရှိုက်လိုက်ပြီး မေး၏။

"ဆရာ ဘာဒုက္ခတွေ့နေသလဲ"

နှင်းငွေက သက်ပြင်းလည်းရှိုက် ရယ်လည်းရယ်ရင်း ဖြေ၏။

"ဟွတ်(ခ)ဖြစ်ဖြစ်နေတယ်၊ တည့်တည့်သွားပြန်တော့လည်း ဂေါက်သီးက မြေကြီး သိပ်ကပ်လျှပ်တယ်၊ ကမူတို့၊ ကမ်းပါးတို့ ရှေ့ရှိရင် ဝင်မှန်တော့တာပဲ"

"ဆရာ ပြန်ရိုက်လေ၊ လေးလုံးလောက် ကျွန်တော်ကြည့်ပေးမယ်"

တီးတိုင်ပေါ်သို့ ကျော်ကျော်က ဂေါက်သီးတစ်လုံး တင်ပေးသည်၊ နှင်းငွေက စတန့်(စ)ခေါ် နေရာယူ ရပ်တည်ခြင်းပြုပြီး တုတ်ကို လွှဲလျက်ရိုက်ပြ၏၊ ဂေါက်သီးသည် အမြင့်မှ ထိုးစိုက်ကျသွားကာ အောက်မှ မြေကို ကိုက်နှစ်ဆယ်ခန့်၌ ထိပြီး အရှိန် ရပ်သွား၏။

နောက်တစ်လုံးရိုက်ပြန်သည်၊ ခရီးတော့သွား၏၊ သို့ရာတွင် ဘယ်ဘက်သို့ တန်းထွက်သွား၏။

နှင်းငွေရိုက်နေစဉ် တိုင်းမှူးကြီးသည် ရှေ့မှရပ်လျက် တည်ငြိမ်စွာ လေ့လာရှုကြည့်နေ၏။

ဂေါက်သီးလေးလုံး ရိုက်ပြီးသွားပြီ၊ တစ်လုံးမှ ကောင်းကောင်းခရီးမသွား။

နှင်းငွေသည် စိတ်ပျက်ပြုံး ပြုံးပြီး တိုင်းမှူးကြီးကို ကြည့်သည်။

"စာအုပ်တွေလဲ ဖတ်တာပဲ၊ လုပ်ခိုင်းတာလဲ လျှောက်လုပ်တာပဲ။ ပျက်တာကတော့ ပျက်နေတာပဲ တိုင်းမှူးကြီး"

တိုင်းမှူးကြီးက နားလည်စာနာစွာ ခေါင်းညိတ်လျက် ပြုံးပြီးဆို၏။

"စာအုပ်တော့ ဖတ်ရပေမပေါ့၊ ဒါပေမဲ့ နေရာတကာ စာအုပ်ကြီးအတိုင်း လျှောက်လုပ်လို့မရဘူး၊ ဒီစကားဟာ နိုင်ငံရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်တွေ အတွက်သာ မှန်တာမဟုတ်ဘူး၊ ဂေါက်ရိုက်တဲ့နေရာမှာလဲ မှန်တာပဲ"

စကားအဆုံး၌ တိုင်းမှူးကြီးသည် အသာအယာ ရယ်မောသည်။ နှင်းငွေလည်း အတူရယ်၏။

"ဂေါက်ရိုက်နည်းရေးတဲ့ ပုဂ္ဂိုလ်ကြီးတွေဟာ လူတော်ကြီးတွေချည်းပါပဲ၊ ဒါပေမဲ့ ဆရာသိဖို့က သူတို့ဟာ သူတို့ သိတဲ့နည်းတွေကို သူတို့ ရေးထားတာပဲ၊ မကောင်းဘူးလို့ ကျွန်တော်တို့ မပြောနိုင်ဘူး၊ အရေးကြီးတာက အမိဖွာယ်ဖွင့်ကြည့်တာမှန်ဖို့ပါပဲ"

နှင်းငွေသည် တစ်ချက်ငိုင်ကာ စဉ်းစား၏၊ မိမိတို့ ခွဲစိတ်ကုသပညာ၌လည်း

http://www.cherrythitsar.org



စာအုပ်ကြီးများစွာ ရှိသည်၊ လူတော်ကြီးများ ရေးထားသော စာအုပ်ကြီးများပင် ဖြစ်၏၊ တစ်ခါတစ်ရံမက အကြိမ်များစွာပင် စာအုပ်ကြီးများအတိုင်း လုပ်၍မရ၊ စာအုပ်ကြီးများမှရသော ပညာကို အခြေအနေရ မိမိဘာသာ အဓိပ္ပာယ်ဖွင့်ကြည့်ပြီး ဆုံးဖြတ်လုပ်ဆောင်ရ၏။

"ဆရာ ဘာစဉ်းစားနေတာလဲ"

"သြော် ... တိုင်းမှူးကြီးပြောတာကို သဘောပေါက်မိလို့ပါ၊ ဟုတ်တယ်၊ ဆေးပညာနယ်ပယ်မှာလဲ ဒီလိုပဲ၊ နိုင်ငံရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ် စသည်မှာလဲ ဒီအတိုင်းနေမှာပဲ၊ အဓိပ္ပာယ်ဖွင့်ကြည့်တာ မှန်ဖို့အရေးကြီးတယ်"

တိုင်းမှူးကြီးသည် လိုက်လှဲစွာ ရယ်သည်၊ လက်ဝါးတစ်ဖက်လည်း ကာပြ၏၊

"တော်တော့ ... ကျွန်တော်တို့ အလေးအနက် ဆွေးနွေးရင် ဂေါက်ရိုက်ဖြစ်ကြမှာမဟုတ်တော့ဘူး၊ အခု ကျွန်တော် ဦးနှောက် လာရှင်းတာ၊ စိတ်အညောင်းလာဖြေတယ်၊ ဆရာလဲ ဒီအတိုင်းရှိမှာပဲ"

"မှန်တယ် တိုင်းမှူးကြီး၊ ဒါထက် အခု ကျွန်တော် ဘာမှားနေသလဲ"

"ဆရာ ခြေခွဲထားပုံလဲ မှန်ပါတယ်၊ ဂေါက်သီးကို ဘယ်ခြေထောက် ဦးတည့်တည့်ထားရိုက်တာက စာအုပ်ကြီးအတိုင်း အမှန်သား၊ ဆရာ ထိပ်ထုထုနေတာပဲ ခက်တယ်၊ ဒါထက် ဆရာရိုက်တာ ဘယ်လောက်ကြာပြီလဲ"

"ရှစ်လခင်ဗျာ"

"မကြာသေးပဲကိုး၊ ဒါရိုင်ဘာတုတ်ရိုက်ရင် ဂေါက်သီးကို ဘယ်ခြေထောက် ဦးတည့်တည့်ထားရိုက်ဆိုတာဟာ သိပ်ကျွမ်းကျင်နေသူတွေ၊ ဝါရင့်နေသူတွေအတွက် မှန်ပါလိမ့်မယ် ဆရာတို့လို အစသမားအတွက် တစ်ကဏ္ဍာပဲ၊ ဆရာဂေါက်သီးကို ညာခြေထောက်ဘက် နည်းနည်းရွှေ့ရိုက်ကြည့်စမ်းပါ"

နှင်းငွေက ရိုက်ကြည့်၏၊ ဂေါက်သီးသည် မြေမလျှပ်တော့ပဲ လှပစွာ မြောက်၍ ခရီးသွား၏။

"ဆက်ရိုက်ဦးဆရာ"

နှင်းငွေက ငါးလုံးဆက်ရိုက်၏၊ ငါးလုံးစလုံးတွင် မြေမလျှပ်ကြတော့။

နှင်းငွေက တိုင်းမှူးကြီးကိုပြုံးကာ မော့ကြည့်ပြီးဆို၏။

"သိုင်းခရု တိုင်းမှူးကြီး၊ မြေမလျှပ်တော့ဘူး၊ ဘယ်တော့ ထွက်တုန်းပဲ၊ ဟွတ် (ခ)"

"ဟွတ် (ခ) မဟုတ်ပါဘူး ဆရာ၊ ကဲ ... ဆရာ စတန့်(စ်)ပြန်လုပ်စမ်းပါ"

နှင်းငွေသည် နေရာယူရပ်တည်၏။ တိုင်းမှူးကြီးက ဆို၏။

"သည်အတိုင်းပဲနေ ... သည်အတိုင်းပဲ"

နှင်းငွေသည် မလှုပ်ဘဲ ငြိမ်နေ၏၊ တိုင်းမှူးကြီးက သေချာစွာ စစ်ဆေးကြည့်ရှု၏။

"ဆရာ စချိန်တုန်းက တည့်တည့်၊ ခြေခွဲလိုက်တော့ တုတ်က ဘယ်စောင်း

http://www.cherrythitsar.org



နေပြီ”

နှင်းငွေက အနေအထားကို ပြုပြင်လိုက်၏။

“ဟုတ်ပလား တိုင်းမှူးကြီး”

“နည်းနည်းတော့ ဟုတ်သွားပြီ၊ ဆရာ့ဂရစ်(ဖ်)(လက်ဆုပ်ကိုင်ထားပုံ) လဲမှန်သားပဲ၊ လူကို နည်းနည်းလေး နောက်ဆုတ်လိုက်ပါ၊ နည်း ... နည်း ... နည်း ... နည်း ... တော်ပြီ၊ စောစောတုန်းက ဆရာ့အနေအထားက ဂေါက်သီးကို တုတ်ဖနောင့်နဲ့ ရိုက်မယ့်အနေအထား၊ ဘယ်ထွက်မှာပေါ့၊ ကဲ ... အခုရိုက်ကြည့်ပါ။

နှင်းငွေသည် ရိုက်ကြည့်၏။ ဂေါက်သီးသည် ဘယ်သို့ ထွက်မြဲ ထွက်၏။ ဘယ်ထွက်ရုံမက မြေပါ လှျပ်နေ၏။

“ကိစ္စမရှိဘူး၊ အနေအထား ပြင်စမို့ပါ၊ ဆက်ရိုက်ပါ”

နှင်းငွေသည် ဆက်ရိုက်၏။

ငါးလုံးခန့်မှ ထွက်ချင်သလို ထွက်နေ၏။

နောက်အလုံးများကမူ မြောက်လည်း မြောက်၏၊ ဘယ်လည်းမထွက်တော့၊ တည့်တည့်ပြေး၏။

နှင်းငွေသည် တိုင်းမှူးကြီးကို ကျေးဇူးတင်စွာ ကြည့်ပြီး ဆို၏။

“ဝမ်းသာသွားပြီ တိုင်းမှူးကြီး၊ ဒါကြောင့်လဲ တိုင်းမှူးကြီး စာအစပ်ခံရတာပဲ”

“ခင်ဗျာ ... ဘယ်လို”

“ကျွန်တော်တို့ ဂေါက်ကွင်းက ကဗျာဆရာ ကျောင်းအုပ်ကြီးက တိုင်းမှူးကြီးကို စာစပ်ထားတယ်”

“ဘယ်လိုတဲ့လဲ”

“သူရတဲ့ အောင်ဖေ၊ အခေါင်ပေ သတ္တိထူး။ ဂေါက်ကွင်းမှာ နည်းနာပြ၊ အာဂဆရာတစ်ဦး တဲ့”

တိုင်းမှူးကြီးသူရအောင်ဖေသည် လှိုက်လှဲစွာ ရယ်ပြန်၏။

“အကောင်းစပ်ထားလို့ တော်သေးတာပေါ့ဗျာ၊ သူတို့ ကဗျာဆရာတွေ၊ စာရေးဆရာတွေနဲ့ သိကျွမ်းရတာ ကြောက်စရာအကောင်းသား၊ ဆရာ့ ကဗျာဆရာ ကျောင်းအုပ်ကြီးက ဒုတိယဗိုလ်မှူးကြီးဘမော်ကို စပ်ထားတာကို ကြားဖူးလား”

“ဟင့်အင်း ... မကြားဖူးသေးဘူး”

တိုင်းမှူးကြီးသည် ဆက်ရယ်နေ၏၊ တိုင်းမှူးကြီး ဘာကိုရယ်မှန်းလည်း နှင်းငွေ ရိပ်မိ၏။

ဒုတိယ ဗိုလ်မှူးကြီးဘမော်ကား ဆေးမှူးကြီးတစ်ဦး ဖြစ်၏၊ မာန်မာနလုံးဝ မရှိ၊ မိမိကိုယ်ကို မိမိ အလွန်နှိမ့်ချ၏၊ အစဉ်သဘောကောင်း၍ ဖော်ရွေသည်၊ မျက်နှာကြီးကလည်း အခါမရွေး ပြုံးနေတတ်၏၊ သို့ရာတွင် ဗိုလ်မှူးကြီးဘမော်၌ နှလုံးရောဂါရှိစပြုနေသည်၊ သွေးတိုးရောဂါကား အတန်ရင့်နေ၏၊ အသက်လည်း ကြီးပေပြီ၊ ဗိုလ်မှူးကြီးဘမော်သည် ရောဂါဒဏ်ကို ဂေါက်ရိုက်စဉ် ဖော်ပြတတ်၏၊ ဂေါက်

http://www.cherrythitsar.org



သီးကို ရိုက်ရန် ချိန်နေဆဲ၊ မည်သည့်အသံကိုမှ ကြား၍မရ၊ ဂေါက်ထမ်းသမားလေးများ၏ အော်သံ၊ လမ်းမှ ဖြတ်မောင်းသွားသောကားသံ၊ ဤအသံများကို မဆိုထားနှင့် ချောင်းဆိုးသံ၊ ခြေသံများကို ကြားလျှင်ပင် အရိုက်ပျက်တော့၏။ ဂေါက်သီးသည် ထွက်ချင်ရာ ထွက်သွားတော့၏။ ထိုအခါ ဗိုလ်မှူးကြီးဘမော် မျက်နှာနီရဲကာ အလွန်စိတ်တိုတတ်၏။

တိုင်းမှူးကြီးသည် အရယ်ရပ်လိုက်ပြီး ပြော၏။

"ကိုဘမော်တော့ ဟောဒီလို စာအစပ်ခံထိသဗျ၊ ဘာတဲ့၊ အဲ ... ပရက်ရှာတဲ့ မှန်မှန်ဝင်၊ မှူးကြီးမော်ဘိုဂီမှန်း၊ လမ်းစမမြင်၊ ခုန်လိုက်တဲ့ရင်၊ ဘဝင်က လှိုက်သေး၊ ရိုက်မယ်နော်ဖော်အပေါင်းရယ်၊ ချောင်းဆိုးနဲ့လေး ... တဲ့"

(ပရက်ရှာ၊ ဘိုဂီ ဟူသည်မှာ ဂေါက်ကွင်းဝေါဟာရများ ဖြစ်ကြ၏။ စိတ်တည်ငြိမ်မှု ပျက်စေသော အကြောင်းတို့ကို ပရက်ရှာခေါ်၏။ ဘိုဂီဆိုသည်မှာ သတ်မှတ်ထားသောအချက် အရေအတွက်ထက် မပိုဘဲ တိကျစွာ တွင်းစိမ်နိုင်ခြင်းကို ခေါ်သည်။ ဤကား စကားချပ်)

နှင်းငွေကလည်း ရယ်သည်၊ မှန်သည် ကဗျာဆရာ၊ စာရေးဆရာများနှင့် သိကျွမ်းရသည်မှာ တစ်ခါတစ်ရံ ကြောက်ဖွယ်အကောင်းသား။

တိုင်းမှူးကြီးက ဆက်ပြော၏။

"စောစောက ကျော်ကျော် ပြောသလို ဆရာ့ပခုံးဝင်ပုံက မှားနေတယ်၊ တုတ်ကို အနောက်လွှဲရင် ဆရာက ဘယ်ပခုံးကို နှိမ့်ပြီး ယူတယ်၊ အမှန်က ပခုံးဟာ လည်သွားရမယ်၊ တုတ်အဆင်းကျခါမှ ညာပခုံးက နိမ့်ဝင်သွားရမယ်။ အဲဒါမလုပ်ခင် တင်ပါးကို ဘယ်ဘက် အစွမ်းကုန်ပစ်ပြီး ဖြစ်နေရမယ်၊ အဲ့ဒါတွေ ဒီနေ့ ကျွန်တော် ပြင်မပေးသေးပါဘူးလေ၊ ဆရာရှုပ်ကုန်မယ်၊ အခုတော့ ဒီအတိုင်း ဆက်ရိုက်၊ အခက်အခဲရှိနေရင် ကျွန်တော် အားလို့ လာနေတာနဲ့လဲ ကြုံရင် မေးပေါ့၊ ကျွန်တော် ကူညီချင်ပါတယ်၊ တစ်ခုတော့ ကြုံတုန်း ကျွန်တော် ပြောပြမယ်"

"ပြောပါ တိုင်းမှူးကြီး"

"ဆရာ ဗုဒ္ဓဝိပဿနာကို လေ့လာဖူးလား"

"ဟင့်အင်း ... ဘာပြုလို့လဲခင်ဗျ"

တိုင်းမှူးကြီးသည် ညင်သာစွာ ပြုံး၏။ အေးချမ်းမှုအပြည့်ရှိသော ညင်သာလှသည့် အပြုံးဖြစ်၏။

"စစ်သားပါးစပ်က တရားစကားထွက်လာတော့ ဆရာ အံ့သြမလားမသိဘူး၊ ထားပါတော့လေ၊ ဝိပဿနာပြတဲ့ ကျေးဇူးရှင် ဆရာတော်ကြီးများ မိန့်လေ့ရှိတယ်၊ ပစ္စုပ္ပန်ရှု၊ တည့်တည့် ရှုတဲ့၊ ဂေါက်ရိုက်တဲ့အခါမှာလဲ ပစ္စုပ္ပန်ရှု တည့်တည့်ရှု၊ အရာရာမှာပေါ့လေ၊ ဆရာက ပညာကြီးတဲ့ ဆရာဝန်ကြီးတစ်ဦးပဲ၊ ဆက်လက်စဉ်းစားကြည့်ပေါ့၊ ကြုံရင်လဲ ဆက်ဆွေးနွေးကြသေးတာပေါ့"

တိုင်းမှူးကြီးသည် အနီး၌ ရပ်နေသော ကျော်ကျော်၏ ပခုံးလေးပေါ် လက်

http://www.cherrythitsar.org



တင်လိုက်ပြီး မေး၏။

"ဒီနှစ် ကျော်ကျော် စာမေးပွဲ အောင်ရဲ့လား"

ကျော်ကျော်သည် စစ်သားကြီးပမာ ကိုယ်ကို တောင့်တောင့် အနေအထား ဖြင့် ဖြေ၏။

"အောင်ပါတယ် တိုင်းမှူးကြီး"

"ဒီနှစ်ဘယ်နှတန်းလဲ"

"ခြောက်တန်း ခင်ဗျ"

"ကျောင်းမှာ စာအုပ်တွေ၊ ခဲတံတွေ ဝယ်လို့ ရရဲ့လား"

"ခဲတံတော့ရတယ်၊ စာအုပ်တွေတော့ လွယ်လွယ်ဝယ်လို့ မရဘူးခင်ဗျ"

"ဘယ်စာအုပ်တွေလဲ"

"အကုန် ... အကုန်လုံးပဲခင်ဗျ"

"ကောင်းပြီ၊ လွယ်လွယ်ဝယ်လို့မရအောင် လုပ်ပေးမယ်လေ"

"ဟုတ် ... ဟုတ်ကဲ့၊ ကျွန်တော်တို့ သိပ်ဝမ်းသာမှာပဲ"

တိုင်းမှူးကြီးသည် ကျော်ကျော်၏ ခေါင်းလေးကို ပွတ်လိုက်ပြီး လေ့ကျင့် ခွင့်ရှိရာ မြေလွတ်တစ်ခုဆီ ထွက်သွား၏။

နှင်းငွေသည် တိုင်းမှူးကြီး၏ ကျောကို ငေးကြည့် ကျန်ရစ်၏။

ကျော်ကျော်က စကားပြော၏။

"သိပ်သဘောကောင်းတဲ့ လူကြီးခင်ဗျ"

နှင်းငွေက ပြန်မေးသည်။

"ဘာပြောတယ် ကျော်ကျော်"

"တိုင်းမှူးကြီးကို ပြောတာ၊ သူက အကြီးကြီးပဲ၊ တချို့က ကြောက်တယ်လို့ ပြောကြတယ်၊ ကျွန်တော်တို့တော့ မကြောက်ပေါင်၊ စကားပြောရဲတာပဲ၊ ပအိုဝ်တွေလဲ ပြောရဲတယ်၊ ဂေါ်ရခါးတွေလဲ ပြောရဲတယ်၊ ဟို ... ကောလိပ်ကျောင်းက ကျောင်း သားတွေလဲ ပြောရဲတယ်"

"ကျော်ကျော်၊ မင်း ဘာပြောတာလဲ၊ ငါ နားမလည်ဘူး"

"တိုင်းမှူးကြီးကို စကားပြောရဲတာ ပြောပြနေတာ၊ ကျွန်တော် ပြောရဲတယ်"

"အေးပါကွာ၊ မင်းပြောရဲတာ၊ ငါမြင်ပြီးပြီပဲ"

"ဆရာမမြင်တာ ရှိသေးတယ်၊ ပအိုဝ်တွေက မြို့က ပြန်ရင် ဒီဂေါက်ကွင်း ကို ဖြတ်ပြန်တာတဲ့၊ သူတို့ကို တိုင်းမှူးကြီးက အမြဲနှုတ်ဆက်တယ်၊ သူတို့ကလဲ ရပ်ပြီး တိုင်းမှူးကြီးနဲ့ စကားအကြာကြီး ပြောတာပဲ"

"သြော် ... အေး ... အေး"

"ဟောဟို ပင်စင်ရွာက ဂေါ်ရခါး နွားကျောင်းသားလေးတွေ သိလား"

"ဆရာမြင်ဖူးပါတယ်"

"သူတို့နဲ့လဲ တိုင်းမှူးကြီးက စကားပြောတာပဲ"

http://www.cherrythitsar.org



"အေး ... အေး"

"ဟောဟို ... ကောလိပ်ကျောင်းကြီး မြင်လား၊ အဲဒီမှာ အောင်မြတ်ဆောင် ဆိုတာ ရှိတယ်၊ အဲဒီက ကောလိပ်ကျောင်းသားတွေက ဂေါက်ကွင်းကို ဖြတ်ဖြတ် ပြီး ညနေကို လမ်းလျှောက်တယ်၊ တိုင်းမှူးကြီးနဲ့ တွေ့ရင် သူတို့က ဝိုင်းပြီး ဟိုမေး ဒီမေးနဲ့ စကားပြောကြတာပဲ၊ တိုင်းမှူးကြီးကလဲ သူတို့နဲ့ ပြန်စကားပြောတာပဲ၊ တိုင်းမှူးကြီးကို ကျွန်တော်တို့ မကြောက်ဘူးဗျ၊ စကားသွားပြောရဲတယ်"

ကျော်ကျော်ဆိုလိုသည်ကို နှင်းငွေ သဘောပေါက်သွား၏။

"အေးကွယ် ကျော်ကျော်၊ မိလိုဖလိုနေတဲ့ လူတွေကို တို့က ဘာလို့ ကြောက်ရမလဲ၊ ရိုသေလေးစားမှုတော့ ရှိရမပေါ့"

ကျော်ကျော်သည် မြေပြင်၌ ဒူးထောက်ထိုင်ချလိုက်၏။ တီးတိုင်ပေါ် ဂေါက် သီးတင်ပေးရင်း ဆို၏။

"ရိုက်တော့ ဆရာ၊ တိုင်းမှူးကြီး ခဏပြပေးတာနဲ့ ဆရာ တော် တော်ဟုတ် သွားပြီ၊ ဆရာ့ပခုံးမှာနေတာကို ကျွန်တော် ပြောတာ မမှန်ဘူးလား"

"မှန်သကွဲ့ ကျော်ကျော်၊ မင်းမှန်သကွဲ့၊ ကဲ ... ရိုက်ပြီဟေ့"

ဂေါက်သီးသည် မြောက်ကာ တည့်တည့်ပြေး၏။

ကျော်ကျော်က ဝမ်းသာအားရ လက်ခုပ်တီး၏။

နှင်းငွေလည်း ဝမ်းသာသွား၏။

ထိုစဉ်ပင် တိုင်းမှူးကြီး၏ တရားစကားကို ကြားယောင်လာ၏။

"ပစ္စုပ္ပန်ရှု ... တည့်တည့်ရှု"

*

ညိုမြီမောင်းလာသော မောရစ်(စ်)ကားလေးသည် ဂေါက်ကွင်းနယ်နိမိတ် အတွင်းဝင်လာ၏။

ဂေါက်ကလပ်သည် တောင်ကုန်းအမြင့်တစ်ခု၌ တည်ရှိလေရကား ညိုမြီသည် ကုန်းတက်လမ်းကို ဂီယာနိမ့်လျက် ဖြည်းဖြည်းတက်ခဲ့ရ၏။

ဂေါက်ကလပ်၏ လက်ဝဲဘက် (အရှေ့ဘက်)၌လည်း ကားဆိုက်ရန် နေရာ ရှိ၏။ လက်ျာဘက် (အနောက်ဘက်)၌လည်း ကားဆိုက်ရန် နေရာရှိသေး၏။

ညိုမြီက အနောက်ဘက်သို့ ကားကို မောင်းယူလာ၏။

ကားဆိုက်ပြီးလျှင်ပြီးချင်း၊ နောက်ခန်းတံခါးကို ဖွင့်ကာ ကလေးနှစ်ဦးသည် အလျင်ဆင်း၍ မြူးထူးအော်ဟစ်လျက် ပြေးလွှားဆော့ကစားကြ၏။

ကားစက်သော့ပိတ်ပြီး ညိုမြီက လက်ယာဘက်တံခါးကို ဖွင့်ဆင်း၏၊ စစ္စတာဒေါ်မိုးသူက လက်ဝဲဘက်တံခါးကို ဖွင့်ဆင်း၏။

စစ္စတာသည် ဂေါက်ကွင်းကို မျက်လုံးများ ဝေ့လျက် ကြည့်၏။

http://www.cherrythitsar.org



ကျယ်ပြောခြင်းကို တွေ့ရသည်၊ စိမ်းလန်းခြင်းကို မြင်ရ၏။ လွတ်လပ်မှုကို ခံစားရ၏။

ကလပ်၏အနောက်ဘက်၌ အတန်မြင့်သော တောင်ကုန်းလုံးလုံးတစ်ခု ရှိနေ၏။

ကလေးနှစ်ဦးက ပျော်ရွှင်စွာ မြည်ကြွေးလျက် တောင်ကုန်းကို ပြေးတက်ကြ၏။

ညိုမြီက လှမ်းအော်၏။

"သော်ကြီး၊ အရမ်းပြေးမတက်နဲ့၊ သော်ကလေး နေဦး၊ သားမတက်နိုင်ဘူး၊ မေမေ လာခဲ့မယ်"

ညိုမြီက စစ္စတာဘက် လှည့်ခေါ်၏။

"လာ ... မမမိုး၊ အဲဒီပေါ် တက်ကြရအောင်၊ အဲဒီကနေ အားလုံးကို စီးမြင်နိုင်တယ်၊ ကလေးတွေကလဲ ရောက်တိုင်း ဒီပေါ် တက်ရမှ"

ညိုမြီသည် ကလေးနှစ်ယောက်နောက်သို့ ပြေးလိုက်သည်၊ တောင်ကုန်းခုလတ်၌ လေးဖက်ထောက်ကာ ဖွဲကြီးကြီးနှင့် ဆက်တက်နေသည့် သော်ကလေးကို မိ၏။

သူတို့နောက်လိုက်ကာ စစ္စတာလည်း တောင်ကုန်းကို တက်၏။

တောင်ကုန်းထက် ရောက်ကြသောအခါ ကလေးများက မမောမပန်း ဟန်ဆက်လက်ခုန်ပေါက်နေကြ၏။

စစ္စတာမှာ အတန်မောနေ၏၊ သော်ကလေးကို ချီမတင်ခဲ့ရသော ညိုမြီမှာကား ပါးစပ်ကို ဟကာ တဟဲဟဲ လေရှူနေရှာ၏။

အမောဖြေရင်း စစ္စတာသည် ပတ်ဝန်းကျင်ကို လှေ့လာရှုကြည့်၏။

ဂေါက်ကွင်းသည် စိမ်းလန်းကျယ်ပြောသည် မှန်၏၊ မြေပြန့်သက်သက်မှုမဟုတ်၊ ပြန့်သည့်နေရာက ပြန့်သည်၊ မောက်သည့်နေရာက မောက်၏၊ ကုန်းစောင်းများ၊ ကုန်းဆင်းများ၊ ကုန်းတက်များ ရှိနေကြ၏။ မည်သို့ဖြစ်စေ စိမ်းလန်းကျယ်ပြောမှုကား ရှိနေ၏။

စိမ်းလန်းကျယ်ပြောသော ဂေါက်ကွင်းကို လေးဖက်လေးမျက်နှာ၌ တောင်ကုန်းတို့က ဝိုင်းရံထားသည်။

အရှေ့ဘက် တစ်ဝက်ကိုမူ တောင်ချွန်းနှင့် ဆက်နေသော ဘုရားတောင်ခေါ်တောင်မြင့်ကြီးက မြတံတိုင်းကြီးပမာ၊ လွှမ်းလွှမ်းမိုးမိုး စိုးစိုးရရကာထား၏။ ကျန်ဝိုင်းရံနေသော တောင်ကုန်းတို့ကား မနိမ့်လွန်း၊ မမြင့်လွန်း၊ တောလည်း မထူ၊ တောလည်းမကင်း၊ တောင်နံပါးတို့ကို မြက်စိမ်းနုများ လွှမ်းထားကြ၏။

ဂေါက်ကွင်း၏ တောင်ဘက်အစွန်း မြေပြန့်တွင် ခေါင်မိုးနီနီ ကိုယ်ထည်ဝါဝါဖြင့် သစ်လွင်သော ကောလိပ်အဆောက်အအုံကြီးသည် ခံ့ညားလှပစွာ တည်တည်ငြိမ်ငြိမ် ရှိနေ၏။ ကောလိပ်ကြီး၏ အနောက်ဘက်၌ ကျနေတွင် ရောင်ပြန်ဟပ်နေသော ကန်ကြီးများ ရှိ၏။

http://www.cherrythitsar.org



ဂေါက်ကွင်းတွင်း၌လည်း ရေကန်ငယ်များကို တွေ့ရသည်။ ရေရှင်စီးနေသော စမ်းချောင်းကလေးများကိုလည်း တွေ့ရသည်၊ ထင်းရှူးတောစုလေးတစ်စုကို တွေ့ရသကဲ့သို့ စမ်းပေါက်လမ်းတစ်လျှောက် သွယ်ပြေးနေသော ခင်တန်းမဟူ ချုံတန်းမကသည့် ပင်စုပင်အုပ်များကိုလည်း တွေ့ရသည်၊ တစ်ပင်ချင်း သီးသီးသန့်သန့် အုပ်အုပ်ဝေဝေရှိသော ညောင်ပိန္နဲကြီးများက တုတ်တုတ်ခိုင်ခိုင် ရပ်တည်နေသကဲ့သို့ သုံးလေးပင် ယှဉ်ကာ အမြင့်ချင်းပြိုင်လျက် ယူကလစ်တက်(စ်)ပင်ကြီးများကလည်း ဖြောင့်ဖြောင့်မတ်မတ် သွယ်သွယ်မားမား ရပ်တည်နေကြသည်။

လေသည် အတန်လေး အရိုန်ရှိသော်လည်း သန့်လှ၏။ မွှေးပျံ့ပျံ့လည်း ကြိုင်သည်၊ အသားနှင့် တွေ့ထိသောအခါ အေးအေးမြမြ ရှိလှသော်လည်း ချမ်းသည်၊ စိမ့်သည်ဟုမူ မဆိုသာ။

စစ္စတာ၏ ကိုယ်သည် လန်းဆန်းလာ၏၊ စိတ်သည် ကြည်လင်လာ၏။

စစ္စတာသည် ကိုယ်ကို လှည့်လိုက်ပြီး အနောက်နှင့် မြောက်ဘက်ဆီသို့ ကြည့်၏။

အနောက်ဆီ၌ အလွန်ဝေးရာတွင် တောင်တန်းပြာကြီးများကို တွေ့ရ၏၊ တောင်တန်းပြာ၊ စစ္စတာသည် အသာလေး ခေါင်းခါ၏၊ အပြာမျိုး၌တော့ ပါသည်၊ ပြာလှသည်တော့မူ မဟုတ်၊ လွှမ်းထားသော မီးခိုးရောင် မြူတို့နှင့် စာလျှင် အနည်းငယ် ပို၍ ရင့်မှောင်ခြင်းသာ ရှိနေ၏။

မြောက်ဘက်တည့်တည့်၌ အရင်းသေးသွယ်၍ အဖျားကားစွင့်သော မိုးတိမ်တိုက်ကို တွေ့ရ၏။ မှိုပွင့်သဏ္ဌာန် မိုးတိမ်တိုက်၊ မိုးတိမ်မှိုပွင့်အရောင်ကို စစ္စတာ မည်သို့ ခေါ်ရပါမည်နည်း၊ ခိုပြာရောင်လော မိလ္လာရောင်လော။

စစ္စတာ၏ မျက်လုံးများသည် အနောက်ဆီ ရောက်သွားပြန်၏။

ပြာသည်ဟု ခေါ်ရမည့် တောင်တန်းကြီးများ၏ အထက်နားမှ ရွှေရောင်တို့ လျှံဝင်းလျက် ဖြန့်ထွက်နေ၏။ ထို့ထက် အမြင့်တွင်မူ တိမ်တန်းကြီးတစ်ခုက အနောက်တစ်ခွင်လုံးကို စိုးမိုးထား၏။ တိမ်တန်းတွင် အရောင်မျိုးစုံ ပေါ်နေ၏။ အဝါရောင်က မှေးမှေးမှုန်မှုန်၊ ပန်းနုသွေးလည်း ဟိုတစ်ကန့် သည်တစ်ကန့် ရှိနေသည်။ ခရမ်းရောင်သည်သာ တိမ်တန်းတစ်ခုလုံးကို စိုးမိုးနေသည်ဟု ဆိုနိုင်၏။

ညိုမီ၏ အသံသည် ပေါ်လာ၏။

“ဟော ... မမမိုး ငိုင်နေပြီ”

စစ္စတာဒေါ်မိုးသူက တည်ငြိမ်စွာ ဖြေ၏။

“မမမိုး မငိုင်မိပါဘူး ညိုမီ၊ မမမိုး ငေးနေမိတယ်ဆိုရင်တော့ မှန်ပါတယ်”

“မမမိုးကလဲ ငေးတာနဲ့ ငိုင်တာ မတူလို့လား”

“မတူဘူးကွဲ့ ညိုမီရယ်၊ ငိုင်တယ်ဆိုတာက ပတ်ဝန်းကျင်ကို သတိခဏလွတ်သွားတာပဲ၊ ငေးတယ်ဆိုတာကတော့ ပတ်ဝန်းကျင်တစ်ခုလုံးကို သတိမူချင်မှ မူမိမယ်၊ ဒါပေမဲ့ တစ်စုံတစ်ခုပေါ်မှာတော့ သတိကို ပုံပြီး အာရုံပြုထားတာ”

http://www.cherrythitsar.org



"မမိုးက မြန်မာစကား သိပ်တတ်တာပဲ၊ ထားပါတော့လေ၊ အခု မမိုး ဘာကို ငေးကြည့်နေတာလဲ"

"တိမ်တွေကို ငေးကြည့်တာ ညိုမီ၊ မမိုး တိမ်တွေကို သိပ်ချစ်တယ်"

ညိုမီသည် ဟက်ဟက်ပက်ပက်ကလေး ရယ်၏။

"တိမ်တွေကို သိပ်ချစ်တယ် ဟုတ်လား မမိုး၊ မမိုးရဲ့ နာမည်နဲ့ တိမ်ကို ချစ်တယ်ဆိုတာကတော့ သိပ်ကိုက်တာပဲ"

စစ္စတာဒေါ်မိုးသူသည် ပြုံးလျက် စကားပြောနေခြင်း ဖြစ်၏။ ညိုမီ၏မှတ်ချက် ချသံကို ကြားရသောအခါ စစ္စတာ၏ အပြုံးသည် မသိမသာလျော့ကျသွား၏။

မိုးသူဟူသော မိမိ၏ နာမည်နှင့် ပတ်သက်၍ မောင်၏ မှတ်ချက်ကိုလည်း သတိရမိသောကြောင့် ဖြစ်၏။

စစ္စတာသည် အပြုံးကို မြှင့်လိုက်၏၊ ရယ်၍ပင် ဆို၏။

"မိုးသူဆိုတာဟာ မိုးနတ်ဒေဝီလို့ အဓိပ္ပာယ်မရပါဘူး၊ အင်း ... ဟဲ ... ဟဲ၊ မမိုးကို မိုးနတ်ဒေဝီလို့ မြှောက်ကြတဲ့ ယောကျ်ားလေးငါးဦးရဲ့ စကားကိုတော့ ကြားဖူးသား ညိုမီ"

"ယောကျ်ားဆိုတဲ့ ငနဲတွေက အလိမ်တတ်သားကလား၊ ဒါပေမဲ့ မမိုးကို မိုးနတ်ဒေဝီလို့ ခေါ်တာကတော့ ခေါ်ထိုက်တယ် ထင်တယ်၊ မမိုးလှတာကိုး၊ ဒါက ညိုမို့အမြင်ပါ၊ ယောကျ်ားတွေ ခုတစ်မျိုး ခုတစ်မျိုး လုပ်တတ်တာကတော့ အမှန် ပဲ၊ ကိုဘဖေသော်ကို ကြည့်လေ၊ အစက သူက ညိုမို့ကို ညိုမီလို့ ခေါ်တယ်၊ ညို လို့လဲ ခေါ်တယ်၊ မီလို့လဲ ခေါ်တယ်၊ ညိုမီခေါ်ခေါ်၊ ညိုခေါ်ခေါ်၊ ညိုမီသဘောကျ တာပဲ၊ မီ ... လို့ ခေါ်တော့ တစ်မျိုးကြီးပဲ၊ ညိုမီက သျောင်လို့ ပြန်ထူးရမလိုပဲ"

စစ္စတာသည် ညိုမီ၏စကားကို သဘောကျသဖြင့် ရယ်၏။

"ကြည့် ... မမိုးက ရယ်ပြန်ပြီ၊ ညိုမီအဟုတ် ပြောပြနေတာ"

"ကဲပါ ... ဆက်ပြောပါ"

"အခုတော့ သူက တစ်ခါတလေ အင်းလေ၊ တစ်ခါတလေမကပါဘူး၊ ခဏခဏပြောင်ပြီး ခေါ်တယ်၊ သော်ကြီးတို့ အမေရေ၊ သော်လေးတို့ အမေရေ၊ ဟော့၊ မေမေကြီးရေ၊ အဲဒီလို ခေါ်တော့တာ မမိုးရဲ့"

စစ္စတာသည် ညိုမီ၏ မျက်နှာကို အကဲခတ်ကြည့်၏။

ညိုမီ၏မျက်နှာသည် ကြည်လင်နေ၏၊ ကြည်လင်ရုံမက ဂုဏ်ယူဟန်လည်း ပြနေ၏၊ လင်ကိုချစ်၍ သားကိုလည်း ချစ်ကာ၊ ချစ်လင်၏ ရင်သွေးကို မွေးပေးနိုင်သူ ဇနီးကောင်း၊ မိခင်ကောင်း၏ ဂုဏ်ပြည့်သောမျက်နှာကို စစ္စတာ တွေ့ရ၏။

"ဆရာဦးဘဖေသော်က သော်ကြီးတို့အဖေ၊ သော်လေးတို့ အမေ၊ ဟော့ ... မေမေကြီးရေ လို့ ခေါ်တော့ ညိုမီ တကယ် သဘောမကျဘူးလား"

ညိုမီသည် အားရပါးရ ရယ်မော၏။

"မမိုးကလဲ စကားစပ်လို့ ရယ်စရာပြောရတာပါ၊ တကယ်တော့ ညိုမီလဲ

http://www.cherrythitsar.org



သဘောကျတာပေါ့၊ မောင်သိပ်ချစ်တဲ့ သားနှစ်ကောင်ကို ညိုမီက မွေးပေးထားတာပဲ၊ ဒီတော့ ညိုမီက မေမေကြီးပေါ့၊ မောင့်ရဲ့ရင်သွေး သော်ကြီးတို့ သော်လေးတို့ရဲ့ မေမေကြီး”

စစ္စတာ ငိုင်ကျသွား၏၊ ငေးသည်မဟုတ်ပါ၊ ငိုင်သည် တိတိကျကျ ဖြစ်၏။

“ဟော ... မမမိုး ဘာဖြစ်သွားပြန်ပြီလဲ”

စစ္စတာသည် မျက်ရည်ဝဲလျက် ခေါင်းမော်လာ၏။

“ငိုင်သွားမိတယ် ညိုမီ၊ ညိုမီ့စကားကြောင့် မမမိုး ငိုင်သွားမိတယ်”

“အို ... ညိုမီ့စကားကြောင့် မမမိုး ငိုင်သွားမိတယ်”

“ဟုတ်တယ် ညိုမီ”

သော်ကြီး၏ အော်ဟစ်သံပေါ်လာ၏။

“ဟိုး ... မှာ ဖေဖေ၊ ဟိုးမှာ ဦးဦးဖေလှမြင့်၊ ဟော ရိုက်ပြီ။ ဖေဖေ ရိုက်ပြီ၊ အဲ ... တို့ဖေဖေက ဘယ်လောက်တော်သလဲ၊ သိပ်ပြေးအဝေးကြီးပြေး”

သော်လေးသည် တောင်ထိပ်မှ အောက်ဆီခဲလုံးများ ပစ်ခြင်းကို ရပ်လိုက်၍ မေး၏။

“ဘယ်မှာရဲ့၊ ဖေဖေ ရိုက်ယာ”

“ဟိုမှာလေ၊ အင်္ကျီအနီနဲ့”

သော်လေးသည် တောင်ကုန်းအမြင့်ထက်မှ ငုံ့ကြည့်ပြီး လက်ခုပ်တီး၏။

“ဖေဖေကြီး ... ဖေဖေကြီး၊ တို့ ဖေဖေကြီးကွ”

စစ္စတာက သော်ကြီးနှင့် သော်လေးကို ငေးကြည့်နေ၏။ ညိုမီက မကျေမနပ် ဟန်နှင့် မေးသည်။

“ဆက်ဦးလေ မမမိုး၊ ဘာလို့ ညိုမီ့ စကားကြောင့် မမမိုး ငိုင်သွားမိရတာလဲ”

စစ္စတာသည် သဲ့သဲ့ရယ်၏။

“မမမိုးပြောရင် ညိုမီ ယုံပါ့မလား”

“ဘာကိုမယုံရမှာလဲ”

“ဆိုပါစို့၊ ညိုမီတို့ကို မမမိုး မနာလိုဘူးဆိုရင် ဘယ့်နှယ်လဲ”

“အို ... ညိုမီတို့ကို မမမိုး မနာလိုဘူးဆိုရင် မမမိုး ဘာပြောတာလဲ”

“ညိုမီ့ကို ညိုမီလို့ လူတကာက ခေါ်ခွင့်ရှိတယ်၊ သော်ကြီးတို့အမေ၊ သော်လေးတို့အမေ၊ မေမေကြီးလို့ ပိုင်ပိုင်ခေါ် ပိုင်ခွင့်ရှိသူက ဦးဘဖေသော်တစ်ယောက်ပဲ ရှိတယ်၊ သော်ကလေးက အော်နေတာလဲ၊ နားထောင်ကြည့်စမ်း၊ ဖေဖေကြီး ဖေဖေကြီးနဲ့၊ လောကမှာ ဒီ့ထက်သာယာတဲ့ အသံဟာ မရှိနိုင်ဘူး ညိုမီ၊ မိန်းမတိုင်း ညိုမီ့ဘဝကို မရနိုင်ပါဘူး”

စစ္စတာ့အသံ၌ ဆွေးမြည့်မှုတစ်မျိုးပါနေမှန်း ညိုမီ သတိပြုမိ၏။ စစ္စတာ ၏ မျက်လုံးပြာများကလည်း ကြေကွဲမှုတစ်ရပ်ကို ပြနေ၏။ စစ္စတာ့စကားကိုလည်း

http://www.cherrythitsar.org



ညိုမီ နားလည်သွား၏။

ညိုမီသည် စစ္စတာကို တစ်စုံတစ်ရာ ပြန်မေးမည်ကြံ၏။ သို့ရာတွင် နှုတ်က ရုတ်တရက် ထွက်၍မရ။

ညိုမီ ချိန်ဆနေခိုက် စစ္စတာက စကားလမ်းကြောင်းကို လွှဲလိုက်၏။

"ညိုမီတို့ ညနေတိုင်း ဒီကိုလာသလား"

"ဟင့်အင်း၊ လာတော့လာချင်သား၊ ဒီရောက်ရင် စိတ်လွတ်လပ်ပြီး ချမ်းသာတယ်၊ ဒါပေမဲ့ မအားဘူး မဟုတ်လား၊ ကလေးတွေလဲ ကျောင်းပိတ်တဲ့ ခုလိုစနေ နေ့မျိုးမှ လိုက်လာတာ၊ တနင်္ဂနွေကိုတော့ ကိုဘဖေသော်က မိသားစုနေ့လို့ သတ်မှတ်ထားပြီး ညိုမီတို့ တခြားသွားချင်တဲ့နေရာ လိုက်ပို့ပေးတယ်၊ စောစောက မမမိုးပြောတာ မှန်တယ်၊ ညိုမီ တော်တော်ကံကောင်းတယ်၊ ညိုမီဂေါ့ (ဖ) ဝစ်ဒိုး မဖြစ်သေးဘူး"

"ဘာရယ်ညိုမီ၊ ဂေါ့(ဖ)ဝစ်ဒိုး"

"ဟုတ်တယ်၊ လင်ရှိရက်နဲ့ ဂေါက်ကြောင့် မုဆိုးမလို ဖြစ်ရတာကို ပြောတာ၊ ဂေါက်ကာတွန်းတစ်ခု ညိုမီ တွေ့ဖူးတယ်၊ ပုံထဲမှာ မြက်ခင်းပေါ် လူနှစ်ယောက် ရပ်နေတယ်၊ တစ်ယောက်က တွင်းစိန်မယ်လုပ်ရာက မော့ကြည့်ပြီး မေးနေတဲ့ ဟန်၊ တစ်ယောက်က ဦးထုပ်လေး ချွတ်ပြီး ရင်မှာ ပိုက်လို့ ဝမ်းနည်းခြင်း အထိမ်းအမှတ်နဲ့ ခေါင်းလေးညွှတ်၊ ခါးလေးကိုင်းလို့ သူတို့နဲ့ လှမ်းလှမ်းမှာက အသုဘတစ်ခု ချလာနေတယ်၊ ကာတွန်းအောက်မှာ ရေးထားတာကတော့ သုံးစက္ကန့်လောက် ငြိမ်နေကြစို့ မိတ်ဆွေ၊ ခုချသွားတာဟာ ကျွန်တော့်မိန်းမ အသုဘ … တဲ့၊ ဂေါက်သမားဟာ ဂေါက်ကို သားမေ့ မယားမေ့ စွဲတတ်တာကို ရယ်စရာလုပ်ထားတာပေါ့"

"ဒီလောက်တောင်ပဲ စွဲကြသလား ညိုမီ"

"စွဲကြတယ်၊ အစက ညိုမီ နားမလည်ဘူး၊ နောက်တော့မှ သဘောပေါက်လာတယ်၊ သူတို့မှာ တာဝန်ကြီးတွေက ဖိစီးနေတယ်၊ ဆေးရုံ သို့မဟုတ် ရုံးက ပြန်လာရင်၊ လူတွေသာ ညောင်းလာတာ မဟုတ်ဘူး၊ စိတ်တွေပါ ညောင်းလာကြတယ်၊ ဒီမှာတော့ လူအညောင်းရော၊ စိတ်အညောင်းရော ဖြေနိုင်ကြတယ်"

"စိတ်အညောင်းဖြေတယ်၊ ဒီစကားတွေကိုတော့ မမမိုး အကြိုက်သား"

"စိတ်အညောင်းပြေတာတော့ တကယ်ပဲ၊ သော်လေး မမွေးခင်က ညိုမီလဲ လိုက်ရိုက်ဖူးတယ်၊ သိပ်ဂရုစိုက်ထားပြီး အာရုံက တည်ငြိမ်နေရတယ်၊ ဟိုရောက် ဒီရောက်မရောက်ရဘူး၊ ပြီးတော့ လောဘလဲ မကြီးရဘူး၊ ဒေါသလဲ မကြီးရဘူး၊ ညစ်ပတ်ချင်လို့လဲ မရဘူး၊ လူများကို အနိုင်ယူလို့လဲ မရဘူး၊ ကိုယ့်ကိုယ်ကိုယ်သာ တော်သထက် တော်အောင် ကြိုးစားနေရတယ်၊ ရိုက်ဖော်ရိုက်ဖက်ချင်းလဲ၊ သိပ်ချစ်ကြတယ်"

"သားမယားထက် ပိုချစ်ကြတယ်ပေါ့၊ ဟုတ်လား"

"ဟဲ … ဟဲ … စကားအဖြစ်တော့ ဒီလိုပဲ ပြောရမှာလိုပဲ၊ တကယ်တော့

http://www.cherrythitsar.org



ဘယ်သူဟာ ဘယ်ဟာကို သားမယားထက်တော့ ပိုချစ်နိုင်ပါ့မလဲ၊ ကိုဘဖေသော်ကို ကြည့်လေ၊ သူ့မှာ အားရတဲ့ နေ့တွေ အချိန်တွေ နည်းတယ်၊ အားရင် ဂေါက်ကွင်းကိုပဲ လာချင်ရှာတယ်၊ ဒါပေမဲ့ တနင်္ဂနွေနေ့မှာတော့ သူမလာဘူး၊ ညိုမီတို့နဲ့ပဲ အတူနေတယ်၊ မိတ်ဆွေတွေ အိမ်လည်စရာရှိ လည်တယ်၊ အိမ်မှာတွင် ချက်ပြုတ်စားစရာရှိ စားတယ်၊ မိသားစု ရုပ်ရှင်ကြည့်တဲ့အခါ ကြည့်တယ်၊ ဒါကြောင့် ညိုမီ ဂေါ့(ဖ်)ဝစ်ဒိုး မဖြစ်သေးဘူးလို့ ပြောတာ”

စန္ဒတာသည် ပြုံးပြီး မှတ်ချက်ချ၏။

“အစက ညိုမီသာ ကံကောင်းတယ် ထင်တာ၊ ဦးဘဖေသော်လဲ ကံကောင်းတာပဲ”

“ဘာဖြစ်လို့”

“ညိုမီ့စကားကို မမမိုး နားထောင်ကြည့်နေတယ်၊ ညိုမီဟာ ညိုမီ့ အဲ ... မောင်တော်ကို သိပ်ချစ်ပုံရတယ်”

“ဩော် ... မမမိုးကလဲ၊ မချစ်ဘဲနဲ့ သူစိမ်းချင်းကို ကလေးနှစ်ယောက်ရအောင် ရင်းရင်းနှီးနှီး ဆွေမျိုးတော်လို့ ရပါ့မလားလို့၊ ကဲ ... စဉ်းစားကြည့်ဦး”

ညိုမီသည် ရယ်၏။ စန္ဒတာလည်း လိုက်ရယ်၏။

ထိုစဉ်တွင် ဂေါက်ကလပ်ရှေ့ရှိ ဗလီကွက်မြက်ခင်းကျယ်ကြီးဆီသို့ ဒေါက်တာ ဦးဘဖေသော်တို့အဖွဲ့ တက်လာကြ၏။

ကလေးနှစ်ဦးက အော်ဟစ်နှုတ်ဆက်သည်၊ ဦးဘဖေသော်က လက်မြှောက်ပြလျက် တုံ့ပြန်၏၊ သော်ကြီးက တောင်ကုန်းပေါ်မှ ဆင်းပြေးသည်၊ သော်လေးကလည်း လိုက်မည် ပြင်၏။

ညိုမီသည် သော်လေးကို ဖမ်းဆွဲ၏။

“မေမေပါ လိုက်မှာပေါ့၊ သော်လေး ဖြည်းဖြည်း၊ ဖေဖေကြီးတို့ တွင်းစိမ်တော့မလို့၊ မအော်ရဘူးနော်၊ အသံမထွက်ရဘူး၊ ဒါပဲ ဩော် ... မမမိုးရေ ဒီပေါ်မှာ နေချင်နေခဲ့ဦး”

သော်လေးကို ချီပွေ့လျက် တောင်ကုန်းထက်မှ ညိုမီသည် ဆင်းသွား၏။ စန္ဒတာသည် တောင်ကုန်းထက် ရပ်ရင်း အနောက်ဘက်သို့ လှမ်း ကြည့်၏။

နေဝင်စပြုပြီ၊ အမှန်မှာ မြေပြန့်၌မူ နေမဝင်နိုင်ရာသေး၊ နေဝင်စပြုပြီဆိုသည် ထက် တောင်တန်းပြာများအောက် နေငုပ်စ ပြုပြီဟု ဆိုရမည်။

တောင်တန်းပြာတို့ပင် ပျောက်ကွယ်လေပြီ၊ တောင်တန်းပြာတို့ထက် အသစ်တက်လာသော တိမ်တို့ တည့်တည့်တန်းတန်း လွှမ်းလာ၏။ ပို၍ အထက်ဖြစ်သော အမြင့်၌ မူလဖြစ်သော တိမ်တန်းသည်လည်း ရှိနေချေသေးသည်။

အပေါ်တိမ်တန်းသည် ခရမ်းရောင် ပီပီသသ ရင့်နေ၏။

အောက်တိမ်တန်းက မရန်းရောင်ဝယ် ပန်းရောင်ရောနေ၏။

တိမ်တန်းနှစ်ခုကြားမှ ရွှေရောင်သည် ပြာပြာလွင်လွင် ထွက်လာနေ၏။

http://www.cherrythitsar.org



လုပ၍ လွမ်းဖွယ်သော နေဝင်ချိန်တကား။

*

နှင်းငွေသည် လေ့ကျင့်ခြင်းကို ရပ်လိုက်၏။

အောက်မှ ဂေါက်သီးကောက်သူနှင့် ကျော်ကျော်သည် ဂေါက်သီးများကို ရေတွက်ကြ၏။ ကျော်ကျော်က သတင်းပို့၏။

"အားလုံး နှစ်ဆယ့်ငါးလုံးတိတိ၊ ဆရာရေကြည့်ဦးမလား"

"မလိုပါဘူး ကျော်ကျော်ရာ၊ ဆရာယုံပါတယ်၊ ဂေါက်တံတွေ ရေဆေးပြီးရင်သာ ကားထဲသွားထည့်ထားလိုက်၊ ကားတံခါး ဆရာသော့ခတ်မထားဘူး၊ ရော့ရော့ မင်းတို့အတွက် တစ်ယောက် တစ်ကျပ်စီ"

နှင်းငွေက ငွေနှစ်ကျပ် ထုတ်ပေး၏။

ဂေါက်အိတ်ကို သယ်ယူလျက် ကလေးနှစ်ဦးသည် မြူးရွှင်စွာ ထွက်သွားကြ၏။

နှင်းငွေသည် ကလပ်ဆီသို့ လျှောက်လာခဲ့သည်၊ အနောက်ဘက်သို့ မျက်နှာမူပြီး ဖြစ်နေ၏။

နေဝင်စ ပြုပြီ ဖြစ်နေ၏။

နေဝင်ခြင်းကို သူမမြင်လိုပါ။

"ညနေက နေလုံးကြီး ဝင်သွားတာ နုငယ် ထိုင်ကြည့်နေတယ်၊ ရဲရဲနီနီ လုံးလုံးကြီး ငိုထားတဲ့ မျက်လုံးကြီးနဲ့ သိပ်တူတာပဲ၊ အင်းလေ သူလဲ ငိုမှာပေါ့၊ မြေကြီးထဲကို မြုပ်ပြီး သူ ဘယ်ဝင်သွားချင်ပါ့မလဲ"

နှင်းငွေသည် သက်ပြင်းရှိုက်၏။

သြော် ... နုငယ်ရယ်၊ သြော် ... နုငယ်ရယ်လေး၊ ဤသို့လည်း ရင်တွင်း၌ ညည်းမိသည်။

အတိတ်ကို မိမိ မေ့မရသေးပါတကား၊ ပစ္စုပ္ပန်ကို တည့်တည့်မရှုနိုင်သေးပါတကား။

"သြော်"

ကြည်လင်သော ကြားနေကျအသံကို နှင်းငွေကြားရသောကြောင့် မော့ကြည့်ရင်း ပြန်လျက် အာမေဍိတ်သံ ပြုမိ၏။

"သြော် ... အင်း ... ဆရာမ၊ ဒီက အစ်မကို"

စစ္စတာက ပိုးထဘီအစိမ်းနုကိုပင် ဝတ်ထား၏၊ အင်္ကျီကလည်း အဖြူပေပင်၊ မျက်နှာကလည်း နုနုဖွေးဖွေး ဖြူနေ၏၊ ခေါင်းစည်းမရှိသောကြောင့် အုပ်ကောင်း၍ နက်မှောင်သော ဆံပင်များကို မြင်ရ၏။ ပြာလွင်သော မျက်လုံးများကား ကြည်လင်နေ၏။

"ဒီကမောင်လဲ စိတ်အညောင်းလာဖြေတာပဲလား"

"ဗျာ ...၊ အင်း ...၊ ဒီကအစ်မ၊ ဒီစကား ဘယ်က တတ်သလဲ"

http://www.cherrythitsar.org



"ညိုမီဆီကပါ၊ လမ်းကြုံလို့ ညိုမီခေါ်တာနဲ့ ဒီကို ပါလာတာ"

သော်ကြီးနှင့် သော်ကလေးသည် သူတို့နှစ်ဦးထံ ပြေးလာကြ၏။

သော်ကြီးက နှင်းငွေကို ဖက်၏၊ နှင်းငွေက သော်ကြီးကို ပွေ့ချီယူလိုက်ပြီး ပါးကို နမ်း၏၊ သော်ကလေးက စစ္စတာထံ လက်ကမ်းပြေးလာ၏၊ စစ္စတာလည်း မနေနိုင်၊ သော်ကလေးကို ပွေ့ယူပြီး ပါးဖောင်းဖောင်းလေးကို မွှေးမိ၏။

ညိုမီနှင့် ဦးဘဖေသော်တို့လည်း ကပ်လာ၏။

ဦးဘဖေသော်၏ မျက်နှာသည် ရွှင်ပြုံးနေ၏။ အမူအရာသည်လည်း သွက်၏။

အနီးရောက်သော် ဦးဘဖေသော်က နှင်းငွေကို ပြော၏။

"ဒီမှာ ဆရာဟိုပုံကြားဖူးပြီလား"

ဦးဘဖေသော်၌ ရယ်စရာပုံတိုပတ်စ အများရှိ၏။ လူချင်းတွေ့လျှင် "ဒီမှာ ဟိုပုံကြားဖူးပြီးလား"ဟု စကားစ တတ်သည်၊ ယခုလည်း စပြန်ပြီ။

နှင်းငွေက ဖြေ၏။

"ဘယ်ပုံလဲ၊ ဘိုးဘိုးက အလယ်က ဆိုတဲ့ ပုံလား၊ ဒါမှမဟုတ်၊ ငရဲပြည်မှာ လုံးတာမရှိတဲ့ပုံလား"

"ဟာ ... လုပ်ပြီ၊ ဒါတွေက မိန်းမတွေရှေ့ ပြောမကောင်းဘူး၊ ဟိုဒင်း အဲဒီပုံ ဆရာကြားဖူးပြီလား"

"ပြောမှ မပြောရသေးပဲ၊ ဘယ်ကြားဖူးပါ့မလဲ"

ဦးဘဖေသော်သည် သလိပ်တစ်ချက် ဟတ်လိုက်၏။ နှာတစ်ချက် ရှုံ့လိုက်၏။

"အဟဲ ... အဲဒါက လူနာတွေဆီက ကူးစက်လာတဲ့ အကျင့်ဗျ"

ညိုမီသည် ချစ်လင်ကို ချစ်ဖွယ်ရာ မျက်စောင်း ထိုးကြည့်ပြီး ပြော၏။

"ဖေဖေကြီးပုံကို ဆက်ပြောလေ၊ မဆန့်တငန့်နဲ့"

"အဲ ... မိန်းမကပွဲတောင်းနေပြီ၊ ဒီလိုဗျ၊ တစ်ခါတုန်းက သစ်ပင်အထီးနဲ့ သစ်ပင်အမ ရှိကြသတဲ့"

"သစ်ပင်ပဲဗျာ အထီးနဲ့ အမရှိရသတဲ့လား"

"ခင်ဗျား ရက္ခဗေဒ မေ့သွားပလား၊ ရှိတာပေါ့ဗျ"

"ဆောရီး ဆက်ပြောပါ"

"တစ်နေ့တော့ သစ်ပင်အထီးက စဉ်းစားတယ်၊ သြော် တခြားအပင်တွေ မှာ အသီးတွေနဲ့ ငါတော့ မရှိပါကလား၊ အဲဒီလိုပဲ သစ်ပင်အမကလဲ စဉ်းစားတယ်၊ သြော် ... တခြားအပင်တွေမှာ အသီးတွေနဲ့ ငါတော့ မရှိပါကလား၊ ပြီးတော့ ငို ကြသတဲ့"

"သစ်ပင်ထီး သစ်ပင်မတော့ ထားတော့၊ သစ်ပင်တွေက စဉ်းစားတတ်သလား၊ ငိုတယ်ဆိုတော့ မလွန်ဘူးလား ဆရာသော်"

"ပုံပါ၊ ပုံပါ ဆုံးအောင် နားထောင်ဦး"

စစ္စတာက ပြုံးနေ၏၊ ညိုမီက ရယ်နေ၏၊ နှင်းငွေကသာ မျက်မှောင်တွန့်

ကြည့်နေ၏။ ဆရာသော်က ဆက်ပြော၏။

"ဒါနဲ့ တစ်နေ့တော့ သစ်ပင်အမမှာ အသီးကလေးတွေ လာသီးတယ်၊ တွဲလောင်း ... တွဲလောင်းနဲ့၊ သစ်ပင်အမက မေးတယ်၊ ဟယ် ... နင်တို့ ဘာသီးလေးတွေလဲတဲ့၊ အသီးလေးတွေက ဖြေတယ်၊ အသီးမဟုတ်ပါဘူး၊ လင်းဆွဲ တဲ့"

စစ္စတာနှင့် နှင်းငွေက ရယ်၏၊ ညိုမီကမူ သူ့မောင်တော်ကို ထုကာ ရယ်ရင်းဆို၏။

လုပ်ပြီ မဟုတ်တာတွေ၊ သူ့ပါးစပ်ထဲ ဒါမျိုးအားကြီးရှိတယ်"

ဦးဘဖေသော်က ဆက်ပြော၏။

"အဲဒီလိုပဲ၊ သစ်ပင်အထီးမှာ အသီးတွေ တွဲလောင်း တွဲလောင်း လာသီးပြန်တယ်၊ အဲဒီအသီးတွေက ပိုကြီးတယ်၊ ငြိမ်ငြိမ်လဲ မနေဘူး၊ ဟိုအကိုင်းကူး၊ ဒီအကိုင်းကူးနဲ့ သစ်ပင်အထီးက မေးတယ်၊ ဟယ် ... နင်တို့ ဘာသီးတွေလဲတဲ့၊ အသီးကြီးတွေက ဖြေတယ်၊ အသီးမဟုတ်ပါဘူး၊ မျောက်တွေပါတဲ့"

အားလုံး ရယ်ကြရပြန်၏။

ဦးဘဖေသော်သည် မျက်နှာကို တည်လိုက်ပြီး အမိန့်ပေး၏။

"ကဲ ... ညိုမီ တို့ကောင်တွေ တို့ပြန်သိမ်းကြစို့"

"ရှင် ... ဘာပြောတာလဲ"

"အ,ပါ့ ရှင်မရာ၊ စစ္စတာ့ပေါ်က လင်းဆွဲကို ရှင်မပြန်ယူ၊ ဆရာနှင်းငွေပေါ်က မျောက်ကို ကိုယ်ပြန်ယူမယ်"

ဆရာဘဖေသော်သည် ရယ်မောလျက် နှင်းငွေတံမှ သော်ကြီးကို လှမ်းယူပြီး ညိုမီကလည်း ချစ်လင်နည်းတူ ရယ်လျက် စစ္စတာထံမှသော် ကလေးကို ပြောင်းယူ ချီပွေ့၏။

စစ္စတာနှင့် နှင်းငွေမှာသာ ရယ်ရခက်၊ မရယ်ရခက်။

ဦးဘဖေသော်က စကားဖြတ်၏။

"ကဲ ... နေကျပြီ ပြန်ကြစို့၊ ဒါထက် ဆရာမ ဘယ်သူနဲ့ လိုက်လာလဲ"

ညိုမီက ဝင်ဖြေသည်။

"ဩော် ... မပြောရသေးဘူး၊ ပန်းချီဆွဲဖို့ ရှုခင်းတွေ ပြချင်တာနဲ့ မမမိုး ကို ညိုမီ ခေါ်လာတာ၊ ကဲ ... မမမိုး ညိုမီတို့နဲ့ပဲ ပြန်လိုက်မယ် မဟုတ်လား"

ညိုမီ၏ မျက်နှာသည် ပြုံးစိစိနှင့် အဓိပ္ပာယ်ပါ၏။

စစ္စတာမဖြေရမီ မမျှော်လင့်စွာ နှင်းငွေက ဝင်ပြော၏။

"ခင်ဗျားတို့ အိမ်က တောင်ခြေမှာ၊ ကျွန်တော့်အိမ်က လမ်းသင့်တယ်၊ လင်းဆွဲတွေ မျောက်တွေနဲ့ ပြန်နှင့်ကြ၊ စစ္စတာ့ကို ကျွန်တော် ပြန်ပို့ပေးလိုက်မယ်"

စစ္စတာသည် အံ့အားသင့်သွား၏။ အနည်းငယ် အနေရ အထိုင်ရ ကျပ်သွားသည်။

ဦးဘဖေသော်က အမှန်ပင် ဝမ်းသာဟန်ဖြင့် ပြန်ကြား၏။

http://www.cherrythitsar.org



"ဟာ ... ဒီလိုဆိုရင်တော့ အတော်ပဲ၊ ဂေါက်ရိုက်ရင်း မြို့တော်ရုံပိုင်ရှင် ဦးဘိုက ပြောတယ်၊ ဒီည သူ့ရုံမှာ ကားကောင်းတယ်တဲ့၊ ဂျပန် သိပ္ပံ လျှို့ဝှက် သည်းဖိုကားပဲ၊ မေမေကြီးသားတွေအကြိုက်၊ ဖေဖေကြီးက ကြည့်မယ်ပြောလိုက် တယ်၊ ခုနစ်နာရီခွဲစပြမယ်၊ ဦးဘိုက နေရာချန်ထားမယ်တဲ့၊ အချိန်သိပ်မရှိဘူး၊ ကဲ သွားကြစို့"

ဦးဘဖေသော်တို့၏ ကားထွက်သွားသောအခါ နှင်းငွေနှင့် စစ္စတာသည် နှစ်ဦးတည်း ငြိမ်လျက် ရပ်ကျန်ရစ်သည်။

နှင်းငွေသည် ဖွေးဖွေးနုသော စစ္စတာ၏ မျက်နှာကို ငေးလျက် ကြည့်၏။ သူ့မျက်လုံးများ၌ ရိုးသားသော ခင်မင်တွယ်တာမှုတစ်ရပ်ကို စစ္စတာ တွေ့ရသည်၊ ကြေကွဲဝမ်းနည်းမှုတစ်ရပ်ကိုလည်း တွေ့ရသေးသည် ထင်၏။

စစ္စတာ့ရင်သည် အနည်းငယ် ခုန်နေ၏။ ကရုဏာတစ်မျိုးဖြင့် အသာအယာ ခုန်နေ၏။

သူက အေးချမ်းတည်ငြိမ်စွာ မေး၏။

"ကျွန်တော်နဲ့ လိုက်ဖို့ စစ္စတာ့မှာ ဝန်မလေးပါဘူးနော်"

စစ္စတာကလည်း အေးချမ်းတည်ငြိမ်စွာပင် ပြန်မေး၏။

"ဘာလို့ ဝန်လေးရမှာလဲ ဒီကမောင်"

သူက ကျေနပ်နှစ်သိမ့်စွာ ပြုံးလိုက်၏။

"ဒီညမှာ ဘာတာဝန်မှလဲ မရှိဘူးနော်"

"မရှိပါဘူးဒေါက်တာ"

"ဒီကမောင်ပါလေ"

"သြော် ... အင်း ... ရှိပါဘူး ဒီကမောင်"

"ဒါဖြင့်ရင် ညစာထမင်း ကျွန်တော်နဲ့ လိုက်စားပါလား၊ ဒီညစာအတွက် ကျွန်တော့်တပည့်ကြီး ကိုထွေးရင်က ငါးထမင်းလုပ်ထားတယ်၊ ဒီကအစ်မ ငါးထမင်း စားဖူးပြီလား"

"ဟင့်အင်း မစားဖူးသေးဘူး"

"ဒါဖြင့်လာ၊ သွားကြစို့ ဒီကအစ်မ"

စစ္စတာကို သူ ရှေ့ဆောင်ပြီး ဖီးယက်ကားလေးဆီသို့ ခေါ်ခဲ့၏၊ ရှေ့ခန်းတံခါး တစ်ဖက်ကို သူက ဖွင့်ပေးပြီး စစ္စတာကို တက်ထိုင်စေ၏။ ထို့နောက် တစ်ဖက်ခန်း တံခါးကို ဖွင့်ဝင်ကာ ကားလေးကို မောင်းထွက်လာခဲ့သည်။

* * *

# အခန်း(၁၂)

ဒေါက်တာနှင်းငွေနေသော လှပသပ်ရပ်သည့် တစ်ထပ်တိုက်ကလေးသည် တောင်ကြီးမြို့ မြောက်ဘက်အစွန် သစ်တော်ခြံများ၏ အလယ်တွင် ရှိသည်။

တိုက်ကလေး၏ ဝင်းကို ဗိုလ်ကတော်မျက်ခုံး ပန်းပင်ခေါ် စိမ်းမြထူထဲသော ခြံစည်းရိုးခတ် အပင်တန်းဖြင့် ဝန်းပတ်ကာ ရံထား၏၊ နေကောင်းစွာ မဝင်သေးသောကြောင့် စည်းရိုးခတ်အပင်တန်းများသည် ပြာလဲ့လဲ့ အပွင့်များ ဆင်ထားကြသည်ကို မြင်နိုင်၏။

ဝင်းအတွင်း၌ အတန်ရှည်သွယ်နေပြီဖြစ်သော စနစ်တကျနေရာချစိုက်ထားသည့် ယူကလစ်တက်(စ်)နှင့် ငွေဝက်သစ်ချပင်ပျိုများ ရှိ၏။

တိုက်ကလေး၏ ရှေ့တွင် တစ်ပေခန့် မြေအမြင့်၌ မြက်ခင်းရှည်တစ်ခု ရှိသည်၊ ရိုးရိုးမြက်ခင်းမဟုတ်၊ ဂေါက်သီးတွင်း စိမ်ကျင့်နိုင်သော မြက်ခင်းဖြစ်၏၊ မြက်ခင်း၏ ထိပ်တစ်ဖက်တစ်ချက်၌ လုံးဝန်းအောင် ပြုပြင် ကိုက်ညှိထားသော ထင်းရှူးပင်ငယ်တစ်ပင်စီ ရှိကြ၏။

မြက်ခင်းအနီး၌ စစ္စတာသည် ရပ်နေ၏၊ အိမ်နှင့် တွဲထားသော ကားရုံတွင်းသို့ နှင်းငွေက ကားသွင်းနေ၏။

အနောက်မိုးကောင်းကင်၌ ရွှေရောင်များ မပျောက်သေး၊ မှုန်းတည့်အမြင့်၌ လဆန်းခြောက်ရက်သား ငွေလကွေးသည် ဖွေးဖွေးလေး ပေါ်နေ၏။

နှင်းငွေသည် စစ္စတာ့ထံ လျှောက်လာ၏။

“အတွင်းဝင်ထိုင်မလား၊ အပြင်မှာ ထိုင်မလား၊ အပြင်မှာတော့ အေးစပြု ပြီ ဒီကအစ်မ”

“ဟုတ်တယ်၊ အတော်အေးနေပြီ”

“တောင်ကြီးက နေဝင်တာနဲ့ အေးတော့တာပဲ၊ ဆောင်းတွင်းဆိုရင် အနွေးထည်ဝတ်တာတောင် ဒီအချိန် အပြင်မှာ ထွက်ရပ်မနေနိုင်ဘူး၊ လာ အိမ်ထဲဝင်ကြရအောင်”

http://www.cherrythitsar.org



အိမ်ဝ၌ ကိုထွေးရင်က ဆီးကြိုစောင့်နေ၏။

သူသည် အံ့အားသင့်ဟန် စစ္စတာ့ကို ကြည့်၏။ စစ္စတာက ပြုံးပြလေမှ ပြန်ပြုံးရင်း နှုတ်ဆက်၏။

"ဪ ... ဆရာမကိုး၊ ရွာမွန်သာကအထွက်မှာ တွေ့ဖူးသား၊ ကျွန်တော့်ဆရာက ပြောပြလို့ ဆရာမ ဒီရောက်နေတာ သိခဲ့တယ်၊ ကြွပါဆရာမ ကြွပါ၊ ဆရာမကို ကျွန်တော်တို့ အိမ်က မင်္ဂလာနဲ့ ကြိုဆိုပါတယ်"

စစ္စတာသည် အချိုသာဆုံးအပြုံးဖြင့် ကိုထွေးရင်ကို တုံ့ပြန်သည်။

ကိုထွေးရင်သည် ဒရိုင်ဘာတစ်ဦးထက် အိမ်သားတစ်ဦး၏ အမူအရာအပြည့် ရှိသည်ကို သတိထားမိ၏၊ ထို့ပြင် မြင်မြင်ချင်း ယုံကြည်စိတ်ပေါ်နိုင်သော ဥပဓိရုပ်၊ မိမိကိုယ်ကို စိတ်ချယုံကြည်စိတ် ပြည့်သော မျက်နှာထား၊ ရိုးသားသမှု အသိဉာဏ်ယှဉ်သော မျက်လုံးများ ဤသည် အားလုံးကိုလည်း စစ္စတာ သတိပြုမိ၏။

ဧည့်ခန်း၌ ထိုင်မိပြီးကြသောအခါ နှင်းငွေက မေးသည်။

"ဆရာမကိုတော့ ဖိတ်လာခဲ့တာပဲ၊ ခင်ဗျာ့ ငါးထမင်းလောက်ပါရဲ့နော်"

"လောက်ပါတယ် ဆရာ၊ ထုံးစံအတိုင်း မြန်မာပီပီ ပိုပိုများများလေး ချက်ထားပါတယ်"

ကိုထွေးရင်၏ ဟာသငွေ့ငွေ့ရောသော အမှန်စကားကြောင့် စစ္စတာရော နှင်းငွေပါ ကြည်ရွှင်စွာ ပြုံးမိကြ၏။

ကိုထွေးရင်က အတွင်းဘက်ဆီသို့ ဝင်သွား၏။

နှင်းငွေသည် နေရာမှ ထလျက် ဆို၏။

"ကျွန်တော် ရေချိုး အဝတ်လဲလိုက်ဦးမယ်၊ သိပ်မကြာပါဘူး၊ ဆယ့်ငါးမိနစ်လောက်ပါ၊ ဒီကအစ်မ မပျင်းအောင် ဓာတ်စက်ဖွင့်ပေးခဲ့မယ်လေ၊ ပန်းချီဆွဲတော့မေးရဦးမယ်၊ ဂီတကိုလဲ ကြိုက်မှာပေါ့နော်"

"ကြိုက်ပါသော်ကော ဒီကမောင်"

နှင်းငွေသည် ဓာတ်စက်ဆီသို့ ကပ်သွား၏။

ဓာတ်စက်မှာ ရေဒီယိုနှင့် ဓာတ်ပြားဖွင့်စက် တွဲထားသည့် ဖိလစ်အမျိုးအစား ဟိုင်းဖိုင်းခေါ် အသံကြည် အသံပီ ခေတ်မီစက်တစ်ခု ဖြစ်၏။

"စိတ်မရှိနဲ့နော်၊ ဒီကအစ်မ၊ ဒီစက်ကို ကိုင်တတ်သလား"

"ဟင့်အင်း"

"ကျွန်တော် ဖွင့်ပေးထားခဲ့မယ်၊ ဓာတ်ပြားအများကြီး ဆက်တိုက်ဖွင့်ထားလို့ရပါတယ်၊ ဘာနားထောင်ချင်သလဲ၊ အနောက်နိုင်ငံ ကလပ်ဆစ်(စ်)တွေလဲ ရှိတယ်၊ ခေတ်ပေါ်တွေလဲ ရှိတယ်"

"မြန်မာသီချင်းတွေ မရှိဘူးလား"

"ရှိပါတယ်၊ ဒါပေမဲ့ ကျွန်တော့် စိတ်ကြိုက်တွေသာ ရှိတာမို့၊ ဒီက အစ်မ ကြိုက်ပါ့မလား မသိဘူး"

http://www.cherrythitsar.org



"ဘာသီချင်းတွေရှိလဲ"

"တင်တင်မြ သီချင်းတွေ ရှိတယ်၊ ဂီတနက်သန်က ကိုစိုးလှိုင်၊ မောင်မောင်ညွန့်၊ မြင့်မြင့်ရှိန် တို့ သီချင်းတွေလဲ ရှိတယ်"

စစ္စတာ၏ မျက်လုံးများသည် ဝင်းလက်သွား၏။

"ဒီကမောင်နဲ့ ဒီကအစ်မ အကြိုက်ချင်းတူနေပြန်ပြီ၊ နေဦး ဓာတ်ပြားအရင်ရွေးကြရအောင်"

စစ္စတာသည် ဤအိမ်သို့ ပထမဦးစွာ အလည်ရောက်လာသည်ကို မေ့သွား၏။ သူနှင့်အတူ စိတ်ပါဝင်စားစွာ ဓာတ်ပြားရွေး၏။

တစ်နေ့တော့ မောင်ပြန်လာမည်၊ မန်ဒါလီ၊ နှစ်ယောက်တည်း၊ တင်တင်မြ၏ စခန်းအောင်မြေ၊ ပေဖူးလွှာ၊ တောင်တန်းပြာနှင့် ကျော့ပိုးအိတ်၊ ကိုစိုးလှိုင်၏ ကမ္ဘာကုန်ကျယ်သရွေ့ဝယ်၊ ချစ်ပြုံးနှင်းဆီ၊ မောင်မောင်ညွန့်၏ ကွန်းထောက်ဆောင်၊ ဘဝပုလဲပန်း။

ရွေ့ဆောင်ရွေးသူမှာ စစ္စတာဒေါ်မိုးသူ ဖြစ်၏။ နှင်းငွေက ကူညီရသည်။

ဓာတ်ပြားများ ရွေးပြီးသောအခါ စစ္စတာက သူ့ကို ပြုံးကြည့်၏၊ သူကလည်း ပြုံး၍ ဆို၏။

"ဒီကအစ်မရွေးတာဟာ ကျွန်တော်ရွေးမယ့် သီချင်းချည်းပဲ၊ ကဲလေ စက်ကိုင်နည်းပါပြခဲ့မယ်၊ လူကို ခွဲစိတ်ရတာလောက် မခက်ပါဘူး"

နှင်းငွေက အဖွင့်အပိတ်၊ အတိုးအကျယ်၊ အရပ်အနား၊ ဓာတ်ပြားပြောင်း ဓာတ်ပြားလဲ ခလုတ်များကို စိတ်ရှည်စွာ ပြသပေး၏။ အားလုံးပြီးသောအခါ နှင်းငွေက ဆို၏။

"ကဲ ... ဒီကအစ်မ နေရစ်တော့၊ ကျွန်တော် ဆယ့်ငါးမိနစ်အတွင်း ပြန်လာမယ်"

"ဖြည်းဖြည်းရေချိုးပါလေ၊ ဒီဓာတ်ပြားတွေနဲ့ဆို ဘယ်လောက်ကြာကြာ တစ်ယောက်တည်း နေနိုင်ပါတယ်"

စစ္စတာက တစ်နေ့တော့ မောင်ပြန်လာမည်ကို စဖွင့်၏၊ နှင်းငွေသည် စစ္စတာကို အသာတစ်ချက်ကြည့်ပြီး ထွက်သွား၏။ စစ္စတာတစ်ဦးတည်း သီချင်းကို နားထောင်ကာ ကျန်ရစ်၏။

တစ်နေ့တော့ မောင်လာမည်ကို စပ်သူကား တော်လှသည်၊ ဂီတအသွားနှင့် စာသားတို့ လိုက်ဖက်လှ၏။

ခေတ်တို့ မည်သို့ ပြောင်းသည်ဖြစ်စေ၊ ချစ်ရေးချစ်ရာကိစ္စတွင် မိန်းမသားများကား အရှုံးဘက်မှ ရပ်တည်နေကြရဆဲ ဖြစ်သည်၊ ယောကျ်ားသား သူတို့ကိုးကွယ်ထားစဉ်အခါမျိုး၌ မိမိတို့ကိုယ်ကို ထိပ်ထားတစ်ပါးဟု လှည့်စားယုံမှား ထင်မိခွင့်ရှိကောင်းရှိမည်၊ သူတို့ပစ်ခွာသွားပြီဆိုက မိန်းမသား မိမိတို့က အသနားခံရုံမှတစ်ပါး အခြားနည်းလမ်းမရှိသေး၊ မိမိတို့၏ အားမှာ မိမိတို့၏ နှလုံးသားမှ သစ္စာတရားသာ

http://www.cherrythitsar.org



ဖြစ်သည်၊ မိမိတို့၏ အဖော်မှာ တိုးတိုးကြိတ် ခိုးကာကျရသည့် မိမိတို့၏ မျက်ရည်များသာ ဖြစ်သည်။ မိမိတို့ ဆက်လက်ရှင်သန်နေရသည့်ဘဝ၏ အဓိပ္ပာယ်ကား အားငယ်စွာ ရင်ဝယ်ပိုက်ထွေးထားရသည့် မိမိတို့၏ မျှော်လင့်ချက်ငွေ့ငွေ့သာတည်း။

ဤအတွေးဖြင့် စန္ဒတာသည် တေးသံ၌ နစ်မျောနေမိ၏။

"တစ်နေ့တော့ မောင် ပြန်လာမည်၊ လှစ်ဟဖွင့်ပြောလေတိုင်း၊ တစ်ယောက်က တရားအဆုံး၊ အားလုံး ရယ်မောကြသည်၊ တကယ်ဆိုတော့လဲ မေ့မှာ ချေပနိုင်အား မရှိပြီ"

စန္ဒတာသည် ဝမ်းနည်းစွာ ပြုံးမိ၏။

မိမိ၏ မောင်တစ်နေ့ပြန်လာမည်ကိုပင် စန္ဒတာအတွက်မူ မမျှော်မှန်းရဲပါ။ ထို့ကြောင့်လည်း မောင်နှင့် ပတ်သက်၍ မည်သူ့ကိုမျှ စန္ဒတာဖွင့်မပြောရဲ၊ ဖွင့်ပြောလျှင် မရယ်မောကြသည်တိုင်စေ၊ ကရုဏာသက်မှုတို့ ရှားကောင်း ရှားပေလိမ့်မည်၊ ကိုယ့်သစ္စာကိုသာ ကိုယ့်ရင်မှာ ဝှက်ထားရသည်၊ မှန်သည်၊ သစ္စာကိုသာ ရင်မှာ ဝှက်ထားရသည်၊ မျှော်လင့်ခြင်းအလင်းရောင် ရင်၌ ကွယ်ခဲ့ရသည်မှာ ကြာပြီ၊ သစ္စာဆိုသည်မှာ မျှော်လင့်ခြင်းနှင့် မည်သို့မျှ မဆိုင်၊ မျှော်လင့်ခြင်းအလင်းရောင် ကွယ်ပါစေ၊ သစ္စာမဏ္ဍိုင်ကတော့ ခိုင်မြဲနေလေရမည်၊ နေစေရမည်။

သီချင်းဆုံးသွားသည်။

စန္ဒတာသည် တင်တင်မြ၏ စခန်းအောင်မြေကို ဆက်၍ ဖွင့်၏။

တင်တင်မြ၏ အသံကမူ အေး၍ တည်ငြိမ်သည်၊ ချော့မော့သောမိခင်၏ ကရုဏာသံမျိုး ဖြစ်၏။

စခန်းအောင်မြေသည်လည်း မိန်းမသားတစ်ဦး၏ မျှော်လင့်ခြင်း တေးတစ်ပုဒ်ပင် ဖြစ်သည်၊ သပြေပင်နန်းရေယဉ်စမ်းနှင့် နှိုင်းအပ်သော ချစ်သူ့ရင်ခွင်သာ စခန်းကို လွမ်းလေမှန်းလေသည့် တေးတစ်ပုဒ် ဖြစ်၏။

တင်တင်မြ၏ တေးအဆုံး၌ နှင်းငွေ ပြန်ပေါ်လာသည်။

ရှပ်လက်တိုဖြူပေါ်၌ အဝါနုရောင် သိုးမွေးစွယ်တာ လက်ပြတ်ကို ထပ်ဝတ်ထား၏၊ အညိုရောင် မန်ကျည်းစေ့ကွက် ချည်လုံချည်ကို ဝတ်ထား၏။

စန္ဒတာက တစ်ယောက်ထိုင် ဆိုဖာ၌ ထိုင်နေ၏။

ဓာတ်စက်ကို ဦးပေးလျက် လူတစ်ယောက် အသာလှဲအိပ်နိုင်သော ဆိုဖာရှည်ကြီးတစ်ခု ရှိသည်၊ ထိုင်ရန်ထက် အမောဖြေ ခေတ္တလှဲအိပ်နိုင်ရန် လုပ်ထားသည့် ဆိုဖာမျိုး ဖြစ်၏။

ဆိုဖာရှည်ပေါ်၌ နှင်းငွေ ထိုင်လိုက်သည်။

စန္ဒတာက သူ့ကို တစ်ချက်စိုက်ကြည့်၏။

ရေချိုးပြီးစဖြစ်သောကြောင့် သူ့မျက်နှာသည် သန့်စင်ဖြူဝင်းနေ၏။ ချည်ပုဆိုး၊ အင်္ကျီလက်တိုဝတ်ထားသော သူ့အသွင်သည် ခါတိုင်းထက် ပို၍ နုနယ်ပျိုမျစ်သည်။

http://www.cherrythitsar.org



"ဒီကအစ်မ ထမင်းဆာနေပြီလား"

"မဆာသေးပါဘူး၊ ကြိုက်တဲ့ဂီတသံ နားထောင်ရတော့ နာမ်ရဲ့ အာဟာရက ပြည့်သွားတယ်"

သူက တစ်ချက်ငိုင်ငိုင်စဉ်းစားပြီးနောက် မသိမသာပြုံးပြီး မေး၏။

"နာမ်ရဲ့ အာဟာရပြည့်သွားတယ်၊ ဒီစကားကို ကျွန်တော် မှတ်ထားဦးမယ်၊ နာမ်ရဲ့ အာဟာရရှိရင် နာမ်ရဲ့ ချင်ခြင်းတပ်မှုလဲ ရှိမှာပဲနော်၊ ဂီတကိစ္စမှာ ဆရာဝန် အမြင်များ နှောပြီး ပြောမိလေလားမဆိုနိုင်ဘူး"

"ဆရာဝန်အမြင်မဟုတ်ပါဘူး၊ မှန်သောအမြင်ပါ ဒီကမောင်၊ နာမ်ရဲ့ အာဟာရဟာရှိသလို၊ နာမ်ရဲ့ ချင်ခြင်းတပ်မှုဆိုတာဟာ တကယ်ရှိတယ်"

"ဒါဖြင့် စောစောက ကျွန်တော်တို့ ဓာတ်ပြားရွေးကြတာမှာ အကြိုက်ချင်း တူညီနေကြတယ်၊ ဒီကအစ်မနဲ့ ကျွန်တော်တို့ ချင်ခြင်းတပ်မှုချင်း တူနေတယ်ဆို ရမယ်ပေါ့"

"တခြား ဘယ်လိုပြောနိုင်မလဲ"

"ကျွန်တော်တို့ ရွေးလိုက်ကြတာ အလွမ်းဖက်နွှယ်တဲ့ သီချင်းတွေက များ နေတယ်"

"အလွမ်းဖက်နွှယ်တဲ့ သီချင်းကို ရွေးမိလို့ ဒီကမောင် ရှက်နေမိသလား"

"ကိုယ်ကြိုက်တာ ကိုယ်ရွေးမိတာ ဘာလို့ ရှက်ရမှာလဲ"

"မသိဘူး ဒီကမောင်ရေ၊ တချို့ကတော့ ခံစားမှုသီချင်းတွေ၊ အလွမ်းသီချင်းတွေ ကို ကြိုက်တယ်ဆိုတာ ဝန်မခံရဲကြဘူး၊ ဒါတွေကို ဝေဖန်ရင် ရှုတ်ချရင်တောင် ခေတ်မီ သလိုလို ယူဆနေကြတယ်၊ လူ့ကွယ်ရာမှာတော့ ဒီသီချင်းမျိုးကိုပဲ ခိုးကြိုက်တဲ့လူက များနေတယ်"

"အဲဒီလူတွေကြားမှာ ကျွန်တော်မပါဘူး"

သူက ပွင့်လင်းစွာ ရယ်ရင်း ဆို၏။

ကိုထွေးရင်သည် လှပသော ကြွေရည်သုတ် လင်ပန်းတစ်ချပ်ကိုင်လျက် ပေါ်လာသည်၊ လင်ပန်းပေါ်တွင် ဖန်ခွက်ရှည်အပါးစားနှစ်လုံး ပါလာ၏၊ ဖန်ခွက် တို့၏အပြင်တွင် နှင်းပေါက်သို့ အေးမြသောရေတို့ ဥနေ၏၊ လတ်ဆတ်သော သံပရာနံ့လည်း သင်းလာနေ၏။

ကိုထွေးရင်သည် စစ္စတာကို ပြုံးပြပြီး ဆို၏။

"ဖရက်(ချ)လိုင်(မ)ပါ ဆရာမ၊ သကြားမထည့်ဘဲ ဂလူးကို့(စ်)နဲ့ဖျော်ထား တာ၊ သောက်နှင့်ပါ၊ ထမင်းတော့ ခုနစ်နာရီတိတိမှာ စားစေရပါမယ်၊ ငါးထမင်း က နည်းနည်းလေး၊ လက်ဝင်တယ်"

ကိုထွေးရင် ပြန်ထွက်သွားသောအခါ နှင်းငွေက ပြော၏။

"ကျွန်တော်က ထမင်းမစားခင် ဂျူ(စ်) (သစ်သီးရေ) အခွက်လောက်သောက် တတ်တယ်၊ ဆရာမ ကြိုက်ပါ့မလား မသိဘူး"

ဆရာမသည် သူ့ကို ပြုံးပြုံးကြည့်ရင်း သတိပေး၏။

"ဒီက အစ်မပါလေ"

နှင်းငွေက ရယ်ပြီး စကားပြင်ပြော၏။

"ဪ ...ဟုတ်ပါရဲ့၊ ဒီကအစ်မကြိုက်မှ ကြိုက်ပါ့မလား မသိဘူး"

"ကြိုက်ပါတယ်၊ အထူးသဖြင့် သံပရာဖျော်ရည်အစစ်ကို ကြိုက်ပါတယ်"

စစ္စတာသည် သံပရာဖျော်ရည်ကို သောက်၏၊ ရေခဲမထည့်ထားဘဲ အအေးခံရေသန့်သန့်ဖြင့် ဖျော်ထားသောကြောင့် အေးမြပုံ ထူးကဲ၏။ ဂလူးကို့(စ်)နှင့် ဖျော်ထားသောကြောင့် ချိုပုံက ညင်သာသည်။

"ကိုထွေးရင်က ဒီကမောင်ရဲ့ ဒရိုင်ဘာတွင်မကဘူးနော်"

"မကပါဘူး၊ တစ်နည်းအားဖြင့် ကျွန်တော့် ဘဏ္ဍာစိုးပါ၊ တစ်အိမ်လုံးလဲ သူရယ်၊ ကျွန်တော်ရယ် အဖော်ကောင်လေးတစ်ယောက်ရယ်၊ ဒါပဲ ရှိတယ်"

"ဒီကမောင်မှာ မိဘတွေ မရှိဘူးလား"

"ရှိပါတယ်၊ ဖေဖေရော၊ မေမေပါ ရှိပါသေးတယ်၊ ဖေဖေက အငြိမ်းစားတိုင်းမင်းကြီးပါ၊ ရန်ကုန်ပြည်လမ်းမှာ နေပါတယ်"

"ဒီမှာ လိုက်မနေကြဘူးလား"

"ဖေဖေ့မှာ ကိုက်ခဲတဲ့ရောဂါရှိတယ်၊ အအေးနဲ့ မတည့်ဘူး၊ ပြီးတော့ ဆရာမမသိသေးဘူးထင်တယ်၊ ကျွန်တော်က ဒီစဝ်စံထွန်းဆေးရုံကြီးကို ခဏလာရတာ"

"ခဏလာရတာ၊ ဒီကမောင် ဘာဆိုလိုတာလဲ"

"ကျွန်တော်က ဦးနှောက်ခွဲစိတ်ရေးမှာ ကျွမ်းကျင်သူတစ်ဦးပါ၊ ဆရာမသိတဲ့အတိုင်း ကျွန်တော်တို့ဆီမှာ ဦးနှောက်ခွဲဖို့ ကိရိယာစုံတဲ့ ဆေးရုံကြီးတစ်ရုံမှမရှိသေးဘူး၊ ရန်ကုန်ဆေးရုံကြီးမှာ သက်ဆိုင်ရာ ဝဒ်တစ်ခုလုပ်ဖို့ အစီအစဉ်တွေတော့ အတော်ခရီးရောက်နေပြီ။ ပြီးရင် ဟိုကို ကျွန်တော် ပြန်ရမှာ၊ ဒီစဝ်စံထွန်းဆေးရုံကြီးရဲ့ ခွဲစိတ်ကုသရေးဆရာဝန်ကြီးက ကျွန်တော့်သူငယ်ချင်း ဒေါက်တာ ဦးအောင်ခင်ပါ ဒေါက်တာဦးအောင်ခင်က အခု ဒုတိယအကြိမ် နိုင်ငံခြားသွားပြီး ကနေဒါပြည်မှာ လေ့လာရေးခရီးထွက်နေတယ်၊ သူ့နေရာ ကျွန်တော် ခဏလာရတာပါ"

"ဒီကမောင်မှာ သားချင်းပေါက်ဖော်တွေ မရှိဘူးလား"

"ကျွန်တော်ဟာ တစ်ဦးတည်းသောသားပါ"

"ဪ ... ဪ"

ဆရာမသည် ခေါင်းတဆတ်ဆတ်ညိတ်ပြီး စဉ်းစားနေ၏။

"ဒီကအစ်မ ဘာစဉ်းစားနေသလဲ"

"ဪ ... ဒီကမောင်နဲ့ တူမိတာ စဉ်းစားမိလို့ပါ၊ ဒီကအစ်မမှာလဲ မွေးချင်းပေါက်ဖော် တစ်ယောက်မှမရှိဘူး၊ ပိုဆိုးတာက ဒီကအစ်မမှာ မိဘနှစ်ပါးစလုံးမရှိတော့ဘူးကွယ်"

ကွယ်...၊ ဤစကားအသုံးသည် နူးညံ့၍ ကရုဏာပါသော ယဉ်ကျေးလှသည့်

http://www.cherrythitsar.org



အသုံးဖြစ်သည်၊ လက်အောက်ဆရာမလေးများနှင့် စကားပြောရာတွင် လည်းကောင်း၊ လူနာများနှင့် စကားပြောရာတွင် လည်းကောင်း၊ ကွယ် ... ဟူသော လှပသည့် ဤ စကားအသုံး ကို ဝါကျအဆုံး၌ စစ္စတာသုံးလေ့ရှိမှန်း နှင်းငွေ သတိအကြိမ်ကြိမ် ပြုမိပြီး ဖြစ်၏။ ကွယ် ... ဟူသော ဝါကျအဆုံး အသုံးစကားသည် ရင်းနှီးမှုနှင့် ချစ်ခင်မှုကို ပြသည်ဟု နှင်းငွေ နားလည်ထားသည်၊ မေမေသည် သူ့ကို ချစ်ကြင်နာစွာ စကားပြောတိုင်းကွယ် ... ဟူသော အသုံးကို သုံးလေ့ရှိ၏။

ရှေးဦးစွာအဖြစ် စစ္စတာသည် သူနှင့်ပြောသော စကားအဆုံး၌ ကွယ်... ဟု သုံးလိုက်ပုံကို နှင်းငွေ နှစ်ခြိုက်သည်။

မိဘနှစ်ပါးလုံး မရှိတော့ဘူး၊ ဤစကားကမူ မိမိ၏ ရင်ကို ထိခိုက်စေ၏။

စိတ်မချမ်းသာဖွယ်၊ စိတ်ထိခိုက်ဖွယ်စကားတို့ကို နှင်းငွေသည် အမှန်မကြား လို၊ မကြားလိုဟူသည်ထက် မကြားရက်ဟုဆိုက ပိုမှန်လိမ့်မည်။

စစ္စတာကလည်း မဆီမဆိုင် သာယာစွာ ရယ်မောလိုက်ပြီး စောစောကစကား ကို ပြန်ကောက်၏။

“ဒီက မောင်က အလွမ်းဘက်နွယ်တဲ့ သီချင်းကို ကြိုက်တယ်လို့ ပြောတယ်၊ တစ်ခုသိချင်လို့ မေးမယ်နော်၊ မိန်းမအဆိုတော်တွေဆိုတဲ့ အလွမ်းသီချင်းတွေကို ယောကျ်ားတွေက ဘာလို့ကြိုက်ရတာလဲ”

“အဲဒါကို ကျွန်တော် ဘယ်လိုဖြေရမလဲ”

“ကြိုက်သလိုဖြေလေ”

“အို ... ဘယ်လို ကြိုက်သလို ဖြေရမှာလဲ”

“ဥပမာ တိတိကျကျပေးပြီး မေးမယ်၊ တစ်နေ့တော့ မောင်ပြန်လာမည်တို့၊ တင်တင်မြရဲ့ စခန်းအောင်မြေတို့ကို ဒီကမောင် ဘာလို့ ကြိုက်ရသလဲ”

နှင်းငွေသည် စိတ်မှတ်မထင် ခေါင်းကုတ်စဉ်းစားပြီး ဖြေ၏။

“ကောင်းလို့၊ ပြီးတော့ ကိုယ်ချင်းစာမိလို့”

“ကိုယ်ချင်းစာမိလို့၊ ဘယ်လို ကိုယ်ချင်းစာမိတာလဲ ဒီကမောင်”

နှင်းငွေ သိသိသာသာ တုန်လှုပ်သွားသည်ကို စစ္စတာ သတိပြုမိ၏၊ တုန်လှုပ် ခြင်းပျောက်သွားသောအချိန်၌ နှင်းငွေသည် စောစောက နှင်းငွေ မဟုတ်တော့။

နှင်းငွေသည် တည်ကြည်သွား၏။ ဣန္ဒြေလည်း ရင့်သွားသည်။

စစ္စတာသည်လည်း အားနာသွားမိ၏၊ မည်သို့ပင် ခင်မင်၍ ရင်းနှီးစွာ ဆက်ဆံနေကြသည်တိုင်စေ နှင်းငွေသည် မိမိ၏ အထက်မှ ဆရာဝန်ကြီးတစ်ဦး ဖြစ် ၏၊ အသက်ချင်း ကွာလှမ်းသည်က တစ်ကဏ္ဍ။

စစ္စတာသည် ဝမ်းနည်းလျက်က တည်ငြိမ်စွာ တောင်းပန်၏။

“ကျွန်မ မေးခွန်းဟာ ရဲတင်းလွန်းပြီး ကိုယ်ရေးကိုယ်တာ ဆိုင်လွန်းသွား ပါတယ် ဒေါက်တာ၊ ကျွန်မကို ခွင့်လွှတ်ပါ”

ကျွန်မ ... ၊ ဒေါက်တာ၊ ဝတ္တရားဆံသော ဤအသုံးအနှုန်းများက နှင်းငွေ

http://www.cherrythitsar.org



ကို တစ်စုံတစ်ရာ သတိပေးလိုက်သကဲ့သို့ ရှိ၏။

နှင်းငွေသည် စစ္စတာ၏ မျက်နှာကို ငေးလျက်ကြည့်သည်။

ရုပ်အသွင်က နုနုငယ်နှင့် ဆင်သည်၊ တည်ငြိမ်မှုက ညွှန့်မေနှင့်တူ လွန်းလှသည်။ မာန်မာနမပါသော ဣန္ဒြေကား မေမေနှင့် တူပြန်လေသည်။

နှင်းငွေ၏ မျက်နှာသည် ပြန်လည် ပြုံးရွှင်လာသည်။

"ကျွန်တော့်ကိုသာ ဒီက အစ်မက ခွင့်လွှတ်ရမှာပါ၊ ကျွန်တော်ဟာ ပစ္စုပ္ပန်ကို တည့်တည့်မရှုတတ်သေးဘူး၊ ထားပါတော့လေ၊ ဒီစကားကို ဒီကအစ်မ နားလည်ပါ့မလား မသိဘူး၊ ခုနင်က စကားကို ပြန်ကောက်ကြရအောင်၊ ကိုယ်ချင်းစာလို့၊ ခွဲရ ... ခွဲရ၊ ကွဲရ ... ကွာရတာ မှန်သမျှဟာ စိတ်ထိခိုက်ဖွယ်ရာချည်းပဲ၊ ဘယ်သူလိုလားပါ့မလဲ၊ ယောကျ်ားတွေအတွက်လဲ အတူတူပဲ၊ မိန်းမတွေအတွက်လဲ အတူတူပဲ၊ နေဦး၊ ကျွန်တော်တို့ ဓာတ်ပြားတစ်ခု ဆက်ဖွင့်ကြရအောင်"

နှင်းငွေသည် ရေနံ့သာ ကိုစိုးလှိုင်၏ "ကမ္ဘာကုန် ကျယ်သရွေ့ဝယ်" ကို ဖွင့်၏။

"နွယ်ဦးမွန်မို့ ချစ်ထွတ်တင်သည်၊ (ကမ္ဘာကုန်ကျယ်သရွေ့ဝယ်)၂ လွမ်းရမည်၊ သံသာဝဲရစ်တွဲ နှောင်ချည်၊ နွေရတုခုမိန်ဆီ၊ ညောင်းရွက်ဝါတို့၊ ဈာန်ယဉ်ပြောင်းသည့်နှယ်၊ ပြက်ကောင်းလေသော စိတ်ဓာမနသီမည်"

သီချင်းအဆုံး၌ နှင်းငွေက စစ္စတာကို ဆွေးမြည့်စွာ ကြည့်ပြီး ဆို၏။

"အစက နားထောင်ကောင်းလို့သာ ဒီသီချင်းကို ကျွန်တော် မက်မောခဲ့တယ်၊ အဓိပ္ပာယ် ဘာရယ်လို့ သိလှတယ် မဟုတ်ဘူး၊ နားလည်သူတွေကို မေးကြည့်မှ သဘောပေါက်ရတယ်၊ ဒီကအစ်မကော နားလည်သလား"

စစ္စတာက ခေါင်းညိတ်ပြ၏။

"ဒါဖြင့် အဓိပ္ပာယ်ကို ဒီကအစ်မ ကျွန်တော့်ကို ပြောပြနိုင်ပါသလား"

"နားလည်ပြီးသူကို ဘာလို့ ထပ်ပြန်ပြောရမလဲကွယ်"

"သိချင်လို့ပါလေ၊ နားလည်မှုချင်း တူသလားလို့"

ဤအကြိမ် အလွန်တည်ငြိမ်သွားသူမှာ စစ္စတာ ဒေါ်မိုးသူ ဖြစ်၏။

စစ္စတာသည် ခေတ္တငုံ့ထားသော ခေါင်းကို မော့လိုက်၏။ မျက်တောင်ကော့များကိုပင့်ကာ ပြာလွင်သော မျက်လုံးများဖြင့် နှင်းငွေကို တည့်တည့်ကြည့်၏။ ထို့နောက် သာယာသောအသံတွင် တုန်ယင်မှုရောလျက် ပြော၏။

"ဒီသီချင်းတစ်လုံးမှာ ရတ်တရက်ဆိုတော့ လရောင်နဲ့ အရိပ်တွေ၊ ဥသြနဲ့ တေးသံတွေ၊ နှင်းနဲ့ မြူတွေ၊ လေရူးနဲ့ ရွက်ဝါတွေ၊ ဒါတွေပဲ ပါတယ်၊ စင်စစ် ဒါတွေ အားလုံးဟာ သင်္ကေတတွေပါ၊ သင်္ကေတအားလုံးက တစ်ခုတည်းသော အမှန်တရားကိုသာ ပြညွှန်တယ်၊ ပြညွှန်ရာကလဲ တခြားမဟုတ်ဘူး၊ လူ့ရဲ့ ဥပါဒါန်ကိုပဲ၊ ပြီးခဲ့တာတွေ၊ ပျက်ခဲ့တာတွေကို ပြီးပြီ၊ ပျက်ပြီလို့ မမြင်နိုင်တဲ့ ဥပါဒါန်ကိုပဲ၊ ရွက်ဝါဟာ ကြွေသွားသလို ဥပါဒါန်မီးရာ စိတ်ဟာလဲ ကြွေသွားသင့်ပြီလို့ စပ်ထား

http://www.cherrythitsar.org



တဲ့ သီချင်းပဲ၊ ဒီကမောင် ကျေနပ်ပြီလား”

နှင်းငွေသည် ကြီးမားသော အံ့ဩစိတ်ပြင့် စစ္စတာ၏ မျက်လုံးပြာများကို စိုက်ကြည့်သည်။

“ဒီကအစ်မရဲ့ စကားဟာ ဗုဒ္ဓအဘိဓမ္မာစကားပဲ၊ ဒီက အစ်မဟာ ဗုဒ္ဓဘာသာ ကို နားလည်သလား”

စစ္စတာ၏ မျက်လုံးများ၌ မျက်ရည်များ ဝဲလာသည်၊ ဝမ်းနည်းစွာလည်း မေး၏။

“ဒေါက်တာ့လိုလူတစ်ဦးရဲ့ စိတ်မှာတောင် အထင်လွဲမှုတွေက ရှိတုန်းပဲ လား”

“ဗျာ ...၊ ဒီကအစ်မ ဘာကိုဆိုလိုတာလဲ”

“ကျွန်မဟာ မျက်လုံးပြာနေတယ်၊ ကျွန်မ ရုပ်ရည်မှာ ဥရောပသွေးတစ်ဝက် လွှမ်းနေတယ်၊ ဒါပေမဲ့ ကျွန်မမှာ မြန်မာသွေးတစ်ဝက်ပါနေတယ်၊ ကျွန်မအမေဟာ မြန်မာဗုဒ္ဓဘာသာစစ်စစ်ပဲ၊ ကျွန်မလဲ ဗုဒ္ဓဘာသာစစ်စစ်ပဲ”

နှင်းငွေ သည် ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ။

စစ္စတာ့ကိုသာ ဝမ်းနည်းမှု၊ ကြည်ညိုမှု၊ ချစ်ခင်မှုတို့ဖြင့် စိုက်ကြည့်နေမိ၏။

ခဏ၌မူ နှုတ်၌ စကားလုံးများ သီးလာ၏။

“ဒီကအစ်မနဲ့ ကျွန်တော် တွေ့ကြဆုံကြရပုံက သိပ်ထူးဆန်းနေတယ်၊ ရှင်းရှင်းပြောရရင် ဒီက အစ်မကို မြင်တိုင်း ကျွန်တော် သိပ်စိတ်ချမ်းသာတယ်၊ စောစောက ကိုထွေးရင်က ဒီက အစ်မကို ပြောတယ်၊ ဒီကအစ်မဟာ ကျွန်တော်တို့ မင်္ဂလာပဲ၊ ဒီကအစ်မဟာ ကျွန်တော့်ကို ဘာအပြစ်တင်စရာ ရှိပါသေးသလဲ”

မျက်ရည်ဝိုင်းလျက်က စစ္စတာသည် ပြုံး၏၊ ပြုံးရင်းလည်း အသာအယာ ခေါင်းခါပြ၏။

ထိုစဉ် ကိုထွေးရင် ပေါ်လာ၏၊ စားသောက်ရန် အစစ အဆင်သင့်ရှိကြောင်း အစီရင်ခံလာ၏။

*

ဒေါက်တာနှင်းငွေ သည် စစ္စတာကို ထိုညရှစ်နာရီတိတိအရောက် အဆောင် သို့ ကိုယ်တိုင် ကားနှင့်မောင်း၍ လိုက်ပို့သည်။

စစ္စတာကို ပြန်ပို့အပြီး၌ အိမ်ရှေ့ မြက်ခင်းအနီးရှိ ကြိမ်ကုလားထိုင်တစ်လုံး ပေါ်တွင် ထိုင်ရင်း ကောင်းကင်ပြင်ကို မော့ကြည့်မိ၏။

နက်နက်ပြာသော ကောင်းကင်၌ ကြယ်တို့လည်း ရှိသည်။ တိမ်တို့လည်း ရှိသည်။

တိမ်ဖြတ်သွားခိုက် ကြယ်တို့ပျောက်သည်၊ တိမ်လွန်သွားသော် ကြယ်တို့ ပြန်ပေါ်လာ၏။

http://www.cherrythitsar.org



အဝေးရပ်မှလာဟန် စကားသံကို နှင်းငွေ ကြားယောင်မိ၏။

"ကိုယ့်ကို နေလုံးကြီးမဖြစ်စေချင်ပါဘူး၊ ကြယ်မင်းကြီးသာ ဖြစ်စေချင်တယ်၊ ကြယ်တွေကိုတော့ ထွက်လာတာလဲ မမြင်ရဘူး၊ ဝင်သွားတာလဲ မသိလိုက်ဘူး၊ ဟိုး ... အမြင့်ကြီးမှာ၊ ဖြူဖြူဖွေးဖွေး ဝင်းဝင်းလက်လက်နဲ့ တိမ်ဖုံးနေရင်တော့ သူတို့ကို မတွေ့ရဘူး၊ ဒါပေမဲ့ သူတို့ရှိနေတာကိုတော့ နှငယ် သိတယ်။

ကိုယ့်ကို မမြင်မတွေ့ရပေမဲ့ ကိုယ်ရှိနေတာကို နှငယ် အမြဲသိတယ်၊ အဲဒါနဲ့ပဲ နှငယ် စိတ်ချမ်းသာနေပါပြီ"

နှင်းငွေသည် သက်ပြင်းချပြီး အနောက်ဘက် မိုးကောင်းကင်ကို ကြည့်သည်။

တောင်တန်းထိပ်ဦး၌ ငွေလကွေးသည် လှဲ့လှဲ့သာနေ၏။

မပြည့်မဝန်းသောကြောင့် ထိန်ထိန်မူ မသာနိုင်၊ လှဲ့လှဲ့သာ သာနေ၏၊ သာနိုင်သမျှ၌ပင် ငွေလသည် အေးချမ်းလေ၏၊ အေးချမ်းပါလေ၏။

* * *

http://www.cherrythitsar.org

# အခန်း(၁၃)

တနင်္လာနေ့ နံနက် ခုနစ်နာရီခွဲခန့်တွင် ညိုမိမောင်းသော မောရစ်ကားလေးသည် ခွဲစိတ်ကုသရေး အဆောင်ကြီး၏ ရှေ့၌ ဆိုက်လာသည်။

ကားရှေ့ခန်းမှ ဒေါက်တာဦးဘဖေသော် ဆင်းလာပြီး ကားမောင်းသူ ချစ်ဇနီးကို ပြုံးကြည့်လျက် ဆို၏။

"သိုင်းခရု ဒရိုင်ဘာ၊ သြော် ... ဒါထက် ကလေးတွေ ကျောင်းပို့ရင်တော့ သတိနဲ့ မောင်းနော်"

ညိုမိက မကျေနပ်ဟန် မျက်စောင်းကလေးထိုးပြီး ရန်တွေ့၏။

"ပြောပြန်ပြီ ဒါကို၊ မြို့ထဲ ကားမောင်းတာ ဘယ်လောက်ကြာပြီလဲ၊ ဘာဖြစ်ဖူးလို့လဲ"

"သြော် ... ဟော် ... ၊ ဘာမှ မဖြစ်ဖူးပါဘူး၊ ဒါပေမဲ့ ကျောင်းနားဆိုတာက လူရှုပ်တယ်၊ ကားတွေလဲရှုပ်တယ်၊ ဘိုင်စကယ်တွေလဲ ရှုပ်တယ်၊ ကလေးတွေ ဆိုတာကလဲ နမော်နမဲ့နဲ့ ဟိုပြေး ဒီပြေး၊ ညိုမိ နားလည်ဖို့က မြန်မာပြည်မှာ ကားမောင်းရင် ကိုယ်က လူဝင်တိုက်မိမှာထက် လူက ကားဝင်တိုက်မှာ အထူးသတိထားရတယ်"

ညိုမိက ရယ်ပြီး ဝန်ခံ၏။

"ဒါတော့ ဟုတ်တယ်၊ ညိုမိ အမြဲ သတိထားပါတယ်၊ မောင့်ကား ဘာမှ မဖြစ်စေရဘူး"

"မောင့်ကားအတွက် မဟုတ်ဘူး၊ ညိုမိ့အတွက် ပြောတာ"

"သိသားပဲ၊ အဲဒါ တမင်ကြားချင်လို့ ပြောတာ"

ညိုမိသည် ချစ်လင်ကို မျက်စိတစ်ဖက် မှိတ်ပြ၊ လျှာမသိမသာ ထုတ်ပြနောက်ပြောင်ပြီးကားကို မောင်းကာ ထွက်ခွာသွား၏။

ဦးဘဖေသော်သည် ပြုံးပြုံးကြီး ရပ်ကျန်ရစ်ခဲ့၏။

http://www.cherrythitsar.org



အိမ်ဟူသည် တစ်လောကလုံး၌ ပျော်ရွှင်ဖွယ် အသာယာဆုံးနေရာ ဖြစ်၏။ အိမ်သူသက်ထားနှင့် ရင်သွေးဟူသည် ရင်ကို အအေးမြစေဆုံးသော ရတနာများ ဖြစ်ကြ၏။

ယနေ့သည် ခွဲစိတ်ကုသရေးနေ့ကြီး ဖြစ်၏၊ ဝေဒနာရှင်တို့သည် မိမိတို့ပေါ် အသက်ကို ပုံအပ်ကာ ခွဲစိတ်ကုသခန်းတွင်းသို့ ဝင်ကြတော့မည်၊ ဝေဒနာရှင်တိုင်း၌ အိမ်ဟူသည် ရှိသည်၊ အိမ်ကိုတော့ သူတို့ ခင်မင် တွယ်တာကြရာမည်၊ ပျော်ရွှင်သာယာ ဖွယ်ဖြစ်သော အိမ်ကို စွန့်၍ အဘယ်သူသည် ဆေးရုံကြီးများသို့ တမင်လာကြချင် ရာပါမည်နည်း။ အိမ်သူသက်ထားနှင့် ရင်သွေးရတနာများကို သာမက တစ်လောက လုံးကိုပင် ခေတ္တမေ့ပျောက်ကာ ခွဲစိတ်ခုံပေါ်၌ အဘယ်သူသည် ပက်လက်ကလေး နေချင်ရာမည်နည်း။

ခွဲစိတ်ကုသသော နေ့ကြီးများရောက်တိုင်း ဒေါက်တာဦးဘဖေသော်သည် ဤသို့ အမြဲတွေးမိသည်၊ ခွဲစိတ်ကုသရေး ခုတင်ထက် သတိလစ်မေ့နေသူကို မြင်ရ တိုင်းလည်း ကရုဏာသက်မိ၏။

မေ့ဆေးတန်ခိုးအောက်၌မူ ဝေဒနာရှင်သည် ဗလာဖြစ်သော ဟင်းလင်းဖြစ် သော၊ ဘာမျှမသိသော အခြေအနေ (ဝါ) လောကတစ်ခု၌ ရှိနေပေမည်၊ သူ့ဘဝကို မိမိတို့ လက်တွင်း၌ ယုံမှတ်စွာ ပုံအပ်ကာ ပန်းပွင့်လေးပမာ ငြိမ်သက်နေရှာမည်။

ဦးဘဖေသော်သည် ပြုံးမိ၏၊ မေ့ဆေးပေးထားသော လူနာကို ပန်းပွင့်နှင့် နှိုင်းမိ၍ ပြုံးမိခြင်း ဖြစ်သည်။ လူနာမည်သည် ပန်းပွင့်နှင့် နှိုင်းအပ်ရန် အပြင်ပန်း အားဖြင့် လှပမှုမရှိ၊ သို့ရာတွင် အသက်ဟူသည်ကား ရှိနေ၏၊ အသက်ထက် လှပ သော အရာမရှိဟု ဦးဘဖေသော် ယုံကြည်သည်၊ အသက်ဟူသည်ကိုလည်း လှပသော ပန်းပွင့်ကလေးပမာ ဦးဘဖေသော် အမြဲမြင်ထင်မိ၏။

မှန်သည်၊ အသက်ဟူသည်မှာ လှပသော ပန်းပွင့်ကလေး၊ သော်ကလေး၏ စင်ကြယ်သောအပြုံးနှင့် တူသော ပန်းပွင့်ကလေး၊ သော်ကြီး၏ ရွှင်လန်းမှုနှင့် တူ သော ပန်းပွင့်ကလေး၊ ချစ်ဇနီး ညိုမီ၏ ကြည်ရွှင်သော မျက်လုံးပမာ တင့်တယ်သော ပန်းပွင့်ကလေး။

ဤပန်းပွင့်ကလေး ဘေးရန်မရှိ ခေတ္တအိပ်စက်သွားရန် မိမိက တာဝန်ယူ ရသည်၊ ဤပန်းပွင့်ကလေး ကြည်ကြည်လင်လင် နိုးကြား၍ ဆက်လက်ပွင့်လန်း နေနိုင်ရန်လည်း မိမိပင် တာဝန်ယူရသည်။

သူတကာ၊ ဆရာဝန်တကာ ... ထက် မိမိသည် ရှင်ခြင်းနှင့် သေခြင်းကြား ပါးပါးလေးသာ ခြားနားထားသော နယ်နိမိတ်မျဉ်းကြောင်းတစ်လျှောက် ကင်းစောင့် ရသူဖြစ်၏။

ဦးဘဖေသော်သည် သက်ပြင်းကို မှုတ်ထုတ်သည်။

နံနက်ခင်းက ကြည်လင်နေသည်။ နေရောင်သည် လှပစွာ ကျနေသောကြောင့် သစ်ပင်ပန်းပင် တောတောင်ရေမြေ အားလုံးသည် လောကသည် သာယာကြောင်း ဖော်ပြနေကြ၏။

http://www.cherrythitsar.org



လောကသည် သာယာနေ၏။ မှန်သည်၊ သာယာသော လောက၌ လူတိုင်း ပျော်ရွှင်စွာ အသက်ရှည်ခွင့်ရှိသည်။

ဦးဘဖေသော်သည် ပြုံးလိုက်ပြီး လေတိုးတိုးချွန်ကာ အဆောက်အအုံကြီး တွင်းသို့ ဝင်လိုက်၏။

အောက်ထပ်၌ လူအချို့ ရောက်နေပြီ၊ လူနာတွေလော၊ လူနာရှင်တွေလော မသိ၊ သူတို့ တော်တော်များများက ဦးဘဖေသော်ကို ရင်းနှီးစွာ နှုတ်ဆက်ကြ၏။ သူတို့ အားလုံးကို ဦးဘဖေသော်မမှတ်မိ၊ မိမိကို ရင်းနှီးစွာ နှုတ်ဆက်လေသော ကြောင့်မှု ဝမ်းသာမိ၏။

ဦးဘဖေသော်သည် မျက်နှာကို ပြုံးရင်း ခေါင်းကို ဘယ်ညာလှည့်ကာ လက်ပြနှုတ်ဆက်ရင်း အလယ်ထပ်သို့ တက်လာခဲ့၏။

အလယ်ထပ်ရှိ ခွဲစိတ်ကုသရေး ခန်းမကြီးရှေ့၌ ဘီးတပ်ခုတင်ပေါ်တွင် ခွဲစိတ်ရန် အစစ ပြင်ဆင်ပြီးသော လူနာတစ်ဦးသည် ငြိမ်သက်စွာ လဲလျောင်းနေ၏၊ ခုတင်ဘေးတွင် ဆရာမတစ်ဦးနှင့် ယောက်ျားသူနာပြုတစ်ဦး ရှိနေ၏။

ဦးဘဖေသော်သည် ဆရာမအနီးသို့ ကပ်သွားသည်။

"ကေ့ (စ်) (ရောဂါ) ဘာလဲ ဆရာမ"

"ဂက်စထရက်တမီ (အစာအိမ်ဆိုင်ရာခွဲစိတ်ခြင်း) ပါ"

"ဩော်... မှတ်မိပြီ၊ ဒါထက် ဒေါ်မြင့်မြင့် စစ်ပြီးပြီလား"

"ဟုတ်ကဲ့ဆရာ၊ အခြေအနေအားလုံး ကောင်းပါတယ်"

ဦးဘဖေသော်သည် လူနာအနီးသို့ ကပ်သွား၏။

သူက လူနာ၏ လက်ကို ကိုင်ကြည့်သည်၊ လူနာ၏ မျက်နှာပေါ် မိုး၍ ကြည့်ပြီးလည်း ပြုံးရွှင်စွာ ပြော၏။

"စိုးရိမ်နေသလား"

လူနာက ခေါင်းညိတ်ပြ၏။

"ဒါပေါ့ စိုးရိမ်တာပေါ့၊ ဒါပေမဲ့ ဦးကြီး ကြည့်ရတာ ကြောက်တတ်ပုံတော့ မပေါ်ဘူး"

လူနာ၏မျက်နှာသည် တည်သွားပြီး ဖြေ၏။

"ယောက်ျားပဲဗျာ၊ ကြောက်လှတယ် မဟုတ်ပါဘူး၊ ဝေဒနာ ခံစားနေရတာ ထက်စာရင်တော့ ... "

"ဒီစကား သိပ်ကြိုက်တယ်၊ ဘာကြောက်စရာရှိလဲ၊ ဝေဒနာဆိုတာကလဲ ကုမှပျောက်တာ၊ အကုခံရဲသူဟာ ဝေဒနာတစ်ဝက်ပျောက်နေပြီ၊ ဦးကြီး နားလည် လား"

"ကျုပ် နားလည်ပါတယ်၊ နားလည်လို့လဲ ဒီဆေးရုံကြီးဆီ အားကိုးပြီးလာ ခဲ့တာ"

"ဦးကြီးအားကိုးတဲ့အတိုင်း ဒီဆေးရုံကြီးကလဲ ကုသပေးမှာပဲ၊ ဦးကြီးရောဂါ

http://www.cherrythitsar.org



မျိုးကတော့ ကျွန်တော်တို့အတွက် ရိုးနေပြီ”

“တကယ်လား၊ တူမောင်က ဘယ်သူလဲ”

“ဒီဆေးရုံက ဆရာဝန်ကြီးတစ်ဦးပါ၊ ဘိလပ်ပြန် ဆရာဝန်ကြီးတစ်ဦးပါ”

လူနာက သူ့လက်ကို ဖမ်းယူဆုပ်ကိုင်၏၊ ဦးဘဖေသော်က လက်တစ်ဖက်ဖြင့် လူနာ၏ ပခုံးကို ကိုင်ကာ ပြုံးကြည့်သည်။

လူနာ၏မျက်နှာ၌ အပြုံးပေါ်လာသည်ကို တွေ့ရ၏။ ယုံကြည်စိတ်ချသော အပြုံးဖြစ်၏။

ဦးဘဖေသော်သည် လူနာထံမှ ခွာကာ လျှောက်လာခဲ့၏။

မေ့ဆေးအထူးကုဆရာဝန်ကြီးဟု ဆိုင်းဘုတ်တပ်ထားသော အခန်းတွင်းသို့ ဝင်ခဲ့၏။

မေ့ဆေးအထူးဆရာဝန်ကြီး၏ အခန်းသည် အလျားလိုက်အားဖြင့် အရှေ့အနောက် ပြေးနေ၏။

အရှေ့ဘက်ရှိ တံခါးမှ ဖွင့်ထွက်လာလျှင် ဝရန်တာကိုရောက်နိုင်၏။ ဝရန်တာမှ မျှော်ကြည့်လျှင် အောက်မြေပြင်ရှိ ပန်းခြံ၊ ပန်းခြံက ကျော်လျှင် မင်းလမ်းမကြီး၊ မင်းလမ်းမကြီးကျော်လျှင် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် အဆောက်အအုံများ၊ ယင်းတို့ကကျော်လျှင် မြောက်မှသည်တောင်သို့ တန်းမြင့်တက်သွားသော တောင်တန်းပြာကြီး။

အခန်း၏ အနောက်ဘက်နံရံ၌ ကြွေဖြူခွက်ခံ ငွေရောင်ရေတိုင်ရှိသည်၊ မြောက်ဘက်နံရံမှ ထိုးထွက်လာနေသော ငွေရောင်လက်တန်းဘားတွင် မျက်နှာသုတ်ပဝါလွှမ်းလျက် ရှိ၏။

တောင်ဘက်နံရံနှင့် ကပ်လျက် အသစ်စက်စက်ဖြစ်သော မေ့ဆေးပေးကိရိယာနှစ်ခု၊ ခွဲစိတ်ခုံသစ်တစ်ခုတို့ ရှိနေကြ၏။

ယင်းအခန်းကို ထောင့်မှန်ဦးတည်လျက် မြောက်နှင့် တောင် ပြေးနေသော အခန်းတစ်ခုရှိလေသေး၏။

အခန်းနှစ်ခုကို တံခါးဝကြီးတစ်ခုက ဆက်သွယ်ထား၏။

တံခါးဝ၏ မြောက်ဘက်၌ အနိမ့်အမြင့်လိုချင်သကဲ့သို့ ပြုပြင်နိုင်သော ကုလားထိုင်တစ်လုံးရှိသည်၊ အနီး၌ အုပ်ဆောင်းရှည်အုပ်ထားသော လိုရာရွှေ့ပြောင်းနိုင်သော မီးတိုင်တစ်တိုင် ရှိ၏။ တံခါးဝ၏တောင်ဘက်အခန်း၌ ကပ်လျက် ငွေရောင်လက်သော သတ္တုစားပွဲတစ်ခု ရှိသည်၊ စားပွဲပေါ်၌ ကတ်ကြေးများ၊ ဇာဂနာများစသည့် ကိရိယာများ ရှိကြ၏။ သတ္တုစားပွဲ၏ တောင်ဘက်အနီးတွင်မူ ဖြူစင်သန့်ပြန့်သော အိပ်ရာခင်း ခင်းအပ်သော ခုတင်တစ်လုံး ရှိနေ၏။

ယင်းအခန်းသည် အရှေ့နှင့် အနောက် ပြေးနေသော အခန်းတစ်ခုနှင့် ဆက်နေပြန်၏။ ထိုအခန်းသည် ခွဲစိတ်မှုအတွက် ပြင်ဆင်ခန်း ဖြစ်၏၊ ထိုအခန်း၏ အနောက်ဘက်တံခါးသည် ခွဲစိတ်ကုသရေး ဝဒ်ကြီးနှင့် တည့်တည့်ဖြစ်၏။ ဝဒ်မှ

http://www.cherrythitsar.org



လူနာသည် အဓိကရ ခွဲစိတ်ခန်းမကြီးတွင်းမရောက်မီ ဤအခန်းသို့ ရောက်ရ၏။ ဤအခန်း၏ တောင်ဘက်တွင်မူကား အဓိကရ ခွဲစိတ်ခန်းမကြီးသာလျှင် ရှိတော့၏။

အခန်းများ ဖွဲ့စည်းထားပုံအရ အဓိကရ ခွဲစိတ်ကုသခန်းကြီးနှင့် မေ့ဆေးအထူးဆရာဝန်ကြီး၏ အခန်းသည် တိုက်ရိုက်ဆက်သွယ်နေကာ အချိန်မရွေး လွတ်လပ်လွယ်ကူစွာ ကူးသန်းသွားလာနိုင်၏။

ဦးဘဖေသော်သည် မိမိ၏အခန်းတွင်း ရောက်ရောက်ချင်း အရှေ့ဘက်နံရံကို ကျောပေးထားသော မိမိ၏ စားပွဲ၌ ဝင်ထိုင်သည်၊ စားပွဲပေါ်မှ စာရွက်စာတမ်းများကို သေချာစွာ ဖတ်ရှု၏၊ အားလုံးကို လေ့လာပြီးသောအခါ ဦးဘဖေသော်သည် တောင်ဘက်ရှိ အခန်းတွင်းဝင်လာ၏။

ယင်းအခန်းတွင်း၌ ဦးဘဖေသော်သည် အဝတ်အစားလဲ၏။

အစိမ်းရောင်အောက်ခံဝတ်စုံ၊ ယင်းအထက်မှ ဝတ်ရုံဖြူ၊ ပေါင်းတင်ပိုးသတ်ထားသော ဤအဝတ်အစားတို့ကို ဝတ်လိုက်၏။

သူဝတ်စားနေသည်ကို ကူညီလေသော ယောကျ်ားသူနာပြုကို ဦးဘဖေသော်က မေး၏။

"ဘယ့်နှယ် စစ္စတာဒေါ်စောမူ မတွေ့ပါလား"

ယောကျ်ားသူနာပြုက ဖြေ၏။

"စစ္စတာဒေါ်စောမူ ခွင့်ယူထားပါတယ်၊ ဒီနေ့ ခွဲစိတ်ခန်းမှာ စစ္စတာဒေါ်မိုးသူတာဝန်ယူနေပါတယ်"

"ဟေ ... ဟုတ်လား၊ ဒါထက် ဒေါက်တာ ဒေါ်မြင့်မြင့်ကော ရောက်ပြီလား"

"ခွဲစိတ်ကုသခန်းထဲမှာပါဆရာ၊ ရောက်နေပါပြီ"

ဦးဘဖေသော်သည် ကျေနပ်စွာ ပြုံး၏။

"မြင့်မြင့်က သိပ်အားကိုးရတယ်၊ သိပ်တာဝန်ကျေတယ်"

ဦးဘဖေသော်သည် ခွဲစိတ်ခန်းမကြီးဘက်သို့ သွက်သွက်လျှောက်လာခဲ့၏။

*

ခွဲစိတ်ကုသခန်းမဆောင်ကြီး၏ မျက်နှာကျက်ဗဟို၌ အင်အားကြီးမားသော မီးလုံးများ တပ်ဆင်ထားသည့် မီးအုပ်ဆောင်းကြီး ရှိသည်၊ မီးအုပ်ဆောင်းကြီး၏ အောက်တည့်တည့်၌ အနေအထားကို လိုသကဲ့သို့ ပြောင်းလဲပြုပြင်နိုင်သော သန့်စင်ခေတ်မီသည့် ခွဲစိတ်ခုံရှိနေ၏၊ ခွဲစိတ်ခုံ၏ ခေါင်းရင်း၌ ဘွိုင်းအက်ပရေးတက်(စ်)ခေါ် လူ အများက မေ့ဆေးပေးကိရိယာဟု သာမန်သိထားသော အသက်ထိန်း အသက်ကူ ကိရိယာကြီး ရှိနေ၏။

ခွဲစိတ်ခုံခြေရင်းပိုင်း၌ ကတ်ကြေးအမျိုးမျိုး၊ ဓားအမျိုးမျိုး၊ ဇာဂနာအမျိုးမျိုး၊

http://www.cherrythitsar.org



ချိတ်အမျိုးမျိုး၊ ဂေါ်ပြားငယ်အမျိုးမျိုးနှင့် တကွ ဝန်းဝန်းခွေခွေ ရှိသော ချုပ်လုပ်ရေး အပ်များ၊ ကြိုးများတင်ထားရာ ငွေရောင်သတ္တုဘောင်ကွပ်ခွဲ စိတ်ရေးကိရိယာတင် စားပွဲငယ်နှစ်လုံး ရှိသည်၊ ပြောင်လက်တောက်ပသော သတ္တုဇလုံများ တင်ထားသည့် ထောက်တိုင်နှစ်ခုလည်း ရှိသည်။

ခန်းမကြီး၏ မြောက်ဘက်နံရံတစ်လျှောက်၌ ခွဲစိတ်ရေးဆိုင်ရာ ပစ္စည်းများ ထည့်ထားသည့် ပိုးသတ်ပေါင်းတင်ငွေရောင်ဘူးဝိုင်းကြီးများ ရှိကြ၏၊ ခန်းမကြီး၏ တောင်ဘက်နံရံ၏ လက်ဝဲဘက်အခြမ်းတွင် ရွှေ့လျားဖွင့်ရသော မှန်တံခါးတပ် ပြတင်းကြီး ရှိ၏၊ ပြတင်းကြီး၏ တစ်ဘက်ခန်း၌ လေးထောင့်ပုံသဏ္ဌာန် သတ္တုပြုတ် အိုးကြီးများ ရှိကြ၏။

ဆရာမလေးနှစ်ဦးသည် ပြုတ်အိုးကြီးတစ်ခုကို ဖွင့်လျက် ခွဲစိတ်ကိရိယာများကို ဆယ်ယူနေခိုက် ဖြစ်သောကြောင့် ရေနွေးငွေ့များ လွင့်ဝဲပျံတက်လာနေသည်ကို မှန် တံခါးကို ခွင့်လျက် မြင်နိုင်၏။

တောင်ဘက်နံရံ၏ လက်ယာဘက်ခြမ်းတွင် လေသွင်းလေထုတ် အအေးအပူ ထိန်းစက်ကို တပ်ဆင်ထား၏၊ စက်သည် တစီစီ သဲ့သဲ့လေး မြည်နေ၏၊ အပူ အအေးသည် အပြင်ဘက်၌ မည်သို့ရှိနေမည် မသိသော်လည်း ခန်းမတွင်း၌မူ သမမျှတနေ၏။ ယင်းစက်အနီး ကြမ်းပြင်ရှိ စားပွဲများပေါ်၌ ဓာတုဗေဒ ဆေးပုလင်း များ၊ ကြောင်အူဟု အများခေါ်ကြသော ခွဲစိတ်ချုပ်လုပ်ရေးအမျှင်များ ထည့်ထား သည့် ပုလင်းများ ရှိကြ၏။

ခွဲစိတ်ကုသရေး ကိရိယာတင် စားပွဲအနီး၌ ဦးထုပ်၊ နှာခေါင်းစည်း၊ ဝတ်ရုံ ဖြူ စသည်တို့ကို ပြည့်ဝစွာ ဝတ်ဆင်ထားသော စစ္စတာဒေါ်မိုးသူရပ်နေ၏။

စစ္စတာ၏ မျက်လုံးများသည် ခါတိုင်းကဲ့သို့ပင် ပြာလဲ့သန့်စင်ကြည်လင် နေ၏၊ မျက်နှာသည် တည်ငြိမ်နေသည့် နည်းတူ ရင်နှလုံးကလည်း တည်ငြိမ်နေ၏။

အမှန်မှာ ဤဆေးရုံကြီးသို့ ပြောင်းလာခဲ့ပြီးသည့်နောက် ခွဲစိတ်ကုသခန်း တွင် ရှေးဦးစွာ စစ္စတာ တာဝန်ကျခြင်း ဖြစ်၏။ အရေးပေါ်တာဝန်ကျခြင်းလည်း ဖြစ်သည်။

ညတုန်းကမူ အနည်းငယ် ရင်ခုန်မိသေးသည်၊ မိမိကိုယ်ကို စိတ်မချ၍ မဟုတ်၊ ဤမျှပညာမပြည့်စုံမီကတည်းက ဤမျှ ကိရိယာမပြည့်စုံလေသော ဆေးရုံ ငယ်များ၏ ခွဲစိတ်ခန်းတွင် တာဝန်ယူခဲ့ရဖူးပေါင်း များလှပြီ။ ခွဲစိတ်ကုသခြင်းဟူသည် ကသာ စစ္စတာကို အစဉ်ရင်ခုန်စေ၏၊ စိုးရွံ့မှုကြောင့် ခုန်သော ရင်မဟုတ်၊ စိတ်ဝင် စားမှုနှင့် စေတနာ ယုံကြည်ချက် ရောပြွမ်းသော ရင်ခုန်မှု ဖြစ်၏။

ခန္ဓာကိုယ်၏ သဘာဝအစိတ်အပိုင်းများ အ,သဘာဝဖြစ်လာလေမှသာ ဆရာ ဝန်များက ခွဲစိတ်ကုသပေးသည်၊ လူနာကလည်း ထိုအခါကျမှ အခွဲအစိတ်ခံကြရိုး ဖြစ်၏။

အ,သဘာဝ ဖြစ်နေလေသည်ကို ကျွမ်းကျင်သော ဆရာဝန်ဆရာမတို့သည်

http://www.cherrythitsar.org



သဘာဝဖြစ်လာရန် အသိဉာဏ်နှင့် ယှဉ်သော အလေ့အကျင့်ပညာဖြင့် ပြုပြင်ခွဲစိတ် ယူကြသည်။ ဒုက္ခမှ သုခသို့ ၊နာကျင်ခြင်းမှ သက်သာမှုသို့၊ အရုပ်ဆိုးမှုမှ လှပမှု သို့၊ ပြုပြင်အောင်နိုင်ယူကြရ၏။

သိပ္ပံပညာနှင့် ဝိဇ္ဇာပညာ၊ ကျွမ်းကျင်မှုအတတ်နှင့် သုခုမအနုပညာ၊ ဤသည်တို့ကြား ခြားနားထားသော စည်းမျဉ်းသည် ပါးပါးကလေး၊ ကန့်လန့်ကာသည် လွှာလွှာကလေးသာ ရှိသည်ဟု စစ္စတာ ယုံကြည်မိ၏။

ပိတ်ကားဖြူပေါ်၌ ပန်းချီကားတစ်ကား ပြီးမြောက်သွားချိန်နှင့် ခွဲစိတ်ကုသမှု တစ်ရပ် အောင်မြင်သွားချိန်တို့ကို စစ္စတာသည် ရင်ဝယ်တန်းတူ အမြဲခံစားရ၏။ ရင်ခုန်ရပုံခြင်းကလည်း တူသတည်း၊ အပြုလုပ်ရာ၌ သိပ္ပံပညာနှင့် ဝိဇ္ဇာပညာသည် ကွဲပြားခြင်းမရှိ၊ လူစိတ်ချမ်းသာရေး၊ အဆုံးသတ်ပန်းတိုင်အရာ၌ ဆေးပညာနှင့် အနုပညာသည် ကွဲပြားနားခြင်းမရှိ၊ ကောင်းသော၊ မြတ်သော အပြစ်ကင်းသော ပညာမှန်သမျှသည် လူမှုရေးရာ မင်္ဂလာပညာများသာတည်း၊ ဤထက်လွန်၍ စစ္စတာ အနက်အဓိပ္ပာယ်ပိုမဖွင့်တတ်။

ဤသို့ သဘောရှိအပ်သော ရင်ခုန်ခြင်းသည် ညက စစ္စတာ၌ ရှိခဲ့သည်၊ ယခုမူ စစ္စတာသည် တည်ငြိမ်နေ၏။

ပတ်ဝန်းကျင်ကလည်း စကားပြောသည် ထင်၏။

လက်နက်စုံစွာဖြင့် စစ်မြေပြင်သို့ ဆင်းရသော စစ်သည်သူရဲသည် တည်ငြိမ်၏၊ စုတ်ကောင်းမင်ကောင်း၊ ကားချပ်ကောင်းနှင့် ပုံဆွဲရမည့် ပန်းချီဆရာသည် ပို၍ စိတ်ချမ်းသာ၏၊ ဆေးဝါးအစုံ၊ ကိရိယာအစုံ၊ ကျွမ်းကျင်သူအစုံဖြင့် လူ့အသက်ကို ကယ်ရမည့် ဆရာဝန်ဆရာမများကား ပို၍ ရဲရင့်၏။

စစ္စတာ၏ မျက်လုံးများသည် တာဝန်အသီးသီးဖြင့် လှုပ်ရှားနေကြသော သူနာပြုဆရာမကလေးများကို ကြည့်မိ၏။ သူတို့လေးများ၏ ကိုယ်အမူအရာသည် သွက်လက်သော်လည်း မျက်နှာထားလေးများက တည်ငြိမ်ကြသည်၊ ကိုယ့်အလုပ် ကိုယ်သိ၍ ကိုယ့်တာဝန်ကိုယ် နားလည်သူကလေးများချည်း ဖြစ်ကြရာ အစစအရာရာ ဣန္ဒြေရှိနေကြ၏။

ယင်းသို့ရှိခိုက် ခြေသံများ ကြားရ၏။

ဒေါက်တာ ဦးဘဖေသော်နှင့် လက်ထောက်ဆရာဝန်မကလေး ဒေါ်မြင့်မြင့် တို့ ဝင်လာကြ၏။

ဦးဘဖေသော်က ပြုံးပြုံးရွှင်ရွှင် ရင်းရင်းနှီးနှီး နှုတ်ဆက်၏။

"ဟဲလို ... ကျွန်တော်တို့ရဲ့ စင်တော်ကြီးမှာ ဆရာမလဲ ပါလာပြီ၊ ဒီနေ့ ဇာတ်ဆရာကတော့ ကိုနှင်းငွေပဲ၊ ကျွန်တော်နဲ့ ဟောဒီ ဒေါ်မြင့်မြင့်ကတော့ ကားချပေးမယ်၊ ကားဖွင့်ပေးမယ်၊ ကားချပေးရင် ပိတ်သွားမယ်၊ ကားဖွင့်ပေးရင် ပွင့်သွားမယ်၊ ဟဲ ... ဟဲ"

စစ္စတာဒေါ်မိုးသူသည် ဦးဘဖေသော်ကို ပြာလဲ့သော မျက်လုံးများနှင့်

http://www.cherrythitsar.org



ကြည့်ရင်း အင်္ဂလိပ်ဘာသာဖြင့် ပြော၏။

"ယူအာ ဗီရီးမိုဒက်(ခ) ဒေါက်တာ"

"ခင်ဗျားဘာပြောလိုက်တယ်"

"သြော် ... ဆရာက ကိုယ့်ကိုယ်ကိုယ် နှိမ့်ချလွန်းတယ်လို့"

"ဟောဗျ၊ ဆရာမက ကျွန်တော့်ကို မြှောက်နေပြန်ပါပြီ"

"ကျွန်မက မြှောက်တာ မဟုတ်ပါဘူး၊ ဟိုတစ်နေ့က စာရေးဆရာမကြီး ဒေါ်မျိုးမိခင်က ဆရာ့ကို ဘွဲ့ပေးသွားတယ်"

"အဲ ... ဘယ်လိုတဲ့လဲ"

"စကားအတိအကျတော့ မမှတ်မိဘူး၊ သဘောကတော့ ဒီလို ကန့်လန့်ကာ နောက်ကွယ်က အဓိက ရုပ်သေးကြိုးဆွဲမင်းသားကြီးတဲ့"

ဦးဘဖေသော်က သဘောကျဟန် တဟဲ ဟဲ ရယ်နေ၏၊ ဒေါက်တာ ဒေါ်မြင့်မြင့်ကသာ နားမလည်ဟန်မေး၏။

"အဲဒါ ဘာပြောတာလဲ ဒေါက်တာ"

"သြော် ... စစ္စတာကို ပြန်မေးပေါ့"

ဒေါက်တာဒေါ်မြင့်မြင့်သည် လှပသော မျက်ခုံးလေးကို ပင့်ပြီးမေးဟန်ဖြင့် စစ္စတာဒေါ်မိုးသူကို ကြည့်သည်။

စစ္စတာက ဖြေရှင်း၏။

"ကျွန်မလဲ အစက ဒီစကားကို ရုတ်တရက် နားမလည်မိဘူး၊ တဖြည်းဖြည်း စဉ်းစားမှ နားလည်လာတာ၊ ဒါထက် ဒေါက်တာ ဒေါ်မြင့်မြင့် ရုပ်သေးကတာ ကြည့်ဖူးလား"

"ဟင့်အင်း ... စစ္စတာ၊ တစ်ခါမှ မကြည့်ဖူးသေးဘူး၊ ကျွန်မ သိပ်ကြည့်ချင်တာပဲ"

"ရုပ်သေးရုပ်ဆိုတာဟာ အရုပ်တွေမို့ အသက်မရှိဘူး၊ သူတို့လှုပ်လာအောင် အသံထွက်လာအောင် စွမ်းဆောင်ပေးသူတွေကတော့ တင်းတိမ်နောက်က ပညာရှင်ကြီးတွေပါပဲ၊ ဒါပေမဲ့ အဲဒီပညာရှင်ကြီးတွေကို ပရိသတ်က မမြင်ဖူးဘူး"

ဒေါက်တာဒေါ်မြင့်မြင့်သည် ပြုံးလာ၏။

"ကျွန်မ သဘောပေါက်စပြုပြီ စစ္စတာ၊ ဆက်ပြောပါဦး"

"ခွဲစိတ်ကုသမယ်ဆိုရင် ဘာကို ဘယ်နေရာမှာ ခွဲစိတ်မယ်၊ ဘယ်လိုခွဲစိတ်မယ်၊ ဘယ်လိုချုပ်ပြီး ဘယ်လို ဆက်ပြုစုရမယ်၊ ဒါတွေက ခွဲစိတ်ကုသရေး ဆရာဝန်ကြီးရဲ့အလုပ်၊ ဒါပေမဲ့ လူနာဟာ ခွဲစိတ်ခံနိုင်တဲ့ အခြေအနေမှာ ရှိရဲ့လား၊ မေ့ဆေး အရှိန်ကိုကော ခံနိုင်ရဲ့လား၊ သွေးနှလုံးသားနဲ့ တခြားခန္ဓာကိစ္စတွေရဲ့ အခြေအနေက ဘယ်လိုလဲ၊ ခွဲစိတ်ရင်းတန်းလန်းက ဇီဝကမ္မကိစ္စအထွေထွေ ဖြစ်လာရင် ဘယ်လိုလုပ်ကြမလဲ၊ အသက်နဲ့ အင်မတန် လက်တစ်လုံးခြားလေး နီးကပ်တဲ့ ဆုံးဖြတ်ချက်တွေကို ဆရာ ဦးဘဖေသော်တို့ ဒေါက်တာဒေါ်မြင့်မြင့်တို့ကပဲ ပေးရတယ်၊ အဲဒါကို

http://www.cherrythitsar.org



လူတိုင်းမသိကြဘူး၊ ဆရာဦးဘဖေသော် ကျွန်မ ပြောတာ မှားသလား"

ဦးဘဖေသော်၏ ကြည်လင်သော မျက်လုံးများက ပြုံးရင်း မျက်ရည်ဝဲနေ၏။

"စစ္စတာက မေးတော့ ဖြေရမယ်၊ ကိုယ့်ကိုယ်ကိုယ် ဖော်သူတော် ဘယ်နှမျိုး ဆိုလဲမသိဘူး၊ ထားပါတော့လေ၊ စစ္စတာပြောတာလဲ မှန်တယ်၊ စာရေးဆရာမကြီး ဒေါ်မျိုးမိခင် ပြောတာလဲ မှန်တယ်၊ လူနာတွေဟာ ခွဲစိတ်ကုသဖို့လာရင် ခွဲစိတ် ဆရာဝန် ဆရာမတွေနဲ့ပဲ တွေ့ရတာပဲ၊ ခွဲစိတ်ပြီးရင်လဲ သူတို့နဲ့ပဲ တွေ့ရတာပဲ၊ ကျွန်တော်တို့ကတော့ မေ့ဆေးပေးတယ်၊ မေ့နေတယ်လို့ သာမန်လူတွေ ခေါ်တဲ့ အရေးအကြီးဆုံး အသက်ရှင်နေဆဲမှာ၊ ကျွန်တော်တို့က အသက်ကို မပြတ်အောင် ဆက်ပေးထားတယ်၊ ဂရုစိုက်ကြည့်နေတယ်၊ လုံဖျားပုစဉ်းနားသလိုမို့ တစ်ချက်ကလေး မှ အမှားမခံဘဲ စောင့်ကြည့်ပြုစုနေရတယ်၊ ကိစ္စပြီးရင် လူနာကို ဆေးဖြေပေးပြီး လွှတ်ရတယ်၊ အိပ်မောကျသလို အခြေအနေနဲ့ လူနာ ပြန်ထွက်သွားတယ်၊ ကျွန်တော်တို့ ရှိနေမှန်း လုပ်နေမှန်းသိမြင်ဖို့ အခွင့်သူတို့ မရသွားရှာကြဘူး၊ ဟုတ်တယ် မြင့်မြင့် တို့ဟာ ကန့်လန့်ကာနောက်ကွယ်က အသက်ကြိုးကိုင်တွေပဲ၊ ကန့်လန့်ကာနောက် ကွယ်မှာ နေရတာ၊ ဆရာတော့ ဝမ်းမနည်းပါဘူး၊ အသက်ကြိုးကို ကိုင်နေရတာပဲ ဝမ်းသာလှပြီ"

ဒေါက်တာဒေါ်မြင့်မြင့်ကလည်း ပြုံးရွှင် ကြည်လင်စွာ ဖြေ၏။

"ဘယ်ဘက်မှာ အမှုထမ်းရထမ်းရ၊ ဆရာဝန် ဆရာမ အလုပ်က အသက်ကယ် တဲ့ အလုပ်ပါပဲ၊ လူသိသိ မသိသိ၊ အသက်ကြိုးကိုင် တာဝန်ထမ်းရတာ ကျွန်မ ပျော် တယ်၊ ဆရာ့လို ပုဂ္ဂိုလ်ကြီးတစ်ဦးလက်အောက်မှာ အသက်ကြိုးကိုင် ပညာယူရလို့ ကျွန်မ သိပ်ဂုဏ်ယူပါတယ်"

ဒေါက်တာဘဖေသော်သည် ဒေါက်တာ ဒေါ်မြင့်မြင့်၏ မျက်လုံးများကို စေ့စေ့ကြည့်၏၊ ထို့နောက် စစ္စတာဒေါ်မိုးသူကိုလည်း စေ့စေ့ကြည့်၏၊ သူ၏ လပြည့် ဝန်း မျက်နှာသည် လပြည့်ဝန်းသို့ပမာ ပြုံးရွှင်တောက်ပနေ၏။

"ဒီစကားတွေ ကြားရလို့ စစ္စတာကိုလဲ ကျေးဇူးတင်တယ်၊ မြင့်မြင့်ကိုလဲ ကျေးဇူးတင်တယ်၊ ကဲ ... အလုပ်စကြဦးစို့ကွယ်တို့ရေ"

ဦးဘဖေသော်နှင့် ဒေါ်မြင့်မြင့်သည် ဘွိုင်းအက်ပရေးတက် (စ်)ကိဂရိယာဆီ သွားကြ၏။

အပြာဝတ်ဆရာမလေးတစ်ဦးက စစ္စတာထံ အစီရင်ခံလာ၏။

"ခွဲရမယ့်လူနာဟာ အင်တီရွှမ်း (ကပ်လျက်ရှိသော အခန်းငယ်) ထဲ ရောက် ပါပြီ စစ္စတာ၊ ဆရာဦးနှင်းငွေ လဲ သူ့အခန်းမှာ ရောက်နေပါပြီ၊ အဝတ်အစားလဲနေပါ တယ်၊ အဆင်သင့်ဖြစ်ရင်လာခေါ်ဖို့ အမိန့်ပေးပါတယ်"

"ဒီမှာလဲ အားလုံးအဆင်သင့်ပဲ၊ ဆရာဦးနှင်းငွေကို သတင်းပို့ချည်တော့၊ အင်တီရွှမ်းမှာ လုပ်စရာရှိတာ ဆရာမဆက်လုပ်မယ်"

ဆရာမလေး ထွက်သွား၏၊ စစ္စတာသည် အင်တီရွှမ်းဆီ ထွက်လာခဲ့၏။

*

http://www.cherrythitsar.org



အင်တီရှမ်းဆီ ခေါ်မလာမီကတည်းက လူနာ၏ ကိုယ်ကို အစစသန့်စင်ရန် ပထမအဆင့်အနေဖြင့် ဝဒ်မှ ဆရာမများက ဂရုစိုက် ဆေးကြောသုတ်သင်ပေးလိုက်ပြီး ဖြစ်သည်။

ဤသည့်တိုင်အောင် အင်တီရှမ်းတွင်း၌ ဆက်လက်ပြုပြင်ပေးစရာများ ရှိသေး၏။

အင်တီရှမ်းတွင်းရှိ လူနာအနီးတွင် ခွဲစိတ်ခန်းဆိုင်ရာ ဝတ်စုံအပြည့် ဝတ်ထားသော ဆရာမနှစ်ဦးနှင့် ယောကျ်ားသူနာပြုတစ်ဦး ရှိကြ၏။

စစ္စတာဒေါ်မိုးသူက ခေါင်းဆောင်ပြီး လူနာကို ဝဒ်မှ ဆင်ပေးလိုက်သော အဝတ်အစားများကို ချွတ်ခွာသည်၊ ခွဲစိတ်ရမည့် နေရာတစ်ဝိုက်နှင့် ပတ်ဝန်းကျင်ကို ရောဂါပိုးများ ကင်းစင်ရန် နောက်ဆုံးအဆင့်အဖြစ် ဆေးများဖြင့် ဆေးကြောသန့်စင်စေသည်၊ ထို့နောက် ပိုးသတ်သန့်စင် ပေါင်းတင်ထားသော အဝတ်သစ်များ လွှမ်းတင်ပေး၏။

ထိုစဉ် ဒေါက်တာနှင်းငွေ ဝင်လာ၏။

သူသည် ခွဲစိတ်ကုသရာ၌ ဝတ်သော ပေါင်းတင်ထားသည့် ဘောင်းဘီရှည်အစိမ်း၊ အင်္ကျီလက်ပြတ်အစိမ်းတို့ကို ဝတ်ပြီးခဲ့ပြီ၊ ခေါင်း၌လည်း ဦးထုပ်ဆောင်းပြီးနေပြီ။

သူက စစ္စတာကို ပြုံး၍ နှုတ်ဆက်ရင်း ဆို၏။

"အစစအဆင်သင့်ဖြစ်ပြီနော် ဆရာမ"

"အစစ အဆင်သင့်ဖြစ်ပါပြီ ရှင်"

သူက စစ္စတာ၏ မျက်နှာကို တစ်ချက် အကဲခတ်ကြည့်၏။

စစ္စတာ၏မျက်နှာသည် အေးချမ်းတည်ငြိမ်နေကြောင်း မြင်ရသောကြောင့် စိတ်ကျေနပ်သွား၏။

အပြင်အပ၌ တွေ့စဉ်များ၌ ကတိထားခဲ့ကြသည့်အတိုင်း ဒီကမောင် ဒီကအစ်မ ဟု ရင်းနှီးစွာ သုံးကြရိုးဖြစ်သည်၊ အလုပ်ခွင်၌ ထုံးစံအတိုင်း ပြောကြသည်။

ယခုစကားအဆုံး၌ စစ္စတာက ရိုသေမှုအသုံးဖြစ်သော 'ရှင်' ဟူသည့် စကားကို သုံး၏။ ရှင် ... ဟူသောအသုံးကို မိန်းမများနှုတ်မှ သုံးသည်ကို နှင်းငွေ အကြိမ်ကြိမ် ကြားရဖူးပြီ၊ ရှင် ... ဟု စစ္စတာ အသံထွက်လိုက်ပုံမှာ မိန်းမတိုင်းနှင့် မတူ၊ ထူးခြားစွာ လှပသာယာသည်ဟု နှင်းငွေ၏စိတ်၌ ထင်မိသည်။

"ဒါထက် စစ္စတာ၊ ဖြူဖြူရော ရောက်နှင့်ပြီလား"

"ရောက်ပါပြီရှင်၊ ဒေါက်တာဒေါ်ဖြူဖြူက အခု ဆခရပ်(ဗ်)ရှမ်းထဲမှာ လူရည်ချွန် ကျောင်းသားလေးတွေနဲ့ အတူ ရှိနေပါတယ်"

"သြော် ... အင်း ... အင်း၊ လူရည်ချွန်ကလေးတွေ ရောက်နေပြီကိုး၊ ဆေးရုံအုပ်ကြီးက ကျွန်တော့်ဆီ တယ်လီဖုန်းနဲ့ အကြောင်းကြားပြီးပါပြီ၊ ကဲ ဆက်လုပ်ပါ"

ဆရာမလေးတစ်ဦးက ရော်ဘာဖိနပ်ဖြူပေးလာ၏၊ ခွဲစိတ်ရာ၌ ခန္ဓာကိုယ်

http://www.cherrythitsar.org



တည်ငြိမ်မှု အရေးကြီးသည်၊ တည်ငြိမ်ရန် ခြေမြဲရမည်၊ ဆရာမလေးပေးလာသော ရော်ဘာဖိနပ်ဖြူသည် ခြေမြဲလှသော အထူးဖိနပ်ဖြစ်၏။

ဖိနပ်စီးပြီး နှင်းငွေသည် ခွဲစိတ်ကုသရေး ခန်းမကြီး၏ အနောက်ဘက်၌ ကပ်လျက်ရှိသော ဆခရပ်ရွှမ်းခေါ် သန့်စင်ရေးအခန်းတွင်းသို့ ဝင်သွား၏။

ရှမ်းသွေးရောသော ဖြူဖြူဝင်းဝင်းနှင့် ချောမောလှသည့် သူ့လက်ထောက် ဆရာဝန်မကလေး ဒေါ်ဖြူဖြူက ကြိုဆိုနေ၏။

ဖြူဖြူနှင့်အတူ လူငယ်နှစ်ဦးနှင့် လုံမငယ်နှစ်ဦးကို တွေ့ရသည်။ သူတို့ သုံးဦးရော ဖြူဖြူပါ စနစ်တကျ ဝတ်ဆင်ပြီးနေကြပြီ။

ဒေါက်တာနှင်းငွေ က လူရည်ချွန်လေးများကို ကြည့်ပြီး မေး၏။

"လူရည်ချွန်တွေလား၊ ဘယ်နှခါရှိပြီလဲဟေ့"

ယောကျ်ားလေးနှစ်ဦးက နှစ်ကြိမ်ရှိပြီဖြစ်ကြောင်း ဖြေ၏၊ မိန်းကလေးက သုံးထပ်ကွမ်း လူရည်ချွန်ဖြစ်ကြောင်း ဖြေ၏။

"အို ... သိပ်တော်ကြပါလား၊ အခုမက်ထရစ်အောင်ကြပြီနော်၊ သုံးယောက် စလုံး ဆေးတက္ကသိုလ် လျှောက်ထားကြတယ်၊ ဟုတ်လား"

လူရည်ချွန်သုံးဦးက ခေါင်းညိတ်ဖြေကြ၏။

"သိပ်ကောင်းတယ်၊ ဒါထက် ဒီဆေးရုံကြီးမှာ လာလေ့လာဖို့ ဘယ်သူက မင်းတို့ကို ညွှန်လိုက်သလဲ"

သွက်လက်ဟန်ရှိသော မိန်းကလေးက ဖြေသည်။

"ပါတီယူနစ်က ဗိုလ်ကြီးဟန်စိန်ကပါ၊ ကျွန်မတို့က အခုပါတီမှာ လုပ်အား ပေးနေကြပါတယ်၊ ကျွန်မတို့ သုံးယောက်က အောင်စာရင်းထွက်ပြီး အမှတ်တွေ့ရတော့ ဆေးတက္ကသိုလ်ကို လျှောက်ကြပါတယ်၊ ဗိုလ်ကြီးဟန်စိန်က ပြောတယ်၊ ကိုယ်ရွေး တဲ့ အလုပ်သဘာဝကို ကိုယ်သိထားကြရမယ်၊ စိတ်ကူးယဉ်ပြီး ရွေးတာမျိုး မဖြစ် ရဘူး၊ ဝါသနာရယ်၊ စေတနာရယ် အမြဲတွဲနေရမယ်တဲ့၊ ကိုယ့်ဝါသနာအစစ်၊ စေတနာအစစ် သိရအောင် ဆိုင်ရာမှာ ကွင်းဆင်းကြည့်ရမယ် ဆိုပြီး စီစဉ်ပေးလို့ ကျွန်မတို့ အခု ဒီရောက်လာတာ"

"ဗိုလ်ကြီးဟန်စိန်ပြောတာ သိပ်မှန်သကွဲ့၊ ဝါသနာနဲ့၊ စေတနာဟာတွဲနေ ရမယ်၊ ဆရာဝန်အလုပ်ဆိုတာ ဘေးက ကြည့်တော့ သိပ်သက်သာ ဖိမ်ကျသလိုပဲ၊ အမှန်ကတော့ ဒီလောကမှာ အပင်ပန်းဆုံးအလုပ်ပဲ၊ လူလဲ ပင်ပန်းတယ်၊ စိတ်လဲ ပင်ပန်းတယ်၊ သာမန်အစိုးရ အမှုထမ်းတွေမှာ ရုံးတက်ချိန် ရုံးဆင်းချိန်ဆိုတာဟာ ရှိတယ်၊ ဆရာဝန်စင်စစ်တွေမှာ အဲဒါမျိုး မရှိဘူး၊ ဘာကြောင့်လဲ ဆိုတော့ ရောဂါ ဆိုတာဟာ အချိန်စောင့်ရိုး မရှိဘူး၊ ဆရာဝန်တစ်ယောက်မှာလဲ နေ့ ... ည ဆိုတာ မရှိဘူး၊ သတိလစ်သွားတယ်၊ မှားသွားတယ်ဆိုတာမျိုးကလဲ မဖြစ်အပ်ဖူး၊ ဖြစ်လိုက် ရင်လဲ ရှုံးသွား ဆုံးသွားတာက အစားထိုးလို့မရတဲ့ လူ့အသက်၊ မင်းတို့ ခုလို လာ လေ့လာတာကို သိပ်သဘောကျတယ်၊ ကဲ ... လာ အစအဆုံး လိုက်ကြည့်ကြ"

http://www.cherrythitsar.org



နှင်းငွေ သည် လက်ဆေးရန် နေရာသို့ ထွက်လာ၏၊ ဒေါ်ဖြူဖြူနှင့် လူရည်ချွန်ကလေးများ လိုက်လာကြ၏။

နှင်းငွေက လက်ဖဝါးများ၊ လက်ဖျံများကို ဆပ်ပြာနှင့် တိုက် ဝက်မှင်ဘီး နှင့် ပွတ်ကာ စိတ်ရှည်စွာ ဆေးကြော သန့်စင်၏။

“ခွဲစိတ်တာလဲ ခက်တာပဲ၊ သန့်စင်ရေးဟာလဲ အရေးကြီးတာပဲ၊ ဆရာက မခွဲစိတ်မီ အနည်းဆုံး လက်ကို သန့်အောင် ဆေးဖို့ ဆယ်မိနစ်သုံးတယ်၊ ပြီးတော့ ဆရာ့လက်တွေဟာ ငြိမ်နေအောင် မတုန်အောင် စီးကရက်လဲ မသောက်ဘူး၊ အရက်လဲ မသောက်ဘူး၊ ဟော လက်ဆေးပြီးပြီ၊ ဆရာ လက်ထားပုံ ကြည့်ကြစမ်း”

နှင်းငွေသည် လက်ဆေးပြီးသော သူ့လက်အနေအထားကို ပြ၏။

သူသည် တံတောင်ကွေးကာ လက်ဖဝါးများကို မြှောက်ထား၏။

“လက်ဖဝါးနဲ့ လက်ချောင်းတွေသန့်ဖို့ အရေးအကြီးဆုံးပဲ၊ ဆေးထားတဲ့ ရေတွေဟာ တံတောင်ဆစ်ဆီသာ စီးကျရမယ်၊ လက်ဖဝါးဆီမလာရဘူး၊ မပြီးသေးဘူး၊ ဆက်ကြည့်”

နှင်းငွေသည် ကိရိယာတစ်ခု အနီးကပ်သွားပြန်၏။

သူ့ခြေတစ်ဖက်က ကိရိယာ၏ ခလုတ်ကို နင်းသည်၊ ကိရိယာအထက်မှ ဆေးများ ပန်းထွက်လာ၏။

ဤဆေးများဖြင့် လက်တို့ကို ဆေးသည်၊ တံတောင်ဆစ်ချိုးကာ လက်ဖဝါးများ မြှောက်လျက်သာတည်း။

လူရည်ချွန်ယောက်ျားလေးတစ်ဦးက ပြော၏။

“ဟာ ... ဆရာက လက်ဆေးတာတောင် သိပ်ဂရုစိုက်တာပဲ၊ ကျွန်တော်တို့ထင်တာက ထမင်းစားခါနီး ဆပ်ပြာနဲ့ လက်တိုက်ဆေးပြီး ခွဲကြတာထင်တာ”

“အဲဒါတွေကို ဆရာပြချင်တာ၊ ကဲ ... လာကြဦး”

သန့်စင်ရေးအခန်းတွင်းမှ ခွဲစိတ်ခန်းကြီးတွင်း ရောက်လာကြ၏။

ဆရာမလေးတစ်ဦးက နှင်းငွေကို အင်္ကျီဖြူကြီး စွပ်ပေး၏။ နှာခေါင်းစည်းလည်း တပ်ပေး၏။ ထို့နောက် ပေါင်းအိုးအဝိုင်းတွင်းမှ အမွေးပွအဝတ်ဖြင့် မြှောက်ထားသော လက်များကို သုတ်ပေး၏။

အခြားဆရာမလေးတစ်ဦးက လင်ပန်းတစ်ခု ယူလာ၏၊ လင်ပန်းပေါ်တွင် ပေါင်ဒါဖြူဖြူများလည်း တွေ့ရ၏။ နိုင်လွန် လက်အိတ်နှစ်ခုကိုလည်း တွေ့ရသည်။

နှင်းငွေသည် လက်ဖဝါးများကို ပေါင်ဒါလူးလိုက်၏။

လူရည်ချွန်မိန်းကလေးက ဝင်မေး၏။

“ပေါင်ဒါ ဘာလို့ လက်လူးတာလဲဆရာ”

“လက်အိတ်စွပ်ရင် လွယ်အောင်၊ ပြီးတော့ လက်အိတ်ဝတ်ပြီး လက်နဲ့ အိတ်နဲ့ ကပ်မနေအောင်၊ အဲဒါထက် အရေးကြီးတာ ဆရာပြမယ်၊ လက်အိတ်စွပ်ပုံ သေသေချာချာကြည့်ကြ”

http://www.cherrythitsar.org



လက်အိတ်များမှာ ပြောင်းပြန်လှန်လျက် ရှိ၏။

ဆရာမလေး၏ အကူအညီဖြင့် နှင်းငွေသည် လက်အိတ်စွပ်၏။

ပထမ ဘယ်လက်အိတ်ကို စွပ်၏၊ လက်ကိုစွပ်မိရုံ စွပ်သည်၊ ပြောင်းပြန် လုံးဝမလှန်သေး၊ ထိုနောက် ညာလက်အိတ်ကို စွပ်ပြန်၏၊ ယခင်နည်းတူ ပြောင်းပြန် လုံးဝမလှန်သေး။

လူရည်ချွန် ယောကျ်ားလေးတစ်ဦးက စိတ်မရှည်ဟန် ဝင်မေး၏။

"ဆရာ တစ်ခါတည်း ဘာလို့ အားလုံးစွပ်မချတာလဲ"

နှင်းငွေက ပြုံးပြီး ဖြေသည်။

"ဒီအဆင့်က အရေးအကြီးဆုံးပဲ၊ ဆရာ့လက် တစ်နည်းအားဖြင့် လက်အိတ်ဟာ လူ့ကိုယ်တွင်းက အနူးညံ့ဆုံးအပိုင်းတွေ ကိုင်ရတော့မယ်၊ ဒီအချိန်မှာ ရာခိုင်နှုန်း တစ်ရာမဟုတ်ဘူး၊ ရာခိုင်နှုန်းတစ်ထောင်အပြည့် သန့်ချင်တယ်၊ လက်အိတ်တွေဟာ ပေါင်းတင်ပိုးသတ်ပြီးပြီ၊ ဆရာ့လက်ဟာလဲ ဆေးပြီးပြီ၊ ဒါတောင် ခွဲစိတ်တဲ့အခါမှာ အပြင်မှာ ရှိနေမဲ့ လက်အိတ် မျက်နှာပြင်ကို ဆေးပြီးသားလက်နဲ့တောင် မထိချင် ဘူး၊ ဒါကြောင့် လက်အိတ်ကို တစ်ဝက်စီစွပ်တယ်၊ ပြီးတော့မှ ဟောဒီလို စွပ်ပြီး သား လက်တွေနဲ့ အပြီးဆွဲချတယ်၊ လက်အိတ် လက်အိတ်ချင်းသာ ထိတယ်၊ တခြားဘာနဲ့မှ မထိဘူး၊ တစ်ထောင်ရာခိုင်နှုန်းသန့်ပြီ"

လူရည်ချွန်ကလေးများက စိတ်ဝင်စားအံ့သြစွာ ခေါင်းညိတ်ပြကြ၏။

"ကဲ ... ခွဲစိတ်ခုံကို သွားကြစို့"

ခွဲစိတ်ခုံပေါ်၌ လူနာသည် အစစအဆင်သင့် ဖြစ်နေ၏။

နှင်းငွေက ဦးဘဖေသော်ကို ကြည့်ပြီးမေး၏။

"စိတ်ကျေနပ်ပြီလားဆရာ"

"စိတ်ကျေနပ်ပြီ၊ သြော် ... မြင့်မြင့်ရေ စတော့"

ဒေါ်မြင့်မြင့်က လူနာကို ဆေးတစ်လုံးထိုးပေး၏။

ခဏတွင်ပင် လူနာသည် ပျော့ပျောင်းငြိမ်သက်စွာ အိပ်မောကျသွား၏။

ဦးဘဖေသော်က အနီးမှ ရပ်ကြည့်နေ၏။

ဒေါက်တာ ဒေါ်မြင့်မြင့်က လူနာ၏ ပါးစပ်မှ တစ်ဆင့် အဆုတ်တွင်း လေ ရှူပေါက်ကို အသက်ထိန်း အသက်ကူ ကိရိယာနှင့် စနစ်ကျစွာ ဆက်ပေး၏။

ဦးဘဖေသော်သည် လူနာ၏ ရင်ပေါ်၌ သူ့လက်ကို တင်ထား၏၊ ဒေါ်မြင့်မြင့် က လူနာ၏ လက်ဖျံကို နှိပ်ကာ စူးစမ်းနေ၏။

အသက်ထိန်း အသက်ကူ ကိရိယာသည်လည်း သစ္စာရှိစွာ အလုပ်လုပ်ပြနေ၏။

ဦးဘဖေသော်က ပြုံးပြီး နှင်းငွေကို ခေါင်းညိတ်ပြ၏။

နှင်းငွေက ဒေါက်တာ ဒေါ်ဖြူဖြူကို အချက်ပြ၏။

ဒေါ်ဖြူဖြူက လူနာ၏ ဝမ်းဗိုက်ကို စခွဲ၏၊ အပေါ်မှ အရေပြားကို ခွဲပြီး သောအခါ သွေးများ စတင်ထွက်လာ၏၊ ဆရာမလေးများ၏ အကူအညီနှင့် ဒေါ်ဖြူ

http://www.cherrythitsar.org



ဖြူသည် သွေးကြောများကို ပိတ်ပစ်လိုက်သည်၊ ထွက်ပြီးသွေးများကိုလည်း ခြောက်ရန် သုတ်ယူလိုက်၏။

အသားအောက်ရှိ ဝမ်းတွင်းကလီစာကို လွှမ်းခြုံထားသော အမြှေးဖြူကို ခွဲရပြန်၏။

ဤအချိန်တွင် နှင်းငွေကိုယ်တိုင် ဝင်၏။

သူသည် အူကို ဆွဲထုတ်ယူကြည့်၏။

အစာအိမ်၌ ဘာအနာအဆာမျှမရှိ၊ အစာအိမ်အောက် လက်ဆယ့်နှစ်သစ်ခန့် ရှည်သော အူသိမ်၏ ပထမပိုင်း၌လည်း မည်သည့် အနာအဆာမျှမရှိ၊ ဂျင်ဂျူးနင်း(မ်) ခေါ် အူသိမ်အလယ်ပိုင်း၌ အနာကို တွေ့ရသည်။

အူသိမ်အလယ်ပိုင်းမှာ အနာဖြစ်ကာ ယောင်နေ၏၊ သွေးပင် မစို့မပို့ ထွက်နေပေပြီ၊ အနာတစ်ဝိုက် အူသားတို့မှာ ဆွေးစပြုနေ၏။

ဒေါ်ဖြူဖြူသည် သက်ပြင်းရှိုက်ပြီး ဆို၏။

"ရေဒီယိုလိုဂျစ် (ဓာတ်မှန်ပါရဂူ) ဒေါက်တာ ဦးထွန်းရီ အတည်ပြုတဲ့အတိုင်းပဲ၊ ဂျင်ဂျူးနင်း(မ်)မှာ ဖြစ်နေတာကိုး"

ဒေါက်တာနှင်းငွေက ခေါင်းညိတ်ပြ၏။

"ကိုထွန်းရီရဲ့ ဓာတ်မှန်အဓိပ္ပာယ်ကောက်အရဆိုရင် ဒီလူနာမှာ တခြားအပိုရောဂါတစ်ခု ရှိသေးတယ် ဖြူဖြူ"

"အဲဒါပါ ကျွန်မတို့ တစ်ခါတည်း လုပ်ကြမလားဆရာ"

"နေဦး၊ အဲဒါက သေလောက်တဲ့ကိစ္စ ဟုတ်ချင်မှ ဟုတ်မှာ၊ အခုသေနိုင်တဲ့ ကိစ္စအရင်ကုကြရအောင်"

"ဟုတ်ကဲ့ဆရာ"

နှင်းငွေနှင့် ဒေါက်တာဒေါ်ဖြူဖြူသည် အနာဖြစ်နေသော အူကို ဖြတ်ထုတ်ကြ၏။

စစ္စတာဒေါ်မိုးသူက အလွန်သတိကြီးစွာဖြင့် ဓားများ၊ ကတ်ကြေးများ၊ ဇာဂနာများကို နှင်းငွေ၏ အမိန့်အတိုင်း စနစ်တကျ ပေးနေရ၏။

ဦးဘဖေသော်သည် အသက်ထိန်းအသက်ကူ ကိရိယာကို တစ်ချက်ကြည့်ပြီး ဆို၏။

"အားလုံးအခြေအနေကောင်းပါတယ်၊ မြင့်မြင့် ဒီမှာနေခဲ့မယ်၊ လည်ချောင်းရောဂါရှင်သုံးဦး ကျွန်တော် ချိန်းထားတယ်၊ အရေးကြီးရင် လာခေါ်ပေါ့"

နှင်းငွေက ဖြေ၏။

"ကျေးဇူးပါပဲဆရာ၊ ကျွန်တော် ဆက်လုပ်ပါမယ်"

ဦးဘဖေသော်အခန်းတွင်းမှ ထွက်သွား၏။

ဒေါက်တာနှင်းငွေနှင့် ဒေါက်တာဒေါ်ဖြူဖြူတို့ ခွဲစိတ်ဖြတ်တောက်နေပုံကို လူရည်ချွန်ကလေးများသည် အံ့အားသင့်စွာ ကြည့်နေ၏။

http://www.cherrythitsar.org



လူရည်ချွန်ကလေးတစ်ဦးက အခြားတစ်ဦး၏ နားအနီးကပ်၍ ဆို၏။

"တို့ ထင်တာက လူ့ဗိုက်ခွဲရင် အမေ အိမ်မှာ ကြက်ဗိုက်ခွဲတာလို ထင်တာ"

"အေးကွ၊ ကြည့်စမ်း၊ အဝတ်ဖြူအုပ်ထားတာ၊ ခွဲတဲ့နေရာ ကွက်ကွက်ကလေးပဲ မြင်ရတယ်"

လူရည်ချွန်ကလေးမလေးကလည်း ဝင်ထောက်ခံ၏။

"အေးဟယ်၊ ငါက သွေးတွေ ပွက်ပွက်ထွက်မယ် ထင်တာ၊ အခုတော့ အားလုံး သပ်သပ်ရပ်ရပ်ပဲ၊ လူနာကြီးကလဲ ဇိမ်နဲ့ အိပ်နေသလိုပဲ"

လူရည်ချွန်ကလေးမလေးသည် ခွဲစိတ်နေကြသူများကို ရေတွက်ကြည့်၏။

လက်တွေ့ ခွဲစိတ်နေကြသည်ကား ဒေါက်တာနှင်းငွေနှင့် ဒေါက်တာဒေါ်ဖြူဖြူ ဖြစ်၏၊ သူတို့ကို သူနာပြုဆရာမလေးနှစ်ဦးက ကူညီကြသည်၊ လူနာ၏ ခြေရင်းဘက်ရှိ ကိရိယာတင် စားပွဲအနီးရပ်ကာ စစ္စတာဒေါ်မိုးသူက ကိရိယာများ အမှားအယွင်း မရှိရန် လည်းကောင်း၊ အရေအတွက် မမှားယွင်းရန် လည်းကောင်း၊ ကြီးကြပ်ကွပ်ကဲနေသည်၊ စစ္စတာ၏ လက်ဝဲဘက်တွင် ကူညီနေသော ဆရာမတစ်ဦးရှိသေး၏၊ လက်ယာဘက်တွင်လည်း သုံးပြီးသော ကိရိယာများကို ဆေးသည့်အရာဆေး၊ သိမ်းသည့်အရာသိမ်း ပြုလုပ်နေသည့် ဆရာမတစ်ဦး ရှိလေသေးသည်၊ ယောကျ်ားသူနာပြု နှစ်ဦးလည်း ရှိနေကြသေးသည်။

မေ့ဆေးပေးကိရိယာအနီးတွင်မူ ဒေါက်တာဒေါ်မြင့်မြင့်နှင့် ဆရာမနှစ်ဦး ရှိကြ၏။ သူတို့ကလည်း လူနာ၏ အခြေအနေကို လည်းကောင်း၊ ကိရိယာကို လည်းကောင်း သတိလွတ်မခံဘဲ စောင့်ကြည့်နေကြ၏။

မေ့ဆေးပေးကိရိယာ၌ ဖန်ပြွန်ရှည်လေး သုံးခု ရှိနေ၏။ တစ်ခုက အောက်စီဂျင် အမြင့်အနိမ့်ပြသည့် ပြွန်လေးဖြစ်၏။ တစ်ခုက နိုက်ထရပ်(စ်) အောက်ဆိုက်ဓာတ် အနိမ့်အမြင့်ကို ပြသည့် ပြွန်ကလေး ဖြစ်၏၊ ပြွန်လေးများအတွင်း နေရာပြ အလုံးကလေးများသည် လည်နေကြ၏၊ အခြားပြွန်တစ်ခုက ကာဘွန်ဒိုင်အောက်ဆိုက်ဓာတ် အခြေအနေကို ပြနေ၏၊ ဖန်ဘူးနှစ်ခုလည်း ရှိနေသေး၏၊ တစ်ခုမှာ ဗလာဖြစ်၍ အီသာဓာတ်ထည့်ရာဟု အမှတ်ပြုထား၏၊ တစ်ခုတွင်း၌မူ အလွန်လှပသော အပြာနုရောင် ဓာတ်ရည်များ ရှိ၏၊ ဟယ်လိုသိန်းဓာတ် ထည့်ရာဟု အမှတ်ပြုထား၏။

လူရည်ချွန်မလေးသည် ဒေါက်တာဒေါ်မြင့်မြင့် အနီးသို့ ကပ်သွား၏။

စပ်စုသော ကလေးမသည် ဒေါ်မြင့်မြင့်ကို မေးသည်။

"ဒေါက်တာ အီသာဖန်ဘူးက ဘာလို့ ဗလာဖြစ်နေတာလဲ၊ မေ့ဆေးမှာ အီသာသုံးတယ်လို့ ကျွန်မ ဖတ်ဖူးတယ်"

"အီသာအစား ဟယ်လိုသိန်းဓာတ်ကို အခုသုံးနေတယ်၊ ရှေးတုန်းကတော့ အီသာပဲ သုံးတာပေါ့၊ အီသာက ဓာတ်ဆီလိုပဲ အင်မတန် မီးတောက်လွယ်တယ်၊ အခုခေတ် ခွဲစိတ်ရေးမှာ လိုအပ်ရင် လျှပ်စစ်ဓာတ်လဲ သုံးတယ်၊ လျှပ်စစ်ဓာတ်နဲ့ အီသာတွေ့ရင် အန္တရာယ်ဖြစ်နိုင်တယ်၊ ဟယ်လိုသိန်းဓာတ်ကတော့ ဒီအန္တရာယ်မရှိ

ဘူး၊ လျှပ်စစ်ဓာတ် မလိုတဲ့အခါ ပြီးတော့ ကလေးလေးတွေကို ခွဲစိတ်တဲ့အခါမှာတော့ အီသာကို သုံးဆဲပါပဲ၊ ဒါကြောင့် ဒီမှာ ဖန်ဘူးနှစ်ခု ရှိနေတာ”

“ကျွန်မ အဒေါ်တစ်ယောက်က ပြောဖူးတယ်၊ မေ့ဆေးပေးခံရတာ၊ သိပ် အခံရခက်တာပဲတဲ့၊ မျက်နှာပေါ် မေ့ဆေးအဝတ်ကြီးဆိုလား၊ ဘာဆိုလား အုပ်လိုက် တယ်တဲ့၊ အခုတော့ မတွေ့ရဘူး”

“စိတ်ကူးနဲ့ ပြောကြတာပါ၊ ဒါမှမဟုတ် ဟိုးရှေးတုန်းက အကြောင်းတွေ ဖြစ်ချင်ဖြစ်နေမယ်၊ ဒီနေ့ ဒီလူနာကို မေ့ဆေးပေးလိုက်တာ မင်းမမြင်ဖူးလား”

“အဲဒါ ကျွန်မကွင်းဆက်ပြတ်သွားတယ် ဒေါက်တာ”

“မင်းတို့ဝင်လာတော့ လူနာကို ဆရာမ ဆေးထိုးပေးလိုက်တာ မြင်သလား”

“မြင်တယ်ဒေါက်တာ”

“အဲဒါမေ့ဆေးပဲ၊ လူနာဟာ ငြိမ်းချမ်းစွာ အိပ်ပျော်သွားတယ်၊ ပြီးတော့ လူနာရဲ့ ကိုယ်ခန္ဓာ အစိတ်အပိုင်းတွေဟာလဲ လိုသလို ပြုပြင်လို့ရအောင် ပျော့ပျောင်း နူးညံ့သွားတယ်”

“ဒါဖြင့် ဒါကြီးက မေ့ဆေးပေးစက်ကြီး မဟုတ်ဘူးပေါ့”

“ဟုတ်တော့ဟုတ်တယ်၊ ဒါပေမဲ့ မဟုတ်ဘူး”

“ရှင်”

“မေ့ဆေးဆိုတဲ့စကားကို ဆရာမ မကြိုက်ဘူး၊ မေ့ဆေးစက် မေ့ဆေးကိရိယာ ဆိုတာကိုလဲ ဆရာမ မကြိုက်ဘူး၊ မေ့သွားတယ်ဆိုတဲ့စကားက အဓိပ္ပာယ်တစ်မျိုး ကြီး ဖြစ်နေတယ်၊ မသိသူတွေအတွက် ကြောက်စရာကြီးလို ဖြစ်နေတယ်”

“ဒါဖြင့် ဘယ်လိုခေါ်မလဲ ဒေါက်တာ”

“ဒုက္ခကင်းဆေး၊ ဒုက္ခကင်းစက်ဆိုရင် မှန်မလားမသိဘူး၊ ဒီဆေးဒီစက်ကို သုံးရင် နာခြင်းစတဲ့ ဒုက္ခကို လူနာ မခံစားရတော့ဘူး၊ အလွန်နှစ်ခြိုက်စွာ အိပ်မော ကျနေမယ်၊ သူအိပ်မောကျနေပေမဲ့ သူ့ဇီဝကမ္မလုပ်ငန်းခေါ်တဲ့ အသက်ရှင်ရေး လုပ်ငန်းတွေမှန်နေအောင်လဲ ဒီစက်က အကူအညီပေးနေတယ်၊ တစ်ခုခုဖောက်ပြန် လာရင်လဲ ချက်ချင်းပြတယ်၊ ချက်ချင်းပြုပြင်ပေးနိုင်တဲ့ဓာတ်တွေ ခလုတ်တွေလဲ ရှိ တယ်၊ ခွဲစိတ်ခန်း ဝင်လေ့လာဖူးတဲ့ စာရေးဆရာကြီးတစ်ဦးကတော့ ဒီစက်ကို အသက် ထိန်း အသက်ကူကိရိယာလို့ နာမည်ပေးသွားဖူးတယ်”

လူရည်ချွန်မကလေးက ပြုံးပြီးဆို၏။

“ဒေါက်တာတို့ကတော့ အသက်ထိန်း အသက်ကူပါရဂူတွေပေါ့ ဟုတ်လား”

ဒေါ်မြင့်မြင့်သည် ကြည်နူးစွာ ပြုံး၏။

“မင်းကလေးပြောတာ သိပ်မှန်တာပဲ၊ ဒါကြောင့်လဲ မင်းသုံးထပ်ကွမ်း လူ ရည်ချွန်ဖြစ်တာပဲ ဟုတ်တယ်၊ ပါရဂူဆိုတဲ့စကားကတော့ မြင့်လွန်းတယ်ကွယ်၊ ဆရာမတို့ဟာ ကျွမ်းကျင်သော ဉာဏအလုပ်သမားတွေ ဆိုပါတော့၊ ကဲ ... အခု ဆရာမက ပြန်မေးမယ်၊ အခုခွဲစိတ်နေကြတာမြင်တော့ မင်း ဘယ်လို သဘောရ

http://www.cherrythitsar.org



လာလဲ”

“တင်း(မ်)ဝပ်(ခ်)၊ ညီညီညွတ်ညွတ်နဲ့ ကိုယ့်တာဝန်ကိုယ်ထမ်းပြီး သူ့တာဝန်ကို ကိုယ်က ကိုယ့်တာဝန်နဲ့ ကူညီနေတာ မြင်ရတယ်၊ ကျွန်မမှားရင် ထောက်ပြပါ ဒေါက်တာ”

“မှန်ပါတယ်ကွယ်၊ ဆက်ပြောပါ”

“ဆရာဦးနှင်းငွေက ဆရာမ ဒေါ်ဖြူဖြူနဲ့ ခွဲစိတ်တာကို ရာခိုင်နှုန်းအပြည့် အာရုံထားပြီး ဂရုတစိုက်လုပ်နေတယ်၊ အဲဒီလို လုပ်နေနိုင်အောင်လဲ ဟောဟိုက စစ္စတာနဲ့ ဆရာမလေးတွေက လိုအပ်တဲ့ အကူအညီကို စနစ်တကျပေးနေတယ်၊ သူတို့ချင်း စကားတောင်သိပ်မပြောဘူး၊ တစ်ယောက်စိတ်ကလိုတာကို တစ်ယောက်စိတ်က သိပြီးနေသလိုပဲ၊ ပြီးတော့ ဆရာမတို့ကလဲ လူနာရဲ့ ဇီဝကမ္မကိစ္စကို ဂရုစိုက်ကြည့်နေကြတယ်၊ ကျွန်မ မြင်တာတော့ လူနာကို ကျွမ်းကျင်သူသုံးဖို့က အသက်ကယ်ပေးနေတဲ့၊ ခွဲစိတ်နေတဲ့ ဆရာဝန်၊ ဆရာဝန်မကြီးတွေနဲ့ သူနာပြု ဆရာမတွေက တစ်ဖွဲ့၊ စစ္စတာခေါင်းဆောင်ပြီး လိုအပ်တဲ့ အကူအညီပေးနေတဲ့ အဖွဲ့က တစ်ဖွဲ့၊ ဒီအသက်ထိန်း အသက်ကူကိရိယာနားမှာ သတိထားပြီး စောင့်ရှောက်နေတဲ့ အဖွဲ့က တစ်ဖွဲ့၊ သုံးဖွဲ့ ဟုတ်သလား ဒေါက်တာ”

“မင်းကလေးမြင်တာ မဆိုးဘူး၊ အမှန်က ခြောက်ဖွဲ့တောင် ရှိတယ်”

“ရှင် … ခြောက်ဖွဲ့”

“ဟုတ်တယ်၊ ခု နင်က မင်းပြောခဲ့တဲ့ အဖွဲ့သုံးဖွဲ့က ဟောဒီ ခွဲစိတ်ခန်းထဲတွင်သာ မြင်ရတာ၊ တခြားအဖွဲ့တွေက အပြင်မှာ ရှိနေတာ၊ ဥပမာ မခွဲခင် ရောဂါကို ခွဲရမဲ့ရောဂါလား၊ ဆေးကုပြုစုရမဲ့ ရောဂါလားဆိုတာကို ကူညီဆုံးဖြတ်ပေးတဲ့ သမားတော်ကြီး ဒေါက်တာ ဦးဖေလှမြင့်တို့အဖွဲ့၊ မခွဲစိတ်မီ ခန္ဓာတွင်း ဖြစ်နေသမျှကို ကြိုတင်သိပြီး၊ သရုပ်ခွဲနိုင်တဲ့ ဓာတ်မှန်ပါရဂူ ဒေါက်တာဦးထွန်းရီတို့အဖွဲ့၊ ခွဲစိတ်ရင်းက မမျှော်လင့်ဘဲ လာတွေ့ရတဲ့ ရောဂါသဘာဝတွေကို ဓာတ်ခွဲစမ်းသပ် အဖြေပေးတဲ့ ဘိုင်အော့(ပ်)ဆီလို့ ခေါ်တဲ့ ဒေါက်တာဦးကိုကိုရီ အုပ်ချုပ်တဲ့ရောဂါ သုတေသန အဖွဲ့ကတစ်ဖွဲ့”

“ဟာ … ဒီလောက်တောင်ပဲလား၊ အင်းလေ ဒါကြောင့်လဲ စစ်စံထွန်းဆေးရုံကြီးဟာ နာမည်ကျော်တာပေါ့”

“ဒါက ဒီဆေးရုံကြီးအတွင်းမှာရှိတဲ့ ကျွမ်းကျင်သူတွေကိုသာ ပြောရတာ၊ ဆက်သွယ်ထားတဲ့ ဌာနတွေ ရှိသေးတယ်၊ ဥပမာ မိန်းမကိစ္စ ရောဂါရှင်တစ်ဦး ရောက်လာတယ်ဆိုပါတော့၊ ပြည်သူ့ဆေးရုံကြီးက မိန်းမရောဂါကု အထူးကုဆရာဝန်ကြီး ဒေါက်တာဦးမောင်မောင်နဲ့လဲ တိုင်ပင်ကြည့်ရတာပဲ၊ သူ့ဆီ လွှဲပေးရတယ်၊ သူကလဲ အကူအညီလိုရင် စဝ်စံထွန်းက ဆရာဝန်ကြီးတွေနဲ့ ညှိနှိုင်းတာပဲ၊ လူတစ်ယောက်ရဲ့ အသက်ကို ကယ်ရတယ်ဆိုတာ မလွယ်ဘူး၊ ကျွမ်းကျင်သူတွေကြီး ရှိနေရုံနဲ့ မရဘူး၊ စေတနာရှင်တွေလဲ သိပ်လိုတယ်”

http://www.cherrythitsar.org



"ဘယ်လို စေတနာရှင်တွေလဲ"

"သွေးလှူရှင်မျိုးပေါ့၊ ခွဲစိတ်ကုသရေးမှာ တခြား ဘယ်ဘက်က ပြည့်စုံနေနေ သွေးမရရင် အသက်ကို မကယ်နိုင်ဘူး၊ တောင်ကြီးဆေးရုံကြီးနှစ်ခုဟာ ကံကောင်းတာက သွေးလိုရင် အားကိုးစရာ နှစ်နေရာရှိလို့ပဲ၊ စဝ်စံထွန်းဆေးရုံကြီးနဲ့ ပြည်သူ့ဆေးရုံကြီးနှစ်ရုံလုံးအတွက် တစ်နှစ်မှာ အနည်းဆုံး သွေးပုလင်းတစ်ထောင်လောက် လိုတယ်၊ အဲဒီလိုတဲ့သွေးတွေပေးနေတဲ့ ဌာနကြီးနှစ်ခုကတော့ တောင်ကြီးကောလိပ် ကကျောင်းသူကျောင်းသားတွေ၊ တောင်ကြီးမှာ စခန်းချထားတဲ့ တပ်တွေက တပ်မတော်သားတွေ၊ အဲဒီကျေးဇူးရှင် သူတော်ကောင်းတွေအကြောင်း လူတိုင်းမသိသေးဘူး ကလေးရေ"

လူရည်ချွန်ကလေးမလေးက သဘောပေါက်ဟန် ခေါင်းညိတ်ပြီးဆို၏။

"ခွဲစိတ်ကုသ ခံရတယ်ဆိုတာဟာ ကြောက်စရာကြီးလို့ ကျွန်မ ထင်ခဲ့ဖူးတယ်၊ အခုတွေ့ရတာက ဘာမှ ကြောက်စရာမရှိဘူး၊ အဲဒါတွေ ပြည်သူတွေ မြင်အောင် ရုပ်ရှင်ရိုက်ပြရရင် သိပ်ကောင်းမှာပဲ"

"သိပ်ကောင်းမှာပေါ့၊ အခု ကနေဒါပြည်သွားနေတဲ့ စဝ်စံထွန်း ဆေးရုံကြီးက ခွဲစိတ်ကုသရေးဆရာဝန်ကြီး ဒေါက်တာ ဦးအောင်ခင် သိပ်ကြိုးစားခဲ့တယ်၊ သူ့ဆီမှာ ရုပ်ရှင်တော့ မဟုတ်ဘူး၊ ရုပ်ရှင်စက်နဲ့ မီးထိုးပြနိုင်တဲ့ ခွဲစိတ်ကုသမှု ပညာသမိုင်းဝင် ရောင်စုံပုံတွေ ရှိတယ်၊ ပြည်ထောင်စုနေ့ ပြပွဲတွေ၊ လွတ်လပ်ရေးနေ့ပြပွဲတွေ၊ ရှမ်းပြည်နယ်နေ့ပြပွဲတွေမှာ ဆရာဦးအောင်ခင်က ပြပေးပြီး ကိုယ်တိုင် ရှင်းပြတတ်တယ်၊ အခု သူက ဆရာဦးနှင်းငွေကို အဲဒါတွေ အပ်သွားတယ်၊ မင်းတို့ ဒီကကိစ္စပြီးရင် ဆရာဦးနှင်းငွေကို ပူဆာပါလား၊ ဟိုမှာ ဆရာဦးနှင်းငွေ အချက်ပြနေ ပြီ၊ အရေးကြီးတဲ့ ချုပ်လုပ်ရေးအပိုင်း ပြတော့မယ်၊ သွားကြည့်ချေ"

သုံးထပ်ကွမ်း လူရည်ချွန်မကလေးသည် ခွဲစိတ်ခုံအနီးသို့ ကပ်သွား၏၊ အခြားလူရည်ကျွန်နှစ်ဦးလည်း စိတ်ဝင်စားစွာ ကြည့်နေကြ၏။

စစ္စတာ ဒေါ်မိုးသူက ဖဦးထုပ်သဏ္ဍာန်ရှိ ဝန်းခွေသော အပ်တစ်ခုတွင် ကြိုးတပ်လျက်ပေး၏။

လူရည်ချွန်တစ်ဦးက မေးခွန်းထုတ်၏။

"ကြောင်အူဆိုတာ ဒီကြိုးတွေလား ဆရာ"

နှင်းငွေက ပြုံးပြီး ဖြေ၏။

"ဟုတ်တယ်၊ ကြောင်အူတော့မဟုတ်ဘူး၊ အင်္ဂလိပ်လိုပဲ ကက်ဂတ်(တ်)(လို့) ခေါ်ကြတယ်၊ ကက် ဆိုတာက ကြောင်၊ ဂတ်(တ်)ဆိုတာက အူလို့ အဓိပ္ပာယ်ရတယ်၊ ဒီကြိုးလေးတွေဟာ ကြောင်ရဲ့ နူတ်ခမ်းမွေးလေးတွေလို နူးညံ့ပြီး သွယ်သွယ်လေးတွေ၊ စင်စစ်က သိုးရဲ့ အူတွေပါ၊ သိုးအူ အမျှင်ကလေးတွေ၊ ဒီကြိုးလေးတွေဟာ အစားစားရှိတယ်၊ အူရဲ့အတွင်းအစိတ်အပိုင်းတွေမှာ သူတို့နဲ့ ချုပ်ရတယ်၊ ဗိုက်ကို တစ်ခါဖွင့်ပြီး ကြိုးဖြေလို့မှ မရဘဲ၊ သူတို့ဘာသာ အရည်ပျော်ပြီး ပျောက်

http://www.cherrythitsar.org



သွားအောင် သိပ္ပံနည်းနဲ့ စီစဉ်ထားတယ်၊ ကြိုးလေးတိုင်းမှာ နံပါတ်ရှိတယ်၊ ဆိုကြပါစို့၊ အချုပ်ခံရတဲ့ နေရာပေါ်မှီပြီး ဆရာဝန်ဟာ သင့်တော်တဲ့ ကြိုးသုံးရတယ်၊ ကဲ ... ဖြူဖြူရေ အလုပ်စကြစို့"

ဖဦးထုပ်သဏ္ဌာန် အပ်ဝိုင်းကို နှင်းငွေသည် ဇာဂနာနှင့် ကိုင်လျက် အူကို စချုပ်၏။ အူတွင်း အပ်မြုပ်သွားပြီးတိုင်း နှင်းငွေက ဇာဂနာဖြင့် အသံပြု၏။ ဒေါ်ဖြူဖြူက ကြောင်အူကို လျှော့ပေး၏။ နှင်းငွေက ကြောင်အူကို ကိုယ်တိုင်ဆွဲပြီး ချုပ်၏၊ ချုပ်ရင်းလည်း ရှင်းပြ၏။

"တချို့ဆရာဝန်တွေက အပ်ထိုးသူတစ်ယောက်၊ ကြိုးလွှတ်သူတစ်ယောက် လုပ်တတ်တယ်၊ ကျွန်တော်က ကိုယ်တိုင်အပ်ထိုးတယ်၊ ဖြူဖြူက ဇာဂနာသံကြားရင် ကြိုးလျှော့ပေးတယ်၊ ဘာတဲ့ ပန်တျာကပြောတဲ့ စည်းနဲ့ဝါး၊ စည်းနဲ့ ဝါး၊ ဒီတိုင်းပဲ စည်းနဲ့ ဝါးနဲ့ သွားရတယ်၊ အပ်ထိုးပြီး ကြိုးဆွဲတဲ့အခါမှာ အားက ညီနေရတယ်။ချုပ်ရိုးတစိတ်နဲ့တစိတ် အကွာအဝေးညီနေရသလို ချုပ်ရိုးတင်းအားကလဲ တစ်ခုနဲ့တစ်ခု ညီနေရတယ်၊ တချုပ်ရိုးကတင်း ...တချုပ်ရိုးကလျော့ဖြစ်နေရင် ချုပ်ရိုးပြေပြီး လူနာမှာ ဒုက္ခရောက်တတ်တယ်၊ ဒါကြောင့် ချုပ်ရိုး တင်းအား ညီအောင် ကျွန်တော် တစ်ယောက်တည်းပဲ ဆွဲတယ်၊ တင်းအား ညီမညီကို ကျွန်တော့် လက်ကလေးတွေက သိနေတယ်၊ ဒီအဆစ်အပိုင်းက သိပ္ပံ မဟုတ်တော့ဘူး၊ အနုပညာ"

နှင်းငွေသည် စစ္စတာဒေါ်မိုးသူကို လှမ်းကြည့်၏။ စစ္စတာက ပြုံးရင်းခေါင်းညိတ်ပြ၏။

နှင်းငွေက လူရည်ချွန်လေးများဖက် လှည့်ပြီး ဆက်ရှင်း၏။

"ဟောဒီအပ်ကောက်ကလေးထိုးတာမှာလဲ၊ အနုပညာပါနေတယ်၊ သိပ်နက်သွားရင် အူခေါင်းထဲ ကြိုးရောက်သွားမယ်၊ အဲဒီတော့လဲ အန္တရာယ်ရှိပြန်တယ်၊ သိပ်တိမ်သွားပြန်တော့လဲ မမြဲတော့ ချုပ်ရိုးပြေမယ်၊ ဒီတော့လဲ အန္တရာယ်ပဲ၊ အပ်ဝင်တဲ့ အတိမ်အနက်ကို အနုပညာသဘောနဲ့ လက်ကသာ အာရုံသိ သိနေတယ်၊ အူနံရံထုသမျှကလဲ ပါးပါးလေးရယ်"

နှင်းငွေသည် စကားရပ်ကာ ဆက်ချုပ်၏။

လူရည်ချွန်ကလေးများက စိတ်ဝင်စားစွာ စိုက်ကြည့်နေကြ၏၊ သူတို့အမြင်၌ ရှုပ်ရှုပ်ပွပွသာ မြင်ရသည်။ ချုပ်လုပ်မှုပြီးသောအခါ အူသည် အလွန်လှပရှင်းလင်း သေသပ်စွာ ရှိနေ၏။

လူရည်ချွန် ကလေးမကလေးက အသံထွက်အောင် ရယ်သည်။

နှင့်ငွေက မေး၏။

"မင်းဘာရယ်တာလဲကွယ်"

"ဟိုဒင်း ... အမေခေါင်းအုံးချုပ်တာ သတိရလို့"

"ဘယ်လို... "

"ခေါင်းအုံးချုပ်ရင် အစကပုံပန်းဖမ်းမရဘူး၊ အနားတွေက မသေမသပ်နဲ့၊ အမျှင်တွေရော၊ အစတွေရော၊ တွဲလိုတွဲလောင်းနဲ့၊ ပြီးလဲပြီးလို့ ပြောင်းပြန်လဲ လှန်

http://www.cherrythitsar.org



လိုက်ရော ခေါင်းအုံးလေးက လှလှပပ သပ်သပ်ရပ်ရပ်ကလေး၊ အဲဒါ သတိရလို့"

"အေး ... မင်းဥပမာ မဆိုးဘူး"

နှင်းငွေသည် ရယ်ပြီးနောက် စစ္စတာဒေါ်မိုးသူကို အမိန့်ပေး၏။

"စစ္စတာ မူလအိတ်(စ်)ရေး(ဓာတ်မှန်) ကြည့်ပါရစေ"

စစ္စတာက အနီးရှိ ဆရာမလေးကို ထပ်ဆင့်ညွှန်ကြား၏။

ဆရာမလေးက ဓာတ်မှန်ကို ယူလာပြီး အလင်းရောင်၌ ထောင်ပြ၏။

အမည်းနောက်ခံတွင် အူဖြူဖြူတန်းနေ၏၊ တစ်နေရာတွင်မူ အူ၏အပြင်ဘက်နံရံ၌ ဖြူဖြူအဆုပ်များ ပေါ်နေ၏။

"အဲဒါကို ဆရာဦးထွန်းရီက မသင်္ကာဘူးလို့ မှတ်ချက်ရေးထားပါတယ် ဒေါက်တာ"

စစ္စတာက အစီရင်ခံသည်ကို ဒေါက်တာနှင်းငွေ သည် ဓာတ်မှန်ကို လေ့လာကြည့်ရင်း ခေါင်းညိတ်ပြ၏။

ထိုနောက် သူက လူနာ၏ဝမ်းခေါင်းတွင် လက်နှိုက်ယူလိုက်၏။ သူ့လက်တွင်း၌ အူတို့ တစ်ထွေးကြီး ပါလာ၏။

အူတို့အမျှားမှာ ချောမွေ့ပြောင်လက်နေ၏။ တစ်နေရာတွင်မူ အူအပြင်နံရံ၌ ရေမြှုပ်ကဲ့သို့ ပိုးပိုးပွပွအရာများ ကပ်ငြိတွယ်နေ၏။

ဒေါက်တာနှင်းငွေသည် ရေမြှုပ်ပမာ အရာများကို ကတ်ကြေးနှင့် ကိုက်ယူလိုက်ပြီး ယောက်ျားသူနာပြုကို အမိန့်ပေး၏။

"အဲဒါကို ဘိုင်အော့(ပ်)ဆီ ဌာနကို ပို့လိုက်ပါ"

"ဟုတ်ကဲ့ ... ဆရာ"

နှင်းငွေက လူရည်ချွန်များဘက် လှည့်ပြော၏။

"ခက်တာက လူနာတွေဟာ လွန်မှ ဆေးရုံကြီးဆီရောက်လာတယ်၊ ရောက်လာရင် ရောဂါက တစ်ခုတည်း မကတော့ဘူး၊ ဒီလူနာကို နောက်ခြောက်လလောက်မှာ ထပ်ခွဲကုပေးရဦးမယ်"

နှင်းငွေနှင့် ဒေါ်ဖြူဖြူသည် လူနာ၏ ဝမ်းဗိုက်ကို ချုပ်လုပ်ပိတ်ပေးကြ၏။

*

နောက် ... နာရီဝက်ခန့်အကြာ ဒေါက်တာနှင်းငွေ၏ ရုံးခန်းတွင်း၌ဖြစ်သည်။

စားပွဲပေါ်၌ ပန်းများရှိနေ၏။ ပန်းများထံမှ ရနံ့များကြိုင်နေ၏။

ဟိုတစ်ရက်က လာခဲ့ဖူးသော အမေအိုသည် စားပွဲရှေ့၌ ပြုံးပြုံးကြီးထိုင်နေ၏။ အနီး၌ မြေးမကလေးသည် ရှက်ပြုံးပြုံးရင်း ရပ်နေ၏။

စားပွဲပေါ်၌ ရွှေချိတ်ကောက်နစ်ကွင်းသည် ကတ္တီပါခင်းဘူးထက်တွင် တင့်တယ်စွာ ရှိနေ၏။

http://www.cherrythitsar.org



စစ္စတာဒေါ်မိုးသူ အကူအညီဖြင့် နှင်းငွေသည် အမေအိုကို နားဖောက်ပေး၏။ နားဖောက်ပြီးသောအခါ အမေအို၏ နားတွင် ရွှေချိတ်ကောက်နှစ်ကွင်းကို နှင်းငွေက ဆင်ပေး၏။

"အမေ နာပါသလား"

"အို ... နာတယ်မရှိသကိုး"

"အမေ ... လှသွားပြီ"

"လှတဲ့လူက လှတယ်ပြောမှ အမေ ယုံသကိုး"

အမေအိုသည် ဟက်ဟက်ပက်ပက်ရယ်လိုက်ပြီး နှင်းငွေ၏လက်ကို လှမ်းဆုပ်လိုက်၏၊ နှင်းငွေကလည်း ပြုံးရွှင်ရယ်မောရင်း အမေအို၏လက်များကို ယုယစွာပြန်ဆုပ်ကိုင်၏။

"အမေ့နားက အနာ မယဉ်းစေရဘူး၊ ဆေးမီးတိုတွေ လျှောက်မထည့်ရဘူးနော်၊ ဆယ်ရက်ဆိုရင် နားကပ်နဲ့ အမေပြန်လာခဲ့၊ ကျွန်တော်ကိုယ်တိုင် ပန်ပေးမယ်"

"အို ... မလာလား ... "

အမေအိုသည် မြေးငယ်မထံ နှင်းငွေတို့ နားမလည်သော စကားဖြင့်ဆို၏။

မြေးငယ်မက လွယ်အိတ်တွင်းမှ ငွေစက္ကူထုပ်ကို နှိုက်ယူလိုက်၏။

မြေးမထံမှ ငွေ စက္ကူထုပ်ကိုယူပြီး အမေအိုသည် နှင်းငွေကို လှမ်းပေး၏။

"တစ်ထောင်၊ တစ်ထောင်တိတိ"

"အို ... အမေ ... ကျွန်တော် ငွေမယူဘူး"

"ငါ့သား ... ဆရာက ... တစ်ထောင်နည်းတယ် ပြောတာဟုတ်မဟုတ်"

နှင်းငွေသည် ကြည့်နူးစွာပြုံး၏။ ဝမ်းနည်းစွာလည်းငြင်းရ၏။

"ကျွန်တော်တို့ ဒီဆေးရုံကြီးမှာ ငွေမယူပါဘူး အမေ"

"ငွေမဟုတ်ကော၊ ဒါန လုပ်သကော"

"အမေ ဒါနလုပ်ချင်ရင် ဆေးရုံအုပ်ကြီးနဲ့ သွားတွေ့ပါ၊ ဘယ်လို ဒါနလုပ်ရမယ်ဆိုတာ ဆေးရုံအုပ်ကြီးက အမေ့ကို ပြောပါလိမ့်မယ်"

နှင်းငွေ၏ စကားကို နားမလည်ဟန်ဖြင့် အမေအိုသည် မြေးမလေးကို ကြည့်မေး၏။ မြေးမလေးက ရှင်းပြ၏၊ နားလည်သွားဟန်တူသော အမေအိုသည် နှင်းငွေဘက် လှမ်းကြည့်ပြီးဆို၏။

"ဆာဓု ... ဆာဓု ... ဆာဓု ... ၊ အတ်ဆဟိဆမရှိသကော၊ ပရဟိဆရှိသကော၊ ဆာဓု ... ဆာဓု ... ဆာဓု ... "

အမေအိုနှင့် မြေးမလေးသည် အခန်းတွင်းမှ ထွက်သွားကြ၏။

စစ္စတာဒေါ်မိုးသူက နှင်းငွေ၏ မျက်နှာကို လှမ်းကြည့်သည်။

နှင်းငွေသည် ပီတိပြည့်စွာ ပြုံးနေ၏။

စစ္စတာက ရယ်ရင်းဆို၏။

"ဒီကမောင်ကို သိပ်အံ့သြမိတာပဲ"

http://www.cherrythitsar.org



"ခင်ဗျာ ... ဒီကအစ်မက ဘာလို့ အံ့ဩရတာလဲ"

"အမေအိုတစ်ဦးကို နားဖောက်ပေးလိုက်တာလေ၊ ပြောရင် လူတွေ ယုံပါ့မလား"

နှင်းငွေ ကြည်လင်ချိုသာစွာ ရယ်၏။

"ဆရာဝန်ဆိုတာ ဘာပါလဲ ဒီကအစ်မ၊ ရောဂါကုပေးသူ၊ ဒီလိုအဓိပ္ပာယ်ဖွင့်ရမယ်၊ ရောဂါဆိုတာ ဘာပါလဲ၊ ကုပေးတယ်ဆိုတာကကော ဘာပါလဲ၊ ချမ်းသာအောင် ကူညီလိုက်ရတာပါပဲ၊ မချမ်းသာတာက ရောဂါပဲ၊ ချမ်းသာစေချင်တာကလဲ ကုပေးတာပါပဲ၊ ဗိုက်ခွဲပေးရတာနဲ့ နားဖောက်ပေးရတာ ကျွန်တော့်အတွက်တော့ အတူတူပဲ ဒီကအစ်မ"

စစ္စတာသည် လှိုက်လှဲစွာပြုံးရင်းဆို၏။

"ဒီကမောင်ပြောတာ သိပ်မှန်တယ်၊ စောစောက အမေပြောသွားသလိုပဲ ဒီကအစ်မဆိုမယ်၊ ဆာဓု ... ဆာဓု ... ဆာဓု"

* * *

# အခန်း(၁၄)

ငှနှင့် စိန်ပန်းပင်တန်းများတို့ လက်ဝဲဘက်၌ရှိသော ကတ္တရာလမ်းအတိုင်း စစ္စတာဒေါ်မိုးသူသည် မယ်ဒီကယ်(လ်)ဝဒ်ခေါ် အထွေထွေရောဂါကုသရေး အဆောက် အအုံကြီးဆီ ရှေးရှုလျက် အရှေ့မှ အနောက်သို့ လျှောက်လာလေ၏။

နံနက် ဆယ့်တစ်နာရီခန့်ရှိပြီ။

နေသာလျက်က မိုးဖွဲဖွဲလေးကျနေ၏၊ မိုးဖွဲလေးများကား ရေငွေ့လည်းမက တော့၊ ရေပေါက်လည်းမဖြစ်သေး၊ အေးအေးမြမြခံစားနေရသော နူးညံ့သိမ်မွေ့လှသည့် ရေပွင့်ရေမှုန်ကလေးများသာ ဖြစ်ကြ၏။

အနောက်ဘက်အစွန်ဆုံး၌ရှိသော နှစ်ထပ်သာရှိသည့် မယ်ဒီကယ်(လ်)ဝဒ် သည် တင့်တယ်အေးချမ်းလျက် တိတ်ဆိတ်ငြိမ်သက်နေသည်။

မက်ဒီကယ်(လ်)ဝဒ်အနီးမှ မျှော်ကြည့်လျှင် အဝေးဆီမှ တောင်တန်းပြာကြီး များကို အနှောင့်အယှက်ကင်းစွာ ပိုမိုရှင်းရှင်းလင်းလင်း မြင်နိုင်၏။

တောင်တန်းပြာကြီးများကို စစ္စတာသည် ခေတ္တငေးကြည့်၏။

တောင်တန်းပြာကြီးများကို ငေးမျှော်ကြည့်ရ၍ စစ္စတာသည် ဘယ်အခါမှုမရိုး၊ ရိုးရန်လည်း အကြောင်းမရှိ၊ တောင်တန်းပြာကြီးများ၏ အသွင်က တစ်ချိန်နှင့်တစ်ချိန် ဘယ်သောအခါမှုမတူ၊ အစဉ်ပြောင်းလဲနေသော တိမ်တို့၏ အခြေအနေကိုလိုက်၍ အသွင်အမြဲပြောင်းနေကြ၏။

မပြောင်းလဲသည်မှာ စစ္စတာ၏ခံစားချက်သာဖြစ်သည်။ တောင်တန်းပြာကြီး များကို မြင်လေတိုင်း... ။

စစ္စတာသည် သက်ပြင်းရှူပြီး စိတ်တွင်းက ခေါင်းခါမိ၏။

မက်ဒီကယ်(လ်)ဝဒ်တွင်း အဝင်တံခါးပေါက်ကြီးအနီး လမ်းပေါ်တွင် ရဲအရာရှိ စီး ဂျစ်ကားပြာတစ်စီး ဆိုက်ထား၏၊ ဒရိုင်ဘာခုံတွင် ထိုင်နေသူမှာ အသက်နှစ်ဆယ် ခန့်ရှိမည်။ သူ့အနီးမြေပြင်တွင် ရပ်နေသူကား အသားဖြူဖြူ ကြည်လင်စူးရှသော မျက်လုံးများနှင့် အသက်သုံးဆယ်ခန့်ရှိ လူရွယ်တစ်ဦးဖြစ်၏။

http://www.cherrythitsar.org



လူရွယ်ကို စစ္စတာသည် စူးစိုက်ကြည့်၏၊ စစ္စတာ၏စိတ်၌ သူ့ကို ကောင်းကောင်းမြင်ဖူးသည်ထင်နေ၏။ လူရွယ်ကလည်း စစ္စတာကို ပြန်စိုက်ကြည့်နေ၏။

လူရွယ်က အလျင်ပြုံးပြီးနှုတ်ဆက်သည်။

"ဆရာမ ကျွန်တော့်ကို မှတ်မိသွားပြီထင်တယ်"

"ဟုတ်တယ် မှတ်မိပြီ၊ နေဦး၊ ကျွန်မသတိရပြီ၊ ရွာမွန်သာ တံတားထိပ်မှာ တွေ့ကြတာမဟုတ်လား"

သည်တုန်းက ယင်းလူရွယ်အပါအဝင် ယောက်ျားသုံးဦးနှင့် မိမိသည် တံတားထိပ်တွင် ကားစောင့်ကြရ၏၊ စစ်ဗိုလ်လေးက မိမိတို့လေးဦးကို ဒေါက်တာနင်ငွေ၏ ကားပေါ်တင်ပေးခဲ့၏။ အရေးပေါ်ရောက်လာသည့် လူနာတစ်ဦးကြောင့် မိမိဆင်းနေခဲ့သည်။

လူရွယ်က ပြုံးရင်း စိတ်ပျက်ဟန်ဆို၏။

"ခဏသာတွေ့ရတဲ့ ဆရာမက ကျွန်တော့်ကို ချက်ချင်းမှတ်မိတယ်ဆိုတော့ အင်း ... ကျွန်တော်တော့ ကျွန်တော်အလုပ်နဲ့ သိပ်မကိုက်ဘူးထင်တာပဲ"

"ရဲတပ်ဖွဲ့က ထင်ပါတယ်"

"ဟုတ်ပါတယ် ဆရာမ"

စစ္စတာသည် ပြုံးရင်းရှင်းပြ၏။

"အမှတ်မိခံရတာကို စိတ်မပျက်ပါနဲ့၊ လူတိုင်းမှတ်ဉာဏ်မကောင်းပါဘူး၊ ကျွန်မကတော့ ပန်းချီဝါသနာပါလို့ပါ၊ မှတ်ဉာဏ်ကောင်းတာထက် လေ့လာတဲ့ မျက်လုံးရှိလို့ဆို ပိုမှန်ပါလိမ့်မယ်။ လူတစ်ယောက်ယောက် ရှုခင်းတစ်ရပ်ရပ်ကို တစ်ခါမြင်ဖူးရင် ကျွန်မမျက်လုံးထဲမှာ အလွယ်တကူပျောက်မသွားပါဘူး"

လူရွယ်က ရယ်၏။

"ဆရာမပြောမှ ကျွန်တော်စိတ်သက်သာသွားတယ်၊ ဘာပဲဖြစ်ဖြစ် အဲဒီတုန်းက ကျွန်တော် တော်တော်ရှက်မိတယ် ခင်ဗျ"

"ဘယ်လို ဘာကြောင့် ရှက်တာလဲ"

"အဲဒီတုန်းက လူနာတစ်ဦးရောက်လာတော့ ယောက်ျားဖြစ်တဲ့ ကျွန်တော်တို့က ဆင်းမပေးဘဲ မိန်းမသားဖြစ်တဲ့ ဆရာမက ဆင်းပေးတယ်၊ ကျွန်တော်လဲ ဆင်းပေးချင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်က တောင်ကြီးကို ဖြစ်တဲ့နည်းနဲ့ အမြန်ဆုံးရောက်ရမဲ့ ကိစ္စကရှိနေလို့ ဆရာမ နားလည်မယ်ထင်ပါတယ်"

"ကျွန်မ နားလည်ပါတယ်၊ ကျွန်မတို့ ဆရာဝန် ဆရာမတွေဟာ တစ်ခါတလေ အချိန်လုလုပ်ရသလိုပဲ ဒီကမောင်တို့ ရဲတွေဟာလည်း အချိန်လုလုပ်နေကြရမှာပဲ"

"ဒီစကားကြားရလို့ ကျေးဇူးတင်ပါတယ်ဆရာမ၊ ကဲဗုက်ထားလို့လည်း မထူးပါဘူး၊ တစ်မြို့တည်းနေတော့ ခဏခဏ တွေ့ကြရဦးမှာပဲ၊ အကြောင်းအားလျော်စွာ ဆေးရုံကြီးက ပုဂ္ဂိုလ်တွေနဲ့လဲ ကျွန်တော်တို့က မကင်းပါဘူး၊ ကျွန်တော့်နာမည်

http://www.cherrythitsar.org



က လုသွင်ပါ၊ အထူးစုံစမ်းထောက်လှမ်းရေးက ဒုတိယလုံခြုံရေးမှူးပါ၊ ကျွန်တော် ကူညီနိုင်တာရှိရင် အချိန်မရွေး ဆရာမ ဆက်သွယ်လို့ရပါတယ်”

“ကျွန်မနာမည် မမိုးသူပါတဲ့ ဒီကမောင်၊ ဆာဂျီကယ်ဝဒ်မှာ စစ္စတာပါ၊ လိုတဲ့အကူအညီရှိရင် တောင်းပေါ့”

“ဟုတ်ကဲ့ တောင်းပါ့မယ်၊ ဒါပေမဲ့ မတောင်းပါရစေနဲ့လို့ ဆုတောင်းတယ်၊ ဆာဂျီကယ်ဝဒ်ဆိုတာ အသက်အနေနဲ့ သိပ်နီးတယ်၊ ကျွန်တော်တို့အလုပ်ကလည်း တစ်ခါတလေ အသက်ဆံဖျားအလုပ်”

“အို … ဒီကမောင်ဆီ အကူအညီတောင်းရင် ဒီကအစ်မလဲ ရာဇဝတ်မှုနဲ့ နီးနေလို့ပဲ ဖြစ်နေမှာပေါ့”

“အား … ဟုတ်တယ်၊ ဒါပေမဲ့ ဆရာမ ကျွန်တော်တို့က ဥပဒေအတိုင်း အမှန်ဆုံးဖြစ်အောင် အစွမ်းကုန် ကြိုးစားပေးပါ့မယ်”

“ဒီလိုဆို ဒီကအစ်မကလဲ သေခြင်းနဲ့ အဝေးဆုံးရောက်အောင် အစွမ်းကုန် အကူအညီပေးပါ့မယ်”

လူရွှယ်သည် ရယ်ကျန်နေရစ်၏။ စစ္စတာက မယ်ဒီကယ်(လ်)ဝဒ်အတွင်း ဝင်လာခဲ့သည်။

ပထမ အောက်ထပ်အတိုင်း လျှောက်သည်။ ထို့နောက် လှေကားအတိုင်း အပေါ်ထပ်သို့ တက်လာခဲ့၏။

မယ်ဒီကယ်ဝဒ်သည် အထူးငြိမ်သက် တိတ်ဆိတ်၏၊ လူသူကင်းရှင်း၍ သန့်စင်အေးချမ်း၏၊ ဂရုစိုက်မှုနှင့် အုပ်ချုပ်မှု စည်းကမ်းကောင်းကြောင်း မြင်ရုံခဏ၌ ချက်ချင်းသိနိုင်သည်။

သမားတော်ကြီး ပြင်ပလူနာများကို တွေ့ချိန်မဟုတ်သေး၊ သို့ရာတွင် သမားတော်ကြီး၏ ရုံးခန်းရှေ့တွင် လူနာလေးဦးခန့် စောင့်နေကြ၏။

စစ္စတာသည် သမားတော်ကြီး၏ အခန်းနှင့်တွဲလျက်ရှိသော အခန်းတစ်ခု တွင်းသို့ ဝင်လိုက်၏။ ယင်းအခန်းအတွင်း၌ လက်ထောက်ဆရာဝန်နှစ်ဦးနှင့် ဆရာမ လေးဦး ရှိနေကြ၏။

အရပ်မနိမ့်မမြင့်၊ အသားလတ်လတ်နှင့် မျက်နှာထားချိုသော စစ္စတာ တစ်ဦးက အလုပ်လုပ်နေရာမှ မော့ကြည့်ပြီးဆို၏။

“ဩော် … ဒေါ်မိုးကိုယ်တိုင်လာတာကိုး၊ စောစောက တယ်လီဖုန်းရတော့ အော်ဒလီတစ်ယောက်လွှတ်မယ်ထင်တာ၊ အော်ဒလီလွှတ်လဲ ပြီးတာပါပဲဟာ”

“ကျွန်မ အချိန်အားကလေးရှိလို့ပါ၊ ပြီးတော့ ဒေါ်ခင်ထိုက်တို့ ဝဒ်ကိုလဲ လည်ရင်းပေါ့၊ ဒီဝဒ်က စိတ်ချမ်းသာဖို့ကောင်းတယ်”

ဒေါ်ခင်ထိုက်က ရယ်၏။

“တစ်ယောက်ရဲ့ ဝဒ်ကိုတော့ တစ်ယောက်က ဒီအတိုင်းထင်တာပဲ၊ ကျွန်မ တော့ ခုပဲ စိတ်ပြေရုံရှိသေးတယ်၊ လူနာတစ်ယောက်ကို စိတ်ရှိလက်ရှိ ဆူပစ်ခဲ့

http://www.cherrythitsar.org



ရတယ်”

“အို ... ဘာကြောင့်”

“ဘာကြောင့်လဲဆိုတော့ ထုံးစံအတိုင်းပေါ့၊ တိုက်တဲ့ဆေးတွေကို မသောက်ဘူး”

“အို ... ဖြစ်ရလေ” ဟု ညည်းရင်း စစ္စတာဒေါ်မိုးသူသည် ခေါင်းခါမိ၏။ ဒေါ်ခင်ထိုက်ကသာ ဆက်ပြော၏။

“သိပ်ခက်တယ် ဒေါ်မိုး။ ကလေးလေးတွေလို ပါးစပ်ဖြဲပြီး ခွံ့ပေးရမလို ဖြစ်နေတယ်၊ ခက်တာက ကျွန်မတို့တွေက ဆေးကောင်းဝါးကောင်းတွေနဲ့ လူမရွေး၊ အဆင့်အတန်းမရွေး၊ ကုသပေးနေကြတယ်၊ ဟိုအဆုတ်ရောဂါကုဌာနက ဆရာဝန် ဆရာမတွေဆို သာစိတ်ညစ်သေးတယ်”

အဆုတ်ရောဂါဟူသည် ပျောက်ရန် ဆေးကောင်းဝါးကောင်းသာ လိုသည် မဟုတ်၊ အစာအာဟာရဓာတ်လည်း လိုလှသေးသည်၊ အဆုတ်ရောဂါရှင်များကို စဝ်စံထွန်းဆေးရုံကြီးသည် ကြက်ဥမှန်မှန်ပေးသည်၊ ဤသည်ကို ဒေါ်မိုးသူ သိပြီးဖြစ်၏။

“သိလားဒေါ်မိုး၊ အခုတော့ ထမင်းစားကြရင် ကြက်ဥ ကိုယ်တိုင်စား မစား လိုက်ကြည့်နေကြရတယ်၊ ပြောရဦးမယ် တစ်နေ့က လူနာတစ်ယောက် သေတော့ ရင်ဘတ်ပေါ်အထုပ်ကလေးတင်လို့၊ အထုပ်ကိုဖွင့်ကြည့်တော့ အထဲမှာ သူသောက် ဖို့ ပေးထားတဲ့ အဖိုးတန်ဆေးတွေနဲ့ အဖိုးတန်အာဟာရ ဓာတ်ဆေးတွေ၊ ကျွန်မတော့ ငိုမိတယ်”

“အင်း ... ဒုက္ခပဲနော် ဒေါ်ခင်ထိုက်၊ ကျွန်မဝဒ်မှာလဲ တစ်မျိုးတွေ့ရတယ်၊ ခွဲစိတ်ပြီးစ ဗိုက်ထဲအောင့်တာကို ဆေးရုံကပေးတဲ့ ဆေးမသောက်ဘဲ အိမ်ကယူလာတဲ့ ဆေးခိုးသောက်သူတွေလဲမိတယ်၊ တိုင်တင်းနတ်(စ်)ပိုးဝင်လို့ မေခိုင်ပြီး သေမယ် ဖြစ်တာကို ကုထားတုန်းလူနာရှင်တွေက အလစ်မှာ ငန်းဆေးနဲ့ ရေနံချေးခိုးတိုက်တာ မိလဲမိရဲ့၊ ခုတလော ပညာပေးဆောင်းပါး ရေးကြတဲ့စာရေးဆရာ ဆရာဝန် ဆရာမ တွေ တော်တော်များလာကြပြီ၊ ကျွန်မတို့ သူနာပြုဘက်ဆိုင်ရာကလဲ ရေးသူတွေ ပေါ်သင့်ပြီထင်တယ်။ ကျွန်မတို့မှာ ရေးပြစရာ အများကြီး ရှိတယ်ထင်တာပဲ”

ဒေါ်ခင်ထိုက်က ပြုံးပြီးဆို၏။

“ကျွန်မတို့က လူနာပဲပြုစုတတ်တယ်၊ စာမရေးတတ်ဘူး၊ ဒေါ်မိုးကတော့ စကားပြောလဲကောင်းတယ်၊ ပန်းချီလဲဆွဲတတ်တယ်၊ စာရေးရင်လဲ ဆိုးမှာမဟုတ်ပါဘူး ရေးပါလား”

“သိပ်မမြှောက်နဲ့ ဒေါ်ခင်ထိုက်၊ ကျွန်မကလဲ နည်းနည်းလက်ယားနေတယ်”

စစ္စတာနှစ်ဦးသည် ပြိုင်တူရယ်မောကြ၏။

“ဒါထက် ဒေါ်ခင်ထိုက်၊ ဦးဖေလှမြင့် အခန်းထဲ ရှိနေပြီနော်”

“ရှိပါပြီ ခုနင်ကလေးပဲ ရောင်း(ဒ်)လှည့်က ပြန်လာတာ၊ တုပ်ကွေးမိတဲ့ ရဲအရာရှိကြီး တစ်ဦးကို ကြည့်ပေးနေတယ်၊ လာလေ ကျွန်မလိုက်ပို့မယ်”

ဒေါ်မိုးသူ သည် ဒေါ်ခင်ထိုက် နှင့် အတူ သမားတော်ကြီး ရုံးခန်းတွင်းဝင်လာ၏။

သမားတော်ကြီးဟုသာ ခေါ်ရသည်၊ ဦးဖေလှမြင့် မှာ နှင်းငွေ နှင့် ရွယ်တူ တစ်ဦးဖြစ်၏။ နာမည်၌ မြင့်ပါသော်လည်း အရပ်ကပု၏၊ နှင်းငွေ ကဲ့သို့ပင် မျက်နှာ သည်အလွန်နု၏၊ သို့ရာတွင် နှင်းငွေ ၏ မျက်နှာက မှုန်မှိုင်းနွမ်းနယ်သည်၊ ဦးဖေလှမြင့် ၏ မျက်နှာက ဖြူဝင်းပြုံးရွှင်ကြည်လင်နေ၏။ မျက်နှာနည်းတူ မျက်လုံးများကလည်း ပြုံးရွှင်ကြည်လင်နေကာ ချမ်းသာသောစိတ်နှင့် နူးညံ့ကြင်နာတတ်သော သဘောကို ဖော်ပြနေ၏။

ဆေးထိုးပြီးသောအပ်ကိုကိုင်လျက် ဆရာမလေးတစ်ဦးက အခန်းတွင်းမှ ထွက်သွားသည်။

အရပ်ထောင်ထောင်မောင်းမောင်း အသားညိုညိုနှင့် ဆွယ်တာလက်ရှည် အပြာရင့် ဝတ်ထားသည့် အသက်လေးဆယ်ကျော်ခန့် လူတစ်ဦးသည် တင်ပါးကို လက်ဖြင့်ပွတ်ရင်း ဦးဖေလှမြင့်နှင့် စကားပြောနေ၏။

"ပူတဲ့အရပ်တွေ တစ်သက်လုံးနေလာပြီး အေးတဲ့နေရာရောက်လို့ နေသား ထိုင်သားမကျခင် တုပ်ကွေးဝင်နှက်တာ လူကို စိတ်ပျက်သွားတာပဲ ဆရာရေ"

"ဆေးတစ်လုံးနဲ့တင် သက်သာသွားပါလိမ့်မယ်၊ ကျွန်တော်သောက်ဆေးလဲ ပေးလိုက်ပါမယ်။ ဦးထွန်းသောင်ထိုင်ဦး၊ ကျွန်တော် ဆေးစာရေးပေးပါမယ်"

ဦးထွန်းသောင်သည် ဦးဖေလှမြင့်၏ စားပွဲရှေ့ရှိ ကုလားထိုင်တစ်လုံး၌ ဝင်ထိုင်၏။

သူ့ကုလားထိုင်၌ ဝင်မထိုင်ခင် ဦးဖေလှမြင့်သည် စစ္စတာနှစ်ဦးကို လှမ်း ကြည့်၏။

"ဩော် … ဆရာမ ဒေါ်မိုးသူ ကိုယ်တိုင်လာတာကိုး၊ လာ … လာ၊ ကေ့(စ်) ကတော့ အဆင်သင့်ပါ"

ထိုင်လျက်က တင်ပါးကိုလက်နှင့်ပွတ်ကာ ငြိမ်နေသော ဦးထွန်းသောင်သည် ဆတ်ခနဲလှုပ်ရှားသွား၏။ ငိုက်ကျနေသော ခေါင်းသည် မော့လာပြီး စစ္စတာနှစ်ဦးကို ကြည့်သည်၊ သူကြည့်ပုံမှာ အမှုမဲ့အမှတ်မဲ့ ကြည့်ပုံမဟုတ်၊ ဖျားနေလျက်က သူ့မျက် လုံးများက အရောင်တောက်လာ၏။

ဦးထွန်းသောင်၏ မျက်လုံးများသည် စစ္စတာဒေါ်မိုးသူ၏ မျက်နှာကို ငါးစက္ကန့် မျှကြည့်ပြီးမှ လွဲသွား၏။

ဦးထွန်းသောင်၏ ကုလားထိုင်နှင့် ယှဉ်လျက်ရှိသော အခြားကုလားထိုင်တစ် လုံး၌ စစ္စတာဒေါ်မိုးသူက ဝင်ထိုင်၏။

ဒေါ်ခင်ထိုက်ကမူ စားပွဲရှေ့၌ ရပ်နေ၏။

ဦးဖေလှမြင့်သည် စာရွက်စာတမ်းပေါ်တွင် လက်ဝဲလက်ဖြင့် ဆေးစာရေးပေး ပြီး ဒေါ်ခင်ထိုက်ကို လှမ်းပေး၏။

"ဦးထွန်းသောင်ဖို့ ဆေးပါ၊ သုံးရက်တွက် ခြောက်လုံး"

http://www.cherrythitsar.org



ဆေးစာရွက်ကို ယူပြီး ဒေါ်ခင်ထိုက် ထွက်သွား၏။

ဦးဖေလှမြင့်သည် စားပွဲပေါ်ရှိ စာရွက်တစ်ရွက်ကို ယူကြည့်ပြီးနောက် ပြုံးလျက် စစ္စတာကို လှမ်းပေးပြီး ဆို၏။

"ကိုနှင်းငွေကိုပြောပြပါ၊ ကျွန်တော့်ဘက်ကတော့ အားလုံးစိတ်ချတယ်၊ ကိုနှင်းငွေ နှစ်သက်တဲ့ အချိန်မှာ ခွဲနိုင်ပါပြီလို့"

ဦးထွန်းသောင် က ဝင်ဖြတ်မေး၏။

"ဩော် … မခွဲစိတ်ခင် လူနာဟာ ဆရာတို့ ဝဒ်လာရသေးလား"

"အဲလိုမဟုတ်ပါဘူး၊ ကျွန်တော်တို့ အထူးကုဆရာဝန်ချင်း ညှိနှိုင်းလုပ်ကြရပါတယ်၊ တချို့လူနာတွေဟာ မလိုဘဲ အင်မတန် ခွဲစိတ်ခံချင်ကြတယ်၊ ခွဲစိတ်ဖို့ မလိုဘဲ ဆေးနဲ့ပျောက်နိုင်တာရှိရင် ကိုနှင်းငွေက ကျွန်တော်ဆီ ပို့ပေးတယ်၊ တချို့ကျတော့လည်း ခွဲစိတ်ရမှာကို သေလုအောင်ကြောက်ပြီး ဟိုပြောဒီပြောနဲ့ ကျွန်တော့်ဆီရောက်လာတယ်၊ မခွဲစိတ်လို့မဖြစ်တာတွေ့ရင် ကျွန်တော်က ကိုနှင်းငွေဆီပို့ပေးရပြန်တယ်"

"အခုလူနာကကော"

"အဲဒီလူနာမျိုးက တစ်မျိုး၊ သူက မခွဲစိတ်ရင်မဖြစ်တဲ့ရောဂါရှင်၊ ဒါပေမဲ့ သူ့မှာ နှလုံးရောဂါရှိတယ်လို့ ပြောတယ်၊ သူတို့မြို့ကလေးက ဆေးတိုက်တစ်တိုက်မှာ လွန်ခဲ့တဲ့ ရှစ်နှစ်လောက်ကတည်းက သူပြဖူးတယ်တဲ့။ နှလုံးရောဂါကြောင့် ဆေးသောက်နေခဲ့ရတယ်တဲ့၊ စာရွက်စာတမ်းတွေတောင် ထုတ်ပြရှာတယ်၊ အဲဒါနဲ့ ကျွန်တော့်ဆီရောက်လာတယ်၊ ဒီလူက ပညာအတန်အသင့်တတ်တော့ ဟိုဖတ်ဒီဖတ်ဖတ်ဖူးတယ်ထင်တယ်၊ အထူးသဖြင့် နှလုံးရောဂါအကြောင်း သူတော်တော်ဖတ်ထားပုံရတယ်။ သူဖတ်ထားတာတွေနဲ့ သူကိုယ့်သူစစ်ကြည့်တော့ သူနှလုံးရောဂါရှိပြီလို့ တစ်ချယုံနေတယ်"

ဦးဖေလှမြင့်သည် စကားအဆုံး၌ အသာအယာရယ်၏။

ဦးထွန်းသောင်ကမေး၏။

"ဆရာကယ်လိုတွေ့လဲ"

"အဲဒါ ခက်တာပေါ့၊ သူ့မှာ နှလုံးရောဂါ လုံးဝမရှိဘူး၊ သွေးတိုးတော့ နည်းနည်းရှိနေတယ်၊ ခက်တာက ကျွန်တော်တို့ မယ်ဒီကယ်ဝဒ်ကို ရောက်လာတဲ့ လူနာတချို့မှာ ရုပ်ရောဂါရှာမတွေ့ဘူး၊ စိတ်ရောဂါရှင်တွေ၊ ဒါပေမဲ့ အပြင်ပန်းကြည့်တော့ တကယ့်ဝေဒနာရှင်တွေပဲ၊ ဥပမာ ကောလိပ်ကျောင်းသူတစ်ဦး၊ သူကဖောင်တိန်ကိုင်စာရေးလို့ မရဘူးပြောတယ်၊ စာမေးပွဲနီးရင် ကျွန်တော့်ဆီ ရောက်လာတာပဲ၊ ကျွန်တော်လဲ ဘာမှရှာမတွေ့ဘူး၊ သူ့အာရုံကြောတွေ၊ ကြွက်သားတွေကလည်း ပုံမှန်ပဲ၊ ဒါနဲ့ ကောလိပ်ကျောင်းအုပ်ကြီးက လူငှားနဲ့ စာမေးပွဲဖြေခွင့်ပြုတယ်။ ဆိုလိုတာက ကျောင်းသူက မေးခွန်းဖတ်ပြီး နှုတ်နဲ့ဖြေရတယ်၊ အမှုထမ်းတစ်ဦးက လိုက်ရေးပေးရတယ်၊ ကောလိပ်ကျောင်းအုပ်ကြီးကလဲ စိတ်ပညာဆရာ၊ ဘာတွေ့တယ်

http://www.cherrythitsar.org



ထင်သလဲ"

"ဆိုပါဦးဗျာ"

"ဖြေလဲပြီးရော အမှတ်မထင်ဟန်နဲ့ ကျောင်းအုပ်ကြီးက မိန်းကလေးကို အမိန့်ပေးတယ်။ မေးခွန်းရယ်၊ အဖြေစာအုပ်ရယ်ကို တွယ်အပ်နဲ့ တွယ်ခိုင်းတယ်၊ သူကတုန်တုန်ယင်ယင်နဲ့တွယ်တယ်၊ ပြီးတော့မှ ကျောင်းအုပ်ကြီးက အဖြေစာအုပ်ပေါ်မှာ လက်မှတ်ထိုးခိုင်းတယ်၊ လူများလက်ရေးဖြစ်နေလို့ ဥပဒေအရ ကာယကံရှင်ကျောင်းသူကိုယ်တိုင် လက်မှတ်ထိုးပေးရမယ်လို့ ပြောတယ်"

"ဒီတော့"

"ကျောင်းသူဟာ ဖောင်တိန်ကို ကောင်းကောင်းကိုင်ပြီး ကောင်းကောင်းလက်မှတ်ထိုးသွားတယ်"

ဦးဖေလှမြင့်က ရယ်၏၊ ဦးထွန်းသောင်လည်း လိုက်ရယ်၏။

"အဲဒါဟာ ညာတာမဟုတ်ဘူးလား"

"ညာတာမဟုတ်ဘူး ဦးထွန်းသောင်၊ စိတ်ရောဂါအစစ်ပဲ၊ ကျွန်တော်တို့အထူးကုဆရာဝန်ကြီးတွေဟာ စိတ်ပညာကိုလဲ လေ့လာထားကြရတယ်၊ ခု နင်က ကျောင်းသူမှာ စိတ်ရောဂါရှိတယ်လို့ ကျွန်တော်လဲယုံတယ်၊ ကျောင်းအုပ်ကြီးလဲယုံတယ်"

"ဆရာတို့ ပြီးတော့ အဲ ... ကျောင်းအုပ်ကြီးတို့လို စိတ်ပညာတတ်သူတွေက ကုလို့မရဘူးလား"

"ကုလို့ရနိုင်ပါတယ်၊ ကုလို့ရတယ်ဆိုတာထက် စိတ်ကိုတည့်ပေးလို့ ရတယ်ဆိုတဲ့စကားကို သုံးရမယ်ထင်တယ်။ ဒါပေမဲ့ ကျောင်းအုပ်ကြီးမှာရော ကျွန်တော့်မှာရော ဒါမျိုးကိုကုသခွင့်၊ ဆုံးဖြတ်ခွင့်ရှိတဲ့ လိုင်စင်မရှိသေးဘူး၊ ဒီလိုင်စင်မျိုးကလည်း လွယ်လွယ်ကူကူ ပေးထိုက်တာမျိုးမဟုတ်ဘူး၊ ပေးလိုက်ပြန်ရင်လဲ မလိုအပ်တာတွေဖြစ်လာနိုင်တယ်"

"ဒါဖြင့် ပြဿနာကို ကျွန်တော်တို့လက်ပိုက်ကြည့်နေကြရမှာလား"

"ဒီလိုလဲ မဟုတ်ဘူးလေ၊ ဆေးပညာညီလာခံ၊ သုတေသနညီလာခံတွေမှာ အကြောင်းအချက် စုံစုံလင်လင်နဲ့ တင်ပြပြီး နိုင်ငံတော်အစိုးရနှင့် ပြည်သူကို အကူအညီတောင်းရမှာပဲ၊ အဲဒီအတွက်တော့ ကျွန်တော်နဲ့ ကျောင်းအုပ်ကြီး လေးလေးနက်နက်ဆွေးနွေးနေကြပါတယ်"

ထိုစဉ် ဆရာမလေးတစ်ဦးက စာရွက်ကလေးများယူလာပြီး ဦးဖေလှမြင့်ကိုပေး၏။

"ဘာတွေလဲ ဆရာမ"

"ဆရာနဲ့ တွေ့ပါရစေလို့ ခွင့်တောင်းတဲ့စာတွေ "

"ညနေပိုင်းမှာမှ တွေ့ခွင့်ရှိတယ်လို့ ဆရာမ မပြောဘူးလား"

"ပြောတာပဲ၊ ဒါပေမဲ့ သူတို့ကမပြန်ဘူး"

http://www.cherrythitsar.org



ဦးဖေလှမြင့်သည် သက်ပြင်းရှိုက်ပြီးပြီး တွေ့ခွင့်တောင်းလွှာများကို စစ်ဆေးကြည့်နေ၏။

ဦးထွန်းသောင်သည် စစ္စတာဒေါ်မိုးသူဘက် လှည့်ပြီး ရုတ်တရက်မေး၏။

"ဆရာမက ဆာဂျီကယ်ဝဒ်ကနော်"

"ဟုတ်ပါတယ်ရှင်"

"ဒါဖြင့် ဒေါက်တာဦးနှင်းငွေရဲ့ ဌာနကပေါ့"

"ဟုတ်ပါတယ်။ ဆရာ ဦးနှင်းငွေကို ဒီက အဲ အစ်ကိုသိပါသလား"

"သိပါတယ်၊ ဆရာဦးနှင်းငွေကို ဟိုက်စကူးကျောင်းသားလေး မောင်နှင်းငွေဘဝထဲက ကျွန်တော်သိပါတယ်၊ သူ့အဖေက သာစည်မြို့အုပ်၊ ကျွန်တော်က သာစည်ရဲအုပ်၊ ရွာမွန်သာကိုလည်း ကျွန်တော်ခဏခဏရောက်ဖူးပါတယ်။ ဆရာမရော ရွာမွန်သာကို ရောက်ဖူးလား"

ဦးထွန်းသောင်သည် စစ္စတာ၏မျက်လုံးများကို စူးစိုက်ကြည့်ရင်းမေး၏။

"ဟုတ်ကဲ့ ရောက်ဖူးပါတယ်၊ ဒီတောင်ကြီးကိုတက်အလာပေါ့၊ ရွာမွန်သာဟာ အင်မတန်လှပချစ်စရာ ကောင်းတဲ့ ရွာကလေးတစ်ခုပဲ"

ဦးဖေလှမြင့်က ခေါင်းမော့ကြည့်ပြီး ပြော၏။

"တိုက်ဆိုင်လွန်းနေတယ်၊ ဟောဒီမှာ ရွာမွန်သာက လူနာတစ်ဦးကလည်း ကျွန်တော်ကို တွေ့ခွင့်တောင်းနေတယ်"

ဦးထွန်းသောင်က ဦးဖေလှမြင့်ဘက်လှည့်ပြီးမေး၏။

"ဗျာ ... ရွာမွန်သာက လူနာတစ်ဦး"

"ဟုတ်တယ်၊ ဒေါ်ငြိမ်းသာတဲ့"

စစ္စတာကလည်း အံ့သြဟန် ဝင်မေး၏။

ရွာမွန်သာက ဒေါ်ငြိမ်းသာတဲ့ ဟုတ်လား"

"ဟုတ်တယ်၊ ဆရာမ အသိလား"

"ကားလမ်းပျက်လို့ သောင်တင်တုန်းက ဒေါ်ငြိမ်းသာဆိုတဲ့ အဒေါ်တစ်ဦး အိမ်မှာ ကျွန်မ တည်းခဲ့ရဖူးတယ်၊ အဲဒီ ဒေါ်ငြိမ်းသာများ ဖြစ်နေမလားမသိဘူး၊ ဘာဖြစ်လို့တဲ့လဲဆရာ"

ဒေါက်တာဦးဖေလှမြင့်သည် ခွင့်တောင်းစာနှင့် တွဲထားသော စာတစ်စောင်ကို စိုက်ကြည့်ကာ ပြုံးရင်းဖြေ၏။

"ဟောဒီမှာ... ထောက်ခံစာ၊ အဲ ... မိတ်ဆက်စာတစ်စောင် ပါလာတယ်၊ ရေးပေးလိုက်တဲ့ သူက ကျွန်တော့်ဝဒ်မှာ ဆေးကုသွားဖူးတဲ့ လူနာဟောင်းတစ်ဦး"

ဦးထွန်းသောင်သည် ရယ်ပြီးမေး၏။

"လူနာဟောင်းတစ်ဦးက လူနာသစ်တစ်ဦးကို ထောက်ခံစာရေးပေးလိုက်တယ်၊ ဆန်းပါ့ဗျာ"

"ကျွန်တော်အတွက်တော့ ဒါမျိုး ခဏခဏကြုံရတယ်၊ တစ်နည်းအားဖြင့်

http://www.cherrythitsar.org



တော့လဲ ကျွန်တော်တို့ ဒီဆေးရုံကြီးအတွက် ဂုဏ်ယူစရာပါပဲ၊ ဦးထွန်းသောင် လိုက်ကြည့်ရင် ဒီဆေးရုံကြီးမှာ တောင်ကြီးတစ်ဝိုက်က လူနာတွေထက် ပြည်မရပ်ဝေးက အားကိုးတကြီးနဲ့ လာကြတဲ့ လူနာတွေက ပိုများကြတယ်၊ အခု ကျွန်တော့်ဆီ ထောက်ခံစာရေးပေးလိုက်တဲ့လူက သာစည် ဟိုဘက်ဥယျာဉ်ရွာက၊ အစာအိမ်အနာဖြစ်ပြီး ဗိုက်ခွဲကုဖို့ ဒီမြို့ကံဦးကျောင်းဆရာတော်ဘုရားထံက တစ်ဆင့် ရောက်လာတယ်၊ ကျွန်တော့် ဝဒ်မှာ စစ်ဆေးပြီး ဆေးကုသပေးရင်းနဲ့ သက်သာသွားတယ်၊ ဗိုက်လဲမခွဲရဘူး၊ ဆေးရုံကဆင်းပြီး ရွာပြန်ရောက်တဲ့နောက်လဲ ကျွန်တော်တို့ ညွှန်ကြားလိုက်တဲ့အတိုင်း သူကအစားအသောက် အနေအထိုင်ဆင်ခြင်တော့ လေရောဂါလို့သူခေါ်တဲ့ ဝေဒနာဟာ ပျောက်သွားတယ်၊ သူဒီကိုခြောက်လခြား နှစ်ခါလာပြသေးတယ်၊ သူ က တစ်ထစ်ချစွဲလမ်းသွားတယ်၊ ကျွန်တော်ဟာ ဗိုက်ခွဲရမယ့်လူကို ဆေးနဲ့ပျောက်အောင် ကုစွမ်းနိုင်တဲ့လူလို့၊ အခုလဲ မိတ္ထီလာဆေးရုံကြီးက ခွဲစိတ်ကုသရမယ်ဆိုတဲ့ ဒေါ်ငြိမ်းသာကို သူက ကျွန်တော့်ဆီကို ဆေးနဲ့ပျောက်အောင် ကုပေးဖို့ မေတ္တာစာရေးလွှတ်လိုက်တယ်”

ဦးဖေလှမြင့်သည် ရှင်းပြပြီးရယ်နေ၏။

“လေရောဂါပဲလား”

“မဟုတ်ဘူး ဦးထွန်းသောင်၊ အဲဒါခက်တာပေါ့၊ သူ့ရောဂါက သားအိမ်ရောဂါ”

ဦးဖေလှမြင့်သည် ဆရာမလေးဘက် လှည့်ကြည့်ပြီး အမိန့်ပေး၏။

“ကဲကွယ် လွှတ်လိုက်ပါ၊ သူ့ခမျာ အဝေးကတောင်လာရှာရတာ”

ဆရာမလေး ထွက်သွား၏။

စစ္စတာဒေါ်ခင်ထိုက်က ဦးထွန်းသောင်အတွက် ဆေးယူလာ၏။

ပလတ်စတစ်အခွံဖုံးထားသော ဆေးတောင့်လေး ခြောက်လုံးဖြစ်၏။

“တစ်နေ့ကို မနက်တစ်ခါ ညတစ်ခါ နှစ်လုံးသောက်ပါ။ နက်ဖြန်လဲ တစ်ခါတော့လာပြဦး ဦးထွန်းသောင်”

“ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ အားတော့နာတယ်ဆရာရေ၊ အချိန်မဟုတ်ဘဲ စည်းဖောက်ပြီး ကျွန်တော်ကလာသလို ဖြစ်နေတယ်”

“ကိစ္စမရှိပါဘူး၊ ဦးထွန်းသောင်တို့က ကိုယ့်အချိန်ကိုယ်အစိုးမရတဲ့ တာဝန်ကြီးသူတွေပါ၊ ဒါကိုကျွန်တော်တို့ နားလည်ပါတယ်၊ အလုပ်အားပြီး အဆင်သင့်တဲ့အချိန်လာတာပေါ့”

ဦးထွန်းသောင် နေရာမှအထတွင်ပင် ကျေးရွာသူကြီးဟု သိသာလှသော အသားမည်းမည်းနှင့် အသက်လေးဆယ်ကျော်ခန့် အမျိုးသမီးကြီးတစ်ဦး ဝင်လာ၏။

အမျိုးသမီးကြီး၏ အမူအရာမှာ ရွံ့ရွံ့ကြောက်ကြောက်နိုင်၏။ ကျို့ကျို့ယို့ယို့လည်းနိုင်၏။

အမျိုးသမီးကြီးက အခန်းတွင်းရှိ လူသုံးဦးလုံးကို အသနားခံတောင်းပန်ဟန် မျက်လုံးများနှင့် ကြည့်လေရာမှ စစ္စတာဒေါ်မိုးသူကိုမြင်သော် လက်မောင်းကို လှမ်း

http://www.cherrythitsar.org



ဆုပ်ကိုင်လိုက်ပြီး ဝမ်းသာအားရအော်၏။

"ဟောတော့ ... ကျုပ်တူမက ဒီဆေးရုံမှာ၊ အမလေး အဒေါ် အားရှိသွားပြီ"

ဦးထွန်းသောင်သည် အမျိုးသမီးကြီးကို စိုက်ကြည့်ပြီး မသိမသာ မျက်မှောင်တွန့်သွား၏။ ထို့နောက် ဦးဖေလှမြင့်ကို နှုတ်ဆက်ပြီး အခန်းတွင်းမှ ထွက်ခွာသွား၏။

စစ္စတာဒေါ်မိုးသူက ပြုံးပြီးဆို၏။

"ဟာ ... ဒေါ်ဒေါ် ... ဒေါ်ငြိမ်းသာပဲကိုး၊ ဟုတ်ကဲ့ ကျွန်မ ဒီဆေးရုံကြီးမှာလုပ်ပါတယ်၊ ဟောဒါ ဆရာဝန်ကြီးပါ၊ ထိုင်ပါ ဒေါ်ဒေါ် ဆရာဝန်ကြီးနဲ့စကားပြောပါ"

ဒေါ်ငြိမ်းသာသည် ထိုင်ရကောင်းနိုး မထိုင်ရကောင်းနိုးနှင့် ချီတုံချတုံဖြစ်နေ၏။

ဦးဖေလှမြင့်က ဝင်ပြော၏။

"ထိုင်ပါ ဒေါ်ဒေါ် ထိုင်ပါ၊ အားနာစရာမရှိပါဘူး"

သည်တော့မှ ဒေါ်ငြိမ်းသာသည် မရဲတရဲထိုင်၏။

စစ္စတာဒေါ်မိုးသူ၏ လာရင်းကိစ္စသည် ပြီးနေပြီ၊ စာရွက်စာတမ်းယူပြီး မိမိ၏ဝဒ်သို့ ပြန်ရန်သာရှိတော့သည်၊ သို့ရာတွင် ရွာမွန်သာ၌ မိမိနှစ်ညအိပ် သောင်တင်စဉ်က လိုလေသေးမရှိအောင် ပြုစုစောင့်ရှောက်လိုက်သော ဤကျေးရွာသူကြီးကို ပစ်၍မခွာရက်။

အလိုက်သိသော ဦးဖေလှမြင့်က ခွင့်ပေးသည်။

"ဆရာမ ခဏနေပါဦးလား၊ ဒီကအဒေါ်နဲ့ ဆရာမက သိပြီးဆိုတော့ အဲ... ကျွန်တော့်ကို ကူညီနိုင်လိမ့်မယ် ထင်ပါတယ်"

စစ္စတာသည် ဝမ်းသာကျေးဇူးတင်စွာ ဆက်ထိုင်နေ၏။

ဦးဖေလှမြင့်က နီရဲသောနှုတ်ခမ်းများ အောက်မှညီညာဖြူစင်သော သွားများပေါ်အောင် ပြုံးပြီးမေး၏။

"ဥယျာဉ်ရွာက ဦးကြီးဦးညိုက လွှတ်လိုက်သလား"

"ဟုတ် ... ဟုတ် ... ကဲ့ ... ၊ အဲ ... မှန်ပါ့"

"ဟုတ်ကဲ့ပဲ ပြောပါလေ၊ ကျွန်တော့်ကို တူလိုသားလိုဆက်ဆံပါ"

ဒေါ်ငြိမ်းသာက ခေါင်းညိတ်ပြ၏။

"ဦးကြီးဦးညိုကော နေကောင်းရဲ့လား"

"မှန် ... အဲ ... ဟုတ်ကဲ့၊ ဝါ နှစ်ကေတောင် ကိုယ်တိုင်လုပ်သတော့၊ အခု နှမ်းကြီးပျိုးနေတယ်"

"အိုး ... ဝမ်းသာစရာကြီးပဲ၊ ဒါထက် အဒေါ်ရောဂါစဖြစ်တာ ဘယ်လောက်ကြာပြီလဲ"

"ဟိုဒင်း ... အဲ ... ကဖိုးထီမသေခင် တစ်နှစ်က"

"ခင်ဗျာ"

"ကဖိုးထီ အဲလေ ... အိမ်ကလူမဆုံးခင် တစ်နှစ်က"

http://www.cherrythitsar.org



"သြော် ... အဟင်း ... ဟင်း၊ အဲဒါ ဘယ်နှနှစ်လောက်ရှိပြီလဲ"

"နေဦး ... ဟိုဒင်း ... သံချောင်း မွှေပြီးတဲ့ တပေါင်းလလောက်ကထင်တယ်"

"သံချောင်း ဆိုတာက သားလား"

"ဟုတ်တယ်၊ အငယ်ဆုံးကောင် ကျောက်ခွေ အောက်က"

"သံချောင်း အခုဘယ်နှနှစ်ရှိပြီလဲ"

"ဘယ်နှနှစ်ရှိပြီလဲ နေဦး ... ရွာမွန်သာ တံတားကြီးတစ်ခါကျိုးတော့ ရဲဘော်တွေ ပထမဆုံးလာပြင်ပေးတဲ့နှစ်၊ ပါတီယူနစ်ကဘခက် အဲ ... ရဲဘော် ကိုဘခက် ပြန်ရောက်လာပြီး ဝါပွင့်တော့ သံချောင်း မှောက်တတ်နေပြီ"

စစ္စတာသည် ရယ်ချင်ခြင်းကို အောင့်ထားရ၏။

ဦးဖေလှမြင့် သည်လည်း ဣန္ဒြေဆယ်ပြီး စကားလွှဲပြောင်းမေး၏။

"အဒေါ်ဟာ မိတ္ထီလာဆေးရုံကြီးမှာ သွားပြဖူးတယ်၊ အခု မိတ္ထီလာဆေးရုံ ကြီးက ဆရာဝန်ကြီးရဲ့စာထဲမှာ အဒေါ့်ရောဂါဟာ သားအိမ်ရောဂါ၊ ခွဲစိတ်ကုသရမယ် လို့ ဆိုထားတယ်၊ ဘာလို့ မိတ္ထီလာဆေးရုံကြီးမှာ မခွဲလဲ"

"ခွဲရမှာ အဒေါ်ကြောက်တယ်"

"ဘာကြောက်စရာရှိလဲ၊ မိတ္ထီလာက ဆရာဝန်ကြီး ဦးဘမောင်နဲ့ တွေ့ဖူးလား"

"တွေ့ဖူးသတော့၊ စကားပြောရင် ဝဲဝဲ... ဝဲဝဲနဲ့ ပြုံးပြီး ရယ်စရာအားကြီး ပြောတတ်တယ်၊ စေတနာလဲ သိပ်ကောင်းတယ်"

"အဲဒီဆရာဝန်ကြီးဟာ ကျွန်တော်တို့ထက် ဝါရင့်တယ်၊ သူလဲကောင်းကောင်း ခွဲစိတ်ပြီးကုသပေးနိုင်တယ်၊ အဒေါ်ပြောသလို စေတနာလဲ သိပ်ကောင်းတယ်၊ ဘာ ကြောင့် အဲဒီမှာ မခွဲဘဲ အဝေးကြီး ဒီကိုတက်လာရသလဲ"

ဒေါ်ငြိမ်းသာသည် အဖြေရခက်ဟန် ငြိမ်နေ၏။ ထို့နောက် အားကိုးဟန် စစ္စတာကို လှမ်းကြည့်သည်။

စစ္စတာသည် ပြုံးပြီးဝင်ထောက်ပေး၏။

"ဖြေလေ ဆရာဝန်ကြီးမေးတာကို ရဲရဲဖြေပါ"

"အဒေါ်ခွဲရမှာ သိပ်ကြောက်တယ်၊ မောင်ကြီးကိုညိုနဲ့တွေ့တော့ သူက အားပေးတယ်၊ တောင်ကြီးတက်သွားတဲ့၊ ဒီကတူ တူမောင် ဆရာဝန်ကြီးက ခွဲရမှာ ကို ဆေးနဲ့ပျောက်အောင်ကုသနိုင်သတဲ့၊ အဲ ... အဲဒါကြောင့်"

ဦးဖေလှမြင့်၏ အပြုံးသည် လျော့ကျသွား၏၊ သူ့မျက်လုံးများကမူ ကရုဏာ ပြည့်စွာဖြင့် ဒေါ်ငြိမ်းသာကို စိုက်ကြည့်နေ၏။

ဦးဖေလှမြင့်သည် မပြုံးတော့သော်လည်း ချိုသာသောအသံဖြင့် ရှင်းပြ၏။

"ကျွန်တော့်ကို ဒီလောက်အားကိုးပြီးတက်လာတဲ့ အဒေါ်ကို မေတ္တာလဲ ထားပါတယ်၊ ကရုဏာလဲအပြည့် ရှိပါတယ်၊ အဒေါ်ယုံပါနော်"

ဒေါ်ငြိမ်းသာက ခေါင်းညိတ်ပြ၏။

"ခက်တာက အဒေါ်ရောဂါက ကျွန်တော်နဲ့ အဲ ... မဆိုင်ဘူး၊ သားအိမ်ရောဂါ

http://www.cherrythitsar.org



မိန်းမရောဂါကို ကုပေးတဲ့ ဆရာဝန်ကြီးကတစ်ယောက်၊ အဲဒီဆရာဝန်ကြီးဆီ ကျွန်တော် အဒေါ့်ကို လွှတ်ပေးပါ့မယ်"

ဒေါ်ငြိမ်းသာသည် သိသိသာသာတုန်လုပ်သွား၏။ ချောက်ချားစွာလည်း မေး၏။

"အဒေါ့်ကို တူ... တူမောင်က မကုဘူး၊ ဒါပြောတာလား"

ဦးဖေလှမြင့်က ပြုံးရင်း ခေါင်းခါပြ၏။

"ကျွန်တော်မကုမှာမဟုတ်ဘူး၊ ပိုတော်တဲ့လူဆီပို့ပေးမယ်၊ အဒေါ်က လယ်ယာကလာတဲ့ လူဆိုတော့ ကျွန်တော်ဥပမာပေးမယ်၊ စိုက်တာတော့ လူတိုင်းစိုက်တတ်ကြတာပေါ့၊ ဒါမေပဲ့ တချို့က စပါးပိုစိုက်တတ်ကြတယ်။ တချို့က ကြံပိုစိုက်တတ်ကြတယ်၊ တချို့က နှမ်းကိုပိုနားလည်တယ်၊ တချို့က မြေပဲပိုနားလည်တယ်၊ ဒီလိုပဲ ဆရာဝန်တွေမှာလည်း ကိုယ့်ဘာသာ ကိုယ်ပိုတတ်တဲ့ ဆရာဝန်တွေရှိတယ်၊ ဆေးတွေမှာလည်း ဒီလိုပဲ၊ အဒေါ်တို့လယ်ယာမှာ နှမ်းဖျက်ပိုးကျတော့ ဆေးတစ်မျိုးသုံးမယ်၊ ရွက်လိပ်ပိုးကျတော့ ဆေးတစ်မျိုးသုံးမယ်၊ လောင်မီးပိုးကျတော့လဲ ဆေးတစ်မျိုးသုံးရတာပဲ၊ မဟုတ်ဘူးလား"

ဒေါ်ငြိမ်းသာသည် ဟက်ဟက်ပက်ပက် ရယ်တော့၏။

"အဒေါ်ဘာဖြစ်လို့ ရယ်တာလဲ"

"စိတ်မဆိုးနဲ့နော်၊ သဘောကျလို့ ရယ်တာ၊ ဆရာဝန်ကြီးက လယ်ယာအကြောင်း နားလည်တယ်နော်"

"အမှန်က ကျွန်တော် လယ်ယာအကြောင်း သိပ်နားမလည်ပါဘူး၊ ကြားဖူးနားဝလောက်ပါပဲ၊ သဘောပေါက်အောင် ဥပမာပေးရတာ ကျွန်တော် ဥပမေယျတွေက မှန်ချင်မှမှန်မယ်"

"ဥပမာတွေ ကောင်းပါတယ်၊ အဒေါ်သဘောကောင်းကောင်း ပေါက်တယ်လေ"

"ဒီတော့ အဒေါ့်ရောဂါက ကျွန်တော်နဲ့မဆိုင်ဘူး၊ ဆိုင်တဲ့ဆရာဝန်ကြီး ဦးမောင်မောင်ဆီ ကျွန်တော်စာရေးပေးလိုက်ပါမယ်"

"အဲ ... အဲ ... ဒီ ... ဆရာဝန်ကြီးကို အဒေါ်မှ မသိဘဲ"

"လူနာတစ်ဦးဟာ ဆရာဝန်ကို သိဖို့မလိုပါဘူး၊ ကျွန်တော်တို့ဆရာဝန်တွေကို ဆေးကုပေးဖို့ တိုင်းပြည်က လခပေးထားတာ"

"အဲဒီ ဆရာဝန်ကြီးဆီ ဘယ်သူ ဦး ... မောင်"

"ဦးမောင်မောင်"

"အဲ... ဦးမောင်မောင်က အဒေါ်ဗိုက်ကို ခွဲဦးမှာလား"

"ခွဲသင့်ရင်ခွဲမယ်၊ မခွဲသင့်ရင်မခွဲဘူး၊ ဆေးနဲ့ပျောက်မဲ့ကိစ္စကို ဆေးနဲ့ပဲကုပေးမယ်၊ ခွဲသင့်လို့ခွဲရရင်လဲ မကြောက်ပါနဲ့"

ဦးဖေလှမြင့်က စဝ်စံထွန်းဆေးရုံကြီး၏ သမားတော်ကြီးတံဆိပ်နှိပ်ထားသော

စာရွက်ပေါ်တွင် လက်ဝဲလက်ဖြင့် ဖောင်တိန်ကိုင်ကာ စာရေး၏။ စာရေးအပြီး၌ မေးသည်။

"ပြည်သူ့ဆေးရုံကြီးဆီ သွားတတ်လား"

ဒေါ်ငြိမ်းသာက ခေါင်းခါပြ၏။

"အဒေါ်အခု ဘယ်မှာတည်းနေသလဲ"

"ကံဦးကျောင်းမှာ"

"ဒီစဝ်စံထွန်းကို ဘယ်သူလိုက်ပို့ပေးလဲ"

"ဘယ်သူတဲ့ အဲ... မောင်သန်း၊ အဲ... သန်းမောင်၊ ဘုန်းကြီးကျောင်းသားတစ်ယောက်"

"ဒီတောင်ကြီးကပဲလား"

"မသိဘူး ဆရာတော်ထည့်ပေးလိုက်တာ"

"စဝ်စံထွန်းဆေးရုံကြီးကို သိတဲ့ကလေးဆိုရင် ပြည်သူ့ဆေးရုံကြီးကို သိပါလိမ့်မယ်၊ ရော့ ... ဟောဒီ ကျွန်တော့်စာယူသွားပါ"

ဦးဖေလှမြင့်က စာကို ဒေါ်ငြိမ်းသာဆီသို့ လှမ်းပေးလိုက်၏။ စာကိုယူပြီး ဒေါ်ငြိမ်းသာက စစ္စတာ ဒေါ်မိုးသူကို လှမ်းကြည့်၏။

စစ္စတာက ပြော၏။

"ဆရာကြီး ဦးဖေလှမြင့်ဆီက စာပါရင် မပူနဲ့တော့ ဒေါ်ဒေါ်၊ သြော်... ဆရာပါလာတဲ့ကလေး မသိတောင် ပို့ပေးဖို့ကို ကျွန်မ တာဝန်ယူလိုက်ပါ့မယ်"

"ကျေးဇူးပါပဲ ဆရာမ"

ဒေါ်မိုးသူသည် ဒေါ်ငြိမ်းသာနှင့်အတူ အောက်ထပ်သို့ ဆင်းလာ၏။

လမ်း၌ ဒေါ်ငြိမ်းသာကမေး၏။

"ဗိုက်ခွဲရတာ ကြောက်စရာကောင်းလား ကျုပ်တူမ"

"ဆူးစူး ဒါလောက်တောင် ကြောက်စရာမကောင်းပါဘူး"

"တကယ်ပြောနေတာလား"

"တကယ်ပါ၊ ကျွန်မတို့က နေ့တိုင်း မြင်နေရတာပဲဟာ"

"အဒေါ် အားတက်သွားပြီ"

အောက်ထပ်၌ လူငယ်တစ်ဦးကိုတွေ့၏။

ဒေါ်ငြိမ်းသာက အော်ပြော၏။

"ဟဲ့... မောင်သန်း၊ အဲ... သန်းမောင်၊ ဘာ... ဆေးရုံကိုလည်း မသိဘူး၊ အဲဒီကို သွားရဦးမယ်တဲ့၊ နင်သိလား"

"ဗျာ... ဘာဆေးရုံကို၊ ခင်ဗျားဟာက ဘာတိုင်းပြည်မှာ ဘာမင်းကြီးတက်တုန်း ဘာသီးကြီး သီးတယ်ဆိုတာထက် ဆိုးနေပြီ"

စစ္စတာသည် သဘောကျစွာ ရယ်ပြီးပြော၏။

"ကလေးရေ ပြည်သူ့ဆေးရုံကြီးကိုပါ"

"သြော် ... အဲ ... ဒီလိုပြောဦးမှပေါ့"
စစ္စတာတို့သည် ဝဒ်တွင်းမှ ထွက်လာခဲ့ကြ၏။
စစ္စတာ စောစောက တွေ့ခဲ့ရသော ရဲကားပြာသည် ရှိနေတုန်းဖြစ်၏။
ဦးလှသွင်သည် မြေပြင်၌ရပ်လျက်တည်း။
ကားပေါ်မှ ဦးထွန်းသောင် ဆင်းလာ၏။
စစ္စတာက အံ့အားသင့်ပြီးမေး၏။
"သြော် ... ဦးထွန်းသောင် မပြန်သေးပဲကိုး"
"ဟုတ်ပါတယ် ဒေါ်မိုးသူ၊ ဒေါ်ငြိမ်းသာဟာ ရွာမွန်သာကဆိုတော့ ကျွန်တော့်မှာ ဝတ္တရားကရှိနေတယ်၊ ရွာမွန်သာနဲ့ ကျွန်တော်က ရှေးတုန်းကတည်းက မကင်းခဲ့ဖူးဘူး"
ဦးထွန်းသောင်က စစ္စတာ၏မျက်လုံးများကို စူးစိုက်ကြည့်ပြီး ပြောနေ၏။ ဒေါ်မိုးသူဟု သူခေါ်ပုံ၌ တစ်စုံတစ်ရာ အလေးအနက်ပြုကြောင်း စစ္စတာ ခံစားသိရ၏။
စစ္စတာကလည်း ဦးထွန်းသောင်၏ မျက်လုံးများကို တည့်တည့်ပင်ပြန်ကြည့်၏။ စစ္စတာ၏ လှပပြာလွင်သော မျက်လုံးများ၌ ရဲရင့်တည်ငြိမ်ခြင်းကို ဦးထွန်းသောင် မြင်ရ၏။ အခြားဘာကိုမျှ မမြင်။
ဦးထွန်းသောင်က အလျင် မျက်လုံးလွှဲလိုက်ပြီး ဒေါ်ငြိမ်းသာကို မေး၏။
"မငြိမ်းသာမဟုတ်လား၊ ကိုဖိုးထီရဲ့မိန်းမ၊ ဟုတ်စ"
"တော် ... အဲ ... ဘယ်လိုလုပ်သိလဲ"
"ထားပါလေ၊ ဘခက်တို့ ... အဲ... ကြီးတော်မြ အိမ်ဘေးကပ်ပြီး ခင်ဗျားနေဖူးတယ်မဟုတ်လား"
"ဟုတ်သတော့... နေဦး၊ တော်ကဘယ်သူလဲ"
"ထွန်းသောင်ပါ"
"ဟောတော့... ဘုရားရေ၊ ရာဇဝတ်အုပ် ဆရာထွန်းသောင်၊ အမလေး... ကျေးဇူးရှင်ကြီး ကဖိုးထီ ထန်းရေမူးပြီး လူရိုက်မှုဖြစ်တုန်းက တော်ပဲကယ်ခဲ့တယ်"
"ကိုဖိုးထီက ထန်းရေမူးမှဆိုးတာ၊ လူကောင်းတစ်ယောက်ပဲ၊ ကျွန်တော့်ကို သူအများကြီး ကူညီဖူးတယ်"
"တော်က သူတော်ကောင်းပဲ၊ အဲဒါကြောင့် ကျုပ်တို့နယ်က တော့်ကိုမမေ့နိုင်တာ၊ ဓားမြဂိုဏ်းတွေကို လွယ်အိတ်အရာရှိကြီးဆိုပြီး တော် ရပ်ဖျက် နှိမ်သွားတယ် မဟုတ်လား၊ တော်က တော်တော် တော်တဲ့ဆရာပဲ၊ တော် အခု ဒီမှာဘာလာလုပ်သလဲ"
"အဲဒါတွေ ထားပါလေ၊ ခင်ဗျားကို ကျွန်တော်မှတ်မိတယ်၊ ရောဂါသည်ဟာ ဆရာဝန်ကြီးနဲ့ စကားပြောနေတုန်း၊ ကျွန်တော်တို့က မရှိထိုက်ဘူး၊ ဒါကြောင့် မသိချင်ပြုပြီး ဆင်းလာတယ်၊ ဒါပေမဲ့ ခင်ဗျားနဲ့ တွေ့ပြီး စကားမပြောရဘဲ ကျွန်တော် ထွက်မသွားချင်ဘူး၊ ကျွန်တော့်ဝတ္တရားလေ၊ ကဲ... မငြိမ်းသာ ခင်ဗျားကို ကျွန်တော် ဘာကူညီရမလဲ"
ဒေါ်ငြိမ်းသာက စစ္စတာ ဒေါ်မိုးသူကို လှည့်ကြည့်၏။

http://www.cherrythitsar.org



ဒေါ်မိုးသူက ရှင်းပြသည်။

"အဒေါ့်ရောဂါက သားအိမ်ရောဂါ၊ ပြည်သူ့ဆေးရုံကြီးက မိန်းမရောဂါကု ဆရာဝန်ကြီး ဦးမောင်မောင်ဆီ ဆရာဦးဖေလှမြင့်က လွှတ်ပေးလိုက်တယ်၊ ကျွန်မက တက္ကစီငှားပြီး ပို့ပေးမယ် ကြံလာတယ်၊ ဒီကအစ်ကိုက ပို့ပေးနိုင်မလား"

"လမ်းကြုံပါတယ်၊ ပို့ပေးနိုင်ပါတယ်၊ ကျွန်တော်က တောင်ကြီးရောက် စဆိုတော့ ဆရာဝန်ကြီးအားလုံးနဲ့တော့ မသိသေးဘူး၊ ဒါပေမဲ့ ကိုလှသွင်ရေ ခင်ဗျား တော့ သိမှာပေါ့နော်"

မလှမ်းမကမ်း၌ ရှိသေသမှုသဘောဖြင့် ခပ်ခွာခွာရပ်နေသော ကိုလှသွင်သည် ဦးထွန်းသောင်အနီး ကပ်လာပြီး ဖြေ၏။

"ဆရာဦးမောင်မောင်ကိုလဲ သိပါတယ်ဝန်မင်း၊ ခရိုင်ဆရာဝန်ကြီး ဦးခွန်ဦး ကတော့ အစ်ကိုလို ဦးလေးလိုပါပဲ၊ မေထရွှန်(သူနာပြုအုပ်ကြီး)ကတော့ ကျွန်တော့်ကို သားလိုပဲ ခေါင်းပုတ်နိုင်တဲ့ အမျိုးသမီးကြီးပါ"

"ကဲ… ဒါဖြင့် ကိုလှသွင်ရေ၊ ဟောဒီ … ဒေါ်ငြိမ်းသာကို ပြည်သူ့ဆေးရုံကြီး ခေါ်သွားကြရအောင်"

ဒေါ်ငြိမ်းသာသည် မိမိ၏ကံကောင်းကြမ္မာကို မယုံနိုင်ဟန် ကြည့်ကြည့် ကြောင်ကြောင်ဖြစ်နေ၏၊ ခဏကြာမှ စစ္စတာ ဒေါ်မိုးသူ၏ ပြည့်ဝန်းသော လက်မောင်း ကို လှမ်းဆုပ်ပြီးဆို၏။

"သမီး … အဲ … တူမရေ၊ အမေ့ကိုပစ်မထားနဲ့နော်"

"ဒေါ်ဒေါ်ရယ် ဒေါ်ဒေါ့်ကို ကျွန်မပစ်မထားပါဘူး၊ လာကြည့်ပေးပါမယ်၊ စိတ်ချမ်းသာစွာနဲ့ သွားနော်၊ ဘာကိုမှလဲမပူနဲ့"

ဂျစ်ကားပြာပေါ်သို့ ဒေါ်ငြိမ်းသာနှင့် ဘုန်းကြီးကျောင်းသား သန်းမောင်တို့ တက်လိုက်သွားကြ၏။

ဂျစ်ကားပြာလေး မျက်စိအောက်က ပျောက်သွားသည်တိုင်အောင် စစ္စတာ သည် ငေးလျက် ရပ်ကြည့်ကျန်ရစ်၏။

မိုးမှုန်မိုးဖွဲများမရှိပြီ၊ နေသည် ရွှေရောင်ဝင်းဝင်းကလေး ချပေးနေ၏။

တောင်ချွန်းထိပ်ကို ဖြူလှုနုလှသော တိမ်တိုက်ကလေးတစ်တိုက် ဖြတ်ကျော်ရန် ကြိုးစားနေလေသည်တကား။

* * *

# အခန်း(၁၅)

ထိုအပတ် စနေနေ့ နေ့လယ်တွင် တောင်ကြီးဈေး၏ အနောက်ဘက်၌ရှိသော ပြည်သူ့ဆိုင်တစ်ဆိုင်မှ စစ္စတာဒေါ်မိုးသူ ထွက်လာခဲ့၏။

စစ္စတာ၏လက်တွင်း၌ ဟောလစ်ပုလင်းငယ်တစ်လုံးကို ပိုက်ထားသည်။ ဆရာဝန်ကြီး၏ ထောက်ခံချက်အရ မြို့နယ်ကုန်သွယ်ရေးမှ နှစ်ပေါင်ဝင်ပုလင်းကြီး တစ်လုံး ဝယ်ခွင့်ပြုသည်။ ဆိုင်၌ နှစ်ပေါင်ပုလင်းကုန်နေသောကြောင့် တစ်ပေါင်ဝင် တစ်ပုလင်းသာရခဲ့၏။ နှစ်ပုလင်းတောင်းကြည့်၍လည်း မရခဲ့။ တစ်ပုလင်းရသည်ကို ပင် ဝမ်းသာရသေး၏။

စစ္စတာသည် ဟောလစ်ပုလင်းလေးကို မြတ်နိုးယုယစွာ ကြည့်လိုက်ပြီး ပလတ်စတစ်ခြင်းအနီတွင်းသို့ ထည့်ကာ လမ်းကို ဖြတ်ကူးမည်ပြင်၏။

ဈေးအနောက်ဘက်ရှိ လမ်းက ကျဉ်းသည်၊ လူကလည်း ရှုပ်ကာယာဉ်တို့လည်း ရှုပ်၏။ အဝေးပြေး၊ အနီးပြေး တက္ကစီတို့ကလည်း ရမ်း၏။ မြင်းလှည်းနှင့် နွားလှည်းတို့ကလည်း စည်းကမ်းမဲ့ရကား၊ လမ်းကိုအမှုမဲ့ ဖြတ်ကူးရန်အန္တရာယ်ကြီးလှ၏။ ယနေ့မှာ ဈေးနေ့နှင့် ကြုံကြိုက်သောကြောင့် ပို၍ ရှုပ်ရှုပ်ထွေးထွေးနိုင်၏။

ပင်နီရောင်ဝတ်ရုံမ်းနှင့် အင်းသားများ၊ အနက်ရောင်ဝတ် ပအိုဝ်များ၊ ရောင်စုံအဆင်စုံဝတ် မြန်မာများ၊ အစိမ်းရောင်ယူနီဖောင်းနှင့် ရဲဘော်များ၊ အပြာရင့်ရောင်ဝတ် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး အလုပ်သမားကြီးများ၊ လူမျိုးစုံ၊ လူပေါင်းစုံ၊ အဆင်အသွေးအမျိုးမျိုးစုံနေ၏။

ငါးညှီနံ့၊ ဟင်းသီးဟင်းရွက်နံ့၊ ဟင်းရွက်ပုပ်နံ့၊ မြောင်းပုပ်နံ့၊ အမှိုက်ပုံနံ့၊ ငရုတ်သီး ကြက်သွန်နံ့၊ ဓာတ်ဆီကားနံ့၊ ဒီဇယ်ကားနံ့၊ နွားချေးနံ့၊ မြင်းချေးနံ့၊ ပန်းနံ့ ... ယနံ့ပေါင်းလည်း စုံ၏။

မလှမ်းမကမ်းရှိ ပြည်သူ့ငွေချေးဌာန ရှေ့၌လည်း လူတစ်သိုက် တန်းစီတိုးနေကြ၏။

စစ္စတာသည် စိတ်မပျက် လက်မပျက်သည့်ပြင် စိတ်ဝင်စားနေသေး၏။

http://www.cherrythitsar.org



ဈေးတစ်ဈေးဟူသော ရှုခင်းသည် ပန်းချီဆွဲရန် အလွန်ကောင်းသော ရှုခင်းဖြစ်၏။ တောင်ကြီးဈေးကဲ့သို့ ဈေးမျိုးကား တိုင်းရင်းသားဝတ်စားဆင်ယဉ်မှု စုံသောဈေးဖြစ်သောကြောင့် ပန်းချီရှုထောင့်အရသော် အလွန်လှ၏။

ဈေးအနောက်ဘက် ဤနေရာ၌ ထောက်တံပေါ် စက္ကူချပ်တင်၍ မိမိလာပန်းချီဆွဲရလျှင် စစ္စတာသည် ကြက်သီးထသွား၏၊ ယောက်ျားတစ်ဦး ပန်းချီဆွဲနေလျှင်ပင် ဝိုင်းအုံကြည့်ကြမည်။ မိမိကဲ့သို့ မိန်းမသားတစ်ဦးသာ ဆွဲနေပြီဆိုလျှင်ကား၊ စစ္စတာသည် လူမကြီးလူမကောင်း ကလေးများကို ကြည့်ပြီး ကြက်သီးထမိ၏။

ကြံဖန်၍တော့ ဤရှုခင်းကို ပန်းချီဆွဲချင်သည်။ အလွယ်ဆုံးနည်းကား ဓာတ်ပုံရိုက်ယူရန် ဖြစ်သည်။ ဓာတ်ပုံမှ ပန်းချီသို့ ပြောင်းကူးယူ၊ လွယ်၏၊ သို့ရာတွင်မကောင်း။

အသက်ဝိညာဉ်မဲ့သော ကင်မရာကတစ်ဆင့် အသက်ဝညာဉ်မဲ့သော ပန်းချီအတုတစ်ခုသာရနိုင်၏။ ရှုခင်းကြည့်ကာ ပန်းချီဆွဲနေခိုက် တစ်ဒင်္ဂက အဆက်ဆက်တွင်သာ ပေါ်ပေါက်နိုင်သော စေတနာ၊ ဝေဒနာခံစားမှုတို့ကို ဓာတ်ပုံမှတစ်ဆင့် မရနိုင်။

စစ္စတာသည် ပြုံးမိ၏၊ ဟောလစ်ပုလင်းနှစ်ပုလင်းရအောင် ဖွတ်တောင်းသော် ရကောင်းရမည်၊ မန်နေဂျာလေး၏ စိတ်ကောင်း စေတနာကိုကား ရမည်မဟုတ်၊ ယခုမှ စစ္စတာသည် မန်နေဂျာကလေးနှင့် မိတ်ဆွေ ဖြစ်ခဲ့ရသည်။ စဝ်စံထွန်း ဆေးရုံ၌ အကူအညီလိုသော် စစ္စတာတစ်ဦးအနေနှင့် တတ်နိုင်သမျှ ကူညီမည်ဖြစ်ကြောင်းလည်း ပြောခဲ့ရသေးသည်။ အကြောင်းမှာ မန်နေဂျာကလေး၏ ပြည်သူ့ဆိုင်ခန်း၌ တစ်နေရာသာရပါ၊ စစ္စတာသည် လှပသောဈေးရှုခင်းကို အသက်ဝင်သော ပန်းချီတစ်ချပ်အဖြစ် ဆွဲနိုင်လေမည် ဖြစ်သောကြောင့်တည်း။

အနောက်ဘက်သည် ကုန်းနိမ့်ဖြစ်၏။ ဈေးအနီး ကတ္တရာလမ်းက မြင့်သည်။ အနောက်ဘက် လမ်းမြောင်တစ်ခုမှ မြင်းလှည်းတစ်စီး ထွက်လာသည်။ ထို့နောက် ကတ္တရာလမ်းပေါ်တက်ကာ မြောက်ဘက်သို့ ချိုးသည်။ အားကုန် ရုန်းတက်လာသော မြင်းသည် မြင်းလှည်းဆရာက ဇက်ဆွဲသည့်ကြားက မိမိ၏ကြွက်သားများကို ဘရိတ်မအုပ်နိုင်ရှာ၊ ကျောတွင် ခြင်းကြီးများလွယ်လျက်နှင့် လမ်းကို ဖွတ်ဖြတ်ကူးသော ပအိုဝ်အမျိုးသမီးကြီးနှစ်ဦးကို တိုက်လုနီးပါးဖြစ်သွား၏။ ပအိုဝ်အမျိုးသမီးကြီးနှစ်ဦးက နောက်ပြန် ဆုတ်လိုက်သောကြောင့် သီသီလွတ်သွား၏။ သို့ရာတွင် မြင်းလှည်းသည် လမ်း၏လက်ယာဘက် အခြမ်းပေါ်ရောက်သွား၏။ ထိုအချိန်တွင်ပင် မြောက်ဘက်မှ ဂျစ်ကားတစ်စီးကလည်း ဝင်လာနေ၏။

မိန်းမများအော်သံကြားရ၏၊ ဂျစ်ကားဆီမှ ဘရိတ်အုပ်သံ တကျွီကျွီလည်း ပေါ်လာ၏၊ ဂျစ်ကားသည် မျက်နှာချင်းဆိုင်မှ လာနေသော မြင်းလှည်းကို ရုတ်တရက် ရှောင်လိုက်ရသောကြောင့် သူ့လမ်းမှသွေကာ လက်ယာဘက် (အနောက်ဘက်)သို့ ဦးတည်ဝေ့ထိုးပြီး စစ္စတာကို မတိုက်မိရုံကလေးတွင် ရပ်သွား၏။

ပြည်မမြို့ကြီးများတွင်ဆိုလျှင် မြင်းလှည်းဆရာနှင့် ကားဆရာတို့ ရန်ပွဲ

http://www.cherrythitsar.org



ပေတည်း။

ဂျစ်ကားပေါ်၌ ပအို့ဝ် အမျိုးသမီးများပါလာ၏၊ ဂျစ်ကားမောင်းသူမှာလည်း ပအို့ဝ်အမျိုးသားတစ်ဦးပင် ဖြစ်၏။

ဂျစ်ကားမောင်းသော ပအို့ဝ်အမျိုးသားက ပြုံးရွှင်စွာဖြင့်ပင် ဝဲသော မြန်မာစကားဖြင့် လှမ်းအော်၏။

"ငါတော်လို့၊ ငါ့ကား ဘရိတ်လဲကောင်းလို့၊ မဟုတ်ရင် နင့်မြင်းသေပြီ၊ နင်ထမင်းငတ်တော့မှာ"

မြင်းလှည်းမောင်းသမားက မြန်မာကလည်း ရယ်ပြီးတုံ့ပြန်၏။

"ကျေးဇူးပဲ ဘုရားဒကာရေ၊ ကျုပ်ကလဲ လူရှောင်လိုက်ရလို့"

"အေး ... အေး... တို့ကသာရှောင်တာ၊ လူတွေက တို့ကို မရှောင်ဘူးနော်"

မြင်းလှည်းက ဆက်ထွက်သွား၏၊ ဂျစ်ကားက ဂီယာပြောင်းပြီး နောက်သို့ ပြန်ဆုတ်နေရ၏။

ဂျစ်ကားပေါ်မှ ပအို့ဝ်အမျိုးသားတစ်ဦးထံ စစ္စတာ၏မျက်လုံးများ ရောက် သွား၏။

ယင်းပအို့ဝ်အမျိုးသားကလည်း စစ္စတာကို စူးစိုက်ကြည့်နေ၏။

ဘောင်းဘီအနက် အင်္ကျီအနက်ကို ဝတ်ထားသည်။ ပန်းရောင်နှင့်စိမ်းပြာရောင် အပွင့်အခက်ဖော်ထားသည့် မျက်နှာသုတ်ပဝါကို ခေါင်းပေါင်းပေါင်းထား၏။ မျက်နှာ ၏ အသားက ညိုသည်။ ပါးသိုင်းမွေးများမည်းကာ မေးမွေးများထူနေ၏။ နှုတ်ခမ်း မွေးကလည်း မည်းမည်းထင်ထင် ရှိ၏။ ကွမ်းစားထားသောကြောင့် နှုတ်ခမ်းများရော သွားများပါနီနေ၏။

သို့ရာတွင် မျက်လုံးများကား... ။

မျက်လုံးများက စစ္စတာကို စူးစိုက်ကြည့်နေသည်။ ဤမျက်လုံးများက ဝမ်းသာခြင်းကိုလည်း ပြနေ၏။ အံ့သြခြင်းကိုလည်း ပြနေ၏။ ရင်းနှီးမှုကိုလည်း ပြနေ၏။

ပအို့ဝ်အမျိုးသားသည် တစ်စုံတစ်ခုပြောတော့မည်ဟန် ပါးစပ်ပင်ပွင့်လာ၏၊ သို့ရာတွင် ပါးစပ်ပြန်ပိတ်သွား၏။

ဂျစ်ကားသည် ရှေ့ဂီယာ ပြန်ပြောင်းပြီး အိတ်(က်)ဇောမှ မီးခိုးမှောင်မှောင် ထုတ်လွှတ်ကာ ထွက်ခွာသွား၏။

စစ္စတာသည် ငြိမ်လျက်ရပ်ကြည့်ကျန်ရစ်သည်။ ဂျစ်ကားပေါ်မှ ပအို့ဝ်အမျိုး သားသည် နှစ်ကြိမ်တိုင်တိုင် စစ္စတာကို သမင်လည်ပြန် လှည့်ကြည့်သွားရှာ၏။

ဤပအို့ဝ်အမျိုးသားသည် မည်သူပါနည်း၊ သူ့ကို စစ္စတာ တွေ့ဖူးကြောင်း မှတ်မိနေ၏။ ဆေးရုံတက်ဖူးသော ပအို့ဝ်တစ်ဦးပင်လော၊ ဟုတ်ချင်ဟုတ်ပေလိမ့် မည်။ ဤသို့ဆိုသော် သူက ဘာကြောင့် နှုတ်မဆက်ပါသနည်း၊ ရောက်သည်မှာ မကြာသေးသော်လည်း ပအို့ဝ်တို့အကြောင်းကို စစ္စတာသိနေပြီ၊ သူတို့သည် ယဉ်ကျေး

http://www.cherrythitsar.org



သည်။ ပွင့်လင်းသည်။ ဟန်ဆောင်မှုမရှိဘဲ ရဲရင့်ဖြောင့်မှန်၏။ ဘာသာတရားကိုင်းရှိုင်းကာ ကျေးဇူးရှင်ကို ကျေးဇူးမမေ့သော လူရိုးလူကောင်း စင်စစ်များဖြစ်ကြ၏။

စစ္စတာသည် နားမလည်စွာ ခေါင်းခါမိ၏။ ပအို့ဝ် အမျိုးသား၏ မျက်လုံးကမူ စစ္စတာ၏အာရုံ၌ စွဲထင်ကျန်နေ၏။

စစ္စတာသည် လမ်းကိုဖြတ်ကူးလိုက်သည်။

တစ်စုံတစ်ယောက်က လှမ်းနှုတ်ဆက်၏။

"ဆရာမ ဈေးလာဝယ်သလား"

"အင်း ... ဩော် ... ကိုလှသွင်ပါလား"

အထူးစုံစမ်းထောက်လှမ်းရေး ဒုတိယလုံခြုံရေးမှူး ကိုလှသွင်ပင်ဖြစ်၏။

ဈေးအနောက်ဘက်၌ ဈေးဝယ်လာသော ကားများ ရပ်ထားကြ၏။ ကိုယ်ပိုင်ကားများသာမက ကိုယ်ကျိုးအတွက် မသုံးရဟု တားမြစ်တားသော အစိုးရပိုင်ကားအများရှိနေကြ၏။

ကားတစ်စီးအနီးတွင် မော်တော်ဆိုင်ကယ်တစ်စီး ရပ်တား၏။ ယင်းမော်တော်ဆိုင်ကယ်နှင့် မလှမ်းမကမ်း၌ရပ်ရင်း ကိုလှသွင်က စစ္စတာကို နှုတ်ဆက်ခြင်းဖြစ်၏။

စစ္စတာသည် ပြုံးရယ်ပြီးဆို၏။

"ဒီကမောင် ဈေးဝယ်လာတာတော့ မဟုတ်ပါဘူးနော်"

"ဒုက္ခပဲ ဆရာမက နောက်ပြန်ပြီ၊ မဟုတ်ပါဘူးခင်ဗျာ... မဟုတ်ပါဘူး၊ ဒါထက် ဆရာမ ဘာလာဝယ်လဲ"

"ဟိုနေ့က ဒေါ်ငြိမ်းသာဟာ ပြည်သူ့ဆေးရုံကြီးမှာ ခွဲစိတ်ရတော့မယ်၊ အဲဒါ သူ့အတွက် ဟောလစ်(စ်)လာထုတ်တာ၊ ပြီးတော့ ဘာဘာညာညာဝယ်ဖို့ပေါ့လေ"

"ဒေါ်ငြိမ်းသာနှင့် ဆရာမ တော်တော်ခင်သလား"

"ခင်တယ်ဆိုရမှာပဲ၊ ကျေးဇူးရှိတယ်ပေါ့လေ၊ ရွာမွန်သာမှာ သောင်တင်တုန်းက ဆိုင်ရာတွေက ကျွန်မကို ဒေါ်ငြိမ်းသာ အိမ်မှာနေရာချပေးတယ်၊ ဒေါ်ငြိမ်းသာက သူ့အိမ်ပေါ် ရှင်ဘုရင့်သမီးရောက်သလို ပြုစုခဲ့တယ်၊ စစ်အတွင်းတုန်းက မြို့က လူတွေဟာ တောကိုပြေးကြတယ်၊ တောကလူတွေက ဂရုစိုက်ပြုစု စောင့်ရှောက်ကြရတယ်၊ စစ်ပြီးလို့ တောကလူက မြို့လာလည်တော့ မြို့က အိမ်ခံက မကြည်ဖြူချင်ဘူး၊ တာဝန်မကျေပွန်ဘူး၊ အဲဒါမျိုး ကျွန်မ မဖြစ်ချင်ဘူး"

ကိုလှသွင်က သဘောပေါက်ဟန် ခေါင်းညိတ်ပြ၏။

"ဒေါ်ငြိမ်းသာဟာ တော်တော်ကံကောင်းတယ်၊ ကျွန်တော်တို့ ဝန်မင်းကလဲ ဂရုစိုက်တယ်၊ အခုဆရာမကလဲ ဂရုစိုက်တယ်"

"ဝတ္တရားပေါ့ ဒီကမောင်ရေ"

စစ္စတာသည် ကိုလှသွင်ကိုနှုတ်ဆက်ပြီး ဈေးအတွင်း ဝင်လာခဲ့၏။

အထူးအထွေတော့ ဝယ်ရန်မရှိ၊ အခွံနီရွှေငှက်ပျောဖီးကြီးတစ်ဖီးဝယ်၏။ လေးကျပ်ပေးရသည်။

http://www.cherrythitsar.org



စစ္စတာသည် ဈေးတွင်းမှ ပြန်ထွက်လာ၏။

ဈေးဝ၌ ကိုလှသွင်ကို မတွေ့ရတော့၊ မော်တော်ဆိုင်ကယ်လည်း မရှိပြီ။

စစ္စတာသည် တောင်ဘက်သို့ဆက်လျှောက်လာ၏။ လမ်းဆုံကို ကျော်ပြီး အတန်ဆက်လျှောက်ရပြီးနောက် "ဆန်းမြင့်" ကိတ်မုန့်တိုက် ရောက်လာ၏။

"ဆန်းမြင့်"ကိတ်မုန့်တိုက်တွင် စစ္စတာက ကိတ်မုန့်စုံတစ်သေတ္တာဝယ်၏။ ထို့နောက် အနောက်မှ အရှေ့သို့ထွက်သော ဗန္ဓုလရပ်ရှင်ရုံလမ်းအတိုင်း လျှောက်လာခဲ့၏။

ဤလမ်းအတွင်း၌ ဆံပင်ညှပ်ဆိုင်၊ ဆံပင်အလှပြင်ဆိုင်နှင့် ဓာတ်ပုံတိုက်များရှိ၏။

"လှဘုရင်"ဟု ဆိုင်းဘုတ်တပ်ထားသော ဆံပင်ညှပ်ဆိုင်ရှေ့၌ လူတစ်ဦးသည် အဝတ်ဖြူကို ထွက်ခါနေ၏။

စစ္စတာကို မြင်သောအခါ ထိုသူက ယဉ်ကျေးစွာ ပြုံးပြီးနှုတ်ဆက်၏။

"စစ္စတာဒေါ်မိုးသူပါလား၊ ကျွန်တော်တို့လမ်းထဲ မလာစဖူးလာတယ်၊ ဗန္ဓုလရုံမှာ လက်မှတ်လာဝယ်တာလား"

စစ္စတာက ထိုသူကို ပြန်ကြည့်၏။

ယဉ်ကျေးမွန်ရည်သော သူ့မျက်နှာကို မြင်ဖူးပြီး ဖြစ်၏။ နာမည်ကိုတော့ မသိ။

"ဆရာမ မမှတ်မိဖူးတင်တယ်၊ ဟိုတလောက ကျွန်တော်တို့ရွာက လူနာတစ်ဦး ကျွန်တော်လာပို့တော့ ဆရာမက ဆရာဝန်ကြီးဆီ တိုက်ရိုက်ပို့ပေးတယ်လေ၊ ကျွန်တော့်နာမည်က လှမြင့်ပါ"

"ဪ ... ကျွန်မ မှတ်မိပြီ၊ ဒါ ရှင့်ဆိုင်နော်"

"ဟုတ်ကဲ့ပါ ဆရာမ"

ကိုလှမြင့်၏ လှဘုရင် ဆံပင်ညှပ်ဆိုင်ကို စစ္စတာသည် အကဲခတ်ကြည့်၏။

မခမ်းမနားလှသော်လည်း သပ်ရပ်သန့်ရှင်းသော ဆံပင်ညှပ်ဆိုင်တစ်ခု ဖြစ်၏။ ဆံပင်ညှပ်ခုံငါးခုရှိ၏။ ခုံတိုင်းလူစေ့နေ၏။ သတင်းစာဖတ်ရင်း ထိုင်စောင့်နေသူများနှင့် ဆိုင်ပြည့်နေ၏။

"ရှင့်ဆိုင်က လူသိပ်စည်တာပဲ"

"တစ်ဦးမေတ္တာတစ်ဦးပါပဲဆရာမ၊ ကျွန်တော်တို့အလုပ်က လူမေတ္တာရှိဖို့ပါပဲ၊ လူတိုင်းစိတ်ကျေနပ်ဖို့ပါပဲ၊ ကျွန်တော်က ဒါကိုကြိုးစားတယ်၊ ကြိုးစားမှု အသီးအပွင့်လေး ခံစားရတယ်ဆိုပါတော့ ဆရာမရယ်"

"ကျွန်မငယ်ငယ်က ဘော့ဟဲယားနဲ့၊ အခုတော့ ဆံပင်ရှည်ထားတယ်၊ ဘော့ဟဲယားနှင့်ဆိုရင်တော့ ဦးလှမြင့်ဆိုင် ကျွန်မ လာညှပ်ပါတယ်"

ဦးလှမြင့်သည် သဘောကျစွာ ရယ်၏။

"မညှပ်ပါနဲ့ ဆရာမရယ်၊ အမျိုးသမီးတွေဟာ ဆံပင်ရှည်နဲ့ပဲကြည့်

http://www.cherrythitsar.org



ကောင်းပါတယ်၊ ရိုးရာယဉ်ကျေးမှုပြည့်တယ်ပေါ့၊ ဟိုတလောက ရုပ်ရှင်မင်းသမီးလေး တစ်ယောက် အတုယူပြီး ကလေးမလေးတွေ ဆံပင်လာတိုလိုက်ကြတာ၊ စီးပွားရေးအရ ကလည်း မညှပ်ပေးမဖြစ်ဘူး၊ တတ်အားသမျှတော့ ပြောပြလိုက်ရတယ်၊ ဟယ်... နင်တို့ဆံပင်တွေ ငါနမြောတယ်၊ ပိတုန်းရောင်ကေသျှောင်လို့ ရှေးကအလှကို စာစပ်ကြတယ်၊ အဲဒီ ကေသျှောင်ကလည်း ဒူးဆစ်ကျော်သတဲ့ဟဲ့... လို့ ပြောပြမိတယ်၊ သြော်... ဒါထက်ဆရာမ ရုပ်ရှင်လက်မှတ်လာဝယ်သလား၊ ဗန္ဓုလရုံနဲ့ ကျွန်တော် ခင်ပါတယ်၊ ကားကောင်းလို့ လူတိုးဝယ်နေကြတယ်၊ ကျွန်တော် ဘာအကူအညီပေး ရမလဲ"

"ကျေးဇူးတင်ပါတယ် ဦးလှမြင့်၊ ကျွန်မ ရုပ်ရှင်လက်မှတ်လာဝယ်တာ မဟုတ်ပါဘူး၊ ဆန်းမြင့်ကိတ်မုန့်တိုက်က ပြန်လာတာ၊ လျှပ်စစ်ပစ္စည်းဆိုင်မှာ ဝယ်စရာ လေးတစ်ခုရှိလို့"

"သြော်... သြော်...၊ဒီလမ်း ဒီရုပ်ကွက်နဲ့ ပတ်သက်ပြီး အကူအညီနောင်ရှိရင် ပြောပါဆရာမ"

"ကျေးဇူးတင်ပါတယ် ဦးလှမြင့်ရယ်"

စစ္စတာသည် ရှေ့ဆက်ထွက်ခွာသွား၏။

ဆံပင်ဖုတ်သိုက်ကြီးတစ်ခုကို ကတ်ကြေးဖြင့် ခဲရာခဲဆစ်ညှပ်နေသော အသားညိုညို ငင်တိုတိုနှင့် ဆံပင်ညှပ်ဆရာတစ်ဦးက ဆို၏။

"တို့ဆိုင်နာမည်က လှဘုရင်၊ ခု နင်က အမျိုးသမီးကလဲတယ်လှ၊ အလှဘုရင် ပဲ၊ ဆရာဦးလှမြင့်လို ထွက်အသိဖွဲ့ပြီး စကားပြောချင်လိုက်တာ၊ ဘုရားစူး"

ဦးလှမြင့်က ရယ်ရင်းဟန့်တား၏။

"ကိုရင်ရေ၊ စကားနောက် အမှားပါမယ်၊ သတိထားပြော၊ လူဆိုတာ လူလူ ချင်းလေးစားရတယ်၊ အထူးသဖြင့် မိန်းမသားတွေနဲ့ ပတ်သက်လာရင် စောင့်ထိန်း ရတယ်"

"သြော် ... ကျွန်တော်က ရယ်စရာပြောတာပါ၊ ဆရာက အလေးအနက်ပြုတယ်၊ အင်းလေ ဒါကြောင့်လဲ ဆရာက ရပ်ကွက်လူကြီးဖြစ်နေတာပဲ"

"အေး မင်းတို့လဲ လူကြီးဖြစ်အောင် ကြိုးစားကြပေါ့"

"မလုပ်ချင်ပါဘူးဗျာ ဒီလူကြီး၊ ခွဲတမ်းချပေးတာ မကျေနပ်တော့ ထိပ်က အဆဲခံရတယ်"

*

ဗန္ဓုလရုပ်ရှင်ရုံလမ်းမှ ထွက်ကာ စစ္စတာသည် မင်းလမ်းမကြီးကို ကျော် လိုက်၏။

လျှပ်စစ်ပစ္စည်း ရောင်းသော ပြည်သူ့ဆိုင်မှ မိမိအခန်းအတွက် သုံးရန်ရှိသော

http://www.cherrythitsar.org



ပိုးမျှင်အုပ် ဓာတ်ကြိုးနှစ်ခွေဝယ်၏။

ပြည်သူ့ဆိုင်မှ ထွက်အလာတွင် မမျှော်လင့်ဘဲ ဒေါက်တာဦးကိုကိုရီနှင့် ရင်ဆိုင်တိုးသည်။

"ဟာ ... ဆရာမပါလား"

"သြော် ... ဒေါက်တာ ဘယ်လဲ"

"အလုပ်သမားဆေးပေးခန်းကိုပါ"

"ရှင် ... အလုပ်သမားဆေးပေးခန်းကို"

"ဆရာမ မသိသေးဘူးထင်တယ်၊ ဆရာမအားသလား၊ ကျွန်တော်နဲ့ ခဏလိုက်ခဲ့နိုင်မလား"

"ကျွန်မကိစ္စတွေ ပြီးပါပြီ၊ ဟုတ်ကဲ့ဆရာ လိုက်ခဲ့ပါမယ်"

စန္ဒတာသည် ဒေါက်တာဦးကိုကိုရီနောက် လိုက်ခဲ့၏။

လျှပ်စစ်ပစ္စည်းဆိုင်နှင့် မလှမ်းမကမ်း မြောက်ဘက်တွင် တောင်ကြီးမြို့ပါတီယူနစ်ရုံးရှိ၏။

ဦးကိုကိုရီသည် စန္ဒတာကို ပါတီယူနစ်ရုံးတွင်း ခေါ်သွား၏။

ပါတီယူနစ်ရုံးသည် နှစ်ထပ်ဖြစ်၏။

အောက်ထပ်မြောက်နံရံနှင့် ကပ်လျက်ရှိသော စားပွဲများတွင် ရုံးတာဝန်ခံများသည် တည်ငြိမ်သော ဣန္ဒြေ၊ ပြုံးရွှင်ချိုသာသော မျက်နှာထားများဖြင့် အလုပ်လုပ်နေကြ၏၊ အလုပ်လုပ်နေကြသည် ဆိုသောစကားထက် လက်ခံဆွေးနွေးနေသည် ဆိုခြင်းက ပိုမိုမှန်လိမ့်မည်ထင်၏။ သူတို့နှင့်လာစကားပြောနေကြသော လူပေါင်းကလည်းစုံသည်။ မြန်မာများလည်းပါသည်။ ရှမ်းများလည်းပါသည်။ ပအို့ဝ်များလည်းပါသည်။

အောက်ထပ်အခန်း၏အလယ်ရှိ စားပွဲရှည် တစ်ခုတွင်မူ ကျောင်းသားကျောင်းသူအရွယ် လူငယ်လုံမငယ် ဆယ်ဦးခန့် အလုပ်လုပ်နေကြ၏။

သူတို့ထဲမှ ကလေးငယ်တစ်ဦးက စန္ဒတာကိုနှုတ်ဆက်ရင်း နေရာမှထ၏။

"အို ... မင်း ဟိုနေ့က ခွဲကုသတာ လာလေ့လာတဲ့ လူရည်ချွန်ကလေးမ မဟုတ်လား"

"ဟုတ်ပါတယ် စန္ဒတာ၊ စန္ဒတာက မှတ်မိသားပဲ"

"အခု မင်း ဒီမှာ ဘာလုပ်နေသလဲ"

"ကျွန်မတို့လုပ်အားပေးနေကြတာ"

"အခု မင်းတို့ ဘာလုပ်အားပေးနေကြလဲ"

"နွေတုန်းက လုပ်အားပေးသွားတဲ့ ကိစ္စတွေနဲ့ ပတ်သက်ပြီး ကျွန်မတို့ အခု စာရင်းချုပ်ပေးနေကြတယ်"

"တစ်နေ့ လုပ်အားပေးခ ဘယ်လောက်ရကြလဲ"

"နွေတုန်းက လုပ်အားပေးထွက်ရင် ခရီးစရိတ် အတိအကျနဲ့ စားစရိတ်ရကြ

http://www.cherrythitsar.org



ပါတယ်၊ အခု ကျွန်မတို့ ဒီမှာ လုပ်အားပေးနေတာက စေတနာ့ဝန်ထမ်းသက်သက်ပါ၊ တစ်ပြားမှမရပါဘူး၊ ကျွန်မတို့ကလဲ အားနေတယ်မဟုတ်လား၊ အိမ်မှာ ထိုင်နေမဲ့အစား ကျွန်မတို့ဆန္ဒအလျောက် ပါတီကပေးတဲ့ တာဝန်ကို လာယူနေကြတာ”

“ဪ ... အဲဒါတွေ ဆရာမ တစ်ခုမှ မသိဘူး”

စစ္စတာသည် ပြုံးပြီးဆို၏၊ ရင်တွင်း၌လည်း သာခုခေါ်မိ၏။

လူရည်ချွန်ကလေးမလေးကို နှုတ်ဆက်ပြီး သည်ဘက်လှည့်လိုက်သောအခါ စစ္စတာ ပိုမိုအံ့သြသွား၏။

ပါတီယူနစ်ရုံးအောက်ထပ် တောင်ဘက်အခြမ်း၌ စားပွဲရှည်ကြီးများရှိပြန်၏၊ စားပွဲရှည်များပေါ်တွင် ဆေးပစ္စည်းအတော်ပြည့်စုံစွာ ရှိနေ၏၊ စားပွဲရှည်များ၌ သူနာပြုဆရာမသုံးဦး ရှိနေကြ၏၊ ဆရာဝန်လေးတစ်ဦးကိုလည်း တွေ့ရ၏။

ဒေါက်တာဦးကိုကိုရီက ဆို၏

“အဲဒါ ကျွန်တော်တို့ရဲ့ အလုပ်သမားဆေးပေးခန်းပါပဲ”

လက်၌ဒဏ်ရာရထားသော အလုပ်သမားတစ်ဦးကို ဆရာမလေးတစ်ဦးက ဆေးဝါရည်ဆွတ်ထားသော ပိတ်စိမ်းပါးကပ်ကာ ပတ်တီးစီးပေးနေ၏။ ချောင်းဆိုးနေသော အလုပ်သမားကြီးတစ်ဦးအတွက် ဆေးစပ်ပေးသော ဆရာမလေးတစ်ဦးက အလုပ်သမားကြီးကို ဆေးတစ်နေ့ ဘယ်နှကြိမ်သောက်ရန် ပြောပြပေးနေ၏။ ထိုနောက် ဗီတာမင်စီဆေးပြားများ ထုတ်ပေး၏။

အလုပ်သမားကြီးတစ်ဦးကို စမ်းသပ်နေသော ဆရာဝန်လေးက ပြော၏။

“ဦးလေးကသာ မမှုတာ ဦးလေးအပူချိန်က တစ်ရာရှိနေပြီ၊ မပေါ့ပါနဲ့ ဦးလေးရယ်၊ စဝ်စံထွန်းဆေးရုံကြီးကို သွားပါ၊ ဟိုး ... အနောက်ဘက်အစွန်ဆုံးအဆောင်ကို ကျွန်တော် စာရေးပေးလိုက်ပါမယ်၊ သူတို့ ထိုးဆေးရော စားဆေးပါ ပေးပါလိမ့်မယ်”

ဆရာဝန်ကလေးသည် စာရွက်တစ်ရွက်ပေါ် ကုန်းရေးနေ၏။

စစ္စတာဒေါ်မိုးသူက ဦးကိုကိုရီကို မေး၏။

“ဒီဆေးပေးခန်းကို ဘယ်သူက ဖွင့်ထားတာလဲ”

“ကျွန်တော်တို့ချင်း တိုင်ပင်ပြီး ဖွင့်ထားတာ”

“သူတို့ ဆေးရုံကြီးတွေလာရင်လဲ ရသားမဟုတ်လား”

“ရပါတယ်လေ၊ ရတိုင်းလဲ မလာနိုင်ကြဘူး”

“ရှင်”

“ဆေးရုံကြီးတွေဆိုတာက ပြည်သူအားလုံးအတွက် ဖွင့်ထားတာ၊ ဒါကြောင့် လူကျပ်တယ်၊ စောင့်ရတယ်၊ ဒီမှာက အလုပ်သမားအစစ်တွေကိုသာ လက်ခံတယ်၊ နည်းနည်းချောင်တယ်ပေါ့၊ အလုပ်သမားတိုင်းဟာ ခွင့်မယူချင်ဘူး၊ အလုပ်သမားတိုင်းဟာလဲ ခွင့်မရနိုင်ဘူး၊ ဥပမာ နေ့စားတွေ ဆိုပါတော့၊ တော်ရုံတန်ရုံအသေးအဖွဲကိစ္စကို လမ်းကြုံတုန်း ဒီမှာဝင်ကုသွားနိုင်တယ်၊ အကုလဲ ခံရတယ်၊ အလုပ်လဲ မပျက်

http://www.cherrythitsar.org



ဘူး၊ ကာယကံရှင်က အသေးအဖွဲ့ထင်ပေမဲ့ ကြီးကျယ်လာမဲ့ ကိစ္စဆို ဒီက အကြံပေးပြီး ဆေးရုံကြီးတွေဆီ လွှတ်ပေးတယ်၊ ဆိုင်ရာ အလုပ်ဌာနကိုလဲ သက်ဆိုင်ရာ ကောင်စီကတစ်ဆင့် ထောက်ခံပေးတယ်၊ ဒီထက် အရေးကြီးတဲ့ အချက်နှစ်ချက် ရှိသေးတယ် ဆရာမ”

“ဆိုပါ ဒေါက်တာ”

“ဆရာမလဲ သိပြီးပဲ၊ ဆေးရုံကြီးတွေက ဘယ်လောက်ကောင်းကောင်း၊ အစိုးရက ဘယ်လောက်ပေးပေး၊ ဆေးရုံကြီး တက်ရပြီဆိုရင် ကိုယ့်အိတ်ထဲကတော့ အနည်းအများ ကုန်ရတာမျိုးပဲ၊ ဒီကိစ္စမျိုးမှာ ကျွန်တော်တို့ ဒီက တတ်နိုင်သမျှ ဝင်ကူပေးတယ်၊ အဲဒါက တစ်ချက်”

“နောက် တစ်ချက်ကကော”

“နောက်တစ်ချက်က အရေးအကြီးဆုံးပဲ၊ ဘယ်သူတွေဘာတွေပြောနေ ပြောနေ ဆေးရုံကြီးတို့၊ ဆရာဝန်တို့ ဆရာမတို့ဆိုတာကို အလုပ်သမားတွေက ကြောက်နေကြတုန်းပဲ၊ ကြောက်စရာကောင်းအောင် လုပ်နေသူတွေကလဲ ရှိသင့်သမျှ ရှိနေသေးတာကိုး၊ အထင်အမြင်လွဲမှားမှုဆိုကြပါစို့၊ ဒီမှာကတော့ အဲ ... ရဲဘော် ရဲဘက်စိတ်နဲ့ တွေ့နိုင်ကြတယ်၊ ကုသပေးသူကော အကုသခံရသူကောဟာ တန်းတူအဖြစ် ဆက်ဆံကြတယ်၊ ကုသပေးသူကော အကုသခံရသူတွေကောဟာ ပျော်ကြတယ်၊ ဆေးကုသပေးရင်း အတွေ့အကြုံ ဖလှယ်ကြတယ်၊ နှစ်ဦးနှစ်ဝ သိပ်ပညာတိုးကြတယ်”

“ကျွန်မ ဒါမျိုး ဒီမှာ ရှိမှန်းမသိသေးဘူး ဒေါက်တာ၊ ကျွန်မတို့ဘက်က ဘယ်သူတွေလာကြသလဲ”

“စဝ်စံထွန်းကကော၊ ပြည်သူ့ဆေးရုံကြီးကကော၊ ဆရာဝန်တွေ ဆရာမတွေ၊ ဒရက်ဇာတွေ၊ ကွန်ပေါင်ဒါတွေ၊ လာလုပ်အားပေးကြတယ်၊ ရပ်ရှင်ကြည့်မဲ့အချိန်လေးတွေ၊ လျှောက်လည်ကြမဲ့အချိန်ကလေးတွေကို စေတနာနဲ့ ဒီမှာ လာသုံးကြတာပဲ”

“အို ... ကျွန်မလဲ လာလုပ်အားပေးချင်ပါတယ်”

“သိပ်တာဝန်ကြီးတဲ့ အထူးကုဆရာဝန်ကြီးတွေ၊ ဝဒ်ကြီးတွေကို အုပ်ချုပ်နေရတဲ့ စစ္စတာတွေကို ကျွန်တော်တို့ ဒုက္ခမပေးချင်ပါဘူး၊ ပေးလဲမပေးထိုက်ပါဘူး၊ ဒီမှာက အသက်နဲ့ နီးတဲ့ကိစ္စမျိုး မရှိပါဘူး၊ အသက်ကို ကိုင်တွယ်နေရတဲ့ ပုဂ္ဂိုလ်တွေရဲ့ ရှားပါးတဲ့ အားလပ်ချိန်ကလေးတွေ ကျွန်တော်တို့ မလုချင်ပါဘူး၊ သူတို့စိတ်ရော လူရော လန်းနေဖို့ ဘယ်လောက်အရေးကြီးတယ်ဆိုတာကို ကျွန်တော်တို့ နားလည်ပါတယ်၊ သူတို့ တစ်ခုခုဖြစ်သွားရင် လူနာတစ်သက် နှစ်သက် မကဘူး ဆယ်သက်အထိ ထိခိုက်နိုင်ပါတယ်၊ ကျွန်တော်ဟာ ဆရာဝန်တစ်ဦးလဲ မှန်ပါတယ်၊ အလုပ်သမားကောင်စီတစ်ခုရဲ့ ဥက္ကဋ္ဌလဲ ဟုတ်ပါတယ်၊ ပါတီကေဒါတစ်ဦးလဲ မှန်ပါတယ်၊ ကျွန်တော်တို့က ဆန္ဒစောပြီး အစွန်းကို မသွားပါဘူး၊ တာဝန်ကြီးတဲ့ လူတွေက လာလုပ်အားပေးမယ်ဆိုတိုင်းလဲ ကျွန်တော်တို့က လက်မခံပါဘူး၊ အဲ ...အခါအားလျော်စွာတော့ ကျွန်တော်တို့ ဆေးခန်းကို လာကြည့်ကြပါ၊ လုပ်အားပေးနေတဲ့

http://www.cherrythitsar.org



လူငယ်တွေလဲ အားတက်တယ်၊ အကုခံအလုပ်သမားတွေလဲ အားရှိတယ်”

“ဒေါက်တာပြောတာကို ကျွန်မ နားလည်ပါတယ်၊ ရင်ထဲမှာလဲ တစ်မျိုးကြီးပဲ ခံစားရတယ်”

ထိုစဉ် ပါတီယူနစ်ရုံးအတွင်းသို့ ပျာယီးပျာယာနှင့် လူရွယ်တစ်ဦး ဝင်လာသည်။

သူ့ဆံပင်က ရှည်သည်၊ တမင်အရှည်ခံထားသည်ထက် မအား၍သော်လည်းကောင်း၊ ရုပ်ရည်အသွင်အပြင်ကို ဂရုမစိုက်၍သော် လည်းကောင်း၊ ဆံပင်ရှည်နေပုံပေါက်သည်၊ သူ့မျက်နှာ၌ ကျွဲကော်ကိုင်းနက် မျက်မှန်ထူကြီးကို တပ်ထား၏။

သူက ပါတီယူနစ်ရုံးအတွင်း ဟိုကြည့်သည်ကြည့် ကြည့်ရာ ဦးကိုကိုရီ မြင်သွား၏။

“ဟာ ... ဆရာ ရှာလိုက်ရတာ”

ဦးကိုကိုရီက ရယ်ပြီးမေး၏။

“ဆရာဦးခင်ထွန်းပါလား၊ ဘာလဲ ခင်ဗျားအောင်မြတ်ကျောင်းဆောင်က ကျောင်းသားတွေ တစ်ခုခုဖြစ်နေပြီလား”

“အို ... ဖွ ... ဖွဲ့လွဲပါစေ၊ ဆရာကလဲ၊ ကျွန်တော့်မြင်တိုင်း ကျောင်းသားဆေးရုံလာပို့တယ် ထင်တာကိုး”

“ရယ်စရာ ပြောတာပါ၊ ကဲ ဘာကိစ္စ”

“ပြည့်သူ့ဆေးရုံကြီးက မေထရွှန်ကြီးက ကျွန်တော့်အဆောင်ကို လှမ်းတယ်လီဖုန်းဆက်တယ်၊ တနင်္လာနေ့မှာ လူနာတစ်ဦးခွဲဖို့ သွေး (အို) အမျိုးအစား လေးပုလင်းလိုတယ်တဲ့၊ သွေးဘဏ်က စဝ်စံထွန်းမှာသာရှိတော့ အဲဒီကို ကျောင်းသားတွေ လှူတ်ပေးပါတဲ့၊ သွေးဘဏ်ဥက္ကဋ္ဌ ဒေါက်တာဦးကိုကိုရီနဲ့ ဆက်သွယ်ပါတဲ့၊ ဒီနေ့က စနေနေ့မဟုတ်လား၊ တနင်္ဂနွေနေ့ ဆရာတို့ဌာနတွေ ပိတ်တုန်း လာရမှာ အားနာတယ်၊ စနေနေ့ သွေးလှူဖြစ်ရင် ကျွန်တော့်ကျောင်းသားတွေလဲ တနင်္ဂနွေနေ့ တစ်နေ့လုံး နားပြီး အားဖြည့်နိုင်တယ်၊ ဆရာ့ကို လိုက်ရှာတာ အလုပ်သမားဆေးပေး ခန်းမှာဆိုလို့”

“ဟောဗျာ လှူမဲ့လူက အလှူခံသူ လိုက်ရှာရကိန်း ကြုံနေပြီ”

စစ္စတာက ဦးခင်ထွန်းကို လေးစားကြည်ညိုစွာ ကြည့်၏။

ဒေါက်တာဦးကိုကိုရီက မိတ်ဖွဲ့ပေး၏။

“ဟောဒါ စစ္စတာ ဒေါ်မိုးသူ၊ ကျွန်တော်တို့ ဆာဂျီကယ်ဝဒ်က စစ္စတာ၊ စစ္စတာ ဦးခင်ထွန်းက တောင်ကြီးကောလိပ် ဒဿနိကဗေဒဌာနက ဆရာ၊ ပြီးတော့ တောင်ကြီးကောလိပ် အောင်မြတ်ဆောင်က လက်ထောက်အအဆောင်မှူး၊ အောင်မြတ်ဆောင်ဆိုတာက ကျွန်တော်တို့ရဲ့ သွေးဘဏ်ကြီး အစစ်”

စစ္စတာက လက်ကမ်းပေး၏၊ ဦးခင်ထွန်းက သူ့လက်ကို ကမ်းပေးရနိုး မပေးရနိုး ချင့်ချိန်နေ၏၊ အတန်ကြာမှ သူ့လက် ထွက်လာ၏။

ဦးခင်ထွန်းနှင့် စစ္စတာသည် လက်ဆွဲနှုတ်ဆက်ကြ၏။

http://www.cherrythitsar.org



"တွေ့ရတာ သိပ်ဝမ်းသာပါတယ် ဆရာဦးခင်ထွန်း၊ ကျွန်မက လူနာရဲ့ အသက်ကို လုပေးတယ်၊ ဆရာတို့ကျောင်းသားက အသက်ကို သွေးနဲ့ ဆက်ပေးတယ်"

လက်ချင်းဖြုတ်လိုက်ကြ၏။

ဆရာဦးခင်ထွန်းမှာ လက်ကို ကျဉ်စက်အတို့ခံရသူသို့ ဖြစ်၏၊ သို့ရာတွင် အတော်အတွေ့ကောင်းသော ကျဉ်စက်မှန်း ရင်ထဲက တိတ်တိတ်ခိုးဝန်ခံမိနေ၏။

ဦးကိုကိုရီက ပြော၏။

"ဆရာ့ကျောင်းသားတွေ အဆင်သင့်လား"

"အဆင်သင့်ပဲ၊ လေးပုလင်း လိုတယ်ဆိုပေမဲ့ (အို)အမျိုး သွေးလှူပေးမဲ့ ကျောင်းသားက ခြောက်ယောက်၊ ကိုယ့်သွေးအမျိုးမသိသေးပေမဲ့ သွေးလှူပေးချင်တဲ့ ကျောင်းသားက လေးယောက် ပေါင်း ဆယ်ယောက်"

"ဟာ ... အားရစရာကြီး၊ ကျွန်တော်က သူနာပြုကား လွှတ်ပေးရမလား"

"တော်စမ်းပါ၊ ခင်ဗျားတို့ သူနာပြုကားတွေက အားရင်ပျက်နေတာ၊ ကောလိပ်ကားနဲ့ပဲ လွှတ်ပေးပါမယ်၊ ဘယ်အချိန်လွှတ်ရမယ်သာပြော"

"ချက်ချင်းပဲ လွှတ်လိုက်ပါ၊ ကျွန်တော်ဒီက အခုပြန်ပြီး ကျွန်တော့် လက်ထောက် ကိုကျော်ညွန့်နဲ့ အဆင်သင့်စောင့်နေပါမယ်"

"ဟုတ်ပြီ၊ သွားပြီဗျို့"

"နေဦးဆရာ၊ ဘယ်သူ့အတွက် သွေးယူရမယ်လို့၊ ပြည်သူ့ဆေးရုံကြီးက ဆက်လဲ၊ ကျွန်တော်တို့က သွေးမှားမခံနိုင်ဘူး"

ဦးခင်ထွန်းသည် "ဟုတ်ပါရဲ့ ကျွန်တော် မေ့သွားတယ်"ဟု ပြောပြီး အိတ်တွင်းမှ စာရွက်တစ်ရွက် နှိုက်ယူ၏။

"အဲ ... သွေးလိုတဲ့ လူနာက ဒေါ်ငြိမ်းသာ၊ သားအိမ်ခွဲရမယ်၊ သွေးအမျိုးအစားက (အို)ပြည့်စုံပြီလား ဆရာ"

ဦးကိုကိုရီကလည်း စာရွက်တစ်ရွက်ပေါ် လိုက်မှတ်၏။

"ပြည့်စုံပါပြီ၊ ဦးခင်ထွန်း"

"ကဲ ... ဒါဖြင့် ကျွန်တော် သွားပြီ"

ဦးခင်ထွန်း ထွက်ခွာသွား၏။

ဦးကိုကိုရီက စစ္စတာ့ဘက် လှည့်ပြီးပြော၏။

"ကဲ ... ကျွန်တော် ပြေးလိုက်ဦးမယ်၊ စစ္စတာကော လိုက်မလား၊ မေးသာ မေးရတယ်နော်၊ ကျွန်တော့်ကားမရှိဘူး၊ အနီးပြေးတက္ကစီနဲ့ပဲ သွားရမှာ"

"သွားနှင့်ပါဆရာ၊ ကျွန်မမှာ ဝင်စရာလေးတွေ ရှိသေးတယ်"

ပါတီယူနစ်ရုံးအတွင်းမှ စစ္စတာနှင့် ဒေါက်တာဦးကိုကိုရီသည် အတူထွက်လာကြ၏။

ဦးကိုကိုရီက လမ်းကို ကူးပြီး အနီးပြေးတက္ကစီတစ်စီးပေါ် တက်လျက် လိုက်ပါသွား၏။

စစ္စတာက လေဟာပြင်ဈေးဆီ ဆက်လျှောက်လာ၏။

လေဟာပြင်ဈေးသည် တောင်ကြီးဈေး၏ အရှေ့ဘက်၌ ရှိသည်။

အမှန်က ညဈေးဖြစ်၏၊ သို့ရာတွင် ယခု ညနေမစောင်းခင်ကတည်းက စည်စပြုပြီ။

လေဟာပြင်ဈေးကွက် သံတံတလင်းပေါ်မှ ဈေးသည်တစ်ဦးအနီး ကပ်သွားပြီး စစ္စတာက မေး၏။

"ဓာတ်ဘူးရမလား၊ ရေနွေးထည့်တဲ့ဓာတ်ဘူး"

"ဘာအမျိုးအစားလဲ၊ ဂျပန်လား၊ တရုတ်လား၊ အင်္ဂလိပ်လား"

"ဈေးပြောဦးလေ"

"အင်္ဂလိပ်ငါးဆယ်၊ ဂျပန်လေးဆယ်၊ တရုတ်သုံးဆယ်"

"မလျှော့တော့ဘူးလား"

"ဈေးဆစ်ရမဲ့ ဈေးမဟုတ်ဘူးဗျ၊ လိုချင်တာရရင် တော်ရောပေါ့"

"ဩော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့ တရုတ်ပေးပါ"

ဈေးသည်က အပြာနုတွင် ပန်းပွင့်ဖြူပါသော ဓာတ်ဘူးတစ်ဘူးကို စောင်တစ်ခုအောက်မှ ဆွဲထုတ်ယူပေး၏။

စစ္စတာက ဓာတ်ဘူးကို ဖွင့်ကြည့်၏၊ ထိုနောက် လှုပ်ကြည့်၏။

ဈေးသည်က ကန့်ကွက်၏။

ဓာတ်ဘူးသည် ကောင်းကြောင်း စစ္စတာ စစ်ပြီးပြီ၊ ထိုကြောင့် တောင်းတောင်းပန်ပန်နှင့် ငွေသုံးဆယ်ထုတ်ပေးရ၏။

"စိတ်မဆိုးပါနဲ့ ဒီကမောင်ရယ် ရော့ ... ရော့"

ငွေအမြန်ပေးပြီး စစ္စတာသည် လမ်းကို ဖြတ်ကူးခဲ့၏။

လာသမျှ တက္ကစီတို့ လူပြည့်ပါလာနေ၏။

ထိုစဉ် ဖီးယက်ကားကလေး ထိုးဆိုက်လာ၏၊ မောင်းသူမှာ ကိုထွေးရင်ဖြစ်၏။

ကိုထွေးရင်က လက်ဝဲဘက်ကားတံခါးကို လက်တံရှည်ဖြင့် ဖွင့်ပေးပြီး ဖိတ်ခေါ်၏။

"လာ ... လာ ဆရာမ တက်"

စစ္စတာကလည်း ဝမ်းသာစွာ ကားပေါ်တက်လိုက်ရ၏။

ကိုထွေးရင်က ကားကို ဆက်မောင်းခဲ့၏။

"ဆရာမ ဈေးဝယ်လာတာလား"

"ဟုတ်တယ် ကိုထွေးရင်၊ လူနာတစ်ယောက်အတွက်ပါ၊ ဩော်... ကိုထွေးရင် သိမလားမသိဘူး၊ ရွာမွန်သာက ဒေါ်ငြိမ်းသာ ဆိုတာ"

ကိုထွေးရင်က ခေါင်းခါပြသည်။

"ဦးဘခက်နဲ့ ဒေါ်ညွန့်မေတို့လောက်ကလွဲပြီး ရွာမွန်သာကလူတွေ ကျွန်တော် မသိပါဘူး၊ ရွာမွန်သာကိုတောင် ကျွန်တော် နှစ်ခါပဲ ရောက်ဖူးသေးတာ"

http://www.cherrythitsar.org



"သြော် ... ကိုထွေးရင်က ဘယ်ဇာတိလဲ"

"ကျောက်ပန်းတောင်းသားပါ၊ ကားလိုက်ရင်း တောင်ကြီးရောက်လာတာ"

"သြော် ... ဒါဖြင့် ရှင့်ဆရာနဲ့ တောင်ကြီးကျမှ တွေ့ကြတာပေါ့"

"ဟုတ်ပါတယ်၊ အစက ကျွန်တော် ဒီနဲ့ ကျိုင်းတုံကုန်ကားမောင်းတယ်၊ ဆရာကလဲ ဒရိုင်ဘာလိုနေတာနဲ့ အဆင်သင့်ပြီး ဆရာ့ကားမောင်းနေတာ၊ ကျွန်တော့် ဆရာက သိပ်ကောင်းပါတယ်၊ ကျွန်တော့်ကို ဒရိုင်ဘာလိုမဆက်ဆံပါဘူး၊ အိမ်သား သွေးရင်းသားရင်းလို ထားပါတယ်"

"ကျွန်မလဲ ဒါရိပ်မိပါတယ်၊ ဒါထက် စိတ်မရှိနဲ့နော်၊ ကိုထွေးရင်မှာ အိမ်ထောင်မရှိဘူးလား"

"ရှိဖူးပါတယ်"

"ရှင်"

"ခပ်ငယ်ငယ်က ရှိဖူးပါတယ်၊ အိမ်ထောင်ပျက်သွားတယ်ဆိုပါတော့၊ မိန်းမက ဟိုဒင်း သစ္စာမဲ့သွားလို့"

"သြော် ... ဖြစ်ရလေ၊ ဒါနဲ့ အခု ကိုထွေးရင်ကမိန်းမဆို စိတ်နာပြီး လူလွတ်နေတာလား"

ကိုထွေးရင်သည် တက္ကစီတစ်စီးကို ဟွန်းပေးကျော်တက်ပြီး ရယ်လျက်ဖြေ၏။

"အစကတော့ ဣတ္ထိနဒီ၊ ဝဏ်ာနဒီဆိုပြီး မိန်းမဆို ပစ်ခတ် စိတ်နာဖူးသပေါ့၊ အခုတော့ ကျွန်တော်က စာလေးဘာလေး ဖတ်ပါတယ်၊ ဝတ္ထုတို့ မဂ္ဂဇင်းတို့ပေါ့၊ အခုဗဟုသုတ အတော်ရလာတော့ ဆိုးတယ် ယုတ်တယ်ဆိုတာဟာ မိန်းမမှ ယောကျ်ားမှ မဟုတ်ဘူး၊ ပုထုဇဉ်ရဲ့ ကုသိုလ် အကုသိုလ်စိတ်မျိုးကလား၊ ဒီလိုသဘော ပေါက်လာတယ်၊ ပြီးတော့ ဆရာမရှေ့မှ ပြောတာမဟုတ်ပါဘူး၊ သူနာပြုဆရာမတွေနဲ့ နီးနီးကပ်ကပ်နေရတော့ သွေးမတော်သူပေါ်တောင် ကြည်ကြည်ဖြူဖြူ ပြုစုနိုင်တဲ့ သူတော်ကောင်းမိန်းမတွေလဲ အများကြီးရှိတာ သိလာရပါတယ်၊ ဒါပေမဲ့ အိမ်ထောင်တော့ မပြုချင်တော့ဘူး၊ အခုနေရတာ ကျွန်တော် သိပ်ချမ်းသာပါတယ်၊ ဆရာက တစ်လတစ်ရာ လခပေးတယ်၊ ထမင်းလဲ အလကားစားရတယ်၊ အိမ်ကောင်းကောင်း ပေါ်မှာလဲ အလကားနေရတယ်၊ ဈေးသုံးငွေလဲ ကျွန်တော်ပဲ ကိုင်ရတာပဲ၊ အလုပ်ကလဲ ဘာမှပင်ပန်းတာ မဟုတ်ဘူး"

စစ္စတာက တစ်စုံတစ်ရာကို သဘောကျဟန် ရယ်၏။

"ကောင်းသားပဲ၊ ဆရာတပည့်နှစ်ယောက် စိတ်တူဘဝတူ လွတ်လွတ်လပ်လပ်"

"စိတ်တူတယ်ဆိုတာရယ်၊ လွတ်လပ်တယ် ဆိုတာရယ်ကတော့ မှန်ပါလိမ့်မယ်၊ ဘဝတူဆိုတာကတော့ မမှန်ဘူးထင်တယ်"

မြင့်မားသော စကားအသုံးအနှုန်းကြောင့် စစ္စတာသည် ကိုထွေးရင်ကို အံ့သြသွား၏။ ကိုထွေးရင်ကလည်း ဤစကားမျိုးကို ဝတ္ထုတစ်ပုဒ်တွင်း၌ ဖတ်ဖူးခဲ့ခြင်း ဖြစ်၏။ ဆီဆီဆိုင်ဆိုင် သုံးလိုက်နိုင်ခြင်းအတွက် မိမိကိုယ်ကို သဘောကျမိလေသေး၏။

http://www.cherrythitsar.org



"ကိုထွေးရင်ရဲ့ စကားက သိပ်လေးနက်တယ်"

"ချီးမွမ်းလို့ ကျေးဇူးတင်ပါတယ် ဆရာမ၊ ကျွန်တော်နဲ့ ကျွန်တော့်ဆရာဟာ ဘဝမတူပါဘူး၊ ဂုဏ်တွေ ရာထူးတွေတွင် မကပါဘူး၊ အတွေ့အကြုံလဲ မတူပါဘူး၊ ဥပမာ ကျွန်တော် အိမ်ထောင်မပြုတာက မိန်းမကို စိတ်နာတာက စခဲ့တာ။ ဆရာ အိမ်ထောင်မရှိသေးတာက အဲ ... ဝတ္ထုတွေထဲကလို ပြောရရင် သူ့အသည်းဟာ မီးလောင်မြေမို့ နောက်ထပ် သဇင်တစ်ပွင့် မပွင့်နိုင်ပုံမျိုးနဲ့ တူတယ်"

စန္ဒတာက သဘောကျစွာ ရယ်လိုက်ပြီးမေး၏။

"ကိုထွေးရင် ဝတ္ထု သိပ်ဖတ်သလား"

"သိပ်ဖတ်ပေါ့၊ အလွမ်းဝတ္ထုမှ ကျွန်တော်က ဖတ်တာ"

"အင်း ... စကားဆက်ပါဦး"

ကိုထွေးရင်သည် ကားကို သတိထားမောင်းရင်း စဉ်းစားလျက်ပြော၏။

"ကျွန်တော်ဟာ ဆရာရဲ့အတွင်းလူယုံပါ၊ အယုံခံရတဲ့ လူဟာ အလွဲသုံးစားလုပ်ပြီး ကိုယ်သိတာကို တွေ့ရာလူလျှောက် မပြောထိုက်ဘူး၊ ဒါပေမဲ့ စေတနာသာ လျှင် ကံဆိုတဲ့ စကားရှိတယ် ဆရာမ"

"ဟုတ်တယ် ကိုထွေးရင်၊ စေတနာသာလျှင် ကံပါပဲ"

"ဆရာဟာ ကျွန်တော့်လို မဟုတ်ဘဲ ချစ်ရသူတစ်ဦးနဲ့ သေကွဲကွဲခဲ့ရပုံပေါ်တယ်၊ ဒါကို ရိပ်မိတာလဲ မကြာလှသေးပါဘူး၊ ဒီ့ထက်တော့ ကျွန်တော် ပိုမပြောနိုင်တော့ပါဘူး၊ ဆရာစိတ်မချမ်းသာမှန်း ကျွန်တော် သိတယ်၊ ဆရာ့ကို ကျွန်တော် သိပ်စိတ်ချမ်းသာစေချင်တယ်၊ ကျေးဇူးရှင်မဟုတ်လား ဆရာမရယ်၊ ဆရာဦးဘဖေသော်တို့ ဒေါ်ညိုမိတို့အိမ်ထောင်ဟာ သိပ်သာယာတယ်၊ ဆရာဦးဖေလှမြင့်နဲ့ ဇနီးဟာလဲ သိပ်ရှေ့သွားနောက်လိုက်ညီပြီး အမြဲပျော်ပျော်ရွှင်ရွှင်ပဲ၊ ကျွန်တော်က ကိုယ့်အမြီး ပြတ်တိုင်း လူများအမြီးပြတ်တာမြင်ချင်တဲ့ မြေခွေးလိုလူမဟုတ်ဘူး၊ ကျွန်တော့် ဆရာကိုလဲ ရှေ့သွားနောက်လိုက်ညီတဲ့ ဇနီးချောချောနဲ့ တင့်တင့်တယ်တယ် သိပ်မြင်ချင်တာပဲ"

စန္ဒတာငြိမ်နေ၏၊ ကိုထွေးရင်၏ မျက်နှာသည် ရိုးသားသကဲ့သို့ စကား၌လည်းကောင်း၊ အသံ၌ လည်းကောင်း၊ အပြစ်ကို ရှာမတွေ့၊ သို့ရာတွင် စန္ဒတာ သည် အဓိပ္ပာယ်တစ်ခုကို ထိုးထွင်းမြင်မိ၏၊ ရင်မှာခုန်ကာ မသိမသာ အနေအထိုင် ကျပ်မိ၏။

ကိုထွေးရင်ကသာ မေး၏။

"ဆေးရုံကြီးနားနီးလာပြီ ဆရာမ၊ အဆောင်ကို တိုက်ရိုက်ပို့ပေးရမလား၊ ကျွန်တော်တို့အိမ်လိုက်ပြီး ကော်ဖီသောက်မလား၊ မိတ်ဆွေ ကျိုင်းတုံကားသမားတစ်ဦး ဆီက နက်ကဖီးဆိုလား နိုက်ကဖီးဆိုလား ဘူးတစ်ဘူးရထားတယ်၊ သိပ်သောက်လို့ ကောင်းတယ် ဆရာမ"

"နောက်မှပဲလာပါ့မယ် ကိုထွေးရင်၊ ညနေပိုင်းမှာ သွားစရာတစ်ခု ရှိသေးလို့"

"ဒါဖြင့် အဆောင်ကိုပဲ ကျွန်တော် ပို့ပေးပါမယ်၊ ကျွန်တော်တို့အိမ်ကိုတော့ လာလည်ပါဦး၊ ဆရာကလဲ မိန်းမတိုင်း အိမ်လာခွင့်ပြုတာ မဟုတ်ဘူး၊ ဆရာ့ဆီ ကျွန်တော် ရောက်တာ တစ်နှစ်ကျော်တော့မယ်၊ ဆရာမဟာ ကျွန်တော်တို့အိမ်ရဲ့ ပထမဆုံး ဧည့်သည်တစ်ဦးပဲ"

"ဟုတ်လား၊ ကျွန်မဟာ ဆရာ့လက်အောက်ကပေမဲ့ ဆရာ့ရဲ့ အစ်မအရွယ်မို့ အစ်မလို သဘောထားပြီး သူခွင့်ပြုတာ ဖြစ်ပါလိမ့်မယ်"

"ဖြစ်နိုင်ပါတယ် ဆရာမ၊ ဆရာမက ဖွင့်ဝန်ခံလို့သာပါ၊ ဆရာမဟာ ဆရာ့ထက် အသက်ကြီးတယ်လို့ ကျွန်တော့် မျက်စိထဲတော့ မမြင်ပါဘူး"

"ကျေးဇူးတင်ပါတယ် ကိုထွေးရင်"

"မနောက်ပါနဲ့ ဆရာမရယ်၊ ကျွန်တော်ဟာ လိမ်ပြောတတ်သူ မဟုတ်ပါဘူး"

"အဲဒါကိုလဲ ကျွန်မ တကယ်ယုံကြည်ပါတယ် ကိုထွေးရင်"

သူနာပြုဆရာမများ အဆောင်ရှေ့၌ ကိုထွေးရင်သည်ကားကို ရပ်ပေး၏။

စန္ဒတာက ကားပေါ်မှဆင်းပြီး နှုတ်ဆက်၏။

"ကျေးဇူးတင်ပါတယ် ကိုထွေးရင်၊ အိမ်လဲ ကျွန်မ လာလည်ပါဦးမယ်"

စန္ဒတာက ပြုံးပြီး ဆို၏၊ စန္ဒတာ၏ အပြုံးသည် ကိုထွေးရင်၏ မျက်လုံးများထဲတွင်မက အသည်းထဲ၌ပင် လှပစွာ စွဲမြဲထင်လာ၏။

ကိုထွေးရင်သည် ကားမောင်းထွက်လာခဲ့၏၊ လမ်း၌ စဉ်းစားမိ၏။

မှဲ့တစ်ပြောက်ပင်မရှိဘဲ စန္ဒတာ၏ မျက်နှာသည် ဆင်စွယ်သားကဲ့သို့ ဖြူဝင်းစင်ကြယ်လှ၏၊ မျက်လုံးပြာကြီးများကလည်း အလွန်လှပသည်၊ ပြုံးပုံမှာ လည်း ကိုထွေးရင် မြင်ဖူးသမျှ အတင့်တယ်ဆုံးအပြုံး ဖြစ်၏။

မိန်းမတို့အချင်းကား အဆင်းဟု စာဆိုရှိသည်၊ စန္ဒတာ၏ အဆင်းမှာ ငွေလမင်းသို့ ပပဝင်းသည်၊ ဤသည့်တိုင်အောင် စန္ဒတာသည် အပျိုကြီး ဖြစ်နေသည်။

မိမိ၏ ဆရာမှာလည်း ရုပ်ရည်ပြည့်စုံကာ အရုပ်အမောင်းကောင်းသည်၊ ဂုဏ်ထူးဘွဲ့ထူးကြီးနှင့် ရာထူးကြီးရှိ၏၊ ဤသည့်တိုင်အောင် ဆရာသည်လည်း ဘဝဆိတ်သုဉ်းလှလေသည်။

မိမိကကော၊ မိမိက မိမိအကြောင်းနှင့် မိမိ၊ ဤသည့်တိုင်စေ ဘာများ ထူးကြသေးသနည်း။

ကိုထွေးရင်သည် ကားကို ဂရုစိုက်မောင်းရင်း ခေါင်းခါလျက် အတွေးတို့ကို မောင်းထုတ်လိုက်၏။

ကိုထွေးရင်သည် ပထမ လေချွန်၏၊ ထိုနောက် အသံထွက်၍ သီချင်းညည်း၏။

သူညည်းမိသည်မှာ တင်တင်မြသီဆိုသော ကံသီချင်းဖြစ်၏။

"ကံ ... ကံ ... ကံ ... ၊ ဟိုအရင် ရှေးရှေးက ... "

* * *

http://www.cherrythitsar.org

# အခန်း (၁၆)

ထိုနေ့ညနေပိုင်း၌ တက္ကစီစီးပြီး စစ္စတာဒေါ်မိုးသူသည် ပြည်သူ့ဆေးရုံကြီးဆီ လာခဲ့၏။

တောင်ကြီးမြို့သည် မြောက်နှင့်တောင် တန်းနေသော မြို့တန်းရှည်တစ်ခု ဖြစ်၏။

စဝ်စံထွန်းဆေးရုံကြီးက မြို့မြောက်ဘက်အစွန်း၌ တည်ရှိသည်၊ ပြည်သူ့ဆေး ရုံကြီးက အချက်အချာကျသော မြို့၏ ဗဟို၌ တည်ရှိသည်၊ မြို့၏ ဗဟို၌ ရှိရကား လာရသွားရလွယ်ကူသောကြောင့် လူနာများကျပ်ကာ အလုပ်များ လူစည်လှသော ဆေးရုံကြီးတစ်ခုဖြစ်၏၊ မြို့ခံလူအများနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ အားကိုးအားထား ရသော ဆေးရုံကြီးတစ်ရုံလည်း ဖြစ်၏။

စစ္စတာသည် ပြည်သူ့ဆေးရုံကြီးသို့ မရောက်ဖူးသေး၊ ယခုပထမဆုံးအကြိမ် ရောက်ဖူးခြင်း ဖြစ်၏။

ပြည်မရှိ ခရိုင်ဆေးရုံကြီးအများ၌ စစ္စတာ အမှုထမ်းခဲ့ဖူးသည်။

ပုထုဇဉ်လူဟူသည် လှပတင့်တယ်ခြင်းကိုသာ မြင်လိုမည်မှာ ဓမ္မတာဖြစ်၏၊ ကိုယ်၏ ဆင်းရဲခြင်း ခံနေရသူတို့အတွက် စိတ်၏ချမ်းသာခြင်းသည် ပိုလို၏၊ လူနာ များ လူမမာများမှာ ကိုယ်၏ ဆင်းရဲခြင်းကို ခံနေရသူများ ဖြစ်ကြ၏၊ စိတ်၏ချမ်းသာ မှုအတွက် လှပသန့်ရှင်းတင့်တယ်သော ပတ်ဝန်းကျင်လို၏၊ ယင်းပတ်ဝန်းကျင်မျိုးကို မြန်မာပြည်ရှိ ဆေးရုံကြီးအများသည် မပေးနိုင်ကြသေး။

တောင်ကြီး ပြည်သူ့ဆေးရုံကြီးကား ရှားပါးသည့် လှပသော ခရိုင်ဆေးရုံ ကြီးတစ်ရုံ ဖြစ်၏။

အဆောက်အအုံများမှာ နောက်ဆုံးပေါ် ဗိသုကာလက်စွမ်းပြအဆောက်အအုံ များကားမဟုတ်၊ သို့ရာတွင် ရိုးရိုးယဉ်ယဉ်နှင့် ဣန္ဒြေရှိကြ၏၊ စိတ်ကြည်လင်ဖွယ် သပ်သပ်ရပ်ရပ် ရှိကြ၏၊ မြောက်ဘက်၌ ဆေးဖြူသုတ်ထားသော နှစ်ထပ်တိုက်

http://www.cherrythitsar.org



ပင်မအဆောက်အအုံကြီး ရှိသည်၊ တောင်ဘက်မြေမြင့်တစ်ထပ်တွင် နှစ်ထပ်အဆောက်အအုံ၊ တစ်ထပ်အဆောက်အအုံ အလတ်စား အငယ်စားများ ရှိကြ၏။ အားလုံးသည် ဆေးရောင်သစ်သစ်လွင်လွင်နှင့် အမြင်အေးမြ၏၊ မြက်ခင်းစိမ်းများ၊ ပန်းပင် သစ်ပင်များဖြင့်လည်း ပြည့်စုံသည်။

အနောက်မျက်နှာ မြောက်ဘက်အဝင်ပေါက်မှ စစ္စတာဝင်လာခဲ့သည်၊ တောင်ဘက် ခပ်လှမ်းလှမ်းရှိ ခရိုင်ဆရာဝန်ကြီး၏ ရုံးခန်းရှေ့မှ ဖီးယက်ကားကလေးတစ်စီးသည် တောင်ဘက်၌ပင်ရှိသော အထွက်ပေါက်မှ ထွက်ခွာသွားသည်၊ ကားကလေးကို ဒေါက်တာနှင်းငွေ ကိုယ်တိုင် မောင်းသွားသည်ကို တွေ့ရ၏၊ သူကတော့ စစ္စတာကို မြင်ဟန်မတူ။

ညနေငါးနာရီ ရှိပြီ၊ အနောက်ဘက် တောင်တန်းထိပ်၌ နေသည် မေးတင်စပြုပြီ။

ညနေတိုင်း ဒေါက်တာနှင်းငွေ ဂေါက်ရိုက်သည်ကို စစ္စတာ သိ၏၊ ဂေါက်သမားတို့ ဂေါက်ကွင်းဆီ လေးနာရီရုံးဆင်းပြီးလျှင်ပြီးချင်း အပြေးအလွှား သွားတတ်သည်ကိုလည်း စစ္စတာ သိခဲ့ပြီ၊ ယခု ဂေါက်ကွင်းမသွားဘဲ ဒေါက်တာနှင်းငွေသည် ဤဆေးရုံကြီးဆီ ဘာလာလုပ်ပါသနည်း။

စစ္စတာသည် ဆက်လျှောက်လာခဲ့ရ၏၊ လျှောက်ရင်းလည်း စုံစမ်းရန် ဟိုဟိုသည်သည်ကြည့်၏။

ပြင်ပလူနာဌာနမှ အရှေ့ဘက်ရှိ နှစ်ထပ်အဆောက်အအုံဆီ ကူးလာသော ခေါင်းစည်းဖြူ ထဘီနီနှင့် ပါးလေးများပင် ပင်ကိုသဘာဝ နီနေသော ဆရာမလေး တစ်ဦးက အသံဝဲဝဲလေးနှင့် နှုတ်ဆက်၏။

"ဩော် ... စစ္စတာပါလား၊ ကျွန်မတို့ ဆေးရုံကြီးဘက် လာလည်သလား"

ဤလှပသော ရှမ်းဆရာမကလေးကို စစ္စတာ မြင်ဖူးနေပြန်၏၊ စစ္စတာက မှတ်မိရန် ကြိုးစားနေခိုက် ဆရာမကလေးက ရယ်ပြီးဆို၏။

"ဟိုတစ်ခါက ဒီက တာဝန်နဲ့ သွေးဘဏ်မှာ ကျွန်မ သွေးပုလင်းလာယူတော့ စစ္စတာက ကျွန်မကို အကူအညီပေးဖူးတယ်လေ"

"အာ ... ဟုတ်ပြီ ... ဟုတ်ပြီ၊ မင့်နာမည် နန်းမြ၊ အဲ... "

"နန်းမြထွေးပါ စစ္စတာ"

"ဟုတ်ပြီ၊ နန်းမြထွေး၊ နန်းမြထွေးရေ၊ စစ္စတာလာလည်တာ မဟုတ်ဘူး၊ လူနာတစ်ယောက်လာတွေ့တာ"

နန်းမြထွေးက စစ္စတာလက်တစ်ဘက်နှင့် ဆွဲထားသော ပလတ်စတစ်ခြင်းနီကို တွေ့သည်၊ ခြင်းတွင်း၌ ငှက်ပျောသီးတစ်ခိုင်၊ ကိတ်မုန့်သေတ္တာတစ်လုံး၊ ကဲဒီဂလူးကို့စတစ်ဘူး၊ ဓာတ်ဘူးတစ်လုံး စသည်ပါလာမှန်း သတိပြုမိ၏။

"စစ္စတာ့အမျိုးတစ်ယောက်ယောက် ဒီမှာ ဆေးရုံတက်နေသလား"

"အမျိုးမဟုတ်ပါဘူးကွယ်၊ အသိတစ်ဦးပါ၊ ဒေါ်ငြိမ်းသာတဲ့၊ သားအိမ်ခွဲဖို့

http://www.cherrythitsar.org



လာတက်နေတာ”

“သြော် ... လာ ... ဟိုဘက်ဂိုင်နိုဝဒ်မှာ လာ ... ကျွန်မ လိုက်ပြပေးမယ်”

“ကျေးဇူးပါပဲကွယ်”

နန်းမြထွေး က ရှေ့ဆောင်သွားသောကြောင့် စစ္စတာလိုက်လာခဲ့၏။ နှစ်ထပ်အဆောက်အအုံ၏ နောက်ကျောအရှေ့ဘက်၌ သွယ်တန်းဆောက်ထားသော တစ်ထပ်တိုက်လှလှလေး သုံးဆောင်ကို တွေ့ရ၏၊ နှစ်ထပ်တိုက်နှင့် တစ်ထပ်တိုက်ကလေးများကြားတွင် ဂရုစိုက်ပြုပြင်ထားသေသာ မြက်ခင်းစိမ်းရှိနေ၏။

မြောက်ဘက်အစွန်ဆုံးရှိ တစ်ထပ်တိုက်ကလေးဆီသို့ စစ္စတာကို နန်းမြထွေး က ခေါ်လာခဲ့၏။

တစ်ထပ်တိုက်ကလေး၏ အခန်းတစ်ခုတွင်း၌ လူနာသုံးဦး ရှိနေ၏၊ နှစ်ဦးမှာ ခွဲစိတ်ကုသခံပြီးသူများ ဖြစ်ကြောင်း မြင်ရုံနှင့် စစ္စတာ သိ၏။

တောင်ဘက်နံရံအနီးရှိ ခုတင်တစ်လုံးပေါ်တွင်မူ ဒေါ်ငြိမ်းသာသည် ငိုင်ငိုင်ကြီး ထိုင်နေ၏။

စစ္စတာကို မြင်သောအခါ ဒေါ်ငြိမ်းသာ၏ မျက်နှာသည် ကြည်ရွှင်သွား၏။

ခုတင်ပေါ်မှ ဆင်းလိုက်ပြီး ဒေါ်ငြိမ်းသာသည် ဝမ်းသာအားရဆို၏။

“ကြည့်စမ်း၊ ကျုပ်တူမက တကယ်ကို လာတာကိုး”

စစ္စတာကလည်း ပြုံးပြီးဖြေ၏။

“မလာသကော၊ လာအပ်ဟုတ် မဟုတ်”

“ကျုပ်တူမ ဘာပြောတာလဲ”

“သြော် ... ဒီက အသုံးအနှုန်းတစ်ရပ်ကို သဘောကျလို့သုံးကြည့်တာ၊ လာရတာပေါ့ အဒေါ်ရယ်၊ အဒေါ့်အိမ်မှာ ကျွန်မတည်းရတုန်းက ကျွန်မမှာ ဘာလိုသေးရှိခဲ့လို့လဲ”

“အဲဒါက ဘာဆန်းတာမျိုးလဲ၊ အဒေါ်တို့ရွာရှင် အိမ်ခံဝတ္တရား”

“ဒါဖြင့်လဲ အခု ဘာဆန်းသလဲ၊ ကျွန်မက မြို့ခံအိမ်ရှင်ဝတ္တရား”

ဒေါ်ငြိမ်းသာက သဘောကျစွာ ရယ်၏။

စစ္စတာသည် ဒေါ်ငြိမ်းသာ၏ ခုတင်အနီးရှိ ဗီရိုငယ်ကို ကြည့်သည်။

ဟိုဘက်လူနာနှစ်ဦး၏ ခုတင်အနီးမှ ဗီရိုငယ်များပေါ်တွင် ပစ္စည်းများ စုံနေ၏၊ ဒေါ်ငြိမ်းသာ၏ ဗီရိုငယ်ပေါ်တွင် ဘာမျှမရှိ။

ဒေါ်ငြိမ်းသာ၏ ခုတင်အနီးရှိ ဗီရိုငယ်အပေါ်စားပွဲမျက်နှာပြင်ထက် စစ္စတာသည် ဓာတ်ဘူး၊ ဟောလစ်ပုလင်း၊ ဂလူးကို့စ်ဘူး စသည်များကို တင်လိုက်၏။

ငှက်ပျောဖီး၊ ကိတ်မုန့်သေတ္တာ၊ လက်ဖက်ရည်ပန်းကန်လုံးနှင့် ပန်းကန်ပြားတစ်စုံ၊ ဖန်ခွက်တစ်လုံး၊ ဇွန်းတစ်ချောင်းတို့ကို ဗီရိုငယ်ကို ဖွင့်လျက် အပေါ်ဆင့် ၌ ထည့်သွင်းနေရာချထားလိုက်၏။

စစ္စတာလုပ်နေသည်ကို အံ့သြစွာ လိုက်ကြည့်နေရာမှ ဒေါ်ငြိမ်းသာက

http://www.cherrythitsar.org



မေး၏။

"အဲဒါတွေ ဘာလုပ်ဖို့လဲ"

"အဒေါ့်အတွက်ပါ၊ ဆေးရုံတက်နေရင် အဒေါ် ဒါတွေ လိုလိမ့်မယ်"

"အဲဒါတွေမှ ကျုပ် ... အဲ... အဒေါ် မသုံးတတ်ပဲ"

စန္ဒာတာသည် အနီးရှိ နန်းမြထွေးကို ညွှန်ပြပြီးဆို၏။

"အဒေါ်မသုံးတတ်ရင် ဟောဒီက ဆရာမတွေကို ပြောပါ၊ သူတို့ကူညီကြပါလိမ့်မယ်"

"အဲဒီတော့ အားနာစရာကြီး မဟုတ်လား"

"ဆရာမတွေကို အားနာဖို့မလိုပါဘူး၊ လိုတဲ့အကူအညီကို သမီးအရင်းလိုပေးကြပါမယ်"

နန်းမြထွေးကလည်း ပြုံးပြီး ခေါင်းညိတ်ပြ၏။

ဒေါ်ငြိမ်းသာက သက်ပြင်းရှိုက်ပြီးပြော၏။

"အဒေါ်တော့ အားလုံးအဆန်းချည်း တွေ့နေရတယ်"

"ဘာတွေ တွေ့ရလို့လဲ"

"အို ... စုံလို့ပဲ"

နန်းမြထွေးက စန္ဒာတာကို နှုတ်ဆက်ပြီး ထွက်ခွာသွား၏။

စန္ဒာတာက ခုတင်အနီးရှိ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ပြီး မေး၏။

"ဘာတွေ စုံအောင်တွေ့ရသလဲ"

"သိပါဘူးတော်၊ အစက ဆေးရုံလာတက်ရင် မျက်စိသငယ် နေရထင်တာ၊ ပြီးတော့ ... "

ဒေါ်ငြိမ်းသာသည် လေသံနှိမ့်ပြီး တိုးတိုးပြော၏။

"ခုတင်ပေါ် တစ်ယောက်တည်း ပက်လက်နေတုန်း၊ သရဲလာခြောက်မယ်တောင် ထင်တာ"

"သြော် ... အဒေါ်ကလဲ ကြံကြံဖန်ဖန်၊ ကြံကြံဖန်ဖန်ပဲ ကြားဖူးတာကိုး"

"ခုတော့ကော"

"ခုတော့ အိမ်မှာထက်တောင် ဇိမ်ကျသေး၊ လူဆိုတာလဲ မပြတ်ပါဘူး၊ တောက်တောက် ... တောက်တောက်နဲ့ ဆရာမလေးတွေ ဝင်လာလိုက်၊ ဟိုဟာလုပ်ပေးလိုက်၊ ဒီဟာလုပ်ပေးလိုက်"

ဒေါ်ငြိမ်းသာ၏စကားကို သဘောကျလွန်းသောကြောင့် စန္ဒာတာသည် မျက်ရည်စို့ အောင်ရယ်၏။

"နို့ အဒေါ်ကော"

"ဘုရားသမီးမို့ လွတ်မှာလား၊ ဒီထဲမှာတော့ မဟုတ်သေးဘူး၊ အစမ်းသပ်ခံရတုန်းက ဆရာဝန်ကလေးကလဲ ငယ်ငယ်ချောချောရယ်၊ ဆရာဝန်မလေးနဲ့ ဆရာမလေးတွေကလဲ ငယ်ငယ်ချောချောရယ်၊ အဒေါ်ဖြင့် ရက်လိုက်တာ သေလုရော၊ မျက်

နှာလဲပူလိုက်တာ၊ သွားလေသူကိုတောင် တမိတယ်"

"ဘယ်လိုတမိလဲ"

"ကျုပ်တူမက ကြံကြံဖန်ဖန်မေးတော့ ကြံကြံဖန်ဖန်ပဲ ကျုပ်က ဖြေရမှာပဲ"

"ဖြေပါအဒေါ်"

"ကျုပ်က ဟောဒီလိုတတယ်"

စစ္စတာက ပိုမိုသဘောကျစွာရယ်၏။ ဒေါ်ငြိမ်းသာလည်း လိုက်ရယ်ပြီး ပြော၏။

"ရက်တာသာပြောရတာ၊ ဒါပေမဲ့ ဆိုရိုးရှိတယ် မဟုတ်လား၊ ကြိုက်မရက်၊ ငိုက်မရက်တဲ့၊ ဝေဒနာရှိတော့လဲ မရက်သာတော့ဘူး၊ ကျုပ်တူမရေ"

"မကြားဝံ့ တရားသူကြီး၊ မမြင်ဝံ့ဆေးသမားဆိုတဲ့ စကားလဲ ရှိသေးတယ် မဟုတ်လား အဒေါ်ရဲ့"

"အင်း ... အဲဒါလဲ ဟုတ်တာပဲ၊ အဲ ... ဟောဟိုဘက်က လူနာသူငယ်မလေး ကလဲ တစ်မျိုးပဲ"

"ဘယ်လိုတစ်မျိုးလဲ"

"အဲဒီကလေးမက ကလေးနှစ်ယောက်မွေးပြီးပြီတဲ့၊ နှစ်ယောက်စလုံး ဟိုဒင်း ယောနိကမဟုတ်ဘူး၊ ဗိုက်ခွဲမွေးရတာတဲ့၊ အခု သားအိမ်လာထုတ်ရသတဲ့၊ ကလေးမ က ဗိုစာလဲ တတ်ပုံရတယ်၊ ဗိုက်ခွဲရတာများ၊ ထမင်းရေသောက်လို ပြောနေတယ်၊ အံ့ရော၊ အာဂသတ္တိ"

"ကျွမ်းကျင်တဲ့ဆရာဝန်၊ ဆရာမတွေ ဦးစီးပြီး ခွဲပေးတာကို ဘာမှ ကြောက်စရာ မရှိပါဘူး အဒေါ်"

"အင်းလေ၊ အခု အဒေါ်လဲ မကြောက်တော့ပါဘူး၊ အဒေါ်က အလွန့်ကို ကံကောင်းတယ်၊ အခု ကျုပ်တူမက လာကြည့်တယ်၊ ကျုပ်တူမ မရောက်ခင်ကလေး ဘယ်သူလာကြည့်ပြီး အားပေးသွားတယ်မှတ်သလဲ"

"ဘယ်သူလာကြည့်သွားသေးသလဲအဒေါ်"

"ဘယ်သူဟုတ်ရမလဲ၊ မြို့ပိုင်သားကလေး ကိုနှင်းငွေ၊ အခု သူက ဘိလပ်ပြန် ဆရာဝန်ကြီးတဲ့"

"ဩော် ... ဒေါက်တာဦးနှင်းငွေ၊ အဒေါ်နဲ့ ခင်လို့လား"

"ခင်ပါသော်ကော ကျုပ်တူမ၊ အဒေါ်တို့က အစက ဘခက်တို့နဲ့ တဲချင်း ယှဉ်ရက်၊ ဘခက်တို့ တဲကို မြို့ပိုင်သားကလေးက ဘိုင်စကယ်လေး ကလင် ... ကလင် နဲ့ ခဏခဏလာတယ်၊ အဒေါ့်အတွက်တောင် ချိုးတစ်ကောင်ပစ်လာပေး ဖူးတယ်၊ အဲဒီညက အဒေါ် ချိုးမစားနိုင်ပါဘူး၊ ဘခက်တို့ အမေ မြွေကိုက်ခံရတဲ့ည"

"ရှင် ... ဘခက်တို့အမေ မြွေကိုက်ခံရတဲ့ည"

"ဟုတ်သပေါ့ တော်၊ အဲ ... ကျုပ်တူမ အဲဒီတုန်းက ဘီပီအိုင် မြွေဆေး တွေ ဘာတွေ မပေါ်သေးဘူး၊ ညွှန့်မေက ခန္ဓသုတ်ရွတ်တယ်၊ ဦးဖိုးရှမ်းက ဓာတ်

http://www.cherrythitsar.org



လုံးနဲ့ ကုပေးတယ်”

“ညွှန့်မေဆိုတာ အခု ရွာမွန်သာက ကျောင်းဆရာမကြီး ဒေါ်ညွှန့်မေလား”

“တခြားဘယ်သူရှိရမလဲ၊ ပြောရဦးမယ်၊ အဒေါ်တို့ ထင်တာက မြို့ပိုင်သားကလေးက ညွှန့်မေကို ပိုးပြီး ရွာလာနေတာထင်တာ၊ ညွှန့်မေကလဲ အသားညိုချော၊ မြို့သားကြိုက်၊ မင်းကတော် စိုးကတော်ရုပ်”

“အဲဒီမြို့ပိုင်သားကလေးက ဒေါ် ... အဲ... ညွှန့်မေကို လာပိုးနေတာ မဟုတ်ဘူးပေါ့ ဟုတ်လား”

“အဲဒါ အဒေါ် ပြောပြမလို့၊ ဘယ်ဟုတ်ရမလဲ၊ သူက နုနုငယ်ကို လာပိုးနေတာကိုး”

“ရှင် ... နုနုငယ်”

“ဟုတ်တယ်၊ နုနုငယ်၊ အဲဒီကလေးမလေးကလဲ တော်တော်သနားဖို့ကောင်းတယ်၊ ရုပ်ကလေးကလဲ လှလိုက်တာ၊ ဖယောင်းလေးကို ထုထားတဲ့အတိုင်းပဲ၊ နေဦး”

ဒေါ်ငြိမ်းသာသည် စန္ဒတာ၏ မျက်နှာကို သေသေချာချာ ကြည့်၏။

“ကျွန်မကို ဘာကြည့်တာလဲ အဒေါ်”

“ဖွ မပြောကောင်း ပြောကောင်း၊ နုနုငယ်ရုပ်က တူမရုပ်မျိုး”

“ရှင် ... ကျွန်မ ရုပ်မျိုး”

“အစစ်ပဲ၊ ကျုပ်တူမကို တွေ့စက မြင်ဖူးတယ် မှတ်တယ်၊ လက်စသတ်တော့ နုနုငယ်နဲ့ တူနေတာကိုး”

“ရှင် ကျွန်မက နုနုငယ်နဲ့ တူနေတယ်”

“ညီအစ်မအရင်းဆိုရင်တောင် ယုံမှာပဲ၊ အဲ ... ဆရာမက နည်းနည်းပိုအသက်ကြီးတယ်”

စန္ဒတာငိုင်ကျသွား၏။ အတန်ကြာစွာ ငိုင်ကျသွား၏၊ ထိုနောက်မှ ဖြည်းဖြည်းညင်ညင်မေး၏။

“ခုနက နုနုငယ်ဆိုတာဟာ သနားဖို့ကောင်းတယ်လို့ အဒေါ် ပြောခဲ့တယ်၊ ဘယ်လိုသနားဖို့ကောင်းတာလဲ”

“ပြောရမှာက အရှည်ကြီးပဲ၊ ကျုပ်တူမ တကယ် နားထောင်ချင်သလား”

“စိတ်ဝင်စားစရာအကောင်းသား၊ ဟုတ်ကဲ့ ကျွန်မ နားထောင်ချင်ပါတယ်”

“ဒီလို ကျုပ်တူမရေ၊ အမလေး ပြောင်းဖူးဖက်ဆေးလိပ်သောက်ပြီး ပြောရရင် စည်းစိမ်ရှိလိုက်မဲ့အမျိုး၊ ဒါပေမဲ့ ဒီအခန်းထဲ ဆေးလိပ်မသောက်ရဘူးတဲ့”

“ဟုတ်ကဲ့၊ ဆေးရုံခန်းထဲ ဆေးလိပ်မသောက်ရပါဘူး”

“တစ်ဖူနာတာပဲ၊ ရှိပါစေတော့လေ၊ ဒါထက် ကျုပ်တူမ ဝဋ်နာ ကံနာဆိုတာကြားဖူးလား”

“ကြားဖူးပါတယ်”

"ယုံကော ယုံသလား"

"ကျွန်မတော့ သိပ်မယုံဘူး"

"မိကျောင်းမင်း ရေခင်းပြ၊ ဘုန်းကြီးစာချ လုပ်တာတော့ မဟုတ်ဘူး၊ ယုံတော့တော်ရေ၊ အဒေါ်က ကိုယ်တွေ့"

"ရှင် ... ဘယ်လိုကိုယ်တွေ့လဲ"

"အဒေါ်တို့ငယ်ငယ်က ဦးစိန်ကတုံး ဟိုဇာတ်မှာဆိုသွားတဲ့ သီချင်းရှိတယ်၊ အာသဏ်ာရယ်လေ၊ ငါမြင်တာနှစ်ခါရှိပါပေါ့တဲ့၊ အဲ ... အာသဏ်ာဇာတ်မှာ"

"ဘာဆိုင်လို့တုံးအဒေါ်ရ"

"အိုး ... နှစ်ခါမြင်ဖူးလို့ပေါ့"

"ဟောရှင် ဘယ်မှာ ဘာနှခါမြင်ဖူးတာလဲ"

ဒေါ်ငြိမ်းသာသည် စဉ်းစားဟန် ငြိမ်နေ၏။ ထိုနောက် လျှာဖြင့် ပါးစပ်ကို လျက်၏။ ပြောင်းဖူးဆေးလိပ်သောက်ချင်နေဟန်တူ၏။

ဒေါ်ငြိမ်းသာသည် ရယ်လိုက်ပြီးဆို၏။

"ပါးစပ်က ဆေးလိပ်သောက်ချင်လာတယ်၊ မရတာမှ လိုချင်တာကိုး၊ အဲ ... ဆက်ပြောရဦးမယ်၊ နှစ်ခါမြင်ဖူးတယ်ဆိုတာက နုနုငယ်တို့ အမေရယ်၊ နုနုငယ်ကို ပြောတာ"

"ဘာကိုမြင်ဖူးတာလဲ အဒေါ်"

"အဲဒါလဲ ပြောရကျပ်သားပဲ၊ ဒီလို အဒေါ်တို့ရွာထိပ်မှာ အိမ်ဆိုးကြီးတစ်ခု ရှိတယ်"

"သြော် ... သြော်"

"အဲဒီအိမ်ဆိုးကြီးကလူတွေဟာ ဘာရောဂါနဲ့မှန်းမသိဘူး၊ သေ သေသွားကြတယ်၊ အရင်ကိစ္စတွေတုန်းကတော့ အဒေါ်တို့က ကြားဖူးရုံပါ၊ နုနုငယ်တို့ အမေကျတော့ ကိုယ်တိုင်ကိုယ်တွေ့ပဲ"

"ဘယ်လိုကိုယ်တွေ့လဲ အဒေါ်ရ"

"မသောင်းနုဆိုတာ အင်မတန်လှတယ်၊ ဆံပင်ကို ဖားလျားချထားရင် ခြေမျက်စိရောက်တဲ့မိန်းမတစ်ယောက်၊ နောက် သူက ကိုမြတ်မင်းဆိုတာနဲ့ရတယ်၊ ရကြပြီး သူတို့ရွာက ပျောက်သွားတယ်၊ နှစ်အကြာကြီးနေမှ သူတို့ ပြန်လာတယ်၊ အဲဒီတော့ သမီးလေးတစ်ယောက်ပါလာတယ်၊ ခုနကပြောတဲ့ နုနုငယ်ဆိုတာပေါ့"

"အင်း ... ဆက်ပါဦး"

"နုနုငယ်က အပျိုပေါက်ကလေးပဲ၊ ဘခက်တို့ ညွန့်မေတို့ မြို့ပိုင်သားလေးတို့နဲ့ အတူ သာစည်ကျောင်းမှာ ကျောင်းတက်ကြတယ်၊ မသောင်းနုကိုတော့ ရွာမှာ ဘယ်သူမှ ထပ်မမြင်ကြရဘူး၊ တိုတိုပြောရရင်တော့ နှစ်အတော်ကြာမှ ... မသောင်းနု ခြံကြီးထဲမှာတွင် သေတာသိကြတယ်၊ ဘုန်းကြီးလေး ငါးပါးပင့်ပြီး ဆွမ်းသွတ်တယ်၊ ရွာကလူတွေတော့ ဘယ်သူမှ မဖိတ်ဘူး၊ ဖိတ်လဲ ခိုက်တဲ့ ဒီခြံကြီးထဲ ဘယ်သူမှ

http://www.cherrythitsar.org



မသွားပါဘူး၊ အဲ ... မသောင်းနုကို ခြံထဲတွင် ဂူသွင်းထားတာတော့ သိကြတယ်”

“အဲဒီဒေါ်သောင်းနုဆိုတာက ဘာဖြစ်လို့ သေသွားသလဲ”

“မသိဘူး ကျုပ်တူမရေ၊ သူတို့က ဒီလိုပဲ သေပြီဆိုမှ သေတော့တာပဲ၊ ဘာရောဂါရယ်လို့ မသိရဘူး၊ အဲ ... နုနုငယ် သေတော့မှ ကိစ္စတွေ ပေါ်ကုန်တာပဲ”

စစ္စတာသည် ဘာမှ ဝင်မမေး၊ မျက်လုံးများတွင်မူ မိမိပန်းချီဆွဲခဲ့ဖူးသော ဂူငယ်နှစ်ခုကို မြင်ယောင်နေမိသည်။

ဒေါ်ငြိမ်းသာက ဆက်ပြော၏။

“နုနုငယ်သေတော့လဲ ဒီပုံမျိုးပဲ၊ ရွာကလူတွေကို ဘယ်သူ့မှ မဖိတ်ဘဲ ဂူသွင်းလိုက်တယ်၊ ဒါပေမဲ့ ဒီတစ်ခါတော့ ဘာကြောင့် သေတယ်ဆိုတာပေါ်တာပဲ၊ ဘာကြောင့်သေတယ်လို့ ထင်သလဲ ကျုပ်တူမကြီး”

“ဆိုပါဦးအဒေါ်”

“ရူးပြီးသေတာတဲ့ ကျုပ်တူမရေ”

“ဘယ်လို ... ရူးပြီးသေတာ”

“ဟုတ်တယ်တော်၊ အဲဒါတောင် အစကမသိဘူး၊ ဘခက်တို့ ညွှန့်မေတို့ ရွာပြန်ရောက်မှသိရတာ”

“သြော် ... သူတို့ကတော့ သိတယ်ပေါ့နော်”

“သူတို့လဲ အစက သိတာမဟုတ်ဘူး၊ ဒီလို ကျုပ်တူမရေ၊ နုနုငယ် မသေခင် စိတ်နောက်စက မြို့ပိုင်သားကလေး လာတွေ့သွားသေးသတဲ့၊ အဲဒီတော့ မြို့ပိုင်သားကလေးက ဆရာဝန်တောင် ဖြစ်နေပြီဆိုကပဲ၊ သူကတစ်ဆင့် ဘခက်တို့ ညွှန့်မေတို့ သိကြရတာ၊ ပြီးတော့မှ ရွာကသိကြရတာ”

စစ္စတာသည် စဉ်းစားတွေဝေနေပြီးနောက် မေးသည်။

“အဲဒီနုနုငယ်ဆိုတာ ရူးပြီးသေတာ တကယ်ပဲလား”

“သြော် ... တကယ်ပါ၊ အိမ်ပျက်ကြီးပေါ် တက်ကြည့်ပါလား၊ အပေါ်ထပ်မှာ အချုပ်ခန်းလို သံတိုင်တွေ ကာထားတဲ့ အခန်းတစ်ခန်းရှိတယ်၊ အဲဒီအခန်းထဲမှာ မသောင်းနုကိုလဲ ချုပ်ထားတာပဲတဲ့၊ လူမမြင်အောင်ပေါ့လေ”

စစ္စတာသည် ရင်ခုန်နေ၏၊ ဒေါ်ငြိမ်းသာကိုလည်း ကြောင်ကြောင်ကြီး စိုက်ကြည့်နေ၏။

စစ္စတာ၏ အမူအရာ ပြောင်းလဲသွားပုံကို ဒေါ်ငြိမ်းသာ သတိပြုမိ၏။ ထူးခြားစွာ စိုက်ကြည့်နေသည့် မျက်လုံးများကိုလည်း သတိပြုမိသည်။

“ကျုပ်တူမကြီးက အဒေါ့်ကို ဘာလို့ စိုက်ကြည့်နေရတာလဲ၊ အဒေါ်ပြောတာ မယုံလို့လား၊ အဒေါ် အပိုတစ်ခုမှ မပြောဘူး”

သတိဝင်လာပြီး စစ္စတာသည် ပြုံး၍မေး၏။

“သြော် ... မယုံလို့ မဟုတ်ပါဘူး၊ အဒေါ်ပြောပြတဲ့ ဇာတ်လမ်းက ပုံလေးတစ်ပုံလိုပါပဲ၊ စိတ်ဝင်စားဖို့ သိပ်ကောင်းတာပဲ၊ ဒါထက် အဲဒီနုနုငယ်ဆိုတာဟာ

http://www.cherrythitsar.org



တကယ်ပဲ သေသွားပြီနော်”

“ရော ... ခက်ပါပြီ၊ ရွာမွန်သာမှာ သွားကြည့်ပါလား၊ ဂူတောင်ရှိသေးတယ်”

“ကျွန်မလဲ အဲဒီဂူကို မြင်ဖူးပါတယ်၊ အဒေါ်နဲ့ စကားမစပ်မိလို့ ကျွန်မ ပန်းချီတောင် ဆွဲခဲ့သေးတယ်”

“ကဲ ... ဒါဖြင့် ဘာလိုသေးလဲ”

စစ္စတာသည် ခေါင်းကို အသာအယာခါ၏၊ နှုတ်မှလည်း လွတ်ခနဲ ထွက်သွားမိ၏။

“ဂူကို တွေ့တာတော့ တွေ့တာပေါ့လေ၊ ရှုးလို့သေတယ်ဆိုတာကိုတော့ စဉ်းစားစရာကြီး၊ ရှုးတိုင်းမသေပါဘူး အဒေါ်၊ ပြီးတော့ ငယ်ငယ်ရွယ်ရွယ် ရှုးတာဆိုရင် ပျောက်အောင် ကုလို့ရတယ်၊ အဒေါ်ပြောသလိုပဲ ကျွန်မလဲ ကိုယ်တွေ့ပါပဲ”

ဒေါ်ငြိမ်းသာ သက်ပြင်းချသည်၊ မကျေနပ်ဟန်ဖြင့် ဆို၏။

“အစကတည်းက အဒေါ်ပြောသားပဲ၊ ဝဋ်နာ၊ ကံနာပါလို့၊ ကျုပ်တူမက ဒါတွေ အယူမရှိဘဲ၊ အဲဒီတော့ ခက်နေတာပေါ့”

စစ္စတာသည် ဒေါ်ငြိမ်းသာနှင့် ပြိုင်၍ မငြင်း၊ မေးခွန်းတစ်ခုသာ ထုတ်၏။

“ဩ ... ဒါထက် အဒေါ် ဒီဆေးရုံမှာ လာတက်နေတာ ဆရာဝန် ဦးနှင်းငွေ ဘယ်လိုလုပ် သိသွားရတာလဲ”

ဒေါ်ငြိမ်းသာသည် အားရပါးရ ပြုံးပြီး ဖြေ၏။

“ဆရာကိုထွန်းသောင်ပေါ့၊ မြို့ပိုင်သားလေးက ပြောသွားတယ်၊ ဆရာကိုထွန်းသောင်ကတစ်ဆင့် သူသိတာတဲ့၊ အဒေါ်ဖြင့် အားရှိလိုက်တာလေ၊ ဒီက ဆရာမ ကလေးတွေက ပြောတယ်၊ မြို့ပိုင်သားကလေးက အခု ဆရာဝန်မှ နည်းနည်းနောနော မဟုတ်ဘူး၊ အကြီးကြီး ကြီးတဲ့၊ ပြီးတော့ အဒေါ့်ကို ခွဲမယ့် ဒီကဆရာဝန်ကြီးနဲ့လဲ သူငယ်ချင်းတဲ့၊ ကျုပ်တူမကြီးတို့ ဆေးရုံမှာပဲ သူလုပ်တယ်ပြောတယ်။ ကျုပ်တူမကြီးနဲ့ မသိဘူးလား”

“သိရုံမကပါဘူး အဒေါ်၊ ကျွန်မ အထက်က ဆရာဝန်ကြီးပါ”

“ဟော့တော့ ... သောက်ကျိုးနည်းပါပြီ”

“ဘာဖြစ်လို့လဲ အဒေါ်”

“အဒေါ်နှုတ်မဆင်ခြင်မိလို့ အခု အဒေါ်ပြောတာတွေ မြို့ပိုင်သားလေးကို သွားမပြောနဲ့နော်၊ သူ့ခမျာ ရှက်နေရှာဦးမယ်”

“စိတ်ချပါ အဒေါ်ရယ်၊ လူနာတွေနဲ့ ပတ်သက်လာရင် ကျွန်မတို့ ဆရာဝန်၊ ဆရာမတွေဆိုတာဟာ အင်မတန် နှုတ်စောင့်စည်းရပါတယ်၊ ကာယကံရှင် လူနာက ခွင့်မပြုဘဲ လူနာရဲ့ လျှို့ဝှက်တဲ့ ကိစ္စတွေကို မပေါက်ကြားအောင် ထိန်းသိမ်းရပါတယ်”

ဒေါ်ငြိမ်းသာသည် စိတ်ချမ်းသာသွားဟန် ခေါင်းညိတ်ပြ၏၊ ထို့နောက် ဘာစိတ်ကူးရ၍လည်းမသိ မေး၏။

“ကျုပ်တူမက မြို့ပိုင်သားကလေးရဲ့ လက်အောက်ကဆိုတော့ သူနဲ့ အမြဲ

http://www.cherrythitsar.org



တွေ့နေရမှာပဲနော်”

“နေ့တိုင်းတွေ့နေရတာပေါ့ အဒေါ်၊ ဘာဖြစ်လို့ပါလဲ”

“ဩ ... ဘာမှ မဟုတ်ပါဘူး၊ ဒါထက် စိတ်မဆိုးနဲ့နော်၊ ကျုပ်တူမ အပျို ပဲဟုတ်လား”

“ဟုတ်ပါတယ်၊ အဒေါ် ဘာကြောင့် ဒီလိုမေးရတာလဲ”

ဒေါ်ငြိမ်းသာသည် အဖြေရခက်သွားဟန်တူသည်၊ ပါးစပ်များက လှုပ်လာသည်။ အသံက ထွက်မလာ၊ အတန်ကြာမှ မသပ်မရပ်ဖြေ၏။

“ဒီလိုပါ၊ ဟိုဒင်း ... အဲသလို အပျိုဆိုတော့ ဟိုဟာမြင် ဒီဟာမြင်ဆိုတော့ အဲ ... ကျုပ်တူမတို့ မျက်နှာမပူဘူးလား”

“ဘာပူစရာရှိသလဲ အဒေါ်ရယ်၊ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဒီလိုပဲ သဘောထားလိုက်ရတာပေါ့”

ညှော့သည်ပြန်ချိန်ကျကြောင်း အချက်ပေးသံပေါ်လာ၏။ စန္ဒတာသည် နေရာမှထလိုက်၏။

“အဒေါ့်ကို တနင်္လာနေ့မနက်မှ ခွဲမယ်ပြောတယ်၊ ညနေပိုင်းမှ ကျွန်မ လာကြည့်ပါဦးမယ်၊ ဘာမှ အားမငယ်နဲ့နော် အဒေါ်”

“အို ... ခု အားမငယ်တော့ပါဘူး၊ အဒေါ့်ကို စောင့်ရှောက်ကြတဲ့လူတွေ က အများကြီးပဲ”

စန္ဒတာသည် အခန်းတွင်းမှ ထွက်တော့မည်ပြင်ပြီးမှ ဒေါ်ငြိမ်းသာကို လှည့်ကြည့်ပြီးမေး၏။

“ဒါထက် စောစောက စကားပြန်ကောက်ကြရအောင်၊ အခုနက အဒေါ်ကပြော တယ်၊ နုနုငယ်ဟာ ကျွန်မနဲ့ သိပ်တူတယ်လို့၊ တကယ်ပဲ တူတယ်နော်”

“တကယ့်ကို တူတာ၊ အဒေါ်ပြောခဲ့ပါရောလား၊ ညီအစ်မအရင်းဆိုရင် ယုံမယ်လို့”

စန္ဒတာသည် ခေါင်းညိတ်ပြ၏။

“အဲဒါသေချာချင်လို့ပါ၊ ကဲ ... ကျွန်မ ပြန်ဦးမယ်အဒေါ်”

*

ထိုည၌ စန္ဒတာသည် မိမိ၏အခန်းထဲတွင် စိတ်လှုပ်ရှားစွာ ရှိသည်။

ဆေးရောင်မသွင်းရသေးသော နုနုငယ်၏ ဂူပန်းချီကားကို ငေးငိုက်ကြည့်နေမိသည်။

စန္ဒတာသည် ခေါင်းခါရင်း မိမိကိုယ်ကို မိမိ ပြောကာ ညည်းမိ၏။

“အို ... မဟုတ်နိုင်ဘူး၊ အို ... မဖြစ်နိုင်ဘူး”

စန္ဒတာသည် တစ်ချိန်က ဖွင့်ကြည့်ခဲ့သော သေတ္တာအပြားကလေးကို ယူပြီး

http://www.cherrythitsar.org



ဖွင့်၏။

သေတ္တာတွင်းမှ ဆေးရောင် သွင်းပြီးသော ပန်းချီကားတစ်ချပ်ကို ယူကြည့်မိ၏။

ပန်းချီကားမှာ လှပသော တောတန်းကလေးတစ်ခု၏ပုံ ဖြစ်သည်၊ တောတန်း၌ သစ်ပင်တို့ ရွက်ဝါကြွေနေ၏၊ မြေပြင်၌လည်း ရွက်ဝါတို့ ဖုံးနေ၏၊ အပွင့်နီနီဆင်ထားသော၊ လက်ပံပင်ကြီးတစ်ပင် ပါရှိနေ၏။

အမှန်က စစ္စတာ ကြည့်ဆွဲခဲ့သော တောတန်းတွင် လက်ပံပင် မရှိချေ။

စစ္စတာပြုစုနေရသော လူနာကလေးမကလေးက ထည့်ခိုင်း၍သာ ထည့်ပေးခဲ့ရသည်။

တောတန်း၏ နောက်ခံမှာ နေဝင်ချိန်ဖြစ်သည်။

ပန်းချီကား၏ အောက်၌ "ခင်တန်းညိုညို နေညိုညို"ဟု လှပဝိုင်းစက်သော လက်ရေးကလေးများနှင့် ရေးထား၏၊ ဤလက်ရေးများမှာ သူကလေး၏ လက်ရေးများဖြစ်သည်၊ ခင်တန်းညိုညို နေညိုညို ဟူသော အမည်ကိုလည်း သူကလေးပင် ရွေးသည်။

စစ္စတာသည် ရှာမွန်သာမှ ဂူငယ်ပန်းချီကားကို ကြည့်မိပြန်၏။

စစ္စတာသည် ခေါင်းကို ဖြည်းလေးစွာ အကြိမ်ကြိမ်ခါ၏။

* * *

# အပိုင်းသုံး

# အခန်း(၁၇)

မနေ့က မိုးမနည်းမများ ရွာထားသောကြောင့် ရွာမွန်သာတစ်ဝိုက်တွင် မြေသင်းနံ့များ ပျံ့ပျံ့ပျူးနေ၏။

ယနေ့မူ မိုးမရွာ၊ ထုံးစံအတိုင်း တိမ်မြူတို့သည် လွင်ပြင်အထက် ကောင်းကင်ပြာတစ်လျှောက် တရွေ့ရွေ့ဖြတ်သန်းကာ ရှမ်းရိုးမကြီးဆီသို့ ဦးတည်သွားနေကြသည်။

ဆည်အတွင်း၌ ညိုဝါသောရေတို့ ပြည့်နေကြသည်၊ ဆည်မှခွဲထွက်သော မြောင်းလက်တက်တို့ အတွင်း၌လည်း ဝါညိုသော ရေရှင်မှာ သွင်သွင်စီးနေကြသည်။

ရွာပတ်ဝန်းကျင် လယ်ကွင်းတို့လည်း ပြောက်ကျားကွက်၍ စိမ်းစိုနေကြသည်။

နှမ်းကြီးပင်တို့ ထစပြုပြီး ယခုနှစ်စမ်းစိုက်သော ခြောက်လ မြေပဲပင်တို့ အောင်မြင်ဖွံ့ထွားနေကြသည်၊ ကောက်လျှင်ခင်းတို့က စိမ်းစိမ်းဝါဝါ ရှိ၏၊ ပြောင်းပင်တို့ကလည်း ထူထူထောင်ထောင်နှင့်။

ဖုန်းဆိုးတောအလွန်ရှိ နုနုငယ်တို့၏ ခြံဆိုးကြီးတစ်ဝိုက်တွင် လူသံသူသံတို့ ဆူညံနေ၏၊ လူသံသူသံများကို လွှမ်း၍ အဝါရောင် ကျွဲရိုင်းစက်ကြီး၏ အသံက မြည်ဟည်းထွက်နေ၏။

ခြံကြီး၏ အရှေ့ဘက်ရှိ မဲဇလီပင်တစ်ပင်၏ ပင်စည်ကို မှီနားရပ်ရင်း ညွှန့်မေသည် ရင်ခုန်နေ၏။

ခြံလယ်ဆီသို့ ညွှန့်မေသည် စိုက်ကြည့်နေသည်။

ခြံလယ်၌ အိမ်ကြီးမရှိတော့ပြီ၊ ကျွဲရိုင်းစက်ကြီးဖြင့် ထိုးညှိထားသောကြောင့် မြေသည် ပျံ့ပျူးညီညာနေသည်၊ မနေ့က မိုးရေဖျန်းထားသောကြောင့် ပွပွလေး စိုစွတ်နေ၏။

ညီညာသောမြေကွက်ကို စိုက်ကြည့်နေရင်း ညွှန့်မေသည် ရင်လည်းခုန်သည်၊ ရင်လည်းဟာသည်၊ ဝမ်းလည်းသာမိသည်၊ ဝမ်းလည်းနည်းမိသည်။

ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ရွာမွန်သာနှင့် ဤအိမ်ဆိုးကြီးသည် အစဉ်ဆက်စပ်လျက် ရှိခဲ့သည်၊ သြော် ... မိမိတို့ဘဝသည်လည်း ဤအိမ်ဆိုးကြီးနှင့် ဆက်စပ်လျက် နေခဲ့သည် မဟုတ်ပါလော။

ယခုတော့ ဤအိမ်ဆိုးကြီး မရှိပြီ၊ သည်တော့လည်း ရင်မှာ ဟာ၍နေ၏။

http://www.cherrythitsar.org



ကွဲရိုင်းစက်ကြီးဖြင့် အိမ်ကြီးကို ဆွဲ၍ ဖြိုဖျက်စဉ်အခါက ထူးဆန်းစွာပင် ညွန့်မေ၏ရင်မှာ နာမိခဲ့လေသည်။

အိမ်အိုအိမ်ဆွေးကြီးဖြစ်သောကြောင့် ကွဲရိုင်းစက်ကြီး၏ အားကို တောင့်မခံနိုင်ရှာ၊ တစ်ဆင့်ပြီးတစ်ဆင့် နံရံများ၊ တိုင်များ၊ ထုပ်လျောက် ဒိုင်းမြားများ အမိုးများသည် မြေသို့ ပြိုကျပျက်စီးကုန်လေသည်။

ပြိုကျပျက်စီးစဉ် အိမ်ကြီးသည် ငိုညည်းသယောင်အသံပြုသည်၊ သို့မဟုတ် ငိုညည်းသံဟု ညွန့်မေ၏ စိတ်တွင် ထင်မိသည်။

ဤအိမ်ကြီးတွင် ခေတ်အဆက်ဆက် နှစ်အလီလီနေသွားကြသော ဒုက္ခသည်များ၏ ငိုညည်းသံများဟု ထင်မိသည်၊ သြော် ကံဆိုးမကလေးနုနုငယ်၏ ရှိုက်ဖိုငိုကြွေးသံဟုပင် ထင်ယောင်ထင်မှား ဖြစ်မိသည်။

အားလုံးပြီးခဲ့ပြီ၊ အားလုံးလွန်ခဲ့ပြီ၊ ပြီးခဲ့ လွန်ခဲ့သော ကြေကွဲဖွယ် ညိုမှိုင်းမှောင်ဝေသည့် ဇာတ်လမ်းရှည်တစ်ခုသည် ပြီးဆုံးပါပြီ၊ ပြည်ဖုံးကားချလုနီးပေပြီ။

ညွန့်မေသည် ဆို့နင့်သောရင်ဖြင့် ကန္တာရပင်တန်းများဆီသို့ လှမ်းကြည့်မိ၏၊ ကန္တာရပင်ရိပ်၌ ဂူငယ်တစ်လုံးသာ ကျန်တော့၏၊ နုနုငယ်ဟု အမည်ထိုးထားသော ဂူငယ်သာတည်း။

နုနုငယ်၏ မိခင်ဂူကို မနေ့က ဖြိုဖျက်ပြီးသည်။

ဂူတွင်း၌ ခိုင်ခံ့နေသေးသော ကျွန်းခေါင်းကို တွေ့ရသည်၊ ခေါင်းတွင်း၌ လူအရိုးစုသည် ပက်လက်အနေအထားနှင့် အဆက်အစပ် မပျက်တပျက် ရှိသည်၊ ဂူသွင်းစဉ်က လွှမ်းထည့်လိုက်သော အဝတ်အစားတို့သည် ဆွေးမြည့်စပြုနေ၏၊ ဦးခေါင်းခွံအနီး၌ ပုံရစ်ခွေနေသော ရှည်လျားသည့် ဆံပင်များသည် အနက်ရောင် မပျောက်တပျောက် ရှိနေ၏၊ အလုပ်သမားတစ်ဦးက ဆံပင်များကို သွားတို့လိုက်သောအခါ ပြာတောင့်ကြွေသကဲ့သို့ ကြွေမွသွားသည်။

ယနေ့ နုနုငယ်၏ ဂူကို သူတို့ဖျက်ကြမည်။

နုနုငယ်၏ ဂူလေးကို နောက်ဆုံး နှုတ်ဆက်နေလေသည်လော မပြောတတ်၊ ကန္တာရပင်၏ အကိုင်းကလေးသည် ဂူထိပ်မျက်နှာပြင်ကို ယုယစွာ ပွတ်သပ်နေ၏။

နုနုငယ်၏ဂူ အဖျက်ခံရသည်ကို ညွန့်မေ မကြည့်ရက်၊ သို့ရာတွင် ကြည့်လည်းကြည့်ချင်သည်။

ဂူဖျက်ပြီး၍ ခေါင်းဖွင့်လျှင်ကား ညွန့်မေ မကြည့်ရဲ၊ ကြည့်မည်မဟုတ်။

ညွန့်မေသည် မိမိခြေထောက်အနီးရှိ တောင်းတစ်လုံးကို ငုံ့ကြည့်လိုက်သည်၊ တောင်းအတွင်း၌ စံပယ်ပန်းဖြူဖြူနှင့် အခြားပန်းများရှိသည်။

ဘခက်က နုနုငယ်၏ အရိုးထည့်ရန် ကျွန်းခေါင်းအသစ်တစ်လုံးကို သီးသန့်လုပ်ထားသည်၊ ခေါင်းပျက်အတွင်းမှ နုနုငယ်၏ အရိုးများကို ခေါင်းသစ်တွင် ထည့်မည်၊ အရိုးများပေါ်၌ မွှေးကြိုင်သောပန်းများ ဖုံးလွှမ်းမည်၊ ပန်းများ ဖုံးလွှမ်းပြီးမှသာ ညွန့်မေက ခေါင်းအတွင်းကို ကြည့်နိုင်မည်။

http://www.cherrythitsar.org



ထို့နောက် ခေါင်းသစ်ကို သယ်ဆောင်ပြီး ဂူသစ်၌ သွင်းရမည်၊ ဤဂူသစ်အတွက် ဘခက်နှင့် ညွှန့်မေတို့က မိမိတို့ကိုယ်ပိုင်ငွေမှ စိုက်ထုတ်အကုန်ခံထားသည်၊ ဂူနေရာကိုလည်း ခင်တန်းထိပ် လက်ပံပင်ကြီးအောက်တွင် ရွေးချယ်ထား၏၊ ယခုဆိုလျှင် ဂူသစ်လည်း အဆင်သင့်ဖြစ်နေပြီ။

နုနုငယ်၏ မိခင်ဂူမှ ကျန်ရှိသော အုတ်ကျိုးအုတ်ပဲ့များကို ရှင်းလင်းမြေညှိပြီးနောက် ကွဲရိုင်းစက်ကြီးသည် ရပ်နားနေ၏။

မှန်သည် ရပ်နားနေ၏၊ နုနုငယ်၏ ဂူကို သူတို့ ဖြိုပြီးလျှင် ကွဲရိုင်းစက်ကြီး အလုပ်ပြန်များဦးမည်၊ နုနုငယ်၏ ဂူနေရာ၌ အစအန အကြွင်းမကျန်ရသည့်တိုင်အောင် မြေညှိရပေဦးမည်။

အလုပ်သမားများနှင့် လုပ်အားပေး ရွာသူရွာသားများသည် ပေါက်ချွန်းများ တူကြီးများတို့ဖြင့် နုနုငယ်၏ ဂူကို စတင်ဖြိုဖျက်ကြသည်။

အင်္ဂတေများကွာထွက်လာကြ၏၊ အုတ်ခဲများ ကျိုးပဲ့ထွက်လာကြ၏။

မာသောဂူနှင့် ပြင်းထန်သောတူချက် ပေါက်ချွန်းချက်ထိတွေ့သံများ လေတွင် ပဲ့တင်ထပ်နေ၏၊ မြေသည် မသိမသာတုန်၏။

အာရုံကိုလွှဲရန် ညွှန့်မေသည် အရှေ့ဘက်သို့ မျက်နှာလွှဲလိုက်သည်။

သို့ရာတွင် သည်ဘက်၌လည်း ကြေကွဲဝမ်းနည်းဖွယ်ရာကို တွေ့ပြန်ရ၏။

ချောင်းကမ်းပါးနှင့် မလှမ်းမကမ်းတွင် မီးပုံကြီးတစ်ခုတောက်နေ၏၊ မီးလျှံများ ထိုးထွက်နေသကဲ့သို့ ညိုမည်းသော မီးခိုးများလည်း ကောင်းကင်သို့ တလူလူတက်နေကြ၏။

ခိုက်သောအိမ်ကြီး၏ ကြွင်းကျန်သမျှကို ရွာသူရွာသားများက မီးသင်္ဂြိုဟ်နေကြခြင်း ဖြစ်၏၊ အမှန်မှာ အိမ်အိုကြီးဟု ဆိုရသော်လည်း အချို့ပျဉ်များ၊ အချို့တိုင်များသည် ပြန်လည်အသုံးပြုနိုင်သေးသော အဖိုးတန် ကျွန်းသားများ ဖြစ်ကြ၏။ သို့ရာတွင် ယင်းတို့ကို ရွာမှ အဆင်းရဲဆုံးသော သူများကပင် ပြန်လည်အသုံးပြုရန် လက်မခံကြ၊ ထို့ကြောင့် အစစကိစ္စတုံးရန် မီးရှို့ပစ်ကြခြင်း ဖြစ်၏။

ညွှန့်မေသည် ခြေသံကြားရ၏။

ဘခက်က ညွှန့်မေထံ ချဉ်းကပ်လာသည်။

ရင့်ကျက်သော ဘခက်၏မျက်နှာတွင်လည်း ကြေကွဲဝမ်းနည်းမှုကို တွေ့ရသည်။

"ခေါင်းကို ထုတ်လိုက်ပြီ၊ ညွှန့်မေ ဒီမှာပဲ နေရစ်ခဲ့၊ ဟောဒီပန်းတွေကို ကိုယ်ယူသွားမယ်"

ဘခက်သည် ပန်းများထည့်ထားသော တောင်းကို ယူလျက် ထွက်သွားသည်။

မကြည့်ချင်လျက်က ညွှန့်မေသည် ဂူဆီသို့ လှမ်းကြည့်သည်။

အောက်ခံမှတစ်ပါး ဂူသည် ပြိုပျက်သွားပြီ။

လူနှစ်ဦးက ကျွန်းခေါင်းကို ဆွဲထုတ်လိုက်ကြသည်။

ညွှန့်မေသည် ဦးခေါင်းကို ငုံ့လိုက်၏၊ မျက်လုံးများကို ပိတ်လိုက်၏၊

http://www.cherrythitsar.org



မျက်နှာကိုလည်း လက်ဝါးများဖြင့် အုပ်လိုက်၏။

အတန်ကြာမှ ညွန့်မေ က ခေါင်းမော့ မျက်စိဖွင့်ကာ လှမ်းကြည့်သည်။

ခေါင်းဘေး၌ရှိနေကြသော လူအားလုံးတို့သည် ကျောက်ရုပ်ကဲ့သို့ ငြိမ်ရပ်နေကြ၏၊ စကားပြောသံ မကြားရဘဲ တစ်ဦးမျက်နှာကို တစ်ဦး အံ့သြစွာ ကြည့်နေကြသည်။

စတင်လှုပ်ရှားလာသူမှာ ဘခက် ဖြစ်၏။

ဘခက် သည် ညွန့်မေ ရှိရာဘက်သို့ လှည့်ကြည့်ပြီး အော်၏။

"ညွန့် လာစမ်း ဒီကို လာကြည့်စမ်း"

ညွန့်မေသည် အံကြိတ်ပြီး ခေါင်းခါပြ၏။

"အို ... လာစမ်းပါဆို ညွန့် ကလဲ"

ဘခက် သည် ခြေလှမ်းကျဲကြီးများဖြင့် ညွန့်မေ အနီးသို့ ရောက်လာ၏။

ဘခက်က ညွန့်မေ ၏ လက်မောင်းကို ကိုင်ဆွဲလျက် ခေါင်းဆီသို့ ခေါ်ငင်သွားသည်။

မရုန်းတရုန်းဖြင့် ဘခက်ဆွဲခေါ်ရာနောက်သို့ ညွန့်မေသည် ကန့်လန့်ကန့်လန့် ပါသွားလေသည်။

ခေါင်းအနီး၌ရှိသော လူများက ရှဲပေးကြသည်။

"ဟင့်အင်း ... ဟင့်အင်း ကိုဘခက် ကျွန်မ မကြည့်ချင်ဘူး၊ ကျွန်မ မကြည့်ရက်ဘူး"

ညွန့်မေ သည် ဦးခေါင်းကို နောက်ပစ်လွှဲထား၏။

ဘခက် သည် ညွန့်မေ၏မေးကို လက်ဖြင့် ဆွဲလှည့်လိုက်ပြီး ဆို၏။

"ကြည့်ပါဦး ညွန့် ... ကြည့်လိုက်ပါဦး"

ညွန့်မေ သည် အရဲစွန့်ပြီး မျက်လုံးများကို ဖွင့်လိုက်သည်။

ကျွန်းခေါင်း၏အဖုံးသည် ပွင့်နေပြီးပြီ။

ခေါင်းအတွင်းသို့ ညွန့်မေက ကြည့်လျက်ပြီးသား ဖြစ်နေ၏။

ညွန့်မေ၏ တစ်ကိုယ်လုံး တုန်လှုပ်သွားသည်၊ အသက်ရှူလည်း ရပ်သွား၏။

ညွန့်မေသည် ဝိုင်းဝိုင်းလည်နေသော မျက်လုံးများဖြင့် ဘခက် ကို ကြည့်သည်၊ ဝိုင်းဝိုင်းလည်နေသော ညွန့်မေ၏ မျက်လုံးများက အလည်ရပ်သွားသည်၊ ထို့နောက် မျက်ခွံများ ပိတ်သွား၏။

အရုပ်ကြိုးပြတ်ပမာ ညွန့်မေသည် ခွေကျသွား၏။

"အို ... ညွန့် ... ညွန့် ဘာဖြစ်သွားရတာလဲ"

ဘခက် သည် ညွန့်မေ၏ကိုယ်လေးကို အချိန်မီ လှမ်းပွေ့ယူလိုက်ရ၏။

ရင်ခွင်တွင်းမှ ချစ်ဇနီး၏ မျက်နှာကို ဘခက် သည် စိုးရိမ်ကြီးစွာဖြင့် ငုံ့ကြည့်သည်။

ဘခက်၏ ရင်ခွင်အတွင်း၌ ညွန့်မေသည် သတိလွတ်မေ့မြောနေလေပြီတကား။

* * *

http://www.cherrythitsar.org

# အခန်း(၁၈)

ပင်ကိုအားဖြင့် စိမ်းလန်းစိုပြည်သော ရန်ကုန်တက္ကသိုလ်နယ်မြေသည် နှောင်းမိုးဖျန်းထားသောကြောင့် အေးမြသစ်လွင်နေ၏။

လှည်းတန်းအဝိုင်းကြီး၏အနီး တက္ကသိုလ်ရိပ်သာလမ်းကို မျက်နှာပြုထားသော သုံးထပ်တိုက်အဆောက်အအုံကြီးရှေ့သို့ နက်ပြာရောင် မာဇဒါ ဖင်မီလီးယား ဆီဒင်ကားတစ်စီး ဆိုက်လာ၏။

ကားရှေ့ခန်းမှ အရပ်သွယ်သွယ်ပျောင်းပျောင်းနှင့် လူရွယ်တစ်ဦး ဆင်းလာ၏။

လူရွယ်သည် ခြေလှမ်းမှန်မှန်ဖြင့် အဆောက်အအုံကြီး၏ အတွင်းသို့ ဝင်လိုက်သည်။

အဆောက်အအုံအတွင်းသို့ ရောက်သောအခါ လူရွယ်သည် ဘယ်သွားရမှန်း မသိလေဟန် ဟိုဟိုသည်သည် ကြည့်၏။

အခန့်သင့်ပင် ဖိုင်တွဲများပိုက်ကာ လျှောက်လာကြသော ကျောင်းသားနှစ်ဦးကို တွေ့ရ၏။

လူရွယ်ကမေးမြန်းစုံစမ်း၏။

"ဒီဥစ္စာ စိတ်ပညာဌာနနော်"

ကျောင်းသားတစ်ဦးက ယဉ်ကျေးစွာဖြေ၏။

"ဟုတ်ပါတယ်ခင်ဗျာ၊ စိတ်ပညာဌာနပါ၊ နောင်ကြီးကို ကျွန်တော်တို့ ဘာကူညီရပါမလဲ"

"ဩော် ... ကထိက ဒေါက်တာဦးကျော်ဖေကို တွေ့ချင်လို့ပါ၊ သူ့အခန်း ဘယ်မှာပါလဲ"

"ဆရာဦးကျော်ဖေနဲ့ တွေ့ချင်လို့လား၊ ကျွန်တော်တို့ လိုက်ပြပါ့မယ်၊ လိုက်ခဲ့ပါခင်ဗျာ"

ကျောင်းသားနှစ်ဦးသည် လူရွယ်ကို မြောက်ဘက်အပိုင်းသို့ ခေါ်သွား၏။

http://www.cherrythitsar.org



အခန်းတစ်ခု၏ရှေ့ ရောက်သောအခါ ကျောင်းသားတစ်ဦးက ဆို၏။

"အဲဒါ ဆရာဦးကျော်ဖေ ရဲ့ အခန်းပါပဲ၊ ကျွန်တော်တို့ အထဲလိုက်ပို့ပေးဖို့ လိုပါသေးသလားခင်ဗျာ"

"မလိုတော့ပါဘူးကွယ်၊ အခုလို လိုက်ပြတာပဲ ကျေးဇူးတင်လှပါပြီ"

"ဒါဖြင့် ကျွန်တော်တို့ သွားပါဦးမယ်ခင်ဗျာ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ကျောင်းသားလေးနှစ်ဦးတို့ ထွက်ခွာသွားကြ၏၊ လူရွယ်သည် ယဉ်ကျေးလှသော ကျောင်းသားနှစ်ဦး၏ နောက်ကျောကို ငေးကြည့်ကျန်ရစ်၏။

အခန်းတွင်းရှိ စားပွဲကြီးတစ်လုံးတွင် ကထိက ဒေါက်တာဦးကျော်ဖေသည် တစ်စုံတစ်ရာ စိတ်ပါဝင်စားစွာ အလုပ်လုပ်နေ၏။

ကထိက ဒေါက်တာဦးကျော်ဖေ ၏ အသားက အလွန်ဖြူသည်၊ ကြီးမားသော နှာခေါင်းကြီးလည်း ရှိသည်၊ နှာခေါင်းကြီး၏ အောက်ပါးစပ်တွင် ဆေးတံကြီးတစ်ချောင်းကို ခဲထား၏။

လူရွယ်၏ ခြေလှမ်းကို ကြားရသောကြောင့် ဒေါက်တာဦးကျော်ဖေသည် အပေါက်ဝဆီသို့ ခေါင်းရော နှာခေါင်းရော ဆေးတံရော လှည့်ကာ မျက်မှန်ထူထူ အောက်မှ မျက်လုံးများနှင့် လှမ်းကြည့်ပြီး ဆို၏။

"ကြွပါခင်ဗျာ ... ကြွပါ၊ အယ် ... မင်းဘိုးအေ၊ ဟော့ကောင့် ဖိုးနင်းငွေ ဘယ်ကပေါ်လာရတာလဲ"

ကျော်ဖေသည် နေရာမှ ထကာ နင်းငွေ ကို ဝမ်းသာအားရ လက်ဆွဲနှုတ်ဆက်၏၊ လက်ဆွဲနှုတ်ဆက်ရင်း ပြုံးရင်း ရယ်ရင်းက တမင်လုပ်ထားသော ဝမ်းနည်းသံဖြင့် ဆို၏။

"အမလေး မသေလို့ တွေ့ရ မေ့နိုင်ပါ့မလား ကိုနင်းငွေ ရေ၊ အခု ဘယ်ရာဇာ ဘယ်မင်းဘယ်အခြင်းအရာနှင့် အလင်းရောင်ပြ ကိုယ်ထင်ကြွလာရတာလဲ၊ စားပါသောက်ပါ အသားမရော အုန်းငှက်ပျောနှင့် သဘောရှိနှံ့ ကောက်ညှင်းဆန်ပေါင်းလေးလဲပါ ... ပါရဲ့"

နင်းငွေ သည် ရယ်ပြီးပုနိမ့်သော ကျော်ဖေ ၏ ပခုံးကို လက်တစ်ဖက်ဖြင့် ပုတ်ကာဆို၏။

"ဖိုးကျော်ဖေ မင်းဒီကျင့်တွေ မပျောက်သေးဘူးလား"

"အကျင့်မဟုတ်ဘူးကွ ပါရမီပါ ... ပါရမီဆိုတာ ဘယ်ပျောက်နိုင်မလဲ၊ ကြာလေရင့်လေတာမျိုး၊ ဟဲ ... ဟဲ ... "

"အင်း ... ဒီလို ကိုယ့်ကိုယ်ကို သိဒ္ဓိတင်ပြောတဲ့ ပညာရှိလေသံမျိုး မကြားရတာကြာပြီ"

သူငယ်ချင်းနှစ်ယောက်သည် ရယ်မောကြပြီး အသီးသီးထိုင်ကြ၏။

ကျော်ဖေ က မေး၏။

http://www.cherrythitsar.org



"ကိုယ်ပြန်ရောက်တာ မောင်ရင် ဘယ်လိုလုပ်သိသလဲ"

"ကိုယ့်ညီဝမ်းကွဲတစ်ယောက်က စိတ်ပညာအဓိကယူတယ်၊ ဟိုနေ့က ဖေဖေတို့ဆီ သူလာလည်ရင်း စကားစပ်မိတာနဲ့ မင်းပြန်ရောက်လာတာ ငါသိရတယ်၊ ဒါထက် မင်း ပီအိတ်ချ်ဒီ (ပါရဂူဘွဲ့) ကို ဘာနဲ့ ယူလာသလဲ"

"စက်မှုလက်မှုဆိုင်ရာ စိတ်ပညာနဲ့ပါ"

"မင်းသိပ်ဖွဲ့ကောင်းတယ်ကွာ၊ သားမယားရပြီးမှ ပီအိတ်ချ်ဒီဘွဲ့ရတဲ့အထိ နိုင်ငံခြားမှာနေနိုင်တာ ချီးမွမ်းစရာပဲ"

နှင်းငွေက အကောင်းပြောသည်ကို ကျော်ဖေက ဖောက်သည်။

"အဟဲ ဒါကတော့ ကိုယ်က ပါရမီရှင်မဟုတ်လား၊ ပါရမီရှင်ဆိုတာဟာ ချေးကျရာ ပျော်တတ်တယ်ကွ"

နှင်းငွေက ရယ်သည်၊ ကျော်ဖေနှင့် တွေ့လျှင် အမြဲတမ်း ရယ်ရ၏၊ အမြဲတမ်းလည်း ပျော်ရွှင်ရ၏၊ ကျောင်းသားဘဝရှိစဉ် မိမိစိတ်မချမ်းသာသောအခါများ၌ ကျော်ဖေ့ကြောင့် ရင်မှာ သက်သာသည်ကို နှင်းငွေ ပြန်ပြောင်းသတိရမိသည်။

"ဒါထက် မင်းဇနီးထွေးရော နေကောင်းတယ်နော်"

"နေကောင်းပါ့ ... ကောင်းပါ့၊ အဟဲ ... ထွေးလည်း ဖွံ့ထွား မြဲထွားလျက် ငါ့ထက် အရပ်က ရှည်မြဲရှည်လျက်"

နှင်းငွေသည် ကျော်ဖေ့ကို ချီးမွမ်းအားကျစွာဖြင့် ကြည့်မိ၏၊ ကျော်ဖေနှင့် မိမိတို့ မိမိဆေးတက္ကသိုလ်သို့ ရောက်သည့်နှစ်၌ အဆောင်ချင်းကွဲသွားကြသည်၊ ကျော်ဖေက ဝိဇ္ဇာတန်းရောက်သောအခါ စိတ်ပညာဂုဏ်တူးယူသည်၊ ဘွဲ့ရပြီး နည်းပြဆရာလုပ်ရင်း ထွေးနှင့် လက်ထပ်ကြသည်၊ ကလေးနှစ်ယောက်ရပြီး၌ မဟာဝိဇ္ဇာဘွဲ့လည်း ရသည်၊ နိုင်ငံတော်ပညာတော်သင်အဖြစ်လည်း အရွေးခံရသည်၊ ကျော်ဖေရော နှင်းငွေပါ တစ်နှစ်တည်း နိုင်ငံခြားသွားခဲ့ကြသည်၊ နှင်းငွေက ကျော်ဖေ့ထက် ခြောက်လ စော၍ သွားခဲ့ကြသည်၊ နှင်းငွေက ဗြိတိန်နိုင်ငံရှိ လန်ဒန်တက္ကသိုလ်သို့၊ ကျော်ဖေက အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ကိုလံဘီယာတက္ကသိုလ်သို့၊ ဤသို့ဖြင့် သူငယ်ချင်းချင်း မတွေ့ရသည်မှာ ကြာလေပြီ။

ဤသို့ ပြန်လည်စဉ်းစားလျက် နှင်းငွေ ငိုင်နေခိုက် ကျော်ဖေက ကောက်ကာငင်ကာမေးသည်။

"ဒါထက်ကိုယ့်လူ အဲ... ငါ့ရှင် ဗြဟ္မာစရိယ ကျင့်တုန်းပဲလား"

"ဘာရယ်"

"သြော် ... ပညာရှိစကားများ လူပြိန်းတွေက နားမလည်ဘူး၊ ကဲ ... တည့်တည့်ပဲ မေးတော့မယ်၊ မောင်ရင် မိန်းမ မရသေးဘူးလား"

နှင်းငွေက ပြုံးပြီး ခေါင်းခါ၏။

နှင်းငွေ၏ အပြုံးမှ ကြေကွဲမှုကို စိတ်ပညာကျော်ဖေသည် ကောင်းကောင်း

http://www.cherrythitsar.org



သတိထားမိ၏။

ကျော်ဖေ သည် မျက်နှာကို တည်လိုက်ပြီး မေး၏။

“ဘယ်လိုလဲမောင်ရင်၊ မောင်ရင်က မောင်ရင့်ကလေးမနုနုငယ်ကို အခုထိ မမေ့သေးဘူးလား”

“ဖိုးကျော်ဖေရာ ငါဘယ်လိုလုပ်မေ့ရမှာလဲ”

“အင်း ... ဒုက္ခ ... ဒုက္ခ၊ လူများတွေ ဒုက္ခကြည့်ပြီး ငါက အငှားတရား ကျမိတယ်ကွ၊ ဒါထက် မင်း ပြန်ရောက်မှ နုနုငယ်နဲ့ ထပ်တွေ့ရသေးသလား”

“ဘယ်လိုတွေ့နိုင်ရမလဲ သူငယ်ချင်း၊ ငါပြန်ရောက်တော့ နုနုငယ်ဆုံးနေပြီ”

“ဘာရယ် ... ဘာပြောတယ်”

“ငါပြန်ရောက်တော့ နုနုငယ် သေနေပြီကွာ”

“နုနုငယ် သေပြီ၊ ဟာ မဖြစ်နိုင်တာ”

“မဖြစ်နိုင်တာ၊ မင်း ဘာပြောတာလဲ ဖိုးကျော်ဖေ”

ကျော်ဖေ သည် ဆေးတံတွင်းသို့ ဆေးထည့်ပြီး မီးညှိဖွာရှိုက်ကာ ခေါင်းတဆတ်ဆတ်ညိတ်နေ၏။

“အင်း ... တိုက်ဆိုင်မှုပဲ၊ အင်း ... တိုက်ဆိုင်မှုပဲ၊ မိုင်ဒီးယားဝဒ်ဆန် အဲ... ဖိုးနှင်းငွေ တိုက်ဆိုင်မှုပဲ”

“ဟေ့ကောင် ဖိုးကျော်ဖေ ဘာဖောက်တာလဲ”

ကျော်ဖေ သည် လေးနက်တည်ကြည်သော မျက်နှာထားနှင့် ခေါင်းကို ခါယမ်းပြ၏။

“တိုက်ဆိုင်မှုမှ တကယ့်အစစ်၊ ဒီမနက်ပဲ မင်းကို ငါသတိရနေမိတယ် ဖိုးနှင်းငွေ”

“ဘာကြောင့် မင်းက ငါ့ကို သတိရနေရတာလဲ”

“မနက်က နုနုငယ်ရဲ့ ရောဂါမှတ်တမ်းကို ငါဖတ်ရလို့”

“ဘာ ... နုနုငယ်ရဲ့ ရောဂါမှတ်တမ်း”

“အေး ... စိတ်ရောဂါကုဆေးရုံက နုနုငယ်ရဲ့ ရောဂါမှတ်တမ်း”

“နုနုငယ်ရဲ့ ရောဂါမှတ်တမ်း၊ သူ့အဖေက နုနုငယ်ကို စိတ်ရောဂါကုဆေးရုံမှ မပို့တာ”

“မင်းကို ဘယ်သူပြောသလဲ”

“သူ့အဖေကိုယ်တိုင် ပြောခဲ့တာပဲ”

ကျော်ဖေသည် ဆေးတံကို ဖွာလိုက်ပြီး ခေါင်းခါသည်။

“သူ့အဖေ ဘာပြောပြော နုနုငယ်ဟာ စိတ်ရောဂါကုဆေးရုံရောက်ခဲ့ဖူးတယ်၊ ရောက်ဖူးတာမှ နှစ်ခါတောင်”

နှင်းငွေ သည် ကျော်ဖေ့ကို စိုက်ကြည့်၏၊ ကျော်ဖေနောက်နေသလော၊ သို့ရာတွင် ကျော်ဖေ၏မျက်နှာက ရှားလော့ဟုမ်းအစစ်ကဲ့သို့ တည်ငြိမ်နေ၏။

http://www.cherrythitsar.org



ကျော်ဖေ သည် ရုတ်တရက်ဖြတ်မေး၏။

"မောင်ရင် တက္ကသိုလ်ဝမ်းချုပ်ဆေးကြီးကို မှတ်မိလား"

"တက္ကသိုလ်ဝမ်းချုပ်ဆေးကြီး၊ အေး ... တို့ကျောင်းသားဘဝတုန်းက စာရေးဆရာတစ်ပိုင်းနဲ့ မြို့ထဲက ကျောင်းတက်တဲ့ မညို့ယောကျ်ား အုန်းငွေကြီးလား"

"အေး ... အုန်းငွေကြီးပေါ့"

နှင်းငွေ သည် အသာအယာပြုံးမိသွား၏။

အုန်းငွေကြီးသည် တက္ကသိုလ်ဝင်းထိန်အမည်နှင့် ဝတ္ထုများရေး၏၊ သူ့ကလောင်နာမည်ကို သူငယ်ချင်းများက ဝင်းထိန်မှ ဝမ်းထိန်ဟု နောက်ပြောင်ခေါ်လာကြ၏၊ ဝမ်းထိန်မှ ဝမ်းချုပ်ဆေးဟူ၍ ကူးပြောင်းသွား၏၊ ကာလရွေ့လျောသော သဘောအားဖြင့် တက္ကသိုလ်ဝင်းထိန်ကို တက္ကသိုလ်ဝမ်းချုပ်ဆေးကြီးဟု သူငယ်ချင်းချင်းခေါ်ကြသည်။

နှင်းငွေ သည် ပြုံးရင်းမေး၏။

"အေး ... ကောင်ကြီး မင်းတို့စိတ်ပညာဌာနမှာပဲ မဟုတ်လား၊ သူ ဝတ္ထုမရေးတာ အတော်ကြာသွားပြီ၊ သူ့ဝတ္ထုတွေက သဘာဝနဲ့ နီးစပ်ပြီး အတော်ကောင်းတယ်"

"မောင်ရင် အုန်းငွေကြီးအကြောင်း အသိသားပဲ၊ ဒီကောင်ကြီးက တစ်လမ်းသွားကြီး၊ တစ်ခုခုလုပ်ပြီဆိုရင် အဲဒါပဲ စွတ်လုပ်တာပဲ၊ အခု သူ ဘယ်ဝတ္ထုရေးမလဲ၊ သူက အခု စိတ်ရောဂါကုဇဆေးရုံ သုတေသနလုပ်နေတယ်"

"ဘယ်လိုသုတေသနလဲ"

"စိတ်ရောဂါကုဆေးရုံမှာ ဘယ်လိုရောဂါရှင်မျိုး ဘယ်လောက်ရှိလဲ၊ စိတ်ရောဂါကုဆေးရုံမရောက်ခင် ဘယ်ရောဂါရှင်ဟာ ဘယ်လိုအတွေ့အကြုံတွေ တွေ့ခဲ့ရသလဲ၊ ဘယ်ရောဂါဟာ ဘယ်လောက်ပျောက်ပြီး၊ ဘယ်လောက် မပျောက်သလဲ၊ ဘယ်လောက်က ထွက်သွားပြီး ဘယ်လောက်က ပြန်လာသလဲ၊ ဘယ်ရောဂါမှာ ယောကျ်ားက ဘယ်လောက်၊ မိန်းမက ဘယ်လောက်၊ ဘယ်လူတန်းစားက ဘယ်လောက်၊ အဲဒါကို အုန်းငွေကြီးက သုတေသနလုပ်နေတယ်၊ သူမို့လို့ပဲ စိတ်ရှည်တယ်ကွာ၊ အခု သူ့အချက်အလက် တော်တော်ပြည့်ပြည့်စုံစုံရနေပြီ၊ သူတွေ့သမျှတွေကို ဒီနှစ်နွေမှာ ကျင်းပမယ့် မြန်မာနိုင်ငံ သုတေသန ညီလာခံမှာ ဖတ်မလို့၊ သုတေသနညီလာခံမှာ မဖတ်ခင် ပါမောက္ခကို တင်ပြရသေးတယ်မဟုတ်လား၊ သူတင်ပြတာကို သူရယ် ငါရယ် တို့ဆရာဦးလှသွင် ရယ် လေ့လာဖတ်ရှုကြတယ်၊ အုန်းငွေကြီးယူလာတဲ့ မှတ်တမ်းထဲမှာ ဦးမြတ်မင်းရဲ့ သမီးနုနုငယ်ရဲ့ ရောဂါမှတ်တမ်းလည်း ပါလာတယ်၊ အိုင်ဆေး ဖိုးနှင်းငွေ နုနုငယ်ကို မင်း ရွာမွန်သာမှာ စတွေ့ကတည်းက နုနုငယ် စိတ်ရောဂါကုဆေးရုံကြီးမှာ တစ်ကြိမ်ကုသပြီးနေပြီ"

"ဘာ ... ဘာပြောတယ်"

"နုနုငယ်ဟာ မှတ်တမ်းအရ (၁၉၅၁) ခုနှစ်မှာ စိတ်ရောဂါကုဆေးရုံကြီးမှာ

ကုသဖူးသွားတယ်၊ မင်းနဲ့ နုနုငယ် သာစည်မှာ ဘယ်နှစ်မှာ တွေ့ကြတာလဲ”

“နေဦး၊ ငါစဉ်းစားကြည့်ဦးမယ်၊ အဲ ... တို့ရှစ်တန်းတုန်းက ဒီတော့ (၁၉၅၃) ခုနှစ်က”

“မှတ်တမ်းအရ (၁၉၆၃) ခုနှစ်ထဲမှာ နုနုငယ်ဟာ စိတ်ရောဂါကုဆေးရုံကြီးဆီ ပြန်ရောက်လာတယ်၊ အဲဒီက တစ်ကြိမ် ကုပြီးတော့ နုနုငယ်ရဲ့ ရောဂါဟာ သန့်သန့် စင်စင် လုံးဝ ပျောက်ကင်းသွားပြီလို့ ဆေးရုံကြီးရဲ့မှတ်တမ်းမှာ ဖော်ပြထားတယ်”

နှင်းငွေ ခေါင်းငိုက်စိုက်ကျသွား၏၊ ခေါင်းငိုက်စိုက်ကျရင်း စဉ်းစားနေ၏၊ အတန်ကြာမှ ခေါင်းမော့ပြီးဆို၏။

“ငါ့နားကို ငါမယုံမိဘူး၊ မင်း တကယ်ပြောနေတာနော် ကျော်ဖေ”

“သြော် ... ခက်ပါဘိ ငါ့ရှင်ရယ်၊ ဖိုးကျော်ဖေတို့က မုသာဝါဒ ဘယ်တုန်းကပြောဖူးလို့လဲ၊ ပါရမီရှင်ပါလို့ ငါအစကတည်းက နိမ့်နိမ့်ချချ ဝန်ခံထားတာ မဟုတ်လား”

ကျော်ဖေ က ရယ်စရာဖောက်သော်လည်း နှင်းငွေ မရယ်နိုင် ရင်က ခုန်ရင်း မေးသည်။

“မင်းပြောတာ ငါယုံပါတယ် ဖိုးကျော်ဖေ၊ ဒါပေမဲ့ နုနုငယ်ရဲ့ဂူကို ငါကိုယ်တိုင် တွေ့ခဲ့ပြီးပြီ၊ နုနုငယ်ရဲ့ဂူပေါ်မှာ ထိုးထားတဲ့ အသက်အရ (၁၉၆၄) ခုနှစ်ထဲ က သေပြီးနေပြီ”

“အဲဒါတော့ ကျုပ် ရှားလော့ဟုမ်း မဖြေရှင်းနိုင်ဘူး၊ မိုင်ဒီးယားဝဒ်ဆန်၊ လူဆိုတာ သေမျိုးဆိုတော့ အချိန်မရွေး သေနိုင်တာပဲ”

နှင်းငွေ သည် ခေါင်းတဆတ်ဆတ်ညိတ်ပြ၏၊ နှင်းငွေ၏ မျက်နှာအမူအရာ သည် မပြောင်းသော်လည်း ရင်တွင်း၌ကား မချမ်းသာ။

“ဒါထက် အိုင်ဆေးဖိုးနှင်းငွေ၊ မင်း ဒီကို ဘာလာလုပ်တာလဲ”

“ဒီကဆေးရုံကြီးမှာ ဦးနှောက်ကုသရေးဆိုင်ရာ ကိရိယာတွေ စတင် တပ်ဆင် နေပြီ၊ ငါက ဘွဲ့ကို ဦးနှောက်ခွဲစိတ်ကုသရေးနဲ့ ရလာခဲ့တာ၊ ကျွမ်းကျင်သူတစ်ယောက် အနေနဲ့ ဆိုင်ရာကခေါ်လို့ ငါဆင်းလာခဲ့တယ်၊ အေး ... တောင်ကြီးမှာ ငါမကြာတော့ ပါဘူး၊ မကြာခင်ပဲ ငါ ရန်ကုန်ကို ပြောင်းရမှာပါပဲ”

“ဟယ် ... ဝမ်းသာစရာကြီးပေါ့၊ တို့သူငယ်ချင်းချင်း အတူတူ တစ်မြို့ တည်းပြန်နေကြရဦးမယ်၊ ဒါထက် မင်း အခု ဘယ်မှာတည်းသလဲ”

“ငါ့အဖေနဲ့ အမေအိမ်မှာ၊ ဖေဖေတို့အိမ်က ပြည်လမ်းပေါ်တွင်ပဲ အင်း လျားကန်အလွန်ကလေးမှာ”

“အဖေအမေဆိုတော့ ဆွေမျိုးအရင်းကြီးမို့ အားနာစရာမလိုပါဘူးကွာ၊ ဒီတော့ ဒီညနေ ငါ့အိမ်လိုက်ပြီး ထမင်းစားမလား၊ ယောက္ခမကြီးက စိတ်ကောက်ပြီး အိမ် က ဆင်းသွားတော့ ထွေးကလဲ အလုပ်တစ်ဖက်နဲ့မို့ ဟင်းမချက်တတ်ဘူး၊ အစကတည်း ကလဲ တစ်ခါမှ မချက်ဖူးဘူး၊ ဤဖေစကိုကတော့ နယူးယောက်မှာ ကိုယ့်ထမင်းကိုယ်

http://www.cherrythitsar.org



ချက်စားလာတဲ့အကောင်၊ ထွေးကို ဆန်ဆေးနည်းကအစ ငါကိုယ်တိုင် အဟဲ ... ပါရမီရှင်ကိုယ်တိုင် ပြပေးရတယ်၊ ဟင်းတော့ ပါရမီရှင်ကိုယ်တိုင် ကုသမင်းလို ချက်နေရတယ်၊ ဒီတော့ ငါ့အိမ်လိုက်ခဲ့ကွာ၊ ငါချက်တဲ့ ထမင်းလိုက်စားပေါ့၊ တစ်ခု တော့ရှိတယ်၊ မင်းမှာ ကားပါသလား"

"ဖေဖေ့ကား ငါယူလာခဲ့တယ်၊ ဘာဖြစ်လို့လဲ"

"ငါ့ကားက ထွေးကို မြို့ထဲက ရုံးသွားကြိုရဦးမယ်၊ နောက်ကျမယ်၊ မင်းကားနဲ့ပဲ သွားနှင့်ကြတာပေါ့၊ အိမ်ရောက်ရင် မင်းကားပြန်လွှတ်လိုက်၊ အပြန် ငါ့ကားနဲ့ ပြန်လိုက်ပို့ပေးမယ်"

"ရပါတယ်ကွာ၊ ငါထွေးနဲ့လဲ တွေ့ချင်တယ်၊ မင်းကလေးတွေနဲ့လဲ တွေ့ ချင်တယ်"

ကျော်ဖေသည် လက်ပတ်နာရီကို ငုံ့ကြည့်၏။

"ကဲ ... ၄ နာရီထိုးပြီ၊ အောင်စည်ဆော် အိမ်တော်ပြန်ပြီး မီးဖိုချောင်ထဲ ငရုတ်သီးထောင်းကြစို့ သူငယ်ချင်းရေ"

*

ည (၈) နာရီကျကာမှ နှင်းငွေ က ကျော်ဖေ မောင်းသော ကားဖြင့် အိမ်ပြန် လာရသည်။

ကျော်ဖေတို့အိမ်ထောင်မှာ ပျော်ရွှင်ဖွယ် အတိပြည့်လှ၏။

ကျော်ဖေက လူပျော်၊ ထွေးက မိန်းမအေး၊ ကလေးနှစ်ယောက်က ချစ်ဖွယ် ကောင်းသည်။

ကျော်ဖေ့ကလေးများ ကံကောင်းကြ၏။

ကျော်ဖေ ၏ ရုပ်ရည်နှင့်တူသောကြောင့် အသားအရေဖြူစင်ကာ မျက်ခုံး မျက်လုံးကောင်းကြ၏၊ မအေနှင့်တူ၍ အရပ်လည်း ရှည်ကြသည်။

သူတို့အိမ်ထောင်ကို ကြည့်ပြီး နှင်းငွေသည် ဝမ်းနည်းပန်းနည်းရှိနေ၏။ စိတ်တွင်းမှလည်း ကြေကွဲစွာ ရေရွတ်မိသည်။

"ကိုယ့်အဖြစ်ကို မြင်လာလှည့်ဦးကွဲ့ နုနုငယ်ရေ"

* * *

http://www.cherrythitsar.org

# အခန်း(၁၉)

တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီး၏ ခွဲစိတ်ကုသရေးအခန်းမကြီးဗဟိုရှိ ခွဲစိတ်ကုသရေး စားပွဲပေါ်တွင် အသက် (၁၂)နှစ်ခန့် လူငယ်လေးတစ်ဦးသည် မေ့ဆေးတန်ခိုးကြောင့် နှစ်ခြိုက်စွာ အိပ်မောကျနေ၏။

ယနေ့သည် နား၊ နှာခေါင်း၊ လည်ချောင်းဆိုင်ရာ ဆရာဝန်ကြီး၏ ခွဲစိတ်နေ့ဖြစ်သည်။

အထူးကိရိယာကို သုံးထားသောကြောင့် လူငယ်လေး၏ ပါးစပ်ဟနေ၏။

လိုရာကို ချိန်နိုင်သော စလောင်းအုပ်မီးတိုင်က လင်းနေသည်။

နဖူးအထက်တွင် ရောင်ပြန်ဟပ်သော မှန်တစ်ချပ်ကို တပ်လျက်နှင့် ဒေါက်တာဦးဘဖေသော်သည် လူငယ်၏ ပါးစပ်အတွင်းသို့ ကိရိယာများသွင်းကာ ပြုံးရွှင်ရယ်မောရင်း စိတ်ရှည်လက်ရှည် ခွဲစိတ်နေ၏။

တောင်ဆယ်(လ်)ခေါ် ပါးစပ်အောက်ခြေ လည်ပင်းအတွင်းမှ အကျိတ်နှစ်ခုကို ဖြတ်ထုတ်ပေးနေခြင်း ဖြစ်၏။

ဦးဘဖေသော်သည် ခွဲစိတ်ရင်းက အနီး၌ရှိသော ဆရာဝန်ကလေးနှင့် ဆရာမကလေးများကို ရှင်းပြပြောဆိုသည်။

“တောင်ဆယ်(လ်)ဖြစ်လာရင် တချို့ ပေ့ပေ့ဆဆ ထင်ကြတယ်၊ မြန်မြန်ခွဲစိတ်လိုက်နိုင်ရင် အကောင်းဆုံးပဲ၊ အခုလို ဟောဒီသူငယ်လို ငယ်ငယ်ရွယ်ရွယ်မှာ ခွဲစိတ်ခံတာဟာ အကောင်းဆုံးပဲ”

ဒေါက်တာဦးဘဖေသော်သည် ညှပ်ထုတ်ဖြတ်လှီးသော ကတ်ကြေးကို အနီးရှိ သူနာပြုဆရာမကလေးအား လှမ်းပေးသည်၊ စစ္စတာ ဒေါ်စောမူက ကတ်ကြေးအမျိုးအစားတစ်ခုနှင့် ကြိုးများကို လှမ်းပေး၏။

ဦးဘဖေသော်သည် သွေးထွက်နေသော အကြောများကို ကျင်လည်စွာ ကြိုးချုပ်ပိတ်ပစ်လိုက်၏။

ဦးဘဖေသော်သည် လည်ချောင်းတွင်းရှိ သွေးများကို ဇာဂနာနှင့် ညှပ်ထားသော ဝါဂွမ်းဖြင့် တို့ယူသန့်စင်ပစ်လိုက်၏၊ လူနာ၏ လည်ချောင်းတွင်း၌ သွေးများ ကင်းကာ ရှင်းလင်းသန့်စင်နေ၏။

http://www.cherrythitsar.org



“သေသေချာချာငုံ့ကြည့်ကြ၊ ပါးစပ်ထဲမှာ ဆဟားရား သဲကန္တာရအတိုင်းပဲ၊ အားလုံး သွေ့ခြောက်နေပြီ၊ ရေးတုန်းက ဒါမျိုးခွဲရင် သွေးကြောတွေကို ပိတ်မပေးကြဘူး၊ ဒီတော့ သွေးလွန်တာ ဖြစ်တတ်ကြတယ်၊ အခု ကျွန်တော် သုံးတဲ့နည်းနဲ့ ဆိုရင် ဘယ်သူမှ သွေးမလွန်နိုင်ဘူး”

ခွဲစိတ်ကုသမှု ပြီးသွား၏။

ဦးဘဖေသော်က ဒေါက်တာ ဒေါ်မြင့်မြင့်ကို လှမ်းပြီး အမိန့်ပေး၏။

“မြင့်မြင့်ရေ ပြီးပြီ ဖြေလိုက်တော့”

ဒေါက်တာ ဒေါ်မြင့်မြင့်သည် သူငယ်ကလေးကို ဆေးတစ်လုံး ထိုးပေး၏။

မကြာခင်တွင် သူငယ်လေး သတိပြန်လည်လာ၏၊ သို့ရာတွင် သတိလုံးလုံး ပြန်လည်သည် မဟုတ်သေး။

ဒေါက်တာဦးဘဖေသော်က လူငယ်လေး၏ ပေါင်ကို ပုတ်ပြီး ခေါ်၏။

“ဟေ့ ... ဆန်နီ ဆရာ့အသံကို ကြားလား”

သူငယ်လေးက နှုတ်ဖြင့်မဖြေ၊ အသံလာရာဆီသို့ မျက်လုံးများဖြင့် လှမ်းကြည့်ပြီး ပြန်လည်အိပ်ပျော်သွား၏။

“သတိကောင်းကောင်း ပြန်လည်လာပါပြီ၊ ကဲ ... ခေါ်သွားကြတော့၊ ပြီးတော့ နောက်တစ်ယောက် ခွဲစိတ်ဖို့ ပြင်ထားကြ၊ ကျွန်တော် ခဏသွားနားလိုက်ဦးမယ်”

ဦးဘဖေသော်သည် ပေါ့ပါးသော ခြေလှမ်းများဖြင့် မိမိရုံးခန်းသို့ ပြန်လာခဲ့သည်။

ရုံးခန်းအတွင်း၌ မမျှော်လင့်ဘဲ စစ္စတာဒေါ်မိုးသူကို တွေ့ရသည်။

“ဟဲလို ... စစ္စတာ ဘာကိစ္စ”

စစ္စတာဒေါ်မိုးသူသည် အပြုံးဖြင့် တုံ့ပြန်၏၊ ခါတိုင်းဆိုလျှင် စစ္စတာ၏ အပြုံးသည် အလွန်လှပသည်၊ ယခုမူ အပြုံးသည် လှပသော်လည်း နွမ်းနွမ်းနယ်နယ် နိုင်လှ၏။

စစ္စတာဒေါ်မိုးသူသည် လေသံပျော့ပျော့နှင့်ဆို၏။

“ဆရာ သိပ်ပင်ပန်းနေတယ် ထင်တယ်၊ ဘယ်နှယောက်ခွဲပြီးပြီလဲ ဆရာ”

“သုံးယောက်၊ နောက်ထပ် ခြောက်ယောက် ကျန်သေးတယ်၊ ဒါပေမဲ့ ကျွန်တော် မပင်ပန်းပါဘူး၊ ဝတ္တရားမဟုတ်လား၊ ပြီးတော့ ကျွန်တော်က ပျော်တယ်၊ ဒါထက် လည်ချောင်းတဲ မျှော့ဝင်တဲ့ကိစ္စ ဆရာမကို ကျွန်တော် ပြောပြီး မဟုတ်လား”

“ဟင့်အင်းဆရာ”

“တစ်ခါက ပအို့ဝ်လူငယ်လေးတစ်ယောက် ဆေးရုံရောက်လာတယ်၊ လူငယ်ကလေးက ချောင်းတဟွတ်ဟွတ်ဆိုးနေတယ်၊ သူပြောတာက သူ့လည်ချောင်းထဲမှာ အကောင်တစ်ကောင်ဝင်နေသတဲ့၊ အဲဒီအကောင်က ဝင်သွားလိုက် ထွက်သွားလိုက်လို့ သူခံစားရသတဲ့၊ ထွက်လာရင် ချောင်းဆိုးချင်လာသတဲ့၊ အဲဒါကို မိတ်ဆွေဆရာဝန်တွေက ရယ်ကြတယ်၊ သူတို့က ဒီကောင်လေးမှာ စိတ်ရောဂါ ရှိနေပြီလို့

http://www.cherrythitsar.org



ထင်ကြတယ်၊ ကျွန်တော်က ပြောတယ်၊ ရောဂါတစ်ခုကို စိတ်ရောဂါလို့ အလွယ်တကူ မဆုံးဖြတ်ကြနဲ့၊ ကျန်တဲ့နည်းတွေနဲ့ ရှာမတွေ့တော့မှ စိတ်ရောဂါလို့ နောက်ဆုံး အဖြစ်နဲ့ ပြောရမယ်၊ အဲဒီသူငယ်လေး ဘာဖြစ်သလဲ၊ သိလား ဆရာမ"

"ဆိုပါဦးဆရာ"

"အဲဒီသူငယ်ကလေးက နွားကျောင်းသားလေး၊ နွားကျောင်းရင်း မောမော နဲ့ ရေအိုင်တစ်ခုမှာ လက်ခုပ်နဲ့ ရေယူပြီး သောက်တယ်၊ နောက်တော့ ဒီဆေးရုံကြီး ရောက်လာတာပဲ၊ သူ့ကို မေ့ဆေးပေးပြီး လည်ချောင်းကို ကျွန်တော် စစ်ကြည့်တယ်၊ လား လား လေပြွန်မှာ ငနဲကို သွားတွေ့တယ်၊ မည်း မည်း မည်း မည်းနဲ့"

"တကယ်"

"တကယ်ပေါ့ဆရာမရေ၊ လည်ချောင်းမှာ ကပ်တွယ်ပြီး သွေးဝနေရင် တစ်ဒုက္ခပေါ့၊ ဒါပေမဲ့ ကြံကြံဖန်ဖန် ကိုရွှေမျှော့က လေပြွန်ထဲ ရောက်သွားတယ်၊ ကောင်လေးက ရေသောက်တုန်းက မောမောနဲ့ ရှိုက်ဟပ်သောက်လိုက်တယ်နဲ့ တူ တယ်၊ ဆရာမမသိသားပဲ၊ လေပြွန်က အရိုးနုမဟုတ်လား၊ အရိုးဆိုတော့ ကိုရွှေမျှော့ သွေးစုပ်လို့မရဘူး၊ အဲဒါ သူ ပြူတစ်ပြူတစ် လုပ်နေတုန်း ကျွန်တော်က ဇာဂနာ နဲ့ ဆွဲထုတ်လိုက်ရတယ်"

"ဩော် ... ကြံကြံဖန်ဖန်ဆရာရယ်"

"တကယ့်ကို ကြံကြံဖန်ဖန်ပဲ၊ ကျွန်တော့်ဆီ ရောက်လာတဲ့ ကလေးတွေဟာ ကြံကြံဖန်ဖန်ချည်းပဲ၊ မိဘတွေပေါ့ဆတာတွေလဲ ပါတာပေါ့လေ၊ လည်ချောင်းထဲ ဩဇာစေ့ဝင်တဲ့ကလေးတစ်ယောက်တုန်းကဆိုရင် မနည်းကို ခဲရာခဲဆစ် ခွဲစိတ်ပြီး အသက်လုယူလိုက်ရတယ်"

ဦးဘဖေသော်သည် စားပွဲပေါ်ရှိ ကရားအတွင်းမှ ပန်းကန်တစ်လုံးအတွင်း သို့ ကော်ဖီငှဲ့ပြီး စစ္စတာကို လှမ်းပေးသည်။

"တော်ပါပြီ ဆရာ၊ ဆရာပဲ သောက်ပါ"

ဦးဘဖေသော်သည် ကော်ဖီကို စုပ်သောက်၏။

"ဒီလိုပဲ ကော်ဖီသောက် သောက်ပေးရတယ်၊ ခွဲပြီစိတ်ပြီဟော့ဆိုရင် အချိန် က အစိုးမရဘူး၊ ထမင်းပြန်စားဖို့ စဉ်းစားချိန်တောင်မရဘူး၊ အစားအသောက်မမှန် တော့ ဆရာဝန်စင်စစ်ကနေ ဗိုက်ရောဂါရဦးမယ်"

ဦးဘဖေသော်သည် ကော်ဖီဆက်သောက်၏၊ စစ္စတာက ငြိမ်နေ၏။

ကော်ဖီတစ်ခွက် ကုန်သွားသောအခါ ဦးဘဖေသော်သည် စစ္စတာကို ကြည့် ပြီးဆို၏။

"စိတ်မဆိုးနဲ့နော် စစ္စတာ၊ ကျွန်တော်တည့်တည့်ပဲ ပြောတတ်တယ်၊ စစ္စတာ့ မျက်နှာက မလန်းဘူး၊ ကျွန်တော်နဲ့ ဘာတိုင်ပင်ချင်သလဲ၊ ပြောစရာရှိရင် ပြောပါ စစ္စတာ"

စစ္စတာသည် သက်ပြင်းရှိုက်ပြီးပြော၏။

http://www.cherrythitsar.org



"တွေ့စကတည်းက ဆရာ့ကို အစ်ကိုတစ်ယောက်လိုပဲ ကျွန်မလေးစားမိတယ်၊ ဆရာ့မှာ အတွေ့အကြုံများတာမို့ စဉ်းစားချင့်ချိန်ပြီး အကြံကောင်းဉာဏ်ကောင်း ပေးနိုင်လိမ့်မယ်လို့လဲ ကျွန်မ ယုံကြည်မိပါတယ်"

ဦးဘဖေသော်သည် စစ္စတာကို လှမ်းကြည့်ပြီး ရယ်စရာပြောဦးမည်ကြံ၏၊ သို့ရာတွင် ညှိုးနွမ်းသော်လည်း တည်ကြည်လှသည့် စစ္စတာ၏ မျက်နှာကို မြင်သောအခါ ရယ်စရာမပြောဖြစ်။

ဦးဘဖေသော်သည် အေးချမ်းစွာဆို၏။

"ကျွန်တော့်ကို လေးစားယုံကြည်တဲ့ ဆရာမကို ကျေးဇူးတင်ပါတယ်၊ ဆရာမ ပြောစရာရှိတာကို လွတ်လွတ်လပ်လပ်ပြောပါ၊ အတတ်နိုင်ဆုံး ကျွန်တော် အကြံဉာဏ်ပေးပါ့မယ်"

"ဒီစကားကြားရလို့ ဝမ်းသာပါတယ်ဆရာ၊ ကျွန်မ အခုပြောရမှာက ကိုယ်ရေးကိုယ်တာဆိုလဲ ဟုတ်ပါတယ်၊ ဆေးပညာလောကက အမှုထမ်းတစ်ဦးအနေနဲ့လဲ ဟုတ်ပါတယ်"

"ဟုတ်ကဲ့ဆရာမ၊ ကျွန်တော် နားလည်ပါတယ်"

"ကျွန်မတို့ ဆရာဝန်ဆရာမဆိုတာဟာ လူနာတစ်ဦးရဲ့ အတွင်းရေးကို ဘယ်သူ့ကိုမှ ဖော်မပြောထိုက်ဘူး"

"မှန်တယ်လေ ဆရာမ၊ ဒါက ကျွန်တော်တို့ စောင့်ထိန်းရတဲ့ သစ္စာပဲ"

"ဟုတ်ပါတယ်ဆရာ၊ ဒါပေမဲ့ အဲဒီသစ္စာရဲ့ နယ်နိမိတ်အပိုင်းအခြားဟာ ဘယ်လောက်ရှိလဲ၊ အဲဒါကို ကျွန်မ သိချင်ပါတယ်"

ဦးဘဖေသော်၏ ခေါင်းသည် စိုက်ကျသွား၏၊ မျက်မှောင်ကို တွန့်ကာ အတန်ကြာ စဉ်းစားနေ၏။

ဦးဘဖေသော်၏ ခေါင်းပြန်မော့လာ၏၊ ကြည်လင်သော မျက်လုံးများဖြင့် စစ္စတာ၏ မျက်နှာကို စိုက်ကြည့်ပြီးဆို၏။

"ကျွန်တော်ဟာ တာဝန်ကြီးတဲ့ ဆရာဝန်ကြီးအဖြစ်နဲ့ အမှုထမ်းလာခဲ့တာ ကြာပါပြီ၊ ဒါပေမဲ့ ပညာသားပါတဲ့ ဒီမေးခွန်းမျိုးကို အခု ကျွန်တော် ပထမဆုံး ကြားဖူးရတာပါပဲ၊ ဆက်ပြောပါ ဆရာမ"

"ကျွန်မဟာ လူနာတစ်ဦးကို တစ်ချိန်တုန်းက ပြုစုခဲ့ဖူးပါတယ်ဆရာ၊ အဲဒီလူနာဟာ သူ့ကိုယ်ပိုင်ဘဝအတွက် သူ့ဘာသာ လျှို့ဝှက်ထားတဲ့ကိစ္စရှိနေတယ်၊ အဲဒီလျှို့ဝှက်ချက်ကို ကျွန်မ ရိပ်မိသလိုလိုရှိတယ်"

"ရိပ်မိသလိုလိုသိတယ်လို့တော့ ဆရာမ မပြောဘူးနော်"

"မှန်ပါတယ်ဆရာ၊ သိတယ်လို့ ကျွန်မ မပြောနိုင်သေးပါဘူး၊ ဒါပေမဲ့ သိတယ်လို့တော့ ကျွန်မ ထင်နေပါတယ်"

"ဘာကို သိတယ်လို့ ဆရာမ ထင်နေသလဲ"

"ပုန်းခွာပြေးနေတယ်လို့ ထင်စရာ တစ်စုံတစ်ဦးက ရှိနေတယ်၊ ပျောက်ဆုံး

http://www.cherrythitsar.org



လေပြီလို့ စိတ်ဆင်းရဲနေသူတစ်ဦးလဲ ရှိတယ်ထင်တယ်၊ ကြားထဲက ကျွန်မကလဲ တစ်စုံတစ်ရာကို သိနေမိတယ် ထင်တယ်"

"အင်း ... ဆက်ပြောပါဦး"

"ထင်နေတယ်ဆိုတာတွေဟာ အမှန်လို့ သိလာချိန်မှာ ကျွန်မ ဘာလုပ်ရမလဲ၊ လျှို့ဝှက်ချက်ကို ထိန်းသိမ်းရမဲ့ ကျွန်မက ဘယ်လောက်ထိန်းသိမ်းရမှာလဲ၊ အစက ကျွန်မမေးခဲ့တဲ့ သစ္စာရဲ့ နယ်နိမိတ်ပါပဲ ဆရာ"

ဦးဘဖေသော်သည် စစ္စတာကို စိုက်ကြည့်ရင်း ရယ်၏။

"ဆရာ ကျွန်မကို ဘာလို့ရယ်တာလဲ"

"ဆောရီး ဆရာမ၊ ရယ်တာတိုင်းဟာ သရော်တာ မဟုတ်ဘူး၊ ကိုယ်ချင်းစာလို့ ရယ်မိတာ"

"ရှင် ... ကိုယ်ချင်းစာလို့ ရယ်မိတာ"

"ဟုတ်တယ်၊ ကျွန်တော်လဲ ဒါမျိုး အများကြီး ကြုံဖူးတယ်၊ ဒါကြောင့် ဆရာမကို ကျွန်တော် ကောင်းကောင်းနားလည်တယ်၊ ပြီးတော့ ကောင်းကောင်း ကိုယ်ချင်းစာမိတယ်၊ စောင့်ထိန်းရမဲ့သစ္စာကို ကျွန်တော်တို့ အလွယ်တကူ ဖောက်ချိုးလို့မရဘူး၊ အဲ ... ခက်ခက်ခဲခဲတောင် မဖောက်ချိုးရဘူး၊ ဒါပေမဲ့ ဆရာမ၊ ဆရာမဟာ ဥပဒေတွေရဲ့ အခြေခံအဘိဓမ္မာကို လေ့လာဖူးလား"

"ကျွန်မ ဒီလောက် စာမဖတ်ခဲ့ပါဘူးဆရာ"

"ဥပဒေတွေရဲ့ အခြေခံအဘိဓမ္မာကို သိဖို့က မခက်လှပါဘူး၊ အင်္ဂလိပ်လို ကျွန်တော် အရင်ပြောမယ်၊ **(What is moral is legal)** အဲ ... မြန်မာလို ဘယ်လိုပြောရမလဲ၊ နေဦး ... ခုံခုံညားညား ပြောစမ်းကြည့်မယ်၊ အကြင်အရာသည် လူ့ကျင့်ဝတ်ကုသိုလ်တရားဖြစ်အံ့၊ ထိုအရာသည် ဥပဒေအကြောင်းအရ မှန်ကန်သတည်း၊ တတ်သမျှ မှတ်သမျှ ဘာသာပြန်ကြည့်လိုက်ရတာ၊ စကားအသုံးမှားချင် မှားမယ်၊ အဓိပ္ပာယ်တော့ ဆရာမသဘောပေါက်ပါလိမ့်မယ် ထင်တယ်"

"ကျွန်မ သဘောပေါက်ပါတယ်ဆရာ"

"လူ့ကျင့်ဝတ် ကုသိုလ်တရားဆိုတာကလဲ ဘာလဲလို့ အဓိပ္ပာယ်ဖွင့်ရအခက်သား၊ အကောင်းဆုံးကတော့ ကိုယ့်စေတနာဟာ ဘာလဲလို့ ဆန်းစစ်ကြည့်၊ သစ္စာရဲ့ နယ်နိမိတ်ကိုလဲ စေတနာနဲ့ တိုင်းတာကြည့်၊ ဒီ့ပြင် ကျွန်တော် ပိုပြီး ဘာမှ မပြောတတ်တော့ဘူး"

"ဒီလောက်ပြောပြတာကိုပဲ ကျေးဇူးတင်လှပါပြီ ဆရာ၊ ကျွန်မအတွက် ဆုံးဖြတ်ချက်တစ်ခုခုလုပ်ရရင် အခြေခံထား စဉ်းစားရမဲ့ မူတစ်ခုရပါပြီ"

ဦးဘဖေသော်ကို ပြုံး၍ နှုတ်ဆက်ပြီး စစ္စတာသည် ထွက်လာခဲ့၏။

ဝဒ်ပေါ်ရှိ မိမိ၏ အခန်းတွင်းသို့ ပြန်ရောက်သောအခါ စစ္စတာသည် အတန်ကြာ စဉ်းစားနေ၏။

ထိုစဉ် ဆရာမလေးတစ်ယောက်သည် အနီးသို့ ချဉ်းကပ်လာ၏။

http://www.cherrythitsar.org



"ဟောဒီမှာ စစ္စတာဖို့ စာတစ်စောင်၊ မှတ်ပုံတင်မို့ စစ္စတာကိုလဲ ရှာမတွေ့တာနဲ့ ကျွန်မပဲ လက်မှတ်ထိုးယူထားလိုက်ရတယ်"

"ဩော် ... ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဆရာမ"

စာပေးပြီးနောက် ဆရာမလေး ထွက်ခွာသွား၏။

စစ္စတာသည် စာအိတ်ကို လေ့လာကြည့်မိသည်။

ဟိုပုံးမြို့စာတိုက်တံဆိပ်ရိုက်ထားသည်၊ စာအိတ်ထောင့်တွင် စာထည့်သူ၏ အမည်ကို ရေးထား၏။

ခွန်ထီး ... ဤအမည်ကို စစ္စတာမကြားဖူး၊ ဤလက်ရေးကိုလည်း စစ္စတာ မတွေ့ဖူး။

စစ္စတာသည် စာအိတ်ကို ဖောက်လိုက်၏၊ အတွင်းရှိ စာမှ လက်ရေးကို မြင်သော် စစ္စတာ၏ ရင်သည် ခုန်လာ၏၊ ဤလက်ရေးကိုကား စစ္စတာ ကောင်းစွာ သိသည်။

"မိုး ...

တမလွန်ဘဝကလာတဲ့စာထင်ပြီး မိုး သိပ်အံ့ဩမိမယ် ထင်တယ်။

အချိန်သိပ်မရဘူး မိုးရေ၊ ပြီးတော့ ဘာကိုမှလဲ အစိုးမရဘူး။

မောင့်ရဲ့အမှားဒဏ်ကို မောင်လှလှကြီး ခံနေရပြီ။

ဟိုတစ်နေ့က မမျှော်လင့်ဘဲ မိုးကို မောင်တွေ့လိုက်ရတယ်၊ မောင့်အဖြစ်က ချစ်သူကိုတောင် လှမ်းခေါ်နှုတ်မဆက်နိုင်တဲ့အဖြစ်။

ဒါပေမဲ့ တစ်နေ့တော့ မိုးဆီ မောင် ပြန်ရောက်တော့မယ်ထင်တယ်၊ အဲဒီအခါမှာ ခွင့်လွှတ်တဲ့ ချစ်ခြင်းနဲ့ မောင့်ကို ကြိုပါ မိုး။

မောင့်စာကို သေသေချာချာ သိမ်းထားပါ မိုး၊ တကယ်လို့ မောင်ဟာ မိုးဆီ ပြန်မရောက်နိုင်ရင် ဒီစာဟာ မိုးကို မောင် နောက်ဆုံး နှုတ်ခွန်းဆက်သွားတာပဲ။

**မိုးသိတဲ့မောင်**

* * *

# အခန်း (၂၀)

မိုးဖွဲဖွဲကျနေသောညတစ်ညဖြစ်သည်။

စဝ်စံထွန်းဆေးရုံကြီးမှ ခွဲစိတ်ကုသရေး အဆောင်ကြီး၏ အောက်ဆုံးထပ်ရှိ အရေးပေါ် လူနာလက်ခံရေးဌာနအခန်းရှေ့တွင် ထဘီစိမ်း၊ ခေါင်းစည်းဖြူနှင့် စစ္စတာ တစ်ဦးသည် ထိုင်နေ၏။

မှန်တံခါးအပြင်ရှိ ဆင်ဝင်အမိုးမျက်နှာကျက်မှ မီးချောင်းကြီးများက ထိန်လင်း နေ၏။

ဝဒ်၏ အရှေ့ဘက်မျက်နှာစာ မြေပြင်တွင် စတုရန်းအကွက်ကျအောင် စိုက် ထူထားသည့် မီးတိုင်များထိပ်ရှိ ကြွေဖြူရောင်မီးလုံးဝန်းဝန်းကြီးများကလည်း ထိန် လင်းနေ၏။ မီးရောင်တွင် တဖွဲဖွဲကျနေသော မိုးမှုန်များကို မြင်နေရ၏။

ထဘီပြာဝတ် သူနာပြုဆရာမတစ်ဦးက မှတ်တမ်းစာအုပ်တွင် တစ်စုံတစ်ခု ကို ရေးမှတ်နေ၏။

နံရံတစ်ခုအနီး ခုံတန်းရှည်တစ်ခုပေါ်တွင် နက်ပြာရောင်ဝတ်စုံဝတ် ဆေးရုံ စောင့်ဦးကြီးတစ်ဦးက ထိုင်နေ၏၊ သူ့အနီးတွင် အိပ်မပျော်သောကြောင့် ခေတ္တလာ၍ စကားပြောနေသော လူနာနှစ်ဦး ရှိနေကြ၏။

လူနာတစ်ဦးကဆို၏။

"အင်းလေးဟိုဘက်မှာ တိုက်ပွဲတွေဖြစ်နေသတဲ့"

ဆေးရုံစောင့်ဦးကြီးက ပြန်မေးသည်။

"ခင်ဗျားကို ဘယ်သူပြောလဲ"

"ကျွန်တော်က ဟဲယားရွာမသာ၊ မနက်က ကျွန်တော့်အမေ ကျွန်တော် လာကြည့်ရင်း ပြောသွားတယ်"

"ဘယ်လိုတိုက်ပွဲတွေလဲ"

"ပြည်မမှာ မဟန်လို့ ထွက်ပြေးလာတဲ့ ကွန်မြူနစ်တွေ၊ ကျွန်တော်တို့နယ်မှာ လာအခြေစိုက်ကြတယ်၊ ဒါပေမဲ့ အခုတပ်မတော်က ဝိုင်းထားတာ ပြေးပေါက်မရှိကြ တော့ဘူး၊ တချို့က လက်နက်ချချင်ကြပြီ၊ ဒီတော့ သူတို့ချင်းလဲကျ၊ တပ်မတော်နဲ့ လဲချ၊ အင်း ... ဒင်းတို့ မျိုးပြုတ်ချိန်တော့ နီးနေ ပြီတဲ့"

ထိုအခိုက်တွင် ဝဒ်အတွင်းသို့ လူနှစ်ဦး ဝင်လာသည်။

တစ်ဦးက ကတုံးဆံထောက်နှင့် ဂင်တိုတိုဖြစ်၏၊ တစ်ဦးက ညဥ့်တွင်ပင် မျက်မှန်မည်းကြီးတပ်ထားသည့် အရပ်ရှည်ရှည်လူပိန်ပိန်တစ်ဦး ဖြစ်၏။

သူတို့သည် ဝဒ်အတွင်း စွတ်ဝင်မည်ပြုသည်။

အစောင့်ဦးကြီးက တားမြစ်၏။

"ဒီမှာ မိတ်ဆွေတို့ ဘာကိစ္စလဲ"

ဂင်တိုတိုလူက တင်းတင်းဖြေ၏။

"အပေါ်ထပ်သွားမလို့"

"ဟာ ... မဟုတ်တာ၊ ဒီအချိန် ဧည့်သည်လာတဲ့အချိန် မဟုတ်ဘူး"

ထိုင်နေရာမှထကာ စစ္စတာသည် အေးချမ်းယဉ်ကျေးစွာ မေး၏။

"ဘာကိစ္စနဲ့ ဘယ်သူ့တွေ့ချင်လို့လဲ၊ ကျွန်မ ဘာကူညီရမလဲ"

ဂင်တိုတိုလူကပင် ဖြေ၏။

"ကျွန်တော်တို့ရှာက လူနာတစ်ဦးကို တွေ့ချင်လို့ပါ"

"လူနာနာမည်က ဘယ်သူလဲ၊ ဘာရောဂါနဲ့ ဘယ်ဝဒ်မှာ လာတက်နေသလဲ"

ဂင်တိုတိုလူသည် အဖြေမပေးနိုင်။

မျက်မှန်မည်းနှင့်လူက ဝင်ရှင်းပြ၏။

"ဒီလိုပါဆရာမ၊ လူနာကို တွေ့ချင်တာမဟုတ်ဘူး၊ လူနာလာစောင့်အိပ်တဲ့ လူကိုပါ၊ သူက ကျွန်တော်တို့ဆီက အိပ်ရာလိပ်ငှားသွားတယ်၊ ငွေအစိတ်လဲယူ သွားတယ်၊ ပြီးတော့ ပေါ်မလာဘူး၊ အဲဒါ ... သူနဲ့ တွေ့ချင်လို့"

"အင်းလေ၊ သူက ဘယ်လူနာကို လာစောင့်နေတာလဲ"

နှစ်ဦးလုံး မဖြေနိုင်ကြ။

ရှင်သော စစ္စတာ၏ မျက်လုံးများက မျက်မှန်မည်းတပ်ထားသောလူသည် မျက်လုံးတစ်ဖက်မရှိမှန်း မြင်မိ၏။

ဂင်တိုတိုနှင့်လူက ပြော၏။

"ဘယ်လူနာလာစောင့်မှန်း မသိဘူး၊ အခု ကျွန်တော်တို့ တက်ရှာမလို့"

ပြုံးနေသော စစ္စတာ၏မျက်နှာသည် တည်သွား၏။

"ဆေးရုံကြီးဆိုတာဟာ လူတိုင်းအတွက် ဖွင့်ထားတာတော့ မှန်ပါတယ်၊ ဒါပေမဲ့ လူတကာဟာ အချိန်မရွေး ဝင်လိုက် ထွက်လိုက်လုပ်ခွင့်မရှိပါဘူး၊ အခု ရှင်တို့ကိစ္စက ပစ္စည်းပျောက်လာရှာသလို ဖြစ်နေတယ်၊ ဒီလိုဆိုရင်လဲ ရဲကိုတိုင်ပါ၊ ရဲပါလာရင် အချိန်မရွေး ကျွန်မတို့ ခွင့်ပြုပါမယ်"

ဂင်တိုတိုနှင့် လူကပင် စကားပြောပြန်၏။

"ရဲတိုင်လောက်တဲ့ကိစ္စလဲ မဟုတ်ဘူး၊ ကျုပ်တို့ဘာသာ ကျုပ်တို့ ဖြေရှင်းချင် တယ်"

သူ့အမူအရာက ခက်ထန်သည်၊ သူ့အသံက ရိုင်းစိုင်းသည်။

http://www.cherrythitsar.org



မြင့်မားထွားကျိုင်းသော ဆေးရုံစောင့်ဦးကြီးသည် စစ္စတာနှင့် ဂင်တိုတိုလူကြား ဝင်ရပ်လိုက်သည်။

စောစောက အိပ်မပျော်သောကြောင့် လာစကားပြောနေသော လူနာနှစ်ဦးက လည်း ဦးကြီးအနီး လာကပ်ရပ်ကြ၏။

ဦးကြီးက အသံမာမာနှင့်ဆို၏။

"ကိုယ့်လူတို့က လွန်လာပြီ၊ ဆရာမကြီးက ယဉ်ယဉ်ကျေးကျေး ရှင်းပြနေတယ်၊ ကိုယ့်လူတို့က မဟုတ်တာလဲ လာလုပ်သေးတယ်၊ ပြီးတော့ မိုက်လဲမိုက်ရိုင်းသေးတယ်၊ ကဲ ... ကိုယ့်လူတို့ အခု ထွက်သွားမလား၊ မသွားဘူးလား၊ ဒါပဲပြော"

ဂင်တိုတိုလူက နောက်သို့ အနည်းငယ်ဆုတ်သွား၏၊ ဟန်နှင့် မာန်ကိုကား မလျှော့သေး။

မျက်မှန်နက်သမားက သူ့လူကို သူဆွဲခေါ်၏။

"ကွာ ... လာပါ၊ မနက်မှ ဆက်ဖြေရှင်းကြတာပေါ့"

သူတို့ ထွက်ခွာသွားကြ၏။

ဆေးရုံကြီးဝင်းအပြင် မင်းလမ်းမပေါ်မှ ဂင်တိုတိုလူက ကလော်ဆဲနေ၏။

ဒေါသထွက်နေသောဦးကြီးကို စစ္စတာက ဖျောင်းဖျ၏။

"အပြင်ကနေ ဆဲစမ်းပါစေ၊ ဒီထဲမှာမလုပ်ရင် ပြီးတာပဲပေါ့"

ဒေါသမပြေသော ဦးကြီးကသာ ပြော၏။

"ဒီကောင်တွေ လူလယ်တွေ၊ ဒီကောင်မျိုးတွေပေါ့၊ လူနာတွေ ပစ္စည်းရော တခြားရရာပစ္စည်းရော လာခိုးနေတဲ့ သူခိုးတွေ၊ ခိုးစရာမရှိ ဆေးရုံကြီးတောင် လာ အလစ်သုတ်နေတဲ့ လူလယ်တွေ ယုတ်ပါ့ကွာ"

လူနာတစ်ဦးက ဝင်ထောက်ခံ၏။

"အစစ်ပဲ၊ ခွေးသူခိုးတွေ၊ ပြန်ဝင်လာစမ်းပါစေ၊ ကျွန်တော်က နာလန်ထစ၊ အားမရှိသေးဘူး၊ ဒါပေမဲ့ ဦးကြီး ခင်ဗျားကို ကျွန်တော် ကူပါ့မယ်"

ဦးကြီးသည် ရယ်၏၊ စစ္စတာသည်လည်း ရယ်၏။

စစ္စတာကပြော၏။

"ကျွန်မတို့အတွက်တော့ ဒါမျိုးက ရိုးနေပြီ၊ ဒီလိုပဲ သည်းခံဖြေရှင်းရတာပဲ၊ နာလန်ထစလူနာက ဝင်ကူမှာတော့ ခွင့်မပြုပါရစေနဲ့၊ တစ်ခုခုဖြစ်သွားတော့ မနည်းပြန် ဆေးကုနေရဦးမယ်"

လူနာသည်လည်း ရယ်၏။

"မခံချင်လို့ပါ ဆရာမရယ်၊ အဟုတ် ... တကယ်"

ထိုစဉ်တွင်ပင် တပ်မတော်သုံး သူနာပြုကားတစ်စီး ဆိုက်လာ၏၊ ယင်းကား နောက်မှ ရဲဘော်များပါသော တပ်မတော်ကားတစ်စီးကပ်ပါလာ၏၊ ထိုကားကြီး နောက်မှ ဆေးရုံအုပ်ကြီး၏ကား။

တပ်မတော်သူနာပြုကားပေါ်မှ လူနာတစ်ဦးကို ကားတွင်း၌ပါလာသော

http://www.cherrythitsar.org



တပ်မတော်သူနာပြုရဲဘော်များက ထမ်းချကြသည်၊ လူနာကို ဓာတ်လှေကားဖြင့် အပေါ်ထပ်သို့ တင်သွားကြ၏။

အရေးပေါ်ဌာန အကြီးအကဲစစ္စတာက ဆေးရုံအုပ်ကြီးနားသို့ ကပ်သွားပြီး မေးသည်။

"တိုက်ပွဲက ဒဏ်ရာရလာတာလား"

"အင်း ... ဆိုပါစို့၊ ဒါထက် ဆရာဦးနှင်းငွေ ရောက်ပလား၊ စောစောကပဲ ကျွန်တော် သူ့ဆီကို တယ်လီဖုန်းဆက်ထားတယ်"

"ဟင့်အင်း ... မရောက်သေးပါဘူး၊ စစ္စတာဒေါ်မိုးသူက ပြောတော့ ဆရာဦးနှင်းငွေ ကောင်းကောင်းနေမကောင်းလို့တဲ့၊ ညနေထဲက ခွင့်ယူပြီး အိမ်ပြန်သွားသတဲ့"

"သူ့ခွင့်စာ ကျွန်တော် တွေ့ပြီးပါပြီ၊ ဒါပေမဲ့ ဒီကိစ္စ သူကိုယ်တိုင်မှ ဖြစ်မယ်၊ ဩော် ... ဒါထက် ဆရာဦးဘဖေသော်ရော ရောက်ပြီလား"

စစ္စတာဖြေရန်မလို၊ ဖီးယက်ကားကလေးနှင့် မောရစ်ကားကလေးတို့ ရှေ့ဆင့်နောက်ဆင့် ဆိုက်ရောက်လာကြ၏။

ဖီးယက်ကားပေါ်မှ ဒေါက်တာနှင်းငွေသည် လည်းကောင်း၊ မောရစ်ကားပေါ်မှ ဒေါက်တာဦးဘဖေသော်သည် လည်းကောင်း အသီးသီး ဆင်းလာခဲ့ကြသည်။

သူတို့နှစ်ဦးလုံးသည် အိပ်ရာမှထ၍ လိုက်လာကြဟန် အဝတ်အစားများက မသပ်ရပ်၊ ဆံပင်များကလည်း ဖရိုဖရဲနိုင်နေကြသည်။

နှင်းငွေက ဆေးရုံအုပ်ကြီးကို လှမ်းကြည့်၍မေး၏။

"ဆရာကြီးကိုယ်တိုင် လာတော့ သိပ်အရေးကြီးတဲ့ကိစ္စ ထင်တယ်"

"ဟုတ်ပါတယ် ဦးနှင်းငွေ၊ သိပ်အရေးကြီးတဲ့ကိစ္စပါ၊ ဒါကြောင့်လဲ ခင်ဗျားကိုရော ဦးဘဖေသော်ကိုရော ကျွန်တော်ကိုယ်တိုင် လှမ်းတယ်လီဖုန်းဆက်ရတာ၊ ကဲ ... သွားကြစို့"

*

ခွဲစိတ်ကုသရန် အဝတ်အစားများလဲရင်းက နှင်းငွေသည် အပြာဝတ်ဆရာမကလေးကို မေး၏။

"ဒီညဝဒ် စစ္စတာ ဘယ်သူလဲ"

"စစ္စတာဒေါ်မိုးသူပါ ဒေါက်တာ"

"စစ္စတာ့ကို သွားခေါ်စမ်း၊ အမြန်ဆုံးလာခဲ့ပါလို့"

"ဟုတ်ကဲ့ ဒေါက်တာ"

ဆရာမလေးသည် သွက်လက်စွာဖြင့် ထွက်ခွာသွား၏။

နှင်းငွေသည် ခွဲစိတ်ကုသရာဌ ဝတ်ဆင်ရသော ဖိနပ်စီးအပြီး၌မှာပင် စစ္စတာဒေါ်မိုးသူ ရောက်လာ၏။

http://www.cherrythitsar.org



"ဒီကအစ်မ အဲ ... စစ္စတာရေ ကျွန်တော် အရေးပေါ် ခွဲစိတ်ရမယ်"

"ဟုတ်ကဲ့ ဒေါက်တာ၊ ကျွန်မ ဘာဆောင်ရွက်ပေးရပါမလဲ"

"အခန်းတစ်ခု ပြင်ဆင်ထားပါ၊ ဟို ... ဟိုမြောက်ဘက်ဆုံးက အခန်း၊ ခွဲစိတ်ပြီးရင် အဲဒီလူနာကို တစ်ဦးတည်း သီးသီးသန့်သန့်ထားရမယ်၊ ဒီလောက် ဆို ဆရာမ နားလည်ရောပေါ့"

"ဟုတ်ကဲ့ ကျွန်မ နားလည်ပါတယ် ဒေါက်တာ"

ဝဒ်၏မြောက်ဘက်ဆုံး၌ အနံ့ဆယ်ပေ၊ အလျားပေနှစ်ဆယ်ရှိသော အခန်း တစ်ခန်းရှိ၏၊ အခန်းကို ခွဲစိတ်ခန်းမှ လူနာထွက်လာလျှင် ထွက်လာချင်း အစစ အဆင်သင့်ဖြစ်နေရန် စစ္စတာဒေါ်မိုးသူသည် ပြင်ဆင်ပေးရ၏။

ပြင်ဆင်နေဆဲတွင်ပင် တပ်မတော်အရာရှိတစ်ဦးနှင့်အတူ အထူးစုံစမ်းထောက် လှမ်းရေးမှ ဒုတိယ လုံခြုံရေးမှူးကိုလှသွင်တို့ ရောက်လာကြ၏၊ သူတို့နှင့်အတူ အရပ်ဝတ်အရပ်စား ဝတ်ထားသော လွယ်အိတ်လွယ်ထားကြသည့် လူရွယ်နှစ်ဦးလည်း ပါလာကြ၏။

စစ္စတာသည် တပ်မတော်အရာရှိကို လှမ်းကြည့်သည်၊ ထိုနောက် သိကျွမ်းဖူး သောသူကိုလှသွင်ကို ပြုံးပြီး နှုတ်ဆက်၏။

"သြော် ... ကိုလှသွင်လဲ ပါလာသကိုး၊ ဆိုပါဦး၊ ကျွန်မ ဘာလုပ်ပေးရမလဲ"

"အထူးတော့မရှိပါဘူးဆရာမ၊ ဟောဒီလူနှစ်ဦးဟာ ကျွန်တော်တို့လူတွေပဲ၊ သူတို့ ဒီမှာ စောင့်နေလိမ့်မယ်"

တပ်မတော်အရာရှိသည် စစ္စတာကို ပြုံးကြည့်ပြီး ခေါင်းညိတ်ပြ၏။

"ဟုတ်ကဲ့ ကျွန်မ နားလည်ပါပြီရှင်"

တပ်မတော် အရာရှိနှင့် ကိုလှသွင်တို့ ထွက်ခွာသွားကြသည်။

ကျန်နေရစ်သော အရပ်ဝတ် အရပ်စားနှင့် လူနှစ်ဦးကို စစ္စတာက မေးသည်။

"ရှင့်တို့အတွက်ကော ကျွန်မ ဘာလုပ်ပေးရမလဲ"

တစ်ဦးကဖြေ၏။

"အထူးဒုက္ခမရှာပါနဲ့ ဆရာမရယ်၊ ကျွန်တော်တို့အတွက် ထိုင်စရာကုလား ထိုင်နှစ်လုံးရရင် တော်ပါပြီ"

"စိတ်ချပါ၊ ရပါစေ့မယ်"

အခန်းမှ စစ္စတာ ထွက်လာခဲ့၏။

မိမိ၏အခန်းတွင်ထိုင်ကာ အလုပ်လုပ်ရင်း စစ္စတာသည် အချိန်ကုန်စေ၏။

အတန်ကြာမှ စစ္စတာက နာရီကို ငုံ့ကြည့်မိသည်။

ခွဲစိတ်နေသည်မှာ တစ်နာရီခန့်ရှိပြီ။

ယောကျ်ားသူနာပြုတစ်ဦးသည် စစ္စတာ၏ ရှေ့သို့ ရောက်လာ၏။

သူသည် စာရွက်တစ်ရွက်ကို ထုတ်ပြ၏။

"မူလက သတ်မှတ်ထားတဲ့အချိန်ထက် ပိုပြီးခွဲစိတ်ရမယ်၊ သွေးမသွင်းရင်

http://www.cherrythitsar.org



မဖြစ်တော့ဘူး ဆရာမ၊ အဲဒါ သွေးဘဏ်က ဆရာမကိုယ်တိုင် သွေးယူလာခဲ့ဖို့ ဆရာဦးနှင်းငွေက မှာလိုက်တယ်၊ သွေးအမျိုးအစားက (ဘီ)တဲ့ ဆရာမ”

စစ္စတာသည် စာရွက်ကို ငုံ့ကြည့်သည်။

စာရွက်ပေါ်၌ ဘီသွေးယူလာရန် ညွှန်ကြားထားသည့် နှင်းငွေ၏ လက်ရေးကျဲများကို တွေ့ရ၏။

“ဆရာမ အခုသွားပေးပါမယ့်၊ ဒါထက် လူနာက ဘာဒဏ်ရာလဲကွဲ့”

“ဒဏ်ရာသိပ်ကြီးတယ် ဆရာမ၊ ကျည်ဆန်တစ်ခုက ပေါင်ကိုမှန်ပြီး အသားတွေ စုတ်ပြတ်ဖွာထွက်နေတယ်၊ အဓိက အကြောကြီးနဲ့ သီသီလေး လွဲသွားတယ်၊ နောက် ကျည်ဆန်တစ်ခုက ချိုင်းကဝင်ပြီး အဆုတ်ကို ဖောက်သွားတယ်၊ မျှော်လင့်ချက်တော့ တယ်မရှိပါဘူး၊ ဒါပေမဲ့ ဆရာဦးနှင်းငွေနဲ့ ဆရာဦးဘဖေသော်တို့ဟာ အကြိတ်အနယ် ခွဲစိတ်ပြီး အသက်လုနေကြတယ်၊ ပြောရဦးမယ် ဆရာမ၊ ဆရာဦးနှင်းငွေရဲ့ နဖူးမှာရော ဆရာဦးဘဖေသော်ရဲ့ နဖူးမှာရော ချွေးသီးချွေးပေါက်ကြီးတွေ သီးနေကြတယ်၊ ဒါမျိုး အရင်က ကျွန်တော် မမြင်ဖူးဘူး”

စစ္စတာသည် သက်ပြင်းရှိုက်ပြီး ဆို၏။

“အေးကွယ်၊ သူတို့ သေမင်းနဲ့ ပြိုင်ပြီး အသက်လုနေကြရတယ်၊ ကဲ ... ပြန်တော့၊ လိုတဲ့သွေးကို ဆရာမ အမြန်ဆုံး ပို့ပေးလိုက်မယ်”

ယောကျ်ားသူနာပြုသည် ထွက်သွား၏။

စစ္စတာသည် သွေးဘဏ်ရှိရာ အောက်ထပ်သို့ မပြေးရုံတမည် ဆင်းလာခဲ့သည်။

*

ခွဲစိတ်ခန်းတံခါးကြီးပွင့်လာ၏။

သတိလစ်လျက်ရှိသော လူနာကို ဘီးတပ်ခုတင်ပေါ်တင်၍ တွန်းယူလာကြ၏။

သီးသန့်အခန်းတွင်း၌ လူနာကို နေရာချပြီးသောအခါ အဆင်သင့်ရှိနေသည့် သွေးပုလင်းမှ ဆင်းလာသော ပြွန်နှင့် လူနာ၏ လက်ကို စစ္စတာသည် ကိုယ်တိုင် ဆက်သွယ်ပေး၏။

ထိုအခိုက်မှာပင် လူနာ၏ မျက်နှာကို စစ္စတာသည် ရှေးဦးစွာအဖြစ် သေသေချာချာကြည့်မိ၏၊ ထိုခဏမှာပင် စစ္စတာ၏ တစ်ကိုယ်လုံးသည် တုန်ယင်သွား၏။

လူနာ၏ မျက်နှာကို စိုက်ကြည့်ရင်း စစ္စတာသည် မျက်ရည်များ ဝဲလာ၏။

လက်ထောက်ဆရာမများကို မှာသင့်သည်တို့ မှာခဲ့ပြီး စစ္စတာသည် အခန်းတွင်းမှ ထွက်လာခဲ့၏။

စစ္စတာသည် ဒေါက်တာနှင်းငွေ၏ ရုံးခန်းဆီသို့ တိုက်ရိုက်လာခဲ့၏၊ အခန်းတွင်းစားပွဲ၌ နားထင်ကို လက်မများနှင့် နှိပ်ရင်း နှင်းငွေသည် ဦးခေါင်းငိုက်စိုက် နှင့်ရှိနေ၏။

http://www.cherrythitsar.org



စစ္စတာ၏ ခြေသံကြောင့် သူက မော့ကြည့်၏။

"ဩော် ... ဒီကအစ်မ"

သူ့လေသံသည် ပျော့ပျော့သာ ဖြစ်နေ၏။

စစ္စတာသည် စိတ်ကို ထိန်းပြီးမေး၏။

"ဒီကမောင် နေမကောင်းဘူးထင်တယ်"

"အင်း ... အအေးမိပြီး နေလဲမကောင်းဘူး၊ ပြီးတော့ စိတ်မချမ်းသာစရာ တစ်ခုလဲ ကြုံနေလို့ ဒီကအစ်မရေ"

စစ္စတာသည် ပြုံးမိသည်၊ မိမိအပြုံး၏ အဓိပ္ပာယ်ကို မိမိလည်း နားမလည်၊ နားမလည်သောအပြုံးကို ပြုံးရင်း စစ္စတာ၏ မျက်လုံးများမှ မျက်ရည်တို့ ပေါက်ပေါက် ကျမိ၏။

အခန်းတွင်းမှ တိတ်ဆိတ်နေသည်။

နားထင်တစ်ဖက်ကို လက်မနှင့် ထောက်ရင်း နှင်းငွေက စစ္စတာ့ကို မော့ကြည့်၏။

လှပပြာလွင်သော စစ္စတာ၏ မျက်လုံးများမှ စီးကျလာသော မျက်ရည်များကို နှင်းငွေက တွေ့လိုက်ရ၏။

"အို ... ဒီအစ်မငိုနေတယ်၊ ဘာကြောင့်ငိုရတာလဲ"

မျက်ရည်ကြားမှ ပြုံးပြီး စစ္စတာက မေးသည်။

"စောစောက ဒီကမောင် ခွဲစိတ်ခဲ့တဲ့လူနာဟာ မျှော်လင့်ချက် ရှိသေးရဲ့လား"

"အဲဒါကို ကျွန်တော် မဖြေနိုင်ဘူး၊ ကျွန်တော်တော့ အစွမ်းကုန် ကြိုးစားပြီး အသက်လုခဲ့ရတာပဲ၊ နေပါဦး၊ ဒီမေးခွန်းကို ဒီကအစ်မ ဘာကြောင့်မေးရတာလဲ"

စစ္စတာထံမှ အဖြေပေါ်မလာ။

နားထင်ကို ထောက်ထားသော လက်မကို ရုပ်လိုက်ပြီး နှင်းငွေက စစ္စတာ၏ မျက်လုံးများကို စိုက်ကြည့်ပြီး မေး၏။

"ဒီလူနာကို ဒီကအစ်မ သိဖူးလေသလား"

"သိပါတယ် ဒီကမောင်၊ သိရုံမကဘူး၊ သူဟာ ဒီကအစ်မရဲ့ တစ်ချိန်တုန်းက ..."

စကားမဆုံးဘဲ မျက်နှာကို လက်ဝါးဖြင့်အုပ်ပြီး စစ္စတာသည် အခန်းတွင်းမှ ထွက်ခွာပြေး၏။

နှင်းငွေသည် လက်မနှစ်ဖက်ဖြင့် နားထင်နှစ်ဖက်ကို ထောက်၏၊ ထို့နောက် ပင်ပန်းလွန်းသောကိုယ်ကို စိတ်ကမထိန်းနိုင်ဘဲ စားပွဲပေါ်သို့ ခေါင်းငိုက်ကျသွား၏။

* * *

# အခန်း (၂၁)

နောက်တစ်ပတ်ခန့်ကြာသွား၏။

စစ္စတာ ဒေါ်မိုးသူ သည် မင်းလမ်းအတိုင်း လျှောက်ကာ ပြင်ပလူနာကုသရေး ဌာနသို့ ရောက်လာခဲ့၏၊ ထိုမှတစ်ဆင့် ဆေးရုံအုပ်ကြီး၏ ရုံးခန်းသို့ ဆက်လျှောက် လာခဲ့ပြန်သည်။

လှပသော စစ္စတာ၏ မျက်နှာသည် အထူးညှိုးနွမ်းနေသည်၊ မျက်လုံးပြာများ က အရောင်မတောက်၊ နီရဲမြဲဖြစ်သော နှုတ်ခမ်းများက ဖြူဖပ်ဖြူရော်ရှိနေ၏။

ဆေးရုံအုပ်ကြီး၏ ရုံးခန်းအပြင်၌ အစောင့်ဦးကြီးတစ်ဦးကို တွေ့ရသည်။

စစ္စတာသည် တည်ငြိမ်စွာဆို၏။

"ဆေးရုံအုပ်ကြီးက ခေါ်ထားလို့လာတယ်ကွယ်၊ ဆရာကြီး ရောက်နေပြီလား"

"ဟုတ်ကဲ့၊ ရောက်နေပါပြီ၊ ကြွပါ ဆရာမ ကြွပါ"

အစောင့်ဦးကြီးက တံခါးဖွင့်ပေး၏။

အခန်းတွင်းဝင်မိသော စစ္စတာသည် အံ့အားသင့်သွား၏။

ဆေးရုံအုပ်ကြီးသည် အစဉ်တွေ့ရမြဲဖြစ်သော တည်ငြိမ်သည့် ဣန္ဒြေဖြင့် စားပွဲ၌ထိုင်နေ၏။

ဆေးရုံအုပ်ကြီး၏ စားပွဲရှေ့၌ ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်နေသူကား ကိုလှသွင် တို့၏ဆရာ အထူးစုံစမ်းထောက်လှမ်းရေးဌာန၏ အကြီးအကဲ ဦးထွန်းသောင် ကိုယ်တိုင် ဖြစ်နေ၏။

စစ္စတာသည် ဆေးရုံအုပ်ကြီး၏ စားပွဲရှေ့၌ရပ်၏။

ဆေးရုံအုပ်ကြီးက ဖခင်ပမာ ပြုံးပြပြီးဆို၏။

"ထိုင်ပါ ဆရာမ ထိုင်ပါ၊ ကျွန်တော်တို့ စကားနည်းနည်းပြောကြရအောင်"

စစ္စတာသည် ဦးထွန်းသောင်နှင့် ယှဉ်လျက် ကုလားထိုင်တစ်လုံးတွင် ဝင်၍ ထိုင်၏။

စစ္စတာသည် ဦးထွန်းသောင်ကို တစ်ချက်ကြည့်၏၊ ထိုနောက်မှ ဆေးရုံအုပ် ကြီးကို လှမ်းကြည့်ပြီးဆို၏။

http://www.cherrythitsar.org



"ကျွန်မကို ဘာစစ်ဆေးချင်ပါသလဲ၊ စစ်ဆေးကြပါ"

ဆေးရုံအုပ်ကြီးက ဘာမျှမပြောဘဲ ဦးထွန်းသောင်ကိုသာ လှမ်းကြည့်၏။

ဦးထွန်းသောင်သည် စစ္စတာကို ပြုံးကြည့်ပြီး ပြော၏။

"စစ္စတာကို စစ်ဆေးဖို့ ကျွန်တော်တို့ ခေါ်တာ မဟုတ်ပါဘူး၊ အဲ ... ရှင်းပြချင်လို့ပါ"

"ရှင် ... ရှင်းပြချင်လို့ ... "

"သိန်းတန် အဲ ... သူဟာ သာစည်နယ်သားပဲ၊ သူ့ကို ကျွန်တော် ဖမ်းမိမယ့်ဆဲဆဲလွတ်သွားပြီး တောထဲရောက်သွားခဲ့တယ်"

ဦးထွန်းသောင်သည် စစ္စတာ၏ မျက်လုံးများကို စူးစိုက်စွာ ကြည့်ပြီး အကဲခတ်၏။

စစ္စတာကမူ မျက်လုံးများရော မျက်နှာပါ တည်ကြည်ငြိမ်သက်နေ၏။

ဦးထွန်းသောင်က ဆက်ပြော၏။

"ကိုသိန်းတန်ရဲ့ ရာဇဝင်သမိုင်းဟာ ကျွန်တော့်လက်ထဲမှာ ပြည့်ပြည့်စုံစုံ ရှိနေပါတယ်၊ သူ့ချစ်သူဟာ သူတောခိုသွားစဉ်က ဆရာမလေးမမိုးသူတဲ့၊ ဒါကြောင့်လဲပဲ ဒီတောင်ကြီးမှာ စစ္စတာကို တွေ့စက ကျွန်တော် အထူးဂရုစိုက်မိခဲ့တယ်"

စစ္စတာက ခေါင်းညိတ်ပြ၏၊ ဘာမျှတော့ ပြန်မပြော။

"အခု ကိုသိန်းတန်ကို တိုက်ပွဲမှာ တပ်မတော်က မိလာခဲ့တယ်၊ ဒဏ်ရာကြီးနဲ့ပေါ့လေ၊ သူ့အသက်ကို ဆရာဦးနှင်းငွေတို့က ကယ်ပေးကြတယ်၊ သူ့အမှုကိုတော့ ကျွန်တော်က ဆက်ကိုင်ရတယ်၊ သူ့ကို တိုက်ပွဲအတွင်းမှာ ဒဏ်ရာနဲ့ မိလာတာပဲ၊ ကျွန်တော်တို့ စုံစမ်းရတာက သူဟာ မလွှဲမရှောင်သာလို့ အမိခံရတဲ့လူတစ်ယောက်လား၊ ဒါမှမဟုတ် ... လက်နက်ချဖို့ တကယ်ကြိုးစားနေတဲ့လူတစ်ယောက်လား၊ ဒါကို ကျွန်တော်တို့က သေသေချာချာလိုက်ရရမယ်၊ စိတ်တော့မဆိုးနဲ့ ဆရာမ၊ ဆရာမကို ခွဲစိတ်ကုသရေးဝဒ်ကနေပြီး တခြားဝဒ်ကို ရွှေ့ဖို့လုပ်ခဲ့တာဟာ ကျွန်တော်တို့ပဲ၊ နိုင်ငံတော်ရဲ့ လုံခြုံရေးအတွက်ဆိုတော့ အားမနာနိုင်ဘူး ဆရာမရေ"

စစ္စတာသည် တည်ငြိမ်စွာ ခေါင်းညိတ်ပြပြီးဆို၏။

"ဦးထွန်းသောင်တို့ရဲ့ တာဝန်ကို ကျွန်မ နားလည်ပါတယ်၊ ကျွန်မအပေါ် အရေးယူမှုကိုလဲ စိတ်မဆိုးပါဘူး၊ လုပ်သင့်လုပ်ထိုက်တာကို လုပ်ကြရတာပဲ မဟုတ်လား"

"မှန်ပါတယ်၊ တာဝန်အရ လုပ်သင့်လုပ်ထိုက်တာကို လုပ်ရတာပဲ ဆရာမ၊ ကိုသိန်းတန်က ဆရာမဆီကို ပေးတဲ့စာကို ကျွန်တော်တို့လက်ထဲ အပ်တဲ့ ဆရာမကို ကျေးဇူးတင်ရမယ်၊ အဲဒီစာအရ ကျွန်တော်တို့ လိုက်ကြည့်တယ်၊ ဒီတုန်းကပဲ ကိုသိန်းတန်ဟာ ဒဏ်ရာသက်သာလာတော့ သူ့အကြောင်းတွေကို သူ စုံစုံစေ့စေ့ ပြန်ပြောလာနိုင်တယ်၊ သောင်းကျန်းသူတစ်ယောက်အနေနဲ့ မှားခဲ့တာတွေကို နောင်တရပြီး သူဟာ ဆရာမတစ်ယောက်တည်းဆီကိုသာ စာရေးခဲ့တာ မဟုတ်ဘူး၊

http://www.cherrythitsar.org



သူ့ဝန်ခံချက်အရ ဘခက်၊ အဲ ... သာစည်နယ်က ပါတီယူနစ်ဥက္ကဋ္ဌ ရဲဘော်ဘခက် ဆီကိုလဲ သူ စာရေးဖူးတယ်၊ အခု ရဲဘော်ဘခက်ဆီက သူ့စာပါ ကျွန်တော်တို့လက် ထဲ ရောက်နေပါပြီ၊ ပြီးတော့ ကိုသိန်းတန်တို့ရဲ့ ဌာနချုပ်ကို ကျွန်တော်တို့ရဲ့ တပ် မတော်ကစီးမိတော့ စာရွက်စာတမ်းတွေမိခဲ့တယ်၊ အဲဒီစာရွက်စာတမ်းတွေအရဆို ရင် သခင်သန်းထွန်းအမိန့်နဲ့ ကိုသိန်းတန်ကို အခြေအနေပေးရင် ရက်ရက်စက်စက် သေဒဏ်ပေးဖို့တောင် အစီအစဉ်တွေ ရှိပြီးပြီ၊ ကိုသိန်းတန်ဟာ တောင်ကြီးမြို့ထဲ လာခဲ့ဖူးတယ်၊ မောင်လှသွင်ကလဲ စောင့်ကြည့်ခဲ့တယ်၊ သူ ဝင်လာတာ ကျွန်တော်တို့ သိပါတယ်၊ အဲဒီအချိန်က ဖမ်းလိုက်ရင်လဲ ရတာပေါ့ဗျာ၊ ဒါပေမဲ့ ကျွန်တော်တို့က သိပ်စိတ်ရှည်တယ်၊ လူတစ်ယောက်ကို ဖမ်းမိတိုင်း အကျိုးအမြတ်ရတာမှ မဟုတ်ဘဲ၊ ကျွန်တော် သိထားရတာက လက်နက်ချချင်တဲ့ သောင်းကျန်းသူ ခေါင်းဆောင်တွေ အများကြီးပဲ၊ သူတို့က တော်လှန်ရေးအစိုးရရဲ့ စေတနာကို မှန်မမှန် စုံစမ်းနေကြတယ်၊ သူတို့ချည်းပဲ တစ်ယောက်တည်း လက်နက်ချ ဝင်ချင်ကြတာမဟုတ်ဘူး၊ သူတို့တပည့် တွေကိုပါ ခေါ်လာချင်ကြတာ၊ ဒါကိုတော့ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ချီးမွမ်းရမယ်၊ ကိုသိန်းတန်ကလဲ ဒီလိုလူမျိုးပဲ၊ သူနဲ့သူ့တပည့်တွေ လက်နက်ချပြီး ဝင်လုဆဲဆဲမှာ ကျွန်တော်တို့ တပ်မတော်က သူတို့စခန်းကို တက်သိမ်းတယ်၊ သူတို့ရဲ့ အကြီးဆုံး ခေါင်းဆောင်ဆိုတဲ့လူက ထွက်မပြေးခင် လက်နက်ချဖို့ တိုက်တွန်းတဲ့ ကိုသိန်းတန်ကို သေနတ်နဲ့ ပစ်သွားတာပဲ၊ အဲဒီလူ နောက်ကို တပ်မတော်က ဆက်လိုက်နေပါတယ်၊ ကိုသိန်းတန်ကိုတော့ ဒီဆေးရုံကြီးကို ခေါ်ခဲ့တယ်၊ အခု သူ ကောင်းကောင်း နေကောင်း နေပါပြီ"

စစ္စတာသည် ဝမ်းသာခြင်းကို မဖုံးနိုင်သောမျက်နှာဖြင့် ဦးထွန်းသောင်ကို ကြည့်ပြီးနေ၏။

"ကြားရတဲ့စကားတွေဟာ ဝမ်းသာစရာပါပဲ၊ ဘာဖြစ်လို့ ကျွန်မကို ဒါတွေ ရှင်းပြနေတာလဲ"

"ကိုသိန်းတန်ရဲ့ ကိစ္စက အခုမှရှင်းတာ၊ မရှင်းခင်တော့ သူတက်ရတဲ့ဝဒ်မှာ ဆရာမကို ဘယ်လိုလုပ်ထားနိုင်မှာလဲ၊ ကဲ ... ဆရာကြီး ဆက်ပြောလေ"

ဆေးရုံအုပ်ကြီးသည် ဆရာမဒေါ်မိုးသူကို ကြည့်ပြီးဆို၏။

"ဆရာမရဲ့ မူလက ဝဒ်ဖြစ်တဲ့ ခွဲစိတ်ကုသရေးဝဒ်ကို ပြန်သွားတော့ ဆရာမ၊ ဆရာမရဲ့ချစ်သူ ကိုသိန်းတန်ကိုလဲ လွတ်လွတ်လပ်လပ်သွားပြုစုပါ၊ ကျွန်တော် ခွင့်ပေးပါတယ် ဆရာမ"

စစ္စတာသည် ဆေးရုံအုပ်ကြီးနှင့် ဦးထွန်းသောင်တို့ကို ကျေးဇူးတင်စွာ ကြည့်သည်၊ ထို့နောက် ဆေးရုံအုပ်ကြီး၏ အခန်းတွင်းမှ သွက်သွက်ကလေး ထွက် လာ၏၊ အပြင်ရောက်သော် မပြေးရုံတမည် ခွဲစိတ်ကုသရေးဆိုင်ရာ အဆောက်အအုံ ကြီး၏ အလယ်ထပ်သို့ လှမ်းလာခဲ့၏။

သီးသန့်အခန်းကို တံခါးဖွင့်ပြီး စစ္စတာသည် ဝင်သွား၏။

http://www.cherrythitsar.org



အခန်းတွင်းရှိ ခုတင်ထက် ပက်လက်လဲနေသူ လူနာ၏ မျက်နှာပေါ်မိုးပြီး စစ္စတာက ခေါ်၏။

“မောင် ... ကိုသိန်းတန်”

လူနာ၏ မျက်လုံးများက ပွင့်လာ၏၊ စစ္စတာ၏ မျက်နှာကို မယုံကြည်နိုင်စွာ အတန်ကြာအောင် စိုက်ကြည့်နေပြီးနောက် လူနာက ဆို၏။

“မိုး ... မိုး ဟုတ်တယ် မဟုတ်လား”

“ဟုတ်ပါတယ်မောင်၊ မိုးပါ မောင့်ရဲ့မိုးပါ”

လူနာ၏လက်များသည် မြောက်တက်လာ၏။

သွေးမပြည့်သေးသောကြောင့် ဝါနေသော သူ့လက်များကို ယုယစွာ ဆုပ်ကိုင်လိုက်ပြီး စစ္စတာက ဆို၏။

“မောင့်စာထဲမှာ ပါတဲ့အတိုင်းပဲ မိုးနဲ့ မောင် ပြန်တွေ့ကြရပြီ၊ မောင်ရယ် ဒီတစ်ခါတော့ မိုးနဲ့မောင် ပြန်မခွဲပါရစေနဲ့တော့၊ အဲဒီကတိကို ပေးစမ်းပါ၊ မိုးကို ကတိပေးပါ”

“မောင် ကတိပေးပါတယ် မိုး၊ နောက်တစ်ခါ မိုးနဲ့ခွဲပြီး မောင် ဘယ်ကိုမှ မသွားတော့ဘူး၊ ဒါကို ယုံပါမိုးရယ်”

စစ္စတာသည် မျက်ရည်ပေါက်ပေါက်ကျရင်း ချစ်သူ၏ နဖူးကို ယုယုယယ နမ်းမိသည်။

ယုယစွာ နမ်းမိပါ၏။

* * *

# အခန်း (၂၂)

တောင်ချွန်းပေါ်ဖြတ်ကာ တိမ်ဖြူတို့သည် ကျော်လွှားနေကြ၏။

တိမ်ကလည်းလှသည်၊ တောင်ကလည်း လှသည်။

သီတင်းကျွတ်၏မိုးသည်လည်း တောင်ကြီးမြို့ကို နှုတ်ဆက်ကန်တော့ပန်းဆင်နေ၏။

စစ္စတာဒေါ်မိုးသူသည် တက္ကစီထက်မှ ဆင်းလိုက်၏။

မိုးဖွဲဖွဲကျနေသည့်ကြားမှ စစ္စတာသည် ဒေါက်တာနှင်းငွေ၏အိမ်သို့ လျှောက်လာခဲ့၏။

မိုးဖျန်းထားသော သစ်ပင်တိုင်းကလည်း ရွှင်နေ၏၊ ထိုနည်းတူစွာ စစ္စတာ၏ မျက်နှာသည်လည်း လန်းရွှင်နေ၏။

စစ္စတာသည် အိမ်ခန်းအတွင်းသို့ ဝင်လိုက်သည်။

ခြတ်စက်ကို ခေါင်းပြုထားသော ဆိုဖာထက်၌ နှင်းငွေသည် အိပ်ပျော်နေ၏။

ဆိုဖာဘေးရှိ ကြမ်းပြင်ပေါ်၌ စာရွက်နှစ်ရွက် ကျနေ၏။

စစ္စတာသည် နှင်းငွေ၏ နဖူးပေါ်သို့ လက်တင်စမ်းမိ၏။

နှင်းငွေ၏ကိုယ်သည် ချစ်ချစ်တောက်ပူနေလေသည်တကား။

စစ္စတာသည် နှင်းငွေ၏ လက်ဝဲလက်ကို ကိုင်ယူကာ သွေးစမ်းကြည့်၏၊ သွေးခုန်နှုန်းက မမှန်။

နှင်းငွေ၏ ပခုံးကို အသာအယာ ဆုပ်ကိုင်ပြီး စစ္စတာက ခေါ်ကြည့်၏။

“ဒေါက်တာ၊ ဒီကမောင်ရယ်၊ ဒီကအစ်မခေါ်သံ ကြားသလား”

နှင်းငွေ၏ထံမှ ညည်းသံသာ ပေါ်လာလေသည်၊ အဖြေကားမရ။

စစ္စတာ၏ရင်၌ စိုးရိမ်စိတ်တို့ လွှမ်းလာ၏။

စစ္စတာသည် ကြမ်းပြင်ပေါ်ရှိ စာရွက်များကို ကောက်ယူဖတ်ရှု၏။

ပထမဖတ်မိသော စာရွက်ကစပြီး စစ္စတာ၏ အာရုံကို ဖမ်းစားသည်။

နှင်းငွေရေ ...

နင့်ဆီ ဒီစာကို ရေးရင် ငါ့ရင်တွေ ခုန်နေတယ်၊ ငါ့လက်တွေလဲ တုန်နေတယ်။

http://www.cherrythitsar.org



နင့်သူငယ်ချင်းဘခက်က ဒီစာကို မရေးရဘူးလို့ တားထားတယ်၊ သူ့စေတနာက သူ့စေတနာပေါ့၊ အဲ ... ငါ့အမြင်ကလဲ ငါ့အမြင်ပေါ့။

နင်ဟာ ဆရာဝန်ကြီးတစ်ဦးပဲ၊ နင့်မှာ နင့်သမာဓိရှိတယ်၊ နင့်သမာဓိ ကို ခိုင်ခိုင်ထားပြီး ငါ့စာကို ဖတ်ပါ။

နင်သိပြီးတဲ့အတိုင်းပဲ၊ နုနုငယ်တို့ရဲ့ ခြံကြီးထဲမှာ တို့ကျောင်းစပြီး ဆောက်နေကြတယ်။

နုနုငယ်တို့အိမ်ကြီးလဲ တို့ဖြိုလိုက်ပြီ၊ အခုဆိုရင် အဲဒီအိမ်ကြီးဟာ မရှိတော့ဘူး။

ဂူတွေကိုလဲ တို့ဖျက်လိုက်ပြီ။

နုနုငယ်ရဲ့ ဂူကို ဖျက်တုန်းက ငါမကြည့်ရဲဘူး၊ ဂူဖျက်အပြီးမှ ဘခက်က အတင်းဆွဲခေါ်လို့ နုနုငယ်ရဲ့ ခေါင်းထဲ ငါကြည့်မိတယ်၊ ခေါင်းထဲမှာ ဘာတွေ့သလဲသိသလား။

ခေါင်းထဲမှာ မြင်ရတာကြည့်ပြီး ငါသတိလစ်မေ့လဲသွားရတယ်။

နှင်းငွေရေ ခေါင်းထဲမှာ အရိုးစုလဲ မတွေ့ရ၊ ဘာသာတွေ့ရသလဲဆိုတော့ ဖွဲကြမ်းတွေနဲ့ ကျောက်ခဲတွေပဲ။

အဲဒါမြင်လဲမြင်ရော ငါမေ့လဲသွားတယ်။

ဒီအတိုင်းဆိုတော့ နုနုငယ်သေပြီဆိုတာကို တို့ ဘယ်လိုလုပ် ယုံရတော့ မလဲ၊ လူသေရင် အရိုးတော့ ကျန်ရမှာပဲ။

ငါအများကြီးစဉ်းစားပြီးမှ ဒီစာကို ရေးလိုက်တယ်၊ ဘခက်ကန့်ကွက်တဲ့ ကြားထဲက ဒီစာကို ငါရေးတယ်။

နင်ဟာ ဆရာဝန်ကြီးပဲ နှင်းငွေ၊ ရွာမွန်သာကိုလာခဲ့ဟာ၊ နင့်ပြဿနာ ကို နင်လာရှင်းလှည့်။

**"ညွန့်မေ"**

စစ္စတာသည် အံ့သြတုန်လှုပ်သောရင်ဖြင့် စာရွက်ကို ဘေးသို့ ချလိုက်၏၊ ထိုနောက် အခြားစာတစ်ရွက်ကို ဖတ်ကြည့်ပြန်၏။

ကိုယ် ...

နုငယ်စာရေးနေတယ် ...

လက မသာဘူး၊ ကြယ်တွေ အများကြီး လက်နေတယ်၊ မြေကြီး ပေါ်မှာရေရှိရင် ကြာပန်းတွေ ပွင့်နေကြမှာပဲ၊ စာထဲမှာ ဒီလိုပဲ ဆိုကြတယ် မဟုတ်လား၊ အနီးအနားမှာ ရေကန်မရှိတော့ ကြာလဲဘယ်ရှိမလဲ၊ ရှိလဲ နုငယ်က ဘာလုပ်ရမလဲ၊ ကြာပန်းဆိုတာဟာ အကြီးကြီးရယ်၊ ခေါင်းမှာ ပန်လို့မှမရဘဲ၊ ရရင်ရော လှမလား၊ နုငယ် ကြာပန်းပန်ပြရင် ကိုယ်က လှတယ်လို့ ပြောမလား။

ကိုယ့်ကို သိပ်တွေ့ချင်တာပဲ၊ သိပ်ပြီးမေးချင်တာပဲ၊ နုငယ်ကို ကိုယ်

နိုပ်စက်သွားတယ်၊ စိတ်မဆိုးနဲ့နော်၊ အင်းလေ အမှန်က နုငယ်ကို ကိုယ် မနှိပ်စက်ပါဘူး၊ နုငယ်ကိုကိုယ် နှိပ်စက်သွားတယ်ဆိုရင် ကိုယ့်ကို နုငယ်က ဘာကြောင့် လွမ်းနေရမလဲ၊ မဟုတ်ဘူးလား၊ ခုတော့ ကိုယ့်ကို နုငယ် သိပ် လွမ်းတာပဲ။

စစ္စတာ၏ ရင်သည် ပို၍ခုန်လာသည်၊ လက်များပါတုန်လာသည်။

နုနုငယ်၏လက်ရေးမှာ စစ္စတာ ကောင်းကောင်းသိသော လက်ရေးများ ဖြစ်နေလေသည်တကား...။

စစ္စတာသည် စာရွက်နှစ်ရွက်ကို ဓာတ်စက်အပေါ် စာမျက်နှာမှောက်၍ တင်ကာ လေ၌မလွင့်ရန် ဖန်တုံးကလေးတစ်တုံးဖြင့် ဖိထားလိုက်၏။

စစ္စတာသည် အိမ်နောက်ဖေးဘက်ရှိ မီးဖိုချောင်ဆီ ထွက်ခဲ့သည်။ မီးဖိုချောင် အတွင်း၌ မည်သူ့ကိုမျှ မတွေ့ရ။

မီးဖိုချောင်တံခါးမှ ထွက်ပြီး ခြံတွင်းသို့ စစ္စတာကြည့်၏။

ခြံတွင်းတစ်နေရာရှိ ရေတိုင်တစ်ခုတွင် အိမ်ဖော်သူငယ်လေးက အဝတ်ထိုင် လျှော်နေ၏။

စစ္စတာက အသံပြုလှမ်းခေါ်သောအခါ သူငယ်ကလေး ပြေးလာ၏။

"ကလေးရေ ကိုထွေးရင် ဘယ်သွားလဲ"

"ကားနဲ့ ဈေးသွားဝယ်ပါတယ် ဆရာမ"

"ဪ ... ဟုတ်လား၊ ဟိုမှာ မင်းတို့ဆရာ အဖျားတက်ပြီး သတိလစ်နေ တယ်၊ မင်းမသိဘူးလား"

"ဆရာနေမကောင်းတာတော့ ကျွန်တော် သိပါတယ်၊ မနက်ကတောင် ဆရာဦးဖေလှမြင့် ဝင်ကြည့်သေးတယ်၊ ဆေးထိုးပေးသွားပါတယ်"

"ဒီလိုဆိုရင် တော်သေးတာပေါ့၊ ကဲ ... ဆရာမနဲ့ ခဏလိုက်ခဲ့စမ်း"

စစ္စတာသည် ရှေ့က ဦးဆောင်ပြီး အိမ်တွင်းသို့ ဝင်လာခဲ့သည်။

အိမ်တွင်းသို့ ရောက်သောအခါ စစ္စတာက အမိန့်ပေး၏။

"မင်းဆရာအိပ်တဲ့အခန်းက ခေါင်းအုံးနဲ့ စောင်သွားယူခဲ့၊ မျက်နှာသုတ်ပဝါ သန့်သန့်တစ်ထည်လဲ ယူလာခဲ့"

"ဟုတ်ကဲ့ခင်ဗျာ"

မကြာမီပင် သူငယ်လေး၏ အကူအညီဖြင့် စစ္စတာသည် နှင်းဌေးကို ဆိုဖာ ပေါ်၌ စနစ်ကျစွာ နေရာချပေး၏။

ဦးခေါင်းအောက်၌ ခေါင်းအုံးခုပေးသည်။ ရင်မှခြေအထိ စောင်ကို လုံအောင် ခြုံပေး၏၊ မျက်နှာ၌ သီးနေသော ချွေးတို့ကို မျက်နှာသုတ်ပဝါဖြင့် သုတ်ပေး၏။

အားလုံးပြီးစီးသွားသောအခါ စစ္စတာကပြော၏။

"ကဲ ... ကလေးရေ မင်းအလုပ် မင်းဆက်လုပ်တော့"

"ဟင့်အင်း ... ဆရာ့နား ကျွန်တော် ထိုင်စောင့်နေပါ့မယ်"

http://www.cherrythitsar.org



"ကိစ္စမရှိပါဘူးကွယ်၊ ကိုထွေးရင်ပြန်လာတဲ့အထိ ဆရာမပဲ ဒီမှာ ထိုင်စောင့်ပေးပါမယ်"

သူငယ်လေး ထွက်သွားသည်။

အသက်ရှူမှန်မှန်နှင့် အိပ်မောကျနေသော နှင်းငွေ ၏ မျက်နှာကို စစ္စတာသည် ငေးကြည့်နေ၏။

စစ္စတာ အကြိမ်ကြိမ် သတိပြုမိသည့်အတိုင်း နှင်းငွေ၏ မျက်နှာသည် အလွန်နုငယ်ပျိုမျစ်သည်၊ တစ်ဦးတည်းသောသားကို မိဘများက ဘာကြောင့် နှင်းငွေဟု အမည်ပေးထားကြောင်းကိုလည်း သဘောပေါက်မိသည်၊ သူ့မိဘအမြင်တွင် သား၏ မျက်နှာသည် ဆောင်း၏နှင်းငွေ့ပေါက်ပမာ အေးချမ်းရာပေလိမ့်မည်၊ စစ္စတာ၏ ရင်၌လည်း ဖြစ်ပေါ်မိ၏၊ မိမိ၌ မောင်အရင်းတစ်ယောက်ရှိလျှင် ဤအရွယ်ပင် ရှိလေမည်၊ ဤသို့ပင် ချောမောနုနယ်ပျိုမျစ်မည်၊ နုနယ်ငယ်ခေါ်သော ချစ်သူခများဆိုလျှင် ဤလုလင်ကို အဘယ်မျှ ချစ်ရာလိမ့်မည်နည်း။ အဘယ်မျှ ချစ်ရာလိမ့်မည်နည်း။

စစ္စတာသည် ရင်ထုမနာလည်း ဖြစ်မိ၏။

နှင်းငွေ သည် လူ့အသက်ပေါင်းများစွာကို ကယ်တင်နေသော ဆရာဝန်ကြီး ဖြစ်၏။ အသက်ဘေးနှင့် နီးနေသော လူနာများက သူ့မျက်နှာကို အားကိုးခြင်းကြီးစွာဖြင့် အကြည့်ခံရသူတစ်ဦးလည်း ဖြစ်၏၊ ယခု အဖျားတက်ကာ သူသတိလစ်နေဆဲ၌ အနီး၌ ယုယုယယ ပြုစုပေးမည့်သူတစ်ဦးမျှမရှိ၊ မိခင်သော် လည်းကောင်း၊ အိမ်သူသက်ထား ဇနီးမယားသော် လည်းကောင်း၊ အနီး၌ရှိလျှင် ယခုကဲ့သို့ မိမိက ဘေးမှ မဆီမဆိုင်ဝင်၍ ပြုစုပေးရန်မလို။

မဆီမဆိုင်၊ ဤစကားက မဟုတ်ပါ၊ ဆီဆိုင်ပါ၏၊ နှင်းငွေ သည် ပျိုမျစ်သမျှ စိတ်သဘောထားမြင့်မြတ်ကာ သမာဓိကြီးသော မိမိ၏အထက်လူကြီးတစ်ဦးဖြစ်သည်၊ ပြီးတော့ မိမိကိုလည်း ဒီကအစ်မဟုခေါ်ကာ အစ်မအရင်းပမာ ချစ်ခင်လေးစား ယုံကြည်သူလည်း ဖြစ်၏၊ တစ်ဖန် မိမိ၏ချစ်လှစွာသော ကိုသိန်းတန် ၏အသက်ကို သေမင်းလက်မှ ခဲရာခဲဆစ် လုယူပေးသော ကျေးဇူးရှင်ကြီးလည်း ဖြစ်လေသည်။

မျက်လုံးများ၌ မျက်ရေဝဲလျှံလျက် စစ္စတာသည် နေရာမှ ထလိုက်၏။

ဓာတ်စက်ပေါ်မှ စာနှစ်စောင်ကို ယူလိုက်ပြီး စစ္စတာသည် ထပ်မံဖတ်ကြည့်၏။

စစ္စတာသည် သက်ပြင်းရှိုက်ပြီး စိတ်ဆုံးဖြတ်လိုက်သည်၊ မသိမသာ အံလေးကြိတ်မိ၏။

စစ္စတာ၏နားတွင်း၌ အေးချမ်းတည်ငြိမ်သော ဒေါက်တာဦးဘဖေသော်၏ စကားသံများကို ပြန်လည်ကြားယောင်လာ၏။

"လူ့ကျင့်ဝတ်ကုသိုလ်တရားဆိုတာကလဲ ဘာလဲလို့ အဓိပ္ပာယ်ဖွင့်ရအခက်သား၊ အကောင်းဆုံးကတော့ ကိုယ့်စေတနာဟာ ဘာလဲလို့ ဆန်းစစ်ကြည့်၊ သစ္စာရဲ့ နယ်နိမိတ်ကိုလဲ စေတနာနဲ့ တိုင်းတာကြည့်"

* * *

http://www.cherrythitsar.org

# အခန်း (၂၃)

သီတင်းကျွတ်ပြီးသော ပထမအပတ်အတွင်း၌ စစ္စတာဒေါ်မိုးသူနှင့် တောခိုပြန်၊ သေရွာပြန် ကိုသိန်းတန်တို့ လက်ထပ်ကြသည်။

လက်ထပ်ပွဲမှာ ရိုးရိုးအေးအေးနှင့် ပကာသနမပါ။

နံနက်ခင်းတွင် လူငယ်တစ်ဦးပင်ဖြစ်သော ရာဘက် တရားသူကြီး ဦးတင်ဝင်း၏ရုံး၌ လက်မှတ်ထိုးကြသည်။

သတို့သား၏ဘက်မှ ပါတီယူနစ်ဥက္ကဋ္ဌ ဗိုလ်ကြီးဟန်စိန်နှင့် အထူးစုံစမ်းထောက်လှမ်းရေးမှူး ဦးထွန်းသောင်တို့က လက်မှတ်ထိုးပေးကြသည်။ သတို့သမီးဘက်မှ နှင်းငွေ နှင့် ဒေါက်တာဦးဘဖေသော်တို့က လက်မှတ်ထိုးပေးကြသည်။

လက်မှတ်ထိုးအပြီး၌ ဦးဘဖေသော်သည် ထုံးစံအတိုင်း နောက်၏။

"အဲ ... လက်ထပ်ပြီးပြီဆိုတော့ လင်ချည်းပဲ ရကြတာမဟုတ်ဘူး၊ မယားချည်းပဲလဲ ရကြတာမဟုတ်ဘူး၊ အပိုဆုအဖြစ်နဲ့ ယောက္ခမပါရကြတာ"

ကိုသိန်းတန်က ဖြေ၏။

"မိုးမှာ အဖေရော အမေရော မရှိတော့ဘူးခင်ဗျာ၊ မိုးမှာ အဖေရော အမေရော မရှိတော့လို့ ဆရာပြောတဲ့ အပိုဆုကို ကျွန်တော်မပေါက်ပါဘူးခင်ဗျာ"

စစ္စတာကလည်း ပြုံးပြီးဆို၏။

"ကိုသိန်းတန်မှာလဲ အဖေရော အမေရော မရှိတော့ ကျွန်မလဲ အပိုဆုမပေါက်ပါဘူးဆရာ"

ဦးဘဖေသော်သည် မျက်လုံးပြူးကြည့်ပြီး ရေရွတ်၏။

"အယ် ... တယ်ကံကောင်းကြပါလား"

နှင်းငွေသည် ဝင်၍ပြော၏။

"လုပ်ပြီ ဘာကံကောင်းတာလဲ"

"အဟဲ ... တကယ်ကံကောင်းတာပေါ့၊ ဒါထက် ဟိုပုံကလေးကြားဖူးပြီလား"

http://www.cherrythitsar.org



နှင်းငွေကဖြေ၏။

"လုပ်ပြန်ပြီ ... ဟိုပုံ၊ ကဲ ... ဆက်ပြောဆရာ ဆက်ပြော"

ဦးဘဖေသော်သည် ရယ်ပြီးပြော၏။

"ဆက်မပြောခိုင်းလဲ ဆက်ပြောမှာပဲ၊ တစ်ခါတုန်းက ရွာတစ်ရွာမှာ သာအေးနဲ့ သာဦးဆိုတဲ့ သူငယ်ချင်းနှစ်ယောက်ရှိကြတယ်၊ နှစ်ယောက်စလုံး မိန်းမကိုယ်စီ နဲ့ ဒီတော့ ယောက္ခမကိုယ်စီ၊ ခယ်မကိုယ်စီ၊ မရီးကိုယ်စီ၊ ယောက်ဖကိုယ်စီနဲ့ပေါ့၊ အဟဲ ... အပိုဆုကလေးတွေ၊ ခယ်မကိုယ်စီ ရှိတာတော့ မယုံမရှိနဲ့၊ သာအေးရော သာဦးရော ဝမ်းမနည်းကြဘူးတဲ့၊ ယောက္ခမကိုယ်စီ ရှိနေကြတာကိုတော့ သာအေးရော သာဦးရော ခမ္မဓိဋ္ဌာန်ကျစွာ အကြီးအကျယ် စိတ်ပျက်နေသတဲ့၊ အထူးသဖြင့် ယောက္ခထီးထက် ယောက္ခမအတွက်ပေါ့၊ တိုတိုပြောရရင်တော့ဗျာ သာဦး ယောက္ခမ အစ်မကြီးရော သာအေး ယောက္ခမအစ်မကြီးရော မမာမကျန်းပြီး သေမယ် ဖြစ်ကြရော"

ဦးဘဖေသော်သည် ကောင်းခန်း၌ ဖြတ်ကာ စီးကရက်ထုတ်၍ မီးညှိဖွာ ရှိုက်လိုက်၏။

နှင်းငွေက တိုက်တွန်းသည်။

"ဆက်လေဗျာ ... ခင်ဗျားပုံ၊ ခင်ဗျားဟာက မဆုံတင့်နဲ့"

"အဲ ... အဲ ... သာအေးနဲ့ သာဦး ယောက္ခမကြီးတွေလဲ မဆုံတင့် ဖြစ်နေကြတယ်၊ အဲဒီအချိန်မှာ သာအေးနဲ့ သာဦးတို့က လောင်းကြတယ်၊ ဘယ်သူ့ယောက္ခမ အရင်သေမလဲ၊ ယောက္ခမအရင်သေသူကို ယောက္ခမနောက်မှ သေတဲ့လူက ချက်အရက် ခြောက်လုံးပေးစတမ်း၊ တိုတိုပြောရရင်ဗျာ သာဦးယောက္ခမအမကြီးက အရင်သေတယ်၊ ဇမ္ဗူဒီပနိမိတ္တ မဟုတ်လား၊ ငနဲနာမည်ကိုယ်နှိုက်က သာဦးတဲ့၊ ယောက္ခမကြီး မသာမှာ မရီးတွေ၊ ခယ်မတွေ၊ ယောက်ဖတွေ အားလုံး ငိုနေကြတယ်၊ ဘသားချော သာဦးကတော့ ဝမ်းသာအားရ ထပြီး လက်ပန်းပေါင်းခတ်တယ်၊ ပါးစပ်ကလဲ ဟော ဒီလို ကျုံးဝါးတယ်၊ နိပ်ဟ ... သာဦးတို့ကတော့ လောင်းလိုက်ရင် နိုင်တာမျိုးပဲ၊ စောစောစီးစီးသေပေးတဲ့ ယောက္ခမကြီးကိုလဲ ကျေးဇူးတင်လိုက်တာ၊ သာအေးရေ ငါနိုင်ပြီ၊ ချက်အရက်ခြောက်လုံးပေးပေတော့၊ ဒီစကားလဲ ကြားရော သာဦးရဲ့ ယောက္ခထီးကြီးက ဟင် ... တို့ကတော့ ပူနေလိုက်ရတာ၊ နင်ကတော့ အတော်ပျော် နေသပေါ့၊ ခွေးမသားသိရော ဆိုပြီး ဓားဆွဲလိုက်ခုတ်တာပေါ့၊ ဒီမှာ ကိုနှင်းငွေ ဘာ ဆက်ဖြစ်တယ်ထင်သလဲ"

"သာဦး သေရောလား"

"ဒီလိုပညာရှိမျိုး ဘယ်သေနိုင်မလဲ၊ အဲဒါနဲ့ ယောက္ခထီးက ဓားနဲ့နောက် က လိုက်၊ သာဦးက ရှေ့ကပြေး ... ပြေးရင်း လွှားရင်းက သာအေးတို့အိမ်ရှေ့ရောက် တော့ သာဦးက ဟစ်သွားသေးသတဲ့၊ သူငယ်ချင်းရေ ... ငါ့ယောက္ခမ အဘွားကြီး တော့ သေပြီ၊ သေခါနီးအထိ ကောင်းကျိုးပေးသွားတယ်၊ မင်းကတိမင်းမမေ့နဲ့နော်၊ ခြောက်လုံး ... ခြောက်လုံး၊ အခု ငါထပ်လောင်းဦးမယ်၊ ငါရဲ့ ယောက္ခထီးကြီးက

http://www.cherrythitsar.org



ငါ့ကိုမိရင် မင်းကို ငါခြောက်လုံးပေးမယ်၊ လမ်းတွင် အဘိုးကြီး အမောဆို့သေသွားရင် နောက်ထပ် ၁၂ လုံးပေးဟော့၊ ကဲ ... ငါလဲ ပြေးပြီ၊အဘရေ မညာနဲ့၊ လိုက် ... လိုက် သေအောင်သာလိုက်၊ ကျွန်တော်တော့ ပြေးပြီဗျ...တဲ့၊ အဟတ် ... ဟတ် ... အဟဲ ... ဟဲ...၊ ကိုသိန်းတန် ခင်ဗျားတော့ ဒီ့စွန့်စားခန်းမျိုးရနိုင်ရှာမှာ မဟုတ်ဘူး"

*

စစ္စတာဒေါ်မိုးသူနှင့် ကိုသိန်းတန် တို့၏ လက်ထပ်ပွဲအပြီး ဧည့်ခံပွဲ ကိုနှင်းငွေက သူ့အိမ်တွင် လုပ်ပေး၏။

လူနည်းနည်းသာ ဖိတ်ထားသောကြောင့် ဘာမျှ ဝန်မလေးလှ။

လက်ထပ်ပြီးစ သတို့သားနှင့် သတို့သမီးသည် မင်္ဂလာဦးညကို နှင်းငွေ၏ အိမ်တွင်ပင် ကုန်ဆုံးစေမည်၊ သူတို့အတွက် အိမ်တွင် နှင်းငွေက သီးသန့်အခန်းတစ်ခန်း လုပ်ပေးထား၏၊ နက်ဖြန်တွင်မူ ကလောဘက်သို့ ဟန်းနီးမွန်းထွက်ကြမည်၊ အကျဉ်းချုံ့သော ဧည့်ခံပွဲသည် ညနေလေးနာရီ၌ပင် ပြီးသွား၏။

ဧည့်ခံပွဲအပြီး၌ စစ္စတာက နှင်းငွေကို မေးသည်။

"ဒီညနေ ဒီကမောင် ဂေါက်သွားမရိုက်တော့ဘူးလား"

"ဟင့်အင်း ... ဖျားပြီးစဆိုတော့ အပင်ပန်းမခံနိုင်သေးဘူး၊ ပြီးတော့ ဒီနေ့ ဂေါက်ရိုက်ချင်စိတ် ကျွန်တော့်မှာ မရှိဘူး"

"ဒါပေမဲ့ ဒီကအစ်မက ဂေါက်ကွင်းဆီ သွားချင်တယ်ဆိုရင်ကော"

"ဘာလို့သွားချင်ရတာလဲ"

"ဒီကမောင်နဲ့ အေးအေးဆေးဆေး စကားပြောစရာရှိတယ်၊ သိပ်အရေးကြီးတာ အခုပြောစရာရှိလို့ မောင်ရေ"

"ကိုသိန်းတန်ကော လိုက်မလား"

"သူမလိုက်ပါဘူး၊ သူ့ကိုလဲ ရှင်းပြီးပြီ၊ သူသဘောတူပါတယ်၊ ပြီးတော့ ဒီကအစ်မပြောမဲ့ စကားကို ဒီကမောင်တစ်ယောက်တည်းပဲ နားထောင်စေချင်တယ်"

နှင်းငွေ စစ္စတာ၏မျက်လုံးများကို ကြည့်သည်။

မျက်ရည်မသိမသာ ဝဲနေသော်လည်း စစ္စတာ၏မျက်လုံးများသည် ခါတိုင်းကဲ့သို့ပင် သန့်စင် အပြစ်ကင်းနေ၏၊ မိခင်တစ်ဦး အစ်မတစ်ဦး၏ ကြီးမားသော ကရုဏာတရားကိုလည်း ပြနေ၏။

"ကောင်းပါပြီလေ၊ ကျွန်တော်တို့ သွားကြပါမယ်"

*

တောင်ကြီးဂေါက်ကွင်းမှ မြက်ခင်းဗလီကွက် (၅) သည် အလွန်လှပသော နေရာ၌ တည်ရှိသည်။

http://www.cherrythitsar.org



ဗလီကွက်၏တောင်ဘက်၌ အောက်ခြေတွင် စိမ့်ရည်ဝိုင်းသော တောအုပ်စုကလေးရှိ၏။

တောအုပ်စုကလေး၏ တောင်ဘက်ရှိ မြေသည် တစ်စတစ်စမြင့်သွားသော မြေဖြစ်၏၊ ထိုမြေတွင် တာတမံဆည်ထားသော ရေကန်ကြီးနှစ်ကန် ရှိ၏။

ယခုအချိန်၌ ရေကန်ကြီးနှစ်ခုလုံး ရေပြည့်နေ၏။

ကျစနေရောင်၌ ကန်ရေပြင်သည် ပြိုးပြိုးပြက်ပြက်လက်နေ၏၊ အရိပ်ကျသောကြောင့် မှောင်သယောင်ဖြစ်သော တောအုပ်နှင့် တောင်တန်း၊ မိုးပြာနှင့် တိမ်ဖြူတို့ကို ရောင်ပြန်ဟပ်ပြနေသည်။

ရေပြည့်နေသော ရေကန်ကြီးများမှ ဖောက်ချပေးသော ရေတို့သည် ရေတံခွန်လည်းမကျ၊ စမ်းချောင်းလည်းမက ထိုးစိုက်စီးဆင်းကာ ရှိနေကြ၏။

ရေသံတို့ တလွင်လွင် ထွက်နေ၏၊ မိုးနံ့သင်းသော ညနေ၏ လေနုနုသည်လည်း တသုန်သုန်သွေးနေသည်။

စိမ်းပြာနေသောရေရှိအပ်သည့် ရေကန်၏ အထက်ကုန်းမြင့်ပေါ်ရှိ တီးခုံဟုခေါ်သော မြေကမူဘေး ထိုင်ခုံတစ်ခုပေါ်တွင် စစ္စတာဒေါ်မိုးသူနှင့် ဒေါက်တာနှင်းငွေတို့ ထိုင်နေကြ၏။

နှင်းငွေသည် ဖြူစင်အေးချမ်းလှသော စစ္စတာ၏ မျက်နှာကို တစ်ချက်ငေးကြည့်ပြီး မေး၏။

"ကဲ … ကျွန်တော့်ကို ဒီကအစ်မ ဘာပြောချင်နေသလဲ ပြောလေ"

စစ္စတာသည် သန့်ရှင်းသောလေကို တဝရှူရှိုက်လိုက်၏၊ လေရှူရသည်ထက် အားဆေးတစ်ခွက် သောက်လိုက်ရသည့်အလား ခံစားရသည်။

"ဒီနေ့ဟာ ဒီကအစ်မအတွက် မင်္ဂလာနေ့ပဲ ဒီကမောင်ရေ့… တချို့လူတွေအတွက်တော့ မင်္ဂလာနေ့ဆိုတာဟာ လွယ်လွယ်ကူကူ ဆိုက်ရောက်လာတတ်ကြတယ်၊ တချို့လူတွေအတွက်တော့ မင်္ဂလာနေ့ဆိုတာဟာ ဆိုက်ရောက်လာဖို့ သစ္စာကို ရင်မှာ ပိုက်ပြီး နှစ်ရှည်လများစွာ စောင့်စားနေခဲ့ရတယ်၊ စကားအဖြစ်နဲ့ဆိုရင်တော့ သစ္စာကို ရင်မှာပိုက်ထားရတယ်ဆိုတာက အင်မတန်လွယ်တယ်၊ တကယ်တမ်းတော့ သစ္စာကို ရင်မှာပိုက်ထားရတာဟာ မသက်သာလှဘူး၊ ဒီကမောင်ရေ… ဒီကအစ်မပြောတာ မောင်နားလည်ရဲ့လား"

နှင်းငွေက ဝမ်းနည်းပန်းနည်း ပြုံးပြီး ဝန်ခံ၏။

"ကျွန်တော် နားလည်ပါတယ် ဒီကအစ်မ"

"မနက်ဖြန်ဆိုရင် ဒီကအစ်မမှာ ခွင့်ရက်ရှည်နဲ့ ခရီးထွက်တော့မယ်၊ ဒီကအစ်မတောင်ကြီးပြန်ရောက်တော့ တောင်ကြီးမှာ ဒီကမောင်ရှိတော့မှာ မဟုတ်ဘူး၊ ဟုတ်တယ် မဟုတ်လား မောင်"

"ဟုတ်ပါတယ် ဒီကအစ်မ၊ ကျွန်တော် ရန်ကုန်ကို ပြောင်းရတော့မယ်"

"ဒါကြောင့်လဲ ဒီညနေမှာ ဒီကမောင်ကို စကားပြောခွင့်ရဖို့ ဒီကအစ်မ ခွင့်

http://www.cherrythitsar.org



တောင်းခဲ့တာပဲ၊ ဒီကအစ်မ ပြောပြရမှာကလဲ သစ္စာကို ရင်မှာပိုက်ထားတဲ့ သနားစရာ ကလေးမလေးတစ်ဦးရဲ့ အကြောင်းပဲ မောင်”

“ခင်ဗျာ ... သစ္စာကို ရင်မှာပိုက်ထားရတဲ့ ကလေးမလေးတစ်ဦးရဲ့အကြောင်း”

“စိတ်ရှည်ရှည်နားထောင် ဒီကမောင်၊ ဒီကအစ်မဟာ ဘဝကို စကတည်းက လောကကို မျက်နှာငယ်ငယ်နဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဒီက အစ်မမှာ အင်္ဂလိပ်သွေးပါတယ်၊ ဒုတိယကမ္ဘာစစ်ကြီးဖြစ်တော့ အဖေက အင်္ဂလန်ပြန်ပြေး တယ်၊ ဒီကအစ်မနဲ့ အမေကတော့ မြန်မာပြည်မှာပဲ ကျန်ရစ်ရတယ်၊ ဂျပန်တစ်ခေတ်လုံး မျက်နှာသိပ်ငယ်ခဲ့ရပါတယ်မောင်ရေ၊ စစ်ပြီးတော့လဲ အဖေဟာ ပြန်မရောက်ခဲ့ဘူး၊ လွတ်လပ်ရေးခေတ်ကျတော့ကပြားဆိုပြီး ဒီကအစ်မ မျက်နှာငယ်ပြန် ရသေးတယ်၊ ဘုံဘေဘားမား မန်နေဂျာတစ်ဦးက ဆင်ဦးစီးသမီးတစ်ဦးကို ဘယ်လိုယူခဲ့တယ်ဆိုတာတော့ ဘယ်သူကမှ စဉ်းစားမပေးကြဘူး၊ ကပြားဘဝကို ဂုဏ်ယူနေကြတဲ့ ကပြားတွေ တော်တော်များများရှိပါတယ်၊ ဒီကအစ်မကတော့ ဂုဏ်မယူနိုင်ဘူးကွယ်၊ ဘယ်လိုလုပ်ပြီး ဂုဏ်ယူနိုင်ရမှာလဲ၊ ကိုယ့်ဘဝကို ရွံရှာမိတယ်၊ အမှန်က ဒီကအစ်မဟာ နယ်ချဲ့အရင်းရှင်စနစ်က ချန်ထားခဲ့တဲ့ အသက်ရှိနေတဲ့ အမွေဆိုးတစ်ခုပါ”

နှင်းငွေသည် စစ္စတာကို လှည့်ကြည့်၏၊ စစ္စတာ၏ ပါးပြင်ထက် စီးကျနေသော မျက်ရည်များကို မြင်ရ၏။

စစ္စတာကသာ ဆက်ပြော၏။

“ဘယ်သူဘာထင်ထင် ကောင်းတဲ့အလုပ်ကိုလုပ်ရင် ကောင်းသူပဲဖြစ်လာရမှာကို ယုံပြီး သူနာပြုသင်တန်းကို ဒီကအစ်မတက်ခဲ့တယ်၊ သူနာပြုသင်တန်းတက်နေဆဲ ကိုသိန်းတန်နဲ့ ဒီကအစ်မ တွေ့ခဲ့ကြတယ်၊ ပြီးတော့ ... ချစ်ခဲ့ကြရတာပေါ့ကွယ်၊ ဒါပေမဲ့ သူက ကွန်မြူနစ်တစ်ယောက်၊ ဒီကအစ်မကို ချစ်ရမလားဆိုပြီးတော့ သူ့ရဲ့ဘော်တွေက သူ့ကို ဝိုင်းဝေဖန်ကြတယ်လေ၊ ဒီကအစ်မ သူနာပြုသင်တန်းအောင်တဲ့နှစ်မှာ ကိုသိန်းတန်ခေါ်လို့ အလုပ်ထွက်ပြီး တောင်ငူကို လိုက်သွားရတယ်၊ အဲဒီအချိန်မှာ သူက တောခိုတော့မဲ့ဆဲဆဲ ဒီကအစ်မကို တောထဲလိုက်ဖို့ သူကခေါ်တယ်၊ ဒီကအစ်မကလဲ ငြင်းတယ်၊ ချစ်တာကတခြား၊ ယုံကြည်တာကတခြားပဲ၊ တောင်ငူ မှာ ဒီကအစ်မတို့ လမ်းခွဲကြရတယ်၊ သူဘယ်ရောက်သွားမှန်းမသိတော့ဘူး၊ နောက်တော့ သူတောထဲရောက်သွားတယ်ဆိုတာ သိရတယ်၊ အလုပ်တစ်ခုကို ဒီကအစ်မရတယ်၊ ဒီကအစ်မရတဲ့ အလုပ်က စိတ်ရောဂါသည် ကလေးမတစ်ဦးကို ပြုစုစောင့်ရှောက်ဖို့ အလုပ်ပါပဲ ဒီကမောင်”

စစ္စတာသည် နှင်းငွေကို အကဲခတ်ကြည့်၏၊ နှင်းငွေသည် သိသိသာသာ တုန်လှုပ်ချောက်ချားနေကြောင်းကို စစ္စတာ သတိပြုမိ၏။

“စိတ်ရောဂါသည်မလေးတစ်ဦးကို ပြုစုစောင့်ရှောက်ဖို့ အဲ ... အဲ ... ဆက်ပါဦး ဒီကအစ်မ”

“သူကလေးက စိတ်ရောဂါကုဆေးရုံကြီးကဆင်းလာစ၊ ပျောက်ကင်းပြီဆိုပြီး

http://www.cherrythitsar.org



ဆေးရုံကြီးက လွှတ်လိုက်ပေမယ့် အိမ်ကျရင် သင့်တင့်လျောက်ပတ်တဲ့ ပြုစုမှုကလို သေးတာပဲ၊ ဒီလို ပြုစုပေးဖို့ စာချုပ်ပြီး ကလေးမကလေးရဲ့ အဖေက ဒီကအစ်မကို မုံရွာခေါ်သွားတယ်၊ မုံရွာမြို့ မလှမ်းမကမ်းမှာရှိတဲ့ ခြံကြီးတစ်ခြံရဲ့ အိမ်ကြီးထဲမှာ ကလေးမကလေးကို ဒီကအစ်မ ပြုစုနေခဲ့ရတယ်၊ ဒါပေမဲ့ ဒီကအစ်မ ရိပ်မိတာက သူတို့ဟာ မုံရွာဇာတိမဟုတ်ဘူး၊ ပြီးတော့ သူတို့ဟာ ဖြစ်ခဲ့သမျှကို ဇာတ်မြှုပ်ဖျောက်ထားကြတယ်၊ အဲဒါကိုတော့ ဒီကအစ်မ ကောင်းကောင်းရိပ်မိခဲ့ရတာပေါ့"

ငြိမ်၍နားထောင်နေရာမှ နှင်းငွေသည် စိတ်ဝင်စားစွာဖြင့် မေး၏။

"အဲဒီကလေးမရဲ့ နာမည်က ဘယ်သူလဲဟင် ဒီကအစ်မ"

"ကလေးမရဲ့နာမည်က မမြတ်သောင်းတဲ့"

နှင်းငွေသည် စိတ်ပျက်စွာ သက်ပြင်းချပြီးဆို၏။

"ဩော် ... မမြတ်သောင်းတဲ့လား"

"ဟုတ်တယ် မမြတ်သောင်းတဲ့၊ ဒါပေမဲ့ အဲဒီ မမြတ်သောင်းရဲ့ ရုပ်ဟာ ဒီကအစ်မနဲ့ တော်တော်တူတယ် ဒီကမောင်"

"ခင်ဗျာ ... မမြတ်သောင်းက ဒီကအစ်မနဲ့ တော်တော်တူတယ်"

"ဟုတ်တယ်၊ တော်တော်တူတယ်၊ ရွာမွန်သာက ဒေါ်ငြိမ်းသာရဲ့ စကားအတိုင်း ပြောရရင် ဒီကအစ်မနဲ့ မမြတ်သောင်းဟာ ညီအစ်မအရင်းဆိုရင် ယုံလောက်နေတယ်"

နှင်းငွေသည် ထိတ်လန့်တကြား စစ္စတာကို မော့ကြည့်၏။

"ဒီကအစ်မ ဘာတွေပြောနေတာလဲ"

"မမြတ်သောင်းဟာ နုနုငယ်လို့ ဒီက အစ်မ ပြောနေတယ်ကွယ်"

"ခင်ဗျာ ..."

"အစကတော့ နုနုငယ်ဆိုတာဟာ ရွာမွန်သာက ဂူငယ်လေးထဲမှာ သေဆုံးနေပြီဖြစ်တဲ့ မိန်းကလေးတစ်ယောက်အဖြစ်ပဲ ဒီကအစ်မက ထင်ခဲ့တယ်၊ ဒေါ်ငြိမ်းသာနဲ့ တွေ့ပြီးတဲ့အခါကျတော့မှ စိတ်ထဲမှာ ဇဝေဇဝါဖြစ်လာရတယ်၊ ဟိုတစ်နေ့က ဒီကမောင် အဖျားတက်နေတုန်း ဒီကမောင်ရဲ့အိမ်ကို ဒီကအစ်မ ရောက်ခဲ့တယ်၊ ဒီကအစ်မချစ်သူကို ဒီကမောင်က အသက်လုကယ်ပေးခဲ့တာကို ကျေးဇူးတင်စကားလဲပြောရင်း စိတ်ထဲမှာ ဇဝေဇဝါဖြစ်နေတာကိုလဲ ရှင်းချင်ရင်း အဲဒါကြောင့် လာခဲ့တာပဲ၊ စိတ်မဆိုးနဲ့နော် ဒီကမောင်၊ ဒီကမောင် အဖျားတက်နေတုန်း ဟိုစာနှစ်စောင်ကို ဒီကအစ်မဖတ်ကြည့်မိတယ်၊ နုနုငယ်ရဲ့ လက်ရေးဟာ မမြတ်သောင်းရဲ့ လက်ရေးဖြစ်နေတာကို ဒီကအစ်မ သိခဲ့တယ်၊ ဘာကြောင့်လဲဆိုတော့ ဒီကမောင် နားလည်မှာပေါ့၊ စိတ်ရောဂါကုဆေးရုံကြီးက ဆင်းစစိတ်ဝေဒနာသည်ကို ပြုစုရတယ်ဆိုတာက အဲဒီသူ့ခများကို စိတ်ချမ်းသာအောင် အလိုလိုက်ရတာပဲ၊ ဒီကအစ်မနဲ့ မမြတ်သောင်းဟာ ပန်းချီဆွဲထွက်ကြတယ်၊ ဒီကအစ်မ ပန်းချီဆွဲတာကို မမြတ်သောင်းလေးက သိပ်သဘောကျရှာတယ်၊ ပြီးတော့ ပန်းချီကားရဲ့အောက်မှာ ပန်းချီကားနာမည်ကို သူ့လက်ရေးလှလှကလေးတွေနဲ့ သူကိုယ်တိုင်ရေးပေးရမှ စိတ်ကျေနပ်ရှာတယ်၊ မမြတ်သောင်း

http://www.cherrythitsar.org



ရဲ့ လက်ရေးကို ဒီကအစ်မ ကောင်းကောင်းမှတ်မိတယ်၊ ဟိုတစ်နေ့က တွေ့ခဲ့ရတဲ့ နုနုငယ်ရဲ့စာက လက်ရေးဟာ မမြတ်သောင်းလေးရဲ့ လက်ရေးပဲ ဒီကမောင်”

“ဒီကအစ်မ တကယ်ပြောနေတာလား”

“သြော် ... ဒီကမောင်ရယ်၊ မောင့်ကို ဒီကအစ်မ ဘာလို့ လိမ်ရမှာလဲ၊ ဒီစကားကို ပြောထိုက် မပြောထိုက်လဲပဲ ဒီကအစ်မ အများကြီး စဉ်းစားခဲ့ပါတယ်၊ မမြသောင်းရဲ့ ဝေဒနာကို ပြုစုခဲ့ရတဲ့ သူနာပြုတစ်ဦးအနေနဲ့ ဝေဒနာရှင်ရဲ့ လျှို့ဝှက်ချက်ကို ဖုံးဖိထားရမှာက ဒီကအစ်မရဲ့ ဝတ္တရား၊ အဲ ... သစ္စာဆိုပါတော့၊ ဒါပေမဲ့ သစ္စာရဲ့ နယ်နိမိတ်ကို ဘယ်လိုတိုင်းတာရမယ်ဆိုတာ ဒီကအစ်မ သိပါတယ်၊ ကိုယ်က သစ္စာကို ရင်မှာပိုက်ပြီး သူ့ကို စောင့်မျှော်နေခဲ့ရတာ၊ မမြတ်သောင်း သို့မဟုတ် နုနုငယ်ကတော့ သစ္စာကို ရင်မှာပိုက်ပြီး မောင့်ဆီက ရှောင်ခွာပြေးနေတယ်၊ သူ့ဆီကို သွားပါမောင်၊ မမြတ်သောင်းလို့ ခေါ်တဲ့ နုနုငယ်ဆီ မောင်အမြန်ဆုံးသွားပါ”

နှင်းငွေသည် ပါးစပ်အဟောင်းသားနှင့် စစ္စတာကို ငေးကြည့်နေ၏၊ ထို့နောက် စစ္စတာ၏လက်များကို လှမ်းဆုပ်ကိုင်ယူလိုက်၏။

“ဒီကအစ်မ ကျွန်တော် သိပ်ဝမ်းသာနေပြီ၊ ကျွန်တော် ဘယ်လောက်ဝမ်းသာတယ်ဆိုတာကို ဒီကအစ်မ သိပါ့မလား”

“သိပါတယ်ဒီကမောင်၊ အထူးသဖြင့် ဒီနေ့မှာ ဒီကအစ်မ ပိုပြီးတော့သိတယ်၊ မောင် ဘယ်ကိုသွားရမယ်ဆိုတာ ညကျမှ ဒီကအစ်မ အသေးစိတ်ပြောပြမယ်၊ အခုတော့ ပြန်ကြစို့ ဒီကမောင် နေဝင်လုပြီ”

“ဟုတ်တယ် နေဝင်လုပြီ၊ နေဝင်ပြီး မိုးချုပ်သွားမယ်၊ ဒါပေမဲ့ မိုးချုပ်ပြီး ရင် မနက်လင်းလာလိမ့်မယ်၊ ကျွန်တော့်အတွက် မနက်တစ်ခါလင်းဦးတော့မယ် အစ်မရေ ... ၊ ကဲ ... ပြန်ကြစို့

* * *

# အခန်း (၂၄)

ကိုထွေးရင်မောင်းသော နှင်းငွေ၏ ဖီးယက်ကားကလေးသည် မုံရွာမြို့ဆီ သို့ ဦးတည်၍လာနေသည်။

သမ္ဗုဒ္ဓေစေတီကြီးအလွန်ရှိ လမ်းခွဲတစ်ခုရောက်သောအခါ အနောက်ဘက်သို့ ဆက်မောင်းပြန်သည်။ လမ်းခွဲသည် ကားလမ်းမဟုတ်၊ လှည်းလမ်းကြောင်းတစ်ခု သာဖြစ်၏။

ကား၏ ဘေးတစ်ဝိုက်နှင့် အနောက်ဘက်တွင် ဖုန်ခိုးတို့ တထောင်းထောင်း တလူလူလွင့်ကျန်ရစ်၏။

"ဒီလမ်းအတိုင်း မှန်ပါတယ်နော် ဆရာ"

"စစ္စတာဒေါ်မိုးသူက သေသေချာချာပြောပြလိုက်တာပဲ၊ မှန်ပါတယ် ကိုထွေး ရင်၊ ဆက်သာမောင်း"

"ကားတော့ တော်တော်နာမှာပဲ ဆရာရေ"

"ဒီလောက် အစိုးရိမ်မကြီးပါနဲ့ ကိုထွေးရင်၊ ဖီးယက်ကားဆိုတာက ခင်ဗျား ထင်တာခက် ပိုခိုင်ပါတယ်"

ကိုထွေးရင်သည် ကားကို ဆက်မောင်းလာ၏။

၁၅ မိနစ်ခန့် ဆက်မောင်းလာပြီးသောအခါ ခြံကြီးတစ်ခု၏ရှေ့သို့ ရောက် လာ၏။

ခြံကြီး၏စည်းရိုးမှာ မန်ကျည်းပင်ပုအတန်းဖြစ်၏။

ခြံဝကို ဝါးလုံးသုံးလုံးထိုး၍ ကာထား၏။

ကားဆိုက်ရပ်လိုက်ပြီး ကိုထွေးရင်က မေးသည်။

"ကျွန်တော် ဆင်းစုံစမ်းပေးရမလားဆရာ"

"ဟင့်အင်း ... ကျွန်တော်ကိုယ်တိုင်သွားမယ်"

နှင်းငွေသည် ကားပေါ်မှ ဆင်းလိုက်ပြီး ခြံအတွင်းသို့ ဝင်ခဲ့၏။

နှင်းငွေကို စတင်၍ နှုတ်ဆက်သူမှာ ခွေးမတစ်ကောင်ဖြစ်၏။

http://www.cherrythitsar.org



ခွေးမသည် သွားဖြဲပြပြီး တဝုတ်ဝုတ်ဟောင်နေ၏။

အသက် (၁၄) နှစ်ခန့် မိန်းကလေးတစ်ဦး ပေါ်လာ၏။

မိန်းကလေးသည် နှင်းငွေကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ပြီး မေး၏။

"တော်က ဘယ်သူ့တွေ့ချင်လို့လဲ"

"သြော် ... ညီမရေ၊ မော်တော်ကားရေဆူသွားတာနဲ့ ရေရမလားလို့ ဝင်လာတာ၊ ညီမတို့ခြံထဲ ရေတွင်းရှိသလား"

ကလေးမသည် ပြုံးပြီးဖြေ၏။

"ရေတွင်းရှိတယ်တော့၊ ဒါထက်တော့မှာ သယ်စရာပုံး ပါသလား"

"ပါ ... ပါတယ်ကွယ်"

"ဒါဖြင့် သွားယူ"

နှင်းငွေသည် ကားဆီသို့ ပြန်လာခဲ့သည်။

ကားပေါ်မှ ကိုထွေးရင်က လှမ်းမေး၏။

"တွေ့ခဲ့ပလားဆရာ"

"မေးမနေနဲ့ ကိုထွေးရင်၊ ကျွန်တော့်ကို ရေပုံးပေးစမ်းပါ"

"ခင်ဗျာ..."

"ကျွန်တော် ရေပုံးတောင်းနေတယ်"

"ဟုတ် ... ဟုတ်ကဲ့ဆရာ"

ကိုထွေးရင်သည် ကားနောက်ခန်းမှ ပလတ်စတစ်ပုံးတစ်လုံးကို ယူပေး၏။

ကားတွင် ဤပုံးကို အမြဲယူခဲ့ရ၏၊ မတော်တဆ အင်ဂျင်ပူ၍ ရေဆူလျှင် အသုံးပြုရန်တည်း။

ယခု အင်ဂျင်လည်းမပူ ရေလည်းမဆူ။

ကိုထွေးရင်သည် ခေါင်းခါပြီး ကားပေါ်၌ ဆက်ထိုင်နေ၏။

နှင်းငွေက ရေပုံးကို ဆွဲပြီး ခြံတွင်းဝင်သွား၏။

ကလေးမကလေးသည် ဝါးပိုးဝါးမောင်းတံကို နှိမ့်ချပြီး ရေတွင်းမှ ရေခပ်ယူပေး၏

နှင်းငွေက အလွန်သတိထားပြီး စကားပြော၏။

"ဒါ မမြတ်သောင်းတို့ခြံ မဟုတ်လား"

"ဟုတ်တယ်တော့၊ တော်က ဘယ်လိုလုပ်သိသလဲ"

"တစ်ခါတုန်းကလဲ ဒီလိုပဲ၊ ကားရေဆူလို့ ဒီခြံကို ရောက်တယ်။ ဒါထက် မမြတ်သောင်းတို့ နေကောင်းရဲ့လား"

"အစ်မမြတ်သောင်းတို့ အခု ဒီမှာ မနေတော့ဘူးတော့"

"ဟင် ...မမြတ်သောင်းတို့ ဒီမှာမရှိတော့ဘူး၊ သူတို့ဘယ်ရောက်သွားကြသလဲ"

"ရွှေနတ်တောင်ကို သွားကြသတော့"

"သြော် ... သြော် ... ၊ ရွှေတောင်နားက ရွှေနတ်တောင်ကိုလား"

http://www.cherrythitsar.org



"ဟုတ်သတော့်၊ အစ်မမမြတ်သောင်းအဖေက အခု ဘုန်းကြီးဝတ်သွားပြီ"
"သြော် ... သြော် ... ဒါထက် မမြတ်သောင်းတစ်ယောက်တော့ နေကောင်းတယ်နော်"
"နေကောင်းတယ်တော့်၊ အရင်တုန်းကလို မရှူးတော့ဘူး"
"ဟေ ... မမြတ်သောင်းဟာ ရှူးဖူးလို့လား"
"ရှူးဖူးတာပေါ့တော်၊ သူတင်ရှူးဖူးတာမဟုတ်ဘူး၊ သူ့အမေလဲ ရှူးတာပဲတဲ့၊ ကျုပ်အဖေနဲ့ အမေက အစကတည်းက သူတို့နဲ့ နေခဲ့တာ"
"သြော် ... ကိုယ့်ညီမက ဘယ်သူ့သမီးလဲ"
"ကျုပ်အဖေက ဦးကံရာဇာ"
"ဦးကံရာဇာရဲ့သမီး၊ ဒါဖြင့် ဒေါ်ဥမ္မာရဲ့ သမီးပေါ့"
"ကျုပ်အမေနာမည်ကို တော်က ဘယ်လိုလုပ်ပြီး သိသလဲ"
"ပြောခဲ့ပါရောလား၊ တစ်ခါတုန်းကလဲ မော်တော်ကားအင်ဂျင်ဆူလို့ ဒီခြံထဲ အခုလိုပဲ ရေလာတောင်းဖူးတယ်၊ ဦးကံရာဇာနဲ့ ဒေါ်ဥမ္မာတို့က အကူအညီပေးဖူးတယ်၊ ပြီးတော့ မမြတ်သောင်းနဲ့လဲ တွေ့ဖူးတာပေါ့ကွယ်"
နှင်းငွေသည် အိတ်အတွင်းမှ ငွေနှိုက်ယူ၏၊ သူ့လက်တွင်း၌ နှစ်ဆယ်တန်တစ်ရွက်ပါလာ၏၊ နှင်းငွေက နှစ်ဆယ်တန်ကို ကလေးမအား လှမ်းပေး၏။
ကလေးမက ခေါင်းခါပြ၏။
"တော့်ကို ကျုပ်က ရေတစ်ပုံးတည်းပေးတာ၊ တော်က ဘာဖြစ်လို့ ငွေနှစ်ဆယ်တောင်ပေးရတာလဲ"
"ညီမရေ မင်းတို့ကမသိဘူး၊ ရေဆူလို့ ရေမရရင် အင်ဂျင်ကွဲသွားနိုင်တယ်၊ အင်ဂျင်ကွဲရင် တစ်ထောင်ဆိုလဲ ဟုတ်တယ်၊ တစ်သောင်းဆိုလဲ ဟုတ်တယ်"
"သြော် ... ဟုတ်လား၊ ဒီလိုဆိုရင်တော့ တော့်ငွေနှစ်ဆယ်ကို ကျုပ်ယူတယ်တော့်"
ကလေးမသည် နှစ်ဆယ်တန်စက္ကူကို လှမ်းယူ၏။
"တော်ဟာ တော်တော်ရက်ရောတဲ့လူပဲ၊ တော့်ကို ကျုပ် ဘာကူညီရဦးမလဲ"
"မလိုပါဘူး ညီမရယ်၊ အဲ ... တစ်ခုတော့ မေးချင်တယ်"
"မေးလေတော်"
"မမြတ်သောင်းတို့ ဒီမှာ တကယ်မရှိတော့ဘူးပေါ့နော်"
"တော်က ကျုပ်ကို မယုံလို့ မေးနေတာလား၊ မယုံရင် ဟိုအိမ်ထဲလာကြည့်၊ ပြီးတော့ အဖေနဲ့ အမေ ပြန်လာတဲ့အထိ စောင့်ပြီး မေးပေါ့"
"ကွယ် ... ယုံပါတယ်၊ ဒါထက် မမြတ်သောင်းတို့အဖေက ရွှေနတ်တောင်ကို ဘာသွားလုပ်ရတာလဲ"
"ဘုန်းကြီးဝတ်သွားတယ်လို့ တော့်ကို ကျုပ်ပြောပြီးပြီ မဟုတ်လား"
"ဟုတ်ပါရဲ့ ညီမရယ်၊ ဘုန်းကြီးဝတ်သွားတယ်ဆိုတော့ သူ့ဘွဲ့က ဘာတဲ့လဲ"

http://www.cherrythitsar.org



"ဦးပဏ္ဍာဝတဲ့၊ ရွှေနတ်တောင်က ခေမာသီရိချောင်မှာ"

"အဲဒီချောင်ကို မင်းရောက်ဖူးသလား"

"ရောက်ဖူးသတော့၊ သူတို့ကို ကျုပ်တို့ လိုက်ပို့ရတာပဲ"

နှင်းငွေသည် ခေါင်းညိတ်ပြီး ရေပုံးကို ဆွဲ၏။

"ကျေးဇူးတင်ပါတယ် ညီမရေ၊ ကဲ ... အစ်ကို သွားလိုက်ဦးမယ်"

နှင်းငွေသည် ခြံအတွင်းမှ ထွက်လာခဲ့၏။

ကားအနီးသို့ ရောက်သောအခါ နှင်းငွေက ရေပုံးတွင်းမှ ရေကို လမ်းဘေး၌ သွန်ပစ်လိုက်၏။

နှင်းငွေက ကားပေါ်သို့ တက်ထိုင်သည်။

ကိုထွေးရင်ကမေး၏။

"ဆရာ ဘာလုပ်တာလဲ"

"ကားကို ပြန်ကွေ့၊ မန္တလေးဘက်ပြန်မောင်း"

"မုံရွာဘက်မသွားတော့ဘူးလားဆရာ"

"ကျုပ်ခိုင်းတာလုပ် ကိုထွေးရင် မန္တလေးဘက် ပြန်မောင်း"

"ဟုတ်ကဲ့ ဆရာ"

* * *

# အခန်း (၂၅)

ရွှေတောင်မြို့အထွက်သည် လမ်းခွဲလမ်းဆုံဖြစ်၏။

အရှေ့ဘက်လမ်းက ပေါင်းတည်ဘက်ဆီသွား၏၊ အနောက်ဘက်လမ်းက ရွှေနတ်တောင်နှင့် ညောင်စာရေးဖက်သို့ သွား၏။

ဖီးယက်ကားပေါ်၌ နှင်းငွေကမေး၏။

"ကိုထွေးရင် ဒီလမ်းတွေမောင်းဖူးသလား"

"မောင်းဖူးပါတယ်ဆရာ၊ အဲ ... ဒီလမ်းဘက်မရောက်တာတော့ ၁၀ နှစ်လောက်ရှိပြီ၊ ဒါပေမဲ့ ကျွန်တော် လမ်းမှတ်မိပါတယ်"

ဖီးယက်ကားကလေးသည် အရှိန်မြန်မြန်ဖြင့် ဆက်ပြေးလာ၏။

ကုန်းမော့ကလေးများကိုလည်း တွေ့ရ၏၊ ကုန်းကွေ့ကလေးများကိုလည်း ကြုံရ၏။

ရွာလေးတစ်ရွာသို့ ရောက်၏၊ ဘုရားတစ်ဆူကိုလည်း ဖူးမြင်ရ၏။

"ဘာရွာတဲ့လဲ ကိုထွေးရင်"

"ပျော့ခေါ်ရွာတဲ့ ဆရာ၊ ဘုရားကလဲ ပျော့ခေါ်ဘုရားတဲ့"

"ဘာလို့ ပျော့ခေါ်ရွာလို့ ခေါ်ရတာလဲ"

"ဇာတ်လမ်းက ရှည်တယ်ဆရာ၊ သရေခေတ္တရာခေတ်က ဒွတ္တပေါင်မင်းကြီးနဲ့ ဗိဿနိုးမိဖုရားဆီအထိ ပြန်ပြောရမှာပဲ"

"ပြောလဗျာ ကိုထွေးရင်"

"ကြားဖူးသမျှ ပြောရတာဆရာ၊ ဒွတ္တပေါင်မင်းကြီးကို ဗိဿနိုးမိဖုရားက စိတ်ကောက်ပြီး ဒီဘက်ထွက်လာတယ်၊ အဲဒါ ဒွတ္တပေါင်မင်းကြီးက ချော့တော့ မိဖုရားပျော့သွားတယ်၊ အဲဒီရွာကို ပျော့ခေါ်လို့ ခေါ်တယ်၊ ပျော့ရုံတွင် မကဘူး၊ လင်နောက် ကောက်ကောက်ပါသွားတဲ့ တစ်နေရာကိုတော့ မယားပါရွာလို့ ခေါ်တယ်"

"ကိုထွေးရင်ရေ"

"ခင်ဗျာ"

http://www.cherrythitsar.org



"သိပ်နိမိတ်ကောင်းတယ်ဗျ"

"ခင်ဗျာ"

"သိပ်နိမိတ်ကောင်းတယ်၊ ဆက်မောင်း ကိုထွေးရင် ဆက်မောင်း"

ကိုထွေးရင်သည် သူ့ဆရာကို လှည့်ကြည့်၏။

သူ့ဆရာကို အေးချမ်းတည်ငြိမ်၍ ဣန္ဒြေကြီးသူတစ်ယောက်အဖြစ် ယခင်အခါများက ကိုထွေးရင် တွေ့ရမြဲ ဖြစ်၏။ ယခုမူ သူ့ဆရာသည် တုန်လှုပ်နေ၏၊ မျှော်လင့်မှုတစ်ဝက်၊ စိုးရိမ်မှုတစ်ဝက်နှင့် မျက်နှာထားသည်လည်း မတည်ငြိမ်ရှာ။

"ကိုထွေးရင် နှေးတယ်ဗျာ၊ နည်းနည်းပိုမြန်မြန်မောင်းစမ်းပါ"

ကားသည် တစ်နာရီ ၃၅ မိုင်နှုန်းဖြင့် မှန်မှန်ပြေးနေခြင်းဖြစ်သည်၊ အလွန်ကောင်းလှသော မင်္ဂလာဒုံနှင့် ရန်ကုန်ကြား လမ်းမကြီးပေါ်တွင်ပင် ဤနှုန်းထက်မြန်၍ ကိုထွေးရင် ဘယ်သောအခါကမျှ မမောင်းဖူး၊ သူ့ဆရာကလည်း ကိုထွေးရင်မောင်းသောနှုန်းကို ဘယ်သောအခါကမျှ မပြင်ခိုင်းဖူး၊ ယခုမူ သူ့ဆရာက ကားအရှိန်ကို မြှင့်ခိုင်းလေပြီ။

သူ့ဆရာစိတ်လှုပ်ရှားနေသည်ကို ကိုထွေးရင်သိသည်။ စိတ်လှုပ်ရှားလည်း လှုပ်ရှားထိုက်ပေသည်၊ သို့ရာတွင် မိမိကတော့ တည်ငြိမ်ရပေမည်။

ကိုထွေးရင်သည် သူ့ဆရာ ကျေနပ်ရုံ လီဗာကို အနည်းငယ် ပိုနင်းလိုက်သည်၊ ကား၏ ပြေးနှုန်းသည် တစ်နာရီ ၄၅ မိုင်ဆီသို့ တက်သွား၏။

စိတ်ပင်ပန်းမှုကို ဖြေလိုက်ဟန်နှင့် သူ့ဆရာသည် သက်ပြင်းရှိုက်လိုက်သည်၊ ထိုင်ခုံနောက်မှီထက် ခေါင်းကို လှမ်းတင်လိုက်၏၊ မျက်စိကိုလည်း မှိတ်ထားလိုက်၏။

ကိုထွေးရင်သည် မသိမသာ တိတ်တိတ်ခိုး၍ ကားအရှိန်နှုန်းကို တစ်နာရီ ၃၅ မိုင်ဆီသို့ ပြန်ချလေ၏။

*

မနီးမဝေးရှိ တောင်ကုန်းမြင့်ပေါ်တွင် ရွှေနတ်တောင်စေတီတော်သည် သစ်လွင်နီရဲသော တန်ဆောင်းများ ခြံရံလျက် သပ္ပာယ်ဖွယ်ရာ ရွှေရောင်တဝင်းဝင်းဖြင့် တပ်တည်စံနေတော်မူ၏။

အင်ပင်၊ ဗန့်ဗွေးပင်၊ ပိန္နဲပင်ကြီးများတို့ကြောင့် အရိပ်အာဝါသကောင်းလှသော သာသနာရိပ်သာတစ်ခုအတွင်းသို့ ဖိနပ်ချွတ်ပြီး နှင်းငွေသည် ဝင်လာခဲ့၏။

ဟိုဟိုသည်သည် လှမ်းမျှော်ကြည့်သော နှင်းငွေသည် စံပယ်ပင်တန်းများကို ရေဖျန်းနေသော ကိုရင်လေးတစ်ပါးကို သွားမြင်၏။

နှင်းငွေသည် ကိုရင်လေးထံ ချဉ်းကပ်သွား၏။

ကိုရင်လေးကို နှင်းငွေကမေးသည်။

"ဒါဟာ ခေမာသီရိချောင်မဟုတ်လား"

နှင်းငွေကို တစ်ချက် အကဲခတ်ကြည့်ပြီး ကိုရင်လေးကလည်း ငြိမ်စွာဖြေ၏။

http://www.cherrythitsar.org



"ဟုတ်ပါတယ်"

"ဒါဖြင့်ရင် ဦးပဏ္ဍဝဆိုတာ ဒီမှာ သီတင်းသုံးပါသလား"

"ဦးပဏ္ဍဝတွေအများကြီး၊ ဘယ်ဦးပဏ္ဍဝလဲ"

နှင်းငွေ မည်သို့ဖြေရမှန်းမသိ၊ အတန်ကြာ စဉ်းစားပြီးမှ ဆို၏။

"ဒီမှာလာတရားအားထုတ်နေတဲ့ မုံရွာဘက်က ဦးပဏ္ဍဝပါ၊ သူ့မှာ သမီးလေး တစ်ယောက်လဲပါလာတယ်လေ"

ကိုရင်လေးသည် မျက်မှောင်ကြုတ်ပြီး နှင်းငွေကို ကြည့်လျက်ဖြေ၏။

"အဲဒီဦးပဏ္ဍဝက လူတွေသူတွေနဲ့ အတွေ့မခံဘူး ဒကာကြီး"

စိတ်ပျက်သွားရာမှ နှင်းငွေသည် အကြံထုတ်၏၊ ထို့နောက် ပြုံးပြီးဆို၏။

"အဲဒါကို တပည့်တော် သိပါတယ်၊ ဒါပေမဲ့ ကိုရင် တပည့်တော်ဟာ ဆရာဝန်ကြီးတစ်ဦးပါ၊ ဆရာဝန်တစ်ဦးကိုတော့ ဆရာတော်ဟာ လက်ခံတွေ့ဆုံပါ လိမ့်မယ်"

"ဩော် ... ဆရာဝန်ကိုး၊ ဒီလိုဆို ခဏစောင့်ဦး၊ ဆရာတော်ကို သွားလျှောက် လိုက်ဦးမယ်"

ကိုရင်လေးသည် မလှမ်းမကမ်းရှိ တစ်ထပ်ကျွန်းကျောင်းဆီသို့ ထွက်ခွာ သွား၏။

ကျောင်းတွင်းသို့ ကိုရင်လေး ဝင်သွားသည်အထိ နှင်းငွေသည် ဣန္ဒြေမပျက် ငြိမ်၍ရပ်ကြည့်နေ၏။

ကိုရင်လေးကျောင်းတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလျှင် သွားချင်း နှင်းငွေသည် ခြေလှမ်းကျဲများဖြင့် ကျောင်းဆီသို့ သွက်သွက်လျှောက်လာခဲ့၏။

ကျောင်းတွင်းသို့ နှင်းငွေ ဝင်လိုက်သည်။

ကျောင်းတွင်း ဖျာတစ်ချပ်ပေါ်၌ တင်ပျဉ်ခွေထိုင်ကာ မျက်စိမှိတ်ရင်း ပုတီး စိပ်နေသော ရဟန်းတော်တစ်ပါးကို ဖူးတွေ့ရ၏။

ခြေသံကြောင့် ကိုရင်လေးသည် နှင်းငွေကို လှည့်ကြည့်၏၊ ထို့နောက် ဒေါသသံနှင့် ခပ်ကျယ်ကျယ်လေး ပြော၏။

"ဒကာကြီးကို ကျုပ် အပြင်မှာ စောင့်ခိုင်းထားတယ် မဟုတ်လား၊ အခု ဘာဖြစ်လို့ လိုက်လာရတာလဲ"

ကိုရင်၏ အသံကြောင့် ရဟန်းတော်သည် မျက်စိဖွင့်ကြည့်၏။

နှင်းငွေသည် ကိုရင်လေးကို ပြိုင်၍မပြောတော့ဘဲ ကြမ်းပြင်တွင် ပုဆစ်တုပ် ထိုင်ချလိုက်၏၊ ထို့နောက် ရဟန်းတော်ကို ရိုသေစွာ ဦးသုံးကြိမ်ချ၏။

ရဟန်းတော်ထံမှ အေးချမ်းတည်ငြိမ်လှသော အသံတော်ပေါ်လာ၏။

"ဆရာတော်အခွင့်မပြုဘဲ ဘာကြောင့် ဘာကိစ္စနဲ့ ဝင်လာရသလဲ ဒယိကာ"

နှင်းငွေသည် ရဟန်းတော်အား မော့ဖူးလိုက်သည်၊ ရိုသေနိမ့်ချစွာလည်း လျှောက်တင်၏။

http://www.cherrythitsar.org



"ရင်မှာပူလောင်နေတဲ့ဒုက္ခရှင်မို့ လာရပါတယ်ဘုရား၊ မေတ္တာရှေ့ထားပြီး တပည့်တော်ကို ခွင့်လွှတ်တော်မူပါ"

ရဟန်းတော်သည် နှင်းငွေ၏ မျက်နှာကို တည်ငြိမ်သော မျက်လုံးတော်များဖြင့် စိုက်ကြည့်၍ အကဲခတ်၏။

ရဟန်းတော်၏မျက်နှာသည် ငွေ့ငွေ့လူပ်ရှားသွား၏။

ရဟန်းတော်က ကိုရင်ကလေးကို အသာအယာလက်ပြပြီး ထွက်သွားခိုင်း၏။

ကိုရင်ကလေးထွက်သွားသည်။

နှင်းငွေက လျှောက်တင်၏။

"တပည့်တော်ကို မှတ်မိပါသလားဘုရား"

"အေး ... မှတ်မိပြီ၊ မှတ်မိပြီ၊ ဒုက္ခရှာပြီး ဘာကြောင့် ဒီကို လိုက်လာရ သလဲ ဒယိကာလေး မောင်နှင်းငွေ"

"ဒုက္ခကို တပည့်တော်မရှာပါဘူးအရှင်ဘုရား၊ ကံဆိုးတဲ့ တပည့်တော်ဟာ အစကတည်းက ရင်မှာ ဒုက္ခကို ပိုက်ထားရသူပါ"

"ဒယိကာကလေးကို ဒီဒုက္ခ မရောက်စေချင်လို့ ဆရာတော် အတန်တန် ကြိုးစားခဲ့တယ်ကွယ်"

"အရှင်ဘုရားရဲ့ စေတနာကို တပည့်တော် နားလည်ပါတယ်ဘုရား၊ ဒါပေမဲ့ သံသရာနယ်ထဲက မထွက်နိုင်သေးတဲ့ တပည့်,တော် ပုထုဇဉ်ကို သနားတော်မူပါဘုရား"

ရဟန်းတော်သည် နှင်းငွေ၏ မျက်နှာကို စိုက်ကြည့်ပြန်၏၊ နှင်းငွေ၏ မျက်လုံးများမှ ကျဆင်းလာနေသော မျက်ရည်များကို မြင်တော်မူ၏။

ရဟန်းတော်သည် မိမိကိုယ် မိမိမစကားပြောဟန်ဖြင့် ညည်းတော်မူ၏။

"သံသရာနယ်ထဲက မထွက်နိုင်သေးတဲ့ ပုထုဇဉ်၊ အင်း ... အင်း ... သံသရာနယ်ထဲက မထွက်နိုင်သေးတဲ့ ပုထုဇဉ်"

ရဟန်းတော်သည် မျက်လွှာချကာ ကြမ်းပြင်ကို အတန်ကြာစွာ စိုက်ကြည့်နေ၏၊ မျက်လွှာမပင့်ဘဲ ဖြည်းညင်းညင်သာစွာ မေးတော်မူ၏။

"ဒယိကာလေးကို ဆရာတော် ဘာကူညီရမလဲ"

"နုနုငယ် မသေတာကို တပည့်တော် ခိုင်ခိုင်လုံလုံသိပြီးပါပြီဘုရား၊ တပည့်တော်ကို သနားသောအားဖြင့် နုနုငယ်နဲ့ တွေ့ခွင့်ပြုပါ"

ဆရာတော်သည် သတိထားသူမှ မြင်နိုင်ရုံ သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။

"ကောင်းပါပြီ ဒယိကာလေး၊ ကံကြမ္မာဖန်လာတာကို ဘုရားသော်မှ မတားနိုင်ဘူး၊ ဆရာတော်လဲ ဘယ်တတ်နိုင်တော့မလဲ၊ ဆရာတော့်မေတ္တာကို တကာလေး နားလည်အောင် နည်းနည်းတော့ ပြောပြလိုက်မယ်"

"အမိန့်ရှိပါဘုရား"

"ကြီးမားတဲ့အိမ်ထောင်ဒုက္ခဝန်ကို ဆရာတော် ပြင်းပြင်းထန်ထန် ခံစားခဲ့ရဖူး

http://www.cherrythitsar.org



တယ်၊ ဒီဒုက္ခမျိုး ဒယိကာလေး မခံစားပါရစေနဲ့ ဆိုတဲ့ စေတနာနဲ့ လူ့ဝတ်ကြောင်ဘဝတုန်းက ဒါယိကာလေးကို ဆရာတော် လိမ်ခဲ့ဖူးတယ်၊ ဒီအတွက်လဲ ခွင့်လွှတ်ပါ ဒါယိကာလေး၊ အမှန်က သူ့အမေလို မဖြစ်အောင် နုနုငယ်ကို ဆရာတော်စိတ်ရောဂါကုဆေးရုံပို့ပြီး နှစ်ကြိမ်ကုသပေးပါတယ်။ ပထမအကြိမ်အပြီး နုနုငယ်ကိုချုပ်ချယ်ထားတာကတော့ ဆရာတော်ရဲ့အမှားပါ၊ အမှားဆိုလဲဟုတ်တယ်၊ စေတနာဆိုလဲ ဟုတ်တယ်၊ ဒါယိကာလေး နားလည်လိမ့်မယ် ထင်တယ်"

"တပည့်တော်နားလည်ပါတယ်ဘုရား"

"ဒုတိယအကြိမ် စိတ်ရောဂါကုဆေးရုံကြီးက ဆင်းပြီး ရောဂါလုံးဝပျောက်တဲ့ အချိန်မှာ ဇာတ်မြှုပ်နေတာကတော့ ဆရာတော်ရဲ့ ပယောဂ လုံးဝမပါလေဘူး၊ ဒါယိကာလေးရေ ပယောဂမပါဘူးဆိုတဲ့စကားထက် တိုက်တွန်းမှုမပါဘူးလို့ ဆရာတော်ပြောရလိမ့်မယ်ထင်တယ်၊ နုနုငယ်ဟာ သူ့ဘာသာသူ အေးအေးချမ်းချမ်းပဲ နေချင်တော့တယ်၊ ဒါယိကာလေးကိုလဲ ဆရာတော် ခံစားခဲ့ရတဲ့ ဒုက္ခမျိုး နုနုငယ်က မခံစားစေလိုဘူး၊ နုနုငယ်က သံယောဇဉ်ပြတ်အောင် ကြိုးစားနေပေမဲ့ ဒါယိကာလေးက မပြတ်နိုင်ရှာပဲကိုး၊ သာခုမခေါ်နိုင်တဲ့ ကိစ္စမို့ ဆရာတော် သာခုမခေါ်ဘူး၊ အံ့တော့အံ့ဩမိတယ်၊ ဒါယိကာလေး၊ အေး ... အေး ... ကိုယ့်ပြဿနာကိုယ်သာ ဖြေရှင်းကြတော့၊ ဒီကိစ္စမှာ ဆရာတော် နောက်ထပ် မပါချင်ပြီ"

ဆရာတော်သည် ကြမ်းပြင်ကို လက်ဝါးနှင့် ပုတ်လိုက်၏။

အတွင်းခန်းမှ ဝတ်ဖြူစင်ကြယ် ဝတ်ထားသော အသက်ငါးဆယ်ခန့်ရှိ ကပ္ပိယတစ်ဦး ထွက်လာ၏။

"ဦးဘိုအိ ဟောဒီ ဒါယိကာလေးကို မဓမ္မစာရီရဲ့ကျောင်းတိုက်ဘက်ခေါ်သွား"

ကိစ္စပြီးပြတ်ဟန်နှင့် ဆရာတော်သည် မျက်လုံးများကို မှိတ်ကာ ပုတီးဆက်၍စိပ်နေတော့၏။

မဓမ္မစာရီ၊ ထိတ်လန့်သောရင်ဖြင့် နှင်းငွေသည် ဆရာတော်ကို မော့ဖူး၏။

ဆရာတော်က မတုန်လှုပ်တော့၊ ပိတ်ထားသော မျက်လွှာများကိုလည်း မဖွင့်တော့ပြီ။

နှင်းငွေသည် ဆရာတော်ကို ဦးချပြီး ကပ္ပိယကြီး၏နောက်သို့ လိုက်လာခဲ့ရ၏။

ကပ္ပိယကြီးသည် နှင်းငွေကို ရှောက်ပင်၊ မာလကာပင်၊ ငှက်ပျောပင်များအောက်မှ ဖြတ်၍ခေါ်သွား၏။

သည်မှာဘက် ဘုန်းကြီးကျောင်းဝင်းနှင့် နယ်နိမိတ်ခြားထားသော ပုဏ္ဏရိတ်စည်းရိုးအနီးတွင် ကပ္ပိယကြီးက ရပ်လိုက်၏။

"ဟောဟိုမှာ ဒေါ်ဓမ္မစာရီ သွားပေတော့ မောင်ရေ"

ပုဏ္ဏရိတ်စည်းရိုးတန်းကို ကျော်ပြီး နှင်းငွေသည် ကြည့်လိုက်၏။

ပုဏ္ဏရိတ်စည်းရိုးတန်း၏ ဟိုမှာဘက်၌ မြေပြင်ထက် မြေဖို့မြင့်တင်ထားသော

http://www.cherrythitsar.org



ကမူတစ်ခုရှိ၏။

ကမူထက်တွင် မယ်သီလရှင်တစ်ပါးသည် နှင်းငွေရှိရာဘက်သို့ ကျောပေး၍ ထိုင်နေ၏။

နှင်းငွေ၏နှလုံးသည် အခုန်ရပ်လုနီးပါးဖြစ်သွား၏၊ မျှော်လင့်ချက်တို့လည်း ကုန်လေပြီ။

ထိုအခိုက်တွင်ပင် မယ်သီလရှင်သည် နှင်းငွေကို လှည့်ကြည့်၏။

"အို..."

ထိတ်လန့်စွာဖြင့် နှင်းငွေ ရေရွတ်မိသည်။

မယ်သီလရှင်၏မျက်နှာမှာ ဝါဝင်းလှသော်လည်း ပါးရေတို့တွန့်ပြီး အိုမင်းလှလေပြီ။

မြေကမူအောက် မြေပြန့်တွင် ပုဆစ်တုပ်ထိုင်နေလေသော သဏ္ဍာန်လေး တစ်ခုကို နှင်းငွေ မြင်သွား၏။

မြင်သည်ခဏ၌ပင် နှင်းငွေသည် ပုဏ္ဏရိတ်တန်းကို ကျော်ပြီး ပြေးသွား၏၊ ပြေးရင်းလည်း လက်များကို ဆန့်တန်းလျက် ခေါ်မိ၏။

"နု ... နုငယ်ရေ ကိုယ့်ကို နုငယ် မှတ်မိသေးရဲ့လား"

ပုဆစ်တုပ်ထိုင်နေသော နုနုငယ်က အပြင်းအထန် တုန်လှုပ်သွားပြီး သူ့ကို လှမ်းကြည့်ရှာ၏။

အို ... ဘာမှ မပြောင်းလဲဟန်ပါတကား...။

နုနုငယ်၏ အသားလေးများသည် ဖွေးဖွေးနုနု ဖြူစင်မြဲ ဖြူစင်နေ၏၊ လည်တိုင်ရှင်းရှင်းလေးကလည်း ရှင်းမြဲရှင်း၊ လှမြဲလှလျက် ပါးပြင်နှင့် လည်တိုင်မှ အကြောစိမ်းကလေးများကလည်း စိမ်းမြဲစိမ်း၊ လန်းမြဲလန်းလျက်။

သူက နုနုငယ်၏ လက်ကလေးကို ဆွဲယူပြီးထူသော် ထိုင်ရာမှ နုနုငယ် ထရှာ၏။

သူက နုနုငယ်၏ ကိုယ်လေးကို ရင်ခွင်တွင်း သွင်းပြီး တင်းကျပ်စွာဖက်ပွေ့ထားလိုက်၏၊ ရဲရဲနီသော ပါးကလေးများကိုလည်း ယုယစွာ နမ်းမိ၏။

နုနုငယ်ကလည်း သူ့ကို ပြန်ဖက်သည်၊ ဖက်ရုံမက သူ့လည်ပင်းကို သွယ်မောင်းပြည့်ဝန်းသော လက်ကလေးများဖြင့် ရစ်ပတ်ခိုစီး၏။

"ကိုယ် ... ကိုယ် ... ဘယ်က ပေါ်လာတာလဲ ... ဟင်"

"အို ... နုငယ်ရယ်၊ နုငယ်ကို ကိုယ်က အမြဲရှာနေရတယ်၊ အိပ်မက်ထဲမှာတောင် ရှာနေရတယ်၊ ဒေါ်မိုးသူဆိုတဲ့ မိုးနတ်ဒေဝီတစ်ဦးက နုငယ် ဘယ်မှာရှိတယ်ဆိုတာ ကိုယ့်ကို ညွှန်လိုက်တယ်၊ နုငယ်ရေ ဒီတစ်ခါတော့ ရှောင်မပုန်းလေနဲ့၊ ပြေးလို့လဲ မလွတ်တော့ဘူး၊ မောင့်အသက်ဖူး နုငယ်ရယ်၊ နုငယ်လေးရယ်"

သီလရှင်ကြီး ဒေါ်ဓမ္မစာရီက ချောင်းဟန့်ပြီး နေရာမှ ထ၏။

"ဘယ်လိုလဲ ... ဘယ်လိုဖြစ်ကြတာလဲကွယ်တို့"

http://www.cherrythitsar.org



ယခုမှ သတိရပြီး နှင်းငွေသည် သီလရှင်ကြီးကို ထိုင်ကန်တော့၏။

"ခွင့်လွှတ်တော်မူပါ ဆရာကြီး၊ ဆရာတော် ဦးပဏ္ဍဝရဲ့ ခွင့်ပြုချက်နဲ့ တပည့်တော် နုနုငယ်ကို လာခေါ်ပါတယ်၊ သက်သေအဖြစ် ဟောဟိုမှာ ကပ္ပိယကြီး ရှိပါတယ်"

သီလရှင်ကြီးက ကပ္ပိယကြီးကို လှမ်းကြည့်၏၊ ကပ္ပိယကြီးက ခေါင်းညိတ်ပြ၏။

သက်ပြင်းရှိုက်ပြီး သီလရှင်ကြီးက ဆို၏။

"ဖြစ်ရပလေ မမြတ်သောင်းရေ၊ မင်းကလေးတစ်ယောက် ဒီဒုက္ခဘောင်က လွတ်တော့မယ် ဆရာကြီး ထင်ခဲ့တယ်၊ အခုတော့ ပိုးဖလံမျိုးဟာ မီးကို ပြန်တိုး ပေါ့လား၊ အေး ... ဆရာကြီးသွားပြီ"

မယ်သီလရှင်ကြီး ထွက်ခွာသွား၏၊ မယ်သီလရှင်ကြီးနောက်မှ ကပ္ပိယကြီး လည်း လိုက်သွား၏။

နုနုငယ်က အားငယ်သောမျက်လုံးများနှင့် နှင်းငွေကို မော့ကြည့်၏။

"ဒီလိုအားငယ်ပြီး ကိုယ့်ကို မကြည့်နဲ့ နုငယ်၊ နုငယ် ဘာမှ အားငယ်ဖို့ မလိုတော့ဘူး၊ ကိုယ်ဟာ ဆရာဝန်ကြီးပါ၊ နုငယ်အမိန့်အတိုင်း ကိုယ် ဆရာဝန်ကြီး လုပ်ခဲ့ရသူပါ၊ ကဲ ... သွားကြစို့ နုငယ်"

"ဘယ်ကိုသွားကြမှာလဲ ကို ရဲ့"

"နုငယ့်ဖေဖေကို သွားကန်တော့ကြမယ်၊ ပြီးတော့ ကိုယ်ခေါ်ရာ နုငယ် လိုက်ခဲ၊ သံသရာရှည်သမျှ နုငယ်နဲ့ ကိုယ် ဆက်လျှောက်ကြမယ်"

"သြော် ... နုငယ်ရေ ဟိုမှာကြည့်စမ်း"

"နေကြီးက ဝင်တော့မလိုပဲ၊ ဒါပေမဲ့ သူမဝင်ပါဘူး၊ နုငယ်ပြောသလိုပဲ ကမ္ဘာရဲ့ တစ်နေရာမှာ သူသွားပေါ်နေမှာပဲ၊ မနက်ပြန်ဆို သူပြန်ပေါ်လာဦးမယ်၊ နုငယ်ဆီ ကိုယ်ပြန်ပေါ်လာသလို သူပြန်ပေါ်လာဦးမယ်၊ ဒီလိုပဲ တိမ်တွေ မိုးတွေ ဟာ မှန်မှန်ပြန်လာပြီး လောကကို သာယာအောင် ပြုပေးကြဦးမယ်၊ နုငယ်နဲ့ကိုယ်ရဲ့ နွေကန္တာဦးဇာတ်လမ်းဟာ ဆုံးပါပြီ၊ ဝသန်လေချိန်မှန်ကူးပြီး သီတင်းတောင် ကျွတ်ပြီ နုငယ်ရေ ဟော ... ပြောရင် ဆိုရင်း နှုတ်ဆက်မိုး ရွာချလာပြီ"

နုနုငယ်နှင့် နှင်းငွေသည် တစ်ဦး၏ ခေါင်းကို တစ်ဦးဖက်ပြီး ဦးမြတ်မင်း (ဝါ) ဦးပဏ္ဍဝ၏ကျောင်းဆီ ပြေးလာကြ၏။

သီတင်းကျွတ်ပြီးမှ ရွာသောမိုးသည် ဖွဲဖွဲကလေးသာ ကျနေ၏။

တောတန်းထိပ်မှ နေလုံးကြီးသည် မိုးဖွဲများကို ပြုံးပြုံးကြီးကြည့်နေလေ ဟန်သာတကား။

**ပြီးပါပြီ။**

**မေတ္တာရည်၍**
**တက္ကသိုလ်ဘုန်းနိုင်**
**၁၉–၁၁–၉၆**

http://www.cherrythitsar.org

